
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေးအရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံရေး

"နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပညာရွှေတောင်စာအုပ် ၁၉၃

# ဗိုးကျော

## မာယာမင်းသမီး

ပညာရွှေတောင်စာအုပ်တိုက်

အမှတ်(၉၀၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

မဟာမင်းသမီး

မိုးကျော့

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၇ ၂၀၅၀၆
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၀၉၉၀၅၀၉
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုနိုးအောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ယမိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၃၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)
အမှတ် ၇၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၂၀၀၀ - ကျပ်

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၇၅။ | ဂျာအေးနှင့်ရွှေမြို့ပျက်သား | ပေါ်ဂျာရစ် |
| ၁၇၆။ | ဣသာမစ္ဆရိယ ဝိပါက်ကြမ္မာနှင့် နိုင်ငံရပ်ခြား ဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇။ | အဖျော့ဝါတရွေ | မောင်မြင့်ကြွယ် |
| ၁၇၈။ | လမ်းဆုံဇော်ယပ | မာယာ |
| ၁၇၉။ | ဂျာအေးနှင့် နန်းတော်ရာကုန်း | ပေါ်ဂျာရစ် |
| ၁၈၀။ | သူရဲ့လက်အောင် (တတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၈၁။ | ဂျာအေးနှင့်ယောက္ခမလည်မြှန် | ပေါ်ဂျာရစ် |
| ၁၈၂။ | ညဘီလူး | မာယာ |
| ၁၈၃။ | ဂျာအေးနှင့် လေဘာရပာထ်ကြီး | ပေါ်ဂျာရစ် |
| ၁၈၄။ | ဂျာအေးနှင့် မဟာဂျာသခင်ကြီး | ပေါ်ဂျာရစ် |
| ၁၈၅။ | ထမန်းကျူးပေါက်ကျိန်း | မာယာ |
| ၁၈၆။ | ပီအေဂျာအေး | ပေါ်ဂျာရစ် |
| ၁၈၇။ | မရဏအရွှာရှိ | မာယာ |
| ၁၈၈။ | ရှားလော့ဟုမ်းနှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉။ | နှစ်ကိုယ်ခွဲ | ပေါ်ဂျာရစ် |
| ၁၉၀။ | နတ်လိုင်စင် | ပေါ်ဂျာရစ် |
| ၁၉၁။ | စိတ်ရွေ့ | မာယာ |
| ၁၉၂။ | တောရတောင်ရေး | ပေါ်ဂျာရစ် |

ယခု

| | | |
|---|---|---|
| ၁၉၃။ | မဟာမင်းသမီး | မိုးကျော့ |

ဆက်လက်၍

| | | |
|---|---|---|
| ၁၉၄။ | ကမ္ဘာအချစ် | ပေါ်ဂျာရစ် |
| ၁၉၅။ | ချစ်မှုကြီးနှံဝံ | ပေါ်ဂျာရစ် |

www.burmeseclassic.com

www.burmeseclassic.com

ဆွဲကိုင်လာသော သစ်သားသောက်ရေအိုးစင်ကို အိမ်ရှေ့တွင် ချလိုက်သည်။ အိတ်ထဲက သော့တွဲကို ထုတ်၏။ အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။ တံခါးကို တွန်းလိုက်သောအခါ သောက်ရေအိုးထမ်း၍ ရပ်စောင့်နေသော ညီတော်မောင် မြှပ်ပှန်ကဖ အိမ်ထဲသို့ ဝင်သွားသည်။

ညီအစ်ကိုနှစ်ယောက် ဈေးထဲတွင် သောက်ရေအိုးနှင့် ရေအိုးစင် သွားဝယ်ကြခြင်း ဖြစ်သည်။

မြှပှန်နောက်မှ အိမ်ထဲ ဝင်လိုက်သည်။ လက်ထဲက သောက်ရေအိုးစင်ကို ဧည့်ခန်းတွင် ချ၏။ သော့တွဲကို နံရံတွင် ချိတ်လိုက်သည်။

ခေါင်းရင်းခန်းမှ မျက်နှာနူနူကလေးတစ်ခုသည် ဖိနပ်ချွတ်ကို စည်းခြားထားသော နှစ်တစ်လက်မကြားတွင် ထင်လာသည်။

"စောစောက ဦးတို့ကို အမျိုးသမီးနှစ်ယောက် လာမေးသွားသေးတယ်"

အိမ်ရှင်၏ သမီးအငယ်မက လှမ်းပြော၏။

"ဟင်- ဟုတ်လား၊ ဘယ်သူတွေပါလိမ့်"

မြှပှန်က အံ့သြသွားပုံရသည်။ 'မနက်ကမှ အင်းစိန်က ပြောင်းလာကြတာ။ ဘယ်က အမျိုးသမီးတွေပါလိမ့်' ဟု တွေးလိုက်ပုံရသည်။

"နာမည်တော့ ကျွန်မတို့မသိဘူး၊ ဒီရပ်ကွက်တော့ ဒီရပ်ကွက်ကပဲ။ မြင်ဖူးတဲ့ မျက်နှာတွေပါ"

အကြီးမကပါ တစ်ဖက်ခန်းမှ လှမ်းပြော၏။

"ဘာမှာသွားသေးလဲ ညီမ"

ရှပါတို့ သမီးအမိနှစ်ယောက်ပဲဖြစ်မှာ ဟူသော အတွေးကြောင့် ပြန်မေးလိုက်၏။

မြှပှန်က ကျွန်တော့်မျက်နှာကို တစ်ချက် လှမ်းကြည့်သည်။ တစ်ဖက်ခန်းမှအသံ ပေါ်လာသည်။

"ဘာမှတော့ မမှာပါဘူး ဦး။ ညနေကျမှ လာခဲ့ဦးမယ်လို့ ပြောသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com


"အေးအေး၊ ကျေးဇူးပဲ ညီမရယ်"

ခွိခနဲ ရယ်လိုက်ကြသံမှန်း သိလိုက်သည်။

ညီမတော်မောင်က မဲ့တဲ့တဲ့ပြုံး၏။

'ညီမ' ဟု ကိုယ်တို့ညီအစ်ကို၏ အသုံးအနှုန်းကို 'ဦး' ဟူသော တုံ့ပြန်မှုကြောင့်ဟု နားလည်လိုက်သည်။

မြဟန်က သောက်ရေအိုးစင်ကို ညွှန်ခန်း၏ ခေါင်းရင်းဘက်ထောင့်တွင် နေရာချနေ၏။

"သောက်ရေအိုးက အတွင်းမှာထားတာပဲ ကောင်းမယ် ထင်တယ်ကွ"

မြဟန်က သောက်ရေအိုးစင်ကို အတွင်းသို့ သွင်းသွား၏။

ကျွန်တော်က သောက်ရေအိုးအသစ်ကို ဆေးကြောရန် အိမ်ရှေ့တိုင်ကီနား ဆင်းလာသည်။ ရေအိုးထဲ ရေအပြည့်ခပ်ထည့်လိုက်၏။ အိုး၏ အပြင်ဘက်ကို ဘရတ်(ရှ်) နှင့် ပွတ်တိုက်နေသည်။

စောစောတုန်းက အိမ်ရှင်သမီးနှစ်ယောက်က ထွက်ကြည့်ကြ၏။ ကျွန်တော်အကြည့်ပင် ကောင်းစွာ မမိလိုက်၊ ရုတ်ခြည်း အိမ်ထဲ ပြန်ဝင်သွားကြသည်။

သောက်ရေအိုးကိုဆေးရင်း ကျွန်တော့်စိတ်က ရှုပ်ပွဲဆီ ရောက်သွားသည်။

✤ ✤ ✤

"ဦးဦး"

"မေမေရေ ဦးဦးအေးဟန် လာတယ်"

အိမ်ထဲသို့ တစ်ချက်လှမ်းအကြည့်က ခြေလှမ်းကို တုံ့သွားစေ၏။

အစကမူ သူတို့အိမ်ထဲဝင်ရန် ရည်ရွယ်ရင်းစွဲပါမလာ။ အနောက်လမ်းက ဦးသောင်းရွှေတို့အိမ်သို့သွားခြင်း ဖြစ်သည်။ မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သော သိဟောင်းကျွမ်းဟောင်း အိမ်တစ်အိမ်ကို ကြုံနေ၍ အမှတ်တမဲ့ လှည့်ကြည့်သည့်သဘော။

အလွန် ဝမ်းသာအားရ အော်ပြောလိုက်သော မိန်းကလေးတစ်ယောက်၏အသံကြောင့် ရုတ်တရက် မှင်သက်မိသွားသည်။

"အမယ်လေး ဘယ်သူလဲလို့၊ လာလေ ကိုအေးဟန်၊ ဘာငူငူကြီး ရပ်ကြည့်နေရတာလဲ"

အပြေးကလေး ထွက်လာသော သိန်းသိန်း၏အသံ။ ခြေလှမ်းကို ရှေ့သို့ မဆက်ဖြစ်တော့။

သိန်းသိန်းတို့အိမ်ရှေ့တွင် ပရိဘောဂလုပ်နေကြသော လက်သမားများက သိသိသာသာ အကဲခတ်ကြည့်ကြသည်။

"ထိုင်လေ ကိုအေးဟန်"



လိုက်လှဲပျူငှာသော ဖိတ်ခေါ်သံမှန်း သိသာသည်။

"ကျွန်မတို့မှာဖြင့် ရှင့်အကြောင်း မေးလိုက်ကြရတာ ကိုအေးဟန်ရယ်၊ တချို့ကပြောတော့ သေပြီလိုလို၊ တချို့ကလည်း ကိုယ်တစ်ခြမ်းပဲ သေသွားသလိုလို၊ ကြားစကတော့ ဖွတ်တဲ့ မဟုတ်ပါစေနဲ့ လွဲပါစေ ဖယ်ပါစေနဲ့ ဘုရားမှာ ဆုတောင်းလိုက်ရတာလည်း အကြိမ်ကြိမ်ပဲ။ ရှင့်သူငယ်ချင်းဆိုရင် တဖျစ်တောက်တောက်နဲ့လေ။ ခု လူတွေ့လို့ တမင် ပြောတယ် မထင်ပါနဲ့ရှင်။ မေမေကဆိုလည်း စုတ်တသပ်သပ်နဲ့"

အကြွင်းမဲ့ ယုံကြည်မိသည်။

သိန်းသိန်းတို့ ပတ်ဝန်းကျင်သည် ကျွန်တော်၏ ပတ်ဝန်းကျင်ပင်။

နှစ်ပေါင်း တစ်ဆယ်ကျော် ပေါင်းသင်းလာခဲ့ကြသော မိတ်ဟောင်းဆွေဟောင်းများ။

စိန်ပန်းမြိုင်ရပ်ကွက် မီးလောင်ပြီးစမှာ စတင်၍ သိကျွမ်းကြသူတွေ။ လေးလမ်းထိပ်တွင် တဲထိုး၍ အတူနေခဲ့ကြရ၏။ အိမ်ချင်းကပ်လျက်၊ တဲချင်းကပ်လျက် နေခဲ့ကြသည်။

အမှန်က သိန်းသိန်းသာ မဟုတ်။ သိန်းသိန်း၏ မိဘနှစ်ပါးနှင့် သိန်းသိန်း၏ခင်ပွန်း ကိုသန်းမြင့်မှာလည်း မိမိ၏ သူငယ်ချင်းလိုပင်။ အစ်ကိုကြီးတစ်ယောက်ဟု ဆိုကလည်း မမှားပေ။

သိန်းသိန်းသည် ပထမအိမ်ထောင်တစ်ဆက် ကျဖူးသည်။ ကလေးတစ်ယောက်ပင် ရှိသည်။ အရင်ယောက်ျားနှင့် သမီးမိန်းကလေးတစ်ယောက် ရှိ၏။ သူဇာ ဖြစ်သည်။ သိန်းသိန်း အမေအဖေတို့နှင့် နေသည်။ သိန်းသိန်း၏ ပထမယောက်ျားကို ကျွန်တော် မမြင်ဖူးဘူး။ ကိုသန်းမြင့်က ဒုတိယအိမ်ထောင်။

ယခု တတိယအိမ်ထောင်ကလည်း ကျွန်တော်တို့ အပေါင်းအသင်း။ နာမည်က ကိုအောင်ငွေ။ ကိုအောင်ငွေနှင့် ဒုတိယခင်ပွန်း ကိုသန်းမြင့်တို့ တလည်း သူငယ်ချင်းတွေ။ နှစ်ယောက်စလုံး ကျွန်တော့်ထက် အသက်ကြီးကြသည်။ သို့သော် ကျွန်တော့်ကို လေးလေးစားစားပြောလျှင် 'ကို' တပ်၍ ခေါ် ပြောလေ့ရှိသည်။

ကိုသန်းမြင့်နှင့် မသိန်းသိန်းတို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြချိန်တွင် သိန်းသိန်းတို့အိမ်သည် ကျွန်တော်တို့အတွက် စားအိမ်သောက်အိမ်ပင်။

ထိုစဉ်က သိန်းသိန်း၏မောင် ကိုတင်လှိုင်လည်း သိန်းသိန်းတို့အိမ်၌ နေ၏။ ကိုတင်လှိုင်မှာ မယ်ဒလင်တီးတတ်သူ ဖြစ်သဖြင့် မယ်ဒလင်တီး ဝါသနာပါသော ကိုသိန်းမောင်၊ ကိုကျော်မြင့်၊ ကိုအောင်ငွေ၊ ကျွန်တော်တို့သည် ညနေတိုင်း သိန်းသိန်းတို့အိမ်တွင် စုစည်းမိကြသည်။

သိန်းသိန်းကလည်း သီချင်းဆို ဝါသနာပါသည်။ အသံလည်း ကောင်း၏။ ကိုတင်လှိုင်ကလည်း မယ်ဒလင်အတီးကောင်း၊ သူ့မောင်


www.burmeseclassic.com

www.burmeseclassic.com

နှမသည် အနုပညာဝါသနာပါကြသည်။ သူတို့မောင်နှမနှင့် လိုက်လျောညီထွေ မယ်ဒလင်တီး၊ သီချင်းဆို လုပ်တတ်ကြသူတွေက ကိုသိန်းမောင်နှင့် ကိုကျော်မြင့်တို့နှစ်ယောက်။

သိန်းသိန်း၏ ဒုတိယယောကျ်ား ကိုသန်းမြင့်နှင့် ကိုအောင်ငွေ၊ ကျွန်တော်တို့မှာတော့ ပိန်းတွေ။ သူတို့ ဆိုကြ တီးကြသည်ကို နားထောင်ကြရုံသာ။

• သိန်းသိန်း သီဆိုလေ့ရှိသော သီချင်းများမှာ တင်တင်မြ၏ မိုးပြာအောက်ကမြေ၊ စခန်းအောင်မြေနှင့် မြပုဏ္ဏမာတို့ ဖြစ်သည်။

"ဆရာကောင်း သမားတောင်းနဲ့ စောစောကတွေ့မိရင် မသိန်းသိန်းတော့ တကယ့် နိုင်ငံကျော် အဆိုတော် ဖြစ်နိုင်တယ်ဗျာ။ ခင်ဗျား စခန်းအောင်မြေက ကျွန်တော့်ရင်ကို တော်တော်ခိုက်သွားတယ်"

အမှန်အတိုင်း ကျွန်တော် ပြောမိခြင်းပင်။

"ဘာဝယ်ခိုင်းလိုက်ရမလဲ ကိုအေးဟန်"

"တကယ်ပြောတာပါ မသိန်းသိန်း"

"ကဲကဲ - လာမယ့် တနင်္ဂနွေနေ့အတွက် ကြက်သားဟင်းချက်ဖို့ . ."

ကိုအောင်ငွေက ထုံးစံအတိုင်း တနင်္ဂနွေနေ့ညနေတွင် သိန်းသိန်းတို့အိမ်၌ ကြက်သားဟင်းချက်စားကြရန်အတွက် ပိုက်ဆံကောက်သည်။

သည်လိုနှင့် သိန်းသိန်းတွင် ကိုသန်းမြင့်နှင့် သမီးကလေးတစ်ယောက် မွေးသည်။

သိန်းသိန်းနှင့် ကိုသန်းမြင့်တို့ သမီးကလေးအတွက် ကျွန်တော်တို့ နာမည်ရွေးကြသည်။

"လှမျိုးတရာ"

"မင်းက ငါ့သမီးကို နောက်တောက်တောက်နဲ့"

သူ့ယောက်ဖ ကိုတင်လှိုင်ကို ကိုသန်းမြင့်က ဆဲသည်။

"ဘာနေ့သမီးလဲဗျ"

ကိုသိန်းမောင်က မေး၏။

"တနင်္ဂနွေသမီး"

"မင်းက သူ့အဖေကျနေတာပဲ။ မင်းကိုမေးတာ မဟုတ်ဘူး"

ကိုသိန်းမောင်က ကိုအောင်ငွေကို ပေါက်လိုက်မြန်သည်။

ကိုအောင်ငွေမှာ မျက်နှာတစ်ချက် ပျက်သွား၏။ သို့သော် သူက စကားနည်းသူ၊ အေးအေးဆေးဆေး နေတတ်သူမို့ ဘာမှပြန်မပြောတော့။ ပြုံး၍သာ ငြိမ်နေလိုက်၏။

"ဘာလို့မဟုတ်ရမလဲ၊ သမီးက ဦးဦးတို့အားလုံးရဲ့သမီးလေးပါလို့နော် သမီး။ သမီးကြီးလာရင် ပြည်တော်ချစ် အဆိုကျော်လုပ်မယ်။ တစ်နိုင်ငံလုံး ချစ်တဲ့သမီး၊ ပြည်သူ့သမီးလုပ်မယ်၊ ဟုတ်တယ်မဟုတ်လား သမီးလေး"

သိန်းသိန်းက သူ့သမီးလေးကို မြှောက်ချီ၍ ကျီစယ်ပြောသည်။





သိန်းသိန်း၏စကားကို အားလုံးက အမှုမဲ့အမှတ်မဲ့သာ။

သိန်းသိန်း၏ယောကျ်ား ကိုသန်းမြင့်က အငယ်ဆုံးဖြစ်သူ ကျွန်တော့်ဘက်လှည့်၍ -

"တနင်္ဂနွေသမီး ဆိုတော့ ဘယ်လိုနာမည်ပေးရင် ကောင်းမလဲ။ တနင်္ဂနွေက (အ)တစ်လုံးတည်း။ ကိုအေးဟန်လည်း တနင်္ဂနွေသားပဲ မဟုတ်လား"

"ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

"ငါလည်း တနင်္ဂနွေသားပါကွ သန်းမြင့်ရာ"

ကိုအောင်ငွေက ဝင်ပြော၏။

"ခေါက်စမ်းပါ၊ မင်း တနင်္ဂနွေက အမတ်ကြီးဦးပေါ်ဦး ပြောတဲ့ တနင်္ဂနွေမျိုးပဲဖြစ်မှာ"

"စနေ ပြောစမ်းပါကွာ"

ကိုကျော်မြင့်စကားကို ကိုတင်လှိုင်က ဝင်ထောက်သည်။

ကိုသန်းမြင့်ကမူ ကိုအောင်ငွေ၏စကားကို လုံးဝ ဂရုမပြုဘဲ ကျွန်တော့်ဆီသို့သာ မျက်လုံးရောက်နေ၏။

ကျွန်တော်သည် သိန်းသိန်းနှင့် ကိုသန်းမြင့်တို့၏ သမီးလေးအတွက် နာမည်လှလှကလေးတစ်ခု စဉ်းစားနေသည်။ ချက်ချင်း အဖြေမပေးနိုင်သေး။

သမီးလေးမှာ အလွန်လှသည့် မိန်းကလေး ဖြစ်လာမည်ကို လူတိုင်းကြိုတင်သိနိုင်ကြသည်။ မျက်ခုံး၊ မျက်လုံး၊ မျက်ဖန်၊ နှာတံ၊ မျက်ဝန်း၊ နှုတ်ခမ်း၊ နဖူး၊ မျက်နှာ ဘာမှ အပြစ်ပြောစရာ မမြင်။ အသားကလည်း ဝင်းမှည့်နေသည်။ အကြောကလေးများ စိမ်းစိမ်းထဲတွင် သွေးရည်တို့ သွားလာလှည့်ပတ်နေသည်ကိုပင် မြင်နေရဘိသကဲ့သို့။

ဤလို မိန်းကလေးနှင့် ထိုက်တန်သော အမည်လေး။

"မအေးအေးဟန် ဆိုရင်ကောကွာ"

ကျွန်တော့်အတွေးတွေ ရုတ်ခြည်း ပျက်ပြယ်သွားသည်။

"မင်းအမေ . . . အကောင်းပြောနေရင်"

ကိုသိန်းမောင်ကို ကိုသန်းမြင့်က ပေါက်မြန်၏။

ဤလူကြီး စကားကို မဆင်မခြင်ပြောရက်လေခြင်းဟု ကိုသိန်းမောင်ကြီးကို မျက်စောင်းထိုးမိလိုက်သည်။

ကိုသိန်းမောင်၏ မဆင်မခြင်စကားက ကိုအောင်ငွေ့ကိုလည်း တစ်ချက်ထိပြီးပြီ။ ကိုသန်းမြင့်မှာ သိန်းသိန်းနှင့်စာလျှင် သဘောထားသေးတတ်သူမို့ ကျွန်တော် ရင်ထိတ်သွား၏။

"အေးအေးမာ ဆိုရင်ကော"

သိန်းသိန်းက ဆိုသည်။

"အမယ်လေး၊ နို့အေးချောင်း နာမည်ကြီး။ ကျုပ်တူမကို မှည့်ပါနဲ့


www.burmeseclassic.com

www.burmeseclassic.com

ဟယ်"

သိန်းသိန်းအား သူမောင် ကိုတင်လှိုင်က နောက်၏။

ကိုတင်လှိုင်နှင့်သိန်းသိန်းတို့မှာ မောင်နှမဝမ်းကွဲဖြစ်သဖြင့် ဆိုမနာ ပြောမနာပင်။

"ကျွန်မက နိုင်ငံကျော် အဆိုတော် မဖြစ်ပေမယ့် ကျွန်မသမီးကျ တော့ နိုင်ငံကျော်အဆိုတော် ဖြစ်ရမယ်ရှင့်၊ ဘယ့်နှယ်လဲ"

သိန်းသိန်းက အားလုံးကို ရည်ရွယ်၍ ပြောလိုက်၏။

"လုပ်ကြစမ်းပါဗျာ၊ ကျုပ်သမီးလေးအတွက် နာမည်လှလှကလေး တစ်ခု"

ကိုသန်းမြင့်အသံမှာ တက်ကြွနေသည်။

"အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား အဲဒါပဲ။ တနင်္ဂနွေသမီးအတွက် ကြိုက်ရာသာရွေးကြတော့။ အက္ခရာကတော့ တစ် လုံးတည်းပဲ"

ဘုန်းကြီးကျောင်းသားဟောင်း ကျွန်တော်က အက္ခရာဝလိ ရွတ်ပြ သည်။ တနင်္ဂနွေသမီးအတွက် တစ်လုံးတည်းသော အက္ခရာ 'အ'။

"အေး ကတော့ ကျွန်တော်လည်း သဘောကျတယ်။ ဒါပေမယ့် အေးရဲ့ ရှေ့နောက်မှာ မာတ်သင့်နံသင့် နောက်ထပ် ဘယ်နေ့ဘယ်နံ့ ထည့်ရင် ကောင်းမလဲ"

ကိုသန်းမြင့်က ဆိုသည်။

"သိန်းသိန်းအေး ဆိုရင်ကောရှင့်"

"ဦးသာ စိန်ပန်း ဒန်းလှ ကို . . ."

"ဟေ့ကောင် သိန်းမောင်၊ အဲဒါ အိမ်ထောင်ဖက်ရွေးတာကွ"

မဆီမလျော် အလွန် ပြောတတ်သော ကိုသိန်းမောင်ကို ကိုကျော် မြင့်က အော်၏။

"ရန်ဘက်လွတ်ရင် ပြီးရော့ပေါ့ကွ၊ ဒီသူငယ်မ ကြီးလာရင် အိမ် ထောင်မပြုဘဲနေမလား။ ခုကပင် အိမ်ထောင်ဖက်ရက်သား ရွေးထည့် ထားတော့ ပြီးရောပေါ့ မဟုတ်လား။ မဟုတ်ဘူးလား သမီးနော်"

"ဟာ- ဒီကောင်"

သိန်းသိန်း၏ယောကျ်ား ကိုသန်းမြင့်က ကိုသိန်းမောင်ကို ထပ်ဆဲ သည်။

သိန်းသိန်းကတော့ ပြုံး၍သာနေ၏။

ထို့နောက်ပိုင်းတွင် မိဘနာမည်လည်းပါ၊ တနင်္ဂနွေနေ့ရက်လည်းပါ၊ အဘိုးအဘွားတို့ သဘောကျလည်း ဖြစ်သဖြင့် သိန်းသိန်းနှင့် ကိုသန်းမြင့် ၏သမီးငယ်လေးမှာ 'သိန်းသန်းအေး' ဖြစ်လာလေသည်။

ကျွန်တော့်နာမည် 'အေး'တစ်လုံးကလည်း ပါသွားသဖြင့် သူငယ် ချင်းတွေကြားထဲမှာ ကျွန်တော်သည်ကား နောက်ပြောင်စရာ ဖြစ်နေလေ





သည်။

သိန်းသန်းအေးက အေးဟန်သမီးလေလား။

သိန်းသန်းအေးလေးသည် ကျွန်တော့်သမီးလေး ဖြစ်မလာပါ။

နောက်ငါးနှစ်အကြာမှာ ကိုအောင်ငွေ့သမီးလေးသာ ဖြစ်သွားလေ သည်။

ဖြစ်ပုံမှာလည်း ရိုးရိုးလေးပင်။

သိန်းသိန်းယောကျ်ား ကိုသန်းမြင့်သည် သိန်းသိန်းအား လူတကာ နှင့် သမုတ်ရာမှ သတ်ကြပုတ်ကြသည်ဟု ဆို၏။ ကွဲမည်ကွာမည်အထိ ဖြစ်ကြသည်။ ဝိုင်းဝန်းဖျန်ဖြေထားကြရသည်။

ထိုအချိန်တွင် ကျွန်တော်သည် စိန်ပန်းမြိုင်ရပ်ကွက်၌ မရှိတော့ ပေ။ ကမာရွတ်ရှိ ဘွားဘွားတို့ဆီ၌ သွားနေသည်။ ထို့ကြောင့် သိန်းသိန်း နှင့် ကိုသန်းမြင့်တို့အကြောင်းကို သတင်းအဖြစ်သာ ကြားလိုက်ရသည်။

သည်ကိစ္စနှင့်ပတ်သက်၍ သိန်းသိန်းတို့အိမ်ကို အပေါင်းအသင်း များ ရှဲသွားကြသည်။ ယခင်ကလို မသွားကြ၊ မလာကြတော့။ အိမ်ထောင် ကျသူကျ၊ နယ်ပြောင်းသူပြောင်း၊ ရပ်ကွက်ပြောင်းသူပြောင်းနှင့် သူငယ် ချင်းတွေမှာ ဝါးစည်းပြေသလို တောင်တစ်ယောက် မြောက်တစ်ယောက် ရောက်ကုန်ကြသည်။

စိန်ပန်းမြိုင်နှင့် ကမာရွတ်က နီးနီးကလေးဖြစ်သဖြင့် ကျွန်တော် ကား သိန်းသိန်းတို့အိမ်ကို တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဆိုသလို ရောက် တတ်၏။

ကျွန်တော်နှင့်သိန်းသိန်းကို ဘယ်တုံးကမှ ပရောပရည် မထင်ခဲ့သော ကိုသန်းမြင့်နှင့်သိန်းသိန်းတို့က ကျွန်တော့်ကိုမူ ယခင်အတိုင်းပင် ပျူပျူ ငှာငှာ ရှိကြသည်။ သူတို့ရပ်ကွက်သို့ ကမာရွတ်က ပြန်ပြောင်းလာရန်ကို ပင် တိုက်တွန်းတတ်ကြသည်။

သူတို့၏သမီးလေး သိန်းသန်းအေးကို ကျွန်တော်သွားတိုင်း ချီပွေ့ သည်။ သိန်းသန်းအေးမှာ ပိုက်ဆံတောင်းတတ်သော အရွယ်သို့ပင် ရောက်နေလေပြီ။ မပီကလာပီကလာနှင့် အလွန် ချစ်စရာကောင်းသော သမီးလေး။

ကျွန်တော် သိန်းသိန်းတို့အိမ်သို့ အလည်သွားမိလျှင် ကျွန်တော် ကဲ့သို့ပင် လာလည်နေသူ ကိုအောင်ငွေကိုလည်း သိန်းသိန်းတို့အိမ်၌ ရံဖန် ရံခါ တွေ့မိသည်။ သူတို့မှာ တစ်ရပ်ကွက်တည်းနေသူမို့ ကျွန်တော့်ထက် ပင် အရောက်အပေါက်များနိုင်သည်။ ပြီးတော့ သိန်းသိန်းယောကျ်ား ကိုသန်းမြင့်နှင့် ကိုအောင်ငွေတို့မှာ တစ်ရပ်ကွက်တည်းတစ်ရွာတည်းသား ငယ်သူငယ်ချင်းဟု ဆို၏။ ကျွန်တော်တို့ကတော့ အသယ်နှစ်ဆယ်နီးပါး မှ ပေါင်းမိကြသူတွေ။

နောက်တော့ ကိုသန်းမြင့်က သိန်းသိန်းအား ကိုအောင်ငွေနှင့်



www.burmeseclassic.com

www.burmeseclassic.com

သမုတ်သည်။ ကိုသန်းမြင့်နှင့် သိန်းသိန်းတို့ ခေတ္တကွဲနေကြသည်။

ကျွန်တော်သည် စိန်ပန်းမြိုင်သို့ ပြန်ရောက်လာ၏။ စိန်ပန်းမြိုင်တွင် အတည်တကျ အခြေစိုက်နေထိုင်ရန် အိမ်တစ်လုံးကိုလည်း ဝယ်ယူလိုက်သည်။ တစ်ရပ်ကွက်တည်း ဖြစ်နေသော်လည်း သိန်းသိန်းတို့အိမ်ကို ယခင်ကလို အသွားမစိပ်တော့ပေ။ အတော်ကြာလျှင် ကိုသန်းမြင့်က ကျွန်တော့်ကိုပါ သိန်းသိန်းနှင့် သမုတ်မှာ ကြောက်နေရသည်။

သိန်းသိန်းကလည်း ယခင် လေးလမ်းကအိမ်တွင် မဟုတ်တော့။ ထိုအိမ်ကိုရောင်းပြီး သူ့အဖေနှင့်သွားနေသည်။ သူ့အမေကတော့ တစ်နှစ်ကပင် ဆုံးသွားပြီ ဖြစ်သည်။

ယခုအခါ သိန်းသိန်းသည် သူ့သမီးနှစ်ယောက်၊ သူ့အဖေတစ်ယောက်နှင့် အောင်မင်္ဂလာလမ်းတွင် နေလေသည်။

တစ်နေ့တွင် ကိုအောင်ငွေ ကျွန်တော့်ဆီ ရောက်လာသည်။ ကိုသန်းမြင့်က သူ့ကို မဟုတ်မတရား စွပ်စွဲကြောင်း ပြောသည်။ ဤသည်ကို မခံနိုင်တော့။ တမင် အရွဲ့တိုက်ပြီး သိန်းသိန်းကို လက်ထပ်တော့မည်ဟု ဆို၏။ ကျွန်တော် တားသည်။ မရ။ မင်္ဂလာဖိတ်စာသာ ရောက်လာသည်။

ကိုသန်းမြင့်နှင့်သိန်းသိန်းတို့နှစ်ယောက် သဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း သတင်းစာထဲ၌ ဖတ်ရသည်။ သုံးလေးရက်အကြာတွင် သိန်းသိန်းနှင့်ကိုအောင်ငွေတို့၏ မင်္ဂလာရက်။

ကိုသန်းမြင့် အလွန်ချစ်ရှာသော သမီးကလေး သိန်းသန်းအေးအတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ သိန်းသိန်းနှင့် ကိုအောင်ငွေတို့ မင်္ဂလာဆောင်ကို ရောက်သည်။ မှတ်မှတ်ရရပင် သိန်းသန်းအေးလေးကို ပွေ့ချီပြီး ဓာတ်ပုံပင် တစ်ပုံရိုက်ခဲ့သေးသည်။

ဩော်- လူ့ဘဝသည် အပြောင်းအလဲ မြန်လှချေလားဟု သံဝေဂဖြစ်မိခဲ့သည်။

မကြာခင်နှစ်ပိုင်းတွင် သိန်းသိန်းနှင့် ကိုအောင်ငွေတို့တွင် သမီးမိန်းကလေး တစ်ယောက် မွေးပြန်သည်။

အိမ်ထောင်တစ်ဆက်တွင် သမီးလေး တစ်ယောက် တစ်ယောက်စီ မွေးတတ်သော သိန်းသိန်းတွင် ယခုအခါ သမီးလေး သုံးယောက် ရှိသွားလေပြီ။ အကြီးမက သူဇာ၊ သူ့အဖေနာမည်ကိုပင် ကျွန်တော် မသိ။ အလတ်မ ကိုသန်းမြင့်သမီးလေးက သိန်းသန်းအေး၊ အငယ်မ ကိုအောင်ငွေ သမီးလေးပေါက်စန နာမည်ကို ကျွန်တော် အမှတ်မထားမိ။

ကျွန်တော် အထူး မှတ်ထားမိသော မိန်းကလေးမှာ သိန်းသန်းအေးလေးပင်။ ကျွန်တော်တို့၏ မျက်စိအောက်တွင် မွေးဖွားလာသူလေး။ ကျွန်တော်တို့လက်ပေါ်တွင် ကြီးလာသူလေး။

ကျွန်တော် သိန်းသိန်းတို့အိမ်သို့ အလည်သွားလျှင် သိန်းသန်းအေးလေးကိုသာ မုန့်ဖိုးပေးတတ်သည်။ မုန့်စားခေါ်တတ်သည်။ ပွဲဈေးတန်းခေါ်သွားတတ်သည်။ ပွဲဈေးတွင် လိုချင်တာတွေ ပူဆာလျှင် ဝယ်ပေးတတ်သည်။

သူ့အစ်မ သူဇာကိုမူ ခေါ်၍မတော်တော့။ ခင်သော်လည်း၊ ဖတဆိုးလေးတွေ၊ ဖပစ်မိန်းကလေးတွေဟု သနားသော်လည်း စကားပြောရာ၌ပင် ဆင်ခြင်ရ၏။ သူဇာကား အပျိုဖြစ်နေလေပြီ။

ကိုအောင်ငွေ သမီးလေးကိုမူ ငယ်လွန်း၍ များစွာ ဂရုမထားမိ။

သိန်းသန်းအေးကား ကျောင်းပင်နေပြီ။ ရုပ်လှသလောက် ဉာဏ်ထိုင်းသည်။ သူ့အဖေဗီဇပါ၍ ကောက်ကျစ်စဉ်းလဲသည်ဟု သိန်းသန်းအေးရှေ့တွင် သိန်းသိန်းက ကျွန်တော့်ကို ပြောတတ်သည်။

ကလေးရှေ့တွင် ဤသို့မပြောရန် သိန်းသိန်းအား ကျွန်တော် ပြောဖူးသည်။

ကစားခုန်စားလည်း အလွန်မက်သည်ဟု ဆိုပြန်၏။

“ဒီအရွယ် ဆော့တဲ့အရွယ်ပဲဗျ။ ဆော့တာကို အပြစ်မပြောပါနဲ့။ ဆော့တဲ့ကလေးဟာ ကျန်းမာရေးကောင်းတယ်၊ ဉာဏ်ကောင်းတယ်” ဟု မိမိ ပြောဖူးသည်။

“ဟုတ်မယ် ဟုတ်မယ်၊ ဖျားတယ်နာတယ်တော့ သိပ်မရှိဘူး။ အရပ်ကြီးကလည်း ကြည့်စမ်းပါဦး” ဟု သိန်းသိန်းက ဆိုသည်။

“သမီးအရပ်က ဦးဦးနီးပါး ရှိနေပြီ၊ ခု ဘယ်နှတန်းလဲ”

“ခြောက်တန်းပါ ဦးဦး”

ဆယ့်သုံးနှစ်သမီးက ခြောက်တန်းဆိုတော့ အတန်းငယ်သည်ကို သတိပြုမိခဲ့သည်။

သို့သော်လည်း သူ့အစ်မ သူဇာအရွယ် မဟုတ်သည့်တိုင် သူ့အား ကျွန်တော်သည် ငယ်စဉ်ကကဲ့သို့ ပြုမူဆက်ဆံ၍ မရတော့။

ငယ်စဉ်ကတော့ သူ့အမေရိုက်၍ တအီအီငိုနေလျှင် ပိုက်ဆံပေး၍ ချော့ရ၏။ မုန့်ဝယ်ကျွေး၍ ဖျောင်းဖျရ၏။ အပြင်ခေါ်ထုတ်သွားပြီး လက်ဖက်ရည်တိုက်၊ မုန့်ဟင်းခါးကျွေးတာ နှစ်သိမ့်ခဲ့ရသည့် အကြိမ်အခါများကိုလည်း မှတ်ပင်မမှတ်မိတော့။

ဆုံးမ ဖျောင်းဖျတိုင်း ကျွန်တော် သိန်းသန်းအေးလေးအား ပြောမိသောစကားများမှာ စာကြိုးစားရန်၊ ပညာတတ်ဖြစ်လာရန်တို့သာ။

ယခင်က ကိုသန်းမြင့်နှင့်သိန်းသိန်းတို့ ကွာရှင်းပြတ်စဲကြမှု၊ ကိုအောင်ငွေနှင့် သိန်းသိန်းတို့ လက်ဆက်လိုက်ကြမှုတို့ကို ‘ဩော်- လူ့ဘဝမှာ အပြောင်းအလဲဟာ မြန်ဆန်လှချည်လား’ ဟု သံဝေဂ ဖြစ်မိဖူးသည်။

ထိုသံဝေဂသည် နှစ်မကြာခင် မိမိဆီသို့ တည့်တည့်မတ်မတ် ရောက်လာလေသည်။

အိမ်မီးလောင်ခံရသည်။ အိမ်မီးလောင်ပြီး ငါးလအကြာတွင် အဖမ်းခံရသည်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးခြင်းကို ခံခဲ့




www.burmeseclassic.com

www.burmeseclassic.com

ရသည်။

ကျွန်တော် အကျဉ်းထဲရောက်သွားချိန်တွင် သိန်းသန်းအေးလေး မည်သို့ရှိနေလိမ့်မည်ကို စိတ်မှန်းထဲမှာ မှန်းဆ၍ မရခဲ့။ အကျဉ်းထဲတွင် သက္ကရာဇ် ခုနစ်ခုခန့် ကြန့်ကြာခဲ့သည်။

✣ ✣ ✣

"ဟင် ကိုအေးဟန်၊ ကျွန်မပြောတာ ဟုတ်တယ်မဟုတ်လား"

"ဘာပြောတာလဲ၊ ဘာဟုတ်တာလဲ မသိန်းသိန်း"

"ဩော်- ရှင်ကလည်းနော်၊ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတာ မဟုတ်လားလို့ ကျွန်မ မေးနေတာ"

"ဩော်- ဟုတ်ကဲ့၊ ဟုတ်ပါတယ်"

ကျွန်တော် မည်မျှ အတွေးလွန်သွားသည်ကို သတိရမိလိုက်၏။

စောစောက "ဦးဦး" ဟု ကျွန်တော့်ကို လှမ်းခေါ်သော ကောင်မလေး သည် မုန့်ဟင်းခါးတစ်ပန်းကန်ကိုကိုင်၍ အိမ်ပေါ်တက်လာ၏။ ဘယ်တုံး က သွားဝယ်လိုက်သည်ကိုပင် သတိမထားမိလိုက်။ ကျွန်တော့်ရှေ့ စားပွဲ တွင် လာချသည်။

"ဟေး ရှုပါ၊ ငါက လက်ဖက်ရည်သွားဝယ်တယ် အောက်မေ့တာ။ ဘယ့်နှယ် မုန့်ဟင်းခါး ဝယ်လာရတာလဲ"

"သမီးက ဦးဦး မုန့်ဟင်းခါးကြိုက်တတ်မှန်းသိလို့ တမင် ဝယ်လာ တာပါ အမေရယ်။ အကြော်တောင် ဦးဦးကြိုက်တတ်တဲ့ ဘူးသီးကြော် ထည့်ခိုင်းရတယ်။ ပြီးတော့ ဦးဦးသောက်တတ်တဲ့ ခပေါင်းစီးကရက်လည်း တစ်ဘူး ဝယ်လာသေးတယ်"

ကျွန်တော်သည် သူ့ကိုကြည့်၍ ကြက်သေသေနေမိသည်။

"မမှတ်မိဘူးလား"

သိန်းသိန်းက မေး၏။

ကျွန်တော်သည် သူ့ဆီကအကြည့်ကို ဖယ်ခွာမရသေး။

သူငယ်မကမူ ကျွန်တော့်ကို ရဲရဲတင်းတင်းကြည့်၍ ပြုံးပြနေ၏။

"သိန်းသန်းအေးလေ ကိုအေးဟန်"

"ဟယ်"

ကျွန်တော့်ပါးစပ်ထဲက အာမေဍိတ်သံတစ်ခု ခုန်ထွက်သွားသည်။

သိန်းသန်းအေး၊

"လှလိုက်တာဟယ်၊ နင့်ကို ငါ မှတ်တောင် မမှတ်မိဘူး"

တကယ် စိတ်ထဲ ခံစားရသည့်အတိုင်း ပြောလိုက်မိသည်။ ပင်ကို လှသော မိန်းကလေးသည် အနည်းငယ် မွမ်းမံထားရုံနှင့် ကြည့်မဝအောင် လှနေသည်။ မျက်ခွံနှစ်ဖက်တွင် ဆေးပြာပြာခြယ်ထားသည်နှင့် မျက်နှာ တွင် ပေါင်ဒါတို့ပတ်ရိုက်ထားသည်တို့ကို သတိပြုမိလိုက်သည်။





ကျွန်တော်သည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိ၏။

"ကိုအေးဟန်က နည်းနည်းမှ မှန်းမရဘူးလား"

"မသိန်းသိန်း သမီးတစ်ယောက်ယောက်လို့တော့ထင်သား၊ ကျွန် တော်က ရုတ်တရက်ဆိုတော့ သူဇာများလား ထင်မိတာ"

"ရှင်ပဲ အပြောကောင်း၊ သူဇာက သူ့လောက် လှလို့လားရှင့်။ ဟိုက ဘုတ်ဆုံမကြီးပဲဟာ"

သူ့အမေက သူ့သမီးအကြီးကို ဘုတ်ဆုံမကြီးဟု ဆိုသည်။ အမှန်က သိန်းသိန်း ပြောသလောက်တော့ သူဇာက မဆိုး။ ကျွန်တော့်မျက်စိထဲ တွင် ခန့်သည်ဟု ထင်မိ၏။

"မသိန်းသိန်းက သူ့ကို သူဇာလို့ ခေါ်လိုက်တယ် ထင်လားလို့"

"ဟားဟား၊ ရှင်က မျက်စိသာ မှောက်တတ်တယ်လို့ အောက်မေ့ တာ၊ နားလည်း မှောက်တတ်တာပဲ။ ကျွန်မ ပြောတာက ရှုပါရှင့် ရှုပါ၊ သူဇာ မဟုတ်ဘူး"

"ဘယ်မှာလဲ ရှုပါ"

"သူလေ . . . သူ၊ သူ့နာမည်က ရှုပါပါတဲ့ရှင်ရယ်"

ကျွန်တော့်အား ဘာပြောလေမလဲ ဟူသော အကြည့်နှင့် စိုက်ကြည့် ၍ သိန်းသိန်းက သူ့သမီးကို လက်ညှိုးထိုးပြ၏။

"အားလုံးတော့ ရှုပ်ကုန်ပါပြီ၊ နို့ ခင်ဗျား စောစောက ပြောတော့ သူက သိန်းသန်းအေးဆို"

ကျွန်တော့်အပြောကို အိမ်ရှေ့တွင် ပရိဘောဂလုပ်နေကြသော လက်သမားများကပါ ရယ်မောကြသည်။

ထိုအထဲက ဆံပင်ရှည်ရှည်နှင့် ကောင်ကလေးတစ်ကောင်ကမူ ကျွန် တော့်ကို အထူးအဆန်းလို ကြည့်နေတာ သတိပြုမိ၏။

"ဟင် - မသိန်းသိန်း၊ ခင်ဗျား စောစောကပြောတော့ သိန်းသန်းအေး ဆိုဗျ"

"ဟုတ်တယ်လေရှင့်၊ နာမည်ပြောင်းထားတာ။ သူ့အစ်မနာမည်က သူဇာ၊ သူ့ညီမနာမည်က မူယာ၊ ဒီတော့ သူ့ကို ရှုပါလို့ ကျွန်မ ပြောင်းထား တယ်။ ရှုပါ ဆိုတာ ရုပ် မဟုတ်လား၊ ရုပ်လှလို့ ပြောင်းထားတာ"

"ဩော်"

ပါးစပ်အဟောင်းသား ဖြစ်သွားမိပြန်သည်။

"ဦးဦး မုန့်ဟင်းခါး သုံးဆောင်ပါဦး"

ရှုပါက ကျွန်တော့်အနားကို သိမ်သိမ်မွေ့မွေ့ပင်လာထိုင်၍ ပြော၏။

ကျွန်တော့်ရင်ထဲ တော်တော် ထိထိခိုက်ခိုက် ဖြစ်သွားမိသည်။ ဩော် သိန်းသန်းအေးလေးပင် အပျိုကြီးဖားဖား ဖြစ်နေပါရော့လား။

"ဘယ်နှတန်းရောက်ပြီလဲ"

"ကျွန်မ ကျောင်းထွက်ထားတာ နှစ်နှစ်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ရှင့်၊ ရှင့်တူမက ရုပ်လှသလောက် ဉာဏ်ထိုင်းတယ်။ ပြီးတော့ ရုပ်ကလေးမာနနဲ့ အပြောအဆိုလည်း နည်းနည်းမှ မခံဘူး။ မိဘ ပြောတာလည်းမရ၊ ဆရာ ဆရာမတွေပြောတာလည်း နားမဝင် ဆိုတော့ ကျွန်မလည်း စိတ်ပေါက်ပေါက်နဲ့ ကျောင်းထုတ်ပစ်လိုက်ရော"

ရုတ်တရက်မူ ကျွန်တော့်မှာ ဘာပြောရမှန်းမသိ ဖြစ်သွားမိ၏။

သိန်းသန်းအေး အမည်ပြောင်း ရှုပါကတော့ မသိမသာ နှုတ်ခမ်းစူနေသည်။ ပြီး-

"ဦးဦး စားလေ" ဟု ဆို၏။

ကျွန်တော့်မှာ မုန့်ဟင်းခါးပန်းကန်ထဲက ဘူးသီးကြော်တွေကို ငေးကြည့်၍ ရင်ထဲ ဝေဒနာတစ်ခု ပြည့်လာမိသည်။

ဤသူငယ်မသည် မိမိနှင့်ပတ်သက်၍ လုံးဝဥဿုံ မှတ်မိချေသည် တကား။ ကျွန်တော် မုန့်ဟင်းခါးစားတိုင်း ဘူးသီးကြော်နှင့်သာ စားတတ်သည်။ ဘူးသီးကြော် မရလျှင် မစား။ တခြား မည်သည့်အကြော်နှင့်မျှ ကျွန်တော် မစား။ ပြီးတော့ ဒူးယားကို ပေါ့၍ မကြိုက်။ ခပေါင်းကိုသာ နှစ်နှစ်ခြိုက်ခြိုက် သောက်တတ်သည်။

"ခုနစ်တန်းမှာ နှစ်ခါကျတယ်လေ။ ဆက်ပြီး ကျောင်းနေပါဆိုတော့ မနေတော့ဘူး။ ဘယ်လိုမှ ပြောလို့မရဘူး။ စက်ချုပ်သင်မယ်ပြောလို့ အမျိုးသမီးစက်ကျောင်းမှာ ဘော်ဒါသွားထားပေးသေးတယ်။ အညောင်းမိလို့ ဖြစ်လိုက်တာ ဆေးရုံတောင် တင်ရတယ်။ ခုတော့ အိမ်မှာပဲ အိမ်တွင်းမှုနိုင်အောင် ခိုင်းထားရတယ်။ အိမ်တွင်းမှုကတော့ စိတ်ချရပါတယ်။ ကျွန်မ မီးဖိုဆောင်ကို လှည့်မကြည့်တာ သုံးလေးနှစ်ရှိပြီ။ သူပဲ မီးဖိုဆောင် ဦးစီးလေ။ မိန်းကလေးဆိုတာ မီးဖိုချောင် နိုင်နင်းဖို့ အရေးကြီးတယ် မဟုတ်လား။ ဥစ္စာဖြိုတော့ စားဖိုကတဲ့။ သူ့အစ်မကတော့ ခုဆို ကလေးနှစ်ယောက်သာ ရတယ် မီးဖိုဆောင် မနိုင်သေးဘူး။ အိမ်တွင်းမှုလုပ်သိမ်းထုပ်သေချာ ဆိုတာ သိပ်အရေးကြီးတာပေါ့။ ယောက်ျားက အရာရှိမို့ တော်သေးတယ်"

"သူ့ဇာကို ပြောတာလား မသိန်းသိန်း"

"ဟုတ်တယ်လေ"

'ဩော် - သူ့ဇာတောင် ကလေးနှစ်ယောက်မိခင် ဖြစ်နေပါပေါ့လား' ဟု စိတ်ထဲက ကျိတ်၍ သက်ပြင်းချမိပြန်၏။

မိမိဘဝကမူ အသက်လေးဆယ်နီးပြီ၊ ဘာမှ မတည်ဆောက်ရသေးပါလား။

မုန့်ဟင်းခါးပန်းကန်ကို ခုံပေါ်သို့ ပြန်ချလိုက်သည်။

"ဘာဖြစ်လို့လဲ ဦး၊ စားမကောင်းလို့လား"

"ကောင်းပါတယ်ကွယ်၊ အစာအိမ် သိပ်မကောင်းသေးလို့ပါ။ စောစောကလည်း စားလာသေးတော့"





အမှန်မှာ စောစောက ဘာမှ မစားခဲ့ရသေး။ သို့သော် ယခင်က အလွန်ကြိုက်တတ်သော မုန့်ဟင်းခါးကို မျိုမကျဖြစ်နေမိသည်။

ရင်ထဲ ဖော်မပြတတ်သော ဝေဒနာတစ်ခုက ပြည့်နေ၏။

"ရေနွေးသောက်ပါဦး ဦး"

ရှုပါက ရေနွေးကြမ်းငှဲ့ပေးသည်။

ရေနွေးကြမ်းတစ်ပန်းကန်ကို တစ်ကျိုက်တည်း မော့သောက်၍ ဆေးလိပ်ဘူးကို လက်လှမ်းလိုက်သည်။

"ဘကြီးကော"

သိန်းသိန်းအဖေကို ခုမှ မေးမိသည်။

"လမ်းလျှောက်သွားတယ်၊ ကိုးနာရီလောက်မှ ပြန်လာမှာ"

"ကိုအောင်ငွေကော"

"ဆိုက်ကားသွားကြည့်တယ် ထင်တယ်"

"ကိုအောင်ငွေက စက်ရုံမှာ မလုပ်တော့ဘူးလား"

"မလုပ်တော့ဘူး၊ ခု ဆေးပင်စင်ယူထားတယ်။ အဲဒါ ဆိုက်ကားနင်းမယ်ဆိုပြီး မနက်ကပဲ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ဆိုက်ကားဝယ်ဖို့ သွားလေရဲ့"

ကျွန်တော့်မှာ 'ဩ- အပြောင်းအလဲတွေဟာ မနည်းပါလား' ဟု ခတွေးရပြန်၏။

"ရှင် ခု ဘယ်ကလာလဲ"

"အင်းစိန်က"

"အင်းစိန်မှာနေတာလား"

"ဟုတ်တယ်၊ ခု ခဏတော့ အင်းစိန်မှာပဲ နေတယ်"

"အင်းစိန်မှာ ရှင့်ဘယ်လူရှိလဲ"

"ကျွန်တော့်ညီတွေ ညီမတွေ ရှိပါတယ်"

"ဩ"

သိန်းသိန်းသည် အတန်ကြာ ကျွန်တော့်ကို အကဲခတ်ကြည့်နေသည်။

"ကျွန်တော် သွားလိုက်ဦးမယ် မသိန်းသိန်း။ ဘကြီးတို့ ကိုအောင်ငွေတို့ကို ရောက်ရင် လာသွားတဲ့အကြောင်း ပြောပြလိုက်ပါ"

"ဖေဖေနဲ့ ကိုအောင်ငွေကလည်း ရှင့်ကို သိပ်တွေ့ချင်ကြမှာပဲ။ အမူဖြစ်တုန်းကဆို တဖျစ်တောက်တောက် ပြောနေကြတာ။ ခု ဘယ်သွားမှာလဲ"

"ဘူတာရုံဘက်ကို"

"ကိစ္စရှိလို့လား၊ ထမင်းစားပြီးမှ သွားပါလား။ အတော်ကြာ ဖေဖေနဲ့ ကိုအောင်ငွေတို့လည်း ရောက်လာကြတော့မှာပါ"

"ဒီလမ်းမှာ ဈေးဆိုင်လေးဘာလေး ဖွင့်ရမလား စိတ်ကူးရှိလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ခန်းက လူဦးသွားမှာစိုးလို့။ သွားဦးမယ်၊ နောက်မှ လာခဲ့တာပေါ့"

"နေစမ်းပါဦး၊ ရှင်က ဒီမှာ ဆိုင်ခန်းငှားမလို့လား"

"ဟုတ်ပါတယ်"

"ဒီလမ်းထဲမှာပဲလား"

"ဟုတ်ကဲ့၊ ဘူတာနားမှာ ရမလိုလို ပြောတယ်"

"ဒီမှာဆိုရင်ကော"

"ဘယ် ဒီမှာလဲ မသိန်းသိန်း"

"ကျွန်မတို့ အိမ်ရှေ့ဆိုင်ခန်းကို ပြောတာ"

ကျွန်တော်သည် ပရိဘောဂ လုပ်နေကြသော လက်သမားများဆီ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။

စောစောက နှစ်ခါလောက် မျက်လုံးချင်းဆုံထားကြသော ကောင်လေးနှင့် တန်းတိုး၏။ ကောင်လေးက ရှုပါတို့အရွယ် ဆံရှည်ကိုယ်တော်လေး။ သူ လုပ်ကိုင်နေသည်ကို ကြည့်ခြင်းဖြင့် လက်သမားအလုပ်ကိုတော့ အတော် ကျွမ်းကျွမ်းကျင်ကျင်ရှိပုံရသည်။

"ခင်ဗျားတို့က ပရိဘောဂလုပ်နေတာပဲ မဟုတ်လား"

"သူတို့က လကုန်ရင် ပြောင်းကြမှာ"

နည်းနည်းတွေသွားသည်။

နေရာကတော့ မဆိုး။ စတိုးဆိုင်ဖွင့်လျှင် လမ်းမကြီးဖြစ်နေသဖြင့် အခြေအနေကောင်းလာနိုင်သည်။

"ဘာဖြစ်လို့လဲ၊ ဒီမှာလုပ်ရတာ မကိုက်လို့လား"

"သူတို့ကတော့ ဘာမှ မပြောသေးပါဘူး။ ကျွန်မက ရောင်ဆီအနံ့နံတာ မခံနိုင်လို့။ ပြီးတော့ သူတို့က လူငှားတွေ။ အလုပ်ရှင်က ကျွန်မ အစ်ကိုလေ။ အစ်ကိုကတော့ အင်းစိန်လမ်းမကို ပြောင်းမယ် ပြောတယ်။ ဟိုမှာက ပိုပြီး အဆင်ပြေမယ်လေ"

သူ့စကားက နှစ်မျိုး။

ပထမစကားက သူ ရောင်ဆီနံ့မခံနိုင်ဟု ဆို၏။ နောက်စကားက သူ့အစ်ကိုက ပြောင်းမည်ဟု ဆိုပြန်သည်။

ကျွန်တော့်မှာ ဘာကို ယုံရမှန်းမသိ။ တကယ်ပင် ပေါ်လစ်နံ့မခံနိုင်၍ ပရိဘောဂလုပ်ငန်းကို ဖျက်ပစ်လေမည်လား။

"ကဲ- ကျွန်တော် သွားမယ်ဗျာ။ နောက်တော့ ဆွေးနွေးကြတာပေါ့"

"ရှင်- ဟိုမှာ စကားမလွန်မိနဲ့နော်။ လုပ်ချင်းလုပ် ဒီမှာပဲ လုပ်ပါရှင်။ ဟိုက လူသစ်၊ ထပ်ပေါင်းရဦးမယ်။ ကျွန်မတို့ကတော့ ရှင်သာ လုပ်မယ်ဆိုရင် ဘာမှ ပြောစရာမရှိဘူး"

"အေးပါ၊ ကျွန်တော်လည်း ဒီနေရာကို သဘောကျပါတယ်"

"ဦးဦး ညနေကျရင် ထမင်းဝင်စားသွားဦးနော်။ ဦးဦး ကြိုက်တတ်တဲ့ ချဉ်ရည်ဟင်းနဲ့ ငါးပိရည်ကောင်းကောင်း၊ တို့စရာ လုပ်ထားလိုက်မယ်"





"မလုပ်ပါနဲ့ ရှုပါရယ်၊ ညနေကျ ငါက ဒီက ပြန်ဖြစ်ချင်မှပြန်ဖြစ်မှာ"

"ဟင်- ဦးကလည်း လုပ်ပြီ"

"ကဲ- ကိုအေးဟန်၊ ရှင် မနက်ဖြန်ကျရင် ဆက်ဆက်လာခဲ့။ ဒီမှာ ထမင်း ညမနက်စား။ ကိုအောင်ငွေတို့၊ အဖေတို့နဲ့လည်း တွေ့ရတာပေါ့"

"ဟုတ်ကဲ့"

✣ ✣ ✣

"လာ ဦး၊ ဦးကို မနက်ကတည်းက မျှော်နေတာ"

ရှုပါက မျက်နှာမြင်မြင်ချင်း ဆိုသည်။

သူ့ကို သတိထားမိ၏။

မနေ့ကထက် အပြင်အဆင်များသလို မနေ့ကထက်လည်း ပိုလှနေ၏။

"မင်း မနက်က လာမယ်ပြောလို့ ငါ့မှာဖြင့် မျှော်လိုက်ရတာ"

သိန်းသိန်းအဖေ ဦးလှက ထလာ၍ ပြော၏။

"ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော် လူတစ်ယောက်နဲ့ ချိန်းထားမိတာနဲ့"

အပြင်မှာ ထိုင်ရန်လုပ်သည်။

"လာကွာ၊ အတွင်းမှာ ပိုကောင်းတယ်။ အေးအေးဆေးဆေးပေါ့"

အပြင်တွင် ပရိဘောဂလုပ်နေကြသူတွေနှင့် ရှုပ်သဖြင့် အဘိုးကြီးက အတွင်းခန်းသို့ ခေါ်သည်။ အတွင်းခန်းမှာလည်း ဧည့်ခန်းလိုပင် ကျယ်ဝန်းသည်။ လက်သမားလုပ်သောအခန်းနှင့် အတွင်းဧည့်ခန်းကို နှစ်တစ်လက်မတွေနှင့် ယာယီသဘော ကာထားလေသည်။

"ထိုင်ကွာ၊ သိန်းသိန်းပြောလို့ မင်း လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတာ သိရတယ်။ ခု ဘာလုပ်နေလဲ"

"လောလောဆယ်တော့ ဘာမှ မလုပ်ရသေးဘူး။ လေ့လာတုန်းပဲ ဘကြီး"

"ဦး- ထမင်းပွဲ ပြင်လိုက်မယ်နော်"

"ဟာ- ငါစားလာခဲ့ပြီးပြီ ရှုပါရယ်"

"ဟင်- ဦးကလည်း၊ ဒီမှာစားပါလို့ ပြောထားရက်နဲ့"

"ညနေစာတော့ စားတာပေါ့ဟာ"

အချိန်မှာ နေ့လယ် တစ်နာရီကျော်နေပြီ ဖြစ်သဖြင့် ထမင်းစားရန်ကို ငြင်းလိုက်ရသည်။

ခဏအကြာမှာပင် လက်ဖက်ရည်နှင့် မုန့်ပွဲတွေ ရောက်လာ၏။

ရှုပါသည် ကျွန်တော်နှင့် သူ့အဘိုးတို့ ပြောဆိုနေကြသည်ကို အနားကထိုင်၍ နားထောင်နေသည်။

"စားကွာ"

အဘိုးကြီးက မုန့်ပွဲကို ကျွန်တော့်အနား ရွှေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဒီမှာ စတိုးဆိုင်ဖွင့်မယ်ပြောတယ်"

"ဟုတ်ကဲ့"

"လုပ်ပေါ့ကွာ၊ ကောင်းတာပေါ့။ ဒါနဲ့ မင်း အရင်အလုပ်ကော"

"အရင်အလုပ်လည်း ကျွန်တော် လုပ်ဖို့ စီစဉ်နေပါတယ်"

"အေး- ကားပစ္စည်း အရောင်းအဝယ်အလုပ်ကတော့ ပိုတွက်ခြေကိုက်မှာပေါ့ကွာ"

"ဦး ဒီမှာ ဆိုင်ဖွင့်မယ်ဆို၊ ဒီမှာ ဆိုင်က ဘယ်သူ ရောင်းမှာလဲ"

"နင့်ကို ဆိုင်ထိုင်အဖြစ် ငှားထားရမယ်လေ။ နင် မလုပ်ချင်ဘူးလား။ ငါကတော့ ဒီမှာ အမြဲ ဆိုင်နိုင်မှာ မဟုတ်ဘူး။ သွားသွားလာလာပဲ လုပ်နိုင်မယ်လေ"

ကျွန်တော်က ရှုပ်ါကို ပေါ့ပေါ့တန်တန်ပင် ပြောလိုက်မိသည်။

သူ့အဘိုးက သူ့မြေးကို တစ်ချက်လှမ်းကြည့်၍-

"ဟုတ်တာပေါ့၊ အေးဟန်ဆိုင် နင်လည်း ကူရောင်းပေးပေါ့"

ထိုအချိန်၌ပင် သိန်းသိန်းနှင့်ကိုအောင်ငွေတို့ ပြန်ရောက်လာကြသည်။

"ခင်ဗျား မနက်က လာမယ်ပြောပြီး တော်တော်ဆိုးတဲ့လူ"

"ဆိုးလို့ ထောင်ထဲတောင် ရောက်ခဲ့ပြီပဲဗျာ"

ကိုအောင်ငွေကို ကျွန်တော်က နောက်လိုက်သည်။

"ကဲ- မနက်က ထမင်း ဘယ်မှာစားလဲ"

သိန်းသိန်းက မေး၏။

"ဘယ်မှာ စားမလဲ၊ ဆိုင်မှာပေါ့ဗျာ"

"အေး- ခုထိ စားတော့ ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင် လုပ်မနေနဲ့။ ရှင် အခု အသက် ဘယ်လောက်ရှိပြီလဲ"

လင်မယားနှစ်ယောက်စလုံး အနားလာထိုင်၍ စကားကောင်းနေကြ၏။

"ကျွန်တော့်အသက်လား"

ကျွန်တော်က သိန်းသိန်းကို ကြည့်လိုက်၏။

"ဟုတ်ပါ့တော်"

"သုံးဆယ်"

"ဟင်- ရှင့်ဟိုတုန်းကမေးတော့လည်း သုံးဆယ်၊ ခုလည်းသုံးဆယ်၊ ရှင့်အသက်က ကြီးပဲမကြီးတော့ဘူးလား"

"ထောင်ထဲက ခြောက်နှစ်၊ ခုနစ်နှစ်ကို နုတ်ထားတာလေဗျာ"

အားလုံးက ဝိုင်းရယ်ကြသည်။

နံရံတစ်ချပ်ခြားတွင် အလုပ်လုပ်နေကြသော အလုပ်သမားများ၏ ရယ်သံက ပိုကျယ်သွားသည်။

"ကဲ- ပေါက်တကရတွေ ပြောမနေနဲ့။ ရှင်က ဒီမှာ တကယ် ဆိုင်ဖွင့်





မှာလား"

"ဖွင့်မယ်လေဗျာ၊ ဆိုင်ထိုင်စာရေးမကတောင် လက်ဖက်ရည်နဲ့မုန့် စရန်ရိုက်ပြီးပြီ"

ရှုပ်ါဘက်လှည့်၍ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ် အမေရယ်၊ ဦးဦးအေးဟန်က ဆိုင်ထိုင်စာရေးမ သမီးကို ငှားမယ်တဲ့"

"အံမယ် တယ်ဟုတ်နေကြပါလား၊ ကဲ- ဒီလိုဆို ဘယ်တော့ဖွင့်မလဲ ပြော"

"မလောပါနဲ့၊ ဖြည်းဖြည်းပေါ့။ မရှိလို့လုပ်စားကြရတာ"

"အမယ် သူဌေးကများ"

"ခု မဌေးနိုင်တော့ဘူး မသိန်းသိန်းရယ်၊ အမှုဖြစ်တာနဲ့ ထောင်ကျတာနဲ့ ကုန်ပါပြီ။ ခု နေစရာတောင် မရှိလို့ ညီမတွေဆီ ခဏကပ်နေရတယ်။ သိပ်အထင်မကြီးပါနဲ့"

"ရှင့်အရင်အိမ်တော"

"ရောင်းပစ်လိုက်ပြီ"

"ဘယ်လောက်နဲ့ ရောင်းလိုက်လဲ"

"သုံးခွဲနဲ့"

"အဲဒီ ပိုက်ဆံတွေကော"

"အဲဒီ ပိုက်ဆံတွေ ခြောက်နှစ်လုံးလုံး ထောင်ထဲက ထိုင်စားတာ ကုန်ပါပြီဗျာ"

"ယုံမယ် အားကြီးကြီး"

သိန်းသိန်းသည် တကယ်လည်း ယုံကြည်ပုံမရပေ။ ကျွန်တော့်အား ယခင်ကလို ငွေကြေးမနေ ချမ်းသာနေသေးသည်ဟု ထင်ပုံရ၏။ ကျွန်တော့်မှာ အရောင်းအဝယ်လုပ်ရန် ငွေတစ်သိန်းကိုးသောင်းလောက်ကိုပင် မိတ်ဆွေဟောင်းတွေဆီက ဆွဲလွှဲနေရ၏။

"ကဲ- ပြောစမ်းပါ"

"ဘာကိုလဲ"

ကျွန်တော်က သိန်းသိန်းဘက် လှည့်ကြည့်၍ မေးရ၏။

"ဆိုင်ဖွင့်မယ် ဆိုတာလေ"

"အဲဒါ ခင်ဗျားတို့က ပြောရမှာ"

"ကျွန်မတို့က ဘာပြောရမှာလဲ"

"ဆိုင်လခ တစ်လကို ဘယ်လောက်၊ စပေါ်က ဘယ်လောက် ဆိုတာပဲပေါ့"

သိန်းသိန်းက ခဏတွေသွားသည်။

သူ့ခင်ပွန်း ကိုအောင်ငွေမှာ စကားနည်းသည်။

ဦးလှက ထိုင်နေသည်။ ဘာမှ ဝင်မပြောကြ။ အားလုံး သိန်းသိန်း၏



www.burmeseclassic.com

www.burmeseclassic.com


သဘောပင်။

"ရှင်က ဘယ်လိုလုပ်မှာလဲ၊ ဘယ်လောက် အကုန်အကျခံပြီး လုပ်မှာလဲ။ ဒါကိုလည်း ပြောဦး"

"ကျွန်တော်ကတော့ တစ်ပဲ မှန်းထားတယ်။ ဒီမှာ လုပ်မှာက အစမ်းသဘောနဲ့ပါ။ ကျွန်တော်လည်း ဆိုင်မှာ မထိုင်နိုင်ဘူး။ စာရေးမတစ်ယောက် ငှားထားမယ်။ ကျွန်တော်ကတော့ သွားသွားလာလာ ခဏတစ်ဖြုတ်လောက်ပဲ။ ကျွန်တော် ရန်ကုန်မှာလည်း ရှယ်ယာအလုပ်တစ်ခု စပ်ထားသေးတယ်"

"ရှင် ရန်ကုန်ထဲမှာ အလုပ်က ဘာအလုပ်လဲ"

"အရင် အလုပ်ပါ။ ကားပစ္စည်း အရောင်းအဝယ်အလုပ်"

သိန်းသိန်း၏မျက်လုံးများသည် ရုတ်ခြည်း အရောင်ပြိုးပြက်လာသည်။ ရှုပါဘက် မျက်လုံးတစ်ချက် ဝေ့ကြည့်သည်ကို သတိထားမိလိုက်သည်။

"အေးလေ၊ ရှင် လုပ်မယ်ဆိုတော့ စပေါ်တွေဘာတွေလဲ တင်မနေပါနဲ့။ ဒီအခန်းကို စီးပွားရေးသမားတွေက သိပ်မျက်စိကျနေကြတာ။ စပေါ်တစ်သိန်း၊ အခန်းခ တစ်သောင်းနဲ့တောင် လာငှားတဲ့လူတွေရှိတယ်။ ကျွန်မက မငှားပါဘူး။ ကိုယ့်မှာ သမီးအပျိုနဲ့ မဟုတ်လား။ သမီးကလည်း လှတော့ ခက်တယ်ရှင့်။ မတော်တရော် ကောင်တွေနဲ့ ဖြစ်မှာစိုးလို့ပါ"

"ခု ကိုသိန်းတန်တို့ ပရိဘောဂလုပ်တာကတော့ ဘယ်လိုပေးလဲ မသိန်းသိန်း"

"အစ်ကိုတို့က အခန်းခ တစ်သောင်းပေးတယ်။ စပေါ်ကတော့ ကျွန်မ မယူဘူး။ စပေါ် ယူထားရင် သုံးပစ်မှာစိုးတာရယ်၊ နောက် ကိုယ်မကြိုက်တဲ့အခါ အနှင်ရအချရ ခက်မှာစိုးတယ်လေ။

ပရိဘောဂအလုပ် ဆိုတာ ကောင်လေးတွေ များတယ် မဟုတ်လား။ အဲဒါ ဒီကောင်တွေနဲ့ ဖြစ်မှာစိုးလို့။ ဒီအရွယ်ဆိုတာ အိုးချင်းကြိုးချင်းနီးလို့ ကောင်းတာ မဟုတ်ဘူး။ ရှုပါက ရုပ်ကလေးကလည်း သိပ်လှတော့ ကျွန်မမှာလေ ဘယ်သွားသွားဘယ်လာလာ စိတ်ဖြောင့်တယ်မှတ်လား။ အိမ်မှာ အဖေသာမရှိရင် ကျွန်မ ဘယ်မှ မသွားဘူး။ သမီးတစ်ကောင် နွားတစ်ထောင် ဆိုတာ တကယ်ပဲ။ ကိုယ်ထိန်းရမှ သိတာ။ သမီးလေးက ဗိုင်းကောင်းကျောက်ဖိ လိမ္မာလို့ တော်သေးတာပေါ့"

လက်သမားလူငယ်တွေဘက် မျက်လုံးတစ်ချက်ဝေ့ပြီး အသံကိုနှိမ့်ပြောနေသော သိန်းသိန်းအား ကျွန်တော်က-

"အဲဒါဆိုလည်း စောစောစီးစီး အိမ်ထောင်ချပေးလိုက်ပေါ့ဗျာ။ စိတ်အေးရတာပေါ့" ဟု ပြောလိုက်၏။

"ခုလည်း လူကောင်းသူကောင်းတွေကို ရှာနေတာပါပဲ။ မိန်းကလေးတွေအနေက အိမ်ထောင်ဖက် အရွေးမှားရင် ဘယ်လောက်အထိ ဒုက္ခ



ရောက်ရတယ် ဆိုတာ ကျွန်မက ကိုယ်တွေ့မို့ ကျွန်မသမီးလေးတွေကို ကျွန်မလို မဖြစ်ရအောင် ဆိုပြီး သင့်တော်မယ့်လူကိုတွေ့မှ ကျွန်မကိုယ်တိုင် ပေးစားမယ်။ သမီးလေးတွေကလည်း လိမ္မာကြပါတယ်။ အကြီးမ သူဇာဆိုရင် အမေတစ်ခွန်းပဲ ပြောလိုက်တယ်၊ ခေါင်းညိတ်တာပဲ။ ခုဆို ဘယ်လောက် စိတ်ချမ်းသာရလဲ၊ သူယောက်ျားကလည်း ကျွန်မတို့ဆွေထဲ မျိုးထဲကပဲ၊ ခရိုင်အင်ဂျင်နီယာလေ"

"သူဇာတို့က ခု ဘယ်မှာလဲ"

သူ့သမီးအကြီးကို ကျွန်တော် သတိတရ မေးမိလိုက်သည်။

"ခု တောင်ကြီးမှာလေ၊ သူဇာ့ယောက်ျား ကိုရီဆို သူဇာ့ကို သိပ်အလိုလိုက်တာ။ အားလုံး သူဇာ့သဘောချည်းပဲ။ ဆန်၊ ဆီ၊ ဆားက အစ သူဇာ ဘာမှ မပူရဘူး။ ကိုကိုရေ ဆန်မရှိတော့ဘူး၊ ဆီကုန်နေပြီသာ ပြောလိုက်၊ ညနေကျရင် သူ့ကားထဲ အပြည့်အမောက်ပါလာပြီ။

တပည့်တပန်းတွေကလည်း ပေါတယ် မဟုတ်လား။ သူဇာ့ကိုလည်း ချစ်လိုက်တာ တုန်နေတာပဲ။ သူဇာရေ၊ သူဇာ ဆိုတာ ပါးစပ်ဖျားကကို မချဘူး။ သူဇာကသာ သူ့ကို ဆူလိုက်မာန်လိုက်နဲ့။ ကျွန်မ ဟိုနှစ်က တစ်လလောက် သွားနေတယ်။ ကိုယ့်ယောက်ျားက ဂုဏ်နဲ့ဒြပ်နဲ့နေတာ အပြောအဆို ဆင်ခြင်ဖို့ မှာရသေးတယ်။ သူဇာ့ကို ပတ်ဝန်းကျင်ကလည်း 'ဆရာကတော်၊ ဆရာကတော်' နဲ့ ဝိုင်းမြှောက်ကြတော့ မြှောက်သွားမှာ ဇိုးလို့လေ။ သူယောက်ျားကိုလည်း ပြောရသေးတယ်။ မိန်းမငယ်ငယ်လေး ရထားတယ်ဆိုပြီး သိပ်အလိုမလိုက်ဖို့ပေါ့။ အတော်ကြာ . . ."

"ဩ- သူဇာ့ယောက်ျားက သူဇာ့ထက် အသက်တော်တော်ကြီးလို့လား"

သိန်းသိန်းမှာ စကားပြောလျှင် တော်တော်နှင့် မဆုံးတတ်သဖြင့် ကျွန်တော်က ဖြတ်မေးမိသည်။ သူဇာ အိမ်ထောင်ကျတုန်းက ကျွန်တော် အပြင်မှာ မရှိပေ။

"အသက်က သူဇာ့ထက် ကြီးတာပေါ့ရှင်။ ဒါပေမယ့် ကြီးတော့ တကယ်မှီရတယ်။ ဘာမဆို လိုလေသေးမရှိ။ အနွံ့တာလည်း ခံတယ် မဟုတ်လား။ အဲဒါကြောင့် ဒီသမီးတစ်ယောက်ကိုလည်း ပြောထားရတယ်။ အိမ်ထောင်ရေးမှာ အသက်ကြီးတာကိုပဲ ရွေးရမယ်လို့။ ရွယ်တူတန်းတူ ယူကြပါပြီ၊ အတော်ကြာ တလေး တွဲလီတွဲလောင်းနဲ့ ကွဲကြပြဲကြ သတ်ကြပုတ်ကြ သိပ်စိတ်ညစ်ဖို့ ကောင်းတာ။ ရွယ်တူချင်းဆိုတော့ တစ်ယောက်သည်းညည်း တစ်ယောက်မခံဘူး မဟုတ်လား။ ကျွန်မတို့တုန်းကလည်း ဒီအတိုင်းပဲ။ မာနချင်းပြိုင်လို့ ကွဲကြတာ။ သူ့အဖေက ဘယ်လောက်ဆိုးတယ် မှတ်လဲ။ ကျွန်မကို ရိုက်လိုက်တာလေ၊ နံတစ်ခြမ်းနိမ့်သွားလို့ ဆေးရုံတောင် တက်ရတယ် ရှင် မှတ်မိလား။ သူ့အဖေနဲ့ကျွန်မဆို တစ်နှစ်ကြီး တစ်နှစ်ငယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ငွေကလည်း ခင်ဗျားနဲ့ သက်တူရွယ်တူပဲ။ ခု ဘယ်နှခါ ရိုက်ပြီးပြီလဲ"

ကျွန်တော်က ကိုအောင်ငွေဘက် လှမ်းကြည့်၍ စလိုက်၏။ သူ့အဖေ ဦးလှကလည်း အပြင် လက်သမားတွေဆီ ရောက်သွားပြီ ဖြစ်သဖြင့် ကျွန်တော် သူတို့လင်မယားကို ရဲရဲဝံ့ဝံ့ စရဲသည်။

"အမယ်လေး၊ သူ့ကို ကျွန်မ မယူခင်တုန်းကပင် ပြောထားတယ်။ ရှင် ကျွန်မကို လက်ဖွဲ့ဖျားနဲ့တောင် မတို့ရဘူးလို့၊ ရှင် မကြိုက်ရင် ရှင် ဆင်းသွား၊ ကျွန်မ မိန့်ဖနဲ့ မောင်နဲ့ဖွားနဲ့ နေတာ"

"ဟုတ်လားဗျ ကိုအောင်ငွေ"

"ဒီမိန်းမ တုတ်ကို ခုန့်ခုန့်တိုးတာတော့ အကြိမ်ပေါင်း မနည်းတော့ဘူးဗျ။ ကျွန်တော်က သမီးလေးသံယောဇဉ်နဲ့ကြောင့် တော်တော် သည်းခံနေတာ။ အဲဒါ သူကတော့ သူ့ကို မလုပ်ရဲဘူးထင်လို့ လင်နိုင်တဲ့အကြောင်း လူတကာဆီမှာ ကြွားကြွားနေတာဗျ"

ကိုအောင်ငွေက ပြုံးဖြီးဖြီးနှင့် ပြောသည်ကို သိန်းသိန်းက မျက်စောင်းထိုး၏။

"အဲဒါ မှတ်လောက်သားလောက်တော့ တစ်ခါတလေ ဆုံးမပေးပေါ့ဗျ။ ဒါပေမယ့် ဆရာတော်ဦးကုန္ဒပြောတဲ့ ဆုံးမနည်းလည်း မဖြစ်စေနဲ့ပေါ့"

"ဘယ်လိုလဲဗျ၊ ဆရာတော် ဦးကုန္ဒက ပြောတဲ့ ဆုံးမနည်း၊ လုပ်စမ်းပါဦး"

"ဩ- ဆရာတော် ဦးကုန္ဒက တို့ကျောင်းရှေ့မှာ သူနဲ့ ကျောင်းနေဖက် ဘအေးဆိုတဲ့ အိမ်ထောင်သည်တစ်ယောက် ရှိတယ်တဲ့၊ သူတို့လင်မယားက မကြာမကြာ ရန်ဖြစ်ကြတယ်တဲ့။ တစ်ခါ ရန်ဖြစ်ရင် အိမ်ခြံထဲက ဘူးစင်တစ်စင်၊ ဒီလိုမှမဟုတ်ရင် ဇီဇဝါတစ်ရုံ၊ နှင်းဆီတစ်ချုံတော့ ကုန်နေကျတဲ့"

"ဘယ်လိုဖြစ်လို့လဲ"

"မိန်းမကို စိတ်ဆိုးတိုင်း ဘအေး ဆင်းဆင်းခုတ်တာဆိုပဲ"

"ဘာဆိုင်လို့လဲဗျ"

"အေး- ဆရာတော်ကလည်း ခင်ဗျားလိုပဲ၊ ဟေ့ကောင် မင်းမိန်းမနဲ့ စိတ်ဆိုးတိုင်း ဘာလို့ ခြံထဲက ဘူးစင်တွေ၊ နှင်းဆီရုံတွေကို ခုတ်လှဲရလဲလို့ မေးသတဲ့။ ဒီတော့ ဘအေးက ကိုယ်တော်တို့ သဘောမပေါက်ပါဘူး။ မိန်းမဆိုတာ အစားအသောက်နဲ့ အလှအပတွေကို မက်တာ။ ဒါကြောင့် ဘူးစင်နဲ့ ပန်းရုံတွေကို ခုတ်တာလို့ ပြောသတဲ့"

"တော်စမ်းပါရှင်၊ ရှင်က ပေါက်ကရ ပြောတဲ့နေရာ နှစ်ယောက်မရှိဘူး။ တရားရုံးမှာလည်း ရှင် ပေါက်ကရတွေ လျှောက်ပြောလို့ ထောင်ကျတယ်လို့ ပြောကြတာ"

"အမလေး၊ ထောင်နန်းစံရမယ့် အလုပ်ကြီးတော့ ဘယ်သူက ပေါက်





ကရပြောရဲမလဲဗျ"

ရယ်မောလိုက်ကြသော အသံများထဲတွင် ရွှပါ၏ ကလေးဆန်ဆန် ရယ်မောသံကမူ ကျွန်တော့်နားတွင် အသာယာဆုံးဟု ထင်မိလိုက်သည်။

✤ ✤ ✤

"ဒီပုံကော"

"အဲဒါလည်း ရွှပါပဲ"

မျက်စိထဲမှာ ရွှပါနှင့် မတူသလို ထင်မိသည်။ အဆင်အပြင်တွေ များလွန်း၍ ရုပ်ပြောင်းသွားမှန်း သိသာသည်။ အပြင် ဧည့်ခန်းနံရံတွင် မှန်ပေါင်သွင်းချိတ်ထားသော သိန်းသိန်းတို့မိသားစုဓာတ်ပုံတွေကို လိုက်ကြည့်နေမိသည်။ အစက သိန်းသိန်း၏အဖေပုံ၊ နောက် သိန်းသိန်းအမေ ကွယ်လွန်သူ အဒေါ်ကြီး၏ပုံ၊ ထို့နောက် သိန်းသိန်းနှင့် ကိုအောင်ငွေတို့ မင်္ဂလာဆောင်တုန်းက ထိုင်လျက်သား ရိုက်ထားကြသောပုံ၊ ရွှပါ့အဖေနှင့် တုန်းကလည်း ဤသို့ပင် မင်္ဂလာဆောင်ဓာတ်ပုံ ရိုက်ခဲ့ကြသည်ကို အမှတ်ရနေမိသည်။ သို့သော် ကိုသန်းမြင့်နှင့် သိန်းသိန်းတို့၏ မင်္ဂလာဝတ်စုံနှင့် ပုံတိုကား မမြင်ရတော့။

နှစ်ယောက်စလုံးသည် သူငယ်ချင်းများ ဖြစ်ကြသော်လည်း စိတ်ထဲ ဘာသွားမိသည်။ ရွှပါ့အဖေ ကိုသန်းမြင့်ကို သတိရမိလိုက်သည်။ သို့သော် မျက်လုံးတမူ ရွှပါ့ပုံဆီ၌သာ။

"ဒီပုံတွေက ဘယ်မှာရိုက်တာလဲ၊ ဘာဘုရားပါလိမ့်"

"ရွှေစက်တော်ဘုရားလေ ဦး"

"ဩ" ဟုသာ ရေရွတ်မိသည်။

နောက်ခံ တန်ဆောင်းတွေနှင့်က နှစ်ပုံ၊ ရေစပ်က ကျောက်တုံးပေါ်တွင် တစ်ပုံ၊ ဝါးထရံခင်းထားသော တံတားပေါ်တွင် တစ်ပုံ။

"ကျွန်မသမီးလေးက မလှဘူးလား"

သိန်းသိန်းက အနားလျှောက်လာပြီး ပြောသည်။

"ကျွန်တော့်မျက်စိထဲတော့ အပုပ်ကောင်တွေ ရုပ်ဆောင် . . ."

"သေတော့မယ်"

သိန်းသိန်းက ကျွန်တော့်ကျောကုန်းကို တစ်ချက် လှမ်းရိုက်၏။ အရှက်ပြေ ရယ်မိသွားသည်။

"မသိဘူးမှတ်လို့၊ ရှင့်မျက်လုံးတွေက ဘယ်ရောက်နေတယ်ဆိုတာ ကျွန်မ . . ."

"အိုဗျာ- ခင်ဗျားကလည်း အမှန်တွေ မပြောစမ်းပါနဲ့၊ ရှက်တတ်ပါတယ်ဆို"

သိန်းသိန်းက ရယ်သည်။

"အဲဒါ ရွှပါ မင်းဘူးသွားနေတုန်းက ရွှေစက်တော်ဘုရား သွားဖူးရင်း



www.burmeseclassic.com

www.burmeseclassic.com

ရိုက်လာခဲ့တဲ့ပုံတွေလေ။ မလှဘူးလား"

"လှပါတယ်၊ အဲဒါကြောင့် ကြည့်နေတာပေါ့ဗျာ"

သိန်းသိန်းက သဘောကျ၍ ရယ်ပြန်သည်။

"ဒီပုံကို သေသေချာချာ ကြည့်စမ်း၊ ကျွန်မနဲ့ မတူဘူးလား"

"ဘာဆိုင်လဲဗျ၊ ခင်ဗျားပုံက ဘီးဆံပတ်ကြီးနဲ့။ ရှုပါ့ပုံက ဆံပင်ဖြန့်ချထားတာ"

"ရှုပ်ကို ပြောတာရှင့်"

"လုပ်မနေနဲ့၊ ရှုပ်လည်းမတူဘူး။ ကျူပ်မျက်စိထဲမှာတော့ ရှုပါပဲလှတယ်"

"ဦးဦး၊ မုန့်ဟင်းခါး ဘူးသီးကြော်နဲ့နော်" ဟု ရှုပါက ဝင်နှောက်သည်။

"တကယ်ပြောတာ၊ ရေထဲမှာ ဆံပင်ဖားလျားနဲ့ ခြေထောက်ကို ရေထဲနှစ်ပြီးသာ ရိုက်ထားရင် ရေသူမလေးလားတောင် ထင်ရမယ်။ ရှုပါက ဓာတ်ပုံ တကယ် စားတာပဲ"

"ရေထဲမှာ ရိုက်ထားတဲ့ပုံတွေလည်း အများကြီးပဲ ဦးရေ"

"ဟေ- ဘယ်မှာလဲ ဘယ်မှာလဲ၊ ပြစမ်း ပြစမ်း၊ ကြည့်ရအောင်"

"ဖြစ်နေလိုက်တာ" ဟု သိန်းသိန်းက ဆိုသည်။

ရှုပါက အသံလွင်လွင်နှင့်ရယ်ပြီး-

"မရွေးခဲ့ဘူး ဦးရယ်။ ဓာတ်ပုံရိုက်တဲ့ငနဲက ရည်းစားစကားလိုက်ပြောလို့ တမင်ဘာတ်ထားခဲ့တာ"

"အေး- ကောင်းတယ်ဟ၊ အဲဒါမှ မှတ်မိမှာ။ ဘယ်နှပုံတောင်များလဲ"

"ခြောက်ပုံ ဦးရယ်"

"မနည်းပါလားဟ" ဟု ပြောလိုက်ရ၏။

"တောသားလေ ဦး၊ ကျွန်မက ရန်ကုန်လိပ်စာ လိမ်ပေးတော့ တော်တော် အထင်ကြီးသွားပုံရတယ်။ ကျွန်မ ပြောတဲ့အတိုင်း ပို့(စ်) အမျိုးမျိုး ရိုက်လိုက်တာ တဖျပ်ဖျပ်ပဲ။ ခြောက်ပုံရိုက်တော့ နှစ်ပုံက မေတ္တာလက်ဆောင်တောင် ရိုက်ပေးဦးမယ် ဆိုတော့ ရှစ်မျိုးရှစ်ပုံ ကျသွားတာပေါ့။ ကျွန်မက ပြောတယ်။ သူငယ်ချင်းတွေကို လက်ဆောင်ပေးဖို့ တစ်မျိုး သုံးပုံစီ ကူးထားလိုက်ပါ။ စရန်တွေဘာတွေလည်း လုပ်မနေနဲ့။ တစ်ခါတည်း ယူထားလိုက် ဆိုတော့ ရပါတယ်တဲ့။ အဲဒီတော့ လာရွေးမှ တစ်ခါတည်းယူ ဆိုတော့လည်း ရပါတယ်တဲ့"

"နင့်ကိုကြိုက်နေတာကိုးဟ၊ နင်ပြောတိုင်းရတော့မှာပေါ့။ ရှုပါတို့များ အဲသလောက် ကိုအေးဟန်ရယ်"

သိန်းသိန်းစကားကို ကျွန်တော် သတိထားမိလိုက်သည်။ ရှုပါကတော့ ဂုဏ်ယူစွာ ပြော၏။ ဓာတ်ပုံလာယူမည်ဟု ပြောထားသောရက် မတိုင်မီ တစ်နေ့မှာပင် ရွှေစက်တော်ဘုရားက ပြန်လာကြသည်ဟု ဆို





သည်။

"နင်တို့ ဘုရားဖူးကလည်း လိပ်ဥကွဲတာပါပဲလား" ဟု ရေရွတ်လိုက်မိသည်။ သူတို့သမီးအမိနှစ်ယောက်ကတော့ ရယ်နေကြသည်။

"ဘယ်လိုလဲ၊ ရှင့်ဟာက ဆိုင်ဖွင့်မှာဖြင့်လည်း ဖွင့်မယ် တိတိကျကျ လုပ်ရှင့်"

သည်စကားပဲ ဆိုလိမ့်မည်ကို ကြိုတင် တွက်ဆထားပြီးသားမို့ ကျွန်တော် မအံ့ဩ။ ထို့ကြောင့်လည်း 'ဖွင့်မှာပါဗျာ' ဟု လွယ်လွယ်ပင် ပြောလိုက်သည်။

"ဆိုင်ဖွင့်မယ် ဆိုတော့ ရှီးကော့၊ ဗိရိုတို့၊ စာရေးကိရိယာ စာအုပ်စာတမ်းတွေပါ အစုံရောင်းမယ် ဆိုတော့ ပြင်ရဆင်ရဦးမှာပေါ့။ ဟိုတစ်နေ့ကလည်း ကျွန်မ ပြန်လာအောင်တောင် မစောင့်ခဲ့တော့ ကျွန်မတို့က ဘာလုပ်ရမှန်းမသိလို့"

"ခင်ဗျားတို့ ပရိဘောဂလုပ်ငန်းကလည်း လုပ်နေဆဲပဲ ဆိုတော့ ကျွန်တော်က စောသေးတယ်လို့ ထင်လို့ပါ"

"အမယ်လေး၊ ဒီပရိဘောဂပဲ ထည့်ထည့်ပြောနေ။ ဒီလုပ်ငန်းက အစ်ကိုသိန်းတန်ဟာပါဆို။ ဒီနေ့ပြောင်း ဒီနေ့ရတယ်"

ကိုသိန်းတန်မှာ ကျွန်တော်နှင့်လည်း ခင်ပြီးသားမို့ ဘာပြဿနာမှ မရှိ ဆိုသည်ကတော့ ကျွန်တော် တွက်ပြီးသား ဖြစ်၏။

ကျွန်တော် တွက်နေသည်မှာ သိန်းသိန်းသည် ဘာကြောင့် ဤမျှ လောနေပါလိမ့်ဆိုသည်ကိုသာ။

"ဦးဦး စားပါဦး"

ရှုပါက ရေခဲမုန့်တစ်ခွက် လာပေးသည်။

"စားစား ရှုပါ"

"စားပါဆို ဦးကလည်း။ ဟိုတုန်းက ဝယ်ဝယ်ကျွေးတာလေ သတိရသေးလား"

ဤသူငယ်မ သံယောဇဉ်စကားတွေချည်း ဆိုနေပါလားဟု ရင်ထဲ တစ်မျိုး ဖြစ်သွား၏။

ကျွန်တော် ရေခဲမုန့်ကော်ခွက်တစ်ခုကို လှမ်းယူလိုက်သည်။

"တင်ဦး၊ နင်စားမလား ရော့"

"နင် စားပြီးသား မဟုတ်လား၊ ငါ ရွံတယ်"

ရှုပါက ကျန်တစ်ခွက်ကို လက်သမားကောင်လေးအား သွားပေးရာ လက်သမားကောင်လေးက 'နင် စားပြီးသား ငါ ရွံတယ်' ဟု ဆိုလိုက်၏။

ကျွန်တော်နှင့် နည်းနည်း မျက်မှန်းတန်းမိနေသော ဤကောင်လေး၏အမည်မှာ တင်ဦး ဖြစ်ကြောင်း ယခုမှ သိရသည်။

"ဟဲ့"

"အို"



www.burmeseclassic.com

ရူပါက စိတ်ဆိုးပြီး ရေခဲမုန့် ထည့်ထားသော ကော်ခွက်ကို လှမ်းပစ်လိုက်ရာ ကောင်လေးက ကြမ်းခင်းပေါ် မကျမီ ဖမ်းယူလိုက်၏။

သူများတွေက 'ဟဲ့၊ အို' ဟု အထိတ်တလန့် ဖြစ်သွားကြသော်လည်း ရူပါနှင့်မောင်တင်ဦးတို့ကမူ သူ့အထာနှင့်သူ ပြုံးနေကြ၏။

သိန်းသိန်းက မောင်တင်ဦးနှင့် ရူပါတို့ဘက် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"ကောင်စုတ်လေး၊ နင်နော်"

ဆံပင်က အဆမတန် ရှည်နေသော ကောင်လေးကို သိန်းသိန်းက ကောင်စုတ်လေးဟု ဆို၏။ အမှန်က ဆံပင်အဆမတန် ရှည်နေသည်က လွဲလျှင် ကောင်လေးမှာ ကြည့်ပျော်ရှုပျော်ရုပ်ပင်။ ကောင်လေးကို ကျွန်တော် မသိမသာ အကဲခတ်၏။

"အဲဒီကောင်လေးက မိမဲ့ဖမဲ့လေးလေ။ အစ်ကိုက အလုပ်ပေးထားတာ။ အလုပ်ကတော့ တော်သား။ သူ့အဘွားတစ်ယောက်နဲ့နေတယ်။ သူ့ အဘွားက ဥက္ကလာမှာ။ တစ်နေ့ကို သူက နှစ်ရာ့ရှစ်ဆယ်ရတယ်။ ဒီအရွယ် ဖဲရိုက်တယ်တဲ့။ အဲဒါကြောင့် ထမင်းလခ ကြိုကြိုတောင်းထားရတာ"

သိန်းသိန်းက ကျွန်တော့်ထက် ပါးသူပင်။

"ဩ ထမင်း ဒီမှာစားလား"

"ဟုတ်တယ်၊ ကျွန်မ သနားလို့ ကျွေးထားတာ။ သူ့အဘွားဆီလည်း ပြန်ချင်တဲ့အခါမှ ပြန်တယ်။ ညဆို ဖဲလျှောက်ရိုက်နေတယ်"

သိန်းသိန်း၏ စကားကို မောင်တင်ဦးက နာရမှန်းမသိ ရယ်နေ၏။ ကျွန်တော်က ကောင်လေး ရှက်မှာစိုး၍ မသိကျိုးကျွန်ပြုနေလိုက်ရသည်။

"ဘယ့်နှယ်လဲ၊ ဗီရိုတွေ ဘာတွေက တစ်ခါတည်း လုပ်ခိုင်းထားရမှာလား။ ဒီကောင်လေးက ဖဲသမားပေမယ့် လက်ရာတော့ကောင်းတယ်"

သူ့ခုံများကိုပဲ သွားသွား ခလုတ်တိုက်နေသဖြင့် ကျွန်တော်က အားနာသွားသည်။

"နေပါစေဗျာ၊ ကျွန်တော် ကြည့်ပါရစေဦး"

"ရှင်ကလည်း ကြိုကြိုတင်တင် လုပ်ထားတော့ ပုပ်သွားတာမှတ်လို့"

ကျွန်တော့်စကားကို သိန်းသိန်းက အားမလိုအားမရ ဖြစ်သွားပုံရ၏။

"အဲဒါနဲ့ ဆိုင်ခန်းခ ဘယ်လောက် ပေးရမှာလဲ"

တစ်နေ့က စကားမပြတ်ကြသေးသဖြင့် ကျွန်တော်က တိတိကျကျ မေးရ၏။

"ရှင် ကျွန်မတို့တော့ ယုံပါတယ်နော်"

"သြော် ဗျာ၊ ခင်ဗျားတို့ကို ဘာမယုံစရာရှိလဲလို့"

"ဒီလိုလေ"

သိန်းသိန်းက စကားကို ရပ်ထားလိုက်သဖြင့် ကျွန်တော်က သူ့





မျက်နှာကို ကြည့်သည်။

"ကျွန်မ ရှင့်ကို ပြောချင်တာက ဒီလိုပါ။ ရှင်တို့ ကျွန်မတို့ဟာ ရင်းနှီးပြီးသားလူတွေဖြစ်တော့ ကျွန်မက ဆိုင်ခရယ်၊ စပေါ်ရယ် မယူတော့ဘူး။ ဒီလိုလုပ်ကြရင် မကောင်းဘူးလား"

သူက အားယူချိန်ဆ၍ ပင်ပန်းကြီးစွာ ပြောရသောစကားကို ကျွန်တော်ကတော့ ခပ်ပေါ့ပေါ့ပင် 'ပြောပါ'ဟု ဆိုလိုက်သည်။

"ကျွန်မက ဆိုင်ခန်းစိုက်မယ်၊ ရှင်က ငွေစိုက်။ စပ်တူလေ၊ မကောင်းဘူးလား"

"ဘယ်သူ့ရောင်းမှာလဲ၊ လူကော။ ကျွန်တော်ကတော့ တစ်နေ့လုံး ထိုင်ပြီး ဈေးရောင်းနေဖို့ မအားဘူး။ ကျွန်တော့်မှာ ရန်ကုန်ထဲက အလုပ်က အရေးကြီးတယ်"

"ရူပါ ဆိုင်ထိုင်ခိုင်းမယ်လေ။ ရှင်ပဲ ပြောတယ်ဆို"

ကျွန်တော် ပြောစဉ်ကမူ အကယ်တည့် ရည်ရွယ်၍ မဟုတ်။ စကားအလျှဉ်းသင့်၍ ပြောမိလိုက်ခြင်းသာ။ ယခုတော့ တကယ် နီးစပ်သွားပြီဟု ကျွန်တော် တွေးလိုက်မိ၏။

"ထိုင်ပေးမယ်လေ၊ တစ်လ ဘယ်လောက်ပေးမလဲ ဦး"

အနားတွင် ထိုင်နားထောင်နေသော ရူပါကလည်း မေးနေလေပြီ။ ကျွန်တော့်မှာ လောလောဆယ် အဖြေမရှိ ဖြစ်သွားသည်။

"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

ဤစကားကိုတော့ သိန်းသိန်းက ပြော၏။

ရူပါကမူ ကျွန်တော်တို့နှစ်ယောက် မျက်နှာကိုသာ လှမ်းကြည့်နေသည်။

"ငွေက အနည်းဆုံး တစ်သိန်းလောက်ရင်းပြီး လုပ်ရမှာနော်။ စာရင်းလေး ဘာညာဆိုတာက အတိအကျလိုတယ်"

"အမယ်လေး၊ ရှင် တတ်နိုင်လို့ကတော့ တစ်သိန်း မဟုတ်ဘူး ဆယ်သိန်းရင်းလုပ်။ ရှင့်ငွေ တစ်ပြားတစ်ချပ်မှ မပျောက်စေရဘူး။ အထင်သေးလိုက်တာ၊ ကျွန်မသမီးက ခုနစ်တန်း ရှစ်တန်း သင်ဖူးတဲ့ မိန်းကလေးပါရှင့်။ ခု အစိုးရကုန်တိုက်မှာ ခုနစ်တန်း၊ ရှစ်တန်း စာရေးမ မိန်းကလေးတွေ တစ်ပုံ။ ရှင့်ငွေက အစိုးရငွေထက် များဦးမလား"

သိန်းသိန်း ပြောသည်မှာလည်း အမှန်ဖြစ်နေသဖြင့် ကျွန်တော်က ရူပါ့ကို အားနာသွားသည်။

"ကျွန်တော် ဆိုလိုတာက ရူပါ စာရင်းမနိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူး မသိန်းသိန်း။ ရူပါ့ကိုတော့ ကျွန်တော်က စိတ်ချပြီးသားပါ။ တကယ်ဆို ရူပါ ချက်ချင်း မလုပ်တတ်ဦးတော့ ကျွန်တော် ရှိတာပဲ၊ ပြပေးမှာပေါ့"

"ရှင် ဆိုလိုတာက ဘာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ။ ရှင်တို့



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ဟာ ခုမှ ပေါင်းလာတဲ့လူတွေ မဟုတ်ပါဘူး"

"အေးပါ၊ ဒါတွေက ပြောစရာတောင် မလိုပါဘူး။ ကျွန်တော် ဆိုလိုတာက စာရင်းကို တိတိကျကျထားဖို့၊ လူချင်းခင်တာ ခင်တာပဲ။ အလုပ်မလုပ်ခင်ကတော့ သင့်သင့်မြတ်မြတ်ပဲ။ ခင်မင်လို့ အလုပ်စပ်တူ လုပ်မိကြပြီးမှ ငွေရေးကြေးရေး ပြဿနာကြောင့် တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင်၊ မပြောနိုင် ဖြစ်ကြရင် ငွေလည်းဆုံးရှုံး၊ မိတ်ကောင်းဆွေကောင်းချင်းလည်းပျက်၊ ကျွန်တော်က အဲဒီလို ဖြစ်မှာစိုးလို့ပါ။ ကျွန်တော်ကတော့ ငွေကြေးကိုထက် လူရဲ့ အကျင့်သိက္ခာကိုပဲ တန်ဖိုးထားတယ်ဆိုတာ မသိန်းသိန်းလည်း အသိပဲ"

"ဟုတ်ပါတယ်၊ ရှင်ပြောတာ သိပ်မှန်တာပေါ့။ ခုရှုပ်မှ နောင်ရှင်းဆိုသလိုပေါ့ရှင်။ ကျွန်မတို့ မြန်မာစကားပုံရှိတယ် မဟုတ်လား၊ စိုသောလက် မခြောက်စေနဲ့ ဆိုတာလေ။ စိတ်ချစိတ်ချ ရှင်ကြိုက်သလိုသာပြော၊ ကျွန်မတို့ဘက်ကတော့ အားလုံး အဆင်သင့်ပဲ။ ရှုပ့်ါကိုလည်း ရှင့်အစ်ပါတယ်။ ခုကပဲ သင်ပြထား။ ကျွန်မကတော့ စာရင်းဇယားလည်း မလုပ်တတ်ဘူး။ ဒီပစ္စည်း ဒီလောက်နဲ့ရောင်းဆို ရောင်းလိုက်မှာပဲ။ လုပ်ကြရမှာက ရှင်နဲ့ ရှုပါနဲ့ လုပ်ကြရမှာ။ အမေပြောတာ ကြားလား သမီး"

သိန်းသိန်းသည် ကျွန်တော့်ကို ပြောနေရာမှ ရှုပါကိုလည်း လှည့်၍ ပြော၏။

"ဦးဦးက ကျွန်မကို မယုံလို့လား"

"ယုံပါတယ် ရှုပါရယ်၊ ဘယ့်နှယ် မယုံဘဲ နေပါ့မလဲ။ မယုံလို့ ပြောတဲ့စကားမှ မဟုတ်တာ။ ဦးဦး ပြောတာက ဦးဦးမှာ နောက်အလုပ်ကလည်းရှိတော့ ဒီဆိုင်ကတော့ အားလုံး ရှုပ့်ါခြေ ရှုပ့်ါလက် လုပ်ရမှာ။ အလုပ်များပြီး မနိုင်မနင်းဖြစ်မှာစိုးလို့ပါ။ ဦးကတော့ ရှုပါ လုပ်တတ်ကိုင်တတ်သွားပြီဆိုရင် အားလုံး ရှုပ့်ါကို လွှဲထားပေးမှာပါ။ ရှုပါသာ ကြိုးကြိုးစားစားလုပ်၊ ရတဲ့အမြတ်ကို တစ်ယောက်တစ်ဝက်အပြင် ရှုပ့်ါကို ဦးဦးက လခလည်း ပေးဦးမှာပဲ"

"သူ့စကား မှတ်ထားနော် သမီး"

သိန်းသိန်းက သူ့သမီးဘက် လှည့်ပြော၏။

"သမီး ကြိုးစားလုပ်ပါ့မယ် ဦးရယ်။ စက်ချုပ်တာနဲ့ ကျောင်းစာသာ ဝါသနာမပါပေမယ့် ဈေးရောင်းတာတော့ သမီး ဝါသနာပါပါတယ်"

"ကိုအေးဟန်ကို အစွမ်းကုန် လုပ်ပြလိုက် သမီး။ ဟုတ်တယ် ကိုအေးဟန်ရယ် ငယ်ငယ်တုန်းကဆို အိုးပုတ်ခွက်ပုတ်လေးတွေနဲ့ အိမ်ရှေ့က ဟာဒ်ပင်အောက်မှာ ဈေးရောင်းကစားနေတာ ရှင် မြင်မိမှာပါ"

သိန်းသိန်း၏ မပြတ်သောလေနှင့် သူ့သမီးကိုရော ကျွန်တော့်ကိုပါ လုံးထွေးပြောတတ်သော သူ့စကားကို ကျွန်တော်ကမူ တွေးတွေးဆဆ။

✤ ✤ ✤





"ကဲ- ဘယ့်နှယ်လဲ၊ ကျွန်မ ပြောတာ။ ကျွန်မသမီး အချက်အပြုတ် ဘယ်လောက်တော်လဲ ဆိုတာ ခုတော့ ရှင် သိပြီ မဟုတ်လား"

ဆေးပြီးသွားသော လက်စိုကို ကျွန်တော် ခြောက်သွားအောင် သုတ်လိုက်သည်။ ကျွန်တော့်လက်ထဲက လက်သုတ်ပဝါကို ရှုပါက လှမ်းယူ၏။

ဤနေ့သည် ရှုပါတို့အိမ်၌ ဒုတိယအကြိမ် ထမင်းစားခြင်းဖြစ်သည်။ စားရသည်ကလည်း ရှုပါနှင့်နှစ်ယောက်တည်း။ ဟင်းအမျိုးအမည်တွေကလည်း စုံလှသည်။

ရှုပါကိုယ်တိုင် အရိုးထွင်ထည့်ပေးသော ဟင်းဖတ်တိုင်းကို စားမိတိုင်း ရင်ထဲတွင် တဒိတ်ဒိတ် ခုန်နေတတ်သည်။ ရှုပ့်ါကိုလည်း ကျွန်တော်က အရိုးထွင်ထားသော ဟင်းဖတ်တွေကို ပြန်ထည့်ပေးနေမိသည်။

သူ့အမေ သိန်းသိန်းသည် ကျွန်တော်တို့နှစ်ယောက် ထမင်း အတူစားနေကြသည်ကို အပြင်က စောင့်နေသည်။ သူ မဆာသေးဟု ဆို၏။

ဦးလှလည်း သူ့အစ်ကိုကြီးတစ်ယောက်ရှိသော မြောက်ဥက္ကလာကို သွားသည်။ ကိုအောင်ငွေ၏သမီးလေး မူယာလည်း သူ့အဘိုးနှင့် ပါသွား၏။ ကိုအောင်ငွေမှာ ဆိုက်ကား တိုယ်ပိုင်နင်းနိုင်ရန် ဆိုက်ကားနင်းသွားပြီး လှေကျင့်နေသည်။ တနင်္ဂနွေနေ့ဖြစ်သဖြင့် လက်သမားတွေကလည်း တစ်ယောက်မှ မရှိ။ အိမ်တွင် သိန်းသိန်း၊ ကျွန်တော်နှင့် ရှုပါတို့ သုံးယောက်တည်းသာ။

"မိန်းကလေး ဆိုတာ အိမ်တွင်းမှု နိုင်နင်းဖို့ သိပ်အရေးကြီးတယ် ကိုအေးဟန်။ ရှုပါသာ ဒီလို ဟင်းမျိုးစုံချက်တတ်တာ။ နီလာတို့၊ ဖြူပြာတို့ဆို ထမင်းတောင် ကောင်းကောင်း မချက်တတ်လို့ မသန်းငွေနဲ့ တဆူဆူပဲ"

သူ့အစ်ကို ကိုသိန်းတန်နှင့် သူ့ယောက်မ မသန်းငွေ၏သမီးနှစ်ယောက်ကို ပြောမှန်း ကျွန်တော် သိလိုက်သည်။

"နီလာတို့ ဖြူပြာတို့လည်း ရှုပါတို့အရွယ် ရှိရောပေါ့"

ငယ်ငယ်က မြင်ဖူးသော ကောင်မလေးတွေကို ကျွန်တော်က စိတ်မှန်းနှင့် ပြောလိုက်သည်။

"အငယ်မ ဖြူပြာဆို ရှုပ့်ါထက် နှစ်နှစ်ငယ်တယ်။ မည်းကလည်း မည်း၊ လူကောင်ကြီးကလည်း ကြီးတော့ ဘယ်လိုမှ ကြည့်မကောင်းဘူး။ နီလာကတော့ ရုပ်သင့်ပါတယ်။ အဲဒီ ရုပ်သင့်တာပေါ့၊ ရည်းစားက ထည်လဲရှင့်"

"ဩ- ဒါကတော့ သူ့ခေတ်နဲ့သူပဲ မသိန်းသိန်းရယ်။ နီလာတို့သာ မဟုတ်ပါဘူး၊ ရှုပါတို့လည်း ရည်းစားဘယ်နှယောက်ရှိလဲမှ မသိတာ"

"ဦးကလည်း"

"ငါက အမှန်အတိုင်းပြောမိလို့ ဆိုပါတော့"

"အမယ်လေး၊ ကျွန်မ မွေးထားတဲ့သမီးပါ ကိုအေးဟန်ရယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သိတာပေါ့"

"ဘယ်နှယောက်လဲ တရားဝင်က"

"ဘယ်နှယောက်မှ မရှိဘူး။ စာတော့ပေးကြတာပေါ့ရှင်။ ဒီလောက် လှတဲ့ရုပ် ကြိုက်မယ့်လူ မရှိဘဲ နေပါ့မလား။ ညည အိမ်ရှေ့လာလာပြီး ဒုန်ဒုန်ဒေါင်ဒေါင်နဲ့ ဖိုသ်ပေးကြတဲ့ကောင်လေးတွေဆို ရှင့်ခေါ်ပြချင် တယ်။ ကျွန်မ သမီးက အလိမ္မာရှင့်။ သူတို့ပေးတဲ့ ရည်းစားစာတွေ အမေ့ ကို အားလုံး ပြန်ပြန်ပြတယ်"

"မပြတဲ့စာတစ်စောင်တော့ ရှိမယ်ဗျာ"

"ရှိကို မရှိဘူး။ အကုန် ကျွန်မကို ပြတယ်။ မယုံရင် ရှင် အခုမေး ကြည့်"

"တကယ်လား ရှုပါ"

"တကယ်ပါ ဦး"

"အေးပါ၊ နင် ရည်းစားမရှိဘူး ဆိုတာတော့ ငါ ယုံပါတယ်။ ဒါပေ မယ့် ချစ်သူတစ်ယောက်တော့ ရှိမှာပေါ့"

ရှုပါက မျက်လွှာချ၍ ပြုံးနေသည်။

"ဟဲ့- ငါမေးတာလည်း ပြောဦး"

"ကျွန်မ အမေပေးစားတဲ့ယောက်ျားပဲ ယူမယ်"

"တွေ့လား၊ ကျွန်မသမီးလေးက ဘယ်လောက် လိမ္မာလဲ ဆိုတာ"

သူ့အမေက ဂုဏ်ယူစွာ ပြောသည်။

"နင့်အမေ ပေးစားတာဆို အဘိုးကြီးပဲ ရမှာပေါ့ဟ။ နင့်အမေက နင့်အစ်မကိုလည်း အဘိုးကြီးတစ်ယောက်နဲ့ ပေးစားလိုက်တယ်ဆို"

"အို- ရှင်ကလည်း၊ ကိုရီဟာ အဘိုးကြီး မဟုတ်သေးပါဘူးရှင့်။ ဘာတွေ လျှောက်ပြောနေလဲ မသိဘူး။ ပြောလိုက်စမ်း သမီး။ အမေ ပေးစားတာဆို အဘိုးကြီးဖြစ်လည်း ယူမှာမယ်လို့"

သိန်းသိန်းက သူ့သမီးအား သူ မည်မျှပိုင်ကြောင်း ကြွားလိုက်ပုံရ သည်။

ရှုပါက အပြင်ဘက် လှမ်းကြည့်သဖြင့် ကျွန်တော်နှင့် သိန်းသိန်း တို့ကလည်း လှမ်းကြည့်လိုက်ကြသည်။

"ဟော့လူကြီး၊ ခင်ဗျား ကျွန်တော်တို့အနားမှာ အိမ်လာကြည့်သွား တယ်ဆို။ ခုတင် ပြန်လာမယ်ပြောပြီး ပေါ်မလာလို့ ကျွန်တော် လိုက်လာ တာ။ ရှာလိုက်ရတာဗျာ၊ ခင်သန်းက ဒီဝင်သွားတာ မြင်လိုက်တယ်ပြော လို့"

ကျွန်တော့်သူငယ်ချင်း စိုးခင်ပင် ဖြစ်သည်။

"အေး- ငါ ညနေ လာခဲ့မယ်ကွာ။ ပြောသာပြောတာ မင်းတို့နားက အိမ်တွေ ငါတော့ သိပ်မကြိုက်သေးဘူး"

"သိပါတယ်၊ တိုက်မဟုတ်လို့ မဟုတ်လား ဟဲဟဲ"





"မင်း အဘ"

"ကဲ- သွားမယ်နော်"

"အေး- ကောင်းပြီ၊ ကိုသိန်းဝင်းကို ပြောလိုက်ကွာ ငါလာခဲ့မယ်လို့"

စိုးခင် ထွက်သွားသည်။

အပြင်တွင် မိုးမှုန်မိုးဖွားတို့ ကျနေသည်။

"ဘာအိမ်လဲ ကိုအေးဟန်၊ အိမ်ငှားဖို့လား"

သိန်းသိန်းက မေး၏။

"ဟုတ်ပါတယ်"

"ဘယ်သူ့အတွက်လဲ"

"ကျွန်တော် နေမလို့လေဗျာ"

"ရှင် အခုနေတာမှာ အဆင်မပြေလို့လား၊ ညီမဝမ်းကွဲဆို"

"ပြေပါတယ်၊ ဒါပေမယ့် သူများဆီ တစ်သက်လုံးကပ်နေလို့ ကောင်း မလားဗျ။ ညီမက ကြည်ဖြူပေမယ့် ယောက်ဖက ကြည်ချင်မှ ကြည်မှာ။ အိမ်မှာ ကျွန်တော် ရှိနေတော့ သူတို့ အနေကျဉ်းမှာလည်း စိုးတယ်။ အဲဒါကြောင့် အိမ်ငှားနေမလို့"

"တစ်ယောက်တည်းပေါ့"

"သံမဏိက ညီနဲ့လေ"

"ကောင်းပါတယ်။ ဒီရပ်ကွက်မှာ အိမ်ငှားတွေက စပေါ်တော့ နည်း နည်းများတယ်။ ရှင် ဘယ်လောက်တတ်နိုင်မလဲ။ ကျွန်မတို့လည်း ကူရှာ ပေးမယ်"

"အိမ်ခန်းကြိုက်ရင်တော့ စပေါ်ကို တစ်နှစ်ထိ ပေးမယ်ဗျာ"

"ဒါနဲ့တောင် ပိုက်ဆံမရှိဘူးပြောသေး"

"အိမ်ခန်းက ကျွန်တော့်တာဝန် မဟုတ်ဘူးလေ။ ညီက တာဝန်ယူ ထားတယ်"

"ဩ ဩ"

"ရှင့်ညီနာမည်က ဘယ်သူလဲ"

"မြဟန်လေ"

"ဘယ်မှာလုပ်လဲ"

"သံမဏိမှာ"

"ရှင်တို့ ညီအစ်ကိုမောင်နှမ ဘယ်နှယောက်ရှိလဲ"

"ရှစ်ယောက်"

"အပါးပါး အများကြီးပဲ၊ အားလုံး ရန်ကုန်မှာလား"

"ရန်ကုန်မှာ မြဟန်နဲ့ကျွန်တော် နှစ်ယောက်ပဲ ရှိတယ်။ နှစ်ယောက် က မိုးကုတ်မှာ။ သုံးယောက်က အရပ်မှာ။ တစ်ယောက်ကတော့ မြန်မာ နိုင်ငံ အနှံ့အပြား"

"ဘယ့်နှယ်၊ ဘယ့်နှယ် မြန်မာနိုင်ငံ အနှံ့အပြားလို့"



www.burmeseclassic.com

www.burmeseclassic.com

သိန်းသိန်းက အံ့ဩသလို ဆို၏။

“စစ်သားလေဗျာ”

“ဩ ဩ . . .”

“ကဲ- ကျွန်တော် ပြန်လိုက်ဦးမယ်၊ ခင်ဗျားတို့ အိမ်ငှားလေး ဘာလေးတွေလည်း စုံစမ်းထားလိုက်ဗျာ။ ဒီမှာ ဆိုင်ဖွင့်မယ်ဆိုတော့ နီးနီးနားနားရတော့ ပိုကောင်းတာပေါ့”

“စိတ်ချရှင့် စိတ်ချ၊ ကျွန်မတို့လည်း စုံစမ်းထားလိုက်ပါဦးမယ်”

“ဆိုင်ခန်းအတွက် စင်တွေ ဘာတွေတော့ ကိုအောင်ငွေကို ရိုက်ခိုင်းထားလိုက်ဗျာ။ ဘာပစ္စည်းတွေ အရင်တင်မယ် ဆိုတာ ကျွန်တော် စာရင်းအကြမ်း လုပ်ထားမယ်။ ရှုပါကိုလည်း လယ်ဂျာသွင်းတာတွေ ဘာတွေ ပြရဦးမယ် မဟုတ်လား”

“ဒါနဲ့ ရှင် ဘယ်နေ့လာမလဲ”

“ရွှေ့အပတ်ပေါ့ဗျာ”

“ဦးဦးလာရင် စောစောလာနော်။ ဒီမှာ ညမနက် ထမင်းစားရမယ်”

ရှုပါက ကျွန်တော့်ကို ပြုံးပြ၍ဆို၏။

“ရှုပါ ဟင်းချက်သိပ်ကောင်းတယ်လို့ ကျွန်တော်ပြောမှ ပြောမိပါရဲ့လား မသိန်းသိန်း”

သိန်းသိန်း ပြုံး၏။

ကျွန်တော် သူတို့အိမ်ကအထွက်တွင် မိုးကားသဲသဲမဲမဲရွာနေလေပြီ။ အပြင်တွင် မိုးက သဲသဲမဲမဲ ရွာနေသည်။

မိုးအေးအေးနှင့် အတွေးတို့သည် ခေါင်းထဲ ပလုံစီနေ၏။ နေ့ခင်းက သိန်းသိန်း ပြောလိုက်သော စကားများကို နားထဲ ကြားယောင်နေမိသည်။

‘ကျွန်မသမီးက ကျွန်မတစ်ခွန်းပဲ. . .’

‘အသက်ကြီးတဲ့လူနဲ့မှ ပေးစားမယ်။ စိတ်ချရတယ်. . .’

‘အမေ ပေးစားရင် အဘိုးကြီးနဲ့ပေးစားလည်း ယူမှာပဲ ပြောလိုက်စမ်း သမီး. . .’

သိန်းသိန်း၏စကားနှင့်အတူ ရှုပါ၏ရုပ်သွင်ကိုပါ မြင်ယောင်လာမိသည်။

သိန်းသိန်း၏စကားသည် မည်သို့ ရည်ရွယ်သည်ကို အထူးစဉ်းစားစရာ မလိုတော့ အဓိပ္ပာယ်တွင်မက အဖြေပါ ပါပြီးသား။

✤ ✤ ✤

“အမယ်၊ လူတောင်မှားလို့။ ဒီလိုဆိုတော့လည်း ကိုအေးဟန်က တကယ့် လူပျိုလေးကျနေတာပဲ”

သိန်းသိန်းက အိမ်ထဲဝင်လာသော ကျွန်တော့်အား ဆီးပြောသည်။

“လူပျိုလေးပေါ့ဗျာ၊ အသက်သုံးဆယ်ကို ဘယ်သူက လူပျိုကြီး ပြော





မလဲ”

ရှုပါက ရယ်သည်။ မိုးရေနှင့် စိုရွှဲနေသော ခေါက်ထီးကိုလည်း လှမ်းယူ၏။ တစ်နေ့ကပင် ထောင်သက်မပါ သုံးဆယ်တိတိ ဟူသောစကားကို သတိရသွားပုံရှိသည်။

“ဦးဦးက ဘောင်းဘီနဲ့ ပိုကြည့်ကောင်းတယ်”

“ဆိုင်ထိုင်ခန့်မယ် ဆိုတာနဲ့ ဒီအတိုင်းဆို ကြိုတောင် ဘောနပ်(စ်) ပေးထားရမလို ဖြစ်နေပြီ။ ရှုပါ ကြည့်ကောင်းဖို့ သိပ်အရေးကြီးတယ်။ ကျွန်တော်ကတော့ ဒီနေ့ကစပြီး ဘောင်းဘီပဲဝတ်တော့မယ် မသိန်းသိန်း”

“ဝတ်ဝတ်၊ သိပ်မှန်တာပေါ့”

“တကယ်ပါ ဦးရယ်” ဟု ပြောပြီး ရှုပါက ပြုံးနေ၏။

ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်ပေါ်က မိုးရေစက်များကို မသိမသာ သပ်ချ၍ ထိုင်လိုက်သည်။ အပြန် ညဉ့်နက်မည်ထင်၍ ဝတ်လာခြင်းသာ။

“ဒါ စာရင်းလုပ်ဖို့ ယူလာတဲ့ ဝယ်ရမယ့်ပစ္စည်းစာရင်း”

အကြမ်းရေးလာသော ပစ္စည်းစာရင်းစာအုပ်ကို ခုံပေါ် လှမ်းတင်လိုက်သည်။

သိန်းသိန်းသည် ခုံပေါ်က စာရင်းစာအုပ်ကို တစ်ချက် လှမ်းကြည့်ပြီး ထလာ၏။ ကျွန်တော့်ဘေးက ကုလားထိုင်တွင် ဝင်ထိုင်သည်။ ‘လာလေ သမီး’ ဟု ရှုပါ့ကိုလည်း လှမ်းခေါ်၏။ ကျွန်တော့်ရှေ့သို့ ရှုပါ ရောက်လာသည်။

“ထိုင်လေ သမီး၊ ဒီစာရင်းတွေကို သေသေချာချာ သမီး လေ့လာထားရမယ်”

ရှေ့ဆိုင်ဖြစ်နေသဖြင့် ရှုပါနှင့် အကြည့်ချင်း တစ်ချက်ဆုံသွားသည်။ မျက်ထဲလေထဲ တိုးလာသော်လည်း ရင်ထဲတွင် ရုတ်ခြည်း နွေးထွေးသွားသည်။

“တစ် - ဖောင်တိန်၊ ဘောလ်ပင်၊ ခဲတံ၊ မင်ဘူး၊ ပင်အပ်၊ ကလစ်၊ ချွန်စက်၊ ပန့်၊ ဖိုင်၊ မင်ချောင်း၊ ခဲဖျက်၊ မင်ဖျက်စာအုပ်များ”

သိန်းသိန်းက စာရင်းစာအုပ်ကို အရင် ကောက်ဖတ်၏။ သက်မချသံသဲ့သဲ့ကို ကြားရသည်။

“အဲဒါက အသေးဆုံး မျိုးတူစုတစ်ခုပေါ့”

စာအုပ်ကို လက်ထဲက မချသေးဘဲ သူ့သမီးဆီ လှမ်းပေးလိုက်၏။ ရှုပါက ပစ္စည်းအမျိုးအမည် ရေးထားသော စာရွက်များကို စိုက်ကြည့်နေသည်။

“အဲဒါက ဝယ်ရမယ့်ပစ္စည်းအမျိုးအမည် စာအုပ်ပါ။ ဒါက နေ့စဉ်အင်ငွေအတွက်စာအုပ်၊ ဒါက နေ့စဉ် ရောင်းရငွေစာရင်းစာအုပ်၊ ဒါက အချုပ်စာအုပ်”

ဇယားရေးသားလာခဲ့သော စာအုပ်များကိုလည်း ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်၌ပင် မသန်းဌေးတို့မိသားစု အိမ်ထဲ ဝင်လာကြ၏။

"ဟော့ ကိုအေးဟန်ကြီး"

"တွေ့တွေ့ချင်း လုပ်ပြန်ပြီ တစ်ယောက်။ ဟိုတုန်းက ခင်ဗျား ကျွန်တော့်ကို ခေါ်တာပြောတာထဲမှာ အေးဟန်ပါဗျ၊ ကြီးမပါပါဘူး။ လေးငါးနှစ်လေး လူချင်းမတွေ့ကြရတာနဲ့ ဘယ့်နှယ် ဘယ့်နှယ် 'ကြီး' တစ်လုံး တိုးလာရတာတုံး"

"ရှင့်ကိုယ်ရှင် ကလေးအောက်မေ့နေလား"

"ဘောင်းဘီက အရှည်မို့ပါဗျ"

"အဲဒါကိုပဲ ပြောတာပေါ့၊ ခု ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ်လေ"

ရှုပါတို့သားအမိက ရယ်ကြသည်။

မသန်းဌေးက ကျွန်တော့်ကို သေသေချာချာကြည့်၏။

"ရှင့်ရုပ်ကတော့ ယုံချင်စရာပဲ။ ဒါပေမယ့် မဟုတ်သေးပါဘူး၊ ရှင် အရင်က ပြောတော့ ကိုသိန်းတန်ထက် လေးငါးနှစ်ပဲ ငယ်တယ် ပြောဖူးလားလို့"

"ခင်ဗျားယောကျ်ားအသက်က ခု ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်ခြောက်ရှင့်"

"ကျွန်တော်လည်း အဲသလောက် ကြီးသွားရင် သိပ်ကောင်းမှာ"

"အလို မြတ်စွာဘုရား၊ ရှင့်ကျမှ အသက်ကြီးချင်ရတယ်လို့"

"ခုခေတ် မိန်းကလေးတွေက အသက်ကြီးတဲ့လူမှ ကြိုက်တတ်တယ် ပြောလို့"

"ရှင်ပဲ အပြောကောင်း"

"နို့ မဟုတ်ဘူးလား"

မသန်းဌေး၏စကားက ရှေ့ဆက်မလာနိုင်တော့။

ရှုပ့်အစ်မ သူဇာနှင့် လက်ရှိ ညားနေသော ကိုရီမှာ မသန်းဌေး၏ အစ်ကိုတော်သူ ဖြစ်သည်။ မောင်နှမ နှစ်ဝမ်းကွဲပင် တော်သည်ဟု ရှုပ့်အမေက ပြောဖူးသည်ကို ကျွန်တော် သတိရ၍ မသန်းဌေးကို ထိုးနှက်ခြင်း ဖြစ်သည်။

သူဇာနှင့်ကိုရီကို ဦးဆုံး နေရာချပေးထားရန် အကြံပေးသူမှာလည်း မသန်းဌေးဟု ပြောလေသည်။ ယခု မသန်းဌေးတွင်လည်း နီလာ၊ ဖြူပြာမည်သော သမီးကလေးနှစ်ယောက်ပင် ပါလာ၏။ ဤသည်တို့ကြောင့် ကျွန်တော့်စကားကို သူက လှီးလွှဲလိုက်လေသည်။

"နို့ ဒီမှာ ရှင် ဆိုင်ဖွင့်မလို့ဆို"

"ခင်ဗျား ဘယ်သူပြောလဲ"

"အမယ်၊ ကျွန်မ အကုန် သိပြီးပါပြီနော်။ လုပ်မနေနဲ့"

မသန်းဌေး၏မျက်လုံးအစုံက ရှုပ့်အမေဆီ ရောက်သွားသည်။





"ဘယ်နှတန်းရောက်ကြပြီလဲ"

ကျွန်တော်က နီလာတို့၊ ဖြူပြာတို့ကို တစ်ချက် ဝေ့ကြည့်၍ **မေး၏။**

"ကျွန်မတို့ ဆယ်တန်းပါ ဦး"

"တော်ကြသားပဲ"

အမှန်အတိုင်း ပြောမိလိုက်သည်။

နီလာသည် သိန်းသိန်းပြောသလို ရည်းစားထည်လဲထားမည့်ရုပ် မဟုတ်။ ဖြူပြာမှာလည်း သူ ပြောသလို အကျည်းမတန်ပေ။ ညီချော်ဖြစ်သဖြင့် အကယ်တည့် ရည်းစားသနုံသာရှိခဲ့ပါမူ သူ့ရည်းစားမျက်စိထဲတွင် ခန့်ချောချောနေမည့် မိန်းကလေးပင်။

"ကိုသိန်းတန်ကတော့ ရှင့်ကို သိပ်တွေ့ချင်နေတာ"

"နောက်တော့လည်း မမြင်ချင်အဆုံး ဖြစ်လာပါလိမ့်မယ်"

"ရှင်"

"သြ- ကျွန်တော် ဒီမှာ ဆိုင်ဖွင့်မယ်လေ၊ ဘာဝေးတာမှတ်လို့။ တစ်လမ်းပဲခြားတာ"

"ဟော့- ကဲ ပြောရင်းဆိုရင်းပဲ အစ်ကို လာနေပြီ"

အိမ်ရှေ့ဘက်သို့ မျက်နှာမူထားသော သိန်းသိန်းက လှမ်းပြောသဖြင့် အပြင်လမ်းမကို လှမ်းကြည့်လိုက်၏။

"ဟာ- ကိုအေးဟန်၊ ကျွန်တော်ဗျာ ခင်ဗျားအကြောင်း မေးလိုက်ရတာ၊ ဟိုနေ့က သိန်းသိန်း ပြောတယ်။ ဒီမှာ ဆိုင်ဖွင့်မယ်၊ အိမ်ရှာနေ ဘယ်ပြောလို့ ကျွန်တော်တောင် ခင်ဗျားအတွက် အိမ်ရှာထားသေးတယ်။ ကျွန်တော်တို့ပြန်ရင် တစ်ပါတည်း လိုက်ကြည့်ဦးဗျာ။ ခင်ဗျား ကြိုက်မှ ဈေးပြောကြတာပေါ့။ ဒီမှာ ပြန်နေမယ်ကြားလို့ ဝမ်းသာတယ်ဗျာ။ ခင်ဗျား ပိန်တော့ မပိန်ပါဘူး၊ ပိုတောင် နုလာသလိုပဲ"

ကိုသိန်းတန်မှာလည်း သိန်းသိန်းအစ်ကိုလားဟု မေးစရာ မလိုသူပင်၊ လူချင်း တကယ် ခင်တာလည်း ပါသည်။ တစ်ရပ်ကွက်တည်းနေကြသူတွေမို့ သံယောဇဉ်ကတော့ ရှိသင့်သလောက် ရှိကြသည်သာ။

မိမိထက် ကြီးသည့်အပြင် သူ့စိတ်ရင်းကိုလည်း သိသဖြင့် လေးစားစွာ ပြုံးနေလိုက်ရသည်။

ကျွန်တော် သိန်းသိန်းတို့အိမ်တွင် ဆိုင်ဖွင့်မည်၊ ဤရပ်ကွက်တွင် ပြန်နေမည် ဆိုသည်ကိုပင် သိထားပြီးဆိုသဖြင့် အံ့သြမိသည်၊ ကိုသိန်းတန်သည် ဤထက် ပို၍ သိနေရော့လားဟု မျက်နှာပူချင်နေသည်။

"ဘယ်နှယ့်လဲ၊ ကျွန်တော်တို့ ပြန်တော့ အိမ်လိုက်ကြည့်ဦးဗျာ"

"ကျွန်တော် ငှားထားပြီးပါပြီ ကိုသိန်းတန်။ ကျေးဇူးပါပဲ"

"သြ- ငှားတောင်ပြီးသွားပြီကိုး"

"ဟုတ်ကဲ့"

"ဟင်- ရှင် ဘယ်မှာသွားငှားလဲ"


www.burmeseclassic.com

www.burmeseclassic.com

သူ့အစ်ကို၏စကားအဆုံးမှာ ရှုပ်ါအမေက အံ့အားတသင့် လှမ်းမေးသည်။

"လေးလမ်းမှာ"

"အိမ်နံပါတ်"

"နှစ်"

"စပေါ် ဘယ်လောက်ပေးရလဲ"

"မပေးရပါဘူး"

"တယ်ဟုတ်ပါလား" ဟု မသန်းဌေးက ကြားဝင် မှတ်ချက်ချ၏။

"အိမ်လခကျတော့ကော"

"တစ်လ ခုနစ်ထောင်"

"ရေတို့ မီးတို့ကော ပါရဲ့လား"

"ပါပါတယ်၊ ပုံးနှစ်လုံးနဲ့ ဖယောင်းတိုင်နှစ်ထုပ်ပေးထားမယ် ပြောတယ်"

ရှုပ်၊ ဖြူပြာနှင့် နီလာတို့က ရယ်ကြသည်။

ကိုသိန်းတန်ပါ ပြုံး၏။ 'အကောင်းပြောရင်'ဟု ရှုပ်ါအမေက မျက်စောင်းထိုးသည်။

"တကယ်ပဲ တကယ်ပဲ၊ ရှင် ဒီလောက် ရယ်စရာပြောတတ်တာတောင် မစွံသေးဘူးနော်" ဟု မသန်းဌေးက ပြော၏။

"ခု စွံတော့မယ်ဗျ၊ ယားနေတာ သုံးလေးရက်တောင် ရှိပြီ၊ ခုလုခုလုနဲ့"

"ဘာလဲ ရှင့်ဟာက"

"မျက်စိကို ပြောတာလေ"

ဝိုင်းရယ်ကြပြန်သည်။

"စပေါ် တကယ် မပေးရဘူး"

"ဟုတ်ပါတယ်ဆို၊ ခင်ဗျားကလည်း လိမ်ပြောရမယ့်လူတွေ ကျနေတာပဲ"

"ဧကန္တ ရည်းစားဟောင်းတွေအိမ်များ ဖြစ်နေရော့လားရှင်။ ဒီရပ်ကွက်မှာ စပေါ် မပေးရဘူး ဆိုတော့"

"ရည်းစားဟောင်း မဟုတ်ဘူးဗျို့၊ ဖဲရိုက်ဖော်ရိုက်ဖက်မို့ အိမ်ပြည့်အောင် ငှားမယ်တဲ့"

"ပေါက်ကရတွေ မပြောစမ်းပါနဲ့ရှင်"

မသန်းဌေးက ကျွန်တော် ဖဲမရိုက်တတ်မှန်း သိ၍ ပြော၏။

အမှန်မှာ ကျွန်တော့်မိတ်ဟောင်းဆွေဟောင်း သူငယ်ချင်းအိမ်ပင်။

သိန်းသိန်းအဖေ ဦးလှ အပြင်ထွက်လာသဖြင့် စကားဝိုင်း ခဏဆိတ်သွားသည်။ အဘိုးကြီး ပုတီးစိပ်တတ်သည်ကို သတိရ၍ ကျွန်တော် အားနာသွားမိ၏။





"ကိုသိန်း အသန်းတို့ ဒီသွားတယ် ဆိုတာ ဘယ်လူပြောလဲ"

မသန်းဌေးက သူ့ယောကျ်ားကို မေး၏။

မသန်းဌေးသားအမိ အိမ်လည်ထွက်လာစဉ် အိမ်တွင် ကိုသိန်းတန်ရှိပုံမရပေ။ ကိုသိန်းတန်ကား စီးပွားရေးသမား ဖြစ်၏။ တစ်ဖက်တွင် ဝိဘောဂထောင်ထားသလို တစ်ဖက်ကလည်း ပွဲစားလုပ်၏။ အစိမ်း၊အနီလည်း တစ်ခါတစ်ခါ လုပ်တတ်၏။ ထို့ကြောင့် သိန်းသုံးလေးဆယ်တန်အားသာ မရှိသော်လည်း အိမ်တွင် တယ်လီဖုန်းနှင့် နေနိုင်သူ ဖြစ်သည်။

"အသန်းတို့ ဒီကိုလာတာ ကိုကို မသိပါဘူး။ သူဇာ့ဆီက ဖုန်းလာလို့ ပြောရအောင် လာတာပါ။ သူဇာ ရွှေ့အပတ် ရန်ကုန်လာမတဲ့ သိန်းသိန်းရယ်"

သူ့မိန်းမကိုပြောရင်း ကိုသိန်းတန်သည် သူ့ညီမကိုလည်း တစ်ပါလည်း ဆက်ပြော၏။

"ကိုရီလည်း ပါမှာပေါ့၊ ဘာကိစ္စတဲ့လဲ"

"ကိုရီတော့ မပါဘူးနဲ့တူတယ်။ အလည်သက်သက်လိုလို ပြောတာပဲ သူတို့ဆီက နယ်ဖုန်းနားထောင်ရတာလည်း မပီမသနဲ့၊ ငါကတော့ အေးအေး- ခုပဲ နင့်အမေကို သွားပြောလိုက်ပါ့မယ်လို့ ပြောလိုက်ရတယ်"

ကိုသိန်းတန်၏စကားမှာ ဘာမှမရေရာမှန်း သတိပြုမိလိုက်၏။ ထိုသော် သူဇာ့ယောကျ်ား ကိုရီဆိုသော ခရိုင်အင်ဂျင်နီယာကိုလည်း မမြင်ဘူးသော ကျွန်တော့်မှာ နှုတ်ဆိတ်၍ နေလိုက်မိလေသည်။

✤ ✤ ✤

ဖျာပေါ်တွင် လှဲနေသော သူဇာက "လာ . . . ဦး" ဟု ပြောပြီး [illegible]၏၊ သူ့ကလေးဟု ထင်ရသော အခါလည်အရွယ် ကလေးငယ် တစ်[illegible]ကိုလည်း ရှုပ်ါအနားတွင် တွေ့ရသည်။

"ဘယ်နေ့က ရောက်လဲ သူဇာ"

"နှစ်ရက်ရှိပြီ ဦး"

"နင် ကလေးဘယ်နှယောက်ရှိပြီလဲ"

"နှစ်ယောက်လေ၊ ဒါက အငယ်။ အကြီးက အစ်ကိုတို့အိမ် လိုက်သွားတယ်"

သိန်းသိန်းက ဝင်ပြော၏။

"လာသမီး၊ ဘွားဘွားဆီ" ဟုလည်း သူဇာ့သမီးငယ်ကို လှမ်းခေါ်သည်။

"နင် အလည်သက်သက်ပဲလား၊ ပိန်တော့ . . ."

ယခင်ကနှင့်စာလျှင် အတော်ပိန်နေသော သူဇာ့အား စကားမှား[illegible]ဖြစ်သွားသေးသည်။ သူဇာကလည်း-

"ကျွန်မ နေမကောင်းလို့ ဆေးလာကုတာ"


www.burmeseclassic.com

www.burmeseclassic.com

ဟု အလိုက်သိစွာ ပြော၏။

"ဘာဖြစ်လို့လဲ သူဇာ"

"အားနည်းတယ်လို့ ဆရာဝန်က ပြောတယ်"

"မိန်းမရောဂါလည်း ပါတာပေါ့" ဟူသော စကားကိုတော့ သူ့
အမေ သိန်းသိန်းက ဝင်ပြော၏။

"ဦး ဒီမှာ ဆိုင်ဖွင့်မလို့ဆို"

သူဇာ့စကားကို အံ့ဩရပြန်သည်။

သူ့အမေက ပြောထားပုံရ၏။ အမှန်ဖြစ်နေသဖြင့် ခေါင်းညိတ်လိုက်
ရသည်။

"ဦး ဒီမှာ ဆိုင်ဖွင့်တော့ ရှုပ်ပါလည်း အလုပ်ရသွားတာပေါ့"

"အေးပေါ့" ဟု ပြောလိုက်ရသော်လည်း စိတ်ထဲက သိပ်မလုံ။ သူ့
အား သူ့အမေ သိန်းသိန်းသည် အခြေအနေအားလုံးကို ပြောပြီးပြီ ဖြစ်
မည်။

"နင့်အမျိုးသားကကော လိုက်မလာဘူးလား"

"သူက အလုပ်မအားလို့ လိုက်မလာဘူး"

"ဦး အားရင် ကျွန်မတို့ ဘုရားလိုက်ပို့ပါဦး"

"သန်ဘက်ခါ ဝါဆိုလဆန်းရှစ်ရက်ပဲ၊ ဦး အားရင် လာခဲ့ပါဦး"

"ဘယ်အချိန်လဲ"

"စောစောလာခဲ့ပေါ့၊ ဒီက ထမင်းစားပြီး သွားကြမယ်"

"ကောင်းပြီ" ဟု ပြောလိုက်ရသည်။

နေမကောင်းဟု ဆိုသော်လည်း သူဇာ၏အခြေအနေမှာ ထူ
ထောင်ထောင် ရှိသည်။ ပိန်တာကလွဲလျှင် မကျန်းမာသူဟူ၍ပင် မထင်
ပိန်သွားသည် ဆိုခြင်းမှာလည်း သူ၏အပျိုရုပ်ကို မြင်ထားဖူး၍သာ။

အတွေးလွန်နေမိသည်။ နေမကောင်းဟု ပြော၏။ ကလေး
ယောက်စလုံးလည်း ပါလာသည်။ သူ့ယောကျ်ားတော့ ပါမလာ။

"ကျွန်မ ပြန်ပါဦးမယ်"

"ဟော- နင် ဒီမှာတည်းတာ မဟုတ်လား"

"ဘကြီးတို့အိမ်မှာပါ ဦး။ ဒီမှာက လမ်းမကျတော့ ကားသံကလည်
ဆူတယ်၊ လက်သမားတွေကလည်း . . ."

"အမယ်လေး၊ ကိုအေးဟန်က ကွယ်ကွယ်ဝှက်ဝှက် ပြောရမယ့်
မဟုတ်တော့ပါဘူး။ ကျွန်မတို့အိမ်မှာ မတည်းတာက ဘာမှ မဟုတ်
ကိုအေးဟန်ရေ၊ အစ်ကိုတို့အိမ်က ဖုန်းရှိတယ် မဟုတ်လား။ သူ့ယောက်
က တစ်နေ့ သုံးခါလောက် ဖုန်းဆက်မေးနေတာ။ အဲဒါ သူ့ယောကျ်ား
ပြောချိန် သူ မရှိမှာစိုးလို့တဲ့တော်။ အမေ့အိမ် ခဏလာရတာတောင်
မှာဖြင့် စိတ်မဖြောင့်ဘူး။ ဟိုကလည်း တစ်နေ့ သုံးခါ ဖုန်းဆက်တ
မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေတစ်ခါလေ။ ကိုရီတို့များ သည်





ည်းတယ်"

"သူ့ဇနီးသူ ချစ်တာကိုးဗျ"

သူဇာက ပြုံးနေသော်လည်း မနေနိုင်သူက ပြောမိသည်။

"ချစ်တာလည်း ချစ်တာပေါ့ရှင်။ ဒါပေမယ့် ကိုရီက သည်းကို သည်း
ပြောရတာ။ အစက သူ့ကို ကိုရီနဲ့ ပေးစားမယ်လို့ မသန်းဌေးနဲ့ကျွန်မ
ပင်ကြတော့ အဖေတို့၊ အစ်ကိုတို့က သမီးလေး ရွှေရေပန်းစက်
အသက်ကြီးတဲ့လူနဲ့ ပေးစားရမလားလို့ ငြင်ကြသေးတယ်။ အသက်ကြီး
တဲ့လူကိုယူလို့ သင်း ဒီလို နေရတာ မဟုတ်လား။ ခုဆို ရွှေမရှား၊ ငွေမရှား
ပြင် နေထိုင်မကောင်းရင်လည်း ကြည့်ဦး။ ဟိုက သူ့အဆက်နဲ့သူ စိမ်
းလိုက်တာ၊ အားလုံးကို အိုကေနေတာပဲ။

ကိုရီက အထူးကုဆရာဝန်တွေနဲ့လည်း သိတော့ ဒီက သွားတာနဲ့
ဆရာဝန်တွေက 'ဩ- ကိုရီ့ဇနီးချောကိုး။ လာပါဗျာ၊ ကြွပါ စောစောကပဲ
ရီ ကျွန်တော့်ကို ဖုန်းနဲ့ လှမ်းပြောသေးတယ်တဲ့။ ကျွန်မဖြင့် အံ့တောင်
ဩသွားတယ်။ လူကဖြင့် မရောက်သေးဘူး။ ကိုရီ ကြိုပြောထားလို့
ဆိုင်ခင်ကပင် အားလုံး အဆင်သင့်။ အစ်ကိုကတောင် အံ့ဩသွား
ယ်၊ ဒီကောင်မကို ခုမှ လင်ရကံကောင်းတယ်ပြောဂြ၂၂ာ။ အမှန်က
ကျွန်မ တော်လို့ရှင့်။ သူကလည်း အမေ့စကား နားထောင်လို့ပေါ့။
တယ်လို့ အသက်ကြီးတယ် မယူချင်ဘူး ဆိုပြီး လမ်းသရဲလေးတွေနဲ့
တ်ပြေးသွားလည်း ကျွန်မတို့ ဘာတတ်နိုင်မှာလဲ။ သူ့တုန်းကလည်း
တ်တဲ့ ကောင်လေးတွေကတော့ အားကြီးပေါ့။ အဲဒါ ကျွန်မက ပြောရ
ယ်၊ နင်တို့ ရွယ်တူတန်းတူ လမ်းသရဲလေးတွေသာ ယူလိုက်ရင်
လောက်ဆို စားစရာမရှိလို့ အမေ့အိမ်ပဲ ရောက်နေပြီလား၊ ဒီလိုမှ
တ်ရင်လည်း ကလေး တွဲလီတွဲလောင်းနဲ့ ကွဲပဲကွဲကြပြီလား မသိတာ။
ဒါကြောင့် ဒီမှာ တစ်ယောက်ကိုလည်း ပြောရတယ်၊ ညည အိမ်ရှေ့မှာ
င်ဒေါင်ဒင်ဒင် လာလုပ်တဲ့ ကောင်လေးတွေနဲ့သာ ယူလို့ကတော့ နင့်ကို
ခန်းပြတ်ပဲလို့။ ကျွန်မ သမီးလေးတွေက လိမ္မာရေးခြားရှိကြပါတယ်။
သည်း အမေ ပေးစားတာပဲ ယူပါ့မယ်တဲ့"

"ဦး ကျွန်မ သွားမယ်"

"ဟဲ့- ကောင်မ သွားသွား၊ နင် နောက်ဆံတင်းစရာ ဒီမှာ ဘာမှ
ဘူး၊ နင့်လင်တော်မောင်က မေးရင် နေကောင်းတယ် ပြောနော်။ ဟိုက
နေဦးမယ်။ ကိုရီက လူကြီးဆိုတော့ အလုပ်က များပါဘိနဲ့"

အိမ်ရှေ့တွင် ခြေတကြွကြွ ဖြစ်နေသော သူ့သမီးကြီးကို သိန်းသိန်း
လှမ်းပြော၏။

"ဦး သန်ဘက်ခါ ဆက်ဆက်နော်"

"အေးပါဟ၊ သွားမှာသာ သွားစမ်းပါ။ အတော်ကြာ နင့်ယောကျ်ား
ပြီး ညတွင်းချင်း ရှမ်းပြည်နယ်က လိုက်လာနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

သိန်းသိန်းက ကျွန်တော့်ထက် ဆယ်ပြန်လျှင်သူပင်။ အရွဲ့တိုက် ပြောမှန်း သိ၍ နှုတ်ခမ်းစူ၏။

"ဟိုတစ်ယောက်က အသက်ကြီးယူလို့ ကောင်းစားနေပြီ။ ဒီတစ် ယောက်ကတော့ မသာဝယ်ယူရင် ပိုကောင်းမယ် ထင် . . ."

"တော်စမ်း၊ ပေါက်ကရ နိမိတ်မရှိ နမာမရှိ။ ရှင်က ခုကပင် မသာ ဖြစ်ချင်ပြီမို့လား"

"ဗျာ"

ပါးစပ်ထဲ တွေ့ကရာ ပြောမိသည့်အကျိုးက ချက်ချင်း ပါးစပ်တို့ စေ့မရ ဖြစ်သွား၏။

ရှုပါက မျက်လွှာချသည်။

သိန်းသိန်းသည် တကယ်ပင် ပါး၏။ အမှုမဲ့အမှတ်မဲ့လို အိမ်ထဲ ဘက် ခဏ ဝင်သွားလိုက်သေး၏။ နှစ်ယောက်စလုံးကို အကဲခတ်တာ လည်း ပါကောင်းပါမည်။

ချက်ချင်း ပြန်ထွက်လာသည်။

"ဘယ့်နှယ်လဲ"

"ဘာလဲ မသိန်းသိန်း"

အလိုမကျသလို ဆောင့်ခနဲ ထိုင်ချ၏။

"ရှင် အိမ်ရပြီ ဆိုတော့ အိမ်က ဘယ်နေ့ပြောင်းမလဲ"

"ဩ- ဒါလား"

"ဒါမဟုတ်လို့ ရှင် ဘာထင်လို့လဲ"

"ဆိုင်ခန်းဖွင့်မယ့်နေ့လားလို့"

ရောချလိုက်မှန်း သူလည်း သိသည်။

"အဲဒါလည်း ပြောရမှာပဲ။ ကဲ- ရှင့်ဆိုင်ခန်းက ဘယ်နေ့ဖွင့်မှာလဲ ဆိုစမ်းပါဦး"

သူ့အသံ နည်းနည်းမာသလား ထင်လိုက်မိသည်။

"ခင်ဗျား လက်သမားတွေကလည်း ခုထိ မပြောင်းကြ . . ."

"လာပြန်ပြီ။ သန်ဘက်ခါကျရင် ရှင် မြင်ချင်လို့တောင် မမြင်ရတော့ ဘူးမှတ်။ မနက်ဖြန်ကို ပြောင်းကြမှာ"

"ကျွန်တော်ကလည်း ဝါမဝင်ခင် အိမ်ပြောင်းရမှာပေါ့ဗျာ"

"ဆိုင်ခန်းကကော . . ."

"ဆိုင်ခန်းကလည်း ဝါမဝင်ခင် ဖွင့်ရမှာပေါ့"

"မနက်ဖြန် သန်ဘက်ခါပဲ ဝါဝင်တော့မယ်"

"တစ်ပတ်ကျော်ကျော် လိုပါသေးတယ်"

"အချိန်ဆွဲမနေနဲ့၊ လုပ်မယ်ဆို မြန်မြန်လုပ်"

"အလုပ်တစ်ခု လုပ်တယ်ဆိုတာ ဝုန်းဒိုင်းကောက်လုပ်လို့ ကောင်း တာမဟုတ်ဘူးဗျ၊ လေ့လာရသေးတယ်"





"အလို- မြတ်စွာဘုရား၊ ရှင်က ခုမှ လေ့လာတုန်း"

"ဟုတ်ပါတယ်၊ ရှီးကော့၊ ဗီရိုတို့ ဘာတို့တောင် မဝယ်ရသေးတဲ့ဥစ္စာ"

ရှုပါက အံ့ဩသောမျက်လုံးနှင့် လှမ်းကြည့်သည်ကို သတိထားမိ၏။

"ဒီဗီရိုတော့ ရှင်မကြိုက်ဘူးလား"

သူတို့မိသားစု သုံးပြီးသား ရှစ်ပေသုံးဆင့် ရောမ ဗီရိုဟောင်းတစ် လုံးကို လက်ညှိုးထိုးပြသည်။ ထိုဗီရိုထဲတွင် လက်သမားများ၏ ပစ္စည်း ပစ္စယတွေက ပြည့်နေ၏။

"ဟင့်အင်း" ဟု ခေါင်းခါလိုက်၏။

"ဘာဖြစ်လို့လဲရှင့်"

"ကျွန်တော်က သူများသုံးပြီးသားအဟောင်းကို ဝါသနာမပါဘူး"

"ကြီးကျယ်လိုက်တာ၊ ပြန်ပြီး ကော်ပတ်စား၊ ပေါ် လစ်ပြန်သုတ်လိုက် ရင် အသစ်ပဲပေါ့။ ဖိတ်ဖိတ်တောင် တောက်လာဦးမယ်"

"မသိတဲ့လူကတော့ ဟုတ်တာပေါ့ဗျ။ ကျွန်တော်က အဟောင်းဆို တာ သိထားတော့"

"ရှင့်သဘော ရှင့်သဘော၊ ကျွန်မက ရှင် အကုန်အကျ သက်သာ အောင် ပြောတာ"

"ကျေးဇူးကြီးပါပေတယ်"

"အကောင်းပြောရင်"

"ကျွန်တော်ကလည်း ဘာပြောလို့လဲ မသိန်းသိန်းရယ်"

"ရှင်နဲ့တော့ ဒုက္ခပါပဲ"

"ဟောဗျာ၊ ဘာဖြစ်လို့ . . ."

"ပြောမနာဆိုမနာ ဆိုတော့ ဘယ်ကောင်းတော့မလဲ၊ ရှင်ကလည်း ခုကတည်းက အချိုးပြောင်းဦး"

"ဟုတ်ကဲ့"

ရှုပါက ခွိခနဲ တစ်ချက် ရယ်သည်။

သိန်းသိန်းက ရှုပါ့ဘက် မျက်စောင်းလှမ်းထိုး၏။

"ကိုရီကလေ ကျွန်မကို သိပ်ရိုသေတာ။ အကြီးကလေး မွေးတုန်းက သူတို့ဆီ ကျွန်မ သွားနေတာ သိတတ်လိုက်တာလေ လိုလေသေးမရှိဘဲ။ အားနာလို့ စောစော ပြန်ပြေးလာရတာ။ ကျွန်မရှိရင် သူ အနေကျုံ့နေ တယ်"

"ယောက္ခမ ဆိုတာလည်း ကိုယ့်အမေပဲဗျ၊ ဒီလို မဟုတ်လား"

"ဟုတ်တာပေါ့ရှင်"

"ကျွန်တော်က လူကြီးတွေပြောသံ ကြားဖူးလို့ ပြောတာပါ။ယောက္ခမ မရှိဖူးတဲ့လူက တစ်မိုင်တစ်ဖာလုံတော့ ကွာမှာပေါ့ဗျာ"

"တော်စမ်းရှင်၊ အကောင်းပြောနေရင်"

စောစောက သိန်းသိန်း၏စကားကို သတိရနေမိသည်။ ပြော၍ဆို၍


www.burmeseclassic.com

www.burmeseclassic.com

မလိုက်နာလျှင် အမှန်မှာလည်း ကောင်းမည် မဟုတ်ပေ။

✣ ✣ ✣

ပေါ်လစ်သုတ်နေသော လက်သမားလေးက ကျွန်တော့်ကို လှမ်းကြည့်၏။ သူ့အကြည့်က ခြေလှမ်းကို လုံးဝ မတုံ့စေ၊ သုံးလေးခါ မြင်ဖူးထားပြီး ဖြစ်သဖြင့် နာမည်ကိုပင် သိနေသည်။

လက်သမားဆရာလေး မောင်တင်ဦး။

ရုတ်ခြည်း သိလိုက်သည်။ တစ်နေ့က သိန်းသိန်း ပြောသော ရှိုးကေ့ဗီရိုကြီး၊ သူပြောသလို ခုတော့လည်း ဗီရိုကြီးမှာ ပေါ်လစ်ရောင် တလက်လက် တောက်နေ၏။ မသိသူများသာဆိုလျှင် မည်သူကမျှ အဟောင်းဟု ပြောကြမည်မဟုတ်။

တွေ့လား ဟူသော သဘောဖြင့် သိန်းသိန်းက မေးထိုးပြ၏။ 'ဘာလဲဗျ'ဟု မေးလိုက်မိသည်။

"ဗီရိုကို ပြောတာ"

"အဟောင်းက အဟောင်းပါပဲ။ လက်သမားဆရာတော်လို့ အရောင်တက်လာတာပါ"

"ရှင်ပဲ အပြောကောင်း"

"အပြောမကောင်းနဲ့လေ မဟုတ်ဘူးလား"

ထိုင်ချလိုက်၏။ သိန်းသိန်းက ဘာမှ မပြောတော့။ ထိုင်ပင် မထိုင်သေး။ စကား တော်တော် ပြောမိပြီကို သတိရမိ၏။ နှုတ်ဆိတ်နေလိုက်ရသည်။ သိန်းသိန်းက ရှင်လည်း အချိုးပြောင်းဦးဟု ဆိုထားသည် မဟုတ်ပါလား။

"ထမင်းစားကြမယ်"

သူ့ဇာ၏အပြောက အားလုံးကို ရည်ရွယ်ခြင်း မဟုတ်မှန်း သိသာ၏။

"နင်တို့စားကြ၊ ဘုရားသွားကြမယ်ဆို။ ငါတို့တော့ မဆာသေးဘူး။ ကိုအေးဟန် ရေချိုးပါဦးလား"

"ကျွန်တော် ချိုးလာခဲ့ပြီ မသိန်းသိန်း"

လက်သမားဆရာလေးဆီ မျက်လုံးတစ်စွေ့ဝေ့မိသည်။ သူကား ဗီရိုဟောင်းကြီးကို ပေါ်လစ်ထပ်သုတ်တုန်း။

"လာ ဦး၊ ထမင်းစားကြမယ်"

သူ့ဇာက ခေါ်၏။ ထိုင်ရာက ထမိလိုက်သည်။

"ဘကြီး မစားသေးဘူးလား"

တရားစာအုပ် ဖတ်နေသော သိန်းသိန်းအဖေ ဦးလှက-

"စားကြကွာ၊ ငါ မဆာသေးဘူး" ဟု ဆို၏။ ပက်လက်ကုလားထိုင်ပေါ်က ခါးကို ဆန့်လိုက်၏။ ထမင်းပွဲရှိရာသို့ တစ်ချက် ဝေ့ကြည့်သည်။

"ညီလေး လာကွာ၊ ထမင်းစားရအောင်"





ကောင်လေးက အံ့ဩသလို တစ်ချက် လှမ်းကြည့်၏။

"စားပါ အစ်ကို" ဟု ပြန်ပြောသည်။

ကျွန်တော်ကလွဲပြီး သူ့ကို မည်သူမျှ ထမင်းစားမခေါ်ကြ။ အိမ်သားတွေလို ဖြစ်နေပုံရသည်။ သူတို့အိမ်၌ ထမင်းလခပေးစားသည်ဟု သိန်းသိန်း ပြောဖူးသောစကားကြောင့် ခေါ်မိခြင်း ဖြစ်သည်။

သူ့ဇာ၊ ရှုပါနှင့် ကျွန်တော်တို့ ထမင်းစားကြသည်။

"ကြက်သားဟင်းလည်း ထည့်စားပါဦး" ဟု ပြောပြီး ရှုပါက ပန်းကန်ထဲ ကြက်သားဟင်းတစ်တုံး လာထည့်၏။

ကျွန်တော်က ရှုပ့်ပန်းကန်ထဲ ငါးပိရည်တစ်ဇွန်း ပြန်ခပ်ထည့်ပေးလိုက်သည်။

"ကြင်နာလိုက်တာနော်" ဟု သူ့ဇာက ပြောသည်ကို ညီအစ်မနှစ်ယောက် ရယ်ကြသည်။

"ငါက ဆိုင်မှာ အမြဲစားတဲ့လူ ဆိုတော့ အသားငါးက ရိုးအီနေပြီ။ ငါးပိကောင်းကောင်း၊ တို့စရာကောင်းကောင်းဆိုရင် သိပ် ထမင်းမြိန်တတ်တာ"

"မှတ်ထားနော် ရှုပါ၊ ဦးအေးဟန်ကို နောက်တော့ ငါးပိရည်နဲ့ချည်းပဲကျွေး သိလား၊ အကုန် သက်သာတာပေါ့"

ရင်ထဲတွင် လှစ်ဟာသွားသောဝေဒနာသည် လည်ချောင်းထဲက လျှာသူငယ်ကို လာဆောင့်မိသွား၏။ ဟမ်းဟုပင် တစ်ချက် အသံထွက်သွားမိသည်။ အမေတူသမီးကြီးပါလားဟု တွေးလိုက်မိသည်။

ကျွန်တော်ကသာ မျက်နှာထူပူသွားမိသော်လည်း ရှုပါကား ပြုံး၍သာ နေ၏။

"ဦးက ဘာတို့စရာကြိုက်လဲ"

သူ့ဇာက မေးသည်။

"တညင်းသီးလည်း ကြိုက်တာပဲ။ ကြောင်လျှာသီး၊ ဖန်ခါးသီး၊ ဆီးဖြူသီးတို့ကတော့ အကြိုက်ဆုံးပဲ။ နင်ကော . . ."

"တညင်းသီးက နံတယ်၊ ကြောင်လျှာသီးက လေပွတယ်၊ ဆီးဖြူနဲ့ဖန်ခါးက ချူပ်တယ် ဦးရယ်။ ကျွန်မကတော့ ဦးကြိုက်တာ ဘာမှ မကြိုက်ဘူး"

"နင် ကြိုက်ဖို့ မလိုပါဘူး"

"ဘယ်သူကြိုက်ဖို့ လိုလဲ"

"ငါကြိုက်ဖို့ပဲ လိုတာပေါ့ဟ"

ရယ်ကြပြန်သည်။

"ကဲ- ရှုပါ၊ ဝရင် ထလေ။ ဝမ်းချင်းဆုံတာမှ မဟုတ်တာ။ ပြီးတော့ ကျောင်းအမတို့က ဆင်ကြပြင်ကြရဦးမယ် မဟုတ်လား"

ထမင်းဝသွားပြီ ဖြစ်သော်လည်း တမင် စောင့်နေသော ရှုပ့်ါကို


www.burmeseclassic.com

www.burmeseclassic.com



ပြောရ၏။ ရှုပါက 'ရပါတယ်'ပြောပြီး စောင့်မြဲ စောင့်နေသည်။ တစ်ဇေ့ တလေသော ပန်းကန်ထဲမှ ထမင်းလုံးတွေကို လိုက်ကောက်၍ ဝါးနေပြန်သည်။

"သူစိမ်းတွေမြင်ရင် ထမင်းတောင် ဝအောင်မကျွေးဘူး ထင်နေဦးမယ်" ဟု ရှုပ့်ကို ထပ်စမိသည်။ ပန်းကန်ကြီးထဲက ထမင်းကို လက်စသတ်လိုက်၏။

"တော်ပြီလား"

ရှုပါက မေးသည်။

"တော်ပြီ"

ပန်းကန်ကို လှမ်းယူသွားသည်။

သူတို့ အဝတ်အစားလဲနေကြစဉ် ရေနွေးကြမ်းသောက်၍ စောင့်နေရ၏။ သိန်းသိန်းက စားလို့ကောင်းရဲ့လားဟု မေးသည်။ ကောင်းသည်ဟု အမှန်အတိုင်း ပြောမိသည်။ အဲဒါ ရှုပ့်လက်ရာပေါ့ဟု သိန်းသိန်းက ဆို၏။

"ခင်ဗျား အစီအမံက ပိုကောင်းလို့ ဖြစ်ပါလိမ့်မယ်" ဟု ထပ်ပြောသောအခါ သိန်းသိန်းက ဘာအဓိပ္ပာယ်နှင့်မှန်းမသိ မဲ့ပြုံးပြုံး၏။

အဝါရောင် ဖော့ရှုန်ဝမ်းဆက်နှင့် ထွက်လာသော ရှုပါကို သိန်းသိန်းက ကြည့်၍ ပြုံးနေသည်။

တကယ်လှတဲ့ မိန်းကလေးပါလား ဟူသော အတွေးနှင့် စက္ကန့်အတော်ကြာကြာ ကြည့်မိသည်။

အရပ်က သူ့အစ်မ သူဇာထက် မြင့်သည်။ သွယ်လျ လုံးဝန်းသော ကိုယ်ပေါ်မှ နနွင်းရောင်ဖျော့ဖျော့ အဝတ်များသည် အိညက်နေသည်။ ဝင်းဝါသောသူ့အသားနှင့် အလွန်လိုက်ဖက်သောအဆင်ပင်။

အိမ်ရှေ့ ထွက်ရပ်လိုက်သည်။ ဘူတာရုံဘက်မှလာသော မာဇဒါဆိုဒင်တစ်စီးကို လက်ခုပ်တီးခေါ်လိုက်၏။ ရပ်ပင်မရပ်ခဲ့။ လက်ကာပြသွား၏။ နောက် လေးဘီးတစ်စီး။

"ဦး မခေါ်နဲ့ မခေါ်နဲ့၊ ဘတ်(စ်)ကားနဲ့ သွားကြမယ်"

နောက်တွင်ရပ်နေသော သူဇာက ပြော၏။ မိမိကို ရွှေ့ပြီဟု သိလိုက်ရသည်။ မိမိကလည်း သူတို့ကို ပြန်ရွှေ့ကြည့်ချင်သဖြင့် အသာနေလိုက်သည်။ လမ်းထိပ် ကားဂိတ်လည်း ဝေးတော့မဝေး။ မှတ်တိုင်တစ်တိုင်အဝေးပင် မရှိ။

"တဲ- ဒီလိုဆိုလည်း နင်တို့ ရှေ့ကသွားနှင့်ကြ"

"ဘာဖြစ်လို့လဲ၊ အတူသွားကြတာပေါ့"

"ဟ- ငါက အမျိုးသမီးတွေနဲ့ လမ်းတွဲမသွားဘူးတော့ ရှက်တယ်ဟ"

ရှုပ့်မျက်နှာ ရဲသွားသည်။ နောက်တွင်ရပ်နေရာမှ အိမ်ထဲသို့ ပြန်လှည့်ဝင်သွားသည်။ သိန်းသိန်းက ထွက်ကြည့်၏။ ရှုပါ စိတ်ကောက်





သွားပြီဟု သူဇာက ဆိုသည်။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။ တကယ်လည်း ရှက်ရွံ့မိ၍ ပါးစပ်က လွှတ်ခနဲ ထွက်သွားမိခြင်းသာ။

"မသွားကြနဲ့တော့"

သိန်းသိန်း၏အပြောက ပိုမာကျောသည်။ မျက်နှာကလည်း ရှုတ်ခြည်း စူပုပ်သွား၏။ အိမ်ရှေ့ကနေ ကျွန်တော့်ကို ခါးထောက်၍ ကြည့်နေသည်။ ရှုပါက သူ့အမေကို ဘာပြောလိုက်သည်မသိ။ ဗိရိုပေါ်လစ်သုတ်နေသော လက်သမားဆရာလေးပင် ကျွန်တော့်ကို လှမ်းကြည့်နေသည်။

"ဦးအေးဟန်ကလည်း တကယ်ပဲ"

သူဇာကလည်း ကျေနပ်ပုံမရ။

"လာပါဟာ၊ ဦးအေးဟန်က နင့်ကို တမင်စတာပါ။ ဦးအေးဟန်ကလည်း ဦးအေးဟန်ပဲ" ဟုပြောပြီး ရှုပ့်ကို သူဇာက လှမ်းခေါ်နေသည်။

ရှုပါက နောက်ခိုင်း၍ထိုင်နေ၏။

အခြေအနေကို ထိန်းရမှန်း ယခုမှ တွေးမိသည်။ မိန်းကလေးက ရှက်ရမှာကို ကျွန်တော်က ပြောင်းပြန်ပြောမိ၏။ ထို့ကြောင့် သိန်းသိန်းကပါ စိတ်ဆိုးသည်။

"လာလေ ရှုပါ၊ ငါတ နောက်တာပါဟာ။ ကလေးလေးကျနေတာပဲ"

"ကျွန်မသမီးလေးတွေနဲ့ အတူသွားရင် ရှင် ဂုဏ်သိက္ခာ ထိခိုက်မယ်ပေါ့ ဟုတ်လား"

"ဟာဗျာ၊ ခင်ဗျားကပါ မဟုတ်တရုတ်၊ ကျွန်တော် သက်သက် ရှုပ့်ကို စတာပါဆို"

"ရှင် အချိုးပြင်ဦးနော် ကိုအေးဟန်"

ဤတစ်ခါတော့ 'ဟုတ်ကဲ့ ခင်ဗျား' ဟု မနောက်ရဲတော့။ မိမိဘက်က လွန်မိပြီ။ နှုတ်ဆိတ်နေလျှင် ပိုဆိုးမည်ကို သိ၍ ရှုပ့်ကို ပြန်ချော့ခေါ်ရသည်။

"ရှုပါ လာပါဆို၊ ငါ နောက်တတ်တာ နင် သိသားနဲ့"

"ဟုတ်ပါတယ်၊ လာဟာ အလကား ကြာနေတယ်။ ဦးအေးဟန်ကလည်း တကယ်ပဲတော်"

သူ့အစ်မကပါ ခေါ်သည်။

ရှုပါက ခြေဆောင့်၍ လမ်းမဘက် ထွက်သွားသည်။

"ဒါပဲနော်၊ နောက်ထပ် လမ်းမှာ ကျွန်မသမီး စိတ်ကောက်လို့ ငိုတယ်ယိုတယ် ကြားရင် ရှင်ပဲ။ ရှုပါက သိပ်စိတ်ကြီးတာ ဘာမှတ်လဲ"

သိန်းသိန်း၏စကားကို ဆုံးအောင် နားထောင်မနေအားတော့။ ရှုပါ၏နောက်ကို လိုက်ရသည်။ သူဇာသည် ကျွန်တော်၏နောက်တွင် ခြေလှမ်း နှစ်ဆယ်ခန့် ပြတ်ကျန်ခဲ့၏။

"ရှုပါ"

ဘေးချင်းယှဉ်၍ ခေါ်ကြည့်၏။ မထူး။ ခြေလှမ်းပင် မတုံ့။ ဤ



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်တွင် အသိအကျွမ်းများသဖြင့် လမ်းမတွင် ချော့သံပါသောစကားနှင့် ပြောရမည်ကိုပင် ဝန်လေးနေမိသည်။

"ရှုပါ"

အရဲစွန့်၍ ခေါ်ရ၏။ မသိမသာ ရှေ့သို့ တက်၍ ကာလိုက်မိသည်။

"တို့ သူဇာကို စောင့်ပါဦးဟ"

"တွဲသွားရမှာ ရှက်တယ်ဆို၊ ဘာလို့ လိုက်လာသေးလဲ"

ဒေါသသံ မဟုတ်သဖြင့် ပြုံးမိသွားသည်။

"ရှုပ်ါကို စရတာ ဒီနေ့တော့ အပျော်ဆုံးပဲ"

"ဒီလို ယှဉ်ပြီး ရပ်နေရတာကျတော့ကော မရှက်ဘူးလား"

"ရှက်ပါဘူး၊ ငယ်ငယ်က ရှက်ကြောဖြတ်ပြီးသားပဲ"

သူဇာ အနားရောက်လာသဖြင့် ရှုပါက ဘာမှ မပြောတော့။ ကျွန်တော်လည်း ဣန္ဒြေဆည်လိုက်ရ၏။

ကားပေါ် တက်ကြသည်။ ရှုပါက လက်ကို လှမ်းကိုင်သောအခါ တွန့်သွား၏။ 'ရဲလိုက်တာ' ဟု စိတ်ထဲ ထင်လိုက်သည်။

ဤတစ်ခါတော့ သူ့ကို တုံ့ပြန်သောအနေနှင့် ဖေးကိုင်ပေးထားရ၏။ ရှုပ့်ါကိုယ်မှ မွှေးပျံ့သော ရေမွှေးနံ့ကို ယခုမှ သတိပြုမိသည်။

မြောက်မုခ်တွင် ဆင်း၍ ဓာတ်လှေကားနားသို့ လျှောက်လာကြသည်။ လှေကားထစ်တွင် ဖိနပ်ချွတ်လိုက်၏။ ရှုပါက မိမိ၏ဖိနပ်ကို လက်လှမ်းသည်။ နေပါစေဟု အားနာစွာ ပြောလိုက်ရသည်။ လက်တွန့်သွား၏။ သူ့အစ်မကမှ ပေးလိုက်ပါလားဟု ပြောသေးသည်။ လူအများထဲမို့ မကြားယောင်ဆောင်ရခြင်းသည် ပို၍အဆင်ပြေ၏။

ဘုရားပန်း ငါးဆယ်ဖိုး ဝယ်ကြသည်။ ဘာဆုတောင်းလဲဟု ရှုပ်ရှင်ဝတ္ထုထဲကလို မေးရရင် ကောင်းမှာပဲဟု အတွေးသာ ရှိ၏။ မမေးဖြစ်။ သူဇာကိုလည်း စိတ်ထဲက အားနာနေသည်။

ဘုရားရေသပ္ပာယ်မယ်ဟု သူဇာက ပြော၏။ သူက သောကြာသမီးမို့ သောကြာထောင့်တွင် ကျန်ခဲ့သည်။ ရှုပါနှင့် မိမိက တနင်္ဂနွေသား၊ တနင်္ဂနွေသမီးမို့ ဂဠုန်ရုပ်ခံသော ဘုရားကို ကြားထားကာ မျက်နှာချင်းဆိုင်၍ ရေသပ္ပာယ်ကြသည်။

ရေသပ္ပာယ်ပြီး၍ ဘုရားဝတ်ပြုရာ၌လည်း ဘာဆုတောင်းလဲတော့ မမေးမိ။ ရှုပါ၏ရဲတင်းမှုအတွက် ဆုတောင်းမေးရမှာ စိတ်ထဲရွံ့နေမိသည်။

ဘုရားပေါ် သုံးလေးပတ် လျှောက်မိကြသည်ဟု ထင်၏။ အပြန်တွင်မူ အသိကားတစ်စီးနှင့် ကြုံ၍ အဆင်ပြေသွားသည်။

"ရန်ဖြစ်လာကြသေးလား" ဟု သိန်းသိန်းက မေး၏။

"တစ်လမ်းလုံး ငိုနေလို့ မနည်း ချော့ခေါ်သွားရတယ်" ဟု တမင်ပြောလိုက်မိသည်။

သူဇာ၊ ရှုပါတို့၏ညီမ သိန်းသိန်း၏တတိယသမီး ကိုအောင်ငွေနှင့်





ရသော မှုယာက သူ့အတွက် ဘာမှ ဝယ်မလာဟု နှုတ်ခမ်းစူသည်။

ကျွန်တော်နှင့် မရင်းနှီးသေးသဖြင့် သူ့အစ်မနှစ်ယောက်ကို ကောက်သည်။ သမီး လိုချင်တာ ဖေဖေ ဝယ်ပေးပါ့မယ်ဟု ကိုအောင်ငွေက သူ့သမီးကို ချော့၏။ မှုယာက ဆယ့်တစ်နှစ်သမီး ရှိနေပြီ။ သူ့အဖေက သူ့သမီးကို ပိုက်ဆံခိုးခိုးပေးသည်ဟု သိန်းသိန်းက ပြော၏။

ကျွန်တော် သူ့စကားကို များစွာ စိတ်မဝင်စားမိ။ ကိုအောင်ငွေသည် သူ့သမီးအား ပိုက်ဆံခိုးပေးသည်ဟု ပြောသည်ကိုလည်း နားမလည်မိ။ ယောကျ်ားသည် အိမ်ဦးနတ်ပင် ဆိုကြသည်။ ကိုအောင်ငွေကား ဘာနတ်မှန်း မသိ။

ညနေစာကို ကိုအောင်ငွေနှင့်အတူ စားကြသည်။ ဦးလှလည်း ပါ၏။ ယောကျ်ားသားချည်း သုံးယောက်။ ဤထမင်းဝိုင်းမှာတော့ ကိုအောင်ငွေက အိမ်ဦးနတ် ဖြစ်ပေမည်။ ယခု စားနေသော ထမင်းသည် သူ့ပင်စင်လခကရသောငွေနှင့် ဝယ်ခြမ်း ချက်ကျွေးရသော ထမင်းပင်။

"ခင်ဗျား ဆိုက်ကားနင်းတတ်ပြီလား"

"နင်းတတ်ပါပြီဗျာ၊ လိုင်စင် မရသေးလို့ ခက်နေတယ်"

"ဆိုက်ကားက ဘယ်လောက်ပေးရလဲ"

"သုံးသောင်းငါးရာ"

"အသစ်လားဗျ"

"ဘယ်ကလာ သစ်ရမှာလဲ"

သူက စိတ်ပျက်စွာ ဆိုသည်။

"ကျွန်မက ပင်စင်ရတဲ့ ဟာလေးနဲ့ အရောင်းအဝယ် လုပ်စေချင်တယ်၊ ဒီလို ပင်ပင်ပန်းပန်း ဆိုက်ကားနင်းပြီး ရှာကျွေးတဲ့ထမင်းကို မျိုချဘူး ကိုအေးဟန်၊ ဒါပေမယ့် ရှင့်သူငယ်ချင်းကို ဘယ်လိုမှ ပြောမရဘူး။ ကျန်းမာရေးပဲ ဆိုပါလား"

"ကိုယ်ကမှ အရောင်းအဝယ် မလုပ်တတ်တာ။ ကိုယ် နားမလည်ဘဲ သွားလုပ်ရင် ပင်စင်တင်မက အိတ်ထဲကပါ ကုန်လိမ့်မယ်။ ဆိုက်ကားတစ်စီးဆိုရင် တစ်သက်လုံး စားပါလေရော။ ကိုယ်က ဆိုက်ကားနင်းချင်လို့မှ မဟုတ်တာ၊ အငှားချထားရင် ဆိုက်ကားသမားတွေ မလိမ်နိုင်အောင်ပေါ့"

ဦးလှက သူ့သမက်ကို ရယ်သည်။ သိန်းသိန်းကတော့ -

"အဲဒါပဲ ကြည့်တော့ရှင်။ ကျွန်မက အစ်ကိုတို့ ရှင်တို့လို လည်လည်ဝယ်ဝယ် ဖြစ်စေချင်တာ။ အစ်ကိုနဲ့ အစိမ်းလေး အနီလေး လိုက်လေ့လာထုပ်ပါလား ဆိုတော့ ဝါသနာမပါဘူးတဲ့။ အစ်ကို ဘယ်ခေါ်ချင်တော့မလဲ၊ ကျွန်မယောကျ်ား ထူပုံအ,ပုံကတော့"

"ကျွန်တော့်သူငယ်ချင်းက ရိုးသားတာပါ မသိန်းသိန်း"

"အမယ် ရှင်ကပါ သူ့ဘက်ကပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ခုကပင် ပေါင်းထားရတာဖျိုး။ ကိုယ့်သူငယ်ချင်း ဆိုက်ကားနင်းမှ ဆိုက်ကားခ သက်သာတော့မယ်"

"ပေါင်းထား ပေါင်းထား၊ နို့ ဒါနဲ့ ရှင်က အိမ် ဘယ်နေ့ပြောင်းမှာလဲ။ အိမ်ခန်းက တကယ် ရပြီနော်"

"မနက်ဖြန် ပြောင်းမယ်"

"တကယ်နော်"

"တကယ်ပါ၊ မနက်ဖြန် ရက်ရာဇာလို့ ညီက ပြောတာပဲ"

"ရှင်လည်း ဒါတွေ အယုံအကြည်ရှိလား"

"မရှိပါဘူး၊ ဘုရင်ထွက် ရက်ရာဇာပဲ"

"ရွေးထုံးဆိုတာ မပယ်ကောင်းဘူးရှင့်။ ညီတော်မောင်က ရှင့်ထက် တော်ပုံရတယ်"

"ကျွန်တော့်ညီလား။ ကိုအောင်ငွေနဲ့တော့ သူမသာ ကိုယ်အသုဘ လောက် ရှိပါလိမ့်မယ်"

"မထင်ပါဘူး။ မနက်ဖြန် ညနေကျရင် ကျွန်မတို့ လာခဲ့မယ်"

✤ ✤ ✤

"သောက်ရေအိုးက အသစ်ဆိုရင် ရေစိမ်ထားရတယ် ဦးရယ်။ သောက်ရေလာတော့ ကျွန်မတို့ ထည့်ပေးပါ့မယ်။ တိုင်ကီထဲသာ နှစ်ထားခဲ့"

အိမ်ရှင်သမီး အကြီးမက ဒုတိယတစ်ခေါက် ထွက်လာပြီး ပြော၏။

အတွေးလွန်နေသောစိတ်နှင့် အတိုက်လွန်နေသော လက်ကို ရပ်လိုက်သည်။

"သူတို့ ရေချိုးချင်လို့ ပြောတာ ကိုကို၊ ရေအိုးတစ်လုံး တိုက်တာ လင်ပေးစားရမှာကျနေတာပဲ၊ မပြီးတော့ဘူးလို့ တိုးတိုးပြောနေကြတယ်"

ညီတော်မောင်ကလည်း တိုးတိုးလာပြော၏။

သူက အိမ်ထဲတွင် ရှင်းလင်းနေရာချထားနေရသူမို့ တစ်ဖက်ခန်းက ပြောနေကြသည်ကို ကြားမိပုံရ၏။

စိတ်ထဲ နည်းနည်း ချဉ်သွားသည်။

"ကောင်မလေးတွေက မလောက်လေးမလောက်စားနဲ့ စကားတတ်လိုက်ကြတာ"

"အိုး ကိုကိုကလည်း"

ညီတော်မောင်က အထိတ်တလန့် ဟန့်သည်။

ညနေတွင် သိန်းသိန်း၊ ရှုပါနှင့် မူယာတို့ ရောက်လာကြသည်။ နေ့လယ်က တစ်ခေါက် လာမေးကြပြီး ဖြစ်သဖြင့် အိမ်ပေါ်ကို တန်းတန်း မတ်မတ်ပင် တက်လာကြ၏။

"ထိုင်ကြဗျာ၊ ဒါ ကျွန်တော့်ညီလေ မသိန်းသိန်း"





"ဩော်" ဟု ဆိုသည်။ မြဟန်ဆီသို့ သူတို့မျက်လုံးတွေ စုရောက် သွားကြသည်။ မြဟန်က ကိုယ်ကိုယ်ဖို့ပြီး ပြုံး၏။

"ဒီနေ့ အိမ်ပြောင်းတာ ညီအလိုကျ ရက်ရာဇာရွေးပြီး ပြောင်းကြ တာဆို"

မြဟန်က ပြုံး၍သာ နေ၏။ စကားမပြန်သေး။

သိန်းသိန်းတို့က မြဟန်ကို အကဲခတ်ကြသည်။

"ငါ ဆိုင်ဖွင့်မယ့် အိမ်ကလေ၊ သူက မသိန်းသိန်း"

"ရှင့်အစ်ကို ကိုအေးဟန်နဲ့ ကျွန်မတို့က ငယ်ပေါင်းတွေလေ။ ဒီရပ် ကွက် မီးလောင်ပြီးစကတည်းက အတူနေလာကြတာ။ သူတို့တွေဆို ကို အေးဟန် လက်ပေါ်တင် ကြီးပြင်းလာကြတာ"

"ဟုတ်ကဲ့"

မြဟန်က သူ့သမီးနှစ်ယောက်ဆီ လှည့်၍ ဆို၏။

"အဲဒါ ရှင့်အစ်ကိုက ဆိုင်ဖွင့်ချင်တယ်ဆိုတော့ ဖွင့်မယ့်ဖွင့် ကျွန်မ တို့အိမ်မှာပဲ ဖွင့်ဆိုပြီး ပြောရတယ်။ ငယ်ငယ်ကပင် တစ်ယောက်အ ကြောင်း တစ်ယောက်သိ ဆိုတော့ အထူး ပြောနေစရာ မလိုတော့ဘူး"

"ဟုတ်ကဲ့၊ ကောင်းပါတယ် အစ်မ"

မြဟန်က စကားကို အလိုက်သင့်သာ ဆိုနေ၏။ သိန်းသိန်းက အားရ ...ပေါ်၊ သူ့ယောက်ျား ကိုအောင်ငွေလိုပင် လူအေးဟု ကျွန်တော် ပြော ထားသည်ကို သတိရပုံရှိသည်။

"ဒီနေ့မှ ပြောင်းလာကြတာ ဆိုတော့ ချည့်တည်စရာတောင် ဘာမှ မရှိသေးဘူး။ ရေနွေးအိုးလည်း မဝယ်ရသေးဘူး"

"ကိစ္စမရှိပါဘူးရှင်"

"ဦးတို့ သောက်ရေအိုးလည်း မမြင်ပါလား"

ရှုပါက ကျွန်တော့်ကို လှမ်းကြည့်၍ ပြောသည်။

"သောက်ရေအိုးတော့ ရှိပါတယ် ရှုပါရယ်။ နေ့လယ်က ရှုပါတို့နဲ့ တွေ့တာ သောက်ရေအိုး သွားဝယ်နေကြလို့ပေါ့။ အတွင်းခန်းမှာ ထားတယ် ...။ ရေသောက်ချင်လို့လား"

ရှုပါက ဘာမှမပြောဘဲ အတွင်းခန်းထဲ ဝင်သွား၏။ ရှုပါ-ဝင်သွား ချိန် မီးခလုတ်ကို လှမ်းဖွင့်လိုက်သည်။

"ရေသောက်ချင်လို့လား၊ ငါ ယူပေးပါ့မယ်" ဟု ပြောပြီး အထဲ လိုက်လာရသည်။

"ဟဲ့- မူယာ၊ ထိုင်နေစမ်း ငြိမ်ငြိမ်၊ နင်က ဘယ်သွားဦးမလို့လဲ"

သူ့အစ်မနှင့် ကျွန်တော့်နောက်လိုက်ရန် ထလာသော မူယာအား သိန်းသိန်းက ဟန့်တားလိုက်၏။

သောက်ရေအိုးကို မီးဖိုဆောင်နှင့် အိပ်ခန်းကြား လမ်းဘေးတွင် ထားသည်။ ရှုပါက သောက်ရေအိုးစင်နားတွင် မတ်တတ်ရပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရေသောက်မလို့လား ရှုပါ"

"ဟင့်အင်း မသောက်ပါဘူး။ ဦးဦးတို့ အခန်းက ကျယ်သားပဲ"

မီးဖိုခန်းထဲကူးရန် ရှုပါ ခြေလှမ်းပြင်သည်နှင့် မီးခလုတ်ကို လှမ်းဖွင့်ရသည်။

"မီးဖိုဆောင်က ကျယ်သားပဲ" ဟု ရှုပါက ပြော၏။

အိမ်ခန်းထဲတွင် နှစ်ယောက်တည်းဟူသော အသိကြောင့် ကျွန်တော် ရင်ခုန်ချင်နေသည်။ သိန်းသိန်း၏ အသံကို အပြင်က ကြားရသည်။

"ကိုအေးဟန်နဲ့ ကျွန်မတို့က ဆွေမျိုးတွေထက်တောင် ခင်ကြပါတယ် ကိုမြဟန်။ ကျွန်မနဲ့ဆို မောင်နှမလိုပဲ။ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပဲ။ ဆိုင်ဖွင့်ချင်တယ် ဆိုတာလည်း သူက သွားရင်းလာရင်း ကြုံရာကနေ တိုင်ပင်ရင်း ဖြစ်သွားကြတာ။ သူတို့တွေအဖေဆိုလည်း ကိုအေးဟန့် သူငယ်ချင်းတွေပဲ"

"ခုံတလည်း ဒီနေ့မှ ဝယ်တာလား"

"ဟုတ်တယ် ရှုပါ၊ ဘာဖြစ်လို့လဲ"

"နည်းနည်းကြီးတယ်"

"ကြီးတာ မမှားပါဘူး။ နောက်ဆို သားတွေ သမီးတွေနဲ့ပါ တစ်ဝိုင်းတည်း စားလို့ရအောင် ရွေ့တိုးနဲ့ ဝယ်ထားတာ"

"ပန်းကန်စင်ကတော့ အတော်ပဲ။ ဟိုသေတ္တာက ဘာလဲ"

"ပန်းကန်သေတ္တာလေ"

ရှုပါက ပန်းကန်သေတ္တာကြီး သွားဖွင့်၏။

"အများကြီးပဲ"

"ဟုတ်တယ်၊ ညီက ဝယ်စုထားတာ။ ဟိုစဉ့်အိုးပုံးကြီးတွေ့လား၊ အဲဒါက ဒန်အိုး ဒန်ခွက်တွေ"

"ဒန်အိုးက ဘယ်နှလုံးလဲ"

"ဆိုက်စုံ ဆယ့်နှစ်လုံး"

"ဦး ညီက တော်သားပဲ"

"ညီက အစ်ကို မိန်းမယူရင် အဆင်သင့်ဖြစ်အောင်လို့ စုဆောင်းပေးထားတာလေ"

"ကျေးဇူးတင်ရမှာပေါ့"

"ဒါပေါ့"

ရှုပါသည် မီးဖိုဆောင်ထဲရှိ အိုးခွက်ပန်းကန်၊ ဆန်ပုံး၊ ဆီပုလင်း အကုန် လိုက်ကြည့်သည်။

"မီးဖိုတော့ မမြင်ပါလား"

"ဟိုမှာလေ"

"လျှပ်စစ်မီးဖိုနဲ့ ချက်တာက ထမင်းမကောင်းဘူး။ မီးသွေးမီးဖိုနဲ့ ချက်ပေါ့"





"ကိုယ်ကတော့ မီးသွေးမီးဖိုနဲ့ မချက်ဖူးဘူး။ ရှုပါပဲ အားကိုးရမှာ။ ရှုပါတို့အိမ်ကလည်း မီးသွေးမီးဖိုနဲ့ ချက်တာပဲလား"

"ဟုတ်ကဲ့"

"မီးသွေးတော့ ပေမှာပေါ့"

"တစ်ခုတော့ ရှိတယ်၊ မီးမွှေးရတာ နည်းနည်း ခက်တယ်။ ဆေးလိပ်တိုတွေ စုထားပေါ့"

"ဘာလုပ်ဖို့လဲ"

"မီးမွှေးဖို့လေ၊ ဆေးလိပ်တိုကို ရေနံနဲ့စိမ်ထားရတယ်"

"ကိုယ်တို့ ညီအစ်ကိုတွေက ဆေးလိပ်မှ မသောက်ကြတာ"

"သူများအိမ်အောက်တွေမှာ လိုက်လိုက်ကောက်ပေါ့"

နှစ်ယောက်စလုံး ရယ်မိလိုက်ကြသည်။

"နေ့ခင်းတော့ ရှုက်တယ်၊ မကောက်ရဲဘူး။ ညကျမှ . . ."

"အဲဒါမှ သူခိုးဆိုပြီး အချုပ်ထဲ ရောက်နေဦးမယ်"

ပြုံးမိသွားသည်။

ဤ သူငယ်မသည် သူ့အမေပြောသလို မီးဖိုဆောင်တော့ နိုင်မည့်ပုံ ဟု စိတ်ကူးနှင့် ကြည်နူးသွားမိသည်။

"ထင်းရှူးသားစည်းတွေလည်း ဈေးမှာရောင်းတယ် ဦးရယ်"

"ထင်းနဲ့ မချက်ပါဘူး၊ အိုးတိုက်ရမှာ ပျင်းတယ်"

ရှုပါက ရယ်သည်။

"ချက်ဖို့ မဟုတ်ပါဘူး၊ မီးမွှေးဖို့လေ ဦး"

"တကယ် ပြောတာလား" ဟု သူ့မျက်နှာကို အံ့ဩသလို ကြည့်မိ၏။

ထင်းရှူးဆိုသည်ကို စာထဲ၌ ဖတ်ဖူး၏။ ရုပ်ရှင်ထဲ၌ မြင်ဖူး၏။ ရှမ်းပြည်နယ်တွင် ထင်းရှူးပင်များ ပေါသည်။ ချင်းတောင်တွင် ထင်းရှူးဆီ ထွက်သောစက်ရုံ ရှိသည်။ ယခု ဘယ်က ဘယ်လို ထင်းရှူးသားတွေ ဆင်းတုန်ရောက်လာပြီး မီးမွှေးသော ကိရိယာလောင်စာတွေ ဖြစ်နေပါလိမ့်။ ဤ သူငယ်မ ငါ ထမင်းချက်မစားဘူးမှန်းသိ၍ တမင် နောက်နေတာလား ဟု တွေးမိလိုက်သည်။

အပြင်တွင် သိန်းသိန်း၏ရှည်လျားသော စကားနှင့် မြဟန်၏ "ဟုတ်ကဲ့ ဟုတ်ကဲ့ ခင်ဗျား၊ ဟုတ်ကဲ့ အစ်မ" ဟူသော စကားသံများကို ကြားနေရသည်။

"တကယ်လား ရှုပါ"

"ဘာလဲ ဦး"

"ထင်းရှူးသား"

"ဟုတ်ပါတယ်ဆို၊ ဈေးထဲမှာ တစ်ခါမှ မမြင်ဖူးဘူးလား။ ထင်းရှူးသားအစိမ်းတွေကို သေးသေးပါးပါးလေးတွေ ခွဲပြီး စည်းရောင်းနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com

အစကမူ ထင်းရှူးသားသေတ္တာပျက်တွေလားဟု တွေးမိပါသည်။ ယခု အစိမ်းဟု ဆိုသောအခါ ပို၍ အံ့ဩမိသည်။ ဩော်- ငါ တော်တော် ခေတ်နောက်ကျပါလားဟု တွေးမိလိုက်သည်။

"ဆန်ထည့်တာ ပလတ်စတစ်ပုံးမကောင်းဘူး၊ ဆန်ပုံးဝယ်ရင် သံပုံးပဲဝယ်၊ ပလတ်စတစ်ပုံးက ဆန်ပိုးလိုက်လွယ်တယ်" ဟု ပြောပြီး အပြင်ဘက်သို့ ခြေရွေ့သည်။ အိပ်ခန်းကို ကာထားသော လိုက်ကာကိုလည်း အမှုမဲ့အမှတ်မဲ့လိုနှင့် မသိမသာ ကြည့်သွားသလား ထင်မိလိုက်သည်။

ရှုပါနှင့်ကျွန်တော်တို့ အပြင်ရောက်လာကြသည်အထိ သိန်းသိန်း၏ စကားက မပြတ်သေး။ ချက်စားကြမှာလားဟု မေး၏။ အိုးခွက်ပန်းကန်တွေကော ဝယ်ပြီးကြပြီလားဟူသော သိန်းသိန်း၏အမေးကို ရှုပါက မီးဖိုကလွဲရင် အားလုံး အဆင်သင့်ပဲဟု ပြောလိုက်သည်။ မီးဖိုလည်း ရှိပါတယ်ဟု ကျွန်တော်က ပြော၏။

"လောလောဆယ် ယောက်ျားလေးတွေချည်းပဲ ဆိုတော့ ချက်ဖို့ပြုတ်ဖို့ ဘယ်အနေတျဦးမလဲ။ မနက်ဖြန်ကျရင် နှစ်ယောက်စလုံး ကျွန်မတို့အိမ်မှာ လာစားကြပါ"

"ကျွန်တော်က အလုပ်မှာ စားပါတယ် အစ်မ။ ကျွန်တော့်အတွက် ထည့်မချက်ပါနဲ့"

မြဟန်က ကမန်းကတန်း ပြော၏။

"ကျွန်တော်ကတော့ အလုပ်လည်း မရှိဘူး၊ လာစားရမှာပဲ။ ဟင်းကောင်းကောင်းသာ ချက်ထားလိုက်ပါ"

"ရှင်ကတော့ တစ်သက်လုံး စားမယ့်လူပဲ။ ဘာပြောစရာလိုသေးလဲ" ဟု သိန်းသိန်းက ဆိုသည်။ ရှုပါက ဘာမှ ဝင်မပြော။ မူယာက ဟင်းကောင်းကောင်း စားချင်ရင် ပိုက်ဆံပေးလိုက်။ တစ်နေ့ကလည်း ဘိုးဘိုးအတွက် ငါးခူကြော်ထားတာ၊ သူပဲ စားသွားတယ်ဟု ပြောစဉ် သိန်းသိန်းနှင့် ရှုပါက ဟဲ့ကောင်မလေးဟု ကမန်းကတန်း ဟန့်တားကြသည်။ ရှက်ရှက်နဲ့ ကျွန်တော်က ပြုံးမိလိုက်၏။

သိန်းသိန်းက ငါးခူကြော် ချကျွေးသည်ကို ကျွန်တော့်ဘာသာ ကျွန်တော် ယူစားသွားသလို အိမ်တွင် ပြောနေကြလေသလား။ ကျွန်တော့်ဘက်က သက်သေတော့ ရှိသည်။ ကျွန်တော့်အား သိန်းသိန်း ချကျွေးသည်ကို ရှုပါ အမြင်ပင်။ ဥပဒေစကားအရလည်း တရားဝင်၏။ ဟီးယားဆေးမဟုတ် မျက်မြင်ပင်။

"ကိုမြဟန်လည်း အိမ်လာလည်ပါဦး" ဟု ပြန်ခါနီးမှာ သိန်းသိန်းက ဖိတ်၏။ ရှုပါက လိုက်ပို့ပါဦးဟု ဆိုသဖြင့် လိုက်သွားရသည်။

"ဒီနားမှာ သူတို့အဖေဘက်က ဆွေမျိုးတွေ ရှိတယ်"

ဟု လမ်းတစ်ဝက်အရောက်မှာ သိန်းသိန်းက ပြော၏။ 'အင်း'ဟုသာဆိုပြီး ဘယ်အိမ်လဲဟု မမေးလိုက်မိ။ သူတို့အဖေဘက်ကဟု ဆိုခြင်း





www.burmeseclassic.com

မှာ မူယာကို ပြောသည်။ ကိုအောင်ငွေ၏ဆွေမျိုးထဲက **တစ်ယောက်ယောက်**ပဲဟု သိလိုက်ရသည်။

သူတို့ သမီးအမိတစ်တွေကို အိမ်အရောက် လိုက်ပို့ခဲ့သည်။ ပြန်လာသောအခါ ညကိုးနာရီ နီးနေပြီ။ မြဟန်က ကျွန်တော့်အပြန်ကို ထိုင်စောင့်နေသည်။ မြဟန်ဘေးက ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ညီ၏ အရိုပ်အခြည်ကိုလည်း အကဲခတ်သည်။ မြဟန်ကလည်း ပြန်၍ အကဲခတ်နေပုံရ၏။

"ကိုကို ဆိုင်ဖွင့်မှာ သေချာပြီပေါ့"

"အေးကွ"

"သူတို့အိမ်မှာလား"

"အေး"

"စပ်တူလား"

"ဟုတ်တယ်၊ သူတို့က ဆိုင်ခန်းနဲ့ရောင်းတဲ့လူစိုက်။ ငါက ငွေစိုက်ပေါ့"

"ဘယ်သူရောင်းမှာလဲ"

"သူတို့အိမ်သားတွေ ရောင်းကြလိမ့်မယ်"

"ဆိုင်က နာမည်ရှိလား"

"လေးမျက်နှာစတိုးဆိုင်လို့ ဆိုင်းဘုတ်ရေးခိုင်းထားတာပဲကွ"

မြဟန်က ပြုံးသည်။

"လေးမျက်နှာတောင် ဆိုတော့ မျက်နှာများလှချေလား ကိုကို။ နာမည်က ဘယ်လူရွေးတာလဲ။ သူတို့ ရွေးချယ်တာလား၊ ကိုကိုရွေးတာလား"

"ငါ ရွေးတာပါကွာ၊ ဘာဖြစ်လို့လဲ မင်း မကြိုက်လို့လား"

မဟုတ်ပါဘူးဟု ပြောပြီး မြဟန်က စကားကို ခဏရပ်သည်။ ပြီးမှ- "ဘာအဓိပ္ပာယ်လဲ ကိုကို" ဟု ထပ်မေး၏။

"အဓိပ္ပာယ်ကတော့ လမ်းဆုံလမ်းခွ လေးလမ်းဆုံတဲ့နေရာမို့ပဲကွ။ ငါတို့ဆိုင်မှာ အရပ်လေးမျက်နှာက လာတဲ့လူတိုင်း ဝယ်သုံးရမယ်ဆိုတဲ့ သဘောနဲ့ ပေးထားတာပဲ"

"ဟာ- အဲဒါဆို ရှစ်မျက်နှာက ပိုသင့်တော်တာပေါ့ ကိုကိုရာ။ ကိုကို အဓိပ္ပာယ် ဖွင့်ဆိုတာတော့ ကျွန်တော်လည်း သဘောကျသွားပြီ"

ဆတ်ခနဲ ဖြစ်သွားသည်။

ကိုကို အဓိပ္ပာယ် ဖွင့်ဆိုတာကို သဘောကျသည်ဟုလည်း ဆို၏။ ရှစ်မျက်နှာ ဆိုလျှင် ပိုကောင်းသည်ဟုလည်း ပြောသေးသည်။ နောက်ထပ် ဘာပြောလာဦးမည်နည်း။ ခဏစောင့်နေစဉ် အိပ်ရာဝင်သွား၏။

ကျွန်တော်ကမူ မအိပ်နိုင်သေး။ အိမ်တွင်းထဲတွင် ရှုပါနှင့် နှစ်ယောက်တည်း တွေ့လိုက်ရသည်ကို တတမ်းတတ တွေးနေမိသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်တည်း အကြာကြီး တွေး၍ ပြုံးနေမိသည်။ အိပ်ရာထဲ ဝင်လိုက်သောအခါ ရင်ခုန်လာသည်။

ယောကျ်ားတစ်ယောက်အဖို့ သူ၏ဘဝတွင် အများဆုံး နောင်တရသည့် မိုက်မှုများမှာ အခွင့်အရေးရပါလျက်နှင့် သူ မကျူးလွန်လိုက်ရသော မိုက်မဲမှုများပင် ဖြစ်လေသည်ဟု ပညာရှင်များ၏ အဆိုအမိန့်ကို အိပ်ရာထဲရောက်မှ လက်ခံမိ၏။

ထိုညက အိပ်ပျော်သွားချိန်တွင် မျက်နှာသည် ပြုံးတစ်ဝက် မဲ့တစ်ဝက် ဖြစ်နေပေလိမ့်မည်။

✤ ✤ ✤

'ဘယ်ကလာလဲ' ဟု ရှုပါက မေးသည်။ မိုးဖွားတွေ တဖွဲဖွဲ ကျနေသဖြင့် အိမ်ကဟု ပြောပြီး ဆိုင်ထဲပြေးဝင်လိုက်၏။

"ထီးလည်း မပါဘူး၊ နှာစေးနေဦးမယ်" ဟု ရှုပါက ပြောသည်။ ကိစ္စမရှိပါဘူး ဟူသော စကားနှင့် ရင်ထဲ ကြည်နူးသွား၏။

"ခေါင်းသုတ်လိုက်ဦး၊ ဆံပင်တွေ စိုနေတယ်"

ရှုပါ လှမ်းပေးသော မျက်နှာသုတ်ပဝါကို လှမ်းယူ၍ နမ်းကြည့်၏။

"သန့်ပါတယ်နော်၊ တစ်နေ့ကမှ လျှော်ထားတာ"

"ဘယ်သူ့ပဝါလဲ"

"ရှုပါ့ပဝါပါ"

"အဲဒါကြောင့် မွှေးနေတာ"

ရှုပါက ကျေနပ်စွာ ပြုံးသည်။

ခေါင်းသုတ်ပြီးသောအခါ ပဝါကို လှမ်းပေးလိုက်သည်။ ဆိုင်ထောင့်တွင် စာကျက်နေသော မူယာက မသိမသာ တစ်ချက် လှမ်းကြည့်၏။

ပခုံးပေါ်က လွယ်အိတ်ကို ဖြုတ်သည်။ တိုင်ငုတ်က သံ၌ ချိတ်ထားလိုက်၏။ လွယ်အိတ်ထဲက သကြားလုံးတစ်လုံး ပါးစပ်ထဲ ထည့်လိုက်သည်။

ပဝါသွားဖြန့်သော ရှုပါက အနားကို ပြန်ရောက်လာသည်။

"ဘယ်က ဧည့်သည်တွေလဲ"

"မတင်ညွန့်လေ မသိဘူးလား"

မျက်မှောင်တစ်ချက် ကြုတ်လိုက်မိသည်။ ဘယ်က မတင်ညွန့်ပါလိမ့်ဟု တွေးသည်။ ဆိုင်နောက်ခန်းတွင် သိန်းသိန်း၊ ကိုအောင်ငွေ၊ ဦးလှတို့နှင့် ပွဲကျနေသော အသံတွေကို နားစွင့်သည်။ မည်သူမှန်း မသိ။

"ဘယ်က မတင်ညွန့်ပါလိမ့်"

"ဦးသောင်းတင် မိန်းမလေ"

"ဪ- နတ်ကတော် လုပ်တုန်းပဲလား"

"ဟုတ်တယ်၊ ခု ပိုပြီးတောင် နာမည်ကြီးနေတယ်"





ရှုပါက မျက်နှာကို သေသေချာချာ စိုက်ကြည့်သည်။

"မနေ့က ရောင်းရတဲ့စာရင်း ကြည့်ရအောင်"

စားပွဲထိပ်က ကုလားထိုင်တွင် ထိုင်လိုက်သည်။

ရှုပါက မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်၏။ စာရင်းစာအုပ်ကို ဖွင့်၍ ရှေ့သို့ ရွှေ့ပေးသည်။

"ဘာငုံထားတာလဲ"

မျက်နှာကို စေ့စေ့ကြည့်၍ မေး၏။

"သကြားလုံး၊ စားမလား"

ပြုံး၍ ရှေ့သို့ လက်ဖြန့်လာသည်။

"အိတ်ထဲမှာ ပါတယ်၊ ယူစား"

စာရင်းစာအုပ်၏နေ့စွဲကို ရှာရင်း ပြောလိုက်ရသည်။ သူ့မျက်နှာကို ကြည့်မိ။

ခုံပေါ်တွင် အလိုက်သင့် ဖြန့်တင်ထားသောလက်ကို ရုပ်မသွား။ မျက်နှာကို တစ်ချက် လှမ်းကြည့်၏။ ပြုံး၍ ရုတ်ခနဲ မျက်လွှာချပစ်လိုက်သည်။

သိန်းသိန်းတို့ စကားကောင်းနေကြသော အတွင်းခန်းနှင့် ဆိုင်ထောင့်က မူယာတို့ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ပါးစပ်ထဲက ငုံထားသော သကြားလုံးကို ထုတ်၍ ရှုပါ၏ဖြန့်ထားသော လက်ဝါးဖြူဖြူနုနုထဲ ထည့်ပေးလိုက်သည်။ ရှုပါက သကြားလုံးကို ပါးစပ်ထဲ ထည့်လိုက်သည်။

ထိုအချိန်မှာပင်-

"ဘာယူမလို့လဲ"

မူယာ၏အသံ။

ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ ဈေးလာဝယ်သူဆို၍ မည်သူမျှမရှိ။ မူယာက ပြုံး၍ စာအော်ဖတ်နေသည်။

"မူယာ နင့်စာအုပ်ထဲမှာ ဘာယူမလဲ ဆိုတာလည်း ပါလား"

"အို: . . ."

ရှုပါက ကျွန်တော့်လက်ကို ဆိတ်သည်။

"မသိဘူး"

မူယာက ပြန်လှမ်းပြော၏။

"စားပြီးခဲ့ပြီလား"

"အင်း"

စကားပြောင်းသည်ကို တိုးတိုးပင် ပြောလိုက်သည်။

"ဘာဟင်းနဲ့ စားခဲ့လဲ"

"အမဲနှပ်နဲ့ ကန်စွန်းရွက်ချဉ်ရည်"

"ဘယ်သူ ချက်တာလဲဟင်"

"ကိုယ့်ဟာကိုယ် ချက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဦးချက်တဲ့ဟင်းပဲ စားချင်တယ်"

"မနက်ဖြန် လာခဲ့"

သူ့ပါးစပ်ထဲက သကြားလုံးကို ထုတ်သည်။ သူ့လက်ဝါးပေါ် ထည့်၍ လှမ်းပေး၏။

"ထန်းလျက် ခွေးလျက်သလို ဖြစ်နေပြီ"

"ရွံလို့လား"

"မဟုတ်ပါဘူး လုံးပါးပါးသွားတာ ပြောတာပါ"

သူ့လက်ထဲက သကြားလုံးကို ယူ၍ ပြန်ငုံထားလိုက်သည်။ မနေ့က ရောင်းရပစ္စည်းနှင့် ငွေရင်းအမြတ်ကိုတွက်ကြည့်သည်။ နှစ်ထောင်ကျော်ဖိုး ရောင်းရ၏။ အမြတ်က ငါးရာနှစ်ဆယ်။

"ဘယ့်နှယ်လဲ"

"မဆိုးပါဘူး၊ အစပဲ ရှိသေးတာ"

"လကုန်ရင် သူ့များကို ဘယ်လောက် ပေးမှာလဲ"

"အမြတ်ပေါ်မှာ တစ်ဝက်ပေးမယ်လို့ ပြောထားတယ်လေ"

"မေမေတို့ကို ပေးမှာ ပြောတာ မဟုတ်လား"

"သတ်သတ် သီးခြားပေးရဦးမယ် ဆိုပါတော့"

"စေတနာရှိမှပေးပါ"

"ပြောဖို့ လိုသေးလား"

ရှုပါက ရယ်နေသည်။

"ဒီနေ့ သူဇာ မလာဘူးလား"

"စောစောက လာတယ်"

"သူ့ယောက်ျားနဲ့ ဖုန်းမပြောလိုက်ရမှာစိုးလို့ထင်တယ်"

သိန်းသိန်းစကားကို သတိရ၍ ပြောလိုက်ခြင်း ဖြစ်သည်။ ရှုပါက နှုတ်ဆိတ်နေ၏။ သိန်းသိန်းနှင့် မတင်ညွန့်တို့ အပြင်ထွက်လာကြသည်။

"အမယ် ကိုအေးဟန်ကြီး" ဟု မတင်ညွန့်က ဆိုသည်။

"လာပြန်ပြီ တစ်ယောက်" ဟု ကျွန်တော်က ပြောလိုက်သောအခါ-

"လာလို့ ရောက်တာပဲ မဟုတ်လား" ဆိုပြီး ကျွန်တော်နှင့်ရှုပါကြား က ခုံတွင် လာထိုင်သည်။ သိန်းသိန်းက ကျွန်တော့်အား မေးထိုးပြသည်ကို လှစ်ခနဲ မြင်လိုက်ရသည်။

"ရှင်က ဘာနေ့သားလဲ ကိုအေးဟန်"

"ဘာလုပ်မလို့လဲ"

"နေ့သင့်နံသင့် ကြည့်မလို့ပေါ့"

ဝယ်သူတစ်ယောက် ဆိုင်ထဲ ဝင်လာသဖြင့် ရှုပါက ထသွားသည်။ ရှုပါနေရာတွင် သိန်းသိန်းက လာဝင်ထိုင်သည်။

"ဘာနေ့ သင့် မသင့် ကြည့်မှာလဲ၊ ကိုသောင်းတင်ကော နေကောင်းလား"





"ကောင်းပါ့တော်"

"ခင်ဗျား ကလေးဘယ်နှယောက်ရှိပြီလဲ"

"ငါးယောက်"

"ကိုသောင်းတင်ကို ပြောပါဗျာ၊ သတင်းမေးတဲ့အကြောင်း သတိရတဲ့အကြောင်း"

"ကဲ- ကျွန်မ မေးတာလည်း ပြောစမ်းပါဦး၊ ကျွန်မက သီရိမြိုင် ဘူတာထိ ပြန်ရမှာ၊ မိုးချုပ်မယ်၊ ရှင့် ကိုသောင်းတင် ခေါက်ထားစမ်းပါ"

"ဘာပြောရမှာလဲ ကျွန်တော်က . . ."

ရှုပါတို့ ညီအစ်မက ရယ်ကြသည်။

"ရှင့်နေ့ကို မေးနေတာရှင့်၊ ရှင့်နေ့၊ ရှင့်ကိုမွေးတဲ့နေ့"

"ခုနစ်ရက်မှာ တစ်နေ့နေ့ပျာ၊ ခင်ဗျား နတ်ပေါ်မလို့ မဟုတ်လား။ ခင်ဗျားနတ်ကို ခင်ဗျား မေးကြည့်၊ အေးဟန်ဆိုတဲ့ကောင် ဘယ်နေ့မွေး လဲလို့"

"ရှင်ကတော့ လုပ်ပြီ၊ ရှင့်အချိုးမြင်ဦးလို့ ကျွန်မ ပြောထားတယ်။ ဘယ့်နှယ်တော် တစ်ခါမှ ပါးစပ်က အကောင်းမထွက်တာကြီး။ မေးလိုက်ရင် ဘုဘောက်ချည်းပဲ"

သိန်းသိန်းစကားက ကျွန်တော့်ကို တွန့်သွားစေသည်။ သိသိသာသာ ကိုယ်ရှိန်သတ်လိုက်ရသည်။

"ဟဲဟဲ၊ တနင်္ဂနွေသားပါဗျာ တနင်္ဂနွေသားပါ။ အကြားအမြင် လောက်တော့ မပြောနဲ့နော် အစ်မကြီး၊ ကြားတာနဲ့ မြင်တာတော့ ကျွန် တော်လည်း ပြောနိုင်တယ်"

"တော်စမ်းရှင်၊ အကောင်းပြောနေရင် . . ."

လက်ကိုပါ သူ့ရှေ့ ဖြန့်ပြထားသော ကျွန်တော့်အား သိန်းသိန်းက ထပ်ဟောက်၏။

"ရှုပါက ဘယ်နေ့သမီးလဲ သိန်းသိန်း"

"တနင်္ဂနွေပဲ မတင်ညွန့်ရယ်၊ နာမည်ရင်းက သိန်းသန်းအေးလေ၊ သူ့အဖေ နာမည်ပါ ပါနေတာ"

ကျွန်တော့် နာမည်လည်း ပါပါတယ်ဗျာဟု ပြောလိုက်ချင်သည်မှာ လျှာယားနေသည်။ သို့သော် လွန်မည်စိုး၍ ကျိတ်ကာ ပြုံးရင်း ခွိခနဲပင် နှယ်သံတစ်ချက် ထွက်သွားသည်။

"ရှင်က ဘာရယ်တာလဲ" ဟု သိန်းသိန်းဆီတွင် အဟောက်မလွတ်သေး။

"ကောင်းတယ် ကောင်းတယ်၊ နေ့ချင်းထပ်တော့ မြတ်တာပေ့ါ။ ကဲ [illegible] ပိုက်ဆံငါးဆယ် ထုတ်စမ်း။ ရှုပါ ဒီကိုလာစမ်း သမီး။ ပိုက်ဆံ ငါးဆယ် [illegible]တ်"

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အတွန့်တက်၏။

"ကျွန်မ ထီထိုးဖို့ ရက်ရွေးပေးခဲ့မယ်၊ အဲဒါက ရှင်တို့အတွက်ပါ"

ကျွန်တော်က မထုတ်ချင်ထုတ်ချင် လုပ်နေသည်ကို သိန်းသိန်းက မျက်စောင်းထိုး၏။ ရှုပါကတော့ ချက်ချင်း ပိုက်ဆံငါးကျပ် ခုံပေါ် လာချသည်။

"ထီက တစ်စောင်"

"ငါးကျပ်က ကိုယ်တော်ကြီးအတွက်ရှင့်"

သိန်းသိန်းက ပြောပြန်၏။

"မတင်ညွန့်အတွက် မဟုတ်ပါဘူးနော်"

"ရှင့်ပါးစပ် ပိတ်ထားစမ်းပါ"

"မဟုတ်ပါဘူး မတင်ညွန့်၊ ခင်ဗျားဆို ကျွန်တော်က သဒ္ဓါပြီးသားပါ။ ခင်ဗျားက ကလေးလည်း များတယ် မဟုတ်လား"

"ကိုယ်တော်ကြီးအတွက်ပါဆို"

"အေးပါ၊ သတောင်းစား တောင်း . . ."

"အဲဒါက တနင်္ဂနွေနေ့ တနင်္လာထောင့်မှာ ဘုရားကို ရေသပ္ပာယ်ပြီး တစ်ဂဏန်းအစ တစ်ဂဏန်းအဆုံး ပါတဲ့ ထီကို ထိုးဖြစ်အောင် ထိုးကြပါ"

"ဟုတ်ကဲ့"

"ရှင်ကတော့ ပိုတောင် လှလာ၊ ဝလာသလိုပဲ။ အိမ်လာလည်ပါဦး။ ရှင့်သူငယ်ချင်းနဲ့လည်း တွေ့ရတာပေါ့။ ကျွန်မက သိန်းသိန်း အရေးတကြီး မှာတယ် ဆိုတော့ ဘာများ ဖြစ်ပါလိမ့်လို့၊ ကောင်းတယ် ရှင်တို့ဆိုင်အတွက်လည်း ပိုပြီး စီးပွားတက်အောင် ကျွန်မ လုပ်ပေးဦးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

"ရှင်က ရယ်မနေနဲ့၊ ခု မတင်ညွန့် လုပ်ပေးလို့ ထီပေါက်တဲ့သူတွေ မနည်းတော့ဘူး။ ရှင် အပြင်မှာ မရှိလို့ မသိတာပါ"

"ကျွန်တော် ကြားပါတယ်ဗျာ"

"ဟင်- ရှင် ကျွန်မ ဟောပေးနေတဲ့အကြောင်း၊ ကျွန်မ ဟောတာ မှန်တဲ့အကြောင်း ထောင်ထဲက ကြားတယ်"

"ထောင်ထဲက မဟုတ်ပါဘူး၊ စောစောက မသိန်းသိန်း ပြောနေတာပဲ၊ ကျွန်တော်လည်း နားကန်းမှ မဟုတ်တာ ကြားတာပေါ့ဗျ"

အားလုံး ဝိုင်းဟားကြသည်။

"ကာလနာ၊ ငါက အကောင်းမှတ်လို့၊ သွားမယ် သိန်းသိန်း သွားမယ်"

မတင်ညွန့်သည် ထီးစုတ်တစ်လက်ကို နံတောင်းကြားညှပ်၍ ထွက်သွား၏။ လမ်းမသို့ ရောက်သောအခါ-

"ကိုအေးဟန်ကြီး၊ အိမ်လာလည်ဦးနော်" ဟု အော်ပြောသွားသေးသည်။ သူ့ခမျာ စိတ်မဆိုးရှာ။





"ထီပေါက်ရင် ကားနဲ့ပဲ လာခဲ့တော့မယ် မတင်ညွန့်ရယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပေါက်ပါစေတော် ပေါက်ပါစေ"

"ဘူ"

မူယာကပါ မတင်ညွန့်ကို လှမ်းနောက်နေသည်။

ဥစ္စာမရှိတော့ သူ့ခမျာကို ဘယ်သူမှ မလေးစားကြ။ သူ့အမျိုးသားမှာ စက်ရုံလုပ်သား၊ ကလေးကလည်း များသည်။

ကျွန်တော်ကမူ နောက်နေကျ၊ ခင်နေကျ ဖြစ်၍ နောက်ပြောင်ပါသော်လည်း ကရုဏာတော့ သက်သွားသည်။

✚ ✚ ✚

အံ့ဩမှုကြီးစွာဖြင့် ငေးကြည့်နေမိသည်။ သူတို့နှစ်ယောက်စာမှ ခြေလှမ်း လုံးဝ မပျက်၊ နောက်ပိုင်းတွင် ထိုင်နေသော ကျွန်တော့်ကိုလည်း လုံးဝ မြင်ပုံမရ၊ တန်းတန်းမတ်မတ် ဆိုင်ပေါ် တက်လာကြသည်။ မြင်သွားသည်။

"ဟာ- သူငယ်ချင်း" ဟု တင့်ဝေက ဆိုသည်။

ပြုံးပြမိ၏၊ မြင့်မြင့်ကမူ မျက်နှာတစ်ချက် ပျက်သွားသည်၊ သူ ခင်ပွန်းနှင့် ကျွန်တော် သိနေသည်ကို အံ့ဩသွားပုံရသည်။

"ခင်ဗျားအကြောင်း ကြားတယ်ဗျာ၊ ကျွန်တော်တို့ စိတ်မကောင်းဘူး"

တင့်ဝေက ဆိုသဖြင့် တုန်လှုပ်သွားမိ၏၊ ဘာအကြောင်းပါလိမ့်ဟု တွေးသည်၊ စောင်းချိတ်ပြောလေသလားဟု မျက်နှာမထားတတ်အောင် ဖြစ်သွားမိသည်။

"မှုမှုရေ လာပါဦး၊ ဒါလေ မောင့်သူငယ်ချင်း အေးဟန်တဲ့ မှတ်ထားနော်၊ သိပ်ခင်ကြတဲ့ သူငယ်ချင်းပဲ၊ သင်တန်းအတူတူ တက်ဖူးတယ်၊ ဒါ ကိုယ့်ဇနီးလေ သူငယ်ချင်း၊ မြင့်မြင့်မူတဲ့"

တင့်ဝေ၏ တက်တက်ကြွကြွ မိတ်ဆက်ပေးမှုကို မည်သို့ တုံ့ပြန်လိုက်မိသည် မသိ၊ ခေါင်းတော့ ညိတ်မိလိုက်သည်ဟု ထင်၏၊ ရိုင်းရိုင်းစိုင်းစိုင်းတော့ မဖြစ်တန်ကောင်းရဲ့ဟု ထင်သည်၊ ဆွံ့အ,နေသောနှုတ်ကို အမန်းကတန်း ဖွင့်ရသည်။

"သိပါတယ် တင့်ဝေ၊ ဒီရပ်ကွက်က ကိုယ်ငယ်ငယ်တုန်းကတည်း ကနေတဲ့ ရပ်ကွက်ပါ၊ မြင်ဖူးမှာပေါ့"

"ဟုတ် ဟုတ်ကဲ့" ဟု မြင့်မြင့်မူက ဆိုသည်။

"ဪ- တစ်ရပ်ကွက်တည်းတွေကိုး" ဟု တင့်ဝေက သံယောင် လိုက်၏။

"သူငယ်ချင်း ဒီမှာ နေတာလား"

"လေးလမ်းဘက်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com


"လာလည်တာလား"

"အင်း"

"ကိုယ် ဒီတစ်လမ်းမှာပဲ သူငယ်ချင်း။ အိမ်နံပါတ် လေးလေ။ ယောက္ခမအိမ် ဆိုပါတော့ ဟဲဟဲ၊ လာ လာပါဦး"

"အင်း" ဟု နင့်တင့်တင့် ခေါင်းညိတ်လိုက်ရသည်။

သနပ်ခါးရည်တစ်ပုလင်းကို မြင့်မြင့်မူ လက်ထဲတွင် မြင်လိုက်မိသည်။ ဆင်းသွားကြသော်လည်း လမ်းမက လှမ်းအော်ပြောသွားသေး၏။

"လာလည်ပါ သူငယ်ချင်း၊ စကားပြောရင်း ထမင်းအတူတူစားရအောင်" တဲ့။ သူ့မိန်းမက ဘာပြောလိုက်သည် မသိ ရယ်သွား၏။ လမ်းမက ကွက်ကြည့်ကွက်ကြည့် လုပ်သွားသည်။ ခေါင်းတဆတ်ဆတ် ညိတ်သည်ကိုလည်း မြင်လိုက်ရ၏။ ချက်ချင်း သိလိုက်သည်။ ရှုပါနှင့် မိမိအကြောင်းကို မြင့်မြင့်မူက ပြောပုံရ၏။

"မြင့်မြင့်မူ ယောကျ်ားနဲ့ ရှင်နဲ့ သိတယ်"

ငိုင်သွားသော ကျွန်တော့်ကို သိန်းသိန်းက ကိုင်လှုပ်သလို မေး၏။

"သိပ်ရင်းနှီးတဲ့ သူငယ်ချင်းလေ။ ဒီအေ အတူတက်ဖူးတယ်။ သူက ဘဏ်အရာရှိပဲ။ မြင့်မြင့်မူနဲ့ ဘယ်လိုလုပ် ရသွားပါလိမ့်။ သူက အရင် ကျောက်မြောင်းမှာ နေတာပဲ။ ဇာတိက ဖြူးက။ သူ့မိဘတွေကလည်း ချမ်းသာတယ်၊ ဆန်စက်တွေ ဘာတွေနဲ့။ အံ့သြစရာပဲ၊ ကိုယ့်သူငယ်ချင်းက ဘယ်လိုမျှား သွားပြီး မြင့်မြင့်မူနဲ့ လာရနေပါလိမ့်။ ဒုက္ခပါပဲ . . ."

အရူးတစ်ယောက်လို ရေရွတ်နေသော ကျွန်တော့်မျက်နှာကို သိန်းသိန်းက ဝေခွဲမရစွာ ငေးကြည့်နေမိသည်။

အတော် ထိတ်လန့်သွားမိသည်။ ဒီကောင်ကြီး ဘယ်လိုဖြစ်ပါလိမ့် ဟု တွေးမရ ဖြစ်နေသည်။ မြင့်မြင့်မူအကြောင်းကိုမူ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း နေဖူးသဖြင့် ကောင်းကောင်း သိ၏။ ရှစ်တန်းတွင် နှစ်ခါကျ၍ ကိုးတန်းနှစ်ခါကျကောင်လေးနှင့် လိုက်ပြေးဖူးသည်။ သုံးလလောက်အကြာမှာ မိဘတွေက ပြန်သိမ်း၍ လူငယ့်ရေးရာ ဆက်ထားသည်။ ဘူတာက လက်မှတ်ရောင်း စာရေးတစ်ယောက်နှင့် ရသည်။ တစ်နှစ်ပင် မကြာ စာရေး၏မယားကြီး သာယာဝတီက လိုက်လာ၍ ကွဲကြသည်။ ယခု ကိုယ့်သူငယ်ချင်း ဘဏ်အရာရှိ တင့်ဝေ၏ဇနီး ဖြစ်နေသည်။

တစ်ခုတော့ ရှိသည်။ တင့်ဝေထက် အသက်ထက်ဝက်နီးပါး ငယ်မည်။ ချပ်လှသည်။ တောင့်တင်းသည်။ မျက်လုံး၊ မျက်ခုံး အလှုပ်အရွှေတတ်သည်။ ဒါနှင့် တင့်ဝေ ကျပုံရ၏။

တင့်ဝေကမူ လူပျိုကြီး၊ အလွန် ရိုးသည်။ အရက်သေစာကင်းသည်။ အပျော်အပါး ရှောင်သည်။ ဖဲ ဆိုသည်မှာ တရှုတ်မတွေ့ ချပ်ဝတ်သော ဘောင်းဘီအနက်ထည်လားဟု မေးမည့်ကောင်။

"မြင့်မြင့်မူက လင်တကောင်းတယ်၊ ခု အိမ်ဆောက်ပေးထားတာမှ

...ည်းနေတာပဲ။ နှစ်ထပ်ကြီး"

သိန်းသိန်းဆီသို့ မျက်လုံးအစုံကို မလိုမုန်းထားစွာ ရွှေ့လိုက်သည်။

"မြင့်မြင့်မူဘက်က ကြည့်ရင်တော့ ဟုတ်တာပေါ့ဗျာ။ ယောကျ်ားလေးဘက်က ကြည့်စမ်း။ ဘယ်လောက် နစ်နာလဲ။ ဒီကောင်ကြီးက အပျိုစင်နဲ့ရတယ် အောက်မေ့မှာပေါ့။ ကောင်မလေးက ရုပ်ရှိတော့ မယားငယ်ငယ် ရတယ်ဆိုပြီး မြှောက်နေတာ။ ကြွားသွားလိုက်တာများ လေသံ...ကို ခိုက်လောက်တယ်"

"အမယ် ဘာဖြစ်လဲ" ဟု သိန်းသိန်းက ဆို၏။

သိန်းသိန်းလည်း လင်သုံးယောက် ရဖူးသူမို့ ပါးစပ်ကို ပိတ်ရမှန်း သိ၏။ သို့သော် ပိတ်မရသေး။

"ကျုပ်သာ အဲဒီလို အဖြစ်မျိုး ဖြစ်ရင်တော့ ကိုယ့်မျက်နှာကိုယ်...နဲ့လိုးပစ်မလား မသိဘူး။ မိန်းမငယ်ငယ်လေး ရတာနဲ့ ကိုယ်ကတော့ ...တ်လှပြီဆိုပြီး ရပ်ကွက်ထဲမှာ ရင်ကော့သွားနေတာ။ ဘေးကမြင်တော့ ...ကြီးတစ်ကောင်ပေါ့လေ။ အဲဒါကြောင့် ကျုပ်တို့လည်း ထောင်ထဲ...ကျက်နေတဲ့ ခြောက်နှစ်တာ ကာလအတွင်းမှာ ဘယ်လူတွေက ဘာဖြစ်...လဲ ဆိုတာ သေသေချာချာ ထပ်စုံစမ်းမှ ဖြစ်မယ်"

ရှုပ့်ဘက်သို့ မျက်စပစ်၍ ပြောလိုက်သည်ကို သိန်းသိန်း ချက်ချင်း ...၏။

"ရပ်ကွက်ထဲမှာ ရှင့်အသိချည်းပဲ။ မောင်းခတ်ပြီး မေးကြည့်ပါနော်။ ...သို့ အစားထဲကလားဆိုတာ"

မျက်နှာပျက်သွားသလားထင်၍ အားနာသွားမိ၏။

"ကျုပ်တို့သမီးကတော့ ရွှေရည်ပန်းစက်ပါတော်။ မှဲ့တစ်ပေါက် စွန်း...လားဆိုတာ ကြေးနင်းမောင်းလည်ခတ်ပြီးမေး"ဟု ထပ်ဆိုနေသေးသည်။

ဘာကြောင့်ရယ်ဟု မစဉ်းစားဘဲ နေ၍ မရ။ ရှုပါ၏မျက်နှာကို ခဏ...ခိုးကြည့်မိလေသည်။ ပြစ်မျိုးမဲ့မထင်သော ရှုပါ၏မျက်နှာလေးက ...နေပေ၏။

✤ ✤ ✤

မိုးချုပ်မှ ရန်ကုန်ထဲက ပြန်ဖြစ်သည်။ ဆိုင်နှင့်ရှုပ့်ကို သတိရသော်...မဝင်အားခဲ့။ ည ကိုးနာရီခန့် ရှိနှင့်ပြီ။

အိမ်ရောက်သောအခါ မမျှော်လင့်ဘဲ မိုးကုတ်တွင်နေသော ညီငယ်...တန် ရောက်နေသည်ကို တွေ့ရသည်။

မြှဟန်နှင့်အတူ ပက်လက်ကုလားထိုင်တွင် ယှဉ်ထိုင်နေရာမှ ရှက်...သည်။ ကျွန်တော့်လက်ထဲက စက္ကူသေတ္တာဘူးတွေကို လှမ်းယူသည်။

"ဘာတွေလဲ ကိုကို" ဟု မေး၏။

"ဆိုင်အတွက် ပစ္စည်းတွေပါကွာ။ မင်း ဘယ်အချိန်က ရောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ညရထားနဲ့ လာတာ။ အင်းစိန်က မမလေးတို့အိမ်ကို ရောက်သွားသေးတယ်။ ဒီကို ပြောင်းသွားကြတယ်ဆိုလို့ လိုက်လာတာ။ ညနေကျမှ ရောက်တယ်"

"သောင်းဟန်တို့ကောကွ၊ နေကောင်းကြတယ် မဟုတ်လား"

"ဟုတ်ကဲ့"

စကား ခဏရပ်သွားသည်။ အဝတ်လဲရင်း မိုးကုတ်က ဆွေမျိုးတွေ အကြောင်း မေးနေမိ၏။

"ကိုကို ဆိုင်ဖွင့်ထားတယ် ပြောလို့ ညနေက ကျွန်တော် ကိုကို့ဆိုင် ရောက်သေးတယ်"

မြဟန်ဆီ မျက်လုံးတစ်စွေ ဝေ့ကြည့်လိုက်၏။ သည်အကောင် လှဟန်ကို ဘာတွေ ပြောထားသည် မသိ။ လှဟန်မျက်နှာက မချိုမချဉ် ဖြစ်နေ၏။ မြဟန်ကတော့ ကျွန်တော့်ကို လုံးဝ မကြည့်။

"ဆိုင်မှာ ကိုကို့ကို မေးဦးမလို့"

"ဒီနေ့ ငါ တစ်နေ့လုံး ဆိုင်မရောက်ပါဘူးကွာ"

"ကိုကို့ဆိုင်က ဘီအိုင်စီ မင်ချောင်းတစ်ချောင်းတောင် ကျွန်တော် ဝယ်လာသေးတယ်"

"ဟုတ်လား"

သူတို့နှစ်ယောက်ရှေ့က တုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ညီအစ်ကိုနှစ်ယောက်၏ လှုပ်ရှားမှု အရိပ်အခြည်ကို သတိပြုမိလိုက်သည်။

"မင်ချောင်းက ငါးဆယ်တောင်၊ ကိုကို့ဆိုင်ကလည်း ဈေးကြီးလိုက်တာ"

ရုတ်တရက် သက်ပြင်းချမိသွားသည်။ သည်အကောင်ကို မင်ချောင်း ဘယ်သူ ရောင်းလိုက်ပါလိမ့်။ ကျွန်တော် မှာထားသည်မှာ တစ်ကျပ်လျှင် ဆယ်ပြားသာ အမြတ်တင်ရောင်းရန် ဖြစ်၏။

"ဘယ်သူ ရောင်းလိုက်တာလဲ"

"ရွှေပါ နေမှာပေါ့"

မြဟန်က ဝင်ပြောသည်။ လှဟန်ကမူ ကျွန်တော့်မျက်နှာကိုသာ လှမ်းကြည့်နေ၏။ နှစ်ယောက်စလုံး၏ မျက်နှာတွင် အပြုံးစစ ထင်သည်။

"မင်းကို တောသားမှန်းသိလို့ ရွှေပါ ချလိုက်ပြီနဲ့ တူတယ်"

"ကျွန်တော်က ဂျင်းဝတ်စုံနဲ့ပါ ကိုလေးရာ"

"ဒါဆို မင်းကို သူ့လာပိုးတယ်ထင်လို့ တမင်နှပ်လိုက်တာနေမှာပေါ့"

ကျွန်တော့်ကို ကြည့်၍ မြဟန်နှင့် လှဟန်တို့ အချီအချ ပြောနေသည်ကို ဘာခုမှ ဝင်မပြောမိ။ တခြား ဈေးဝယ်သူများကိုလည်း ရွှေပါသည် ဤသို့ပင် ဈေးတင်ရောင်းနေလေသလားဟု စိုးရိမ်သွားမိသည်။ သည်နေ့တော့ အချိန်မရှိတော့။ မနက်ဖြန်မှ မေးမည်ဟု စိတ်ထဲ တေးထားလိုက်သည်။ ညီတွေကိုလည်း အသင့်ဖြစ်အောင် ပြောရ၏။





"ဟုတ်ချင်လည်း ဟုတ်မယ်၊ တစ်နေ့ကတောင် သူ့အမေက ပြောလိုက်တယ်။ ဈေးလာဝယ်သလိုလိုနဲ့ တစ်နေ့တစ်နေ့ ရည်းစားစာလာလာ ပေးတဲ့ကောင်တွေက မနည်းဘူးတဲ့။ ရွှေပါ့ရည်းစားစာထည့်ထားဖို့ နှီးကော့(စ်) နောက်ထပ်တစ်လုံး ဝယ်ရဦးမယ်တဲ့"

ရယ်၍ ပြောသည်ကို လှဟန်ကလည်း လိုက်ရယ်၏။ 'လှတာကိုး' ဟု ဆိုသည်။ ရင်ထဲ ကြည်နူးသွားမိ၏။ စောစောက ဈေးတင်ရောင်းလိုက်သည် ဆိုသော စကားကိုပင် တဒင် မေ့သွားသည်။ မြဟန်ကတော့ သူ့မျက်နှာမှဲ့မဲ့ကြီးကို သိသိသာသာ မဲ့၏။ ပြီး ပြတင်းပေါက်နား သွားရပ်၍ အပြင်ကို ကြည့်သည်။

သည်နေ့ နေသာသည်။ ကောင်းကင်တွင် ကြယ်တွေပင် ပေါ်နေသည်။

"ငါ လက်ဖက်ရည် သွားသောက်ဦးမယ်၊ မင်း လိုက်မလား"

"မလိုက်တော့ဘူး၊ ကိုကိုကော ထမင်းစားပြီးပြီလား"

"ငါ ရန်ကုန်ထဲက စားလာတာကွ"

မြဟန်က လက်ဖက်ရည်သောက်ရန် ဆင်းသွားသည်။

"မင်း အခုလာတာ"

"မုတ္တမက ကိုထွန်းခိုင်နဲ့ စပ်တူ အလုပ်တစ်ခု လုပ်မလို့ လာကြည့်တာ"

မောင်ထွန်းခိုင်မှာ ကျွန်တော့်ညီဝမ်းကွဲ ဖြစ်သည်။ မုတ္တမတွင် အိမ်ထောင်ကျနေ၏။

"ဟို အပတ်ကတောင် မောင်ထွန်းခိုင်ဆီက စာလာသေးတယ်။ မော်လမြိုင်မှာ ဆေးဆိုင်ဖွင့်ထားတယ် ပြောတယ်"

"ကျွန်တော့်ဆီလည်း စာရောက်လာပါတယ်"

"မင်း ခု ပစ္စည်းပါလို့လား"

"မပါပါဘူး"

"အေး- ပါရင်ပြော။ ငါ့ဆိုင်က ကောင်မလေး ဘကြီးက အဲဒါတွေ လုပ်နေတယ် ပြောတယ်"

လှဟန်က မျက်နှာကို သိသာစွာ စိုက်ကြည့်သည်။

"ရန်ကုန်ထိ သယ်လာစရာ မလိုပါဘူး ကိုကိုရာ။ မန္တလေးတင် အလုပ် ဖြစ်ပါတယ်။ ကျွန်တော်က ကိုထွန်းခိုင်နဲ့ ကောင်းရောင်းကောင်းဝယ် တစ်ခုခု လုပ်ထားမလားလို့ပါ။ ကိုကို ကားပစ္စည်းအရောင်းအဝယ်လည်း လုပ်တယ်ဆို ဘယ့်နှယ်လဲ"

"မဆိုးပါဘူး"

"ငွေလိုသေးလား ကိုကို။ ကိုသောင်းဟန်ကလည်း ငွေလိုရင် ပြောလို့ မှာလိုက်တယ်"

"မလိုပါဘူးကွ။ မြဟန်မှာလည်း ရှိတယ် ပြောတာပဲ။ ငါ့ဆိုင်က


www.burmeseclassic.com

www.burmeseclassic.com

နှတော့ စမ်းလုပ်ကြည့်တဲ့သဘောပဲ"

"ကိုကိုဖြစ်တဲ့ အမှုက ရောင်းမှားဝယ်မှားလား"

"မဟုတ်ပါဘူးကွ၊ ဆယ့်ငါးတစ်ပါ။ ဆိုရှယ်လစ် စီးပွားရေးကို နှော
ယှက်ဖျက်ဆီးမှု"

"ကျောက်သံပတ္တမြားလည်း ဆယ့်ငါးတစ်ပဲ မဟုတ်လား"

"ဟုတ်တယ် ထင်တယ်၊ ဆယ့်လေးတစ်ကတော့ သေရှာတယ်"

"ကိုလေးမြဟန်ကတော့ ထောင်ဝင်စာပို့ရတာ သက်သာသွားပြီလို့
သိပ်ဝမ်းသာမှာပဲ"

"အေးပေါ့ကွာ၊ ခြောက်နှစ် ခုနစ်နှစ် ဆိုတာ နည်းတဲ့ကာလ
မှမဟုတ်တာ"

"ကိုသောင်းဟန်က မေမေနဲ့ကိုကို့ကို သီတင်းကျွတ်ရင် ဖြစ်အော
မိုးကုတ်ကို လာလည်ကြပါတဲ့၊ သူ့သားနှစ်ယောက်ကိုလည်း ရှင်ပြုမယ်"

"ဟေး- ဒီကောင့်သားတွေက ရှင်တောင်ပြုတော့မယ်"

"ဟုတ်တယ် ကိုကိုရယ်။ ထွန်းနောင်က ဆယ်နှစ်၊ မြင့်ဦးက ဆ
နှစ်နှစ်လေ။ လာမယ့် တန်ဆောင်မုန်းလမှာ ရှင်ပြုမယ်။ အဲဒါကြော
ကိုကိုနဲ့မေမေ့ကို ရှင်ပြုပွဲအမီလာဖို့ မှာလိုက်တာ။ မတွေ့ရတာကြာ
မမသိန်းဟန်ရော၊ ညီအစ်ကိုတွေကော ကိုကို့ကို သိပ်တွေ့ချင်နေကြတာ
လွတ်လာပြီ ကြားကတည်းက မျှော်နေကြတာ"

သက်မ ချမိလိုက်သည်။

ကိုလှဟန် သိသွားသည် ထင်၏။

"ကိုကိုလည်း အသက် မငယ်တော့ဘူး။ ညီသားတွေတောင် ရှင်
တော့မယ်။ မမသိန်းဟန်က အိမ်ထောင်ပြုဖို့ကောင်းပြီတဲ့"

"အေး- ငါလည်း စဉ်းစားနေတာပဲကွ"

"တွေ့ထားပြီလား ကိုကို"

မျက်နှာကို စေ့စေ့ကြည့်၍ အပြုံးနှင့်မေးသည်။

"မင်းကို မြဟန် ပြောပြီးပါပြီကွာ၊ ငါသိပါတယ်။ မင်းတို့က
နောက်မှ ထမင်းစားတတ်လာတဲ့ကောင်တွေပါ"

လှဟန်က ခိုးခိုးခစ်ခစ် ရယ်သည်။

"မရီးက ချောတယ် ပြောတာနဲ့ ကျွန်တော်လည်း ရောက်ရောက်ချင်း
မှနေနိုင်တော့ အပြေးသွားကြည့်မိတာ။ သီတာဒေဝီက ငါးဆယ်ကြီး
တောင် နှိပ်ထားလိုက်တာ အီသွားတာပဲ" ဟု မျက်နှာကို ရှုံ့မဲ့ပြ၍ပြော

"ငါးဆယ် မဟုတ်ပါဘူးကွ၊ တစ်ဆယ့်ငါးကျပ်သာ ပိုတောင်းတ
ဖြစ်မှာပါ"

ကျွန်တော့်အတွက်နှင့် ကျွန်တော်ပြော၏။

"ပြန်တောင်းမယ်၊ ခုတော့ နေပါစေဦး"

သည်ညီသည်-အိမ်က မြဟန်လို မဟုတ်။ ကျွန်တော့်နှင့် စိတ်ချင်





ပိုနီးသလို ပွင့်ပွင့်လင်းလင်းလည်း ရှိ၏။ နေချင်းလည်း တူ၏။ တနင်္လာ
အိမ်ရှိညီ မြဟန်ကမူ ကျွန်တော့်အား လေးစားလွန်းသည်။ စကားနည်း
သလို ကျွန်တော်လုပ်သောအလုပ်ကို ကောင်းသည်၊ ဆိုးသည် မပြော
တတ်။ ကောင်းသားပဲဟူသော စကားမှာ သူ၏ လက်သုံးစကားဖြစ်သည်။

✤ ✤ ✤

လက်ထဲက စက္ကူသေတ္တာဘူးတွေကို ရွှေပါ လှမ်းပွေ့ယူ၏။

"လက်ဖက်ရည်သောက်ခဲ့ပြီလား၊ မှာလိုက်မယ်" ဟု ဆိုသည်။
သောက်ပြီးခဲ့ကြောင်း ပြောရသည်။

စားပွဲတွင် သွားထိုင်၍ စာရင်းစာအုပ်ကို နေ့စွဲနှင့် လှန်လိုက်သည်။
ရောင်းရဇယားကွက်ထဲတွင် ပစ္စည်းစာရင်းကို ကြည့်သည်။ ငါးထောင်
ကျော်ဖိုး ဖြစ်သည်။

ရွှေပါက အနားတွင် မတ်တတ်လာရပ်သည်။ ငှက်ငယ်မောင်နှံ၊ လိပ်
ပြာမောင်နှံ ရောင်စုံပါသော စာအိတ်သုံးအိတ်ကို စာရင်းစာအုပ်ပေါ်
သမ်း တင်လိုက်၏။ သိလိုက်ပြီ။ ဈေးလာဝယ်ရင်း ပေးသွားကြသော
ချစ်သဝဏ် လွှာများ။

စာရင်းစာအုပ်ပေါ်က မသိမသာ ဖယ်ချလိုက်မိသည်။ ပစ္စည်းတစ်ခု
စီ၏ ရောင်းရနှုန်း မထားမိသဖြင့် ဘီအိုင်စီမင်ချောင်းသုံးချောင်း ရောင်း
ရသည်ကိုသာ သိသည်။ ပြောပြီးသားဖြစ်သဖြင့် ဈေးနှုန်းတိုင်းကို တစ်
အိမ်သားလုံး အသိ။ မိမိက တစ်နေ့ ရောင်းရနှုန်းနှင့် သတ်မှတ်ထားသော
အမြတ်ကိုသာ တွက်ကြည့်တတ်သည်။ အမြတ်တင် ရောင်းထားလျှင်
တော့ စာရင်းပျောက်ပင်။

"ဖတ်ကြည့်ပါဦး၊ ရွှေပါ့ကို ဦး မယုံမှာစိုးလို့"

သိန်းသိန်းပါ အနားရောက်လာသဖြင့် စာရင်းစာအုပ်မှ မျက်နှာကို
ခွာလိုက်ရသည်။ မယုံသင်္ကာရှိ၍ စာရင်းတိုက်ကြည့်သည်ဟု အထင်မ
ရောက်စေချင်။ ကျွန်မတို့ကို မယုံလို့လားဟု မေးလျှင် မိမိပါးစပ်ကို မိမိ
စိတ်မချ။ ထို့ကြောင့် စာအုပ်ကို မသိမသာ ပိတ်လိုက်၏။

ရွှေပါနှင့် သိန်းသိန်းတို့၏မျက်နှာကို မော့ကြည့်မိသည်။

"မနေ့က ဘယ်သွားနေလဲ၊ တစ်နေ့လုံးပေါ်မလာဘူး"

သိန်းသိန်းက ဆို၏။

"မသွားပါဘူး၊ အရောင်းစာရေးမကို စိတ်ချလို့ လာမကြည့်တော့
တာ"

သိန်းသိန်း တောက်တောက်ပပ ပြုံး၏။ သူ ပြုံးရယ်တိုင်း ပေါ်လာ
တတ်သော ရွှေသွားတစ်ချောင်းကို ကျွန်တော် ဤနေ့ မှတ်မှတ်ထင်ထင်
ရှိနေသည်။ နှုတ်ခမ်းကို တွန့်၏။ တစ်စုံတစ်ခုပြောတော့မည်ဟု သိသည်။

"သိပ်လည်း စိတ်ချမနေနဲ့ဦး၊ ခုံပေါ်က စာတွေကိုလည်း ဖတ်ကြည့်၊


www.burmeseclassic.com

www.burmeseclassic.com

ရှင့်ကို ကျွန်မ ပြောတယ် မဟုတ်လား။ သူ့ကို လာလာ စာပေးကြတိုင်း ကျွန်မကို ပြပါတယ်လို့။ အခုတော့ ကျွန်မ မဖတ်နိုင်တော့ဘူး။ အဲဒီ တာဝန် ရှင့်ပဲယူ"

ငှက်ကလေးနှစ်ကောင် နှုတ်သီးချင်းဆက်၍ အစာခွံ့နေကြသော နိုင်ငံခြားဖြစ် စာအိတ်တစ်အိတ်ကို ဦးဆုံး ကောက်ဖောက်လိုက်၏။ အပြာရောင် စာရွက်သုံးရွက် ထွက်လာသည်။ ကောင်လေးတစ်ကောင် ဆိုင်ထဲ ဝင်လာသဖြင့် ရှုပါက ဈေးရောင်းရန် ထသွားသည်။ ထိုကောင်လေးဘက် တစ်ချက် လှမ်းကြည့်၍ စာကို ဖတ်လိုက်သည်။

သိန်းသိန်းက အနားတွင် ဝင်ထိုင်၏။

*အတွက် . . .*
*သူ့ကို ကျနော့ စိတ်ဝင်စားနေမိတယ်။*
*ချစ်နေမိတယ် ဆိုရင် ပိုပြီး မှန်မှာပါကွယ်။*
*ခံစားမှု စက္ကန့်လေးတွေ ကြာညောင်းခဲ့ပါပြီ။*
*ပြက္ခဒိန် ရက်ကလေးတွေလည်း ဟောင်းခဲ့ပါပြီ။*
*အိပ်မရတဲ့ ညတွေမှာ ဆေးလိပ်ကို အဖော်ပြုပြီး*
*အတွေးဝက်ပါမှာ အဆွေးသံသရာလည်း လည်ခဲ့ရပါပြီ။*
*သူ့ကို စတွေ့ကတည်းက တည်ငြိမ်နေတဲ့*
*နှလုံးသားဟာ လှုပ်ရှားခဲ့ရတယ်။*
*ကျနော့ရဲ့ နှလုံးသားမှာ အရာထင်ခဲ့ရပါပြီ။*
*ပန်းနုရောင် နှလုံးသားမှာ အပြာရောင် ချစ်ကလေးတွေ*
*တိုးဝှေ့နေရာ ယူနေပါပြီကောကွယ်။*
*သူ့ကို ကျနော့ ဖွင့်ပြောဖို့ ကြိုးစားတာလည်း ကြာပါပြီ။*
*သတ္တိ မရှိခဲ့ဘူး။*
*ဖွင့်ပြောမိလို့ လှပတဲ့ သူရဲ့မျက်နှာကလေး မဲ့သွားမှာရယ်၊*
*ချိုမြိန်တဲ့ သူ့စကားလေးတွေ ပျက်သုဉ်းသွားမှာရယ်၊*
*သာယာတဲ့ သူ့အပြုံးကလေးတွေ ဆိတ်သုဉ်းသွားမှာရယ်၊*
*ကျနော့ကို မုန်းသွားမှာရယ်။*
*အို . . . အားလုံး . . . အားလုံး . . . .*

တစ်ရွက် ကုန်သွား၏။ နောက်တစ်ရွက်ကို ဆက်ဖတ်သည်။

*ခုတော့ မနေသာပြီကွယ်။*
*ခံစားမှု ဝေဒနာတွေ ပြည့်တင်းနေတော့*
*ကျနော့ ရင်ထဲက မေတ္တာစကားလေးတွေကို*
*အက္ခရာအဖြစ် တစ်ဖြစ်လဲပြီး*
*သူ့ကို ရင်ဖွင့်လိုက်ပါပြီ။*





*ကျနော့စာကို ဖတ်ရလို့များ*
*စိတ်ညစ်သွားပြီးလာဟင်။*

"ရှုပါတော့ မပြောတတ်ဘူး။ မောင်ရင့်စာ ဖတ်ရတာ ကိုယ်တော့ စိတ်ညစ်လာပြီ။ 'ကျွန်တော့်'ကို ပီပီသသ ကျွန်တော်လို့ မရေးဘဲ 'ကျနော့' လို့ ရေးထားတော့ သတ်ပုံမှားတော့ပေါ့"

"သတ်ပုံမှားတယ် မပြောနဲ့၊ အဲဒါ တက္ကသိုလ်ကျောင်းသားတဲ့ရှင့်။ ဟုတ်တယ် မဟုတ်လား သမီး"

သိန်းသိန်းက ရှုပ့်ကို လှမ်းမေးသည်။

"ဘော်တနီက တတိယနှစ်တဲ့ ဦး" ဟု ရှုပါက လှမ်းပြော၏။

"တော်သေးတာပေါ့ကွာ၊ မြန်မာစာက မဟုတ်လို့။ အေးပါလေ၊ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ကျောင်းသားရဲ့ ရည်းစားစာ ဆိုတော့ ဆက်ဖတ်ကြည့် လိုက်ပါဦးမယ်။ နားထောင်ကြ"

*သူ့အတွက် အနှောင့်အယှက်များ ဖြစ်နေပြီလားကွယ်။*
*ကျနော်နဲ့ ပတ်သက်ပြီး သူ့ စိတ်ချမ်းသာနိုင်ပါစေလို့*
*ဆုတောင်းမိတယ်။*
*တစ်ဖက်သတ် တိတ်တခိုး ချစ်နေရသူဆိုသော*
*သူ့မျက်နှာကို အမြဲ ပြုံးပန်းတွေ ဝေနေစေချင်တယ်။*
*သူနဲ့ ကျွန်တော် မတွေ့ကြရင် အကောင်းသားနော်။*
*ခုတော့ သံယောဇဉ် တွယ်နေမိပြီ။*
*သူ့ကို ချစ်နေမိပြီကွယ်။ ချစ်နေမိပြီ။*
*ရင်ခုန်လိုက်တာကွယ်။*
*ရင်ခုန်နှုန်းတွေ မမှန်တော့ဘူး။*
*အရမ်း မြည်နေတယ်။*
*သူ့ဆီက အဖြေမရမချင်း ခံစားနေရမှာပါ။*
*ကျနော့ကို အချိန်ဆွဲမထားပါနော်။*
*တတ်နိုင်မယ်ဆိုရင်လေ ခုတောင် သိချင်နေပါပြီ။*
*ပုစ္ဆာတစ်ပုဒ်တွက်ရင် အဖြေရှိစမြဲပါ။*
*အဖြေရှာမတွေ့ဘူးဆိုတဲ့ လူတွေကို ကျွန်တော် အမုန်းဆုံးပါ။*

"ဟော့ဗျာ နောက်တစ်ရွက် ကျန်ပါသေးလား"

ကျွန်တော် ညည်းသည်ကို သိန်းသိန်းက ပြုံးသည်။ ရှုပါ၏မျက်လုံး တမှ အရောင်တလက်လက် ထွက်နေသည်ဟု ထင်၏။

*မှားတယ်၊ မှန်တယ် ဆိုတဲ့ အဖြေတော့ ရှိရမှာပေါ့ကွယ်။*
*သူကောဟင် ကျနော့ရဲ့ ချစ်ပုစ္ဆာကို အဖြေပေးနိုင်မှာလားဟင်။*
*အဖြေတော့ ပေးပါနော်။*
*ချစ်ရင် ချစ်တယ် မုန်းရင် မုန်းတယ်ပေါ့ကွယ်။*
*သူပေးတဲ့အဖြေကို ဘာပဲဖြစ်ဖြစ်*



www.burmeseclassic.com

www.burmeseclassic.com

ကျနော် ကျေနပ်စွာ လက်ခံမှာပါကွယ်။
ကျေနပ်စွာ လက်ခံမှာပါ။
ကျနော်ရဲ့ အမှောင်ကမ္ဘာထဲမှာ
အလင်းရောင် ပေးလှည့်ပါလား လမင်းရယ် . . . ။

ချစ်တတ်တဲ့

သက်ပြင်းချလိုက်မိသည်။ လက်မှတ်ကိုတော့ ဖတ်မရ။ ထို့ကြောင့် ရှုပ့်ါကို လှမ်းမေးရ၏။

"သူ့နာမည်ကော ရှုပါ"

"ထွန်းထွန်းအေးတဲ့ ဦး"

"နင်က အေးဟန်ကို ဦးဦး၊ ဦးဦး လုပ်မနေနဲ့။ အဲဒါကြောင့် ကောင်လေးတွေက နင့်ကို စာလာပေးနေကြတာ။ လမ်းဆုံက စာတိုက်ပုံးကျနေတာပဲ"

"တော်သေးတာပေါ့ဗျာ၊ ရေအိုးစင် မဟုတ်သေးလို့"

"ရှင့်ဟာက ဘာစကားလဲ"

"ပြဟ္ဇာ့စကား"

"ပြောလိုက်ရင် တကတည်း"

ဆက်၍ မပြောတော့။ စိတ်ထဲ မျက်နေမိသည်။ 'အေးဟန်' ဟု ကျွန်တော့်ကို တုံးတိတိ ပြောသည်မှာ အကြိမ်အခါခါ မနည်းတော့။ သိန်းသိန်းသည် ကျွန်တော့်ထက် ကြီးသည်ဟု ဆိုသော်လည်း ငါးနှစ်ပင် ကြီးသည်ဟု မထင်။ ရှုပ့်ါကြောင့် အေးဟန် ဖြစ်သွားသည်ကို တွေးမိတော့ သည်းခံရမည်ဟု နားလည်၏။ တစ်နေ့တစ်ရက် ကြီးသော သူစိမ်းတွေကပင် ကို၊ မ ထည့်ခေါ်ခံရသည်နှင့်စာလျှင် ဘာမခံနိုင်စရာလဲဟု စိတ်ကို လျှော့ချလိုက်သည်။

"ပြန်ဦးမယ်ဗျာ"

"ချက်ချင်းပဲလား"

"အိမ်မှာ ညီတွေ ရောက်နေလို့"

"ဘယ်က ညီလဲ"

"မိုးကုတ်က"

"ဘာလို့ ခေါ်မလာတာလဲရှင့်"

"သာကေတက ညီတစ်ယောက်ဆီ မြဟန်နဲ့ သွားကြတယ်"

"မိုးကုတ်က ဆိုတော့ . . ."

သိန်းသိန်းက စကားကိုဖြတ်၍ မျက်နှာကို ကြည့်၏။

"မိုးကုတ်က ဆိုပေမယ့် အထင်ကြီးမသွားနဲ့ဦး။ မြို့ထဲက မဟုတ်ဘူး။ အထက်ကျောက်ကြမ်းရွာက။ ကျောက် ဆိုတာ လမ်းခင်းရတာပဲ သိတဲ့ အကောင်တွေလေ"

"ဘာလုပ်လဲ"





"ခြံလုပ်ကြတယ်"

"မိုးကုတ်မှာသွားပြီး ခြံလုပ်စားတယ်လို့"

သိန်းသိန်း၏စကားကို ကျွန်တော် ပြုံးမိသည်။

"ကတ္တရာလမ်းမှာက ခြံလုပ်စားလို့ မကောင်းဘူးဗျ။ ချော်အားကြီးတယ်။ နိုင်လွန်လမ်းဆို ပိုတောင် ဆိုးသေး"

"တော်စမ်းပါရှင်၊ ကျွန်မက အကောင်းပြောနေတာ။ ကျောက်တွေ ဘာတွေ ပါရင်ပြော။ သိတယ် မဟုတ်လား။ အစ်ကိုက အစိမ်းရော အနီရော ကိုင်တယ်လေ"

"လုံးတီးထမင်းက ဗိုက်တာမင်ပါပေမယ့် နည်းနည်းတော့ နံတယ်ဗျ"

ပခုံးတွန့်ပြ၍ ပြောလိုက်မိသည်။

"ညီတွေလည်း မရှိဘူးဆို။ ထမင်း ဘယ်မှာ စားမလဲ။ စားသွားပါလား"

"နေပါစေ၊ အဲဒီကောင်တွေ ညနေပြန်လာရင် မျိုဖို့ဆိုဖို့ ချက်ထားရဦးမယ်"

"ကြည့်ပါလား၊ ညီအစ်ကိုတဲ့ ပြောတာ။ ရှင်ဟာလေ တကယ် တကယ် ဘယ်လိုလူမှန်း မသိဘူး"

"စိတ်ရင်းကောင်းပါတယ်"

ဤတစ်ခါတော့ ရှုပါကပါ ရယ်၏။

"ဦး ထမင်း ကျွန်မ လိုက်ချက် . . ."

သူ့အမေ၏ မျက်စောင်းကြောင့် ရှုပါ လျှာခလုတ်တိုက်ရပ်သွား၏။ လျှာထုတ်၍ ပခုံးတွန့်ပြသည်။

"နေပါစေ တူမရယ်။ အဘိုးဘာသာ အဘိုး ချက်စားပါ့မယ်"

အဘိုးကြီးအသံ လုပ်ပြောသည်ကို သိန်းသိန်းက -

"တော်တော် အဘိုးကြီး ဖြစ်ချင်နေတယ်နဲ့တူတယ်" ဟု ဆိုသည်။

"ငယ်ငယ်ကလေးတွေ ကြိုက်အောင်" ဟု တမင် ပြောလိုက်၏။ သူ့ဇာကို သတိရ၍ မေးရသေးသည်။

"သူ့ဇာ နေကောင်းသွားပြီလား မသိန်းသိန်း"

"ကောင်းသွားပါပြီ၊ ဆေးဖိုးချည်းပဲ တစ်သောင်းလောက် ကုန်တယ်။ ရှင် ညနေလာဦးမယ် မဟုတ်လား။ ရှင့်ညီကို ခေါ်လာခဲ့။ တွေ့ရတာပေါ့"

"သာကေတမှာ အိပ်ကြလိမ့်မယ်နဲ့ တူတယ်။ ခင်ဗျားတို့ သတိမ အားမိလို့၊ မနေ့ညနေက ဒီကို လာသေးတယ် ပြောတယ်။ ဘီအိုင်စီ မင် ချောင်းတစ်ချောင်းတောင် ဝယ်လာသေးတယ်တဲ့"

ရှုပ့်ါမျက်နှာကို အကဲခတ်သည်။ ပကတိ မျက်နှာပင်။ လုံးဝ အမှတ် အားပုံမရ။

"လပြည့်နေ့ ဘုရားလိုက်ပို့ရမယ်နော်" ဟုပင် လှမ်းပြော၏။


www.burmeseclassic.com

www.burmeseclassic.com

"ဦး- အဲ ချက်တဲ့ထမင်း ညနေကျရင် လာစားမယ်"

ဟု မကြားတကြား ဆို၏။

နောက်ထပ် မည်သည့်စကားမျှ မဆိုဘဲ ဆိုင်ထဲက ထွက်လာ၏။ အိမ်မရောက်ခင် မိုးရွာချသည်။ ထီးမပါ၍ တစ်ကိုယ်လုံး စိုပြန်သည်။ မိမိကိုယ်ကို အပြစ်တင်မိသည်။ အမိုးအကာကို ကြုံမှ သတိရတတ်သော အဖြစ်။ နှလုံးသည်းပွတ်တွင် အမှတ်မထင်တတ်သော ငါ။

✤ ✤ ✤

"ဘုရား ရေသပ္ပာယ်ပြီးရင် ထီးတိုးဖို့လည်း မမေ့နဲ့နော် သမီး။ မတင်ညွန့်ပြောတဲ့ နံပါတ်တွေ မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ် အမေ"

ကျွန်တော် မဲ့လိုက်သည်ကို သိန်းသိန်း မြင်သွား၏။

"မတင်ညွန့် ဟောတဲ့အတိုင်းလုပ်လို့ သိန်းဆုကြီးပေါက်တာ သုံးလေးယောက်ရှိပြီ အေးဟန်။ နင် မယုံရင် နင့်ဘာသာနင် အေးအေးနေ"

ရင်ထဲ နင့်သွားမိသည်။

သိန်းသိန်းသည် ယခင်က မိမိအား 'ကို' မပါဘဲ မပြောစဖူး။ နင် ဆိုသော စကားကို လုံးဝ မသုံးစဖူး။ ယခု အေးဟန်ဟု တုံးတိတိ ဆိုသည့်အပြင် တစ်ဆင့်တက်၍ 'နင်' ဟု သုံးနှုန်းလာ၏။ ဘယ်လိုသဘောပါလိမ့်ဟုတော့ တွေးစရာမလို။ ရှုပါလိုပင် သဘောထား၍ ပြောခြင်းသာ။

ဝါဆိုလပြည့်နေ့။

လပြည့်နေ့နှင့် တနင်္ဂနွေ တိုက်ဆိုင်နေသည်။

အိမ်ရှေ့တွင် စုရုံးနေကြ၏။ သူဇာ၊ ရှုပါ၊ မူယာနှင့် ကျွန်တော်တို့ လေးယောက်။

"ဦး လွယ်အိတ် မယူစမ်းပါနဲ့။ ဘုရားသွားတာလည်း လွယ်အိတ်ကြီး တကားကားနဲ့"

"နင်လည်း အဲဒီ အပြောပြင်ဦးနော်။ ငါပြောတာ များပြီ"

မိမိအား လွယ်အိတ်မယူစေရန် ပြောသော ရှုပါ့ကို သိန်းသိန်းက လှမ်းပြောသည်။

"နောက်တော့ ပြင်ပါလိမ့်မယ် မေမေရယ်။ သမီးတို့တုန်းကလည်း ဒီလိုပဲ"

သူဇာ၏အပြောကို ဘေးလူသာဆိုလျှင် သဘောပေါက်ချင်မှ ပေါက်မည်။ ရှုပါက လျှာထုတ်ပြ၏။ ရိပ်မိသလိုတော့ ရှိလိုက်သည်။ အခေါ်အပြော ပြောင်းကြဖို့ ဆိုပါလား။

ပခုံးပေါ်က လွယ်အိတ်ကို ဖြုတ်လိုက်သည်။ အထဲက သတင်းစာနှစ်စောင်နှင့် ခေါက်ထီးကို ထုတ်သည်။

"ညီမလေး၊ ရှေ့ သွားထားလိုက်"





ရှုပါ့ကို လှမ်းပေးလိုက်သည်။

"ဒီလိုမှပေါ့" ဟု မူယာက မကြားတကြား ပြော၏။ သူဇာက ရယ်နေသည်။ လွယ်အိတ်ကို လှမ်းယူသော်လည်း ရှုပါ့မျက်နှာက ပန်းနုရောင် ပြေးသွားသည်။ ကျွန်တော့်စိတ်ထဲတွင် ပို၍ လှသွား၏။

အင်းစိန်-ရန်ကုန်လမ်းမသို့ အတူ လျှောက်လာကြသည်။ တစ်လမ်းလုံး လူသိတွေချည်း တွေ့နေသဖြင့် ရှက်ရွံ့တုန်းပင်။ ဘယ်လဲဟု ကျွန်တော့်ကို မေးကြသော်လည်း သူတို့ မျက်လုံးများက ရှုပါ့ဆီတွင်။

"လိုင်းကား မစီးတော့ဘူးနော်။ လူသိပ်ကျပ်တယ်"

ဟု မူယာက ဆို၏။ လပြည့်နေ့ ဖြစ်သဖြင့် အမှန်လည်း လူကျပ်သည်။ လေးဘီးတစ်စီးကို တားသည်။ ဘုရားမလိုက်ဟု ဆို၏။

"ဘုရားမသွားတော့ ငရဲပြည်ကိုလား" ဟု မဆိုမဆိုင် ကားစောင့်နေသော လူအုပ်ထဲမှ အသံတစ်သံ ကြားလိုက်ရသည်။ ရှုပါက လှည့်ကြည့်၏။ သူဇာက ရယ်သည်။ ကားဆရာက-

"ငါ ငရဲသွားရင် မင်းကိုလည်း မမေ့ပါဘူး အပေါင်းအသင်းရေ၊ လာခေါ်ပါ့မယ် စိတ်ချ" ဟု ပြောပြီး ဆက်မောင်းသွားသည်။

စက္ကန့်အတွင်း၌ပင် ဖင်မလီယာခါးပြတ်တစ်စီး ထိုးရပ်လာသည်။

"ကဲ- တက်တက်" ဟု အလျင်စလို ပြောလိုက်ရသည်။

သူများ ဦးသွားမှာစိုးလို့ ဈေးပင် မမေးမိ။ ရှုပါရှိရာဘက်တွင် တက်ထိုင်လိုက်၏။ သူဇာနှင့် မူယာကတစ်ဖက်။

"ဘယ်မောင်းရမှာလဲ ဆရာ"

ကားသမားက မေး၏။

"ရွှေတိဂုံဘုရား"

သူဇာက ပြောလိုက်သည်။

"နောက်တစ်ပတ် ကျွန်မ ပြန်တော့မယ်" ဟု သူဇာက ပြောသည်ကို "အင်း" ဟု ခေါင်းညိတ်ပြလိုက်၏။ ဘာဆက်ပြောရမှန်းမသိသဖြင့် လမ်းဘေးကို ငေးလိုက်လာသည်။ ဟံသာဝတီအဝိုင်းကို ကားကွေ့သောအခါ ရှုပါနှင့် ပခုံးချင်း ထိသွားသည်။

သူဇာနှင့် မူယာသည် တစ်လမ်းလုံး မိမိနှင့် ရှုပါတို့ကိုသာ အကဲခတ်လာကြမှန်း စိတ်ထဲက သိနေသည်။

ဦးဝိစာရမီးပွိုင့်တွင် ဘယ်မုခ်က တက်မှာလဲဟု ကားဆရာက လှမ်းမေး၏။ မြောက်ဘက်မုခ် ဟူသော စကားကိုတော့ မိမိကပင် သတိထား ပြောလိုက်မိသည်။ ညီနှစ်ယောက်မှာ သူဇာ့ကို မမြင်ဘူးကြသဖြင့် မြင်ဖူးအောင်ရှိအောင် မြောက်ဘက်မုခ်က ကျွန်တော်တို့ စောင့်နေမည်ဟု ပြောပြီးသား ဖြစ်သည်။

ငြိမ့်ခနဲ ကားရပ်သွားသည်။ ရှုပါတို့ ညီအစ်မတွေ ကားပေါ်က ဆင်းကြသည်။ အိတ်ထဲက တိုးဆယ်တန် တစ်ရွက်ကို ကားဆရာဆီ လှမ်းပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ကားဆရာက တစ်ဆယ်တန်တစ်ရွက် ပြန်ပေး၏။ မြောက်ဘက်မှခ် ဓာတ်လှေကားတွင် လူအုပ်ကြီး တန်းစီနေသည်။

"ဟာ တော်တော်နဲ့ အလှည့်ကျမှာ မဟုတ်ဘူး"

ဟု အမှတ်တမဲ့ ညည်းလိုက်သည်။

"ကိုအေးဟန်တို့ စောင်းတန်းက သွားတက်ရင် တက်ကြလေ။ ကျွန်မတော့ ဆရာဝန်က အမောမခံပါနဲ့ ပြောထားလို့"

ရှုပ့်ါကို လှမ်းကြည့်လိုက်သည်။

"လာ ဦး၊ စောင်းတန်းကပဲ သွားတက်ကြမယ်"

"ပြောတာ များပြီနော်၊ ဒီအခေါ်ကို ပြင်ဦး"

သူ့အမေစကားကို သတိရသဖြင့် ရှုပ့်ါကို သက်သက်စ,လိုက်သည်။

"လာလေ မူယာ၊ တို့ စောင်းတန်းက သွားတက်မယ်"

"မလိုက်ဘူး၊ ဓာတ်လှေကားနဲ့ပဲ တက်မယ်"

ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။

"နင် ငြင်းမှ ငြင်းပ့်ါမလားလို့" ဟု ပြောပြီး ဖဲ့ထွက်လာကြသည်။

တန်းစီ မတ်တတ်ရပ်နေကြသူ အချို့က လှမ်းကြည့်ကြသည်။ မူယာကတော့ လက်မြှောက်ပြ၍ ရယ်နေ၏။

ဖိနပ်ကို ချွတ်လိုက်၏။ ကောက်ရန် ခါးအကိုင်းမှာ ရှုပ့်ါလက်က ဦးသွားသည်။ အသာငြိမ်နေလိုက်ရ၏။

"ထီးကို ဒီပေးပါလား"

ဟု ပြောလိုက်၏။ ရှုပါက သူ့ထီးကို လှမ်းပေးသည်။ စောင်းတန်းတွင် လူပြည့်နေသဖြင့် ရှုပါ၏လက်တစ်ဖက်ကို မသိမသာ ကိုင်လိုက်သည်။ ရှုပါ၏မျက်လုံးများက ရွှန်းရွှန်းလက်စွာ ကြည့်သည်။ မသိယောင်ဆောင်၍ သူ့လက်ချောင်းလေးတွေကို ဆုပ်ကိုင်လိုက်မိသည်။

"ဟိုတုန်းကတော့ တွဲသွားရမှာ ရှက်တယ်ဆို"

ပခုံးချင်း မထိတထိ တမင်တိုက်၍ ပြော၏။ မကြားယောင်ဆောင်ထားလိုက်၏။ "ဟင်" ဟု ရှုပါက ထပ်မေးသေး၏။ အဖြေပေးရမှာ ရင်ထဲကျပ်နေမိသည်။

"ဘယ်လို ခေါ်ရမှာလဲလို့"

သိသိသာသာ သူ့လက်ကို လှုပ်ယမ်း၍ တိုးတိုးမေး၏။ ဤတစ်ခါ မဖြေ၍ မဖြစ်တော့ဟု တွေးလိုက်မိသည်။ ခြေလှမ်းတစ်ချက် မှားသွား၏။

"လဲမယ်နော်" ရှုပါက ဆိုသည်။ မျက်နှာကို ဘေးစောင်းကြည့်မိသည်။ ပြုံးရုံအပြင် မျက်နှာတွင် ရွှင်လန်းတက်ကြွနေသော သွေးခြည်ရောင်ရဲရဲကို မြင်ရသည်။ ရင်ခုန်နှုန်းကို စက္ကန့်နှင့်အမျှ ကြားနေရသည်။

"ရှုပါ ဘယ်လို ခေါ်စေချင်သလဲ"

"သိဘူးလေ"

မျက်နှာကို မော့မော့လေး ကြည့်၏။ ကြားရုံမျှ လေသံနှင့် ဆိုသည်။





ဘေးက သူ့ကို မသိမသာ တိုက်ခိုက်သွားသော ဘောင်းဘီဝတ် လူငယ်နှစ်ယောက်ကြောင့် ကိုယ်ကို ယို့လိုက်သည်။ အနားကို ပိုကပ်လာ၏။ လက်ချင်းအပြင် ပခုံးချင်းပါ လာထိတော့၏။ "ဟင်" ဟု ဆိုပြန်သည်။ စောစောက စကားတိုပင် ပြန်မေးတာဟု သိလိုက်သည်။

"ခေါ်ချင်သလို ခေါ်ပါ"

"ခေါ်စေချင်တာ ပြောပေါ့"

"ကိုကိုတဲ့"

"အေးပေါ့၊ သင့်မြတ်လှပါတယ်"

စက္ကူအိတ်ရောင်းရာနှင့် ဖိနပ်အပ်ရာတွင် ရပ်လိုက်ကြသည်။

"ပြန်ဆင်းရင် ဒီက ဆင်းဖြစ်ချင်မှ ဆင်းမှာ။ စက္ကူအိတ်နဲ့ပဲ ထည့်ယူပါ"

တိုက်ပုံအင်္ကျီအိတ်ထဲက အကြွေကို လှမ်းပေးပြီး စက္ကူအိတ်နှစ်အိတ်ယူလိုက်သည်။ ထီးနှစ်ချောင်းကို နံတောင်းကြားညှပ်၍ စက္ကူအိတ်တစ်လုံးကို ဖွင့်ပေးသည်။ ရှုပါက မိမိ ဖိနပ်တစ်ဖက်နှင့် သူ့ဖိနပ်တစ်ဖက်ကို ထည့်သည်။ ပြီး မျက်နှာကို ပြုံးကြည့်သည်။ ချက်ချင်း သဘောပေါက်သွားသည်။ နောက်အိတ်တစ်လုံးကို ဖွင့်ပေးပြန်၏။ တစ်ဖက်စီ ထည့်ပြန်သည်။ တမင် သိလျက်နှင့် မေးမိ၏။

"အိတ်တစ်လုံးတည်းလည်း နှစ်ရန်စလုံး ဆံ့သားနဲ့ကွယ်"

"ဘာလို့ နှစ်လုံးဝယ်လဲ၊ ဒီက တစ်ကွဲစီ ဖြစ်သွားမှာစိုးလို့"

"ကို . . . ကိုကိုက မသူဇာတို့ မူယာတို့အတွက်ပါ ဝယ်တာ။ ဓာတ်လှေကားနဲ့ တက်လာကြတော့ ဖိနပ်အိတ် ပါချင်မှ ပါကြမှာ"

ပထမဆုံး သုံးမိသွားသော ကိုကိုဟူသော စကားကို မဝံ့မရဲ ဖြစ်၍ ရှည်ရှည်ဝေးဝေး ပြောလိုက်မိသည်။

"မေမေက ပြောတယ်"

"အင်း"

"မသိန်းသိန်း၊ မသိန်းသိန်းနဲ့ ကိုကိုပြောတာ လူကြားမကောင်းဘူးတဲ့"

"ဟင်- ဘယ်လိုပြောရမလဲ"

"ကိုယ့်ဘာသာ ရွေးပေါ့၊ ရှုပါလည်း မပြောတတ်ဘူး"

"ကိုအောင်ငွေကိုလည်း ဦးလေးအန်ကယ် ခေါ်ရတော့မယ် ထင်ပါရဲ့"

ရှုပါက ရယ်သည်။

"အစဉ်အလာစကားပဲ ပြောရတော့မယ်။ သူ့ဇာ့ခင်ပွန်းက ဘယ်လိုခေါ်လဲ"

"မသိန်းသိန်းပဲ ခေါ်တယ်"

"အဲဒါဆို ကိုကိုလည်း ခု မသိန်းသိန်းပဲ ခေါ်တာပဲ။ ဘာမကျေနပ်



www.burmeseclassic.com

www.burmeseclassic.com


စရာရှိလဲ"

"ဟိုကတော့ မေမေထက် အသက်အများကြီး ကြီးတာကိုး"

"ဟင်"

အံ့ဩသွားမိသည်။ ယခင်က မသိန်းသိန်းက သူဇာ့အမျိုးသားမှာ အသက်ကြီးသည်ဟု ပြောဖူးသော်လည်း ကျွန်တော်တို့အရွယ်၊ မသိန်းသိန်း ကိုအောင်ငွေတို့အရွယ်သာ ထင်မိ၏။

"ဘယ်လောက်တောင် ကြီးလို့လဲ"

"ငါးဆယ်ကျော်ပြီ"

ရှုပါက မဲ့မဲ့နှင့် ဆို၏။

"ဘုရားရေ၊ တကယ်လား"

"တကယ်ပါဆို"

ရုတ်တရက် နှုတ်ဆွံ့သွားမိသည်။

သူဇာ့မျက်နှာလေးကို မြင်မိသွားသည်။ သူဇာ၏အသက်မှာ အများဆုံးရှိလှ ယခုမှ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး။ ဘယ်လိုလုပ်များ ပေးစားလိုက်ကြပါလိမ့်ဟု မသိန်းသိန်းနှင့် မသန်းဌေးတို့ကို စိတ်ထဲက ကျိန်ဆဲလိုက်မိသည်။ သူဇာ၏ မျက်နှာနုနုအား တွေ့စက ညှိုးနေသည် မြင်မိ၏။ စိတ်မှ ချမ်းသာရဲ့လားဟု ရင်ထဲ နင့်သွားမိသည်။ ယခု သူဇာတွင် ကလေး နှစ်ယောက်ရှိပြီ။ သူဇာ ထိုလူကြီးနှင့် အိမ်ထောင်ကျစဉ်က နှစ်ဆယ်ပင် ပြည့်ဦးမည် မဟုတ်။

စိတ်ထဲ တွေးဝေမိသည်။ သူဇာသည် ရှုပ့်လောက် မလှသော်လည်း ခန့်ချောချောသည်။ အနေအထိုင်လည်း အလွန် ပိရိသော မိန်းကလေး ပင်။ တစ်လမ်းလုံးက ချီးကျူးကြသည်။ အနေတည်သဖြင့် သူမျက်နှာကို ကျွန်တော်တို့ပင် စေ့စေ့မကြည့်ဝံ့ခဲ့။

"ဘာဖြစ်လို့လဲဟင် ကိုကို"

အပါးမ ရှုပါက ချက်ချင်း ရိပ်မိသွားပုံရသည်။ ခက်သည်မှာ မိမိသည်လည်း ရှုပါထက် အသက်ထက်ဝက်ခန့် ကြီးနေသဖြင့် နှုတ်ဟမရဲတော့။ အသက်ကွာဟမှုကို ရှုပါ တွေးမိမှာ ကြောက်သွားသည်။

"ဘာမှ မဖြစ်ပါဘူး။ သူဇာ့ယောကျ်ားကတော့ အသက်ကြီးလို့ မသိန်းသိန်းကို နာမည်ခေါ်တာ သင့်တော်တာပေါ့။ ကိုကိုက မသိန်းသိန်းထက် ငယ်တော့ ဒေါ်သိန်းသိန်း ခေါ်ရကောင်းမလား စဉ်းစားနေတာ ရှုပါကော ဘယ်လို သဘောရသလဲ"

"ကိုကို"

ကိုယ့်အာရုံနဲ့ကိုယ်မို့ သတိမထားမိသော်လည်း အသံကိုမူ ကောင်းကောင်း မှတ်မိလိုက်သည်။

ညီ လှဟန်သည် ရှေ့တွင် လာရပ်၏။ မြဟန်ကိုလည်း မနီးမဝေးတွင် မြင်လိုက်မိ၏။ လက်မောင်းကို ဆုပ်ကိုင်လာသော ရှုပါ၏ လက်ချောင်းလေးတွေက လျော့ပြေကျသွားသည်။

မြောက်ဘက်ဓာတ်လှေကားတွင် ချိန်းထားသော ညီတွေနှင့် မြောက်ခေါ်ထိပ် ဘုရားရင်ပြင်တွင် ဆုံမိကြသည်။

"သူ့ကို မှတ်မိလား"

"ဟင့်အင်း"

ရှုပါ ခေါင်းခါသည်။

"ဘယ်မှတ်မိမလဲ၊ တွေ့မှ မတွေ့ဘူးကြတာ"

"အို" ဟု မသိမသာ တွန်းပစ်၍ ရယ်နေ၏။

"လာကွာ၊ ဟိုမှာ သူ့အစ်မတွေ၊ ညီမတွေ ရှိသေးတယ်။ ဓာတ်လှေကားနဲ့ တက်လာကြလိမ့်မယ်။ သူ့အစ်မက သိပ်နေမကောင်းသေးဘူး။ ... က ဆေးလာကုတာ။ အဲဒါကြောင့် ဓာတ်လှေကား စောင့်စီးဖို့ ကျန်ခဲ့ကြတယ်"

ရှုပါ ရှက်နေမှာစိုး၍ ညီတွေကို အကြောင်းရှာပြောရ၏။ မြဟန်နှင့် ...ကတော့ သုံးလေးငါးခါ စကားပြောဖူးနေကြပြီ ဖြစ်သဖြင့် ပြောဝံ့ဆိုဝံ့ ...ကြသည်။ ဆီစာအုပ် မြန်မြန်လုပ်ထားရန်၊ ဆီစာအုပ်ရလျှင် သူ့ကို ...ပေးထားရန်၊ သမဝါယမက ပစ္စည်းတွေ ထုတ်ပေးထားမည်။ ကုန်ဝယ် ...အုပ်သာ လာပေးထားပါဟု ရှုပါက မြဟန်ကို ပြောလာသည်။

လှဟန်နှင့် ကျွန်တော်က မြောက်ဘက်မုခ် ဓာတ်လှေကားဘက်ရှေ့ ... လျှောက်လာကြ၏။ အဆင်သင့်ပင် သူဇာနှင့်မူယာတို့ကို ဓာတ်လှေကားစောင်းတန်းပေါ်၌ ထိုင်၍တွေ့ရသည်။ ကျွန်တော်တို့ လာနေကြသည်ကို မြင်ကြသောအခါ နှစ်ယောက်စလုံး မတ်တတ်ထရပ်ကြသည်။ ...က်နှာချင်းဆိုင်၍ မတ်တတ်ရပ်လိုက်ကြ၏။

"သူဇာ၊ ဒါ ကိုယ့်ညီတွေလေ။ သူက မိုးကုတ်မှာ နေတယ်။ သူကတော့ သံမဏိက မြဟန်၊ ကိုနဲ့ အတူနေတာ"

"ဟုတ်ကဲ့"

"သူဇာတဲ့၊ ရှုပါတို့အစ်မ။ သူ့နာမည်ကတော့ လောင်ပူလေး"

မူယာက-

"မဟုတ်ဘဲနဲ့"

ဟု ရယ်ပြီး လှမ်းရိုက်၏။

မူယာကို ကောက်လွန်း၊ ပူဆာလွန်းအားကြီး၍ ကျွန်တော်က 'လောင်ပူလေး' ဟု နာမည်ပေးထားသည်။

"လောင်ပူလေး မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဘာလဲ ဒီလိုဆို နင့်နာမည်"

"မူယာ၊ မူယာ"

အားလုံး ရယ်လိုက်ကြသည်။


ပညာရွှေတောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com

"လာလေ ညီမလေး၊ ကိုကိုတို့နဲ့ လိုက်ခဲ့"

"ဟင့်အင်း၊ ဟင့်အင်း"

လှဟန်က မူယာ၏လက်ကို လှမ်းဆွဲသောအခါ မူယာက ငြင်းသည်။

"လိုက်သွားပါလား၊ တိုယ့်အစ်ကိုတွေပဲဟာ"

"မလိုက်ပါဘူး၊ ဘာလို့ လိုက်ရမှာလဲ"

သူဇာက ပြောသည်ကို မူယာက ယခုထိ ငြင်းတုန်း။

"နောက်မှ ဆိုင်ကို လာလည်ဦးမယ်။ ကျွန်တော်တို့ သွားမယ်အစ်မ"

လှဟန်က သူဇာလိုလို ရှုပါလိုလိုနှင့် နှုတ်ဆက်၏။

သူဇာက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ညီမလေး လိုက်ခဲ့ပါလား၊ ကိုကိုတို့က သမ္မတရုံမှာ ရုပ်ရှင်ကြည့်ဦး မှာ။ ညနေကျတော့ ညီမလေးကို ကိုကိုတို့ ပြန်လိုက်ပို့ပေးမှာပေါ့"

"ဟင့်အင်း၊ မလိုက်ပါဘူး"

လှဟန်ခေါ်သည်ကို မူယာက ထပ်ငြင်းသည်။

"မင်းတို့ ဘယ်ရှိုးကြည့်မှာလဲ"

"ဝမ်းသာတီး မီမယ်ထင်တာပဲ၊ ညနေ ထမင်းစားပြီးမှ ကျွန်တော် တို့ ပြန်မှာ ကိုကို"

မြဟန်ကမူ တစ်ခွန်းမှ ဝင်မပြော။ ရှုပါ ပြောသည်ကိုလည်း အင်း အင်းသာ လုပ်နေ၏။ လှဟန်ကမူ -

'အစ်မ ကျွန်တော်တို့ သွားဦးမယ်' ဟုပင် ထပ်နှုတ်ဆက်သွားသည်။

"မိုးကုတ်သားကတော့ သိပ်သွက်ပုံရတယ်။ အရောင်းအဝယ်သမား ဆိုတာ အဲဒီလိုမှ၊ ကိုမြဟန်ကတော့ စကားသိပ်နည်းတာပဲ၊ တစ်နေ့ လည်း ဆိုင်မှာ လာထိုင်တာ ငုတ်တုတ်ကြီး။ ဘာတစ်ခွန်းမှ မပြောဘူး မေမေကသာ လက်ဖက်သုပ် စားပါဦး၊ ရေနွေးသောက်ပါဦးနဲ့"

ညီတော်မောင်နှစ်ယောက် နောက်ခိုင်းသည်နှင့် သူဇာက ဝေဖန် သည်။ လှဟန်ကို အရောင်းအဝယ်သမားဟု ဆိုသဖြင့် ကျွန်တော် ပြုံးလိုက်မိသည်။

"ကျွန်မကတော့ ဦးကြီး နေတာထိုင်တာပဲ သဘောကျတယ်"

"ဘယ်က ဦးကြီးလဲ"

ရှုပါ့စကားကို မရှင်းသဖြင့် သူဇာက မေး၏။

"ဦးမြဟန်ကို ပြောတာ။ မမသူဇာ မသိသေးဘူး၊ အဲဒီလို လူကြီး နေလို့ ရှုပါက သူ့ကို ဦးကြီးလို့ ခေါ်တာ။ သူကလည်း ကျေကျေနပ်နပ် ပဲ။ ခုတော့လည်း ဦးကြီးပဲ နှုတ်ကျိုးနေပြီ"

*အံ့ဩသွားမိသည်။ ရှုပါနှင့် သည်အကောင် ဘယ်တုံးကများ ဤ ရင်းနှီးနေကြပါလိမ့်။*

"ကိုလှဟန်ကတော့ ကိုကို့ထက်တောင် လည်မယ့်ပုံပဲ။ ရုပ်လည်း ဖြောင့်တယ်"





"လည်တာကတော့ မပြောတတ်ဘူး။ ရုပ်ကတော့ ကိုကို့ကို ဘယ်မီ မလဲ ရှုပါရယ်"

"အမယ် သူ့ရုပ်က ဘယ်လောက်လှလို့လဲ။ ကုလားနှာခေါင်းနဲ့ တရုတ်မျက်နှာကြီး"

သူ့အမေ သိန်းသိန်း ယခင် ပြောဖူးသော စကားကို ရှုပါက ထပ် ပြော၏။

"တော်သေးတာပေါ့"

"ဘာလဲ" ဟု ရှုပါက ဖိနပ်ထုပ်နှင့် လှမ်းတို့၏။

"ကြည့်စမ်း၊ ဒီသူငယ်မ ခုကတည်းက ငါ့ကို ဖိနပ်နဲ့ ရိုက်တယ်"

"ဆောရီး ဆောရီးနော်၊ မေ့လို့ ကိုကို"

ရှုပါက ပြောသည်။

"ငါကတော့ ထိုင်ကန်တော့မှ ကျေနပ်မယ်"

"ထိုင်လေ၊ ကန်တော့ပါ့မယ်" ဟု ရှုပါက ဆိုသေးသည်။

ဘုရားကို လက်ယာရစ်တစ်ပတ် ပတ်ကြသည်။ ပန်း၊ ဆီမီး ပူဇော် ကြသည်။ တနင်္ဂနွေသားသမီး ဖြစ်ကြသော ရှုပါနှင့်ကျွန်တော်က တနင်္ဂ နွေဂြိုဟ်တိုင်ဘုရားကို ရေသပ္ပာယ်ကြသည်။ ဂဠုန်ရုပ်ကို ရေချိုးပေးကြ သည်။

"ကိုကို ထီထိုးရဦးမယ်နော်"

ဟု ရှုပါက ဆိုသည်။ ထီထိုးရန် အရှေ့ဘက်မုခ် ဆင်းလာကြ၏။ ဘုရားဈေးတန်းဆိုင်ရှေ့တွင် မူယာက မတ်တတ်ရပ်၏။ ဘာယူမလို့လဲ ဟု ရှုပါက မေး၏။ ရွှေဇီးကွက်ရုပ် ဝယ်ပေးဟု မူယာက ပြော၏။ ညီအစ်မ တွေက ကျွန်တော့်မျက်နှာကို လှမ်းကြည့်ကြသည်။ ယူလိုက်လေဟု ပြော လိုက်ရ၏။ မူယာက ဇီးကွက်ရုပ်ကြီးကြီးတစ်ရုပ်ကို လက်ညှိုးထိုးပြသည်။

"မကြီးဘူးလား ညီမရယ်"

"မကြီးပါဘူး"

"ဟုတ်တယ်၊ မင်းတို့ ညီအစ်မက ကြီးကြီး ကြိုက်တတ်ကြတာပဲ။ လူ . . ."

"ဘာလဲ ကိုကိုနော်"

ရှုပါက ကျွန်တော့်ကို မျက်စောင်းထိုးသည်။

"မဟုတ်ဘူးလား"

"ပိုက်ဆံပေးလိုက်"

"ဟာ- ဇီးကွက်ရုပ်က ငါ ဝယ်ပေးရမှာလား"

"သူ့ပဲ ယူလိုက်ပြောပြီး၊ ပေးပေါ့"

ရှုပါ၏စကားကို သူဇာနှင့် ဆိုင်ရှင်တို့က ရယ်ကြသည်။

"ဘယ်လောက်လဲဗျာ"

"တစ်ရာပါ ခင်ဗျာ"


www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေးလေး"

ကိုယ်ကို တွန့်လိုက်သဖြင့် ရယ်ကြပြန်သည်။

"ကိုကို ဆိုင်အတွက်လည်း ဝယ်ရအောင်ကွယ်။ ပြန်ရောင်းရတာ ပေါ့" ရှုပါက ချွဲသံနှင့်ပြော၏။

"နောက်မှ ဝယ်ပါကွာ၊ ဒီအရုပ်ကြီး ကိုင်သွားရမှာ"

"ဘာဖြစ်လဲ၊ ဇီးကွက်က လာဘ်ကောင်တဲ့ ကိုကိုရယ်"

"လမ်းမှာ မိုးရွာရင် စိုမှာစိုးလို့ ရှုပါရယ်"

"ကားနဲ့ ပြန်မှာပဲဥစ္စာ"

"ရှုပ္ပါသဘောပဲ"

"ကျွန်မတို့ နှစ်ကောင် ယူမယ်ရှင့်၊ လျှော့ပါဦး"

"ရောင်းဈေးပါပဲ ညီမရယ်"

ကျွန်တော် ခေါင်းကုတ်ပြီး ငွေနှစ်ရာ ထုတ်ပေးလိုက်ရသည်။

"ဖြစ်နေလိုက်တာ" ဟု သူဇာက ဆိုသည်။

ဤမျှနှင့်မပြီး၊ နောက် ကစားစရာ ဒန်အိုးဒန်ခွက်တွေ မြင်တော့ ဝယ်ပေးဟု ပူဆာပြန်သည်။

"တော်ပြီ၊ ငါက ပိုက်ဆံရှိတာ မဟုတ်ဘူး။ နင် ဟိုကောင်တွေ ခေါ်တော့ ဘာလို့ လိုက်မသွားလဲ။ ဟိုကောင်က မိုးကုတ်က ကျောက်သူဌေးဟ။ သမ္မတရုံမှာ ရုပ်ရှင်ကြည့်မယ်၊ ညနေစာလည်း ရန်ကုန်ထဲမှာ စားလာကြမယ် ပြောသွားတာ ကြားတယ် မဟုတ်လား။ နင် အဲဒီကောင်တွေနဲ့ လိုက်သွားရင် ရုပ်ရှင်လည်း ကြည့်ရမယ်၊ ဒံပေါက်လည်း စားရမယ်၊ ဖာလူဒါလည်း သောက်ရမယ်၊ နင်လိုချင်တဲ့ အရုပ်မျိုးစုံလည်း ရမယ်။ ကဲ ဘာလို့ လိုက်မသွားလဲ"

"လည်တယ်တဲ့၊ ရောင်းစားပစ်မှာ ကြောက်လို့"

"အမယ် အမယ်၊ နင့်ရုပ် ဘယ်ကုလားက ဝယ်မှာလဲ"

"ဝယ်ဖို့ မဟုတ်ဘူး၊ မေမေက ပြောတယ်"

"ငါ့အန်တီက နင့်ကို ဘာပြောလဲ"

ညီအစ်မသုံးယောက်စလုံးက ကျွန်တော့်မျက်နှာကို လှမ်းကြည့်လိုက်ကြသည်။

"ဘာဝယ်ပေးမယ်၊ ညာဝယ်ပေးမယ် ပြောပြီး ခေါ်သွားတာ တိုက်ကြီးထဲ ရောက်တော့ မျက်လုံးကိုဖောက်၊ လျှာကိုဖြတ်ပြီး တောင်းခိုင်းတယ်တဲ့"

"ဟ- ဒါက ငါ့ညီတွေပဲ၊ နင့်ကို ဒီလိုတော့ လုပ်မလား"

"မသိဘူး၊ ကျွန်မ ကြောက်တယ်။ ရန်ကုန်ထဲလည်း မလိုက်ရဲဘူး။ လုပ်လေ ဝယ်ပေးပါဆို"

တော်တော်လည်တဲ့ ကောင်မလေးဟု စိတ်ထဲက တွေးလိုက်မိသည်။ ဘယ်လိုပြောပြော အာရုံမပြောင်း။ လိုချင်တာကိုပဲ အတင်း ပူဆာနေသည်။ ဆိုင်ရှေ့က ဘယ်လိုမှ ဆွဲခေါ်၍ မရ။ သူ့အစ်မ သူဇာက ပိုက်ဆံဆတ်ရန် လုပ်သောအခါ ကျွန်တော် မနေရဲတော့။ ကလေး ကစားစရာ ဒန်အိုးဒန်ခွက်တစ်စုံကို ဝယ်ပေးလိုက်ရသည်။

နောက် ဇီးကွက်ရုပ်ကြီး ရှုပ္ပါလက်က လွတ်ကျတော့ သတိမပြုဘဲ မနေရဲပြန်။ ပလတ်စတစ်အိတ်ကြီးတစ်လုံး ဝယ်ရသည်။ ဇီးကွက်ရုပ်နှစ်ရုပ်နှင့် ဒန်အိုးဒန်ခွက်၊ ထိုးတို့ကို စုထည့်၍ ဆွဲယူရ၏။

အိမ်ရှေ့တွင် ကားရပ်သောအခါ ယနေ့ ဆိုင်ပိတ်သည် ဟူသော ဆိုင်းဘုတ်ကို တစ်ချက် လှမ်းကြည့်လိုက်မိလေသည်။

✤ ✤ ✤

"ကိုကို မူယာ လာသွားသေးတယ်"

အိမ်ခန်းထဲ ဝင်လိုက်သည်နှင့် မြဟန်က ဆီးပြော၏။

"လောင်ပူလေး ဘာလာလုပ်တာလဲ"

"ရှုပါ ဖျားနေလို့ လာခဲ့ပါဦး မှာသွားတယ်။ သူ့အမေက ခေါ်ခိုင်းတာပါတဲ့"

"ငါက ဆရာဝန်မှ မဟုတ်တာ၊ ဖျားရင် ဆေးခန်းသွားကြပေါ့"

တစ်ယောက်တည်း ပြောသလို ညည်းလိုက်မိသည်။

တစ်နေ့ကလည်း မူယာ လာခေါ်၏။ ကိစ္စရှိလို့၊ ပြောစရာရှိလို့ဟု ဆို၏။ ဧည့်သည်တစ်ယောက်နှင့် အလုပ်ကိစ္စ ချိန်းထားတာ ဖျက်၍ လိုက် သွား၏။ ဧည့်သည်လာလျှင် ဆိုင်လိုက်လာရန် မှာထားရသည်။

ဆိုင်ရောက်တော့ ဘာကိစ္စလဲဟု ရှုပ္ပါကို မေးရ၏။ လူကြီးတွေ မရှိလို့ ကိုကို့ ခေါ်တာဟု ဆိုသည်။

"ဘယ်သွားကြလဲ"

"ဦးက ဆိုက်ကားလိုင်စင်ရမယ်ပြောလို့ သွားတယ်"

ကိုအောင်ငွေကို ပြောသည်။

"မသိန်းသိန်းကော"

"မတင်ညွန့်နဲ့ လိုက်သွားကြတယ်"

"နတ်ကနားလား"

"ဟုတ်လိမ့်မယ်"

"အဘကော"

"အမယ်လေး၊ စစ်လိုက်ဆေးလိုက်တာ"

မူယာက ကြားဝင်ပြောပြီး အပြင်ဘက် ထွက်သွား၏။ ရှုပါကတော့ ပြုံး၍ ဘကြီးတို့အိမ်ကို သွားတယ်ဟု ပြောသည်။ ကိုသိန်းတန်တို့အိမ်တွင် ဆေးသွားကုနေသော သူဇာ့ကို သတိရမိသွားသည်။

"သူဇာကော ပြန်သွားပြီလား"

"မနက်ဖြန် ပြန်မယ် ပြောတယ်"




www.burmeseclassic.com

www.burmeseclassic.com

"သူတို့လင်မယားတော့ အဆင်ပြေပုံပါတယ်နော်"

"ပြေပါတယ် ကိုကို၊ ဘာဖြစ်လို့လဲ ထိုင်ဦးလေ"

သူ့ရှေ့က ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"သူဇာ့ကြည့်ရတာ တစ်မျိုးလားလို့"

"သူယောကျ်ား လွမ်းလို့နေမှာပေါ့"

"သူယောကျ်ားကရော သူဇာ့ကို တော်တော်ချစ်လား"

"သိပ်ချစ်တယ်"

"ရူပါ့ကို ကိုကိုချစ်တာကော့ မီပါ့မလား"

ရူပါက ရုတ်တရက် ထလိုက်သည်။ ဈေးဝယ်လာသဖြင့် သွားရောင်းခြင်း ဖြစ်၏။ ဂျင်းဘောင်းဘီနှင့် ကောင်လေးတစ်ယောက် ဈေးလာဝယ်၏။ တမင်ပင် ဈေးဆစ်နေသည်။

"တစ်ရာ့တစ်ဆယ်ပါရှင်။ တစ်ရာနဲ့ မရပါဘူး"

"တခြားဆိုင်တွေမှာဆို ရပါတယ်ဗျာ ဟဲဟဲ"

ရူပါက စိတ်တိုသွားပုံရသည်။ 'ဟဲဟဲ' ဟူသော လူရွယ်၏ရယ်သံကြောင့် ကျွန်တော်သတိထားလိုက်မိသည်။ ကောင်လေးက လွယ်အိတ်နှင့် ကျောင်းသားမှန်း သိသာသည်။ ရူပါ့ကို တိုးတိုး ဘာပြောလိုက်သည် မသိ။ သူ့ရယ်သံကိုသာ ထပ်ကြားရသည်။ ရူပါ၏အမဲ့မျက်နှာနှင့် မျက်စောင်းကို လှစ်ခနဲ မြင်လိုက်ရသည်။

"ညီမကလည်း စိတ်တိုတတ်လိုက်တာ၊ ဟဲဟဲ ရောင်းသူဝယ်သူ အသံတူ ဆို . . ."

"ပေးလိုက်ပါ ရူပါ"

ကြားဝင်ပြောလိုက်ရသည်။

လူရွယ်၏မျက်လုံးက ရုတ်ခြည်း ကျွန်တော့်ဆီ ရောက်လာသည်။ ရူပါနှင့် သူ့ကိုမကြည့်ဘဲ နေလိုက်၏။ ရှိုးကေ့စ်ဗီရိုကို ခပ်ဆောင့်ဆောင့်ဖွင့်သံ ကြားရ၏။ ရူပါ့လက်ချက်မှန်း သိသာ၏။

"စက္ကူအိတ်လေးနဲ့ ထုပ်ပေးပါလားဗျာ"

"ပလတ်စတစ်အိတ်ပဲ ရှိတယ်"

"သွားမယ်နော်"

ရူပါ၏အသံကို မကြားရ။ လှည့်ကြည့်လိုက်မိသည်။ ထွက်သွားသောလူရွယ်၏ ပြန်လှည့်အကြည့်နှင့် မျက်လုံးချင်း သွားဆုံမိ၏။ ရူပါက ခြေဆောင့်၍ လျှောက်လာသည်။ ပြုံး၍ ကြည့်နေမိသည်။

"တကယ်ပဲ တကယ်ပဲ၊ ဈေးရောင်းစားရတာ လွယ်တယ်မထင်နဲ့ ကိုကို"

"အဲဒါဆိုလည်း ဆိုက်ကားနင်းစားပေါ့ကွာ"

ခုံပေါ်က ပေတံနှင့် ခပ်ဆတ်ဆတ်တစ်ချက် အရိုက်ခံလိုက်ရ၏။

"အမယ်လေး မနာပါဘူး"



နောက်တစ်ချက် ထပ်ရိုက်ပြီး ရူပါက ရယ်သည်။

"ဒီလိုပဲ ဈေးသည်ဆိုတာ သည်းညည်းခံ ဆက်ဆံရတယ် ရူပါရယ်။ ကိုယ့်ကို ပိုက်ဆံလာပေးတဲ့သူပဲ၊ ကိုယ့်ကို ထမင်းကျွေးတဲ့သူပဲ။ သည်းခံရမှာပေါ့။ ကုလားလေးတွေ ဈေးရောင်းတာ မြင်ဖူးတယ် မဟုတ်လား။ လူမှုရေးမှာ နှုတ်ချိုရင်လျှိုတစ်ပါးတဲ့"

"ရည်းစားစာ ပေးတာတို့၊ သားပြောမယားပြော ပြောတာကျတော့ ကော"

"ဒါလည်း လိမ္မာပါးနပ်စွာ ရောင်းရတာပေါ့။ အပျိုကို လူပျိုက ရည်းစားစာပေးတာ၊ ရည်းစားစကားပြောတာ မဆန်းပါဘူး။ ကိုကိုတောင် စောစောက ရည်းစားစကား ပြောလိုက်သေးလား ထင်တယ်"

"မေမေ ပြန်လာရင် တိုင်ပြောမယ်"

"မလုပ်ပါနဲ့ဗျာ၊ ခေါင်းနဲ့ဆင်းပြေးနေရပါဦးမယ်"

"ကိုကိုကတော့ တကယ်ပဲ"

"ချစ်စရာကောင်းတာ မဟုတ်လား"

"မုန်းတယ်"

"မိဘပေးစားလို့သာ ယူရမယ် ဆိုပါတော့"

မျက်နှာတစ်ချက် ပျက်သွားသလားဟု ထင်မိလိုက်သည်။

"ဒီစကားကတော့ ရူပါ့ကို တကယ် ပြောမှာနော်"

"ဘာစကားလဲ" ဟု ပြောပြီး မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"သူဇာ့ကိုတော့ မသိန်းသိန်းနဲ့ မသန်းဌေးတို့က ပေးစားတယ်လို့ ပြောတယ်။ သူဇာ မကြိုက်ဘဲနဲ့များ ယူလိုက်ရတာ၊ လားလို့ ကိုယ်တွေးပြီး စိတ်မကောင်းဖြစ်မိတယ်"

"မမကို အမေတို့က ကြိုက် မကြိုက် မေးပါသေးတယ်။ မမက သူ ကြိုက်လို့ ယူတာပါ"

"မိဘတွေက သိပ်ပြီး တွန်းအားပေးကြတော့လည်း မလွှဲမရှောင်သာတာရယ်၊ စမ်းကြည့်ချင်တဲ့သဘောရယ်၊ ရည်းစားမရှိတာရယ်ကြောင့် ယူလိုက်တာများလားလို့"

"မဟုတ်ပါဘူး"

"မမကို စဉ်းစားဖို့ အမေကရော အဘကြီးကရော အချိန်ပေးပါတယ်"

"ဘယ်နှစက္ကန့်လဲ"

"တစ်ပတ်လောက်ပါ"

သက်မ တစ်ချက် ချလိုက်မိသည်။

"မမမှာ ရည်းစားမရှိတာတော့ ဟုတ်တယ်"

"ငါလည်း သိပါတယ်။ သူဇာ အိမ်တွင်းပုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်မျက်နှာကို မသိမသာ အကဲခတ်လိုက်သည်။

"ရှုပါတော့ ရည်းစားရှိမှာပေါ့"

"ရှိတာပေါ့"

ရင်ထဲ ထိတ်သွားသည်။

"ခုနက တက္ကသိုလ်ကျောင်းသားလား"

"အဲဒီကောင်စုတ် ဘာလုပ်မှာလဲ"

"ရုပ်က လှသားပဲ"

"ဟင်" ဟု နှုတ်ခမ်းကို မဲ့ပစ်လိုက်၏။

"ဘယ်မှာလဲ ရှုပ့်ရည်းစားက။ ကျောင်းသားလား၊ အလုပ်သမားလား၊ ဘာလုပ်လဲ"

"ဒီမှာလေ ဆိုင်ရောင်းနေတယ်"

လက်ညှိုးနှင့် နဖူးကိုလှမ်းထောက်၍ ပြော၏။ ကျေနပ်စွာ ပြုံးမိသွားသည်။

"တကယ်ပြောတာ ရှုပါ။ ရှုပ့်စိတ်ထဲက တကယ် နှစ်နှစ်ကာကာ မချစ်ဘဲနဲ့တော့ ကိုကို့ကို လက်မထပ်ပါနဲ့နော်။ မိဘပေးစားလို့ ယူရတာမျိုး ကိုကိုတော့ လုံးဝ သဘောမကျဘူး။ တချို့ကျတော့ ပြောကြတာပေါ့။ ညားပြီးသွားလည်း ချစ်သွားကြတာပေါ့ ဆိုတာ။ ကိုကိုကတော့ ညားပြီးမှ ချစ်တာကို မလိုချင်ဘူး။ ချစ်ပြီးမှ ညားတာကို လိုချင်တယ်"

"ရှုပ့်ကော ကိုကို တကယ် ချစ်ရဲ့လား"

"ရှုပ့်ကိုတော့ ကိုကို တကယ် ချစ်တယ်။ ဒါလည်း ခုမှ ချစ်တာ မဟုတ်ဘူး။ ငယ်ငယ်ကတည်းက ချစ်လာတာ။ ဟိုတုန်းကတော့ ရှုပါ အရွယ်မရောက်သေးလို့ စိတ်ထဲက ချစ်နေခဲ့ရတာ။ ကိုကို ထောင်က လွတ်လာတော့ ရှုပါတစ်ယောက်ဖြင့် အရွယ်ရောက်နှင့်လောက်ပြီ။ အိမ်ထောင်တွေဘာတွေများ ကျသွားပြီလား၊ တက္ကသိုလ်ကျောင်းသူကြီးများ ဖြစ်နေပြီလား၊ ဆရာဝန် အင်ဂျင်နီယာများ ဖြစ်နေလေပြီလား ဆိုတဲ့ အစွဲအလမ်းနဲ့ လာကြည့်တာ။ ခုလို တွေ့ရတော့ ကိုကို သိပ်ဝမ်းသာသွားတယ်။ မှတ်မိသေးလား၊ အဲဒီနေ့က ကိုကို ကြိုက်တတ်တဲ့ မုန့်ဟင်းခါးကို ဘူးသီးကြော်နဲ့ ကျွေးတာရယ်၊ ခပေါင်းဆေးလိပ်ဘူး ဝယ်လာပေးတာရယ် ကိုကို့ရင်ထဲ ဘယ်လို ကြည်နူးသွားမှန်း မသိဘူး။ ဩော်- ဒီသူငယ်မ ငါနဲ့ ပတ်သက်လို့ မှတ်မှတ်ရရ ရှိတတ်လိုက်တာလို့ တွေးပြီး မျက်ရည်တောင် ဝဲမိသွားတယ်"

တကယ်ပင် ရင်ဖွင့်လိုက်မိ၏။

"ကိုကို့ကို ရှုပါလည်း သတိရပါတယ်။ ဟိုတုန်းက ပွဲဈေးတန်းသွားကြတာတွေ၊ မုန့်ကျွေးတာတွေ ရှုပါ သတိရပါတယ်။ မေမေရိုက်ရင် ဖေဖေနဲ့ ဦး၊ အဲ ကိုကိုတို့က မေမေ့ကို ဟန့်တားကြတာလေ။ ရှုပ့်ကို ကိုကို ဂါဝန်လေးတွေလည်း ဝယ်ပေးဖူးတာပဲ"





သူ့ မှတ်မိသည်များကို ငေးငေးငိုင်ငိုင် တွေးတွေးဆဆ ပြန်ပြောပြသည်။

ရင်ထဲ ဝေဒနာတွေ ပိုပြည့်လာ၏။

"ဒါနဲ့ ရှုပ့်ဖေဖေ ကိုသန်းမြင့်ကော ခု ဘယ်မှာလဲ"

"သမိုင်းမှာ"

"ကျန်းကျန်းမာမာပဲ မဟုတ်လား။ ခု ဘာလုပ်လဲ"

"အရောင်းအဝယ်လုပ်တယ် ပြောတယ်"

"ရှုပါနဲ့ တွေ့သေးလား"

"တစ်ခါတလေပဲ သွားခိုးတွေ့ရတာ။ ကိုကို မရှိတုန်း တစ်ခါ သွားတွေ့တာ မေမေ သိသွားလို့ ရိုက်လိုက်တာလေ။ အိမ်ကလည်း နှင်ချတယ်။ မေမေ ငိုလည်း ငိုတယ်"

အတိတ်ကို သတိရ၍ စိတ်မကောင်း ဖြစ်မိသွားသည်။

ရှုပါတို့တွင် ညီအစ်မသုံးယောက် ရှိကြရာတွင် အဖေက တစ်ယောက်စီ။

"ကိုယ့်အဖေ ကိုယ်သွားတွေ့တာပဲကွယ်။ ဒါတော့ မသိန်းသိန်းက ခွင့်ပြုဖို့ ကောင်းပါတယ်။ ဟိုကလည်း ရင်သွေးပဲ တွေ့ချင်ရှာမှာပေါ့။ ရှုပ့်ကို ကိုသန်းမြင့် သိပ်ချစ်တာ ကိုကို သိပါတယ်"

"သွားတွေ့ဖို့ မပြောနဲ့ ကိုကို၊ လေသံတောင် မကြားနိုင်ဘူး။ အဖေနာမည်ကိုလည်း ဦးအောင်ငွေပဲ ပြောင်းထားတယ်။ ကျောင်းနာမည်၊ အဖနာမည်လည်း ဦးအောင်ငွေပဲ"

"ကိုအောင်ငွေကလည်း ရှုပ့်အပေါ် ကောင်းပါလိမ့်မယ်"

"ဦးက ကောင်းပါတယ်၊ သမီးအရင်းလိုပါပဲ"

"ဟုတ်ချင်လည်း ဟုတ်မယ်လေ"

မျက်ရည်ဝဲနေသော ရှုပါ၏မျက်နှာက တည်သွားသည်။ ကိုသန်းမြင့်က အရပ်ပုပြီး ကိုအောင်ငွေက အရပ်ရှည်သည်ကို တွေးမိသည်။ ရှုပါလည်း အရပ်ရှည်၏။

"မသိန်းသိန်းကလည်း ရှုပ့်အပေါ် ကိုအောင်ငွေ ကြင်နာကြောင်း ပြောပါတယ်။ ကိုအောင်ငွေက လူကောင်းပါ။ ဒီကောင်ကြီးအကြောင်း ကိုကို သိတာပေါ့။ ဒီကောင်ကြီးနဲ့ ရှုပ့်အမေ လက်ထပ်ကြတော့ ကိုအောင်ငွေက လူပျိုကြီး၊ မသိန်းသိန်းက နှစ်ခုလပ် နှစ်လင်ကွာ ကလေးနှစ်ယောက်အမေ။ တော်တော်တန်တန်လူဆို ဘယ်ယူလိမ့်မလဲ"

"ဟုတ်ပါတယ်၊ ဦးကို ကျွန်မတို့လည်း ကျေးဇူးတင်ပါတယ်။ ကျွန်မ လေးနှစ်သမီးလောက်ကတည်းက ကျွေးမွေးလာတာ။ မေမေကတော့ ကောင်းပါဘူး ကိုကိုရယ်။ ရှုပါတို့ လက်ထပ်ပြီးရင်လည်း ဒီမှာ မေမေနဲ့ အတူနေလို့တော့ ဖြစ်မှာ မဟုတ်ပါဘူး"

ရှုပါ၏စကားက မိမိ၏စိတ်ကူးပိမာန်ကြီးကို တစ်ဝက်ခန့် ယိုင်သွား



www.burmeseclassic.com

www.burmeseclassic.com

စေသလား ထင်လိုက်ရသည်။

မိမိ၏စိတ်ကူးမှာမူ ဤဆိုင်ခန်းကို ကျကျနန တိုးချဲ့မည်။ ယခု တစ်ထပ်တဲအိမ်ကို နှစ်ထပ် ပြန်ဆောက်မည်။ တိုက်ခံ ဆောက်မည်။ အခန်းနှစ်ခန်းတွင် ကုန်ခြောက်ကုန်ချောအပြင် ကုန်စုံဆိုင်ကြီး လုပ်မည်။ သိန်းသိန်းတို့နှင့် အတူနေကြမည်။

ဤသည်မှာ ကျွန်တော်၏စိတ်ကူး။ ယခု ရှုပါ၏စကားကြောင့် စိတ်ထဲ ဝေဝါးသွားသည်။

"ဘာဖြစ်လို့လဲဟင် ရှုပါ"

"မေမေက ဆူဆူပူပူ သိပ်လုပ်တာပဲ။ ခုလည်း ဦးနဲ့ မခေါ်ကြတာ တော်တော်ကြာပြီ။ ပင်စင်ကျကတည်းကပဲ"

"ပင်စင်ယူလိုက်တာကို မကျေနပ်လို့လား"

"မဟုတ်ဘူး ကိုကိုရယ်၊ ဦးကို ဆေးပင်စင် တင်ခိုင်းတာလည်း မေမေပဲ။ ဆေးပင်စင်ရလို့ ငွေလေးငါးသောင်းရရင် အရောင်းအဝယ် လုပ်မယ်ပေါ့။ ဦး ဆေးပင်စင်ကျတော့ မကြည်ပြန်ဘူး။ တုံးတယ် အ,တယ် ဘာမှ မလုပ်တတ်၊ မကိုင်တတ် အစွမ်းအစမရှိ ဆိုပြီး ပူညံပူညံ လုပ်တယ်။ ဦး ကတော့ ပြောပါတယ်။ နင်တို့သားအမိ မငတ်စေရပါဘူး။ ငါ ဆိုက်ကား နင်းကျွေးမယ်တဲ့"

သိန်းသိန်းက ကိုအောင်ငွေအား အရောင်းအဝယ် လုပ်ရန် ပြောမရ၊ သူ့အစ်ကိုနှင့် ကျောက်အရောင်းအဝယ် မလုပ်ရကောင်းလားဟု မကြည်ကြောင်း ယခင်က ပြောဖူးသည်ကို သတိရမိသည်။

ကိုအောင်ငွေကမူ 'ကျွန်တော်တော့ အမြဲ ထောင်နှုတ်ခမ်းလျှောက်ရတဲ့အလုပ်၊ ရင်ခုန်နေရတဲ့အလုပ် ဝါသနာမပါဘူး ကိုအေးဟန်။ စက်ရုံ အလုပ်ရုံမှာ တစ်သက်လုံး လုပ်လာတာ၊ ဒီလို အလုပ်မျိုးလည်း မလုပ်တတ်ဘူး' ဟု ရိုးသားစွာ ပြောဖူးသည်။

"ဆိုက်ကားလိုင်စင်က ခုထိ မရသေးဘူးလား"

"ရတော့မယ်လို့ ပြောတယ်။ အဲဒါ ဆိုက်ကားတောင် မနင်းရသေးဘူး။ ဆိုက်ကားသမားမိန်းမလို့ အပြောခံရတယ်ဆိုပြီး ဦးကို စကားမပြောဘူး၊ မခေါ်ဘူးလေ"

"ခိုးဆိုးတိုက်ခိုက်စားတာမှ မဟုတ်တာကွယ်"

ရှုပါက ဆေးဆိုးထားသော လက်သည်းများကို ပွတ်နေသည်။

"ခု ကိုကိုတော့ ဘာပြောသေးလဲ"

"ဘယ်သူလဲ၊ မေမေကလား"

"အင်း" ဟု ခေါင်းညိတ်ပြလိုက်၏။

"အေးဟန်က သိပ်လည်တယ်၊ နင်လည်း ကြည့်နေတဲ့"

"ဟင်" ဟု အသံထွက်သွားမိသည်။ ဘယ်လိုပါလိမ့်ဟု တွေးမရဖြစ်သွား၏။ ရှုပါနှင့် ကျွန်တော့်ကို လမ်းကြောင်းပေးသူမှာ သိန်းသိန်းပင်။





သူဇာတို့ အိမ်ထောင်ရေးကို စံနမူနာပြု၍ ရှုပါကို နားချခဲ့သူကလည်း သိန်းသိန်းပင်။ ယခုတော့ အေးဟန်က လည်သည်တဲ့။

"ဒီမိန်းမ တုတ်ကို ခုန်ခုန်တိုးနေတာ ကြာပြီ" ဟု ကိုအောင်ငွေပြောစကားကို သတိရ၍ ပြုံးမိသွားသည်။

"ကိုကို အမှန်အတိုင်း ပြောမယ် ရှုပါရယ်။ ရှုပါ့ကို ကိုကို ငယ်ငယ်ကတည်းက၊ ရှုပါ အရွယ်မရောက်ခင်ကတည်းက ချစ်လာတာတော့ အမှန်ပဲ။ ခု တွေ့ကြတော့လည်း ချစ်နေသေးတာပဲ။ ဒါပေမယ့် ရှုပါနဲ့ ကိုကိုက အသက် ထက်ဝက်နီးနီးကွာတော့ ကိုကို မမှန်းရဲဘူး။ သမီးအရွယ်ကို ကြံရမလားဆိုပြီး မသိန်းသိန်း ပါးစပ်ကို ကြောက်လို့ပဲ။ ကိုယ့်သိက္ခာလည်း ကိုယ်ပြန်ငဲ့ရတယ်။ ဒီရပ်ကွက်မှာက ကိုကို့ကို မသိတဲ့သူ ရှိဘူး။ အဲဒါကြောင့် ဆိတ်ဆိတ်နေမိတာ။ နောက်တော့ မသိန်းသိန်းကပဲ ရှုပါနဲ့ကိုကို့ကို ပြောလာတယ်။ ခုခေတ် လမ်းသရဲလေးတွေနဲ့ ဖြစ်မှာစိုးလို့ ဘာလို့ ဆိုပြီးလေ။ ရှုပါ့ရှေ့တင်ပဲ ပြောတာပဲ။ သူဇာတို့ အိမ်ထောင်ရေး ဥပမာ ပါလိုက်သေးတယ်"

"ရှုပါ သိပါတယ် ကိုကို"

"အေး- ဒါတွေ ရှုပါ သိပါတယ်၊ ဒါကြောင့် စောစောက တကယ် ပြောမယ်ဆိုတာ အဲဒါ ပြောချင်လို့။ ခု မသိန်းသိန်းတို့ ရှုပါ့ကို ဘယ် ယောက် နားချနားချ၊ ဘယ်လို အကျပ်ကိုင်ကိုင် ရှုပါ ကြိုက်မှ ခေါင်းညိတ်ပါ။ ကိုကိုကတော့ ပွင့်ပွင့်လင်းလင်းပဲ ကြိုက်တယ်။ တကယ်လို့ ရှုပါ့မှာ ချစ်သူရှိတယ် ဆိုရင် ဦးလေးသားချင်းတစ်ယောက်၊ ဒီလိုမှ မဟုတ်ရင်လည်း အစ်ကိုကြီး၊ သူငယ်ချင်းတစ်ယောက်လို ပွင့်ပွင့်လင်းလင်းပြော။ သဘောကပေးစားလို့ ကိုကို့ကို ယူလိုက်ပြီ ဆိုပါတော့ အတော်ကြာ ကလေး တစ်ယောက်၊ နှစ်ယောက်ရမှ ကိုကို့ကို ပစ်ထားခဲ့ရင်တော့ ကိုကိုရှုံးမှာပဲ။ ကိုကိုက ရှုပါ့ထက် အသက်ကြီးတော့ ဒါကို အမြဲ ကိုကို တွေးတယ်"

"စိတ်ချပါ ကိုကိုရယ်၊ မေမေတို့က ကိုကိုနဲ့ မပေးစားတော့ဘူးလုပ်ဆောင် ရှုပါ ကိုကို့ဆီပဲ ပြေးလာမှာပဲ။ သိကြားမင်း ဖျက်တောင် မပျက်ပါဘူးတဲ့ရှင်"

"သိကြားမင်း ဖျက်လို့ကတော့ ဘယ်ပျက်မလဲ။ အေး- တစ်ခုတော့ ရှိတယ်၊ လူဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်ရင်တော့ ပျက်ဖို့ သိပ်လွယ်တယ်။ အဲဒါတော့ ချစ်ချစ် အထူး သတိထားရမယ်နော်"

ပြုံး၍ ခေါင်းညိတ်ပြ၏။

မိမိက အလေးအနက် ပြောသော်လည်း ရှုပါကား လေးနက်ရမှန်း သိ၊ လျှာထုတ်ပြ၏။ မျက်စိမှိတ်ပြ၏။

ဩော်- တစ်ဆယ့်ရှစ်နှစ်၊ တစ်ဆယ့်ကိုးနှစ် အရွယ်သည် ကလေး ဆန်သာသာပါတကား။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

မြို့ထဲက ပြန်လာသည်။ မြဟန်ကို ပက်လက်ကုလားထိုင်တွင် တ ဖတ်၍ တွေ့ရ၏။ တစ်ချက် လှမ်းကြည့်သည်။

"စောစောကပဲ မူယာ လာသွားတယ်"

"ဟုတ်လား"

"ကိုကို့ကို ရောက်ရောက်ချင်း လွှတ်လိုက်ပါလို့ မှာသွားတယ်"

"ဘာကိစ္စပါလိမ့်၊ မင်း မမေးလိုက်ဘူးလား"

"ရှုပါ နေမကောင်းဘူး ပြောတာဘဲ။ ဆေးခန်း လိုက်ပို့ခိုင်းချင်လို့ လားမှ မသိတာ။ အားရင် သွားလိုက်ပါလား ကိုကို။ ဆိုင်ကလည်း တ ဖက် ဆိုတော့"

မြဟန်၏တွေးတွေးဆဆ အပြောကြောင့် ခဏတော့ ငိုင်သွားသည်။

"အို- ထမင်းစားပြီးမှ သွားမယ်ကွာ။ မင်း စားပြီးပြီလား၊ ဘာဟင်း ချက်လဲ"

"စက်ရုံမှာ သက်သာအစည်းအဝေးရှိလို့ ကျွန်တော် စားလာခဲ့ပြီ ဘာမှလဲ ချက်မထားဘူး"

သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ရှုပါတို့အိမ်မှာပဲ စားတော့မယ် ဟူသော အတွေးနှင့် အိမ်ပေါ်ထ ဆင်းလာမိသည်။

နေရောင်ခြည်မရှိသော်လည်း အလင်းရောင်ကား မမှိန်သေး။

လမ်းကိုကား မြင်နေရ၏။

"အေးဟန် မဟုတ်လား၊ သုတ်သုတ်သုတ်သုတ်နဲ့ ဘယ်လဲဟဲ့။ ဝ ခဲ့ပါဦး၊ နင်တို့များ နေစိမ့်လိုက်တာဟယ်။ ငါတို့အိမ်လည်း ဝင်ကောင်း တယ်ဟ"

"ပြန်မှ ဝင်တော့မယ် ဒေါ်ဒေါ်ရေ၊ ကိုသန်းစိန်တို့ကော"

"အိုဗာတိုင်းလေ၊ လူလေး မရောက်သေးဘူး။ မောင်ကြည်ထွန်းတို့ တင်တင်တို့ ရှိပါတယ်ဟ ဝင်ခဲ့ပါဦး"

"မဝင်တော့ဘူး အဒေါ်ရယ်၊ အပြန်ကျမှ ဆက်ဆက် ဝင်ခဲ့ပါ့မယ်"

"သိပါတယ် သိပါတယ်"

ဘာစကားလဲဟု စိတ်ထဲ မျက်ချင်သွားသည်။ အလကား အနှော အယှက်ဟုလည်း ဒေါပွမိ၏။ ဤအမျိုးသမီးကြီးသည် အင်မတန် အပေါက်အစများ၏။ ရွှေ့သွားတွေသာ မရှိတော့ပြီ ဖြစ်သော်လည် အတင်းအဖျင်း စကားများကိုကား သွားကျိုးလေကြားညပ်၍ ပြောကောင် တုန်း။

ငယ်စဉ်က သူ့အိမ်တွင် ထမင်းလခပေးစား၍ နေဖူးခဲ့သဖြင့် သူ့အ ကြောင်းကို ချေးခါးအူမ အကုန်သိသည်။ သူ့သား၊ သူ့သမက်၊ သူ့သမီ များကိုမူ ကျွန်တော် ခင်၏။ အားလုံး ရိုးသားသော စက်ရုံအလုပ်ရုံတ အလုပ်သမား၊ အလုပ်သမများပင်။ ကိုသန်းစိန်ဆိုလျှင် စံပြလုပ်သားဝ





ထူးသည်ထင်သည်။ သို့သော် ဤမျှခေါ်လျက်နှင့် မဝင်လျှင်မကောင်း၊ အပြန်တော့ ဆက်ဆက် ဝင်ရမည်။

ရှုပ့ါကို ပကတိအတိုင်း အရောင်းစားပွဲတွင် ထိုင်၍ တွေ့ရသဖြင့် ဒေါသကို မီးမွှေးပေးသလို ဖြစ်သွားသည်။ ဆိုင်ခန်းနောက်ဘက် အတွင်း ထဲတွင် သိန်းသိန်းတို့ ရှိနေကြသည်ကို သိနေ၏။

လမ်းမဘက်သို့ ကိုယ်လုံးနှင့် ကွယ်လိုက်သည်။ ထိုင်နေသော ရှုပ့ါ ပုခုံးကို လက်ဝါးနှင့် အုပ်လိုက်သည်။ ရှုပါသည် စားပွဲအောက်က လက် ညှို၍ ပေါင်ကိုဆိတ်သည်။

"ခေါ်တယ်ဆို"

"ဘယ်သူက ခေါ်လို့လဲ"

"လောင်ပူလေး လာခေါ်တယ် ပြောတယ်လေ။ ဖျားနေတယ်ဆို၊ ကိုယ်လည်း မပူပါလား"

"မဆိုကောင်း ဆိုကောင်း"

"ဟဲ့- အေးဟန်၊ လာဦး ဒီကို"

အတွင်းခန်းထဲမှ သိန်းသိန်း၏အသံ။

ရင်ထဲ ထိတ်သွားသည်။ ဘာတွေများ ဖြစ်နေကြပါလိမ့်။ တစ်နေ့ ကလည်း လင်မယားတွေ မခေါ်ကြဘူးဟု ရှုပါက ပြောသည်။ သူတို့ လင်မယားကြား ဘာစကားတွေများ ပြောမှားဆိုမှား ရှိပါလိမ့်။ ဆိုင်ကိစ္စ များလား။ ရှုပါနှင့် ပတ်သက်၍များ တိုင်တာတောတာ ပြောင်းပြန်လုပ် ပြောလေမလား။ တစ်ခါ တစ်ခါ လုပ်တတ်သည်။ ဆိုင်ကလေး ထိုင်ရတာ နဲ့ ထမင်းချက်ခိုင်းတာတောင် မကြည်ဘူး။ တစ်နေ့တစ်နေ့ အလှပြင်ပြီး ဆိုင်ပဲထိုင်နေတာ ကြည့်ပြောဦးဟုလည်း ဆိုဖူးသည်။

"ဘာလဲဟင်"

ခြေလှမ်းမရွှေ့ခင် ရှုပ့ါကို အရင် မေးရ၏။

"ဘာမှ မဟုတ်ပါဘူး"

"ခေါ်ဖို့ လွှတ်တယ် ပြောတယ်"

"ကျွန်မ မသိဘူး၊ မူယာက လာခေါ်တာလား"

"ဟုတ်တယ်"

"တကတည်း ပင့်လိုက်ရတာ။ နှစ်ပေါင်း ခုနစ်ရာ ကွဲနေတာ ကျနေ တာပဲ၊ ကြွပါရှင့်"

အမျိုးသမီး တစ်ယောက်၏ အတွင်းထဲက အသံ။

နေ၍ မရတော့၊ ခြေလှမ်းကို စရွှေ့ရ၏။

အထဲရောက်တော့ သိန်းသိန်းအနားမှာ မတင်ညွန့်ကို တွေ့ရသည်။ စောစောက အသံသည် မတင်ညွန့်၏အသံ။ ကိုအောင်ငွေနှင့် ဦးလှတို့ လည်း ခေါင်းရင်းဘက်တွင် ထိုင်နေကြသည်။

အောက်ဆုံးနေရာတွင် ထိုင်လိုက်သည်။ ကိုအောင်ငွေက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်၏။ သိန်းသိန်းက မျက်နှာတည်ထားသည်။

"ရှင် မနေ့က ဘယ်သွားလဲ"

"ထုံးစံအတိုင်းပါပဲ"

"မှန်မှန်ပြောနော်၊ မညာနဲ့"

မတင်ညွန့်က ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

"ထုံးစံအတိုင်းပါဆို၊ အရောင်းအဝယ်သမား ရန်ကုန်တစ်မြို့လုံး လျှောက်သွားနေရတာပေါ့ဗျ"

"တက္ကသိုလ်ထဲမှာ ဘာအရောင်းအဝယ်လဲ"

"လူ . . ."

"ဘာ"

"ဩော်- ခင်ဗျားကလည်း ဟောက်ဖို့ပဲ။ အရပ်က လူတစ်ယောက် သွားရှာတယ် ပြောမလို့ပါ"

"လူတစ်ယောက် သွားရှာတာလား၊ လူမိန်းမတစ်ယောက်နဲ့ တွဲသွားတာလား"

သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်မိသည်။

"ဟုတ်တယ်၊ ညီမတစ်ယောက် ဘွဲ့ယူမယ့်ကိစ္စ လိုက်လုပ်ပေးတာ"

"ဘင်္ဂလားညီအစ်မတော့ မဟုတ်ဘူးနော်"

အသက် ခုနစ်ဆယ်နီးပါးအရွယ် ဦးလှကို ရှေ့ထားပြီး သမီးနှင့် သူ့သူငယ်ချင်း မတင်ညွန့်တို့နှစ်ယောက် ပြောနေကြသောစကားကြောင့် ကျွန်တော် နည်းနည်း ချဉ်သွားမိသည်။

"ခင်ဗျားတို့ ပေါက်ကရ မပြောစမ်းပါနဲ့။ ညီမဝမ်းကွဲဗျ၊ ညီမဝမ်းကွဲ တင်မေထွန်း။ ကျုပ်တို့မှာ ဘင်္ဂလားမောင်နှမဆိုတာ မရှိဘူး။ ကြားလည်း မကြားဖူးဘူး။ ခင်ဗျားတို့ပြောမှ ကြားဖူးတယ်"

ကျွန်တော့်စကားတွင် ဒေါသပွမ်းသွားသည်ကို ပြောပြီးမှ သတိရ၏။ ထမင်းဆာနေသဖြင့် စိတ်တိုနေသည်။

"ဘွဲ့ယူတာများ ရှင်က ဘာလိုက်လုပ်ပေးစရာရှိလဲ"

သိန်းသိန်းကမူ လေသံမလျှော့သေး။

"ခင်ဗျား နားမလည်ပါဘူး မသိန်းသိန်းရာ၊ ဘွဲ့ယူတယ် ဆိုတာ ဘွဲ့ဝတ်စုံငှားဖို့ မော်ကွန်းဌာနတို့ ကုန်သွယ်ရေးတို့ သွားရသေးတယ်ဗျ။ ဘွဲ့ဝတ်စုံ ဆိုတာတော့ မြင်ဖူးတယ် မဟုတ်လား"

"အလကားပါဗျာ၊ ဒီမိန်းမတွေ နည်းနည်းဆို တစ်ဆိတ် တစ်အိုင် လုပ်ပြောပြီး တောပြောတောင်ပြော"

ကိုအောင်ငွေကပါ ဝင်ပြော၏။

"ရှင် ရှုပ်ရှုပ်ယှက်ယှက်တော့ မကြားစေနဲ့နော်"

ဤထက် ဖြေရှင်းစရာအကြောင်းမရှိ ထင်သဖြင့် ကျွန်တော် ထပ် မပြောတော့။ ထိုင်ရာမှ ထလိုက်သည်။





"ထိုင်ပါဦး၊ ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ခင်ဗျားတို့ ပြောချင်တာ ဒါပဲ မဟုတ်လား"

"အဲဒါ ပြောတာပေါ့။ နင်တို့တစ်တွေဟာ အရေးကြီးတဲ့ ကိစ္စတော့ အရင်မပြောဘူး။ တစ်လွဲဆံပင်တော့ တော်တော် ကောင်းတတ်ကြတယ်"

အဘိုးကြီးက လှမ်းပြောသဖြင့် အားနာစွာနှင့် ပြန်ထိုင်ရ၏။

"ကိုယ့်ကိစ္စ ကိုယ်ပြောပေါ့"

မသိန်းသိန်းက နှုတ်ခမ်းစူ၍ ကိုအောင်ငွေကို မျက်စောင်းထိုးကာ တစ်ဖက်သို့ လှည့်သွား၏။

"ဒီလိုဗျ ကိုအေးဟန်၊ ခင်ဗျား နယ်မြေရုံးမှာ အသိရှိလားလို့"

"ဟိုတုန်းကတော့ အားကြီးပဲ ကိုအောင်ငွေ။ ခုတော့ မရောက်တာ ကြာလို့ ဘယ်လူတွေ ဘာဖြစ်နေမှန်း မသိဘူး။ ကိစ္စရှိလို့လား"

"ဆိုက်ကားလိုင်စင်ဗျာ။ လျှောက်ထားတာ ကြာပြီ၊ အဲဒါ လိုက်ချင်လို့"

"ဩော်- ဒါလား၊ သတ်မှတ်ထားတဲ့ ဥပဒေစည်းကမ်းနဲ့ ညီရင် ရရမှာပေါ့ဗျာ။ စိတ်ချ၊ ကျွန်တော် လိုက်လုပ်ပေးပါ့မယ်"

"မနက်ဖြန် ကျွန်တော် စောင့်နေမယ်"

"ကောင်းပြီ၊ ကိုးနာရီ ဆယ်နာရီလောက်ပေါ့"

ကျွန်တော် မတ်တတ်ထသည်။

"နေစမ်းပါဦး၊ ရှင်က ဘယ်လိုဖြစ်နေတာလဲ။ ဖင်နွေးအောင်တောင် မထိုင်နိုင်ဘူး" ဟု မသိန်းသိန်းက ဟောက်ပြန်၏။

"ထမင်း မစားရသေးလို့"

"ခူးပေးလိုက်စမ်း မှုယာ"

"စားပွဲထိုးခ ဘယ်လောက်ပေးမလဲ"

မှုယာက မျက်နှာနှင့် စာအုပ်ကို ကွယ်ထား၍ ပြော၏။

"ရော့"

အစိတ်တန် တစ်ရွက် ပစ်ပေးလိုက်သည်။

"ဟဲ့- ဒီကောင်မလေး ပြန်ပေးလိုက်၊ ပြန်ပေးလိုက်"

ဟု ကိုအောင်ငွေက ဆိုသည်။

မှုယာက မီးဖိုဆောင်ဘက် ထပြေးသွား၏။

"ဟဲ့- ပြန်ပေးလိုက်ဆို။ မကြားဘူးလား"

သိန်းသိန်းက အော်သောအခါ ပိုက်ဆံကို လုံးခြေ၍ ပစ်လိုက်လေသည်။

"ယူပါစေ၊ ညီမ ယူထား ယူထား"

ဟု ကျွန်တော် ပြောသေး၏။ မှုယာက မယူ။ ခြေဆောင့်၍ အပြင် ထွက်သွား၏။

"ဟဲ့- အေးဟန်ကို ထမင်းခူးပေးလိုက်ပါ ပြောတာ။ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"အစ်မ ခူးခိုင်း။ သူများ အလကား လုပ်မပေးနိုင်ဘူး"

ဟု အပြင်က လှမ်းပြောသည်။

"သေချင်ပြန်ပြီနဲ့ တူတယ်"

ဟု ကိုအောင်ငွေက လှမ်းပြော၏။

ရှုပါက ထမင်းလာခူးပေးသည်။ ဆိုင်ခန်းသို့ ပြန်ထွက်သွား၏။

"ဟာ- အဝစား မဟုတ်လား၊ တစ်ခါပြင်ပဲလား။ ခင်ဗျားတို့ဆိုင်က လည်း ဈေးကြီးလိုက်တာ"

ပန်းကန်ထဲတွင် ထမင်းကုန်သွားသဖြင့် ကျွန်တော်က လှမ်းပြော လိုက်၏။

ရှုပါက ပြေးဝင်လာပြီး ထမင်းထပ်ထည့်ပေးသည်။

"ဩည့်သည်ကို တစ်ယောက်တည်း မထားပါနဲ့"

သိန်းသိန်းက လေသံမျှကြားရုံနှင့် ပြော၏။

ရှုပါအနား၌ ထိုင်စောင့်နေသည်။

"ရှုပါကော စားပြီးပြီလား"

"စားပြီးပြီ။ ကိုကိုတို့များ ဒီချိန်ထိ ထမင်းမေ့ဟင်းမေ့ ဘာတွေလုပ် နေလဲ"

"ဟာ- မမလေး ထဘီဖိုး ကြိုးစားနေရတော့လည်း ထမင်းဟင်း ဘယ် သိနိုင်မလဲဗျာ"

"အပြောကတော့"

"မယုံလို့လား"

"ကာတွန်းစာအုပ်ထဲကလို ယုန်ရုပ်ရေးပြမယ် ပြောမလို့ မဟုတ် လား"

ကျေကျေနပ်နပ် ပြုံးမိသွားသည်။

ထားခဲ့ဟု ဆို၏။ လက်ဆေးရေ ယူပေးရန် လုပ်သည်။ နေပါစေ ပြောပြီး ရေစင်တွင် လက်သွားဆေးလိုက်သည်။ ရှုပါက လက်သုတ်ပဝါ ယူပေး၏။ စိုသောလက်ကို သုတ်လိုက်၏။ အပြင်သို့ ထွက်လာသည်။

"ဟဲ့- ကောင်မလေး၊ ကြည့်စမ်း ကြည့်စမ်း။ ငါတို့ ပိုက်ဆံပုံး ဘာ လို့ နှိုက်နေတာလဲ"

ပိုက်ဆံပုံးကို ဆောင့်ချလိုက်သည်။

"အလကားလည်း ရောင်းပေးရသေး သူခိုးစွဲလည်း ခံရဦးမယ်။ နောက် ဘယ်တော့မှ မခိုင်းကြနဲ့ ဟင်း . . ."

ဟု ပြောပြီး အတွင်းထဲ ခြေဆောင့်၍ ဝင်သွားသည်။ မူယာ၏အမူ အရာကို ဈေးဝယ်သူကပါ ရယ်နေ၏။

"ဘယ်လောက် ပြန်အမ်းရမလဲဗျာ"

"ငါးကျပ်ပါ အစ်ကို၊ ဆယ်တန် ပေးထားပါတယ်"

တစ်နေ့က ကျောင်းသားများလားဟု ထင်လိုက်မိသည်။





ရှုပါ ထွက်လာ၏။

"နင်တို့နှစ်ယောက်ကတော့လေ၊ တကယ့် ခွေးနဲ့မျောက်ပဲ"

သိန်းသိန်း၏အသံကို အတွင်းက ကြားရသည်။

တစ်ဆက်တည်းပင်-

"ကျွန်မက မျောက်၊ ကျွန်မက မျောက်"

ဟု မူယာ့အသံကို ကြားသည်။

"မျောက်မပေါ့" ဟု လှမ်းပြောလိုက်၏။ ခွေးထီးဟု လှမ်းအော်သည်။

"ဘာဖြစ်လို့လဲ ကိုကို"

"သက်သက် စတာပါ"

"ကြပ်ကြပ်စ၊ နောက်တော့ အားမနာ ဖြစ်မယ်။ ခုတောင် ပြောမရ တော့ဘူး" ဟု ရှုပါက ပြောသည်။

မှန်သည့်စကား ဖြစ်နေသဖြင့် နှုတ်ပိတ်နေလိုက်ရသည်။

"မနေ့က ဘာလို့ မလာလဲ"

"အလုပ် နည်းနည်း များသွားလို့ကွယ်"

သကြားလုံးတစ်လုံးကို စက္ကူပတ်ခွာ၍ ပေး၏။ လှမ်းယူ၍ ငုံထား လိုက်သည်။

"ဦးကြီး ဘာလုပ်နေလဲ"

မြဟန်ကို မေးသည်။

"ထိုင်နေသည်"

"အကောင်းပြောရင်"

"ဟုတ်ပါတယ်။ ကိုကို လာတုန်းက ပက်လက်ကုလားထိုင်မှာ ထိုင် ကျန်ခဲ့ပါတယ်ဆို။ မယုံရင် သွားကြည့်၊ ခုလည်း ထိုင်နေတုန်းပဲ ရှိမှာ"

အသံညင်းညင်းနှင့် သာယာစွာ ရယ်သည်။

"မနက်ဖြန် လာခဲ့ဦးနော်"

"အင်း"

ငုံထားသော သကြားလုံးကို ပါးစပ်ထဲမှ တစ်ဝက် ပြန်ထုတ်လိုက် သည်။ ရှုပါက လက်ဝါးဖြန့်ခံ၏။ လျှာနှင့် ပြန်လုံးသွင်းကာ ပါးစောင် တွင် ငုံထားသည်။ ရှုပ့်လက်ထဲကို တံတွေး ထွေးချလိုက်သည်။

"ဟင်" ဆိုပြီး တံတွေးကို လက်မောင်းတွင် လာသုတ်၏။ ညစ်ပတ် တယ်ဟုလည်း ပြောသည်။ ရယ်နေလိုက်၏။ နောက်တစ်ခါ သကြားလုံး ကို ထုတ်ပြသည်။ ရှုပါက ခေါင်းခါပြ၏။

"တကယ်ပါ"

"မယုံတော့ဘူး"

"တကယ်ပါဆို"

လက်ဝါးဖြန့်လာသည်။ တကယ်လည်း ထည့်ပေးလိုက်၏။ ရှုပါက ပါးစပ်ထဲ ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မူယာ လာခေါ်တယ်၊ ဖျားနေတယ်ဆိုတော့ တကယ် ထင်တာ။ ထမင်းတောင် မစားခဲ့ရဘူး"

မတင်ညွန့်နှင့် သိန်းသိန်းကို မြင်သွားသည် ထင်သဖြင့် အရှက်ပြေ ပြောလိုက်ရ၏။ သူတို့နှစ်ယောက် တကယ်လည်း မြင်သွားကြပုံရသည်။ ရှေ့ဆင့်နောက်ဆင့် အပြင်သို့ ထွက်လာကြသည်။

"ခိုးချင်တာလည်း ပျာလို့၊ လက်နှေးတာလည်း ချာလို့ ဆိုသလိုပဲ သိန်းသိန်းရေ။ လူကြားကောင်းအောင် ဒီလိုပဲ ခေါ်ပြောရတာပေါ့ရှင်။ ကိစ္စမရှိဘဲ တမင်တော့ ရှင့်ကို ဖူးဖို့ခေါ်ပါ့မလား"

ကျွန်တော်ရော ရှုပ်ပါ ရှက်သွားကြသည်။

"ခင်ဗျား ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

"ကြွကြွ"

"ဖျားယူမလို့လား" ဟု ဆိုသေးသည်။ ဖျားယူမလို့ မဟုတ်ဘူး။ ရဲတင်းနဲ့ကို ပေါက်ချင်လို့ဟု စိတ်ထဲက ပြောလိုက်သည်။

"မိုးကုတ်က ညီတော်မောင် ပြန်ပြီလား"

မသိန်းသိန်းက မေး၏။

"မော်လမြိုင် သွားတယ်"

"ဒါနဲ့များ မပါဘူးတဲ့။ ကျွန်မတို့ကို ခုထိ မယုံသေးဘူးလား"

ပြုံးမိသွားသည်။

"ကျောက်ရောင်းဖို့သွားတာ မဟုတ်ဘူးဗျ။ မုတ္တမမှာ သူ့အစ်ကိုဝမ်းကွဲတစ်ယောက်ရှိလို့ သွားတာ"

"လိုမ့်မနေစမ်းပါနဲ့၊ မောင်လှဟန်ရဲ့ ပုံပန်း ဟိုနေ့ ထမင်းလာစားတုန်းက ဖမ်းပြီးသားပါနော်။ ကျွန်မတို့လည်း ဒီလောက် မအ,သေးပါဘူး"

"ခင်ဗျားတို့လည်းမှန်း တစ်ရပ်ကွက်လုံးက သိပါတယ်"

"ပါးထချလို့"

ကျွန်တော် ရယ်နေလိုက်ရသည်။

✤ ✤ ✤

"အမယ်လေး၊ ကျားသားမိုးကြိုး ပေါ်လာတော်မူသေးတယ်။ မောင်အေးဟန်တို့များ စိမ်းလိုက်တာကွယ်၊ ဒီက ဖြတ်သွားဖြတ်လာ အခေါ်ကို မနည်းတော့ဘူး။ အိမ်တောင် မဝင်ဘူး။ တစ်နေ့ကလည်း အပြန်ဆက်ဆက်ဝင်မယ်ဆိုလို့ မျှော်လိုက်ရတာ"

မျက်နှာမြင်သည်နှင့် ဒေါ်တင်အုံးက ပြော၏။ သူ့စကားက စိတ်ထဲ အနှောင့်အယှက် ဖြစ်သွားစေ၏။ ခြေလှမ်းတွေကို တုံ့သွားစေ၏။

"လာလေ၊ ကိုအေးဟန်" ဟု တင်တင်က ဆိုမှ ဝင်ထိုင်မိသည်။

ဒေါ်တင်အုံး၏အပြုံးတစ်စက တစ်စုံတစ်ခု မနှစ်မြို့စရာ ပြောတော့





မည်ကို အတပ်သိစေ၏။

"ကိုကြည်ထွန်းကော တင်တင်" ဟု မေးလိုက်မိ၏။

"မပြန်သေးဘူး" ဟု တင်တင်က ပြောသည်။

"ဆိုင်မှာပဲ နေမှာပေါ့" ဟု ဒေါ်တင်အုံးက ပြော၏။ ကိုကြည်ထွန်း တစ်ယောက် အရက်သောက်တတ်နေပြီ ဆိုတာ သိလိုက်ရသည်။

"ကဲ- ဘယ်ကလာလဲ၊ ဒီကို တမင် လာတာပါလို့ မညာနဲ့။ တစ်နေ့ကလည်း အပြန်ဝင်ခဲ့မယ်ပြောသွားတော့ မျှော်လိုက်ရတာ။ ည ဆယ်နာရီကို ထိုးရော"

"ကိစ္စရှိလို့လား ဒေါ်ဒေါ်"

သွားပွဲကြားက လေသံညင်းညင်းနှင့် ရယ်၏။ ဤလို ရယ်သံမျိုးကို ယခင်က နားညည်းလောက်အောင် ကြားဖူးခဲ့သည်။ ဟင်းဟင်းဟု ထပ်ရယ်ပြန်သည်။ ပြီးမှ-

"နင် သိန်းသိန်းတို့အိမ်မှာ ဆိုင်ဖွင့်ထားတယ်ဆို"

ဟု မေး၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ဒီကောင်မတွေနဲ့မှ သွားလုပ်တယ်ဟယ်"

"အို- အမေကလည်း" ဟု တင်တင်က ဆိုသည်။ တင်တင်၏စကားကြောင့် ဒေါ်တင်အုံး၏နှုတ်ခမ်းက ပြန်စေ့သွားသည်။ သို့သော် စက္ကန့်မျှသာ။

"သိန်းသိန်း အကြောင်း နင်လည်း သိသားပဲ မောင်အေးဟန်။ နည်းနည်းမှ စိတ်ငြိမ်တဲ့ကောင်မ မဟုတ်ဘူး။ သူ့အိမ်မှာ ဆိုင်ခန်းတွေ လုပ်တာ နည်းတော့လို့လား။ ဘာတစ်ခု မြဲလို့လဲ။ အတော်ကြာ မုန့်ဟင်းခါးဆိုင်၊ အတော်ကြာ ထမင်းကြော်၊ အတော်ကြာ စာအုပ်ဆိုင်၊ အတော်ကြာ ဖိနပ်ဆိုင်၊ ပရဆေးတောင် ဖွင့်သေးတယ်။ ဘာတစ်ခုမှ မမြဲဘူး။ သူ့အစ်ကို အရင်းပဲ နွေဦးလောက်က မောင်သိန်းတန် ပရိဘောဂလုပ်သေးတယ်။ တစ်နှစ်တောင် မကြာဘူး၊ ကွဲကြပြဲကြတာပဲ။ အစ်ကိုအရင်းနဲ့တောင် လုပ်လို့ မဖြစ်ဘူး ဆိုတော့ ဘယ်လူနဲ့ ဖြစ်ဦးမှာလဲ"

"အစ်ကိုနဲ့ မဖြစ်ပေမယ့် ကိုယ့်သားသမီးနဲ့ဆိုတော့ ဖြစ်ရမှာပေါ့ အမေရယ်၊ မဟုတ်ဘူးလား ကိုအေးဟန်"

မပြေးသော် ကန့်ရာရှိနေပြီမို့ မည်သို့မျှ ပြန်မပြောနိုင်။ ငြိမ်၍သာ နားထောင်နေမိ၏။ မချိပြုံးသာ ပြုံးနေမိ၏။

"အေး- အဲဒါလည်း ငါ ကြားတယ်၊ ဟုတ်လား မောင်အေးဟန်"

တည့်တည့်မေးသည်။ ဘယ်လိုမှ မဖြေ၍ မရ။

"ကျွန်တော် စိတ်ကူးနေတာတော့ အမှန်ပဲ ဒေါ်ဒေါ်"

"ဒီကလေးမမျိုးကိုများ မင်းမို့ စိတ်ကူးတယ်ကွယ်"

"လှတာကိုး အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကလေးနို့တိုက်နေရာက တင်တင်က လှမ်းပြောပြန်၏။

"ဒီရုပ်လား လှတဲ့ရုပ်။ ခါးလက်မလောက်နဲ့ ပါးစပ်ကလည်း ပြဲသေး တယ်"

ရင်ထဲ နင့်ခနဲ ခံစားမိသည်။ 'ပြောရက်လိုက်တာ၊ ကိုယ့်သားသမီး မဟုတ်တိုင်း။ ခင်ဗျားသမီး တင်တင်နဲ့ ရှုပါနဲ့ ဘာဆိုင်လို့လဲ' ဟု စိတ်ထဲက ပြန်ပြောနေမိသည်။ မည်သို့ဆိုစေ ရှုပါ လှသည်ကိုတော့ လူတိုင်း လက်ခံ ရမည်။ သူ့သမီးအရင်းခေါက်ခေါက် တင်တင်ကပင် ဝန်ခံပြီးပြီ။

တင်တင်သည် ရှုပါ့ကို ပြိုင်မရသည်မှာ အမှန်ပင်။ အသားအရေ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ တင်ပါး၊ ရင်သား၊ ခါး၊ လည်တိုင် ရှုပါ၏လည် တိုင် ရေတကောင်းလေးဆိုလျှင် 'စစ်နှင့် ငြိမ်းချမ်းရေး' ဇာတ်ကားထဲက နာတာရှာ၏ လည်တိုင်နှင့် တထေရာတည်း။ သို့သော် ခေတ်မျက်စိ မရှိသော ဤမိန်းမကြီးသည် ရှုပါ၏အလှကို မြင်တတ်သူ မဟုတ်။ ခါး သေး၍ ရင်ချီသည်ကိုပင် မရိုမသေ့စကားနှင့် အမနာပ ပြောဦးမည်ကို ကျွန်တော် သိနေသည်။

"ဟင်း- မောင်အေးဟန်၊ နင်ကတော့ အခုမှ စိတ်ကူးတုန်း ဟုတ် လား။ သိန်းသိန်းကတော့ အရပ်လှည့် မောင်းခတ်ပြီးပြီ။ ခု ဝါတွင်းကြီး တောင် ပေးစားတော့မလောက် ပြောနေတာ"

"အမေကလည်း ဒီလောက်ထိတော့ မဟုတ်သေးပါဘူး"

"ဘာမဟုတ်တာလဲ၊ နင် ဘာသိလို့လဲ။ ငါ အကုန်ကြားပြီးပြီ မင်္ဂလာဆောင်တာတောင် ကရဝိက်မှာ ဆောင်မယ်လို့ ပြောသတဲ့။ နင့်လို လူမျိုးသာရရင် သူတို့ဘက်ကတော့ သိပ်ကောင်းတာပေါ့။ သူ့သမီးလို ဒီတစ်ခါတော့ အစွံထုတ်တော့မယ်ပေါ့လေ။ အမေကသာလည်းတာ မဟုတ်ဘူးနော်၊ သမီးကလည်း လှစ်လှစ် လှစ်လှစ်နေတာ။ အကြီး သူဇာနဲ့များ နည်းနည်းမှ မတူဘူး။ သိန်းသိန်းက လင်သုံးယောက် ဒီကောင်မကျတော့ ဆယ့်နှစ်ယောက်ပဲဖြစ်မလား မသိဘူး။ ဟိုတစ်နှ ကတောင် ဒီလမ်းထဲက ဒေါ်ငွေသားနဲ့ထင်တယ် သင်္ကာရှင်းလိုက်ကြ သေးတယ်လေ"

ဒေါ်တင်အုံး၏စကားသည် နှလုံးသားကို တည့်တည့် လာမှန်သည် ဘယ်လိုမှ ကြွေခြေဆည်၍ မရတော့။

"ဘယ်လိုဖြစ်ကြလို့လဲ ဒေါ်ဒေါ်"

"ဘယ်လိုဖြစ်ကြမလဲ၊ မိန်းကလေးက ခါနန့်နေတော့ ဟိုကလည်း သူ့ငွေသား မဟုတ်လား ဘယ်ရှောင်လိမ့်မလဲ။ အဲဒီကောင်က သူ့ ကလေးဖျက်ချရတယ်တောင် . . ."

"အို- အမေကလည်း၊ မဟုတ်သေးပါဘူး။ ကိုအေးဟန်ရှေ့ ဘာ နှယ် မဟုတ်တာတွေ ပြောနေရတာလဲ။ ဟိုက သင်္ကာမရှင်းရဘဲ အခေ သင်္ကာရှင်းရလိမ့်မယ်"





"ဘာလို့ ငါက ရှင်းရမှာလဲ။ မောင်အေးဟန်က ကိုယ့်တူကိုယ့်သား လို မတော်တာတွေ့ရင် မသင့်တာမြင်ရင် ပြောရမယ်တဲ့။ ကိုယ့်အိမ်မှာ နေသွားတဲ့လူ ကိုယ့်တူကိုယ့်သားလို့ သဘောထားလို့ ငါက ပြောတာ။ မောင်အေးဟန် မင်းသိရင် မင်းဝမ်းထဲမှာထား။ အဒေါ်က မင်းကို မတော် တွေနဲ့ ဖြစ်မှာစိုးလို့ ပြောတာ"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ကျွန်တော်က ဒေါ်ဒေါ်တို့ပဲ ပြောမယ့်လူရှိ တာ။ ထောင်ထဲမှာလည်း ကြာခဲ့တော့ သူတို့အကြောင်း ဘာမှ မသိတော့ ဘူး၊ ပြောပါ"

"အေး- ငါတို့ကလည်း ကိုယ့်တူကိုယ့်သားလို ခင်နေတော့ ကြားတဲ့ သတင်း မဟုတ်ပါစေနဲ့၊ မဖြစ်ပါစေနဲ့လို့ ရင်တမမ ဖြစ်နေကြတာ။ ခု ကြားမလွန်သေးဘူး ကြားရမှ သက်မချနိုင်တော့တယ်။ အဲဒါ ပြောချင်လို့ ခေါ်တာတောင် နင်က လာဖော်မရဘူး။ မေ့ပင်အောက် ရောက်နေတာ ကိုးဟဲ့။ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေပြီဆိုရင် အဲဒီ မိန်းကလေးကို ချစ်ပါတယ်လို့ မပြောခင် အဲဒီ မိန်းကလေးရဲ့ ပတ်ဝန်း ကျင်ကို အရင် လေ့လာရတယ်။ သူတို့လမ်းနဲ့ ငါတို့လမ်းက ဖင်ချင်းကပ် နေတာ။ ဒီမှာ ငါ့အဒေါ်တစ်ယောက်လုံး ရှိတယ်၊ မေးပါဦးမယ် ဆိုတာ သတိရပါဦးလားဟဲ့"

မှန်သည်။ မစုံစမ်းမိတာ မှားလေခြင်းဟု ဝမ်းနည်းချင်လာသည်။ အရပ်ကောင်းမှ အလောင်းလှသည် ဆိုသလို မိန်းကလေးတို့ အနေမှာ လည်း အရပ်ကောင်းမှ လင်ကောင်းရသည်ဟု ဆိုရိုးရှိ၏။ ဤအရပ်သည် ဘယ်လို အရပ်ပါလိမ့်။ မောင့်ရှုပါလေးက ဒေါ်တင်အုံး ပြောသလို ဘတယ်များ ဖြစ်နေရှာသလား။

ထိုင်နေရင်း ခွေးပြန်လာသည်ဟု ထင်မိသည်။ ဒေါ်တင်အုံးကိုပင် ရှုစေ့မကြည့်ရဲသလို ဖြစ်နေမိသည်။ မိမိဘက်က သို့မဟုတ် ရှုပါ့ဘက်က တတ်သာရာ သက်သာကြောင်း လျှောက်လဲချက် မပေးနိုင်သော်လည်း တ်သေအဖြစ်တော့ လိုက်ပါကောင်းပါရဲ့ဟု တင်တင့်ကို လှမ်းကြည့်မိ သည်။

"ဒေါ်ငွေသားနဲ့ ဖြစ်တယ် ဆိုတာ ပြောပါဦး ဒေါ်ဒေါ်။ ကျွန်တော် လည်း စုံစမ်းကြည့်ပါဦးမယ်။ အဲဒီ ဒေါ်ငွေသားနာမည်က ဘယ်သူတဲ့

"ဟဲ့- သမီး၊ အဲဒီကောင်နာမည်က ဘာရယ်ဟယ်"

"အမေပြောတာလည်း မဟုတ်သေးပါဘူး။ ကျွန်မတို့ ကြားတာက ...မျိုးပါ။ အဲဒီ ကောင်လေးက ရှုပါ့ကို သဲသဲမဲမဲ ပိုးနေတာ။ ဒါပေမယ့် ...က ရည်းစားတွေ မှိုလိုပေါက်ထားတတ်တဲ့ အဲဒီကောင်ကို မကြိုက်ဘူး။ ... ငွေးနဲ့ မသိန်းသိန်းတို့ကလည်း ရင်းနှီးတော့ ကောင်လေးက ဘုရားမှာ ...ကို လိုက်စတယ်ဆို ထင်ပါရဲ့။ အဲဒါ ရှုပါက သူ့အမေကို လာတိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကောင်လေးက မစားရတဲ့အမဲ သဲနဲ့ပက် ဆိုသလို သွားပုပ်လေလွင့် ပြောတာပါ။ ရှုပါက အမေ ပြောသလောက်လည်း မဟုတ်သေးပါဘူး။ ကောင်မလေးက လှတော့ ပိုးမရတဲ့အကောင်တွေက နှစ်ပြားမတန်အောင် ပြောကြတာလည်း ပါပါလိမ့်မယ်။ ဒါ ကျွန်မက မိန်းမချင်း ကိုယ်ချင်းစာ ကြည့်ပြီး ပြောတာ ကိုအေးဟန်"

ရှည်လျားသော သက်မကို အတိုင်းအဆမရှိ ချလိုက်မိသည်။

"နင် ပြောတာသာ မဟုတ်တာ။ ငါ ကြားတော့ အဲဒီလိုပဲကြားတာ ပါပဲအေ"

"ခုခေတ် ကောင်လေးတွေ အကြောင်းကို အမေ မသိပါဘူး။ သူတို့ ပိုးမရရင် ဟိုအတန်းကလောက်နီးနီး ပြောကြတာ"

"ဘာပဲပြောပြောပေါ့ တင်တင်၊ မပုပ်လို့ကတော့ ဘာမှ နံစရာ မရှိဘူး၊ မဟုတ်လား ဒေါ်ဒေါ်"

"ဟုတ်တာပေါ့ကွယ်"

ဘာကို လိုချင်၍ ဘာစကားပြောလိုက်ပြီကို ဒေါ်တင်အုံး ရိပ်မိဟန် မရ။ မကြည်သာသောအကြည့်ကို သူ့ဆီမှ ခွာလိုက်သည်။

"တင်တင် နင် သိသလောက် ရှုပါနဲ့ ပတ်သက်တာတွေ ငါ့ စုံစမ်း ပေးစမ်းပါဟာ။ ငါ့မှာ ဒီအနီးအနား အားကိုးစရာဆိုလို့ နင်တို့ပဲ ရှိတ တယ်။ ပြီးတော့ နင်တို့စက်ရုံနဲ့ သူတို့ အိမ်နဲ့လည်း ပိုနီးတော့ နင်တို့ ပို သိမှာပါ။ ကျေးဇူးပြုပြီး စုံစမ်း . . ."

"ဒုက္ခပါပဲ မောင်အေးဟန်၊ နင် ရှုပ်ပါကို တကယ့် ကြိုက်နေပြီ"

"ဟုတ်ကဲ့ ခင်ဗျာ၊ အဲဒါကြောင့် စုံစမ်းရမယ်လေ ဒေါ်ဒေါ်။ ဒါပေ မယ့် ကျွန်တော်က သူတို့ကို ဘာမှ မပြောသေးပါဘူး ဒေါ်ဒေါ်ရေ။ အရင် က မေမေ့တောင် အသိမပေးသေးဘူး"

"နင် ခု အဲဒီကလာတာ မဟုတ်လား"

"ဟုတ်ကဲ့"

ဒေါ်တင်အုံးက သက်မ,ချသည်။

"ဒါကတော့ အလုပ်သဘောနဲ့ သွားနေရတာပါ ဒေါ်ဒေါ်။ကျွန်တော် လည်း ထမင်းစရိတ်ရလည်း မနည်းဘူး ဆိုပြီး လုပ်ထားရတဲ့သဘောပါ"

"ဆိုင်ကို ပြောတာလား"

"ဟုတ်ပါတယ်"

"ခု ဘယ်လိုလုပ်ကြလဲ"

"သူတို့က ဆိုင်ခန်းနဲ့ လူစိုက်၊ ကျွန်တော်က ငွေစိုက်ပေါ့ အဒေါ် ရာ။ ရတာကျတော့ တစ်ယောက်တစ်ဝက်လေ"

"နင့်ငွေက ခု ဘယ်လောက် စိုက်ထားလဲ"

"တစ်လောက်ပါပဲ"

"နည်းတဲ့ငွေလားဟ၊ စောစောက ငါ မသိလို့ဟယ်။ နင်ကလည်း

ငါတို့တောင် လာတိုင်ပင်ဖော် မရဘူး"

"မေ့ပင်အောက်ကို ရောက်နေတာကိုး အမေရဲ့"

တင်တင်က လှမ်းနောက်သည်။

"ဒီကောင်မကိုတော့ မယူစမ်းပါနဲ့ဟယ်။ နင့်ကို ငါ ကောင်းကောင်း တစ်ယောက် ရှာပေးပါ့မယ်။ ငါ့မျက်စိထဲကြည့်ရတာ တစ်စက်မှ အချိုး မပြေဘူး။ သိန်းသိန်းက မိန်းမလည်ပဲ။ တော်တဲ့လူမြင်ရင် သူက ဖမ်းတော့ မယ်လေ။ အရင် ဆရာဝန်တစ်ယောက်ဆီတောင် သူတို့သားအမိ ရောက် သေးတယ် ကြားတယ်။ ဒီလိုဟာမျိုး ဆရာဝန်က ယူမလားဟဲ့"

"အမေကလည်းနော်။ ကိုအေးဟန်က အမေ ပြောတာနဲ့ ဘာဖြစ် သွားတယ် ဆိုတာ အမေသိ . . ."

"ပြောပါစေ တင်တင်ရာ၊ ကိုယ့်တူကိုယ့်သားလို သဘောထားလို့ ပြောတာပဲ။ အဲဒီ ဆရာဝန်နဲ့ ဆိုတာလည်း စုံစမ်းပေးစမ်းပါဦး ဒေါ်ဒေါ်၊ ဘယ်လိုဖြစ်ကြသလဲ ဆိုတာ သိရတာပေါ့"

"စိတ်ချ စိတ်ချ၊ ငါ တိတိကျကျကို စုံစမ်းပေးမယ်။ နင်သာ မေ့ပင် အောက်မှာ ပျောက်မနေနဲ့။ ဒီလမ်းက သွားလာနေတာပဲ ဝင်ပေါ့"

"ဟုတ်ကဲ့၊ တင်တင် နင်လည်း စုံစမ်းထားဦးနော်။ ငါ့ကို ပါရမီဖြည့် ကြပါလား။ ကျေးဇူးမမေ့ပါဘူး။ လှတာမက်ရင် ညစာခက်တယ် ဆိုသလို ဖြစ်နေမှာစိုးလို့ဟ"

"ဟုတ်ကဲ့ပါ"

ဟု တင်တင်က ဆိုသည်။

မိုးလပင် ဖြစ်သော်လည်း ကောင်းကင်တွင် မိုးသားတိမ်တိုက်တို့ကို မမြင်ရ။ လသာ၍ ကြယ်တွေပင် ပေါက်နေသည်။ သို့သော် စိတ်သည် မလန်း။ နေ့တိုင်း ဆိုင်က ပြန်လာသော ခြေလှမ်းမျိုး မဟုတ်။ တွဲနွေး လေးလံနေသည်။ အိမ်ရောက်လာသောအခါ အိမ်တံခါး ပိတ်ထားသည်။

"ဦးမြဟန် သော့ပေးသွားတယ် ဦး"

အိမ်ရှင်သမီး အငယ်မက သော့တွဲလာပေး၏။

"ငါ့မှာ ပါပါတယ်" ဟု ပြောလိုက်၊ မေ့တတ်လွန်းသဖြင့် မြဟန်က စိတ်မချ၍ ပေးထားခဲ့ခြင်း ဖြစ်သည်။

✤ ✤ ✤

"မင်း ဆိုင်ကို ရောက်သေးလား"

အနားက ပက်လက်ကုလားထိုင်တွင် လာထိုင်သော မြဟန်ကို မေး မိ၏။ ထိုင်ထိုင်ချင်း မေးသဖြင့် မြဟန်က အံ့ဩသွားသည်။

"ကျွန်တော် မဝင်ခဲ့ဘူး၊ ဆိုင်ဖွင့်ထားသားပဲ။ ကိုကို မရောက်သေး ဘူးလား"

"မင်း ဘယ်သွားလဲ"





www.burmeseclassic.com

www.burmeseclassic.com

သူ့အမေးကို မဖြေပါ။ ရင်ထဲ နှုံးချည့်သလိုသာ ဖြစ်နေသဖြင့် ပြန်၍သာ မေးလိုက်မိ၏။

"ကျွန်တော် ဘူတာရုံလမ်းက အသိအိမ်တစ်အိမ် သွားလည်တာပါ"

နည်းနည်းတော့ အံ့သြသွားမိသည်။

မြဟန်သည် ငယ်ငယ်ကပင် ရန်ကုန်ရောက်နေသော်လည်း စိန်ပန်းမြိုင်နှင့် ကျွမ်းသူ မဟုတ်။ သူ့အရပ်သည် အင်းစိန်သာ ဖြစ်၏။ ယခင်ကလည်း ဘူတာရုံလမ်းတွင် အသိရှိသည်ဟု မပြောဘူး။ ယခုမှ သွားလည်သည်မှာ ဆန်းနေသလိုပင်။ ဤအရပ်ကား ယခင် ခြောက်နှစ်၊ ခုနစ်ကျော်က မိမိအရပ်။ သည်အရပ်မှာ နေချင်၍ မြဟန်ကို အင်းစိန်က တမင် ခေါ်လာခြင်း ဖြစ်သည်။

"မင်းတို့ စက်ရုံကလား"

"မဟုတ်ပါဘူး ကိုကို၊ သူ့အဖေက သဘော်သားပါ"

"မင်းနဲ့ တော်တော် ရင်းနှီးလား"

"ဟုတ်ကဲ့" ဟု ဖြေရင်း မိမိ၏မျက်နှာကို အထူးအဆန်းလို လှည့်ကြည့်နေသည်။ မိမိကလည်း မြဟန်ကို ငေးနေမိ၏။ မြဟန် ပြောသောသူသည် မည်သူနည်း။ ရင်းနှီးသည်ဟုလည်း ဆို၏။ အမျိုးသားလား၊ အမျိုးသမီးလား၊ ဘယ်သူပါလိမ့်။ မေးရ မမေးရ ချီတုံချတုံ ဖြစ်နေသည်။ အမျိုးသမီးဖြစ်ဖို့ သေချာသည်ဟုထင်သည်။

"ဘာဖြစ်လို့လဲ ကိုကို"

ရိပ်မိသွားသလား၊ သက်ပြင်းရှိုက်သံကို ကြားလိုက်လေသလား။ တစ်ခုခုတော့ တစ်ခုခုပဲဟု ထင်လိုက်သည်။

"ဘာမှ မဖြစ်ပါဘူး။ ငါ မေးစရာတစ်ခုရှိလို့ပါ။ မင်းအသိ ဆိုတာ"

"ကျွန်တော်တို့က ရိုးရိုးခင်တာပါ"

မလုံမလဲ ပြောလိုက်မှန်း သိသာသည်။

"ငါမေးတာ အဲဒါ မဟုတ်ပါဘူး။ မင်းအသိက အမျိုးသမီး ဆိုရင် ရူပါကိုသိလား မေးကြည့်ပါ ပြောမလို့"

"ဘာဖြစ်လို့လဲ ကိုကို"

သည်စကားကိုပင် ထပ်မေးသည်။

"မဖြစ်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့ကွာ၊ ဒီအရပ်ဟာ ဟိုတုန်းက ငါနေခဲ့တဲ့အရပ်ပဲ။ အပ်ကျတာတောင် ငါ သိတယ်။ ဒါပေမယ့် ခုတော့ ဆင်ပျောက်ရင်တောင် ခြေရာမခံတတ်ဖြစ်နေလို့ ခြောက်နှစ်၊ ခုနစ်နှစ် ဆိုတဲ့ ကာလမှာ လူတစ်ယောက်ရဲ့ဘဝပါ ပြောင်းသွားနိုင်တာကိုး။ အဲဒါ မင်းအသိ အမျိုးသမီးကို မေးကြည့်စမ်းပါ၊ ရူပါကို သိလားလို့"

"သိတယ်တဲ့၊ ကျွန်တော် ဒီနေ့ပဲ မေးလာတယ်။ ကျွန်တော့်အစ်ကို အဲဒီမှာ ဆိုင်ဖွင့်ထားတယ် ဆိုတာလည်း ပြောခဲ့တယ်"

ပက်လက်ကုလားထိုင်မှ အလိုလို ခါးဆန့်ပြီးသား ဖြစ်သွားသည်။





ရင်ခုန်နှုန်းကတော့ ပိုမြန်လာ၏။ စိုးရိမ်သောကသည် ဦးနှောက်ထိပ် ရုတ်ခြည်း ဘောင်ဘင်ခတ်သွား၏။

"ဟုတ်ပြီ၊ စာရိတ္တနဲ့ ပတ်သက်လို့ပါ"

"အဲဒါတော့ ကျွန်တော် မမေးမိဘူး"

"အေးလေ၊ နောက်ကြုံတော့ မေးကြည့်ဖို့ ပြောတာပါ"

"ဟုတ်၊ ရူပါ ဘာဖြစ်တယ်ကြားလို့လဲ ကိုကို"

"မဖြစ်ပါဘူး။ ကိုယ် လက်ထပ်မယ်လို့ မှန်းထားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ချေးခါးအူမ သိချင်လို့ပါ။ ငါ အပြင်မှာမရှိတဲ့ ခြောက်နှစ်အတွင်း ဘာများ အပြောင်းအလဲ ရှိလဲလို့ပါ"

မြဟန် များစွာ တွေသွားသည်ဟု ထင်လိုက်သည်။

အကိုင်းအခက်တို့သည် လေတိုက်သောအခါ၌ ပင်စည်ထက် ပို၍ လှုပ်ခါတတ်လေသည်တကား။

✤ ✤ ✤

"ဦးဦး . . . ဦးဦး"

အပြင်က ခေါ်သံကို ကြားရသည်။ ဆူနေသော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်တစ်ဆုပ်ကို ကမန်းကတန်း ပစ်ထည့်လိုက်၏။

"ဦးကြီး ဦးကြီး"

ဟု ထပ်ခေါ်သံနှင့် တံခါးကို ခေါက်နေသည်။ အိမ်ရှေ့သို့ အပြေးတလေး ထွက်လာ၏။ တံခါးဝတွင် ရူပါ ရပ်နေသည်။

တံခါး ဖွင့်ပေးလိုက်သည်။ အထဲသို့ ဝင်လာ၏။

"ခေါ်လိုက်ရတာ၊ အိမ်ရှေ့က အမျိုးသမီးတွေ ထွက်ကြည့်ကြတာ သူများ ရှက်တောင်ရှက်တယ် သိလား"

ဟု ဆိုလေသည်။

"မီးဖိုထဲ ရောက်နေလို့ပါ၊ ကိုယ့်ဦးလေးသားချင်းအိမ်လာတာ ဘာရှက်စရာရှိလဲ"

"ဟုတ်သားပဲ"

ဟု ဆိုပြီး ပြုံးလေသည်။ သူနှင့် လိုက်၍ ပြုံးမိ၏။

"ဦးကြီး ရှိလား"

လေသံမျှနှင့် ကြားရုံသာ မေးသည်။

"မရှိဘူး၊ အလုပ်ဆင်းသွားတယ်"

သူ့လက်ထဲက ချိုင့်သို့ မျက်စိရောက်သွား၏။ ချက်ချင်း အထာပေါက်သည်။

"ငါးပိရည်နဲ့ ကိုကို ကြိုက်တတ်တဲ့ တညင်းသီးတို့စရာ လာပေးတာ"

ချိုင့်လေးကို မသိမသာ မြှောက်ပြ၍ ပြော၏။ နှစ်ကိုယ်ကြား အခေါ်အဝေါ် 'ကိုကို' ကို တစ်မုဟုတ်ချင်း ကြားလိုက်ရသဖြင့် ရင်ထဲ အေးမြ



www.burmeseclassic.com

www.burmeseclassic.com

သွားမိ၏။ မောင့်ချစ်သူသည် ရုပ်သာလှသည် မဟုတ်၊ အသံလည်းသာပေစွ။

"ကဲ- လာ၊ ကိုကိုလည်း ဟင်းနွှေးနေတယ်၊ ထမင်းစားမလို့"

တံခါးကို ပြန်စေ့၍ ချက်ထိုးလိုက်၏။

"ဘာဟင်းချက်လဲ ကိုကို၊ ရှုပါလည်း စားမယ်နော်"

"စားရပါတယ်ဗျာ၊ စားလေ။ လာ ကြက်သားဟင်း။ မနေ့က ကျန်တာ"

"ဦးကြီးကော ထမင်းချိုင့်ယူသွားသေးသလား"

"မယူဘူး။ သက်သာဆိုင်မှာ စားတယ်"

"ကဲ- ထိုင်၊ ကိုကို ပန်းကန်ဆေးလိုက်ဦးမယ်"

"ရှုပါ ဆေးပါ့မယ်"

"နေပါ နေပါ"

"ပေးပါဆို"

အတင်း လုယူသွား၏။

"ဒန်အိုးတွေလည်း မီးသွေးကျီးပေါင်းတက်နေပြီ။ တစ်ခါမှ မတိုက်ဘူးလား"

"ဒီနေ့တိုက် မနက်ဖြန် ပြန်မည်းတာပဲ။ မထူးဘူးဆိုပြီး မတိုက်ဘဲထားတာ။ ဒန်အိုး ဆိုတာမျိုးကလည်း မီးသွေးကို ဖြူအောင်လို့ သောင်ခြောက် ခဲဝါတို့ ဖွပ်လျှော်ကာ စင်အောင်ဆေးသော်လည်း ဖွဲ့မရတဲ့ အဖြစ်မျိုးနဲ့ တူပါတယ်။ ဘယ်လောက် တိုက်တိုက် ပြန်မည်းတာပဲ"

ဘာပြောလိုက်မှန်းကို သဘောပေါက်ပုံမရ။

'ဒန်အိုးတွေ တစ်နေ့ လာတိုက်ပေးရဦးမယ်' ဟုသာ ဆို၏။

မျက်နှာနုနုလေးကို စက္ကန့်အတော်ကြာကြာ ငေးလိုက်မိသည်။ ဘယ်လိုကြည့်ကြည့် အကြည့်ခံသောအလှ။ လူကြီးသူမတွေ ပြောကြသည်က အသားညိုမှ အကြည့်ခံသည်ဟု ဆို၏။ ယခု ရှုပါ၏ အသားက အသားဝါ၊ ဘာပြောစရာရှိမည်နည်း။

ကြက်သားဟင်းဖတ်တွေအပြင် ငါးပိရည်ပါ ဆမ်းပေးသည်။ ငါးပိရည်နှင့် မြှုပ်ရန် လေးခြမ်းခွဲထားသော တညင်းသီးတွေကို တစ်ဖွဲ့စီ ထည့်ပေးသည်။ နှစ်ယောက်အတူ မျက်နှာချင်းဆိုင် ထမင်းစားရသဖြင့် ပို၍မြိန်သည်။

မိုးကြိုးပစ်ခါနီး လက်သော လျှပ်စီးနှယ် လျှင်သောအဟုန်ရှိသည်ဟု ထင်၏။ မျက်တောင် တဖျပ်ဖျပ်နှင့် မျက်လုံးတစ်စွေ့အကြည့်ကို ခံလိုက်ရ၏။

"မနေ့က ကိုကို ဆိုင်က ပြန်သွားတော့ ဘယ်ဝင်သေးလဲ"

"ဘယ်မှ မဝင်ပါလား"

"စဉ်းစားကြည့်ပါဦး"





"ဒေါ်တင်အုံးတို့အိမ် ခဏ ဝင်တယ်"

အကြည့်တစ်ချက်ကို ပြက်ပြက်ထင်ထင် မြင်လိုက်ရသည်။ ဒန့်သလွန်ရွက်ဟင်းချိုကို ယောင်မှား၍ တစ်ဇွန်းဆမ်းလိုက်တာ မြင်လိုက်ရသည်။ သူ့စိတ် မည်မျှ လှုပ်ရှားနေသည်ကို အကဲခတ်ရင်း ကြက်တောင်ပံရိုးတစ်ခုကို ဝါးကာ သူ့မျက်နှာကို ကြည့်သည်။

"ကိုကို အရင်တုန်းက အဲဒီအိမ်မှာ ထမင်းလခ ပေးစားဖူးတယ်ဆို"

"ဟုတ်တယ်၊ ရှုပါတို့အမေနဲ့လည်း ရင်းနှီးတာပဲ"

"ခု မခေါ်ကြတာ ကြာပြီ ကိုကိုရယ်"

"ဘာဖြစ်လို့ပါလိမ့်"

"ကြွေးကိစ္စလေ၊ ဘွားဘွား အထည်ရောင်းတုန်းက အကြွေးရော၊ ခု အဘကြီးဆီက အတိုးနဲ့ ချေးထားတာတွေပါ ပြန်မပေးလို့ မေမေနဲ့ စကားများကြတယ်၊ ရှုပါနဲ့တော့ ဘာမှ မဖြစ်ပါဘူး။ ရေပေးတဲ့ ကိုသိန်းအေးတို့က သူတို့အိမ်နားက မဟုတ်လား။ တစ်ခါတစ်ခါ ရေပိုက်ဖွင့်ပေးဖို့ သွားပြောရင် သူကြည့်တဲ့အကြည့်က ရှုပ့်ကို တစ်မျိုးပဲ"

"ထင်လို့ ဖြစ်ပါလိမ့်မယ်ကွယ်"

"သိတာပေါ့ ကိုကိုရာ။ အမှန်က လူကြီးတွေနဲ့ဖြစ်တာ ရှုပါနဲ့မဆိုင်ဘူး မဟုတ်လား။ ဒါပေမယ့် ရှုပ့်ကိုပါ သူတို့လမ်းထဲ ရေကိစ္စနဲ့ လာတဲ့ဥစ္စာ သူတို့လမ်းထဲက ကောင်လေးတွေကို အပြန်လာပိုးသလိုလို၊ လိုက်စကားပြောကြပါစေလို့ အယောင်ပြသလိုလို ပြောတယ်တဲ့"

ရှုပါ ဘာဆက်ပြောဦးမလဲဟု ခဏနှုတ်ဆိတ်ထား၏။

ရှုပါတို့ ဘွားဘွား ရှိတုန်းကပင် ဒေါ်တင်အုန်းနှင့် အဆင်မပြေဖြစ်ခဲ့ကြသည်ကို သိသည်။ ထိုစဉ်က ဒေါ်တင်အုံး၏ သားသမီးများ ဖြစ်ကြသော ကိုသန်းစိန်၊ မတင်တင်တို့သည် အလုပ်အကိုင်လည်း မရှိကြသေး။ ကျောင်းသား ကျောင်းသူလေးအရွယ်သာ ရှိကြ၏။ ငယ်ငယ်ကပင် မုဆိုးမသား မျက်နှာငယ်ကြသည်။ ဤသည်ကို သိ၍ ရှုပ့်ဘွားဘွားက အဝတ်အထည်တွေ အကြွေးပေးသည်။ အပျိုလူပျို အရွယ်တလေးတွေ အဒေါ်ကိုယ်ချင်းစာပါတယ်။ ဝတ်ချင်စားချင်ကြမည်ဟု ပြောဖူးသည်။ ကိုသန်းစိန်တို့ မတင်တင်တို့ အလုပ်သာ ဝင်ကြသည် အကြွေး မဆပ်ကြ။ ရှုပါတို့ဘွားဘွားသာ ဆုံးပါးသွားသည်။ အထည်ဖိုးတွေ ကျန်ခဲ့သည်ဟု ဆို၏။ ရှုပ့်အဘိုး ဦးလှဆီတွင် ယခု အတိုးနှင့်ယူထားသောငွေကိုတော့ ကျွန်တော်လည်း မသိပေ။

"ရှုပ့်အကြောင်း ဘာပြောသေးလဲ ကိုကို"

"ဘာမှ မပြောပါလား"

သက်ပြင်းကို မသိမသာ ချသည်။

"ကိုကိုကတော့ အမြဲ လိမ်ညာပြောတတ်တဲ့သူမို့ အံ့သြစရာ မရှိပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ပိတ်၍ ရယ်လိုက်မိသဖြင့် ထမင်းပင် သီးသွားသည်။

"ဘာလဲ မဟုတ်ဘူးလား"

"ကိုကို ဘယ်တုံးက လိမ်ပြောဖူးလို့လဲ ရှုပါရယ်"

"ဒီမိန်းမကြီးက ရှုပါနဲ့ ပတ်သက်လို့ ကိုကိုကို့ မနေ့က တစ်ခုခု ပြောကို ပြောရမယ်။ မှန်မှန်ပြောစမ်း"

အံ့ဩမိသည်။ ရှုပါ ဘယ်လိုလုပ် သိပါလိမ့်။ မနေ့ညနေက ဒေါ်တင်အုံးနှင့် စကားပြောနေကြစဉ် ကိုသိန်းအေးတို့ ရေစက်လာပြောရင်း ရှုပါ မြင်သွားလေသလား။

"ကိုကို မပြောဘူးလား"

"ဘာပြောရမှာလဲလို့"

ခဏ တွေဝေနေသည်။ မျက်လုံးထဲတွင် မျက်ရည်တို့ ရစ်ဝဲလာ၏။

"လူတွေဟာ ကိုယ့်ကိစ္စမဟုတ်ဘဲ သူများ ကိုယ်ရေးကိုယ်တာတွေမှာ ဘာလို့ပါချင်ကြလဲ မသိဘူးနော်"

လူကြီးစကားပြောလာသော ရှုပါကို အံ့ဩချင်သလို ဖြစ်မိသည်။ ပြောသင့်ပြီဟု ဆုံးဖြတ်၏။

"လူဆိုတာ ပတ်ဝန်းကျင်နဲ့နေကြတာ ကလေးရယ်။ လူတွေ အကြောင်းကို လူတွေပြောတာ မဆန်းပါဘူး။ လူတွေအကြောင်းကို လူတွေ ပြောရမယ်။ လူတွေအလုပ်ကို လူတွေ လုပ်ကြရမှာပေါ့"

"အမှန်အတိုင်း ပြောကြလုပ်ကြရင်တော့ ဟုတ်တာပေါ့ ကိုကိုရာ။ မဟုတ်မဟတ်တဲ့ သူများကို သွားပုပ်လေလွင့်ပြောတာကျတော့ကော"

"ယုံတဲ့လူက ချင့်ယုံလိမ့်မပေါ့ကွယ်"

ဝင့်ဝင့်စားစား တစ်ချက်ကြည့်သည်။

"ကိုကို့ကိုတော့ ရှုပါ ယုံပါတယ်နော်။ သူများပြောတိုင်း ကိုကို မယုံတတ်ဘူး ဆိုတာ"

"မထင်လိုက်ပါနဲ့ ကျောင်းအမရေ၊ သူများပြောတာ ယုံစားမိလို့ ထောင်တောင် ဆယ်နှစ်ကျခဲ့ပါပကောလား"

"အို- ကိုကိုကလည်း အကောင်းပြောနေရင်။ အဲဒါကြောင့် သူ့ကို စကားအကုန်မပြောရဲတာ။ ဟိုမှာ သွားပြောချင် ပြောမှာ"

"ဘယ်မှာလဲ"

"ဒေါ်တင်အုံးတို့ဆီမှာ"

"မပြောပါဘူးတဲ့ဗျာ။ ကဲ- ဘာပြောမလဲ ပြောစမ်း"

"ပြောပြီးသွားပြီလေ။ သူတို့ အတင်းခေါ်မလား၊ အမှန်ပြောတယ် ခေါ်မလား ချင့်ယုံမယ်ဆိုတဲ့ကိုကို ချင့်ယုံပေါ့"

"ရှုပါတို့ဘွားဘွား ရှိတုန်းကပင် ဒေါ်တင်အုံးနဲ့ တကျက်ကျက်ပဲ။ ကြွေးကိစ္စ ဆိုတာ ကိုကို သိပါတယ်"

"ရှုပါ ခု ကိုကို့ကို ပြောမှာက ကြွေးကိစ္စ မဟုတ်ဘူး။ မနေ့က ကိုကို့ကို ဒေါ်တင်အုံး ရှုပါနဲ့ ပတ်သက်လို့ မဟုတ်မဟတ် ပြောလိုက်တဲ့ကိစ္စ"

"တယ်ဟုတ်ပါလား၊ ရှုပါ ဘယ်လိုလုပ်သိလဲ"

"လူဆိုတာ ကိုယ့်ကို မုန်းတဲ့သူ ရှိသလို ချစ်တဲ့လူလည်း ရှိပါတယ်"

"မှန်လိုက်လေဗျာ"

"မနောက်နဲ့နော် ကိုကို၊ ရှုပါ အလေးအနက်ထားပြီး ပြောနေတာပါ။ ကိုကို ချင့်ယုံဖို့ ရှုပါ ပြောပြမယ်။ တစ်လမ်းက ဒေါ်ငွေးကို သိလား"

"ဟင့်အင်း"

"ကိုကိုလည်း တုံး . . . ဪ- မသိချင်ယောင်ဆောင်တာ ဖြစ်မှာပါ"

ပြုံးမိသွားသည်ကို မြင်လိုက်၍ ပြောသည်။

"ဆိုပါတော့"

"အဲဒီ သူဌေးကတော်ကြီး ဒေါ်ငွေးမှာ သားတစ်ယောက် ရှိတယ်။ ရည်းစားတွေ မှီလိုပေါက်ထားတယ်။ ရှုပါ သိတာပေါ့။ အဲဒါ ဟိုနှစ် တပေါင်းလပြည့်နေ့က ရွှေတိဂုံဘုရားပွဲမှာ ရှုပါ့ကို လာစတယ်။ ရှိသဲ့သဲ့ လုပ်နေတာ ကြာပြီ။ ရှုပါ သည်းခံနေတာ။ သူ့အမေနဲ့ မေမေတို့လည်း ရင်းနှီးနေလို့၊ လမ်းချင်းကလည်း နောက်ဖေးချင်းကပ်လျက် ဟုတ်လား၊ အဲဒါ ဘုရားပွဲမှာ သူ့သူငယ်ချင်းတွေနဲ့ ရှုပါ့ကို လာစတယ်။ ရှုပါက မစပါနဲ့ ပြောတာ မရဘူး။ အဲဒါ ရှုပါက ဘုရားလုံခြုံရေးကို သွားတိုင်တော့ လုံခြုံရေးက သူတို့ကို ခေါ်ထားလိုက်တယ်။ ရှုပါ အိမ်ရောက်တော့ အမေ့ကိုရော သူ့အမေကိုပါ သွားတိုင်သေးတ[illegible]။

အမှန်မှာ ကိုကို စဉ်းစားကြည့်၊ အရပ်ရှပ်မ[illegible]နှာက လာကြတဲ့ လူတွေက သားငါးရာထဲ သူက ရှုပါ့ကို စ,စရော[illegible]တစ်[illegible]တည်းသား တွေ ကိုယ့်နှမ သူ့နှမ စာနာတတ်ရင် သူတို့က[illegible]ကြောင့်ရှောက်ရမှာ။ အဲဒါ ရှုပါက မခံနိုင်လို့ တိုင်[illegible] ရှုပါ [illegible]သလား ကိုကို"

"ဟုတ်တာပေါ့။ နောက် ဘာဖြစ်ကြ[illegible]သေးလဲ"

"ဘာဖြစ်ရမလဲ ကိုကို[illegible]။ ရှုပါ [illegible]ဆိုင်ရော ရပ်ကွက်မှာ သတင်းကြီးသွားတာပေါ့။ [illegible] အဲဒီအကောင်ကဆို သူနဲ့ပဲ ရှုပါ နေ့တိုင်း လ[illegible]နေသ[illegible] ရှုပါ[illegible]ပဲ သူနဲ့ရတဲ့ ကိုယ်ဝန်ကို ဖျက်ချပစ်သလိုလို သွ[illegible]ပ်လေလ[illegible] ပြော[illegible]တော့တာပါပဲ"

ထမင်းပန်းက[illegible]သို့ပင် မျက်ရည်တစ်ပေါက် ကျသွားသည်။ နောက်ထပ် စီးဆင်း[illegible]သော မျက်ရည်များက ပန်းသွေးရောင် ဆေးဆိုးလာသော ပါးမို့မို့ပေါ် တန်းစီနေကြသည်။ အမှန်အတိုင်း ပြောသည်ဟု ယုံကြည်လိုက်မိသည်။

"ဝမ်းမနည်းပါနဲ့ ကလေးရယ်"

ရှိုက်သံက ပေါ်လာပြန်သည်။

"တစ်ခါ တစ်ခါ ရှုပါ သိပ်ဝမ်းနည်းတယ် ကိုကို။ မိစုံဖစုံ မနေရလို့




www.burmeseclassic.com

www.burmeseclassic.com



များ လူတွေက ပြောချင်ကြတာလားလို့။ မေမေ့အရိပ်ကလည်း ရှိတယ်လေ"

ရင်ထဲ ဆစ်ခနဲ နာမိသည်။ သုံးလင်ပြောင်းသောမိန်းမ၏ သမီးဟူသော အမည်းရိပ်သည် ရှုပါတို့အပေါ် ကျရောက်နေသည်။

"အမေက အမေ့အကြောင်းနဲ့အမေ။ တစ်လင်မကောင်းလို့ တစ်လင်ပြောင်းတယ် ဆိုပေမယ့် အဲဒီအရိပ်က ရှုပါတို့ကို အမြဲ ခြောက်လှန့်နေတာ။ အဲဒါကြောင့် မမက ပြောခဲ့တယ်၊ ဆိုးဆိုးကောင်းကောင်း တစ်လင်က တစ်လင်ပြောင်းဖို့ကတော့ စိတ်တောင်မကူးပါနဲ့ ညီမရယ်တဲ့။ မယူခင် စဉ်းစားပါတဲ့။ ဘယ်လောက်ခက်တယ်မှတ်လဲ ကိုကို။ မေမေ မကြိုက်လို့ ဖေဖေ့ဆီ တစ်ခါတလေ ခိုးသွားပြီတွေ့တာတောင် ရည်းစားနဲ့ သွားချိန်းတွေ့တယ် ပြောကြတယ်။ မေမေက တကယ်ထင်လို့ ရိုက်လိုက်၊ မေးလိုက်။ ဖေဖေနဲ့ သွားတွေ့တယ် ဆိုတာလည်း မပြောရဲနဲ့၊ အံကြိတ်ခံရတာ"

ငါးပိရည်နှင့် တည်းသီးတို့စရာကို အလွန် ကြိုက်သော ပါးစပ်သည် ရှုပါ့စကားကြောင့် အလိုလို အရသာပျက်သွားမိသည်။ ပန်းကန်ထဲက ထမင်းကို နယ်ဖတ်၍သာ ငေးနေမိသည်။ အဖေတကွဲ အမေတကွဲ နေရရှာသော သမီးလေးတစ်ယောက်၏ဘဝကို ကိုယ်ချင်းစာမိသည်။

"ဒေါ်ငွေးရဲ့သား၊ ရှုပါ ပြောတဲ့ကောင်ရဲ့ နာမည်ကို ဒေါ်တင်အုံး မနေ့က လာမေးတယ်တဲ့။ သူများ မမေးခိုင်းပါနဲ့ ကို . . . ကိုကိုရယ်၊ ရှုပါ ပြောခဲ့ပါ့မယ်။ ခင်မောင်ငွေးပါတဲ့၊ ကို . . . ကို သွားမေးကြည့်ပေါ့။ ရှု . . . ရှုပါ သူနဲ့ ကလေးဖျက်ချဖူးတယ်လို့ ပြော . . ."

"အို မဟုတ်တာ ရှုပါရယ်၊ ကိုကို မေးခိုင်းတာ မဟုတ်ပါဘူး။ ကဲ-တိတ်တိတ်၊ ကိုကိုက သူများပြောတိုင်း ယုံတဲ့လူမှ မဟုတ်တာ။ အိုကွယ် ရှုပါကလည်း ကိုကို စိတ်မကောင်းအောင် မလုပ်ပါနဲ့ ကလေးရယ်"

စားထားသောထမင်းတွေပင် ဘယ်ရောက်ကုန်သည် မသိတော့။ တရှုပ်ရှုပ်နှင့်ငိုနေသော ရှုပါ့ကို ချော့ရသည်။

"ရှုပါ့ကို ကိုကို တကယ် ချစ်ပါတယ်။ ဘယ်လူ ဘာပဲပြောပြော ကိုကိုက ချင့်ယုံတတ်တဲ့ လူပါ။ တိတ်တိတ် ဟိုဘက်ခန်းမှာ ကောင်မလေးတွေ ရှိတယ်။ ကြားသွားရင် တစ်မျိုးထင်နေကြဦးမယ် တိတ်တော့"

တတ်သရွေ့ မှတ်သရွေ့ ဆိုသလို ရှုပါ့ကို ချော့ရ၏။ ရှုပါက ကျွန်တော့်ပန်းကန်ကိုပါ ယူသွားပြီး ဆေးပေးခဲ့၏။ လျှော်ပြီးသား အဝတ်တွေကို ဟမ်းဘတ်တစ်လုံးနှင့် ထည့်၍ မီးပူတိုက်ထားပေးရန် ယူသွားသည်။ သကြားနှင့် နို့ဆီ ပေးနေသည်။ ဓည့်မထဆန်လည်း ငါးပြည်စီ ရမည်ဟု ပြော၏။

✤ ✤ ✤

"ရန်ကုန်ထဲက ပြန်ရင် ကိုကို ဝင်ခဲ့ဦးနော်"





"ဘာလုပ်မလို့လဲ"

"ပြစရာရှိလို့"

"သိပါတယ်နော် ကျောင်းအမ၊ သူ့ကိုကြိုက်တဲ့လူတွေ ဘယ်လောက်ပေါတယ်ဆိုတာ ရည်းစားစာတွေပြပြီး ကြွားမလို့ မဟုတ်လား"

သူက ရယ်သည်။

"ဘာလို့ တစ်ခါတည်း ယူမလာခဲ့လဲ"

"မေမေ့ကို ပေးထားလို့"

"ဘယ်နှစောင်လဲ"

လက်ငါးချောင်း ထောင်ပြသည်။

"ကိုကိုတို့ ဒီလိုလုပ်ကြရင် ကောင်းမယ် ရှုပါရယ်"

"ဘယ်လို လုပ်မလဲ"

"ပရဆေးပါ ဖက်ရောင်းရင် ကောင်းမယ်"

"ဘာလို့"

"ခုဆို စာအိတ်နဲ့ စက္ကူတွေ အလကား ဖြစ်နေမယ်လေ"

မထိတတိ လှမ်းရိုက်၍ ရယ်သည်။

"ကဲ- ပြန်မယ်နော်" ဟု ဆိုသဖြင့် အပြင်ခန်းသို့ ထွက်လာကြသည်။ တံခါးကို ဖွင့်ပေးလိုက်၏။ ရှုပါ ဆင်းသွားသည်။

အရှေ့လမ်းကြားက ပတ်သွားသည်ကို ငေးကြည့်နေမိသည်။ လမ်းကလည်း ဖြောင့်လျက်၊ နီးလည်း နီးပါလျက်နဲ့ ဘာကြောင့် (၄)လမ်းအတိုင်း မပြန်ဘဲ (၃) လမ်း လမ်းဖြတ်က ပြန်သွားပါလိမ့်။

မနေ့က လေးလံနေသာစိတ်တို့သည် အလိုလိုပေါ့ပါးသွားလေသည်။

✤ ✤ ✤

"ဟေး လူကြီး ဘယ်ကပြန်လဲ"

"ငါ ရန်ကုန်ထဲကကွာ"

"လာဗျာ၊ လက်ဖက်ရည်သောက်ဦး"

"မထိုင်တော့ဘူးကွာ"

"လာပါဆို၊ ခင်ဗျားကို မေးစရာရှိလို့"

"ဘာလဲကွ"

လက်ဖက်ရည်စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စိုးခင်ကမူ ထုံးစံအတိုင်း လက်ဖက်ရည်တစ်ခွက်လားဟု လှမ်းပြောပြီး မျက်နှာကို ပြုံးကြည့်နေ၏။

"ခင်ဗျား ဂျူးလိယက်တို့အိမ်မှာ ဆိုင်ဖွင့်ထားတယ်ဆို ဟုတ်လား"

"ဘယ်က ဂျူးလိယက်လဲကွ"

"ဟဲဟဲ- ကျွန်တော် ကြားပါတယ်ဗျ။ ဟိုတစ်နေ့က ခင်ဗျားကို အဲဒီမှာတွေ့တော့ ကျွန်တော်က အဲဒီလောက်ထိ မထင်ဘူး။ လူလည်



www.burmeseclassic.com

www.burmeseclassic.com

တယ်ထင်လို့"

"ဘာလဲကွာ၊ မင်းစကားက"

"ဟဲဟဲ- သောက်ဗျာ၊ ဘယ့်နှယ် ဆိုင် အဆင်ပြေလား"

ဘာမှ ပြန်မပြောဘဲ စိုးခင် မျက်နှာကို စိုက်ကြည့်နေမိသည်။ သည်အကောင်သည် ယခင်ကပင် ဤရပ်ကွက်၌ အပ်ကျသည်ကို သိသောအကောင်။ သူ ဤသို့ သိခြင်းမှာလည်း တစ်နေ့ ရှစ်နာရီလောက် လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် ထိုင်တတ်သဖြင့် ဖြစ်သည်။ သူ့အပေါင်းအသင်းများထဲတွင် စာရေးဆရာ၊ ကဗျာဆရာ၊ ဆိုက်ကားသမား၊ စက်ရုံအလုပ်သမား လူစုံသည်။ စေ့စေ့ကြည့်ပြီး ဘာမှ မပြောဘဲ ပြုံးနေသည်ကို သည်းမခံနိုင်တော့သဖြင့် မေးမိသည်။

"ဘာလဲကွ၊ မင်းပြောတဲ့ ဂျူးလီယက် ဆိုတာ"

"ခင်ဗျားကလည်း ရိုမီယိုရဲ့ ဂျူးလီယက်လေဗျာ"

"ဘယ်သူပြောတာလဲ။ ရှုပါ ပြောတာလား"

"ရှုပါ"

စိုးခင် အံ့သြသလို ရေရွတ်သည်။

"အဲဒီ ကောင်မလေးနာမည် ရှုပါလား"

"ဟုတ်တယ်လေကွာ၊ သူ့အဖေအမေတွေလည်း ငါ့သူငယ်ချင်းတွေပဲ။ မင်း ဘာကြားလို့လဲ ပြောစမ်းပါဦး"

"ကောင်လေးတွေက အဲဒီကောင်မလေးကို ဂျူးလီယက်ပဲ ခေါ်ကြတော့ ကျုပ်တို့ကလည်း ဂျူးလီယက်ပဲ သိတာကိုး"

"ဘာလို့ ဂျူးလီယက်လို့ခေါ်ကြတယ် ဆိုတာကော မင်း မသိဘူးလား"

အတန်ကြာမျှ ကျွန်တော့်မျက်နှာကို သရော်ပြုံး ပြုံးကြည့်နေသည်။ ပြီးမှ-

"ခင်ဗျားကော ဘယ်လိုထင်လို့လဲ" ဟု ဆိုသည်။

"ငါ ဘယ်သိမလဲကွ၊ မင်းက ဘယ်လိုထင်လို့လဲ"

"သွားတက်ကလေးပါလို့ နေမှာပေါ့ဗျ" ဟု ပေါ့ပေါ့ပင် ပြောသည်။ စိုးခင်ပြောမှ ရှုပါ့တွင် သွားတက်ကလေးတစ်ဖက် ပါသည်ကို သတိရမိသည်။

"ရှုပါက ဂျူးလီယက် ဆိုတော့ ရိုမီယိုကောကွာ"

"ဒါတော့ ကျုပ် ဘယ်သိမလဲဗျ။ ဟဲဟဲ"

"ဟေ့ကောင် ငါ အကောင်းပြောနေတာကွ စိုးခင်"

"ဟောဗျာ၊ ဒီလူကြီး ခက်ပါလား။ ရိုမီယိုက ဘယ်သူလဲ ဆိုတာ ခင်ဗျား ပိုသိမှာပေါ့ ဟဲဟဲ"

"ဟာ-. ငါမသိလို့ မေးတာပေါ့ကွ"

"ကျုပ်လည်း မသိဘူး။ ကျုပ် သိတာက ဂျူးလီယက်ပဲ။ ဟဲဟဲ ဟေ့





လူကြီး ထိုင်စမ်းပါဦးဗျ"

"သွားမယ်ကွာ၊ အလကား"

သည်အကောင်ကို မေးမရမှန်းသိသဖြင့် စားပွဲမှ ထလိုက်သည်။

"ဟားဟား၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်မှန်း မသိသလိုပဲ။ ရိုမီယိုက ခုတော့ ခင်ဗျားပေါ့ဗျ"

စိုးခင်က တဟားဟားရယ်မော၍ ကျန်ရစ်ခဲ့၏။

စိတ်ထဲ အတော် ကသိကအောက် ဖြစ်သွားသည်။ ရှုပါသည် ခုနစ်တန်း၊ ရှစ်တန်းနှင့် ကျောင်းထွက်ခဲ့သည်ဟု ဆို၏။ ကျောင်းတွင် ဇာတ်လမ်းများ ရှိခဲ့လေသလား။ ရိုမီယိုလေးတွေများ ကျန်ခဲ့လေသလား။

✤ ✤ ✤

"ဟိုနေ့က အပြန်မှာ ဘယ်ဝင်သေးလဲ"

ဆိုင်ခန်းထဲဝင်၍ ရှုပါ့စားပွဲရှေ့တွင် ထိုင်သည်နှင့် သိန်းသိန်းက မေး၏။ မနက်က ရှုပါ့ကိုလည်း ပြောပြီးသားမို့ အမှန်အတိုင်း ပြောလိုက်၏။

"မပြောလိုက်ဘူးလား ကျုပ်သမီး ပျက်စီးနေတယ်ဆိုတဲ့အကြောင်း"

"တော်စမ်းပါဗျာ"

ဟု ပိတ်ပြောလိုက်ရ၏။ သို့သော် သိန်းသိန်း၏စကားက အဆုံးမသတ်သေး။

"ရှင် အဲဒီအိမ် ကြပ်ကြပ်သွား" ဟု ဆက်လာသေး၏။ အမှန်မှာ မနက်က ရှုပါ့အား ပြောလိုက်သောစကားများကို ရှုပါသည် သူ့အမေ သိန်းသိန်းအား အစအဆုံး တစ်လုံးမကျန် ပြန်ပြီး ပြောပြီး ဖြစ်ပေမည်။ ထို့ကြောင့်လည်း-

"ဒေါ်တင်အုံးအကြောင်းများ ခင်ဗျားတို့ထက် ကျွန်တော် ပိုသိပါတယ်။ တစ်အိမ်တည်း အတူနေခဲ့တဲ့လူပါဗျ" ဟု ထပ်ပြောရသည်။

"ဘယ်ကလာလဲ ခု"

"ရန်ကုန်ထဲက"

"ထမင်းမစားခဲ့သေးဘူးပေါ့"

"စားပြီးခဲ့ပြီ"

"ရှင့်လည်း ခြင်းတစ်လုံး ဝယ်ထားဦး"

ဟု ပြောပြီး အတွင်းထဲ ဝင်သွား၏။

"ဘာလုပ်မှာလဲ" ဟု မေးလိုက်သည်တွင်-

"စာထည့်ဖို့လေ"

ဟု ပြောပြီး စာငါးစောင်ကို လာပေးသည်။ အားလုံး ဖောက်ဖတ်ပြီးသား။ ရှုပါ၏ရည်းစားစာများ ပြောစကမူ ဆိုင်သုံးရန် ခြင်းဝယ်ခိုင်းလေသလားဟုပင် ထင်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


"ရှုပါကိုလည်း ရန်ကုန်ထဲ တစ်ရက် ခေါ်သွားရဦးမယ်"

"ဘာလုပ်ဖို့လဲ"

"ကြော်ငြာသဘောမျိုး"

"ဘာ"

သိန်းသိန်း၏အော်သံကို ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ ပြီးမှ မျက်နှာပိုးသတ်၍-

"ခင်ဗျား မသိပါဘူး သီတင်းကျွတ်ရင် မိုးကုတ်က ညီတွေမှာ သားနှစ်ယောက် ရှင်ပြုမယ်တဲ့။ အဲဒါ ကျွန်တော်က အမေ့ကို မိုးကုတ်လိုက်ပို့ရမှာ။ ကျွန်တော် မရှိတော့ ရှုပါက မဝယ်တတ်၊ မခြမ်းတတ် ဖြစ်မှာစိုးလို့ ခုကတည်းက ဝယ်ရမယ့်ဆိုင်တွေ ပြထားရမယ်။ ဟိုဆိုင်က လူတွေနဲ့လည်း မိတ်ဆက်ပေးထားမှ ဖြစ်မှာပေါ့"

"ရှင့်အမေက ဘယ်တော့ လာမလဲ"

"သီတင်းကျွတ်မှ လာမှာ"

"ခု အရပ်မှာ ဘယ်လူနဲ့နေလဲ"

"ညီမလေးနဲ့"

"ရှင့်ညီမက ကြီးပြီလား"

"ကလေးနှစ်ယောက်အမေ"

"ဩော်"

ဟု ဆိုပြီး အထဲဝင်သွားသည်။ ရှုပါက သူ့လက်ဝါးကို ဖြန့်၏။ မျက်နှာကို အပြုံးနှင့်ကြည့်သည်။

"ပါမလာဘူးကွယ်။ ဒီနေ့ မေ့လို့"

ဟု ပြောလိုက်၏။

"ဟင်"

ဟု ဆိုပြီး အိတ်ကို ထနှိုက်လိုက်သည်။

"ညာတယ်၊ ဒီမှာ တွေ့လား"

ဟု ဆိုပြီး ချိုချဉ်တစ်လုံး ယူလာသည်။

"တကယ်လားဟင် ကိုကို"

"ဘာလဲ"

"မိုးကုတ်က ညီတွေမှာ ရှင်ပြုမယ်၊ အမေ လာမယ် ဆိုတာလေ"

"ဟုတ်တယ်၊ တန်ဆောင်မုန်းလဆန်း သုံးရက်နေ့ ရှင်ပြုမယ်တဲ့။ သီတင်းကျွတ်လဆုတ် ဆယ်ရက် မိုးကုတ်အရောက် အမေ့ကို လာပို့ပေးပါလို့ မှာထားတယ်"

"သီတင်းကျွတ်ရင် ရှုပါတို့ လက်ထပ်ကြမယ်နော် ကိုကို"

"ကိုကို မိုးကုတ်က ပြန်လာမှဆို ပိုမကောင်းဘူးလား"

"ဘာဖြစ်လို့"

"လက်ထပ်ပြီးမှဆို ကိုကိုက ခွဲနေနိုင်မှာ မဟုတ်လို့"



"အပြောကတော့"

"တကယ်ပြောတာ"

"ရှုပါလည်း လိုက်မှာပေါ့"

"ဆိုင်မှာ ကိုကိုလည်း မရှိ ရှုပါလည်း မရှိရင် ဘယ်ဖြစ်မလဲ ကလေးရယ်"

"မေမေတို့ရှိသားပဲ"

ဟု ပြောပြီး သူ့ပါးစပ်ထဲက ချိုချဉ်ကို ထုတ်၍ လှမ်းပေး၏။ ဈေးဝယ်သူတစ်ယောက် ဝင်လာသဖြင့် လက်တွန့်သွားသည်။ ရှုပါက ပြန်ငုံထား၏။

နေ့စဉ် ရောင်းရသော ပစ္စည်းအမျိုးအမည်များကို တူညီသော တန်ဖိုးချင်း ညှိလိုက်၏။ အရေအတွက်ကို မှတ်သည်။ မျိုးတူစုများကို သီးသန့်ခေါင်းစဉ်တွေနှင့် ခွဲခြားသည်။ ရောင်းရငွေ မူလတန်ဖိုးကို တွက်သည်။ အမြတ်တွေကို နေ့စွဲအလိုက် ပြန်ခွဲရေးသည်။

တွက်ချက်နေသည်ကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။ ပိုက်ဆံဗူးသော့ကွင်းမှ ပလတ်စတစ် ပန်းဖွားလေးတွေကို လက်ချောင်းလေးတွေနှင့် တို့ကစားနေသည်။

"တစ်သောင်း သုံးထောင် လေးရာ ငါးဆယ့်ရှစ်ကျပ်"

မျက်နှာတစ်ချက် ညှိုးသွားသည်။

"ကိုးထောင် ရှစ်ဆယ့် ခြောက်ကျပ်ပဲ ရှိတယ်"

ဟု ဆိုသည်။ အနားတွင် ထိုင်နေသော သိန်းသိန်းကမူ ပကတိမျက်နှာနှင့် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်နေ၏။

"အစွန်းထွက်တွေ ဖယ်ထား၊ ငါးထောင်လောက် ကွာနေတယ်။ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုလုပ် ငါးထောင်ကွာမလဲရှင့်၊ လေးထောင်ပဲပေါ့"

သိန်းသိန်းက ဝင်ပြော၏။ ရှုပါကမူ ခေါင်းစဉ်ငယ်တွေကို ပြန်ရေတွက်နေ၏။

"အကြွေလဲဖို့ ဆိုင်ဖွင့်ဖွင့်ချင်း ကျွန်တော် ရာတန်အုပ် တစ်အုပ် ပေးထားသေးတယ်လေဗျာ"

"အဲဒီ ရာတန်အုပ်အတွက်ကို ငါ ပြန်နုတ်ထားပြီးပြီ"

သိန်းသိန်းက ဆို၏။

ရှုပါ၏မျက်နှာကို တစ်ချက် လှမ်းကြည့်၏။ မီးရောင်ထဲ၌ နဖူးပင်းပေါ်တွင် ချွေးသီးလေးတွေ စို့နေ၏။

"ဒါဆို ငွေက လေးထောင်လောက် ကွာသေးတယ်"

"ဘာလဲ ငွေမကိုက်လို့လား"

ဦးလှက ထလာသည်။ ကျွန်တော်က ဘာမှ မပြောသေး။ သိန်းသိန်း၏မျက်နှာကိုသာ ကြည့်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က မတင်ညွန့်ကို ငွေသုံးထောင်ပေးလိုက်တာကော အဲဒီ အထဲကများ"

"ဟာ- ဟုတ်တယ်ရှင့်။ ဟုတ်တယ် ဟုတ်တယ်၊ ဖေဖေပြောမှ သတိ ရတယ်။ ကျွန်မ အဲဒီထဲက မတင်ညွန့်ကို ပိုက်ဆံသုံးထောင် ယူပေးလိုက် တာပဲ"

ကျွန်တော် သက်ပြင်းချမိ၏။ ဦးလှသည် နားထိုင်းသော်လည်း အလွန် အကင်းပါး၏။ မျက်နှာကို မြင်ရုံဖြင့် ဘာဖြစ်ကြပြီဟု သိသည်။

"ဒါလည်း ငွေက တစ်ထောင် လိုသေးတယ်။ ဟုတ်တယ် မဟုတ် လား ရှုပါ"

စာရင်းတွက်မပြီးသေးသော ရှုပါကို လှမ်းမေးရ၏။ ဆိုလိုသည်မှာ ဤဆိုင်နှင့်ပတ်သက်လျှင် ရှုပါ့ကို အလုံးစုံ အပ်ထားသည်။ ဆိုင်စဖွင့် ကတည်းကပင် ငွေနှင့် ပစ္စည်းကို ရှုပါအား လွှဲအပ်ပြီးသား။ လကုန်ပြီး သုံးရက်အကြာတွင် စာရင်းရှင်းကြမည်။ လိုတာပိုတာ ရှုပါ့တာဝန်သာ တစ်ကျပ်ရောင်းရငွေတွင် အမြတ်ဆယ်ပြားနှုန်းဖြင့် ကျွန်တော်က တွက် ချက်မည်။ အမြတ်ငွေကို တစ်ယောက်တစ်ဝက် ဖြစ်၏။ တစ်လသာ ရှိ သေးသည်။ စိတ်ပျက်စရာနှင့် ကြုံရပြီဟု ကျွန်တော် တွေး၏။

"တွက်မနေနဲ့၊ ဒီအဖြေပဲ ထွက်မှာ။ ငွေတစ်ထောင်ကျော် ကွာနေ သေးတယ်"

တွက်နေသော ရှုပါ၏စာရွက်ကို ကျွန်တော်က မသိမသာ ဆွဲယူ လိုက်၏။ မျက်နှာကို ညှိုးငယ်စွာ မော့ကြည့်သည်။

"ရှင်က ငွေတစ်ထောင် ကွာတယ် ဆိုတော့ ဘယ်လို တွက်လဲ"

"ဘယ်လို တွက်မလဲ မသိန်းသိန်း၊ တစ်ကျပ် ဆယ်ပြားနှုန်းနဲ့ ရောင်း ရငွေပေါ် တွက်တာပေါ့"

"ငါတို့တော့ အိုးစွပ်ခွက်စွပ်လည်း မစားမိပါဘူးနော်။ ရှင်တို့ပိုက်ဆံ ကျွန်မတို့ ကိုင်လည်း မကိုင်ဘူး။ မှုယာနဲ့ ကိုအောင်ငွေတောင် ပြောထား သေးတယ်၊ ရှုပါ မသိဘဲ ဈေးသေတ္တာ ဘယ်သူမှ မကိုင်နဲ့လို့။ မှုယာ လည်း ကူရောင်းပေးတာပဲ ရှိတယ်"

"ခင်ဗျားတို့ကို ယူတယ်လို့ ကျွန်တော် မပြောပါဘူး မသိန်းသိန်း ဈေးရောင်းတယ် ဆိုတာ စီးပွားရေး လုပ်တာပဲ။ စည်းကမ်းရှိသလို စာရင်း ဇယားဆိုတာလည်း တိကျဖို့လိုလို့ ပြောတာ။ ရှုပါရဲ့ အရည်အချင်းကို လည်း ကြည့်ရမယ်"

"ဒါကတော့ ဒါပေါ့ရှင်။ ဒါပေမယ့် အမှားအယွင်း ဆိုတာတော့ လူတိုင်းရှိတာပဲ။ ရှင်လည်း ပြန်တွက်ကြည့်"

"ဦးတွက်တာ မှားနေတယ်"

ရှုပါကပါ သံယောင်လိုက်ပြောသည်ဟု ထောင်းခနဲ ဒေါသထွက် သွားသည်။





"ငါ တွက်တာ ဘာမှားလို့လဲ"

"ဦးက ပစ္စည်းတန်ဖိုးရဲ့ တစ်ကျပ်ပေါ် ဆယ်ပြားနှုန်းနဲ့ တွက်တယ် မဟုတ်လား"

"ဟုတ်တယ်လေ ကို . . . ကို အေး ကိုယ်တို့ဆိုင်စဖွင့်ကတည်းက တစ်ကျပ်တန်ကို ဆယ်ပြားအမြတ်တင် ရောင်းဖို့ ပြောပြီးသားပဲ"

ဝေခွဲမရသောအကြည့်နှင့် မသိန်းသိန်းသည် ကျွန်တော်တို့နှစ် ယောက်ကို ကြည့်နေသည်။

"ဒီလိုဆို တစ်နေ့ကဟာမျိုးကျ ဘယ့်နှယ်လုပ်မလဲ"

"ဘယ်တစ်နေ့က ဟာမျိုးလဲ"

"ဦးကပဲ ပေးလိုက်ပါဆို၊ တစ်ရာတန် ပေါင်ဒါတစ်ဘူးကို တစ်ရာ့ ငါးကျပ်နဲ့ ရောင်းလိုက်ရတာလေ။ ပြောပါဦး တစ်ရာမှာ အမြတ်တစ်ဆယ် ရလို့လား"

မှန်သည်။ ရှုပါ ပြောမှ သတိရမိ၏။ ရုတ်တရက်မှု ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားမိ၏။

"အဲသလို ရောင်းရတာတွေနဲ့ဆို ဒီလောက်တော့ ကွာမှာပေါ့နော်၊ မဟုတ်ဘူးလား"

"ငါကဖြင့် ရင်ထိတ်လိုက်တာ၊ သမီး ပြောတာ ဟုတ်တယ် မဟုတ် လား အေးဟန်။ နင် ငါတို့တော့ တလွဲမထင်ပါနဲ့ဟယ်။ သူများပစ္စည်း ဆိုရင် ငါတို့က တုတ်တိုတစ်ခြမ်းတောင် ပိုင်ရှင်ကို မပြောမဆိုဘဲ မယူဖူး ပါဘူးဟယ်။ ရှုပါ မှတ်မိလို့ တော်သေးတာပေါ့။ နို့မို့ ငါတို့က သူခိုးလည်း အစွဲခံရဦးမယ်။ လျော်လည်း လျော်ရဦးမယ်"

"မဟုတ်တာ၊ ခင်ဗျားတို့အလျော်တော့ ခိုင်းမလားဗျာ"

"နင့်စောစောက လေပေါက်က လျော်ခိုင်းမယ့် လေပေါက်ပဲ"

ဈေးဝယ်သူတွေ လာနေသဖြင့် နှုတ်ဆိတ်ထားလိုက်ရသည်။ စိတ်ထဲ တမူ မကျေလည်သေး။ တစ်ခါတလေ ငါးကျပ်တစ်ဆယ် လျှော့ရောင်းကြ သလို ဈေးတင်ရောင်းသောအခါများလည်း ရှိပေမည်။ လှဟန်ကိုပင် ရှုပါ ဈေးတင်ရောင်းဖူးသည် မဟုတ်ပါလား။

"ရှင် တစ်ထောင် အပိုယူမယ်ပေါ့"

တစ်လရငွေတွေ ခွဲဝေပေးသည်ကို သိန်းသိန်းက ဆို၏။

"တစ်ပြားမှ အပိုမယူဘူး။ လမ်းစရိတ် တစ်ထောင်လေ"

"တစ်ထောင်ကြီးများတောင်"

သက်ပြင်းချသံနှင့် ရော၍ ဆို၏။

"တစ်ခေါက် နှစ်ရာနဲ့ ရန်ကုန်ထဲ ခင်ဗျား သွားဝယ်မလား၊ ဒီလ ကျွန်တော် လေးငါးခေါက် ကျတယ်"

အမှန်မှာ နေ့စဉ် ရန်ကုန်ထဲ ရောက်နေသော ကျွန်တော်က ခရီး သည်းစရိတ် တစ်ထောင် ယူသည်ကို သူက ကျေနပ်ပုံ မရ။ ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com

မပါဘဲနှင့်လည်း သွားနေရမည်ကို သူ သိ၏။ ဟိုငွေကကောဟု လေးရာ ကျော်ငွေကို မျက်စောင်းထိုးသည်။

"ပိုငွေ လေးရာကို အဘ နှစ်ရာ၊ မူယာ နှစ်ရာလေ။ အဘတို့ မူယာ တို့လည်း ဝိုင်းကူရောင်းပေးနေကြရတာ"

ဘာမှ မပြောတော့ဘဲ အရောင်းစားပွဲသို့ လှမ်းလာသော ရှုပ်ါ လှမ်းကြည့်နေသည်။ ရှုပါက ကျွန်တော့်ရှေ့တွင် ထိုင်လိုက်၏။

"မူယာ သမီး လာဦး၊ ဒီမှာ နင့်ကို ဈေးရောင်းပေးခ ပိုက်ဆံပေးမလို့ တဲ့"

ဟု သိန်းသိန်းက ခေါ်လိုက်၏။ စာကျက်နေသော မူယာက စာအုပ် ကို ပစ်ချပြီး အနားရောက်လာသည်။

ငါးဆယ်တန်လေးရွက်ကို လှမ်းပေးလိုက်၏။

"ဒါပဲလား"ဟု မူယာကဆိုသည်။ ရှုပါကလည်း သူ့လခ တစ်ထော ကို မယူသေးဘဲ ခုံပေါ် ချထားသည်။

"ဒါပေါ့၊ နင် ဘာလုပ်ရလို့လဲ"

"သူတို့ ထမင်းစားနေရင် ဈေးရောင်းပေးရတယ်။ အိမ်သာ သွားနေ ရင်လည်း ရောင်းပေးရသေးတယ်။ ပေးဦး တစ်ရာ"

"ရော့- ပိုက်ဆံပုံးထဲက ပိုက်ဆံတော့ မခိုးနဲ့"

ဟု ပြောပြီး ငါးဆယ်ကျပ်တန်နှစ်ရွက် ထုတ်ပေးလိုက်၏။

"ဘယ်တုံးက ခိုးလို့လဲ၊ ကျုပ်သမီးတွေ ဒီလို မလုပ်တတ်ပါဘူးနော်"

ဟု သိန်းသိန်းက ကြားဝင်ပြောသည်။

"အလစ်ပဲ ယူမှာ" ဟူသော ကျွန်တော့်စကားကို "ရှင်နော်" ဟု ဆိုသည်။ မူယာက ကျွန်တော် ဝယ်ပေးထားသော ဇီးကွက်ရုပ်စုဘူးထဲ ပိုက်ဆံ သွားထည့်သည်။

"သမီးက ဒါပဲ ရမယ်"

"မသိဘူးလေ၊ အားလုံး သူ့လက်သူ့ခြေ ဝယ်ပေးနေတာပဲ။ မေး ကြည့်ပေါ့"

ဟု ကျွန်တော့်ဘက် မေးထိုးပြသည်။

"ဟင် ဦး"ဟု ဆိုသဖြင့် သူ့သမီးကို မျက်စောင်းထိုး၏။ ရှုပါက ရှက်သွားသလို လျှာကို တစ်လစ်ထုတ်သည်။

ငါးဆယ့်ရှစ်ကျပ် အပိုငွေအပြင် တစ်ရာ့ငါးဆယ်ထုတ်သည်။

"မသိန်းသိန်း ပိုက်ဆံ တစ်ရာပေးဦး" ဟု ပြောလိုက်သည်။

"အလိုတော် ဘာလုပ်ဦးမလို့လဲ" ဟု ဆို၏။

"ဆိုင်ထိုင်အတွက် လက်ဖက်ရည်ဖိုး ထပ်ပေးရအောင်"

"မပေးနိုင်ပါဘူးတော်။ ရှင်က ကျွန်မထက် တစ်ထောင်တောင် ပို ယူထားတယ်၊ ပေးလိုက်ပေါ့"

"ဘယ်မှာ ယူလို့လဲ"





"လမ်းစရိတ် ဆိုတာကော"

"ဒါ ဘာဆိုင်လဲဗျ။ ရော့ ကိုယ့်ဝေစုထဲက တစ်ရာ့ငါးဆယ်။ သူ့အမေ ဆီက သူ့ဘာသာသူ ရအောင်တောင်း"

ရှုပ့်ါကို တစ်ရာ့ငါးဆယ် ထပ်ပေး၏။

"ကိုကို တောင်းပေး"

"ကိုယ့်ဘာသာကိုယ် တောင်းပါဆို"

ရယ်၍ ပြောသည်။

"မပေးနိုင်ဘူးနော်"

ဟု ပြောပြီး သိန်းသိန်း ထသွားသည်။

"တစ်ရာ့ငါးဆယ်ပဲရမယ်" ဟု ရှုပါက နှုတ်ခမ်းစူ၍ ပြောသည်။ ကျွန်တော့်လက်ထဲတွင် ကိုင်ထားသော ကိုးဆယ်တန် တစ်ရွက်ကိုလည်း မသိမသာ မျက်စောင်းထိုး၏။

"အဲဒီ တစ်ရာ့ငါးဆယ်က အလကားရတယ်လို့မှတ် သိလား။ အမြတ်ကို တစ်ယောက်တစ်ဝက် ယူမယ်။ ဆိုင်ခန်းနဲ့ ရောင်းပေးရမှာက ရှုပါတို့ တာဝန်လို့ ပြောပြီးသားပဲ။ ဒါက ကိုယ် သက်သက်ပေးတာ။ မပင်ပန်းဘဲ ဒီလောက်ရ မတော်သေးဘူးလား"

"နည်းတယ်"

ဟု နောက်သလို လျှာထုတ်ပြ၍ ပြော၏။

"ကိုယ်တို့အိမ်ရှေ့က သန်းသန်းတို့ ညီအစ်မတွေ တွေ့တယ် မဟုတ် လား။ စက်ရုံမှာ ရက်ကန်းမောင်းရတာ၊ တစ်နေ့ သုံးဆယ်ပဲ ရတယ်။ ဒီ ကြားထဲက ကျောင်းတစ်ဖက်နဲ့၊ အကြီးမဆို ဘွဲ့တောင် ရတော့မယ်။ ဘယ် လောက်တော်လဲ"

"သွားယူထားလိုက်ပါလား"

"ကိုယ့်ကို မကြိုက်ကြလို့ပေါ့"

နှုတ်ခမ်းစူသည်။

"အဲသလို တခြားမိန်းကလေးတွေ ဘယ်လို ကြိုးစားနေကြလဲ ဆိုတာ တစ်ခါတလေများ စဉ်းစားကြည့်စမ်းပါ။ ဆိုင်လေးရောင်းပေးရတာနဲ့ တစ် ထောင်ကျော်လောက်ရတာ နည်းတယ် မှတ်လား။ အိုးမကွာအိမ်မကွာ၊ နေရိပ်ထဲ လုပ်ရတာ။ အရာရှိတစ်ယောက်တောင် သုံးရာ့ငါးဆယ်ပဲ ရတယ်။ မယုံရင် အိမ်က ရှုပ့်ါဦးကြီးကို မေးကြည့်"

"ဘယ်မှာလဲ တစ်ထောင်ကျော်"

"ဟာ- ကိုယ်က ကိုယ့်ဝေစုပေးပြီးပြီလေ။ မသိန်းသိန်းဆီက တောင်း ပေါ့"

"မတောင်းချင်ပါဘူး"

"မတောင်းချင်လည်းနေ၊ ရော့- ဒီတစ်ထောင်ကတော့ ပစ္စည်းသွား ဝယ်ကြတဲ့အခါ ကားခလမ်းစရိတ် တစ်လလုံးသုံးဖို့ ပေးထားတာနော်၊



www.burmeseclassic.com

www.burmeseclassic.com

သုံးမပစ်နဲ့ဦး"

"သုံးပစ်မှာပဲ"

"ပြောလိုက်ရင် အဲသလိုပဲ။ တစ်နေ့တစ်နေ့ အလှပြင်မယ်၊ ရည်းစားစာ လက်ခံမယ်"

"ဆိုင်ရောင်းတာရယ်" ရှုပါ ပြောလိုက်သဖြင့် ရယ်မိသွားသည်။

"တကယ် တကယ် ခုကတည်းက ဒီလောက် စကားများနေရင် အသက်သာကြီးလာရင်တော့ ပြီးရော ပြီးရော။ တော်တော် နားညည်းရဦးမယ်။ ဒီအဘိုးကြီးနဲ့တော့ ဒုက္ခ"

"ဟိုမှာ အဘိုးလေးတွေ လာနေတယ်၊ သွားရောင်းလိုက်ဦး"

✤ ✤ ✤

"မေ့ပင်အောက်က ပြန်လာတာလား"

"အသွားပါ" ဟု ပြောရင်း ပြုံးမိလိုက်၏။ ဒေါ်တင်အုံးကလည်း ပြုံးသည်။ တင်တင်ကမူ-

"ထိုင်လေ ကိုအေးဟန်" ဟု ဆို၏။ တင်တင့်ခင်ပွန်း ကိုကြည်ထွန်းကိုလည်း တွေ့ရ၏။

"ရေနွေးသောက်ဗျာ" ဟု ဆိုသည်။

"ဘယ့်နှယ်လဲ အဒေါ်"

"ဆရာဝန်ကြီးဆီ သူတို့သားအမိတွေ လိုက်သွားကြတာတော့ အမှန်ပဲ။ ဟိုကလည်း အိမ်တောင် လိုက်လာတယ်တဲ့။ ဆရာဝန်က မှုဆိုးဖို။ အသက်ကလည်း ငါးဆယ်နီးပါးတဲ့။ နောက်တော့ ဘယ်လိုဖြစ်ကြတယ် မသိဘူး ကွဲသွားကြတယ်တဲ့။ ကောင်မလေးကိုလည်း သူဇာတို့ဆီ ပို့လိုက်တယ်လို့ ကြားရတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က"

"သူဇာက ဘယ်မှာမို့လဲ"

"မင်းဘူးမှာ"

တမင် အစ်မေးမှန်း သိပုံမရ။ လွန်ခဲ့သော နှစ်နှစ်ခန့်က သူဇာ၏ ခင်ပွန်း မင်းဘူးမြို့တွင် တာဝန်ကျခဲ့သည်မှာ အမှန် ဖြစ်သဖြင့် စိတ်ထဲ မသိုးမသန့် ဖြစ်သွားသည်။

"ဟိုဟာ သွားလုပ်တယ် ဆိုတာလား"

"ဟုတ်ချင် ဟုတ်မှာပေါ့"

"အို- မဟုတ်ပါဘူး အမေကလည်း"

ကျွန်တော်က တင်တင်ကို လက်ကာပြလိုက်၏။

ကိုကြည်ထွန်းကမူ ကျွန်တော်တို့စကားကို ဘာမှ နားမလည်သဖြင့် နားဝေတိမ်တောင် လှမ်းကြည့်နေသည်။

"နောက်တော့ကော ဒေါ်ဒေါ်"

"ငါသိတာတော့ အဲဒါပဲ၊ ဟိုဟာ ဆိုတာကတော့ ဟုတ်ချင်မှ ဟုတ်





မှာပါ။ သူ့အစ်မ သူဇာ နေမကောင်းလို့ သွားပြုစုတာလို့လည်း ပြောကြတယ်။ သိနိုင်ပါဘူးဟယ်၊ သူတို့တွေကလည်း ရှုပ်သားဟဲ့"

ကိုကြည်ထွန်းရှိသဖြင့် သည်မိန်းမကြီး မပြောရဲတော့ ဆိုသည်ကို ရိပ်မိလိုက်သည်။ ကိုကြည်ထွန်းကမူ ဤသို့ မဟုတ်ကဟုတ်က ပြောသည်ကို ကြိုက်သူ မဟုတ်။ ယောက္ခမဟု ဆိုသော်လည်း သူ့စိတ်ထဲတွင် မတွေ့လျှင် သားပြောမယားပြော ပြောပစ်တတ်သူ။

"နင်ကလည်း ခုထိ စုံစမ်းတုန်းပဲ ရှိသေးလား။ သိန်းသိန်းတို့ပြောတော့ အိပ်ရာခမ်းနားတောင် ဝယ်ပြီးပြီဆို။ သီတင်းကျွတ်ရင် မင်းအမေကလာပြီး လက်ထပ်ပေးမယ် ဆိုပါလား။ မင်းကို အဒေါ် တစ်ခုတော့ ကြိုပြောထားမယ်။

တကယ်လို့ ယူဖြစ်ကြရင်လည်း သိန်းသိန်းတို့နဲ့ အတူနေဖို့တော့ စိတ်မကူးနဲ့။ သိန်းသိန်းတို့နဲ့ အတူနေလို့ကတော့ ကွဲမှာပဲ။ ဒီကောင်မဘယ်လောက် လည်တယ် မှတ်လဲ။ နင့်ပိုက်ဆံတွေလည်း ကုန်ဖို့သာပြင်"

ကိုကြည်ထွန်း၏မျက်စောင်းကြောင့် စကားရပ်သွားသည်ကို သတိထားမိသည်။ ဒေါ်တင်အုံး ပြောစကားကြောင့် ကျွန်တော်နှင့် ပတ်သက်၍ သိန်းသိန်း၏သတင်းဌာနကို ခန့်မှန်းရသည်။ အမေလာမည့်အကြောင်း အပြင် မင်္ဂလာခန်းဝင်ပစ္စည်းပင် ဝယ်ပြီးပြီ ဆိုသော သတင်းကိုတော့ အံ့သြရသည်။ အမေ လာမည့်အကြောင်း သိန်းသိန်းတို့ မိသားစုအပြင် ကျွန်တော် မည်သူ့ကိုမျှ မပြောမိခဲ့။ ဤသတင်းသည်ပင် ယခု တစ်ရပ်ကွက်လုံး ပျံ့နှံ့နေလေပြီ။

"တင်တင် လုပ်စမ်းပါဦးဟ၊ ဂျိုင်းဖောင်းဌာနအာဘော်တော့ ကြားပြီးပြီ။ နင့်ဆင်တုနဲ့ ဘိဘိစီနဲ့ ညှိကြည့်ရအောင်" တင်တင်က ပြုံးသည်။

"ကောင်မလေးက ရည်းစားများတယ်လို့ ပြောကြတာတော့ အမှန်ပဲ၊ ဒါလည်း အပြစ်ပြောလို့ မရဘူး။ လှတဲ့မိန်းကလေးဆိုတော့ တချို့ကောင်လေးတွေက လမ်းမှာ အသိမို့လို့ သာကြောင်းမာကြောင်း သတင်းမေးမိတာတောင် သူနဲ့ ရည်းစားဖြစ်နေလို့ တစ်နေရာရာမှာ ချိန်းကြသလိုကို ပြောတတ်၊ ကြားတတ်ကြတာ"

"နင့်ဆင်တုကလည်း ဒါပဲလား"

ကိုကြည်ထွန်းကတော့ ခုမှ သဘောပေါက်သွားပုံရ၏။

"ကျွန်တော်လည်း ကြားပါတယ်။ ဟေ့လူ၊ မိန်းမယူမယ် ဆိုရင် မြန်မြန်သာယူလိုက်။ ခင်ဗျား နောက်တောင်ကျနေပြီ၊ ရည်းစားများတာ ဆန်းသလားဗျ။ ခင်ဗျားလည်း များခဲ့တာပဲ"

"ဟေ့လူ ဟေ့လူ"

ကမန်းကတန်း ဟန့်တားသည်ကို တင်တင်က-

"ဟုတ်သားပဲ" ဟု ထောက်ခံစကား ဆိုလေသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်သို့ လှမ်းသွားနေရင်း လမ်း၌ ပြုံးမိ၏။ ငါ တကယ်များ မေ့ပင် အောက် ရောက်နေသလားဟု တွေးမိလာသည်။ မနေ့က ပိုက်ဆံရှင်းကြ ရာ၌ မတင်ညွန့်ကို သိန်းသိန်း ယူပေးလိုက်သည်ဆိုသော ငွေသုံးထောင် ဝေစု ငွေ ၁၅၀၀ ကို အပြန်၌ မတောင်းမိခဲ့။ ဈေးဝယ်လာရင်း ကောင် လေးတစ်ကောင်က ရှုပ်ခ်ါအား ရိသဲ့သဲ့လုပ်နေသည်ကိုမြင်၍ အာရုံထွေ ပြားသွားမိသည်။

"အစောကြီးပါလား"

ဟု လမ်းထိပ် ကွမ်းယာဆိုင်မှ အဒေါ်ကြီးက လှမ်းပြော၏။

"ဟုတ်ကဲ့" ဟု ပြောတာ ဒုတိယအကြိမ် တစ်ယောက်တည်း ပြုံးမိ လိုက်ပြန်သည်။ စိတ်က ဟိုတွေးဒီတွေး တွေးလာသော်လည်း ခြေထောက် ကမူ ဆိုင်ရှိရာလမ်းကို တန်းတန်းမတ်မတ် သိနေသည်။ ဒေါ်တင်အုံးသာ မြင်လျှင်တော့ 'ချည်တိုင်ပဲ သိမှာပေါ့' ဟု မုချ ပြောလိမ့်မည် ထင်သည်။

"ဘယ်က လှည့်လာတာလဲ"

"တမင်လာတာ"

"ကိစ္စရှိလို့လား"

"ဟုတ်တယ်၊ ဟိုနေ့က ပိုက်ဆံရှင်းကြတာ ခင်ဗျားဆီက ပိုက်ဆံ တစ်ထောင့်ငါးရာ မေ့ကျန်ခဲ့လို့"

"အလိုတော်၊ ဘာပိုက်ဆံပါလိမ့်"

"မတင်ညွန့်ကို ယူပေးလိုက်တယ်ဆိုတဲ့ငွေ"

"အမယ်လေး ငါ့မှာဖြင့် ဘာလဲလို့၊ တောင်းရမယ့်လူကျနေတာပဲ ရှုပ်ခ်ါကို ပေးလိုက်ပါဆို"

သူပြောတာ ဟုတ်တာပဲ။ သူ့သမီးတစ်ယောက်လုံး ပေးထားတာ တောင် ငွေ ၁၅၀၀ တောင်းသေးတယ်ဟု ထင်သွားလေမလား ဟူသော အတွေးနှင့် ရှက်သွားမိ၏။ သို့သော် ဟန်ဆောင်မှု လုပ်လိုက်ရသည်။

"အလကား ပြောတာပါ၊ ရန်ကုန်ထဲ သွားမလို့။ ရှုပ်ခ်ါကော"

"ကျွန်မ ညော်မခံနိုင်လို့ ငါးကြော်ခိုင်းထားတယ်"

"တော်တော် တရားပါလား"

"ဘာလဲ"

"ခင်ဗျားပဲ အရင်ပြောတော့ ဘာမှ ခိုင်းလို့မရဘူးဆို။ အညော်မိလို့ တစ်ခုခုဖြစ်ရင် ခင်ဗျားပဲ"

"ဖြစ်နေလိုက်တာ"

"မဖြစ်နဲ့၊ ခု ရန်ကုန်ထဲ သွားမလို့ ရှုပ်ခ်ါ လာခေါ်တာ"

"ဩော်- ပစ္စည်းသွားဝယ်ကြမယ်"

"ဟုတ်ပါတယ် ခင်ဗျာ"

သိန်းသိန်း မီးဖိုထဲ လှမ်းကြည့်သည်။

"ထမင်းစားပြီးမှ သွားကြပါလား။ မစားခဲ့သေးဘူး မဟုတ်လား"





"မစားတော့ဘူး။ ရန်ကုန်ထဲမှာ လူတစ်ယောက်နဲ့ ချိန်းထားမိလို့"

"ပြန်လာမှ စားကြပေါ့"

"အတူ ပြန်ဖြစ်ချင်မှ ပြန်ဖြစ်မှာ"

"ဘာလဲ ကျုပ်သမီးနဲ့ တွဲသွားရတာ ရှင့်သိက္ခာ ထိခိုက်တယ် ထင် လို့လား"

"ခင်ဗျား မဟုတ်ကဟုတ်က"

စာရင်းစာအုပ်တွေကို အဓိပ္ပာယ်မဲ့စွာ လှန်နေမိသည်။ ယခင်က ပြောဖူးသောစကားကို ကလဲ့စားချေမှန်း သိလိုက်၏။ သိန်းသိန်း မီးဖိုထဲ ဝင်သွား၏။ ရှုပ်ခ်ါ နောက်ဖေးက ထွက်လာ၏။

"ကိုကို ခဏနော်"

"အလှဆုံး ပြင်စမ်း၊ ကိုကိုတို့ ရန်ကုန်ထဲ သွားကြရအောင်။ ရေ လည်းချိုးလိုက်ဦး၊ မျက်နှာမှာလည်း အဆီပြန်နေပြီ"

ရယ်၍ မျက်နှာပေါ်ကို သုတ်သည်။ ခေါင်းညိတ်ပြ၍ နောက်ဘက် ပြန်ဝင်သွားသည်။

"မနက်က မုန့်ဖိုးရပြီးပြီ မဟုတ်လား။ ပုံးထဲက ပိုက်ဆံလည်း မနှိုက် ယူနဲ့ဦး" ဟု နောက်သွားသည်။

"ဟုတ်ကဲ့ အမေ" ဟု ပြန်ပြောလိုက်ရ၏။

✤ ✤ ✤

"မရှက်ဘူးလား"

"ဘာကိုလဲ"

"ဟိုတုန်းကတော့ တွဲသွားရမှာ ရှက်တယ်ဆို"

ပြုံးမိသွားသည်။ စောစောက သူ့အမေ ပြောလိုက်၍လား၊ သူ့ဘာသူ ပဲ အမှတ်ရ၍လား မိမိ ပြောခဲ့ဖူးသော စကား။ ယခင်က အတူသွားကြ သည်ဆိုသော်လည်း ခရီးတစ်ဝက်ခန့် သူ့အစ်မ သူ့ညီမတွေ ပါ၏။ ယခု တော့ နှစ်ယောက်တည်းမှ တကယ့်နှစ်ယောက်တည်း ပထမဦးဆုံး ရန်ကုန် ထဲ ထွက်လာကြသည်။ ပစ္စည်းမပါသဖြင့် ကားသေးလေး အတူ စီးလာ ကြ၏။ ဘေးချင်းကပ် ထိုင်လာကြ၏။ စိန့်ဂျွန်းဈေးတွင် ဆင်းကြ၏။ ပစ္စည်းမဝယ်ဖြစ်သေး။ ဈေးကို လက်ချင်းယှက်၍ လျှောက်လှည့်ကြသည်။

"ဟင် ကိုကို"

"ဘာလဲလို့"

"ဟိုတုန်းကတော့ တွဲသွားရမှာ ရှက်တယ်ဆို"

"တွဲသွားတဲ့အရသာကို မသိသေးလို့ ဖြစ်ပါလိမ့်မယ်"

သိမ်သိမ်မွေ့မွေ့ ပြုံးသည်။

"မရှက်နိုင်တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု နှစ်ကိုယ်ကြားလေသံနှင့် ဆို၏။

"ဟင်းဟင်း" ဟု ညှိုးညှိုးညဲ့ညဲ့ ရယ်သည်။ ကိုင်ဆွဲထားသော လက်ကို ဖျစ်ညှစ်၏။ ပခုံးချင်း တစ်ချက်ထိသည်။

"ဆာပြီလား။ တစ်ခုခု စားပါလား"

"ဟင့်အင်း၊ မဆာသေးဘူး"

"ဆာရင်ပြောနော်၊ အားမနာနဲ့"

အကြည့်တွင် မျက်စောင်းငွေ့ငွေ့ပါ၏။ ဘာကြောင့်ဟု အဓိပ္ပာယ်ဖော်မရ။

"မနက်က ဘာစားထားလဲ"

"မုန့်ဟင်းခါး"

"ဘာကြော်နဲ့ . . . "

"ဘူးသီးကြော်နဲ့"

မျက်လုံးချင်း ဆုံမိကြသည်။ နှုတ်ခမ်းနှင့် မျက်ဝန်းများတွင် ကြည်နူးရိပ်တို့ ချက်ချင်း ထင်၏။ ရင်လှိုင်းခုန်သံများကို ကြားမိသည်။

"မရန်းလေးဟယ် လှလိုက်တာ၊ လိုက်ဖက်လိုက်တာ"

မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။ ဝတ်ကောင်းစားလှ ဝတ်ထားသော ကောင်မလေးသုံးယောက် ကျွန်တော်တို့ကို ငေးကြည့်နေကြသည်။

မရန်းရောင်ဝမ်းဆက် ဝတ်လာသော ရူပါ၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။ ကြည်နူးနှစ်သိမ့်မှုများသည် ရင်ထဲက လှိုက်တက်လာ၏။

"မိုးပါးသွားပြီ ကိုကိုရဲ့၊ ရူပါ ထီးတစ်လက် ဝယ်ရဦးမယ်"

ရူပါက သွားရင်း ပြောသည်။ ခွိခနဲ အသံကြားလိုက်၍ နောက်သို့ လှည့်ကြည့်မိ၏။ စောစောက ကောင်မလေးသုံးယောက် နောက်က မယောင်မလည်နှင့် လိုက်လာကြသည်။ အဝတ်အဆင်တွေကသာ အကောင်းစား ဖြစ်သော်လည်း ရုပ်တွေကမူ ရူပါ့ကို မီနိုင်သူ မပါ။ တစ်ယောက်မှ ရူပါ့လောက် မလှ။

"မိုးကုန်မှ အမရာက ထီးဝယ်ပေးမယ် ဆိုပါလား"

"နွေဆောင်းထီးကို ပြောတာဖျိုး"

"အို- ကိုကိုကလည်း အသံကျယ်လိုက်တာ"

"ကျယ်ကျယ်ပဲ ဒေါ်စိန်ခင်ရယ်၊ နာမည်ကိုလည်း မေးကြည့်၊ ဦးကြယ်နီတဲ့"

ရူပါက ရယ်၏။ နောက်က လိုက်လာပြီး နောက်တောက်တောက်လိုက်လုပ်နေသော ကောင်မလေး သုံးယောက်ကား မဖြုံသေး။ "ဟုတ်သားပဲ" ဟု ပြောပြီး ရယ်ကြ၏။ ရူပါက သူတို့ကို နဂါးမျက်စောင်းတစ်ချက် ဝင့်လိုက်မှ လမ်းခွဲသွားကြသည်။





"ကိုကိုကလည်းလေ၊ ကိုယ့်ကိုနောက်မှန်း သိလျက်နဲ့ ကြွေရရ နေတာမဟုတ်ဘူး"

"ရူပါ မသိပါဘူး။ ပြန်မပြောဘဲနေရင် ပိုနောက်ကြမှာစိုးလို့၊ သူတို့က အတွဲမရှိတော့ သိပ်အတွဲလိုချင်ကြတာ။ အဲဒါ သူများအတွဲတွေကို အားကျပြီး ပိုးထချင်ကြ"

"ကိုကိုနော်"

ပြောသာ ပြောရသော်လည်း စိတ်ထဲက ကြည်နူး ဆွတ်ပျံ့နေသည်။

'ကျုပ်သမီးနဲ့ တွဲသွားရတာ ရှင့်သိက္ခာ ထိခိုက်တာပေါ့' ဟူသော သိန်းသိန်း၏စကားကို သတိရနေသည်။

"ထီးဝယ်မယ်ဆို"

"ကိုကို ဝယ်ပေးမှာလား"

"အင်း" ဟူသော အသံက နင့်တင့်တင့် ဖြစ်သွားသည်။

ခေါက်ထီးဆိုင်ရှေ့တွင် ရပ်၍-

"ကိုကို ရွေးပေး" ဟု ဆို၏။

"ရူပါ့အကြိုက်ပဲ ရွေးလိုက်ပါ" ဟု ပြောရ၏။ ဆိုင်ရှင်က အရုပ်မျိုးစုံ၊ အရောင်မျိုးစုံတို့ကို ထုတ်ပြသည်။

"ဒါကောဟင် ကိုကို" ဟု ထီးကို ဖြန့်ပြ၏။

"အင်း- ကောင်းပါတယ်"

ဟု ပြောရ၏။ ရူပါက စိတ်ကြိုက် မတွေ့သေး။ ထပ်ရွေးသည်။ ရူပါ ဖြန့်ချထားသော ထီးများကို တရုတ်မလေးများက စိတ်မရှည်စွာ ပြန် ခေါက်နေသည်ကို သတိထားမိသည်။

စိတ်ကြိုက်တစ်လက်ကို ရူပါက ရွေးလိုက်၏။ ပြီးမှ ဈေးဆစ်သည်။ ပိုက်ဆံထုတ်ပေးလိုက်ရ၏။

"အင်း- ထီးဝယ်ပြီးသွားပြန်တော့ တာဝန်တစ်ခုက ပိုလာဦးမယ်"

"ဘာတာဝန်လဲ"

ဟု ရူပါက ဆိုသည်။ စောစောက ရူပါ ဖြန့်မွှေထားသောထီးများကို ပြန်ခေါက်နေသော ကောင်မလေးတပါ လှမ်းကြည့်နေသည်။

"မိုးပေးရမယ့်တာဝန်ပေါ့"

ဟု ပြောလိုက်သောအခါ ဆိုင်ရှင် တရုတ်မကြီးကပါ ရယ်သည်။

"ဒါပေါ့ရှင်၊ မိုးပေးရမှာပေါ့" ဟု အလိုက်သင့် ဆိုသည်။ ရူပါ့လက်ထဲက ထီးကိုယူ၍ ဖွင့်လိုက်၏။ ရူပါ့ကို မိုးကြည့်၏။

"ကိုကိုကတော့ လုပ်ပြီ" ဟု ရူပါက ခါးကို ဆွဲဆိတ်၏။

"ရိုဟာဇယ်လုပ်ကြည့်တာ" ဟု ပြောရသည်။ ထီးခေါက်မပြီးသေးသော တရုတ်မလေးက လွန်တာပေါ့ဟု ဆို၏။

"မလွန်နဲ့ဗျို့၊ ကိုယ်တွေ့မှ သိလိမ့်မယ်"

"ကိုကိုကတော့လေ"



www.burmeseclassic.com

www.burmeseclassic.com

အတင်း ဆွဲခေါ်သွားသဖြင့် နောက်က လိုက်လာရ၏။ ရှုပါ၏ထဘီ အနားခတ်သံကို သတိထားမိသည်။

"ထိုးရောင်းတဲ့ကောင်မလေးကို သတိထားမိလား"

အကြည့်သာ ရောက်လာသည်။ နှုတ်က မဟ။

"စျေးသည် ဆိုတာ စိတ်ရှုပ်ရတယ် ရှုပါရယ်။ ကောင်မလေး တွေ့တယ် မဟုတ်လား၊ ဘယ်လောက် စိတ်ရှုပ်လဲ။ ရှုပါ မွှေထားတဲ့ထိုး အလက်ပေါင်းကို နည်းလား"

"စိတ်မရှုပ်လည်း ကိုယ့်စီးပွားရေးပဲ ကိုကိုရယ်၊ လုပ်ရမှာပေါ့"

"မောင့်ရှုပါလေးက တော်လာပြီ"

"ဘာစားမလဲ"

"သဒ္ဒါတာပဲ ကျွေးပါ"

"စားချင်တဲ့အစာကိုကျွေးမှ အာဟာရဖြစ်မယ် မဟုတ်လား"

ဆီချက်ခေါက်ဆွဲဆိုင်ရှေ့တွင် ခြေလှမ်းတုံ့လိုက်၏။

'စျေးသည်၏လက်နှင့် စျေးသည်၏ပါးစပ်သည် လုံးဝ မတူညီသော အိမ်ထောင်ရေး ဖြစ်သည်တဲ့'

ခုံပေါ်တွင် ထိုင်ချရင်း ပြောမိလိုက်၏။ ရှုပါက အလေးထားပုံမရ။ ဘာသားနဲ့ စားမလဲဟုသာ မေး၏။ ရှုပါ ကြိုက်တဲ့ အသားနဲ့မှာဟု ပြောမိသည်။ ဘယ်လိုမှ မကြိုက်သော ဘဲသားဆီချက်ခေါက်ဆွဲနှစ်ပွဲကို ရှုပါက မှာလိုက်လေသည်။

"ရှုပါတို့အိမ်က ဝက်သားမစားကြဘူး ထင်တယ်နော်"

"ဟုတ်တယ်" ဟု ပြော၏။

"ကိုအောင်ငွေကတော့ ဝက်သားသိပ်ကြိုက်ပါတယ်။ ဟိုတုန်းက ကိုယ်တို့နဲ့ စားနေကျပဲ"

"မေမေက မကြိုက်လို့"

"မသိန်းသိန်း မကြိုက်တာလား၊ မတင်ညွှန့် မကြိုက်တာလား" ဟု ပြောပြီးမှ မပြောသင့်မှန်း သတိရလိုက်၏။

ရှုပ့်ခွက်ထဲက ခေါက်ဆွဲမျှင်တွေကို တူနှင့် လှမ်းကော်လိုက်သည်။ အေးသွားအောင် မွှေပေးလိုက်ရသည်။

"ရပြီ" ဟု ပြောမှ ရွှေ့ပေးလိုက်၏။ လက်တစ်ဖက် မြှောက်ပြလိုက်သည်။ ကောင်လေးတစ်ယောက်က-

"ဘာယူမလဲ ဦး" ဟု လာမေး၏။ နည်းနည်း စိတ်ထဲ မျက်သွားမိသည်။ အမျိုးသမီးငယ်ငယ်နှင့် တွဲထိုင်နေတာ မြင်လျက်နှင့် 'ဦး' ဟူသော ရင့်ရင့်သီးသီး စကား။ 'မင်းတို့ မြန်မာနိုင်ငံသားတွေ ဒီ ရိုးသားလွန်းတဲ့ အကျင့်ကိုလည်း နိုင်ငံတကာ အဆင့်အတန်းမီအောင် ပြုပြင်ကြဦး'ဟု စိတ်ထဲက ကြိမ်းဝါးလိုက်သည်။ 'အစ်ကိုကြီး'ဆို တော်သေး၏။ 'ဦး'တဲ့။

"ဘာလီရည် နှစ်ခွက်ကွာ။ ဟာ- နေဦး နေဦး၊ ဆီချက်ခေါက်ဆွဲ





နောက်ထပ် နှစ်ပွဲကွာ"

"ကိုကို သူများတော့ တော်ပြီနော် မကုန်ဘူး"

"ထမင်းလွတ်လေ ရှုပါရယ်။ စားပါ အားမနာပါနဲ့၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားတာပဲဟာ။ ရှက်လို့လား၊ ပိုက်ဆံကုန်မှာ စိုးလို့လား"

"မဟုတ်ပါဘူး ကိုကိုရယ်၊ ရှုပါ တကယ် မကုန်နိုင်လို့ပါ"

"ရတယ်၊ ကိုကိုကတော့ သုံးပွဲနဲ့တောင် ဝချင်မှ ဝမယ်။ ညီလေး ယုပ်ကွာ၊ နောက်ထပ် နှစ်ပွဲလုပ်"

ကောင်လေး ရယ်ပြီး ထွက်သွား၏။

"အစားကြီးလိုက်တာ၊ မရှက်ဘူးလား"

"ဒီမျက်နှာကို သေသေချာချာ ကြည့်ပါဦး"

တကယ်ကြည့်၍-

"ဘာလဲ" ဟု ဆို၏။

"အရှက်ရှိတဲ့ မျက်နှာမှ မဟုတ်တာ"

ရှုပါက သိမ့်သိမ့်လှုပ်လှုပ် ရယ်လေသည်။

"တကယ်ပဲ" ဟုလည်း ဆိုသည်။

"အစားစားတာ ရှက်စရာ မဟုတ်ပါဘူး ရှုပါရယ်။ ဓမ္မပဒ ဖတ်ဖူး သား"

"ဟင့်အင်း" ဟု ခေါင်းခါပြ၏။

"ဓမ္မပဒထဲမှာ ဆိုတယ်၊ လူတွေဟာ အစားဝင်ရင် ကိုယ်သားကိုယ် ရေ ချောမွတ်တောင့်တင်းတယ်တဲ့။ တရားဝင်ရင် အပါယ်ငရဲမှ ဝေးတယ် တဲ့။ အစားမဝင်ရင် သေမယ်၊ တရားမဝင်ရင် အပါယ်လားမယ်တဲ့"

"ဟုတ်ကဲ့ရှင့်၊ ကျောင်းဒကာရယ် ဟောပါဦး"

"တကယ်ပြောတာ"

ကောင်လေးက ဆီချက်ခေါက်ဆွဲနှစ်ပွဲကို လာချ၍ ရယ်သွားသည်။

"ဗုဒ္ဓက ပြောတယ် ကျောင်းအမရယ်၊ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိ ကာတဲ့။ သတ္တဝါတွေဟာ အာဟာရကြောင့်လည်း အသက်ရှင်တယ်တဲ့။ ...ဝေလမှာ ခြောက်နှစ်လုံးလုံး ဒုက္ကရစရိယကျင့်ကြည့်တယ်။ သုံးဆယ့် ...ပါးသော လက္ခဏာတော်တွေ ကွယ်သွားတယ်။ အစားမစားဘဲ ဆက် ...ျင့်ရင် သေမယ်ဆိုတာ သူ သိတယ်။ ဗုဒ္ဓရဲ့တရားတွေဟာ လက်တွေ့ ...ျင့်ကြံ အားထုတ်ပြီးမှ ရတဲ့တရားတွေ။ အဲဒီလို ကျင့်ကြည့်ပြီးမှ မဇ္ဈိမ ...ပဋိပဒါကို ရလာတယ်။ သုဇာတာရဲ့ ယနာနို့ဆွမ်းကို ထန်းသီးပမာဏခန့် ...လေးဆယ့်ကိုးလုတ် ဘုဉ်းပေးတယ်။ သာမန်လူတွေဆို ဘယ်အလုတ်နှစ် ...ယ် ကုန်မလဲ"

"ဟင်ကားစထရိတ် လုပ်ထားတာကိုး"

"မင်း ပေါက်ကရ မပြောစမ်းပါနဲ့။ သတ္တဟစ်ဖို့အတွက် ဉာဏ်တော် ... ဆင်ခြင်ပြီး သတ္တသတ္တာ နေ့ဝါစာလိယ လေးဆယ်နဲ့ကိုးရက် မစားမ



www.burmeseclassic.com

www.burmeseclassic.com

သောက်ဘဲ ထပ်မံ ကျင့်ကြံတော်မူဖို့အတွက် စားတာ"

"ကျောင်းဒကာပြောမှပဲ ကျွန်မလည်း သဘောပေါက်မိတော့တယ်"

ဟု ရယ်၍ ပြောသည်။ သူကပင် ဘာလီရည်မှာ၏။ စိန်ဂျွန်းဈေး ဆီချက်ခေါက်ဆွဲ စားပြီးကြသောအခါ ဈေးဝယ်ရန် ဗိုလ်ချုပ်ဈေးသို့ ကျင်လျှောက်လာကြသည်။ ပစ္စည်းဝယ်ပြီး အတူ ပြန်လာကြ၏။ အိမ်ရှေ့ တွင် ကားရပ်သောအခါ-

"အလို ကျားသားမိုးကြိုး" ဟု သူ့အမေက ဆို၏။

"ဘာလဲဗျ"

"ရှင်ပြောတော့ အတူပြန်ဖြစ်ချင်မှ ပြန်ဖြစ်မယ်ဆို။ ခုတော့ ပါလာ ပါလား"

"စိတ်မချလို့လေ"

"ဘာ"

"ဩော်- ပစ္စည်းတွေနဲ့ ဆိုတော့ မနိုင်မနင်း . . ."

"ရှင့်ပဲ ကျွန်မက စိတ်မချတာ၊ ကျွန်မသမီးလေးက ရွှေရည်ပန်း စက် . . ."

"ရုပ်ရှင်ဝင်ကြည့်နေလို့ ကြာနေ . . ."

"အို- ဦးကလည်း မဟုတ်ဘဲနဲ့"

ပစ္စည်းသိမ်းဆည်းနေသော ရူပါက လှမ်းပြော၏။

"အဲဒီ အပြောကိုလည်း ပြင်ဦး၊ ဟုတ်တာဆို နာလိုခံခက်တဲ့ စကား ရှိတယ်"

"ရှင်တော့လေ၊ တကယ်ပဲ တစ်သက်လုံးမှ ဒီအချိုးပြောင်းပါ့မလား"

"အချိုးကကောင်းပါတယ်၊ ပိုကာသုံးကောင်နဲ့ စပိတ်တစ် နှစ်လုံး ဘယ်သူ့ဆီ ပါလို့လဲ"

ရူပါက လှမ်းကြည့်၏။ သိန်းသိန်းက-

"ရှင်လည်း ဖဲသမားလား" ဟု ဆိုသည်။

"အရင်တုန်းကတော့ ရှုံးပဲကစားတယ်။ ခုတော့ ပိုကာကစားကြည့် နေတယ်"

"ဖဲသမားဆို သိပ်မုန်းတာ" ဟု ဆိုသည်။ သိန်းသိန်း၏ပထမဦးဆုံး ယောက်ျားသည် ဖဲသမားဟု ပြောဖူးသည်ကို သတိရလိုက်မိသည်။

✤ ✤ ✤

"ဟိုနေ့က ခင်ဗျားစိတ်ထဲ အတော် ခုလုခုလု ဖြစ်သွားတယ်ထင် တယ်" ဟု စိုးခင်က ဆိုသည်။

"ဘယ်နေ့ကလဲကွ၊ ငါက ဘာလို့ မင်းကို ခုလုခုလုဖြစ်ရမှာလဲ"

"ခင်ဗျား ဂျူးလိယက်အကြောင်း ပြောမိတဲ့နေ့ကလေဗျာ။ ကျုပ်က ခင်ဗျားကြီးစိတ်ကို စမ်းကြည့်တာပါ"





သူငယ်ချင်းဆိုတော့ သည်ကောင့်အကြောင်း သိ၏။ ရူပါနှင့် ပတ်သက်၍ မေးလျှင် သူ ဘာမှ ပြောမည် မဟုတ်။ ပြောပြန်လျှင်လည်း ခင်ဗျားက ကျွန်တော်ပြောရင် ယုံမှာလားဟု ဦးဆုံး စကားခံဦးမည်။ မေးဘဲနေလျှင်တော့ သူ မုချ ပြောလာလိမ့်မည်ကို သိ၏။ သည်ကောင့် အကျင့်က သည်လိုပင်။ လူတစ်ဖက်သားကို တစ်နည်းမဟုတ်တစ်နည်း စိတ်ကသိကအောက်ဖြစ်အောင်တော့ အလွန် လုပ်တတ်သည့်အကောင်။

တစ်ခါက သည်အကောင် မိန်းကလေးတစ်ယောက်နှင့် ဖြစ်နေသည်ကို ကြားသဖြင့် ကျွန်တော် မေးဖူး၏။ "အင်း" ဟု ဝန်ခံစကားဆိုသည်။

"မမြင့်နဲ့ ကလေးတွေမျက်နှာကိုလည်း ပြန်ထောက်ဦးကွာ"

ဟု ပြောတော့-

"မထောက်ပါဘူး။ မိန်းမနဲ့ ကလေးတွေမျက်နှာထောက်ရင် ဘယ် နောက်မိန်းမယူလို့ ဖြစ်တော့မလဲ" ဟု ဘုပြောသည်။

"ခွေးကောင်၊ ငါ ပါးထချလို့" ပြောမှ မချိပြုံး ပြုံးနေ၏။

"ကျုပ်က မဟုတ်ပါဘူးဗျာလို့ ပြောလည်း ခင်ဗျားတို့က ယုံချင်မှ ယုံမှာ။ ဒီတော့ မေးလာသမျှ လူတွေကို ကျုပ်ကတော့ အင်းလို့ပဲ ပြော လိုက်တယ်။ တစ်လုံးတည်းနဲ့ ပြီးရော"

ဟု အရွဲ့တိုက် စကားဆိုသည်။ အမှန်ကတော့ ဘာမှမဟုတ်။ သည် ကောင်မလေးနှင့် သူနှင့် အလုပ်ကိစ္စအတွက် သွားလာကြခြင်းသာ။

"ဟေး လူကြီး၊ အဲဒီကောင်မလေးကို ခင်ဗျား တကယ် လက်ထပ် ယ်လို့ မှန်းထားလား"

"မင်းကိစ္စမဟုတ်ပါဘူး ဟေ့ကောင်"

"ဟိုက်ရှားပါး၊ ဟောက်လားဟိန်းလားနဲ့ပါလား"

ဘာမှမပြောဘဲ မုန့်တစ်ခုကိုသာ ဖဲ့စားနေလိုက်၏။ စိတ်ထဲကတော့ သိနေပြီ။ သည်ကောင် မပြောဘဲ မနေနိုင်တော့၊ ပြောချင်၍ပင် ကျွန် တော့်လက်ဖက်ရည်စားပွဲသို့ တမင်လာခြင်း ဖြစ်၏။ စိတ်ထဲကတော့ ရယ် ချင်နေပြီ။

"ဟဲဟဲ ဟေးလူကြီး တကယ် မေးနေတာပါဗျ"

အနားတိုးကပ်လာသည်။ အသံကို နှိမ့်၏။ ခုံကိုပင် အနည်းငယ် ရွှေ့လိုက်၏။ သူ့မျက်လုံးအစုံက ကျွန်တော့်မျက်နှာမှ မခွာ။ ကျွန်တော်က စိုးခင်ကို လုံးဝ မကြည့်ဘဲ ပြော၏။

"ငါ ပြောရင်ကော မင်း ယုံမှာလား"

သူပြောနေကျစကားမှန်း သတိထားမိပုံမရ။

"ယုံပါတယ် ဆရာရယ်" ဟု ဆို၏။

"မပြောတတ်သေးဘူးကွ၊ ငါ စုံစမ်းတုန်းပဲ"

"အဲ ကျုပ်ကလည်း အဲဒါ ပြောချင်လို့"

"ပြောမနေပါနဲ့၊ မင်း စကားဆို ငါ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ယုံပါဗျာ၊ ကျုပ် တကယ် ပြောတာပါ။ ဒီ အပေါင်းအသင်းတွေ ရှိတာ။ မတော်တာမြင်ရင်တော့ ပြောကြရမှာပေါ့။ ခင်ဗျားလည်း ကျုပ် ချောက်ကျမယ့်အလုပ်တော့ ဟန့်တားမှာပဲဆိုတာ ကျုပ် ယုံပါတယ်"

"ဘာကွ၊ ခု ငါ ချောက်ကျတော့မယ်"

မှင်သေသေနှင့် လှည့်ဟောက်လိုက်၏။

"မကျပါဘူး၊ ကောင်မလေးက ရုပ်လှတော့ ကြိုက်တဲ့လူများတာ တစ်ခုရယ်ပါ။ ဒါလည်း မဆန်းပါဘူးဗျာ၊ ရည်းစားတစ်ထောင် လင် ကောင်တစ်ယောက် ဆိုတော့"

"ခုက ရည်းစား မဟုတ်ဘူးကွ။ ငါ သိရသလောက် ကောင်မလေး က လင်နောက်တောင် လိုက်ပြေးဖူးတယ်တဲ့။ အဲဒါကြောင့် ခုနစ်တန်း ကျောင်းထုတ်ခံရတာ။ ပြီးတော့ သူတို့ဘကြီးဆီမှာ လက်သမားလုပ် မောင်တင်စိုးက ပြောတယ်တဲ့၊ ကောင်မလေးက ကိုယ်ဝန် ခဏခဏ ဖျက်ချရတယ်လို့. . ."

"သူများသားသမီးကို မဟုတ်ကဟုတ်က၊ ဒီမှာ ဟေ့လူ"

စိတ်ထဲ ရယ်ချင်နေသော်လည်း မျက်နှာကို တည်ထားရ၏။

"ဘာလဲကွ"

"အဲဒါ- သက်သက်မဲ့ သွားပုပ်လေလွင့် ပြောကြတာဗျ။ ဒီကောင် မလေးနဲ့ ကျောင်းအတူတက်နေတဲ့ သီတာ ဆိုတာ ကျုပ်အိမ်နားက၊ ကျုပ် မိန်းမနဲ့လည်း သိပ်ခင်လို့ ခင်ဗျားကောင်မလေးအကြောင်း သိတာ့ဆို ကျုပ် စုံစမ်းကြည့်တယ်"

"မင်းက ဘာလို့ သူများအကြောင်း သွားစုံစမ်းရတာလဲ"

"ကျုပ်က ခင်ဗျားနဲ့ ဖြစ်နေတယ်ကြားတော့ စုံစမ်းရတော့တာပေါ့ ကိုယ့်လူ မတော်တရော်နဲ့ ကျမှာစိုးလို့။ ဘာမှမဟုတ်ဘူး ဟေ့လူ၊ ကျောင်း ထွက်တာလည်း သူ့ဘာသူ ခုနစ်တန်းမှာ နှစ်ခါကျလို့ ကျောင်းထွက်တာ ပြီးတော့ ကောင်လေးတစ်ယောက်နဲ့ ဖြစ်တယ်ဗျာ။ တရုတ်ကပြားလေး မိဘတွေသိလို့ ဟန့်တားကြတာပေါ့။ ကောင်လေးက ကိုးတန်းဆိုထင် ရဲ့။ ပညာကလည်း မစုံသေး၊ ငယ်ကလည်း ငယ်သေးတော့ နှစ်ဖက်မိဘ တွေက ခွဲကြတာပေါ့။ ကောင်မလေးကို သူ့အစ်မတစ်ယောက်ရှိတဲ့ မင်းဘူး မြို့ကို ပို့လိုက်တယ်။

အဲဒါနဲ့ သူ့ကောင်လေးမိဘများလည်း ကောင်မလေးကို စိတ်နာ သူ့သားနဲ့ ကိုယ်ဝန်ရှိတယ်။ ခု ကောင်မလေး ပျောက်နေတာ ကိုယ်ဝန် သွားဖျက်ချတယ် ဘာဘာညာညာနဲ့ ပြဿနာတွေ ရှုပ်ကုန်တာပေါ့ ဟေ့ လူ၊ ကောင်မလေးကိုလည်း အဲဒီကစပြီး ဂျူးလီယက်၊ ဂျူးလီယက် နောက်ပြောင်ကြရင်း ဂျူးလီယက်ဆို တစ်ရပ်ကွက်လုံး တစ်ကျောင်းလုံး ဖြစ်သွားတာ"

"မင်း မသိပါဘူးကွာ"





"ဟောဗျာ၊ ခင်ဗျားက မနေ့ကမှ ထောင်ထဲက ထွက်လာတဲ့လူပါဗျ။ ခင်ဗျား မရှိတုန်းလည်း ကျုပ်ဘယ်မှမပြောင်းဘူး။ ဒီရပ်ကွက်ထဲမှာ နေ တာ ကျုပ်ထက် ခင်ဗျား သိဦးမလား။ ဟေ့လူ- နေစမ်းပါဦးဗျ"

"ဟဲ့ကောင် သွားမယ်ကွာ။ မင်း ဘာပြောပြော ငါ မယုံဘူး"

စိတ်ထဲကတော့ ဝမ်းသာနေမိ၏။ သို့သော် သည်ကောင့်ဆီက နောက်ထပ် ဘာများ ကြားရဦးမလဲ ဟူသော ရည်ရွယ်ချက်နှင့် လက်ဖက် ရည်စားပွဲမှ ထလိုက်သည်။

"ဟေ့လူ၊ တကယ် ပြောတာဗျ။ သူငယ်ချင်းချင်း မဟုတ်တာတော့ ပြောပါ့မလားဗျ။ ခင်ဗျား ကံကောင်းပါတယ်၊ အလှကြိုက်တဲ့ ခင်ဗျားအ တွက် ဂျူးလီယက်ဟာ အသင့်လျော်ဆုံးပဲ။ မိဘတွေကလည်း ခင်ဗျား ငယ်သူငယ်ချင်းတွေ ဆိုတော့ ပိုအဆင်ပြေတာပေါ့။ ကျုပ် အားလုံး ကြား ပါတယ်။ ဒီကောင်မလေးကလည်း ခင်ဗျားကို တော်တော် ချစ်တယ်လို့ ပြောကြတယ်။

သွားတဲ့လာတဲ့အခါမှာတောင် ကွာဟသွားမှာစိုးလို့ ကားကြီးတွေ ဘယ်လောက်ချောင်ချောင် မစီးဘဲ ကားသေးလေးပဲ စီးကြတယ်တဲ့။ ရုန် ကုန်ထဲမှာလည်း လက်တွဲမဖြုတ်တမ်း လျှောက်ကြတယ်ဆို။ ဆိုက်ကား သမားတွေက ပြောကြတယ်၊ ဆိုက်ကားစီးတာတောင် ကျောချင်းကပ်ထား ကြတယ်ဆိုပဲ။ ဟေ့လူ ကျုပ်အတွက်ပါ ရှင်းလိုက်ပါဗျာ၊ မုန့်မပါပါဘူး။ လက်ဖက်ရည်တစ်ခွက်နဲ့ ခပေါင်းခါးချည့်လေး နှစ်လိပ်တည်းရယ်ပါဗျ"

"မရှင်းဘူးကွာ"

"လုပ်ပါဗျ၊ ငါ့ဆရာသမားကလည်း ဘာများစိတ်ခုနေပါလိမ့်"

"မင်း မဟုတ်ကဟုတ်က ပြောနေလို့ပေါ့ကွ"

"ဟေးလူ၊ ဘုရားစူး မိုးကြိုးပစ် ကားတိုက်လို့ သေရပါစေရဲ့ဗျာ။ ခဟုတ်တာ လုံးဝ မပြောပါဘူး"

"မင်းအကောင် ကားတိုက် မိုးကြိုးပစ်သေမှာတော့ မဟုတ်ဘူး။ ခြောက်တစ်နဲ့ ထောင်ထဲပဲ ဝင်ရမယ်"

"မှန်လိုက်လေဗျာ၊ ကျုပ် ပြန်တောင် ထွက်လာပြီ။ ဟဲဟဲဟဲ"

"အေး၊ ငါ ကြားတယ်။ မင်း ထောင်ထဲ ဘယ်လောက်ကြာခဲ့လဲ"

"တစ်လလောက်ပါ။ ပြီးသွားပါပြီ"

ချည်မျှင်နှင့်အထည်စက်မှ ဥသြဆွဲသံကို ကြားလိုက်ရသည်။

"ကဲ- ကျုပ် အလုပ်ဝင်လိုက်ဦးမယ်။ ဟေ့လူ ခင်ဗျား ဟိုလူပြော၊ ဒီလိုပြောတော့ မယုံနဲ့နော်"

"မင်းပြောတာပဲ ယုံဆိုပါတော့"

"ကျုပ် အမှန်အတိုင်း ပြောတာပါ"

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ဂျုံအိတ်ဆန်ထုပ်ကို ရွက်၍ လှမ်းတက်လာ၏။

"ကိုကို လာချပေးဦး" ဆိုပြီး မီးဖိုဆောင်ထဲ လှမ်းဝင်သွားသည်။ သူ့နောက်ကျောကို ငေးကြည့်နေမိသည်။

"ကို . . . ကို လာချပေးစမ်းပါဆို။ လေးကလေးနဲ့ သူများ သေတော့မယ်"

နွဲ့သံချွဲသံများနှင့်အပြောကို မခံနိုင်။ တကယ်လည်း လေးလံလာပုံရသဖြင့် ချက်ချင်း ပြေးထရသည်။ ခေါင်းပေါ်က ဆန်အိတ်ကို လှမ်းယူလိုက်၏။ သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချသည်။ နဖူးက ချွေးတွေကို လက်နှင့် သပ်ချ၏။ ကမန်းကတန်း မျက်နှာသုတ်ပဝါကို လှမ်းဆွဲပေးရ၏။

"ဘယ်သူ့မျက်နှာသုတ်ပဝါလဲ"

"ကိုကို့မျက်နှာသုတ်ပဝါ"

"အဲဒါကြောင့် နံ့တာ"

မျက်နှာက ချွေးတွေကိုသုတ်ရင်း ရယ်၍ပြော၏။

"မလျှော်တာ တစ်လလောက်ရှိပြီ"

"လူညစ်ပတ်"

ထိုင်ချလိုက်ပြီး သူ့ခြေမ သူ ကိုင်ကြည့်နေ၏။

"ဘာဖြစ်လို့လဲ ရှုပါ"

"ခြေမ ခလုတ်တိုက်မိလာလို့၊ ဘယ်လူတွေ ဘာအတင်းပြောကြလဲ မသိဘူး။ လဲပြီလားတောင် အောက်မေ့တာ။ ဆန်အိတ်နဲ့ လဲရင်တော့ ကိုကို့ဆီ အဆူခံရတော့မှာပဲ တွေးပြီး ချွေးပြန်သွားတယ်လေ"

သူ့ခြေမကို လှမ်းကိုင်ကြည့်ပြီး စိတ်မကောင်းဖြစ်သွားခဲ့သည်။ ကျွန်တော်နှင့်ပတ်သက်၍ သူ ပြောဖူးသည်။ ကိုကို့ကို ချစ်လည်း ချစ်တယ်၊ ကြောက်လည်းကြောက်တယ်။ ကိုကိုက စိတ်တိုတယ်၊ ကိုကို့ရှေ့ အမှားအယွင်းတစ်ခုခု လုပ်မိရင် ကိုကိုက ဟောက်တော့ ရှုပါ ဝမ်းနည်းတာပေါ့။ မေမေ့ကို တိုင်ရင်လည်း ရှုပ့်ကိုပဲ မေမေက ဆူတယ်။ ကိုကို ဆိုးမတာ နာခံရမယ်တဲ့။ ကိုကို့သဘောကျ နေရမယ်တဲ့။ ကိုကိုက နှုတ်ခမ်းနီဆိုးတာ၊ မျက်ခုံးဆိုးတာ၊ လိုင်နာဆွဲတာ မကြိုက်ဘူး ဟုတ်လား။ အဲဒါကြောင့် ရှုပါ ဘာမှ အလှမပြင်တော့ဘူး။ သနပ်ခါးပဲ လိမ်းတာသာ ကြည့်တော့ဟု ပြောဖူးသည်။ ဆံပင်ကောက်မည်ဟု ဆိုဖူး၏။

သူ့အမေက အေးဟန်ကို ပြောပေါ့ဟု ဆို၏။ အမှန်မှာ သူ့အမေက ဆံပင်ကောက်ခ ပိုက်ဆံပေးခိုင်းခြင်းပင်။ ကောက်ဝံ့ကောက်ကြည့်စမ်းဟု ဆိုသဖြင့် တကယ် မကောက်ရဲရှာ။ ကိုကို ကြိုက် မကြိုက် ရှုပါက မေးကြည့်တာပါ ကိုကိုရယ်။ ကိုကို မကြိုက်ရင် ရှုပါ မလုပ်ပါဘူး။ ဈေးဝယ်သူတွေရှေ့မှာတော့ ရှုပ့်ကို မဟောက်ပါနဲ့နော် ကိုကိုရယ်။ ရှုပါ ရှက်လို့ပါဟု တောင်းပန်ဖူးသည်။





မိမိအား ရှုပါ ကြောက်ချစ်ရှိသေရှိသည်ကို သိသည်။ ထို့ကြောင့် ရှုပါက ဖွင့်ပြောသောအခါ သနားမိသည်။ မဆင်ခြင်တတ်သော ပါးစပ်ကိုလည်း မိမိ အပြစ်တင်မိသည်။ သိန်းသိန်းကပင် ပြောဖူး၏။

"ခေတ်သိဈေးလာဝယ်သူတွေက ခုကတည်းက ဒီလောက် ဟိန်းလား ဟောက်လား လုပ်နေတာ ညားပြီးရင် သတ်များပစ်မလား မသိတဲ့။ မိန်းကလေးက မညားခင် တင်းရတာတဲ့။ ခုတော့ မညားခင်ကတည်းက အနှင်းခံနေရရင် သေဖို့သာပြင်တော့" လို့ပြောကြသတဲ့။

"ခင်ဗျားတို့ အဲဒါ ခက်တာပေါ့ဗျ မသိန်းသိန်း။ ကျုပ်က ကျုပ်မှုနဲ့ ကျုပ်ပါဗျ။ ခင်ဗျားတို့ သဘောမပေါက်လို့ ဖြစ်မယ်။ မရခင် ဖျာလိုလိပ်၊ ထိပ်ပေါ်တင် ဆိုတဲ့အစားထဲ ကျုပ် မပါဘူး။ ရပြီးလည်း ခင်ဗျားတို့ကို ခင်းပြီး ကျုပ် မနင်းဘူး။ ခင်ဗျားတို့သာ မဟုတ်ဘူး၊ ကျုပ် ဘယ်လူ့ကိုမှ မတရားမလုပ်ဘူး။ မခန့်လေးစား မရှိမသေလည်း မပြုမူဘူး။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား ဆိုတဲ့မူကို ကျုပ် အမြဲကျင့်သုံးပါတယ်။ တစ်ခုတော့ ရှိတယ်။ ကျုပ်က အပြောမချိုတတ်ဘူး။ ဟန်မဆောင်တတ်ဘူး။ ခု ရှုပ့်ကို ပြောဆိုနေရတာဟာလည်း နှိမ်တဲ့ သဘော မဟုတ်ပါဘူး။ ကိုယ်နဲ့ တစ်သက်လုံး လက်တွဲလျှောက်ရမယ့်လူ လိမ္မာလာအောင်၊ ဆင်ခြင်တုံတရား ရှိလာအောင် သွန်သင်တဲ့သဘောပါ"

"နှုတ်ချိုရင်သျှိတစ်ပါးတဲ့ရှင့်၊ တိုးတိုးပြောလည်း စကားပဲ။ နှစ်ကိုယ်ကြား နားဝင်အောင် မပြောတတ်ဘူးလား"

"ကျယ်ကျယ်ပဲ ကျောင်းအမရယ်၊ နာမည်လည်း မေးကြည့်ဦး" ဟု နောက်သည်ကို ရှုပါက သတိရ၍ရယ်သည်။ မကြားဘူးသော သိန်းသိန်းက နားမလည်။

"တစ်ခုတော့ ပြောထားပါရစေဗျာ၊ ဆေး ဆိုတာကတော့ အစားအသောက်လို စားလို့သောက်လို့ကောင်းမှာ မဟုတ်ဘူး။ ခါးရင်ခါးမယ်၊ ငန်ရင်ငန်မယ်၊ ပူရင်ပူမယ်၊ စပ်ရင်စပ်မယ် ဒါပေမယ့် ကြိတ်မှိတ်ပြီး မျိုချလိုက်ရင် ရောဂါပျောက်တယ်နော်။ အဲသလိုပဲ ကျွန်တော် ပြောတဲ့စကားဟာ နားဝင်မချိုပေမယ့် လိုက်နာနိုင်ရင် သိပ်အကျိုးရှိ . . ."

"ငါ ထလုပ်လိုက်ရ၊ ကြီးကျယ်လိုက်တာ"

သိန်းသိန်း၏ ရေနွေးကြမ်းပန်းကန်အရွယ်ကို ခံရဖူးပြီး ပျော်သလိုတော့ တွေ့သည်။ မည်သို့ဆိုစေ ရှုပါလေးကို သနားချစ် ချစ်သည်မှာတော့ ဆိုဖွယ်ရာ မရှိပြီ။

"ခလုတ်တိုက်လာတယ် ဟုတ်လား၊ နာနေသေးလား။ ဟော့ မားမား ဘယ်မှာလဲကွ"

ပြုံးပြုံးပြုံး လုပ်လိုက်သော ကျွန်တော့်ကို ရှုပါက အံ့သြသည်။

"ဘာလုပ်မလို့လဲ ကိုကို" ဟု အထိတ်တလန့်မေး၏။



www.burmeseclassic.com

www.burmeseclassic.com

"အတင်းပြောတဲ့ ငနဲတွေကို ဓားနဲ့ သွားခုတ်မလို့။ သူတို့ အတင်းပြောလို့ မောင့်ရှုပါလေး ခလုတ်ကန်သင်း တိုက်လာရတာ။ ဟေး- ဘယ်သူတွေလဲကွ၊ ဟိုဘက်ခန်းက"

"အိုး- ကိုကိုကလည်းလေ တကယ်ပဲ"

ရှုပါက ပါးစပ်ကို လက်နှင့်လှမ်းပိတ်၏။

"ဖွီး" ဟု တံတွေးမပါသောလေကို မှုတ်ထုတ်လိုက်ရသည်။

"ဘာဖြစ်ပြန်လို့လဲ"

"ခြေမကို ကိုင်တဲ့လက်နဲ့ ပါးစပ်လာပိတ်တော့သဲတွေဝင်တာပေါ့ဗျ"

"သဲမပါပါဘူး ကိုကိုရယ်၊ ကန်တော့နော် ယောင်သွားလို့ပါ" ဟု ပြော၍ ရယ်၏။ အမှန်မှာ သူ့ခြေထောက်က သည်လောက် မနာဘူးဆိုတာ သိပြီးသား။ ပရုတ်ဆီနှင့် ဆုပ်နယ်ညှစ်ကိုင်ကြည့်ကတည်းက ခန့်မှန်းပြီးသား ရှုပါတစ်ခုခုကို ပြောချင်၍ တမင်လုပ်ကြောင်း သတိထားမိသည်။

သို့သော် ကျွန်တော် အပိုစကားတွေ၊ အပိုလုပ်ပြမှုတွေကြောင့် သူ့စိတ်ကူးတွေ ပျက်ပြယ်သွားပုံရသည်။

"ကိုကို ထမင်းလည်း မချက်ရသေးရင် အိမ်မှာ လိုက်စားပါလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ရပ်ကွက်ထဲ အတူ တွဲသွားရမှာ ရှက်လို့"

သူက မတ်တတ်ထလိုက်၏။ စုတ်သပ်ပြီး ပြန်ထိုင်ချလိုက်သည်။ "အမေ့" ဟု ဆိုပြီး ပခုံးကို လှမ်းကိုင်ထား၏။

"ဘာဖြစ်လဲဟင် ရှုပါ"

"ခြေမျက်စိ အဆစ်လွဲသွားပြီလား မသိဘူး၊ ဒီနေရာက နာတယ်"

သက်မ ချလိုက်မိသည်။ သိလျက်နှင့် ဝိပါက်ကြမ္မာငင်ပြီလား ထင်ရသည်။ တကယ်လားဟု သူ့ခြေမျက်စိကို ကိုင်ကြည့်ရသည်။ စောစောက ပရုတ်ဆီဘူးကို လက်လှမ်းလိုက်၏။ ချက်ချင်း အပြင်သို့ ပြေးထွက်သွားသည်။ ခွေးမဟု လှမ်းအော်လိုက်ရ၏။ အပြင်ခန်းတွင် ထိုင်၍ ရယ်နေသည်။

"ကိုကို လိုက်ပို့" ဟု ထပ်ဆို၏။

"မပို့ပါဘူး" ဟု ပြောသောအခါ ပုဆိုးစလှမ်းဆွဲ၍-

"မပို့ရင် ပြန်ကို မပြန်တော့ဘူး" ဟု ဆို၏။

"ကြာသလားလို့" ဟု တမင် ပြောလိုက်သည်။

ပုဆိုးစကို ပြန်ဆွဲ၍-

"မပို့ရင် တကယ် မပြန်တော့ဘူး" ဟု ဆိုသည်။

"ဟ- လုံချည်ပြုသွားဦးမယ်" ဟု ဟောက်ကြည့်၏။ မရ။ တကယ်ပင် မပြန်တော့ဘူးဟု ပေထိုင်နေသည်။





"တစ်ယောက်တည်း ပြန်ရမှာ ရှက်တယ်။ လမ်းကလူတွေ ဝိုင်းကြည့်နေကြမယ်" ဟု ဆိုသည်။

"နားဖောက်ပြီးသား ဖြစ်သွားတာပေါ့" ဟု ပြောရ၏။

"ပြန်ရင် ကောင်လေးတွေကလည်း စာလိုက်ပေးဖို့ စောင့်နေကြတယ်" ဟု ဆို၏။

"ကောင်မလေးတွေကလည်း အတင်းပြောဖို့ စောင့်နေကြဦးမယ်။ ဒါလောက်တောင်ဖြစ်တာ ကိုကိုနဲ့ကို ရပ်ကွက်ထဲ တွဲသွားပြလိုက်ဦးမယ်" ဟုဆိုသည်။

ဘာကြောင့်ရယ်ဟုမသိ ရင်ထဲ သံသယဝေဒနာတစ်ခုသည် အလိုလို ပေါ်လာသည်။ တစ်နေ့ကလည်း သိန်းသိန်းနှင့် ရှုပါတို့ ညနေပိုင်း ဟင်းလာပေးရင်း သားအမိနှစ်ယောက် ရောက်လာကြသည်။ ဆိုင်ကို ဘယ်သူနဲ့ထားခဲ့လဲဟု မေးမိ၏။ မူယာနှင့် သူ့အဖေ ကိုအောင်ငွေတို့ ကျန်ခဲ့သည်ဟု ပြောသည်။ သူတို့ သားအမိနှစ်ယောက်ကို လိုက်ပို့၏။

(၄)လမ်းအတိုင်း မသွားဘဲ လမ်းပြတ်ကပင် သွားကြသည်။ ဘာဖြစ်လို့လဲဟု မေးမိ၏။ '(၄) လမ်းအလယ်ပိုင်းတွင် ကိုအောင်ငွေတို့ အမျိုးတွေ ရှိတယ်၊ အေးဟန်နဲ့ လာကြတာမြင်ရင် အတင်းချကြဦးမယ်' ဟု သိန်းသိန်းက ဆို၏။ ဆက်မမေးမိ။ အတွေးတို့သာ ခေါင်းထဲသို့ ဝင်ရောက်လာကြသည်။

သမီးနှင့်အမေ နှစ်ယောက်စလုံး စကားကို အမျှင်မပြတ် တွေးနေမိသည်။

"ကဲ- ကိုကို လာလေ သွားမယ်၊ အိမ်မှာပဲ ထမင်းစား"

ပေနေကြည့်သေးသည်။ မရ။ လိုက်မပို့လို့ကတော့ တကယ် မပြန်တော့သလို ခြေဆင်း၍ ထိုင်နေ၏။ ကလေးလေးတစ်ယောက် စိတ်ကောက်သလိုလည်း ခြေဆောင့်နေသည်။ ပခုံး ချိုင်းကြား မ,၍-

"ကဲ- လာလာ လိုက်ပို့ပေးမယ်" ဟု ပြော၍ ပွေ့ထူရ၏။ ချက်ချင်း ထသည်။ တံခါးပိတ်၍ အိမ်ထဲက ထွက်လာကြ၏။

"လာလေ၊ ဒီကပဲ သွားမယ်"

"ဟင့်အင်း၊ ဒီအတိုင်းပဲ သွားမယ်"

"နို့၊ အလယ်ပိုင်းမှာ ဆွေမျိုးတွေရှိတယ်ဆို"

"ရှိရှိ၊ အဲဒီဆွေမျိုးတွေကို အရွဲ့တိုက်ပြချင်လို့"

"မြတ်စွာဘုရား"

တစ်ချက်သာ လှည့်ကြည့်၏။ မျက်နှာတည်တည်နှင့် ရှေ့က လျှောက်သည်။ ဝေးဝေးက လိုက်မှာစိုး၍ စကားမရှိစကားရှာ ပြောသည်။

အိမ်မှာ ငါးသလောက်ဟင်းချက်သည်။ သူ မကြိုက်သဖြင့် ဆိုင်က ခေါက်ဆွဲသွားဝယ်ရအောင်ဟူသော စကားကို ကျယ်ကျယ် ပြောသည်။ မနေ့က ဆိုင်ရောင်းကောင်းကြောင်းလည်း ဆိုသည်။ အသိတွေက ကြည့်

www.burmeseclassic.com

www.burmeseclassic.com

၍ မပြုံးတုံ့ပြုံးတုံ့လုပ်နေကြသည်။ တမင် မျက်လုံးဝေ့ကြည့်ကြသည်။ အင်း အဲနှင့် သူနောက်က ကပ်၍လိုက်သွားရ၏။

"ဘယ်လဲ" ဟု ကောင်မလေးတွေနှင့်အသိတွေက နှုတ်ဆက်ကြသည်။ "ဆိုင်ကို" ဟူသော ကိုယ့်စကားကို မနည်း ကိုယ်ပြန်နားထောင်ရသည်။

"ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား" ဟု မေးကြသော စကားများကို မဖုံမလဲ ဖြစ်မိသည်။

"ဆိုင်ဖွင့်ထားတယ်ဆို" ဟု အချို့က မယုတ်မလွန် မေးကြသည်။

"အဆင်ပြေရဲ့လားတဲ့။ သိပ်ပြေပေါ့ဗျ။ တွေ့တယ် မဟုတ်လားလို့ ပြောလိုက်ပါလား ကိုကိုရယ်"

လမ်းချိုးတွင် အံကြိတ်ပြီး ရှုပါက တိုးတိုး ပြော၏။ နှုတ်မဟမိသေး။ ခြေလှမ်းမှားချင်သလိုလို ဖြစ်မိသွားသည်။

"သူများအကြောင်း ပြောဖို့လောက်ပဲ ကြည့်နေကြတာ။ ဆန်အိတ်ရွက်လာတော့လည်း ဘယ်လဲ၊ ဘယ်သူ့အိမ်လဲတဲ့။ သိလျက်နဲ့ မေးကြတယ် သိလား။ မင်္ဂလာဆောင်တဲ့အခါ အင်းလျားလိတ်တို့၊ ကရဝိက်တို့ မတတ်နိုင်တောင် ပြည်သူ့မုန့်တိုက်လောက်မှာတော့ ဖြစ်အောင် လုပ်ရမယ်နော် ကိုကို။ အဲဒီအခါကျမှ အပြတ်ကျောပြလိုက်မယ် သိလား။ သူများဆို သိပ်နှိမ်ချင်ကြတာ"

နှုတ်ဆွံ့နေမိသည်။ သူ့ကို ဘယ်သူတွေကများ နှိမ်နေကြပါလိမ့်ဟု တွေးနေမိသည်။ နှိမ်စရာ သူ့တွင် ဘာအကြောင်းများ ရှိနေပါလိမ့်။

"ဟင်- ကိုကို၊ ဒါကျတော့ ကိုကိုက ဘာမှ ပြန်မပြောတတ်ဘူးပေါ့"

"ဘာပြောစရာလိုလဲ ရှုပါရယ်။ တစ်ရပ်ကွက်လုံး သိပြီးသားကိစ္စပဲဟာ"

ကျေနပ်ချင်ပုံမရ။ ဆိုင်ပေါ် လှမ်းတက်လိုက်သော ခြေနင်းသံသည် အခါတိုင်းတက် များစွာ ကျယ်၏။ သိန်းသိန်း၏အသံကမူ ပို၍ ကျယ်လေသည်။ ခေါက်ဆွဲဝယ်ရန်လည်း မေ့လာခဲ့ချေသည်တကား။

"ပြန်လာသေးတာကိုး။ ဆန်ထုတ်ဖို့ သွား . . ."

"မပြန်တော့ဘူး လုပ်နေလို့ မနည်း ချော့ခေါ် . . ."

"ဘယ်ရယ် အေးဟန်"

"ဩ . . အင်း . . ."

ရယ်လိုက်ရသော်လည်း အရှက်ပြေသာ။ ဦးကျော်ကတော့ အံ့ဩမည်။ ယခင်က ကျွန်တော့်အား 'ကို' မပါဘဲ မပြောဘူးသော သိန်းသိန်းနှင့် ကျွန်တော့်ကို ဦးကျော်က စိုက်ကြည့်နေသည်။

"ဦးကျော် ဘယ်ရောက်နေလဲဗျို့"

"ငါ ဆင်ပေါင်ဝဲမှာ အခြေကျနေတယ်ကွ။ မင်းအကြောင်းတော့ ငါ ကြားပါတယ်"





"ဟုတ်ကဲ့၊ မသိန်းသိန်း ပြောတာလား"

"အင်း"

ဦးကျော်၏ 'အင်း' သည် နင့်တင့်တင့်ကြီးပါလားဟု သတိထားမိလိုက်သည်။

ဦးကျော်မှာ ကျွန်တော်တို့နှင့်တကွ သိန်းသိန်းတို့မိသားစု အပါအဝင် အားလုံးနှင့် ရင်းနှီးသူ ဖြစ်သည်။ ယခင်က တစ်လမ်းတည်း နေခဲ့ကြသည်။ ယခု စီးပွားရေး အဆင်မပြေ၍ သူတို့အရပ်ဖြစ်သော ဆင်ပေါင်ဝဲကို ပြောင်းသွားကြောင်း သိထားရသည်။

"လာလည်တာလားဗျ"

သူ့အနားတွင် ထိုင်၍ မေးမိ၏။

"အင်း"

ဤ 'အင်း' ကိုလည်း ကျွန်တော့်မှာ သဘောမကျ။ ယခင်က ကျွန်တော့်ကို တွေ့လျှင် အလွန် နောက်တတ် ပြောင်တတ်သူ၊ ကလေးစကား အပြက်အရှော်လည်း အလွန် ပြောသူ။ ယခု ဘာကြောင့် နှုတ်နည်းသွားပါလိမ့်။ အသက်ကြီးသွား၍လား၊ ကျွန်တော်နှင့် မတွေ့ကြတာ ရှစ်နှစ်၊ ကိုးနှစ် ကြာသွား၍လား။

"ခု အထက်မှာ ဘာလုပ်နေလဲဗျ"

"အရောင်းအဝယ်ပါပဲကွာ"

"ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲကွာ"

"ဦးကျော် ထမင်းပြင်လိုက်မယ်နော်"

သိန်းသိန်းက ပြော၏။ "အင်း" ဟုပင် ထပ်ဆိုပြန်သည်။ ခဏအကြာမှ-

"လာ စားမယ်၊ ဖေဖေ့ကို မစောင့်နဲ့တော့" ဟု ပြောသည်။

"ကျွန်တော်လည်း မစားခဲ့ရသေးဘူး မသိန်းသိန်း"

ကျွန်တော့်ကို ဘာမှ မပြော။ ခပ်တည်တည်ပင်။ ဦးကျော်ကိုခေါ်ပြီး ပြန်ဝင်သွားသည်။ ဦးကျော်ကတော့ သတိထားပုံမရ။ နောက်သည်ဟု ထင်ပုံရသည်။ လာလေကွာဟုတော့ ဆို၏။ စားစားဟု ပြောလိုက်ရသည်။ စိတ်ထဲတော့ မကောင်းတော့။

ရှုပါ ထွက်လာသည်။ မျက်နှာကို ကြည့်မိ၏။ ရေချိုးပြီးစဖြစ်သော်လည်း ရှုပါ၏မျက်နှာက သိပ်မလန်း။ အရောင်းစားပွဲမှာ သွားထိုင်နေသည်။ နေ၍ မရတော့။ စားပွဲရှေ့မှာ သွားရပ်လိုက်၏။ ကိုယ်ပြန်မယ်ဟု တိုးတိုး ပြောလိုက်သည်။ ထမင်းစားမယ်ဆိုဟု မေး၏။ သူ့အမေ အဖက်လုပ်ပြုမူသွားသည်ကို သိလိုက်ပုံမရ။ သူက ရေဝင်ချိုးနေသူ။

"မစားတော့ဘူး၊ ရန်ကုန်ထဲမှာပဲ တစ်ခုခု စားတော့မယ်။ ရှုပါ့အတွက် ခေါက်ဆွဲ ဝယ်ပေးထားခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"သွားဝယ်လိုက်" ဟု ဆို၏။ သွားဝယ်သည်။ ပြန်လာသောအခါ ဦးကျော်နှင့်သိန်းသိန်းတို့ကို မတွေ့ရ။ ဘယ်သွားကြလဲဟု မေးသောအခါ ကိုသိန်းတန်တို့ဆီဟု ရူပါက ပြော၏။ အရောင်းစားပွဲမှာပင် ဈေးရောင်းရင်း ထမင်း အတူစားကြသည်။ ရန်ကုန်ထဲ ထွက်လာသောအခါ ပြန်ရင် မုန့်ဝယ်လာခဲ့ ဘိုးဘိုးဟု ရူပါက ကလေးအသံနှင့်မှာသည်။

မိုးပါးစ ဆင်ခြေဖုံးအရပ်သည် ခြောက်ကပ်စ ပြုလာသည်။ မုတ်သုံတို့ကား ဆုတ်ခွာစ ပြုလေပြီ။

✣ ✣ ✣

အုံ့သြသောအကြည့်မှန်း သိသာသည်။ ကမန်းကတန်း ချိုင့်တွေကို လှမ်းယူ၏။ အတွင်းခန်းတွင် ဦးလှ ထိုင်နေသည်ကို မြင်ရသဖြင့်-

"ဘကြီး ထမင်းစားပြီးပလား" ဟု မေးရ၏။

"မစားရသေးဘူးကွ" ဟု ပြောသည်။

"အတော်ပဲ ဘကြီးရယ်၊ အိမ်မှာ အုန်းထမင်းချက်လို့" ဟု ပြောလိုက်ရ၏။ ဦးလှကတော့ "သြော်" ဟုသာ ဆိုသည်။

"ရူပါ၊ ဘကြီးကို အရင်ကျွေးလိုက်၊ ကိုကိုတို့ နောက်မှ စားကြမယ်" ဟု လေသံနှင့် ပြောလိုက်၏။

"မသိန်းသိန်းကော" ဟု တစ်ဆက်တည်း မေးမိသည်။

"မတင်ညွန့်နဲ့ ထွက်သွားကြတယ်။ ရူပါ့ကိုလည်း ဆူသွားတယ်" ဟု လေသံနှင့်ပင် ပြန်ပြောသည်။

"ဟင်- ဘာလို့ ဆူတာလဲ" ဟု မေးမိ၏။ ရူပါက-

"နောက်မှ ပြောမယ်" ဟု ဆိုသည်။

စိတ်ထဲ မကောင်းမိ။ ဘာကြောင့် ဆူပါလိမ့်ဟု တွေးကာ အရောင်းစားပွဲတွင် ငူငူကြီး ထိုင်နေမိ၏။ ရူပါက ဦးလှကို ထမင်း ခူးခပ်ကျွေးသည်။

"တစ်ခါတည်း စားပါလား" ဟု အဘိုးကြီးက ခေါ်သေး၏။ နောက်မှ စားမည်ဟု ပြောလိုက်ရသည်။

ဦးလှ စားပြီးသွားသော ထမင်းပွဲကို ရူပါက ပြန်ပြင်၍ အရောင်းစားပွဲတွင် လာထိုင်၏။ ပန်းထဲတွင် လက်ဆေးခွက်ပါ ပါလာသည်။

"သူများကဖြင့် ပေါ်လာနိုးပေါ်လာနိုးနဲ့ မျှော်လိုက်ရတာ။ ဘာလို့ ပြန်မလာလဲ ကဲ"

"လာမလို့ပဲ ကိုကိုရယ်၊ ရေမိုးချိုး ပြင်ဆင်ပြီးမှ မေမေက ဆူလို့"

"ဘာလို့ ဆူတာလဲ"

"ကိုကိုတို့ဆီမှာ ထမင်းလာချက်ပေးလို့"

"ဘာ"

ထောင်းခနဲ ဒေါသထွက်သွားမိသည်။ မနေ့ကပင် ရူပါ့ကို ထမင်း လာချက်ပေးပါရန် သိန်းသိန်းရှေ့တွင် ကျွန်တော် ပြောခဲ့၏။ သိန်းသိန်းက ကန့်ကွက်စကား လုံးဝ မဆို။ ဘယ်က ညှော်သည်လဲဟုပင် မေး၏။ မော်လမြိုင်က မြဟန်အသိ အမျိုးသမီးများဖြစ်ကြောင်း ပြောခဲ့ရ၏။ ဒီနေ့မနက်ကျမှ သိန်းသိန်းက ဘာဖောက်ပြန်တာလဲဟု ဒေါသဖြစ်မိသည်။

"မနေ့က သူ့ရှေ့တင်ပဲ ကိုကို ပြောခဲ့တာ။ ခု မနက်ကျမှ ဘာဖောက်ပြန်တာလဲ၊ လာပါစေဦး"

"အို- ကိုကို မေမေ့တော့ မပြောပါနဲ့နော်၊ ရူပါပဲ အဆူခံရမှာ။ တစ်နေ့ကလည်း . . ."

ကျွန်တော့်စိတ်ကို သိသော ရူပါက စိုးရိမ်သလို ပြောသည်။ သူ့စကားထဲတွင် တစ်နေ့ကလည်းဟု ပါသွားသည်ကို ကျွန်တော်က အစကောက်သည်။

"ဟင် ရူပါ၊ တစ်နေ့ကလည်း ဆိုတာ ဘာလဲ၊ ဆီပုံးလာပေးသွားတာ ပြောတာလား။ ပြောစမ်းပါဦး"

"ကိုကိုကလည်းလေ၊ ပြောလိုက်ရင် အမြဲ ရှူးရှူးရှဲရှဲ လုပ်တာပဲ။ စားပါဦး အေးအေးဆေးဆေး ရူပါ ပြောပြပါ့မယ်"

သတိပေးစကားမှန်း သိ၏။ လေသံကို လျှော့ချလိုက်သည်။ ရူပါ့မျက်နှာကို အပြုံးနှင့်ကြည့်သည်။

"ရူပါလည်း စားဦးလေ"

"ဟင်- အင်း ကိုကိုပဲစား"

လက်ဆေးခွက်ထဲက လက်ကို ပြန်ရုပ်လိုက်သည်။ ရူပါ၏မျက်နှာကို ကြည့်၏။ ရူပါ့မျက်လုံးက လမ်းမဘက်ရောက်နေသည်။

"ဘာဖြစ်လို့လဲ ရူပါ၊ အတူစားကြမယ် ပြောထားသားနဲ့။ ရူပါ မစားရင် ကိုကိုလည်း မစားတော့ဘူး"

ပန်းကို လှမ်းရွှေ့ပစ်လိုက်၏။

"နောက်မှစားမယ် ကိုကိုရယ်"

"တစ်ခါတည်း စား၊ ဘာလဲ လက်ဆုံ မစားချင်လို့လား"

"မဟုတ်ပါဘူး၊ စားနေတုန်း ဈေးဝယ်လာရင် ဘယ့်နှယ်လုပ်မလဲ"

"သြော်- ထမင်း အတူတူစားနေကြတာ လူမြင်မှာစိုးလို့ ဟုတ်လား"

"ကြည့်ပါလား၊ တစ်မျိုးအဓိပ္ပာယ်ကောက်ပြန်ပြီ၊ လက်ပေကြီးနဲ့ ဈေးသရောင်းနေရမှာစိုးလို့ မောင်ရဲ့"

"အမယ်လေးနော်၊ တစ်ခါမှ မကြားဖူးတဲ့စကားပါလား။ ထပ်ပြောစမ်းပါဦး၊ ထပ်ပြောစမ်းပါဦး"

ရူပါက ရယ်သည်။ အဘတို့က လက်ဖက်ထက်ကြိုက်တယ်ဆိုပါလားဟု နောက်သည်။

"ဒါပေါ့၊ ထပ်ပြောစမ်းပါဦးဆို"

"ပြောတော့ဘူး"

"ကဲ- ကိုကိုက ဇွန်းနဲ့စားမယ်၊ ရူပါက လက်နဲ့စား။ ဈေးဝယ်လာ







www.burmeseclassic.com

www.burmeseclassic.com


ရင် ကိုကို ထရောင်းပေးမယ်။ ဆိုင်မှာတောင် ဈေးရောင်းမခိုင်းချင်ဘူး၊ တစ်ခွန်းတည်းနဲ့ကို အငြိမ်းစားပေးလိုက်ချင်ပြီ"

"လွန်တာပေါ့" ဟု ပြောပြီး ကြက်သားဟင်းဖတ်တွေကို အရိုးထွင်၍ ပန်းကန်ထဲ ထည့်ပေးသည်။ မိမိပန်းကန်ထဲက ဟင်းဖတ်တွေ ရှူ ပန်းကန်ထဲ ပြန်ထည့်ပေးရ၏။

"ဘယ့်နှယ်လဲ၊ ကိုကိုချက်တဲ့ အုန်းထမင်း"

"တော်တယ်၊ ရိုးရိုးထမင်းလည်း ချက်တတ်အောင် ကြိုးစားထား၊ အိမ်မှာ ဘွိုင်ခန့်မယ်"

"ဟုတ်ကဲ့၊ ရှုပါက ဆိုင်ထိုင်ရောင်း၊ မောင်က ထမင်းချက်ပေါ့"

"အမယ် ဘယ်လူက ခေါ်သေးလို့လဲ"

"စောစောက တစ်ခါ ခေါ်ပြီးပါပြီနော်၊ ရှက်မနေပါနဲ့"

တကယ် ရှက်သွားပုံရ၏။

"ရှုပါချက်တဲ့ ကြက်သားဟင်းလည်း စားကြည့်ဦး"

ဟု ဟင်းတစ်ဖတ် ထည့်ပေး၍ အရှက်ပြေပြော၏။

"ခုတ်တာကျတော့ မောင် ခုတ်တာပါနော်"

လွယ်အိတ်ကို စလွယ်သိုင်းလွယ်တာ ပြေးတက်လာသော လောင်းလေး (မူယာ) ကြောင့် နှုတ်တွန့်သွားမိသည်။ လွယ်အိတ်ကို ဗုန်းခနဲ ပစ်ချသံကြားရ၏။ ကျောင်းက ပြန်လာပြီမှန်း သိလိုက်သည်။

"ဆာလိုက်တာ" ဟု ညည်းသည်။ ကျွန်တော်တို့က မခေါ်မှန်း သိသောအခါ စားပွဲရှေ့တွင် လာရပ်သည်။ ကျွန်တော်နှင့် သူ့အစ်မမျက်နှာကို ကြည့်နေကြောင်း သိသာ၏။

"လာလေ ညီမ၊ တစ်ခါတည်း စားပါလား" ဟု ရှုပါက ဆို၏။

"အုန်းထမင်း ချက်စားကြတယ်"

နှစ်ယောက်စလုံးကို စေ့စေ့ကြည့်၍ဆို၏။

"အမဲလိုက်ဖို့ကောင်းတယ်"ဟု ကျွန်တော်က စသည်။

"ဟင်"

ဟု နှာခေါင်းတစ်ချက် ရှုံ့၏။

"နင်တို့အိမ်မှာ ချက်တာ မဟုတ်ပါဘူး၊ ငါတို့အိမ်မှာ ချက်တာ စားမကုန်တော့ ခွေးကျွေးရမယ့်အတူတူ . . ."

"အိုး . . . ကိုကိုကလည်း၊ ကြည့်စမ်း"

"အေး၊ ဆောရီး . . . ဆောရီး . . ."

ရှုပါက သူ့အဘိုး ဦးလှကို လှမ်းကြည့်မှ သတိရလိုက်သည်။ ပြောပြီးနေပြီ။ ကြီးစွာ အားနာသွားမိ၏။ ကျွန်တော်က မူယာ့ကို သက်သက်ခြင်းသာ။ မူယာကလည်း ရိပ်မိသွားပုံရ၏။

"မေမေလာရင် တိုင်ပြောမယ်" ဟု ဆို၏။

ရှုပါက ပျာပျာသလဲ ဖြစ်သွားသည်။



"လာ- ညီမလေး၊ တစ်ခါတည်း ဝင်စား" ဟု ချော့သံနှင့်ခေါ်၏။

"မစားပါဘူး၊ မသိဘူးမှတ်လို့ မေမေလာရင် တိုင်ပြောမယ်"

"တိုင် တိုင်၊ နင့်အမေကို ငါက ကြောက်မယ်အားကြီးကြီး"

သူ့အဖေ ကိုအောင်ငွေ အလိုလိုက်ထားသဖြင့် ဤကလေးမသည် အိမ်တွင် ဗိုလ်ကျသည်ကို သိသည်။ ထို့ကြောင့် တမင် ချဉ်ချဉ်နှင့် ပြောလိုက်၏။ ရှုပါ့ကိုလည်း အလွန် အနိုင်ခံသည်။ သိန်းသိန်းကလွဲလျှင် ဤအိမ်တွင် မည်သူ့ကိုမျှ အသက်ရှိသည်ဟု မထင်သော မူယာပင်။

ကျွန်တော်က အပြောဆိုးသူဖြစ်သဖြင့် ကျွန်တော့်ကို ပိုမုန်းသည်။ ကျွန်တော်က သူ့ကို လောင်ပူလေး ခေါ်ရမလားဟုလည်း ဆတ်ဆတ်ခါနာသည်။ အမှန်မှာ ကျွန်တော်က သူ့ကို မုန်း၍ မဟုတ်။ လိမ္မာစေချင်သည်။ စာတော်စေချင်သည်။ သို့သော် ကျွန်တော့်ပါးစပ်ကို ခတ်သိလူကြီးများပင် မခံနိုင်ဖြစ်လေရာ ဆယ့်နှစ်နှစ်အရွယ် မူယာမှာ ကြားပင် မကြားချင် ဖြစ်နေလေသည်။

မြဟန်နှင့်တော့ သည်ကောင်မလေးက တည့်၏။ ရုပ်ရှင်ပင် တစ်ခါတစ်ခါ လိုက်သွားသည်။ သူတို့ ပြန်လာကြလျှင်-

ကျွန်တော်က "နင်တို့အတွဲ ဘယ်က ပြန်လာသလဲ" ဟုစတတ်၏။

"ဟုတ်တယ်လေ၊ အိမ်ထဲမှာ ကမြင်းလို့ အားမရတော့ ဈေးဝယ်ဆိုင် အပြင်ထွက်နန့်ကြရတယ်တော်ရယ်" ဟု အော်တော့၏။

မြဟန်နှင့်ရှုပါက မျက်နှာပျက်သွားကြသည်။ ကိုအောင်ငွေက -

"ငါ ဒီကောင်မလေး ထရိုက်လိုက်ရ" ဟု ဆိုသည်။ သိန်းသိန်းက-

"ကလေးကို မစ,ပါနဲ့ ပြောတာများပြီ။ ကဲ- ခုတော့ ဘယ့်နှယ်ရှိစ" ဟု ဆိုသည်။

"ဒီကောင်မလေးဟာ မိမဆုံးမလေးပဲ ကိုအောင်ငွေရယ်" ဟု အရှက်ပြေပြောရသည်။

"ရှင်နော်" ဟု သိန်းသိန်းက ဆိုသည်။

ယခု သိန်းသိန်းလည်း မရှိတော့ သူက ပိုဆိုးသည်။

"တစ်ခါတည်း အကြည်ဆိုက်နေလိုက်ကြတာ" ဟု မကြားတကြား ပြော၍ မီးဖိုထဲ ဝင်သွားသည်။

"နင် သေချင်လား၊ ကလေးက ကလေးစကားပြောနော်။ နင့်ကို ငါက ကိုယ့်ညီမလေးလိုချစ်လို့ စ,တာ၊ ဒါ စိတ်ဆိုးစရာလား။ နင့်ကိုငါ ဘာတွေ ဝယ်ပေးထားတယ် ဆိုတာ သိတယ်မှတ်လား။ နင်က ငါ့ကို နင့်အမေနဲ့ တိုင်မယ် ဟုတ်လား။ တိုင်တိုင်၊ ငါကလည်း နင့်ကို နင့်အဖေနဲ့ တိုင်မယ်။ ဘယ်လူ ကျောကွဲအောင် အရိုက်ခံရမလဲ ဆိုတာ ကြည့်ကြတာပေါ့ ဟုတ်လား။ ချစ်လို့စရင် ကမ်းတက်တက်လာတယ်။ ခု နင့်ကို ငါ ရိုက်သွားလို့ရတယ် သိလား။ နင့်ကိုငါ ရိုက်သွားတာ နင်မလိမ္မာလို့ ဆုံးမတာ၊ နင့်အမေ နင့်အဖေက ငါ့ကို ဘာပြောမှာလဲ။ နင့်အမေအဖေ


www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ ငါက . . ."

"ကိုကိုကလည်း တော်တော့၊ ကလေးနဲ့ အဖတ်လုပ်ပြီး ပြောရတယ် လို့။ ဟိုက ကလေးပဲ"

ရှုပါက ထမင်းပွဲကို လက်စသတ် သိမ်းယူသွားသည်။ သူညီမ ချော့မော့ ပြောဆို၍ ထမင်းကျွေးနေသံ ကြားရ၏။ မှုယာက ရှုပါအ ပြန်ပြောသံ ကြားရသည်။ သဲသဲကွဲကွဲ မဟုတ်သဖြင့် ဘာမှန်းမသိ။ ဆို စောင့်ရှောင်းရင်း အပြင်တွင် ထိုင်နေမိသည်။

ညီအစ်မနှစ်ယောက် အပြင်သို့ အတူ ထွက်လာကြသည်။

"ရေခဲမုန့် ဝယ်ကျွေးဦး"ဟု ရှုပါကို ပြော၏။ ရှုပါက ကျွန်တော့်အ မေးထိုးပြသည်။ ချက်ချင်း ရှေ့တွင် လာရပ်၏။

"ဝယ်ကျွေးမှာလား" ဟု မျက်နှာထားနှင့် ဆိုသည်။

"ပိုက်ဆံတောင်းတာကလည်း အင်္ဂလိပ်ခေတ်က သူကြီးရာထူး မျက်နှာမျိုးနဲ့ပါလား" ဟု ပြောပြီး ငွေငါးကျပ် ထုတ်ပေးလိုက်၏။

စိတ်ထဲကတော့ ရယ်ချင်နေမိသည်။ ရှက်သွားမှာစိုး၍ လောလော ဆယ် မရယ်ဝံ့။ ကလေးဆိုတော့ ခက်သားပါလားဟု တွေးမိလိုက်သည် ချက်ချင်း စိတ်ကောက်၊ ချက်ချင်း စိတ်ပြေပင်။ ရှုပါက နင့်ကို သူ အ ဝယ်ပေးမယ်၊ ညာဝယ်ပေးမယ်ဟု မက်လုံး ပြထားတာလည်း ပါကော ပါလေမည်။

မှုယာ ရေခဲမုန့် ထွက်ဝယ်တော့ ပြောမိလိုက်သေး၏။

"ဩော်- မသိန်းသိန်းတို့ သမီးလေးတွေများ တတ်လည်းတတ် ကြပါပေ့" ဆိုတော့ ရှုပါက သတ္တုမျဉ်းနှင့် ပေါင်ကို လှမ်းရိုက်၏။

"နာပါဘူး" ဟု စ,လိုက်မိသည်။

✣ ✣ ✣

သူဇာက သူခင်ပွန်းနှင့် မိတ်ဆက်ပေးသည်။ ဦးရီမှာ အသက် ဆယ်ခန့်ပင် ရှိလေပြီ။ ဆယ့်သုံးနှစ်၊ ဆယ့်တစ်နှစ်၊ ကိုးနှစ်အရွယ် ကော လေးသုံးယောက်ကို တွေ့၍ မေးမိ၏။ ဦးရီ၏အရင်မိန်းမနှင့် ကလေးမျ ဟု သိရသည်။ သူဇာနှင့်ရသော ကလေးနှစ်ယောက်ကမူ ငါးနှစ်နှင့် နှ နှစ်သမီးလေးများသာ။

ဦးရီကို လူအေးလူကောင်းတစ်ယောက်မှန်း မြင်မြင်ချင်းသိနိုင်သည် သားသမီး ဇနီးတို့အပေါ် မည်မျှ အလေးဂရုရှိကြောင်းလည်း မြင်သာ သို့သော် သူဇာ့ဘက်မှ စိတ်ထဲ မကျေနပ်မိ။ ယခင်က အသက်ကြီးသည် ဟု ဆိုသော်လည်း လူပျိုကြီးဟု ထင်၏။ ယခုမှ ကလေးသုံးယောက်အ တစ်ခုလပ်ဟု သိရသည်။ သူ့ဇနီးသည်က သားသုံးယောက်နှင့်သူ့ကို ကာ လင်ငယ်နောက် လိုက်ပြေးသွားသည်ဟု သိန်းသိန်းက ပြောပြသည်

သမီးနုနုထွတ်ထွတ်လေးကို ဤလို အသက်ကြီး၊ ကလေးသုံးယော





အဖေနှင့် ပေးစားရမည်လားဟု စိတ်ထဲက မျက်နေမိသည်။ ဘယ်လိုစိတ် ကူးနှင့်များ ဤဘူတာကြီးနှင့် ပေးစားလိုက်ကြပါလိမ့်ဟု တွေးသည်။ ကလေးများကို စေ့စေ့ကြည့်မိသည်။ ဦးရီ၏ ရုပ်လက္ခဏာအသွင်ပြင်များ ကို ကလေးကြီးသုံးယောက်၏ ကိုယ်ခန္ဓာတွင် ရှာဖွေကြည့်မိသည်။

ဦးရီကား ဥပမိရုပ်ကောင်းသူ၊ အသားဖြူ၏။ ဆံပင်တို့ ဖြူနေပြီး ဖြစ်သော်လည်း ရုပ်ခန့်သည်။ ကောင်လေးတွေကမူ ညိုညိုချည်း။ မျက်နှာ တွေကလည်း စုတ်ချွန်းချွန်း၊ သူ့အမေကို မမြင်ဘူးသော်လည်း အကုသိုလ် များမိသည်။

သူဇာ့ကလေးလေး နှစ်ယောက်ကို သတိထားကြည့်မိ၏။ ဖြူဖြူဖွေး ဖွေးလေးတွေ။ အမေတူအဖေတူ သမီးချောလေးတွေ။ စိတ်သည် အလာ ဘုန်းကကဲ့သို့ ကြည်လင်ရှင်ပျမှု မရှိတော့။ ပြန်မည်ဟု အားလုံးကို နှုတ် ဆက်ရသည်။

"ကျွန်မတို့ မပြန်ခင် ထမင်းတစ်နပ်လောက် လာစားပါဦး" ဟု သူဇာက ဆို၏။

"သူဇာတို့ ဦးရီတို့ကို ကျွန်တော်က ကျွေးရမှာပါ။ ဘယ်တော့ လောက် ပြန်ကြမလဲ" ဟု မေးရ၏။

"လမကုန်ခင် ပြန်မယ်။ ကိုကို့ ထရန်စဖာအတွက် ရန်ကုန် လာ တာ"ဟု ပြော၏။

သူတို့ တည်းခိုနေကြသောအိမ်မှာ ကိုသိန်းတန်အိမ် ဖြစ်သည်။ ယောက္ခမအိမ် ဖြစ်သော်လည်း သိန်းသိန်းတို့အိမ်မှာ မတည်းကြခြင်းမှာ ဘယ်လိုဖုန်း မရှိ အိမ်ကျပ်၍ဖြစ်မည်။ ယခု ထမင်းလာစားကြခြင်းဖြစ်၏။

စိတ်ထဲမှာမူ သူတို့နှင့် ကြာကြာ စကားမပြောချင်သလို ဖြစ်သွားမိ သည်။ ဦးရီက -

"အရင် ကိုအေးဟန်က ဘယ်မှာနေလဲ၊ မြင်ဖူးသလိုပဲ" ဆိုသဖြင့်-

"ဒီရပ်ကွက်မှာပါပဲ၊ မြင်ဖူးမှာပေါ့။ သိန်းသိန်း ယောက်ျားတွေနဲ့ဆို အား . . . သိန်းသိန်းနဲ့ဆိုလည်း ငယ်ပေါင်းကြီးဖော်တွေပါပဲ" ဟု နောက် သလိုပြောမိလိုက်သည်။ သိန်းသိန်းက -

"ရှင်တော့လေ" ဟု ဆို၏။ ရှုပါက မျက်စောင်းထိုးသည်။ ဦးရီက တော့ ပြုံးနေ၏။ ပြောပြီးမှ အားနာသလို ဖြစ်မိ၏။ မတတ်နိုင်။ ဆိုင်က သာ အလျှင်အမြန် ထွက်လာမိသည်။

✣ ✣ ✣

"ကိုကိုကတော့လေ၊ တကယ်ပဲ" ဟု ရှုပါက ဆို၏။ လက်ထဲတွင် ဆွဲလာသော သကြားနှင့် နို့ဆီဘူးကို ခုံပေါ်သို့ လှမ်းတင်သည်။ သမ စာအုပ်ကို အပြီးပေးထားသဖြင့် လာထုတ်ပေးခြင်း ဖြစ်၏။

"ဘာကိုပြောတာလဲ ရှုပါရယ်"


www.burmeseclassic.com

www.burmeseclassic.com

"တစ်နေ့က ဦးရီကို ဘာလို့ နောက်တောက်တောက်ပြောတာလဲ"

"ကိုယ့်အစ်ကိုကြီးကို ချစ်လို့ ကျီစားကြည့်တာပါ"

"မေမေကလည်း မကြိုက်ဘူး သိလား"

"မသိန်းသိန်းကို ကိုယ်လည်း မကြိုက်ပါဘူး။ မင်းအဖေနဲ့ ကွဲတော့ ကိုအောင်ငွေပဲ ကြိုက်လှချေရဲ့ ဆိုပြီး ယူလိုက်တာပဲ"

"ကြည့်ပါလား၊ ပြောလိုက်ရင်" ဟု ရှုပါက မျက်စောင်းနှင့် ထပ်ဆို၏။

"အမှန်ကို ပြောတာပါ" ဟု ရယ်၍ ပြောလိုက်ရသည်။

"အဲဒါကြောင့် ဦးရီကတောင် ပြောတယ် သိလား"

"ဘယ်သိမလဲ၊ ကိုကို့ကို ဦးရီ ဘာပြောလဲ ပြောစမ်းပါဦး"

"ဒီလူ့ကြည့်ရတာ သိပ်ပေါ့ပေါ့နိုင်တယ်။ ကျွန်တော်တော့ သိပ် သဘောမတွေ့ဘူးတဲ့"

နည်းနည်းတော့ တွေသွားမိသည်။ တစ်ကြိမ်တစ်ခါသာ တွေ့ဖူးသွားသော ကျွန်တော့်ကို အဆုံးအဖြတ်ပေးသည်မှာ မြန်လွန်းသည်ဟုထင်သည်။ သဘောမတွေ့ဘူး ဟူသော သူ၏စကားသည် ရှုပါနှင့် ကျွန်တော့်ကို သဘောမတူချင်သည့် အရိပ်အမြွက်စကားလားဟု တွေးလိုက်သည်။

"ကိုကို့ကို သူက ပေါ့ပေါ့နိုင်တယ်လို့ ပြောတယ် ဟုတ်လား။ သူက အသက်ကြီးပေမင့် လောကကို သုံးသပ်တဲ့နေရာမှာ နုသေးကြောင်း ပြသွားတာပဲ။ လူ့ဘဝဆိုတာ ဘာများ အလေးအနက်ထားလို့ရလဲ။ စဉ်းစားကြည့်လေ၊ မဟာစီမံကိန်းကြီးတွေ ကိုယ်က ဘယ်လောက်ပဲ ချထားချထား လောကရဲ့ မမြဲခြင်းအနိစ္စသဘောနဲ့ ပျက်စီးတတ်တာပဲ။ ရည်ရွယ်ပေမင့် ဖြစ်ချင်မှဖြစ်တာ။ သူက ကလေးသုံးယောက် ရပြီးခါမှ သူ့မိန်းမက သူ့ကို ပစ်သွားတာ မေ့နေလို့ ဖြစ်ပါလိမ့်မယ်။ သူ ဆိုလိုတာကို ကိုကိုတော့ ရိပ်မိပါတယ်။ ရှုပါနဲ့ ကိုယ့်ကို သူက သဘောမတူတဲ့သဘော ပြောသွားတာပဲ မဟုတ်လား"

ရှုပါက နှုတ်မဟသေး။ မျက်နှာကို စေ့စေ့ကြည့်နေ၏။ ရှုပါ သူတို့ အိမ်တွင် ခြောက်လခန့် နေဖူးကြောင်း ကျွန်တော် သိထားသည်။ ရှုပါကလည်း ပြောဖူး၏။ သူ့အစ်မ နေမကောင်းဖြစ်သဖြင့် ကြမ်းတိုက်၊ အဝတ်လျှော်ကအစ လက်ပံကြီးရေခွဲလိုက်အောင် ချက်ပြုတ်ပေးခဲ့ရကြောင်း ပြောဖူးသည်။ သူ့ဇာကို နာရီအသစ်ဝယ်ပေးပြီး သူ့ဇာ့လက်က နာရီကို ရှုပါ့အား ပေးသည်ဟု ဆိုသည်။ 'ဘာလို့ ဧရာဝတီမြစ်ထဲ လွှင့်မပစ်ခဲ့လဲ' ဟုပင် ကျွန်တော် ပြောဖူး၏။ 'လွှင့်တော့ မပစ်ခဲ့ဘူး ကိုကိုရယ်၊ ရောင်းပစ်ပြီး မေမေနဲ့ ဦးဦးအောင်ငွေဆီက ပိုက်ဆံဖြည့်တောင်းပြီး အသစ်တစ်လုံး ဝယ်ပတ်ပြလိုက်တယ်။ အဲဒါ စိတ်နာလို့ ရှုပါ မနေခဲ့တာပေါ့' ဟု ပြောလေသည်။ အမှန်က ရှုပါသည် အမိပစ်သွားသော ကလေးသုံးယောက်ကိုပါ ထိန်းကျောင်းခဲ့ရကြောင်း ခုမှ သိရတော့သည်။ စိတ်ထဲ





အချဉ်ပေါက်ချင်လာ၏။

"ဟုတ်လား ရှုပါ၊ ခယ်မငယ်ငယ်လေးကို ထပ်ကြံချင် . . ."

"အို- ကိုကိုကလည်း . . ."

"ရှုပါနဲ့ကိုကို့ကို သူ သဘောမတူတာတော့ အမှန်ပဲ ဆိုပါတော့"

"ဟုတ်ပါတယ် ကိုကိုရယ်၊ ဘယ်လိုလဲ မသိဘူးနော်၊ ကိုကိုနဲ့ ရှုပါကို ဘယ်လူမှ သဘောမတူကြဘူး။ ရှုပါလည်း စဉ်းစားလို့မရအောင်ဘဲ"

"ဦးရီတစ်ယောက်ကလွဲရင် တခြားလူတွေအားလုံးက သဘောတူကြပါတယ်ကွာ။ သူကသာ . . ."

"မတူဘူး ကိုကို၊ ဘယ်လူမှ သဘောမတူကြဘူး။ ရပ်ကွက်ကလည်း ကိုကို့ကို ဆိုကြပြောကြတယ် ဆိုတာ ရှုပါ သိပါတယ်။ ဒီနားပတ်ဝန်းကျင်နဲ့ ကိုကို့ပတ်ဝန်းကျင်မှာလည်း ရှုပါနဲ့ကိုကို့ကို သဘောမတူလို့ ခွဲရအောင် ဆိုပြီး ရှုပါ့အကြောင်းကို မအိပ်မနေ လိုက်စုံစမ်းနေတဲ့လူတွေလည်း ရှိတယ် သိလား"

"ဘယ်လူတွေလဲကွာ၊ ပြောစမ်းပါဦး"

"ဒီနားမှာကို ရှိတယ်"

ရှုပါတို့ သိန်းသိန်းတို့ ဝင်ထွက်သွားလာနေကြသည်ကို အိမ်ရှေ့က အမျိုးသမီးတွေများ မျက်စိနောက်၍ အတင်းပြောကြလေသလားဟု တွေးမိ၏။ သို့သော် အိမ်ရှေ့က အမျိုးသမီးများကား အတင်း ပြောတတ်သူများ မဟုတ်ကြ။ သူ့ခမျာမှာလည်း သူတို့စားဝတ်နေရေးအတွက်နှင့် ယားလို့ ကုတ်အားသူတွေ မဟုတ်ကြ။ ပြီး ကျွန်တော့်အကြောင်းကို သိကြသ ခင်သူကြင်နာသူတွေသာ များ၏။ ထို့ကြောင့်-

"ဟိုဘက်ခန်းက ကုလားမတို့၊ အပျင်းတို့လား၊ ဘယ်သူတွေလဲ" ဟု ထပ်မေးမိပြန်၏။

ကုလားမတို့ အပျင်းတို့ ဆိုသည်မှာ သူ့မိဘတွေ စိတ်ဆိုးလျှင် ခေါ် ပြောတတ်သော ဥမ္မာတို့ ညီအစ်မကို ပြောခြင်းပင်။

"ဒီအခန်းမှာကို ရှိတယ် ကိုကို"

"မြတ်စွာဘုရား၊ ဘယ်လူပါလိမ့်"

"ဦးကြီးပေါ့"

"ဟေ"

ရုတ်တရက်မူ အံ့ဩသွားသည်။ ယခင်က 'ကိုကို ဒီတောင်မလေးကို ယူရင်တော့ ခါးချည့်အောင် လုပ်ကျွေးရလိမ့်မယ်။ သူက ရုပ်လေး သိပ်မူတတ်၊ တာတတ်တာ' ဟု ပြောဖူးသည်။

'မူတယ်၊ တာတယ် ဆိုတာ မိန်းကလေးတွေ အလုပ်ကွ။ ယောကျ်ား တွေ မူရင် တာရင် အခြောက်ဖြစ်သွားရော။ သူတို့တွေက မူတတ် တတ်မှ ယောကျ်ားလုပ်တဲ့လူက စိတ်ချမ်းသာတာ။ ငါတော့ မူတတ် တတ်တဲ့ မိန်းမပဲ ယူမယ်။ အိမ်ပြန်လာရင် စူစူကြီးထိုင်နေလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းရောက်ပြီသာမှတ်။ ကိုကိုစိတ် မင်းလည်း သိသားပဲ။ ရှုပါ့ကို ကိုကို စွဲစွဲလမ်းလမ်း ချစ်မိနေတဲ့အထဲမှာ အဲသလို ခရာတာတာအသံလေးနဲ့ ချွဲတဲ့နွဲ့တဲ့ရသလည်း ပါတယ် မောင်ရာ' ဟု မနောက်စဖူး ညီကို နောက် သည်။ အမှန်က ရှုပါ့ကို ထိပြောရမည်လားဟု အစ္စဲ့တိုက် ပြောလိုက်တာ လည်း ပါ၏။

မြဟန် သူ့အကြောင်းတွေ စုံစမ်းနေကြောင်း သတင်းရသွားသော အပါးမ ရှုပါက ယခု အကွက်ဆိုက်သဖြင့် အရှိုက်ကို ထိုးနှက်လေပြီ။ အမှန်မှာ မြဟန်သည် ယခုအခါ မလိုမုန်းထားမရှိတော့။ သည်ကောင် သည် ရှုပါ့အပေါ်တွင် သံယောဇဉ်ရှိနေလေပြီ။ ရှုပါ သွားတစ်ချောင်းခွဲ နေ၍ သူကိုယ်တိုင် ဆရာဝန်အသိနှင့် လိုက်ပြ လိုက်လုပ်ပေးပြီးလေပြီ။ 'သီတင်းကျွတ်ရင် မေမေ့ကို ခွင့်တောင်းပြီး လက်ထပ်လိုက်ကြတော့' ဟု ပင် ပြောပြီးလေပြီ။ ဤသည်ကို သတိရ၍ ပြောရ၏။

"မြဟန် စုံစမ်းတာက သူ့အစ်ကိုကို ချစ်လို့ပါ ရှုပါရယ်။ ဘယ်လူ ဘယ်လောက်ပဲ စုံစမ်းစုံစမ်း ကိုယ်က မဲ့တစ်ပေါက်မှ မစွန်းဘူးရင် ဘာကြောင့် ရိမ်နေစရာလိုလဲ။ စုံစမ်း၊ စမ်းသတ်ခံနိုင်ရမှာပေါ့"

"သစ်ငုတ်တောင် တိုက်ဖန်များတော့ နဲ့တယ်တဲ့ ကိုကိုရယ်။ ရှုပါ လည်း လူပဲ။ ဦးကြီးက ကျွန်မကို ဘာလို့ မကြိုက်တာလဲ မသိဘူး"

"သူ့အစ်ကို ကြိုက်နေလို့ မကြိုက်တာပါ။ နို့မို့ရင် . . ."

"ကိုကိုနော်၊ အကောင်းကို ပြောလို့မရဘူး"

ရှုပါက ခြေသလုံးမွေးကို လှမ်းနုတ်ရင်း ပြော၏။

"မြဟန်က ရှုပါ့ကို ခုတော့ ခင်နေပါပြီ ရှုပါရယ်။ တစ်နေ့က မောင် နှမတွေ သွားတောင် သွားဖာကြသေးတယ်ဆို၊ အရင်တုန်းက ရှုပါ့ကို ယူရင် ကိုကိုပင်ပန်းမှာစိုးလို့ ပြောတာတဲ့။ ကိုကိုက ရှုပါ့ကို သိပ်ချစ်တော့ ရှုပါ နွဲ့တာ၊ ချွဲတာ မခံနိုင်ဖြစ်ပြီး ခါးချိုးလုပ်ကျွေးရမှာ စိုးလို့တဲ့။ ခုတော့ သီတင်းကျွတ် မေမေလာရင် မင်္ဂလာဆောင်လိုက်ကြတော့တဲ့၊ သူ့မရီးကို သူ ချစ်သွားပါပြီ။ ဟိုနေ့က အပြန်မှာ စိန်ဂွန်းဈေးတောင် ဝင်ခဲ့ကြသေး တယ်ဆို၊ မြဟန်က သူ့မရီးကို ဘာတွေ ဝယ်ပေးလဲ မှန်မှန်ပြောစမ်း"

"ကိုကို ဝယ်ပေးထားတဲ့ ထီးနဲ့ လိုက်အောင်လို့တဲ့၊ ကီမိုနိုဝမ်းဆက် ဝယ်ပေးတယ်"

"ကြည့်စမ်း၊ ဒီကောင် ငါ့ကို ကျော်လုပ်ပြန်ပြီ။ ပြီးတော့ကော"

"ဖာလူဒါ တိုက်တယ်"

"တယ်ဟုတ်နေကြပါလား။ မရီးနဲ့မတ်လို့များ ထင်ကြပါရဲ့လား သမီးရည်းစား ထင်ကြမှာပါ"

"ထင်ထင်" ဟု ရယ်၍ပြောသည်။

"ကိုကို့ကို ပြောရဦးမယ်"

"အင်း" ဟု ဆိုမိ၏။ သူ့မျက်နှာကို ငေးကြည့်နေမိသည်။





"ဟိုတစ်လောက ဦးကျော်လာတာ ကိုကို သိလား"

"တွေ့သားပဲ၊ ဘာဖြစ်လို့လဲ"

"အဲဒါ အကောင်းလာတယ် မထင်နဲ့။ ရှုပါ့ကို ယောကျ်ား ပေးစား မလို့ နားလာဖောက်တာတဲ့"

"ဟေ- တကယ်လား"

"တကယ်ပါဆို"

"ဘယ်က ကောင်နဲ့လဲ"

"ဆင်ပေါင်ဝဲကတဲ့"

"ရှုပါနဲ့ ဘယ်လိုလုပ်သိလဲ"

"ကိုကို့ကို ရှုပါ ပြောဖူးပါတယ်။ မင်းဘူး မမတို့ဆီမှာ နေတုန်းက လေ ရွှေစက်တော်ဘုရားဖူးသွားရင်း တွေ့ကြတာပေါ့။ သူက ဓာတ်ပုံဆရာ၊ ရွှေစက်တော်မှာ ရှုပါ့ဓာတ်ပုံတွေ ရိုက်ပြီး မရွေးဘဲ ခေါက်ထားခဲ့တာ သူပဲ ပေါ့။ အဲဒါ သူက ရှုပါ့ပုံတွေကို ဟောင်ကောင်ပို့ပြီး ဆေးရောင်စုံကူးထား တယ်။ ရှုပါ့ပုံတွေကို ဆိုင်မှာ ချိတ်ထားတယ်တဲ့။ ဦးကျော်သမီးတွေက လည်း ဓာတ်ပုံသွားရိုက်တော့ ဓာတ်ပုံရွေးဖို့ သွားတဲ့ ဦးကျော်က ရှုပါ့ပုံ တွေကို တွေ့တာပေါ့။ ဒီတော့ ဦးကျော်က မင်း ဒီပုံတွေ ဘယ်ကရလဲလို့ မေးတော့ ရွှေစက်တော်ဘုရားပွဲက ရိုက်လာတာ၊ သူ့ကို ကျွန်တော် သိပ် ကြိုက်တယ်။ အဲဒါကြောင့် ပုံကြီးကူးပြီး ဆိုင်မှာ ချိတ်ထားတယ်လို့ ပြော တယ်တဲ့။ အဲဒီတော့ ဦးကျော်က ဒါ ငါ့တူမပဲ။ မင်း တကယ် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ်ဆိုရင် ကောင်မလေးမိဘတွေကို ငါ သွားနား ဖောက်ပေးမယ်လို့ ပြောသတဲ့။ ဟိုက သားတစ်ယောက်တည်း။ ဘွဲ့ရပြီး သား။ ဓာတ်ပုံဆရာတဲ့။ ပြီးတော့ မိဘလည်း ချမ်းသာတယ်။ အဝေးပြေး အီးဇူးဇူးတောင် နှစ်စီးရှိသတဲ့။ မေမေတို့က သဘောမတူစရာ မရှိဘူး ဆိုပြီး လာပြောတာ"

ရှည်လျားသော သက်ပြင်းကို ပင်ပန်းကြီးစွာ ချမိလိုက်သည်။ ထို့ ကြောင့် ဦးကျော်သည် ယခင်ကလို ကျွန်တော်အား နှုတ်စကားမသွက်ခဲ့။ အမှုအရာတစ်မျိုး ဖြစ်နေသည်ကို ယခုမှ သတိရမိသွား၏။

"အဲဒီတော့"

"မေမေက အေးဟန်နဲ့ ပေးစားမယ်လို့ စကားလွှန်ထားပြီလို့ ပြော လိုက်တယ်"

"ခွေးတားကြီး သူ့သမီးတွေနဲ့ ပေးစားလိုက်ပါလား"

"သူ့သမီးတွေကို မကြိုက်လို့နေမှာပေါ့"

"ကဲ- ဒီတော့ ရှုပါက ဘယ်လို သဘောရလဲ"

"အဲဒီဘဲ ရှုပါကြည့်တောင် မရဘူး။ ပစ္စည်းရှိ ပညာတတ်ပေမယ့် မျက်နှာရှုး ကိုကိုရယ်"

"အမယ်လေးလေး တော်ပါသေးရဲ့ဗျို့၊ ခုမှ အလုံးကြီး အလုံးကြီးကျ


www.burmeseclassic.com

www.burmeseclassic.com

သွားတယ်"

"အို- ကြည့်ပါလား။ သူများ မြင်ဦးမယ်"

"မြင်မြင် . . ."

✤ ✤ ✤

လကုန်၍ ရငွေ၊ ပြန်ဝယ်ငွေ ရှင်းကြသည်။ သည်တစ်ခါလည်း ဘဝင်မကျမိ။ အမြတ်ထဲက ငွေတစ်ထောင်ကျော်သည် စာရင်း၌သာ ရှိ၏။ ပိုက်ဆံပုံး၌ကား ငွေကိုးရာသာ။ ရှုပါ့ကို စာရင်းသေသေချာချာ မလုပ်ရကောင်းလား၊ သေသေသပ်သပ် မရှိရကောင်းလားဟု မာန်မဲမိပြန်၏။

"အမယ် ကျုပ်သမီးကို မာန်လားမဲလား မလုပ်ပါနဲ့၊ ရှင် လာထိုင်ကြည့်ပါလား။ ဈေးရောင်းတယ်ဆိုတာ အမြတ်ချည်းတွက်လို့ မရဘူးရှင့်။ မိတ်မပျက်အောင်လည်း ရောင်းတတ်ရတယ်" ဟု သိန်းသိန်းက ဆိုသည်။

ရှုပါကမူ မျက်လုံးလေး ကလယ်ကလယ်နှင့် သူ့အမေမျက်နှာတစ်လှည့်၊ ကျွန်တော့်မျက်နှာတစ်လှည့် ကြည့်၍ မျက်နှာညှိုးနေ၏။

လောင်ပူလေး ပိုက်ဆံခိုးတတ်သည်ဟု ရှုပါပြောဖူးသည်ကို သတိရ၏။ မူယာ့ကို လှမ်းကြည့်သည်နှင့်-

"ရှင့်ပိုက်ဆံကို ကျွန်မ မသိဘဲနဲ့ ဒီအိမ်မှာ ဘယ်လူမှ မယူဘူး။ ရှုပါကလွဲရင် ပိုက်ဆံပုံးလည်း ဘယ်လူမှ မကိုင်ဘူး" ဟု သိန်းသိန်းက ပြောပြန်သည်။

ရယ်စရာတော့ ကောင်း၏။ မူယာလည်း တစ်ခါတစ်ခါ ဈေးဝင်ရောင်းပေးရရာ ပိုက်ဆံပုံးကို မကိုင်၍ မရ။ ပုံးကို မဖွင့်ဘဲ ပိုက်ဆံက အလိုလို ခုန်ထွက်လာမည် မဟုတ်။ ဈေးလာဝယ်သူတွေကလည်း အကြွေချည်းပါမည် မဟုတ်။ သိန်းသိန်းနှင့် ဆက်ပြောမိလျှင် မကျေနပ်ချက်တွေ ပွင့်ထွက်လာသည်မည်စိုးသဖြင့် သည်းခံနေလိုက်ရ၏။

ပုဂံခေတ်က ခုံတော်မောင်ကျဘုန်း၏အကြံဉာဏ်နှင့် ထန်းလျက်ခိုးစားကြသော ကိုရင်နှစ်ပါးအကြောင်းကို သတိရနေမိသည်။

ဘုန်းတော်ကြီး တစ်ရွာတစ်ကျေး သွားနေစဉ် ထန်းလျက်စားချင်သော ကိုရင်နှစ်ပါးက မောင်ကျဘုန်းကို အကြံဉာဏ်တောင်းကြသည်။ ထိုအခါ မောင်ကျဘုန်းက တစ်ပါးကိုရင်အား လေးဖက်ကုန်းခိုင်းပြီး နောက်တစ်ပါး ကိုရင်ကို အပေါ်က စီးခိုင်းကာ ထန်းလျက်အိုးတွဲထားရာသို့ အရောက်သွားစေသည်။ လေးဖက်ကုန်းသွားနေသောအခါ အပေါ်သို့ လုံးဝ မော့မကြည့်ရ။ အပေါ်က စီးထားသော ကိုရင်ကလည်း ထန်းလျက်အိုးအောက်တွင် လုံးဝ ခြေမချစေရ။ ထန်းလျက်အိုးကို ယူစား၍ ပြန်ထားကြရာ၌လည်း ထိုနည်းလည်းကောင်းပင် ပြန်ထားကြသည်ဟု ဆို၏။ ဘုန်း တော်ကြီး ပြန်ရောက်လာ၍ ထန်းလျက်အိုး လှော်နေသည်ကို တွေ့သော အခါ 'ငါမရှိတုန်း ထန်းလျက် ဘယ်လူ ခိုးစားလဲ' ဟု မေး၏။





ထိုအခါ လေးဖက်တုန်းသွားရသော ကိုရင်က 'အရှင်ဘုရား ဘုန်းကြီးမရှိတုန်း တပည့်တော် ထန်းလျက်အိုးကို တစ်ခါမှ မော့၍ပင် မကြည့်ဘူးပါ' ဟု လျှောက်၏။ အပေါ်ကစီးရသော ကိုရင်ကလည်း 'ဘုန်းကြီးမရှိတုန်း တပည့်တော် ထန်းလျက်အိုးအောက် ခြေထောက်တောင် မချမိပါဘုရား' ဟု လျှောက်ထားကြသည် ဆို၏။ ခိုးစားကြသည်ကား မှန်၏။ စကားအတတ်နှင့် မုသားလွတ်သည်။

ယခု သိန်းသိန်း စကားကိုလည်း ဤသို့ပင် ယူဆရလိမ့်မည် ထင်သည်။ သို့သော် သိန်းသိန်း၏စကားသည် မုသားလည်း မလွတ်ပါချေ။

✤ ✤ ✤

မမေးခင်ကပင် ပြော၏။

"အိမ်က ဓာတ်မီးပူ ပျက်နေလို့ ဓာတ်မီးပူ ခဏလာငှားတာ"

"ဪ" ဟု ဆိုပြီး ဗီရိုထဲက ဓာတ်မီးပူကို စက္ကူပုံးပါ တစ်ပါတည်း ထုတ်လိုက်သည်။

"ရော့" ဟု လှမ်းပေးလိုက်သည်။ မယူသေးဘဲ အိမ်ခန်း၏ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်နေသည်။ ဓာတ်မီးပူကို ခုံပေါ်တင်ထားလိုက်၏။

"အစ်မရှုပါ မလာဘူးလား" ဟု မျက်နှာကို စေ့စေ့ကြည့်၍မေး၏။

"မလာပါလား၊ ရှုပါ ဘယ်သွားလို့လဲ"

"ဒီမှာ ရှိပါတယ်၊ မညာပါနဲ့"

"ဟုတ်တယ်၊ နင့်ကြောက်လို့ ငါက ညာရမယ်။ နင့်အစ်မ ဘယ်လင်နောက်လိုက်သွားပြီလဲမှ မသိတာ"

"ဘယ်လင်နောက်မှ မလိုက်ဘူး။ အိမ်ခန်းထဲမှာ ရှိတယ်မဟုတ်လား"

"ဘာ"

အထိတ်တလန့် ရေရွတ်လိုက်သည်။ ပြောစကမူ အပြောင်အပြက်ပြောမိခြင်းသာ။ ဤသူငယ်မ စည်းလွန်လာပါလားဟု ဒေါသလည်း ထွက်ချင်လာ၏။

"ဟုတ်တယ်မဟုတ်လား၊ အခန်းထဲမှာ ရှုပါ ရှိပါတယ်"

"ကြည့် ကြည့်၊ ဘယ်မှာလဲ နင့်အစ်မ၊ ငါက နင့်အစ်မကို ဘာလို့ ဖွက်ထားရမလဲ"ဟု ပြောပြီး မူယာ့ကို အခန်းထဲသို့ ဆွဲတွန်းပစ်လိုက်၏။

"ဘယ်မှာလဲ တွေ့လား၊ နင့်အစ်မ" ဟု ထပ်အော်ပစ်လိုက်၏။

"ဒီက အသံကြားလို့ ဟိုဘက်ခန်း သွားပုန်းနေတာ ဖြစ်မှာပေါ့"

"ရော ဒီသူငယ်မ ခက်ပါလား" ဟု အံကြိတ်လိုက်မိ၏။

တစ်ဖက်ခန်းက အိမ်ရှင်သမီးများ ကြားသွားမှာကိုလည်း စိုးလိုက်မိသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ နောက်ဘက်တံခါး ဂျက်ချထားတာ မြင်တယ် မဟုတ်လား နင့်အစ်မ ဘယ်လိုလုပ်ပြီး ဟိုဘက်ကူးသွားလို့ရမလဲ"

"အပေါ်ထပ်ခိုးရှိတာပဲ"

စိတ်ဆိုးဆိုးနှင့် အပေါ်ထပ်ခိုးသို့တက်ရာ လှေကားရင်းသို့ လက်ဆွဲခေါ်လာမိ၏။

"ကဲ- တက်ကြည့်စမ်း၊ တက်ကြည့်စမ်း။ နင့်အစ်မကိုသာ မတွေ့ရင်တော့ နင်နဲ့ငါနဲ့ အတွေ့ပဲ။ ကလေးက ကလေးလို မနေဘူး"

"သိပါတယ် သိပါတယ် ကြည့်စရာမလိုပါဘူး"

"ဟဲ့- ကောင်မလေး နင် နင် နင်နော်"

အိမ်ပေါ်က အတင်းဆင်းသွားသည်။ မာတ်မီးပူပင် ယူမသွား။ အမေနှင့်တိုင်ပြောမည်ဟု လမ်းမက အော်သွားသေး၏။ ဘေးလူများကြား လျှင် ဘာထင်မည်နည်းဟု တွေးပူသွားသည်။

"မောင်နှမတွေ ဘာဖြစ်နေကြတာတုံး" ဟု စျေးက ပြန်လာသော အိမ်ရှင် ခင်နှင်းက မေးသည်။

"အလကားပါ၊ ထုံးစံအတိုင်း လောင်ပူလေး လာလောင်သွားတယ်"

ဟု အရှက်ပြေ ပြောလိုက်ရသည်။

စိတ်ထဲကမူ သိပ်မကောင်း။ ရွှေပါကသာ တကယ် အခန်းထဲ ရှိနေလျှင် ပတ်ဝန်းကျင်ပါ မည်သို့ ထင်လေမည်နည်းဟု ရင်ဖိုသွား၏။ ထို့ကြောင့် စျေးမှာထားသော ခင်နှင်းကို-

"ခင်ဗျားကော ဘာဝယ်လာလဲ" ဟု အရှက်ပြေမေးရ၏။

"ရှင်တို့မှာတဲ့ ဝက်သားဝယ်ရင်း ကျွန်မလည်း ဝက်နံ့ပတ်ရိုးပဲ ဝယ်လာတော့တယ်"

"ကောင်းတာပေါ့၊ ခရမ်းချဉ်သီးနဲ့ နူးအောင်သာချက်၊ အစ်ကိုလည်း နံ့ပတ်ရိုးဆို သိပ်ကြိုက်ပြောတာပဲ"

ခင်နှင်းက ဆွဲခြင်းကို ဆောင့်ချလိုက်သည်။ အစလွန်သွားသလားဟု တစ်ချက် တွေးမိလိုက်၏။ ယခုတစ်လော ခင်နှင်းနှင့် သူယောကျ်ားတို့ များစွာ မကြည်ကြောင်း သိ၍ တမင်စခြင်း ဖြစ်သည်။ ခြေထောက်ဆေးပြီးသောအခါ ခင်နှင်းသည် စျေးခြင်းတောင်းကို မ,၍ မီးဖိုဆောင်ထဲ တန်းဝင်သွား၏။ သံဇလုံကိုင်၍ ဝက်သားယူရန် နောက်က လိုက်သွားသည်။

ခင်နှင်းက သံဇလုံထဲ ဝက်သားငါးဆယ်သားထည့်ပေးပြီး-

"ကျွန်မနဲ့ လမ်းမှာ တွေ့လိုက်တယ်၊ ကလေးမလေးက ဘာမကြည်ဖြစ်သွားတာလဲ။ ရှင်နော် ကလေးကို" ဟု တမင် ပြန်စ,သည်။ ခင်နှင်းကမူ ကျွန်တော့်ပါးစပ်ထက်ပင် ကြမ်းထော်သူမို့ မကြားယောင်ဆောင်လိုက်ရ၏။

"ဘယ်မှာလဲဗျ၊ ဂျင်းကော" ဟု မေးရ၏။





"ရှင်ပြောတော့ ပဲငါးပိနဲ့ တရုတ်ပေါင်း ပေါင်းမှာဆို" ဟု ခင်နှင်း အံ့သလို ဆိုသည်။

"အေး- ဟုတ်သားပဲ"

"ဒါကျတော့ မေ့တတ်တယ်"

"အဘိုးကြီး ဘာမေ့ပြန်လို့လဲ ဒေါ်လေး" ဟု လှမ်းပြောလိုက်သော အသံကို ကြားရသည်။ ခင်နှင်းက 'လာပြီ' ဟု တိုးတိုးပြောလိုက်၏။ ဟု ကျွန်တော်ကလည်း နှုတ်ပိတ်လိုက်သည်။

မူယာ ပြန်သွားသည်နှင့် ရွှေပါ ရောက်လာသည်မှာ မိနစ်ပိုင်းသာ လသည်။ ခါတိုင်းဆိုလျှင် မီးဖိုထဲ ရောက်နေပါက အိမ်ရှေ့တံခါး ထားး၏။ စောစောက မူယာ လာနှောင့်သွားသည်နှင့် ခင်နှင်းကို ခရီး တ်မဆိုင်း စမိသောကြောင့် တံခါးပိတ်ဖို့ မေ့သွားသည်။ ရွှေပါသည် တ်ဘက်က အသံကြားသဖြင့် တန်းတန်းမတ်မတ် နောက်ဘက်သို့ ာက်ဝင်လာသည်။

ခင်နှင်းကို မြင်သဖြင့် "ဦး ဘာမေ့ပြန်ပလဲ ဒေါ်လေး" ဟုမေးသည်။

"ပဲငါးပိမှာပြီး ချင်းပါလား မေးလို့ပေါ့။ ငါတောင် ကြောင်သွားတယ် အေးဟန်တို့များ အဲသလောက်" ဟု ရယ်၍ပြော၏။

"ဒါတောင် သူ့ကိုယ်သူ ကလေးအောက်မေ့နေတယ်တဲ့ ဒေါ်လေး"

"ဟုတ်မယ်လေ၊ စောစောက မူယာနဲ့ ရန်ဖြစ်သံကြားလိုက်ရသေး ယ်"

ကျွန်တော့်မျက်နှာကို ရွှေပါက သေသေချာချာ ကြည့်၏။

"အိမ်ရှေ့တံခါး ပိတ်ထားခဲ့ရဲ့လား" ဟု ပြန်ကြည့်၍ မေးရ၏။ ရွှေပါ ခေါင်းညိတ်ပြသည်။

ဝက်သားငါးဆယ်သားကို ဆယ်တုံး ဆယ်ဖွဲ့သင်ကာ ဆေးကြော တ်၏။ ရွှေပါက ခင်နှင်းချထားသော ပဲငါးပိထုပ်ကို လှမ်းယူသည်။

"ဒယ်အိုးနဲ့ နှပ်မှာလား၊ ဒန်အိုးနဲ့နှပ်မှာလား" ဟု မေး၏။

"ကြဲကြီးစည်ရာကွာ၊ ဝက်သားနှပ်တာ မြေအိုးနဲ့ နှပ်ရတာဗျ။ တွေ့ ယ်မှတ်လား" ဟု ပြောလိုက်ရ၏။ ငါးပိအိုးကို လက်လှမ်းကာ စမ်းစမ်း စမ်းလုပ်နေသည်။

"ဟိုဘက်တအိုးလေ ရွှေပါ"

"ဝက်သားနှပ်တဲ့အိုးကလည်း ရေအိုးလား ထင်ရတယ်"

"ဟုတ်တယ်လေ၊ ရေအိုးအသေးစားလေးပဲ။ ဝက်သားနှပ်စားဖို့ တန့် တမင် ဝယ်ထားတာ"

ရေကပြင်မှ မီးဖိုထဲ ဝင်လိုက်၏။ တစ်ဖက်ခန်းမှ 'ဟဲ့- ဆီသတ်စရာ ဘူး။ တစ်ခါတည်း လုံးချက်လို့ရပါတယ်' ဟူသော ခင်နှင်း၏ အော်သံ ကြားရသည်။ ကုလားမနှင့် အပျင်းဟု ခေါ်သော သူ့သမီးနှစ်ယောက် တ တစ်ယောက်ယောက်ကို အော်ပုံရသည်။ ရွှေပါနှင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာ ဘာစ်ယောက်ကြည့်၍ ပြုံးလိုက်ကြ၏။

"စောစောက မူယာ လာသွားသေးတယ်။ အိမ်မှာ ဓာတ်မီးပူ ပျ
နေတယ်ဆို"

"ဟင်" ဟု အံ့သြသလို ဆိုသည်။

"ဓာတ်မီးပူ ပျက်နေတယ်" ဟု ပြန်မေး၏။

"ကိုယ့်အိမ်မှာ ဘာဖြစ်လို့ဖြစ်မှန်းမသိပါလား။ ဒီသူငယ်မ သူအ
ပြောတာ ဟုတ်မှာပဲ"

"ဘာလဲဟင် ကိုကို" ဟု လေသံနှင့် ကြားရုံမျှ မျက်နှာကို မော့ကြ
၍ မေး၏။

"ဆိုင်လေး ရောင်းရတာနဲ့ ဘာမှ ခိုင်းမရတော့ဘူးဆို။ ခုကော ဆို
ကို ဘယ်သူနဲ့ထားခဲ့လဲ"

"ခဏ လာတာပါ ကိုကိုရယ်၊ အမေ ရှိပါတယ်"

"နေပါ နေပါ ရှုပါ လက်ပေးမှာစိုးလို့"

မီးဖိုထဲ မီးသွေး လှမ်းထည့်နေသော သူလက်ကို ဖျစ်ညှစ်၍ ဟ
ဆောင်ဖယ်လိုက်၏။ သူက သိ၍ ရယ်နေသည်။ အားနာစရာကြီးဖ
ပြောသောအခါ သူလက်ပေနှင့် နှာခေါင်းကို တို့သည်။

"ဟ- ကြည့်စမ်းပါဦး၊ ရှုပ့်ပါး မီးသွေးတွေ ပေကုန်ပြီဗျို့"

ဟု အတျယ်ကြီး အော်လိုက်ဟန်နှင့် တိုးတိုးဆိုလိုက်သောအ
ရယ်မော၍ ရေတပြင်သို့ ထွက်ဟန်ပြု၏။ အသင့်ပင် ရေတစ်ခွက် သွ
ခပ်လိုက်ဟူသော စကားကိုတော့ ခင်နှင်းတို့ဘက်က ကြားလောက်အော
ကျယ်ကျယ် ပြောလိုက်ရ၏။

"ပြန်ဦးမယ်နော် ကိုကို" ဟု တိုးတိုးဆိုသည်။

"နေပါဦး"

"မူယာ လာသွားတယ်ဆို"

"ဟုတ်တယ်၊ ရှုပါ မလာဘူးလားတဲ့၊ ကိုကိုတပဲ ရှုပ့်ကို အခန်းထဲ
ဝှက်ထားသလိုလို၊ ခြင်ထောင်ထဲပဲ သွင်းထားသလိုလို အခန်းထဲ
အတင်း ဝင်ကြည့်သွားတယ်၊ မီးပူယူမယ်ပြောပြီး ယူမသွားဘူး။ ဘာ
သဘောတွေလဲ မသိဘူး"

"မေမေကြည့်ခိုင်းတာ ဖြစ်ပါလိမ့်မယ်"

"ကိုကို့ဆီလာတာ ဘာလို့ ကြည့်ခိုင်းစရာလိုလဲ"

ခဏတွေနေသည်။ ပြီးမှ-

"ကိုကို့ကို မယုံလို့နေမှာပေါ့" ဟု ဆိုသည်။

"ဘာကို မယုံတာလဲ"

"မသိဘူးလေ၊ အရင်တစ်ခါ ဦးကြီးတို့ ဧည့်သည်တွေ လာလို့ ထမင်း
လာချက်ပေးတုန်းတလည်း ဆူတယ်၊ ကြာလို့နေမှာပေါ့"

"ငါ့သိက္ခာကို စော်ကားတာပဲ။ နေဦး ညနေကျ လာမေးဦးမယ်"





"အို- မမေးပါနဲ့၊ ရှုပါပဲ အဆူခံရမှာ။ ခုတစ်လော အမေ ဘာဖြစ်
လဲ မသိဘူး။ နည်းနည်းဆိုရင် ဆူတော့တာပဲ။ ရှုပါ နေတောင် မနေ
င်တော့ဘူး"

"မနေချင်လည်း မနေနဲ့တော့။ ပြေးသာလာခဲ့။ သီချင်းတောင် ရှိ
ယ် မဟုတ်လား၊ အမေဆူရင် မောင့်ဆီပြေးခဲ့ ဆိုတာ"

"တကယ်လား ကိုကို"

"ဆယ်ကယ်၊ ဆယ်ကယ်"

"ကိုကို့စကား ကိုကို မှတ်ထားနော်၊ ခုတော့ သွားလိုက်ဦးမယ်"

ဟု ဆိုသည်။ လှမ်းဆွဲသော်လည်း မမီလိုက်တော့။ အတင်း ရုန်း
ထွက်သွား၏။

'ညနေ လာခဲ့ဦးမယ်' ဟုပြောတော့ 'မလာနဲ့' ဟု ဆိုသည်။

ထမင်းအိုးကား တဗွမ်းဗွမ်း ဆူပွက်နေလေပြီ။

✤ ✤ ✤

ရှုပါ၏ စိုးရိမ်ကြီးနေသော မျက်နှာကို သိသာစွာ မြင်လိုက်ရ၏။
ခါင်းကို မသိမသာ လှုပ်ခါပြသည်။ မမေးနဲ့ မပြောနဲ့ဟု အဓိပ္ပာယ်ရ
ကြောင်း သိလိုက်၏။ ရှုပါ ထိုင်နေသော အရောင်းစားပွဲကို ဖြတ်ကျော်
လျှောက်တွင်-

"ဘယ်တလာလဲ" ဟု တမင်မေး၏။

"ပြောစရာရှိလို့ တမင်လာတာ" ဟု ပြောလိုက်၏။ မျက်နှာတစ်
က်ညှိုးသွားသည်။ အမေနှင့် စကားများကြတော့မှာပဲဟု စိုးရိမ်သွားပုံ
၏ ရှုပ့်ကို နောက်ခိုင်း၍ လျှောက်ဝင်လာသည်။ သိန်းသိန်း အနားတွင်
သွားထိုင်၏။

"ဘာအထုပ်လဲ" ဟု သိန်းသိန်းက မေး၏။

"ဓာတ်မီးပူလေဗျာ" ဟု မဝံ့မရဲလေသံနှင့် ပြော၏၊ သူ့ရှေ့တွင်
သေသေချာသည်။ ယခင်က သူ့ကို လေးလေးစားစား မရှိဟု ပြောခြင်းကို
မင် အရွဲ့တိုက်လေပြီဟု ချက်ချင်း သဘောမပေါက်သေး။ ဘာလုပ်ဖို့လဲ
ဆိုသည်။ ရေနွေးဇန်းကိုလည်း လှမ်းရွှေ့၍ ရေနွေးသောက်ဟု ဆို၏။

"ဓာတ်မီးပူပျက်နေတယ်ဆိုလို့ လာပေးတာ"

သူ့မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။ သူက ဘာမှ မပြောဘဲ
နွေးငှဲ့ပေး၏၊ စိတ်မချသော ရှုပါက စိုးရိမ်စွာ ငေးကြည့်နေတုန်း။

"ဘယ်သွားလဲ အဲဒီကောင်မလေး"

"မူယာလား"

"ဟုတ်ပါ့"

အထူးအဆန်းလို တစ်ချက်လှမ်းကြည့်ပြီး ကျူရှင်သွားတယ်ဟု ဆို
၏။



www.burmeseclassic.com

www.burmeseclassic.com

"တော်တော်ဟုတ်တဲ့ကောင်မလေး၊ မနက်က ခတ်မီးပူ လာယူ
တယ် ပြောပြီး ပေါက်ကရပြောသွားတယ်၊ ခတ်မီးပူလည်း ယူမသွားဘူး
အိမ်က ခတ်မီးပူ ပျက်နေတယ်ဆို"

မကြားသလို လုပ်နေသေး၏။ သူတို့ ခတ်မီးပူကို ထယူ၍ မီးပလ
ထဲပင် သွင်းလိုက်၏။ ခလုတ်ကို နှိပ်လိုက်သည်နှင့် မီးက စိမ်းနေ၏။

"ကောင်းသားပဲ" ဟု ပြောလိုက်ရသည်။ သိန်းသိန်းက ဘာမှမပြော
မီးပူကို ပြန်ထားလိုက်ရ၏။

"ခင်ဗျားသမီးကိုလည်း ပြောထားဦး"

"ခင်ဗျားလုံး ရိုက်ရိုက်ပြီး ကျုပ်ကို မပြောပါနဲ့"

"မပြောပါဘူး"

နောက်သည်ထင်၍လားမသိ။ မျက်နှာကိုစေ့စေ့ကြည့်၏။ စိုးရိမ်
သော်လည်း ရူပါက တစ်ဖက်သို့လှည့်၍ပြုံးသည်။

"အဲဒါ မူယာကို ပြောထားနော်၊ မနက်က ဘာပြောသွားတယ်မှ
လဲ"

"ဘာပြောသွားလဲ"

"လာလာချင်း ရူပါ မလာဘူးလားတဲ့၊ မလာဘူးပြောတော့ မယုံ
တို့ အိပ်ခန်းထဲ ဝင်ကြည့်တယ်"

ဈေးဝယ်သူတစ်ယောက်တက်လာသဖြင့် လေသံကို နှိမ့်လိုက်
သည်။ နှစ်ကိုယ်ကြား ပြောရ၏။

"ခြင်ထောင်ထဲမှာ ဝှက်ထားတာတဲ့၊ ဟိုဘက်အခန်းမှာ သွားပုန်း
တယ်တဲ့၊ လူကြားမှာစိုးလို့ ဝင်ကြည့်ပါ ရူပါ မရှိပါဘူး ပြောတာ မရ
အပေါ် ထပ်ခိုးမှာ ဝှက်ထားတယ်တဲ့။ တက်ကြည့်ပါဆိုတော့ ကြည့်
မလိုပါဘူး သိပါတယ် ပြောပြီး ဆင်းသွားတယ်၊ နေပါဦး တားတာတော
မရဘူး။ လမ်းမက အော်ပြောသွားသေးတယ်။ အမေနဲ့ တိုင်ပြောမယ်တဲ့
ရူပါသာ ကျွန်တော့်အခန်းထဲမှာရှိနေရင် ဘာသဘောသက်ရောက်မ
ခင်ဗျား စဉ်းစားကြည့်စမ်း"

ခင်ဗျား ဟူသော စကားပါလာသဖြင့် မျက်စောင်းထိုးပြန်၏။
'ခင်ဗျား' ဟူသော အသုံးအနှုန်းနှင့် ပတ်သက်၍လည်း သိန်းသိန်း
ကျွန်တော် ပြောပြဖူးသည်။ ဗျို့၊ ဗျာ၊ ပေးဟု ထူးခြင်းနှင့် 'ခင်ဗျား'
ထူးခြင်းသည် မတူ။ ခင်ဗျား ဆိုသည်မှာ လေးစားရာသာရောက်သည
လူကြီးမင်းများခင်ဗျား၊ ကြွရောက်လာကြတဲ့ မိတ်ဆွေများ ခင်ဗျား၊
သည်တော်များ ခင်ဗျား ဆိုသည်မှာ ရိုကျိုးသည့် သဘော၊ မင်းသုံးနန်းသုံး
သဘော၊ ယဉ်ကျေးခြင်းသဘောဟု ပြော၏။ သို့သော် နားမဝင်၊ ကို
မိဘကို ခင်ဗျားလုံးရိုက်ပြီး ပြောတာ ကောင်းမလား ဆိုသည်။ သူပြော
တာလည်း မှန်သလိုရှိသဖြင့် ပြုပြင် ပြောဆိုမည်ဟု ဝေးဖူး၊ မှတ်ဖူးသည်
သိန်းသိန်းနှင့် ကျွန်တော်တို့မှာ ငယ်သူငယ်ချင်းလို ဖြစ်နေကြတော့ ခင်





၏၊ နှုတ်က လက်လွှတ်သွားသည်။ စကားကို ပြန်ဆက်ရ၏။

". . . ပတ်ဝန်းကျင်က ကြားရင် ဘာထင်မလဲ မသိန်းသိန်း စဉ်း
စားကြည့်၊ ကိုယ့်သားသမီး သိက္ခာ ကိုယ်ချတာနဲ့ မတူပေဘူးလား၊ မူယာ
ကို သွားကြည့်ပါလို့ မသိန်းသိန်း လွှတ်လိုက်တာလား"

"ကျုပ်နားထဲ မဆဲ့တော့ဘူး၊ ရှင် ဘာသိလဲ၊ လှစ်ခနဲရှိ ရူပါက
အဲဒီအိမ် ရောက်လာပြီတဲ့၊ ကျုပ်ကို ပြောတဲ့လူရှိလို့"

"ဘယ်လူကပြောလဲ"

"ရှင်တို့အိမ်နဲ့ လေးအိမ်လောက်မှာ ကိုအောင်ငွေ့ဆွေမျိုးတွေ ရှိ
တယ်၊ သူတို့က အမြင်မတော်ဘူးလို့ ပြောလို့"

ရုတ်တရက်မှ ဘာပြန်ပြောရမှန်းမသိ။ တစ်ဝက်တစ်ပျက်လည်း မှန်
နေသဖြင့် ခဏငြိမ်နေသည်။

"အဲဒါ အနေအထိုင် ဆင်ခြင်ကြ၊ ဒါပဲပြောမယ်"

"တစ်ရပ်ကွက်လုံး သိနေတဲ့ဥစ္စာ"

"ဘာ . . ."

သိန်းသိန်းက အော်လိုက်၏။ စကားပြောနေကျသံထက် ကျယ်သွား
သော 'ဘာ' ကို ရူပါ အထိတ်တလန့်လှမ်းကြည့်၏၊ ရူပါ့မျက်နှာတွင်
သွေးဆုတ်နေ၏။

"သိတင်းကျွတ်ဖို့ တစ်လပဲ လိုတော့တယ်၊ ရှင် ဘာမှ မစီစဉ်ရသေး
ပါလား"

"ဘာစီစဉ်ရမှာလဲ"

"ရှင် ရူပါ့ကို လက်ထပ်မယ်ဆို"

မျက်စောင်းထိုး၍ကြည့်၏။

"ပိုက်ဆံရှိရင် ဒီနေ့ဝယ် ဒီနေ့ရတာပဲ၊ တုန်တိုက်မှာ ပေါလွန်းလို့"

"ခု ပိုက်ဆံ မရှိသေးဘူး ဆိုပါတော့"

"အတော်အသင့် ရှိပါတယ်"

"ဘယ်လောက်ရှိလဲ"

"သုံးလေးသောင်းပဲ ရှိတယ်၊ အလုပ်ထဲဝင်နေလို့"

"ဟင်- သုံးလေးသောင်းနဲ့ ဘာရမှာလဲ၊ ညှော်ခံစရိတ်တောင် ရှိမှာ
မဟုတ်ဘူး"

"ဒီခေတ်ကြီးမှာ ဘာလုပ်မလဲဗျာ၊ အတော်အသင့်လုပ် ပြီးရော့ပေါ့၊
ကျွန်တော့်သဘောဆိုရင် ဘုန်းကြီးဆွမ်းကျွေးပြီး ရုံးတက်တောင် လက်
မှတ်ထိုးချင်တာ၊ ဗုဒ္ဓဘာသာမြန်မာတွေရဲ့ ထုံး . . ."

"ဟင်- အေးဟန်၊ ခုတော့ နင့်လေပေါက်ကတစ်မျိုးပါလား၊ ဗုဒ္ဓ
ဘာသာ မြန်မာအမျိုးသမီးတွေမှာ ဒါ တစ်သက်တစ်ခါပဲ ရှိတဲ့ မင်္ဂလာ
ရှင့်၊ ရှင်ပြုတာ၊ ပဉ္စင်းခံတာသာ ဘယ်နှခါပြု ဘယ်နှခါ ခံခံရမယ်၊
မင်္ဂလာဆောင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်တာလည်း ရပါတယ်။ မသိန်းသိန်းတောင် နှစ်ခါ သုံးခါ ဆောင်သေးတာပဲ"

"အကောင်းပြောနေရင် ပါးထချလို့ ဟင်း၊ ကျုပ်ကို အဲဒီ အပြောမျိုး ကြပ်ကြပ်ပြော သိလား"

"ဟုတ်ကဲ့"

ဘယ်လိုမှ စိတ်ဆိုး၍ မရမှန်း သိသွား၏။ ဖျစ်တောက်ဖျစ်တောက် လုပ်နေသည်။

"ဗုဒ္ဓဘာသာ မြန်မာတွေမှာ ရုံးတက်လက်မှတ်ထိုးတယ်ဆိုတာ မရှိဘူးရှင့်။ ပြောလိုက်ရင် အထအနနဲ့၊ အရင်က ရှုပါက ပြောတော့ လက်ဝတ်လက်စား တစ်ဆင်စာအပြင် ကရဝိတ် ကြိုက်လား၊ အင်းယားလိတ် ကြိုက်လား ပြောတယ်ဆို။ ကျုပ်က သမီးရှင်ရှင့်။ ကျုပ်သမီးက ရွှေရေပန်းစက် အပျိုနုနုထွတ်ထွတ်။ ရှင့်အိမ် ခဏခဏ လာနေလို့ ကောင်းမလား။ ဆီစာအုပ်လည်း ပြန်ယူထားကြ၊ ရှင်တို့ဘာသာ ရှင်တို့ထုတ်။ တစ်ဆိတ်ရှိ ဒီပဲအားကိုးနေကြတယ်။ ကျွန်မတို့က ဘယ်လူ့အပြောမှ ခံချင်တာ မဟုတ်ဘူး။

တကတည်း ခုကပင် ခိုင်းစားဖို့ စိတ်ကူးနေလား မသိဘူး။ ဒီဆိုင်နဲ့ ဘယ်မှ မသွားဖြစ် မလာဖြစ်ဘူး။ ပိုက်ဆံလေး နည်းနည်းကွာရင် ဟောက်ချင်အော်ချင်တာက အရင်။ သူ့လုပ်စာ တစ်အိမ်လုံး ထိုင်စားနေကြတာ ကျနေတာပဲ"

နားညည်းသဖြင့် ရှုပါရှိရာသို့ ထွက်လာသည်။

"ကောင်းတယ်၊ သွားမစပါနဲ့ဆို သွားစတယ်" ဟု ရှုပါက ပြော၏။

"ဆူပါစေကွာ၊ ကိုယ့်ယောက္ခမဆူတာပဲ။ သူ့အပြစ် သူမကြောက်ရင် ဆူပေါ့"

"ကြည့်ပါလား၊ ပြောတာ ဟိုမှာထွက်လာပြီ ကြားနေဦးမယ်"

လှည့်ကြည့်လိုက်တော့ တကယ် ထွက်လာ၏။

"နင် မနက်က ဘယ်သွားလဲ"

ရှုပ့်ကို စေ့စေ့ကြည့်၍မေး၏။

"တစ်လမ်းမှာ ရေသွားပြောတာ"

"လေးလမ်းတော့ မရောက်ဘူးပေါ့"

"မရောက်ဘူး"

ရှုပါက နှုတ်ခမ်းစူ၍ပြောသည်။

"နောက်မကြာစေနဲ့၊ ဒါပဲ"

"ခိုင်းလည်း မခိုင်းကြနဲ့"

"ပါးကျိုးမယ်"

အေးဟန်တို့အိမ်သွားစမ်း၊ ဘာရှိလဲ ညာရှိလဲ ဟု ခိုင်းတတ်သည်ကို ရှုပါက ဆိုသည်။ ပတ်တီး၊ ဆေးဝါးကအစ တောင်းခိုင်းသည်။ သူနှင့်





သူ့အဖေကြီး ဦးလှတို့ နေထိုင်မကောင်းလျှင် နေ့ညမဟူ တစ်ယောက်အခေါ်ရောက်လာတတ်၏။ လမ်းချင်းအိမ်ချင်းကလည်း နီးသဖြင့် တစ်နေ့တလေတွင် မူယာနှင့် ရှုပါတို့မှာ တစ်နေ့ နှစ်ခေါက်ပင် ရောက်တတ်ကြလေသည်။ ကျွန်တော်လည်း ဆိုင်သို့ ထိုနည်းလည်းကောင်းပင်။ ဤသည်ကို ယခုမှ အဆန်းလုပ်၍ပြောသောအခါ ကျွန်တော့်စိတ်ထဲမှာ ခံပြင်းနေမိသည်။ ကျွန်တော့်ဂုဏ်သိက္ခာနှင့် ရှုပါ၏ဂုဏ်သိက္ခာကိုလည်း စော်ကားသည်ဟု ထင်မိ၏။ ရှုပါက ဘာမှ မပြောနဲ့ဟု မျက်ရိပ်ပြထားသဖြင့် ရှုပါရှေ့က စားပွဲတွင် မှင်သေသေနှင့် ထိုင်နေ၏။ စိတ်ထဲကမူ မကျေနပ်ချင်။

"အတင်းပြောချင်တဲ့ ဟာမကြီးတွေက ဒီနောက်ဖေးတင်ရှိတာ၊ ဆိုင်ကိုလာရင် အဲဒီကြားထဲက လာကိုမလာနဲ့"

ဒေါ်တင်အုံးကိုပြောမှန်း အတပ်သိ၏။

"နိုးလို့ပါဗျာ" ဟု ပြော၏။ ရှုပါက မျဉ်းတံနှင့် လှမ်းတို့၍ သတိပေးသည်။ အောင့်အည်း၍ နှုတ်ဆိတ်နေလိုက်ရသည်။

✤ ✤ ✤

မီးချောင်းကို ပိုးကောင်တွေ လာထိုးသဖြင့် သစ်စိမ်းခက်နှင့် ပူးချည်ပေးရသည်။ ကိုယ်ပေါ်နှင့်ခေါင်းပေါ် ကျနေသော ပိုးကောင်များကို ရှုပါက လှမ်းလှမ်းကောက်ပေးသည်။

ဆိုင်ရှေ့တွင် ကိုအောင်ငွေ၏ ဆိုက်ကား ထိုးရပ်လာ၏။ မူယာ ဆိုက်ကားပေါ်က ဆင်းသည်။ ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းထိုးသည်။

"လာပါပြီ။ ဝဋ္ဋကာရပုဏ္ဏားမ" ဟု နှာခေါင်းရှုံ့၍ လှမ်းပြောလိုက်၏၊ ဇာလေးကို သွားစ,ပြန်ပြီဟု သိန်းသိန်းက ဆိုသည်။

"ကလေးက ကလေးလိုမှ မနေတာ"

"လူကြီးတွေကတော့ လူကြီးလိုနေကြတယ်ပေါ့"

နည်းနည်းမှ မခံ ပြန်ပက်သည်။

"စကားမဆုံးဖြစ်ကြပြီမှတ်လား၊ သွားစမ်း မူယာ ငါ နားညည်းတယ်" ဟု သိန်းသိန်းက အော်သည်။ ဆိုက်ကားကို ဆိုင်ထဲ ဆွဲတင်နေသော ကိုအောင်ငွေက လှမ်းကြည့်သည်။ မနိုင်မနင်းဖြစ်နေသဖြင့် သွားကူတွန်းပေးရ၏။

"စားပြီးပလား" ဟု မေး၏။

"ဟုတ်ကဲ့" ဟု ပြောလိုက်ရသည်။

"ခင်ဗျား ခုထိ ညစာမစားရသေးဘူး"

"ဟုတ်တယ်ဗျာ"

"ဟေးလူ၊ ဘယ်အချိန်ရှိပလဲဗျ။ မိန်းမကို ဒီလောက်တောင် ဘမင်း



www.burmeseclassic.com

www.burmeseclassic.com



မေ့၊ ဟင်းမေ့ လုပ်ကျွေးနေရလား"

"ကျွေးရတယ်ဗျို့၊ ကျွေးရတယ် ဒါတောင် မိန်းမကသိပ်မကြည်ဘူး"

သိန်းသိန်းဘက် မျက်လုံးဝင့်၍ ပြော၏။ သိန်းသိန်း၏အပြုံးသည် ညစ်ထေးနေသည်။

"ခင်ဗျား ဆာနေရောပေါ့၊ ထားခဲ့ဗျာ ကျွန်တော် သွင်းထားလိုက်မယ်"

"နေနေဗျာ၊ ရပါတယ်" ဟု ကိုအောင်ငွေက ပြောသည်။

ဆိုက်ကားကို နေသားတကျ သွင်းလိုက်ပြီး နောက်ဘက်သို့ ဝင်သွားသည်။ ရှုပါသည် အရောင်းစားပွဲမှ ထသွား၏။ ထမင်းဗူးခပ်ပေးရန်ဟု နားလည်လိုက်သည်။ မှုယာ၏ စာအော်ဖတ်သံကို အတွင်းထဲက ကြားလိုက်ရသည်။

ခဏအကြာမှာပင် ရှုပါ ပြန်ထွက်လာသည်။ အရောင်းစားပွဲတွင် ဝင်ထိုင်၏။ မီးချောင်းကို ပိုးကောင်တွေ ပိုကျလာသဖြင့် အရောင်းစားပွဲက ထလာမိသည်။ သိန်းသိန်းနှင့် မနီးမဝေးတွင် ခွေးခြေတစ်ခုဆွဲ၍ ထိုင်လိုက်သည်။ ခွေးခြေတစ်ခု၏ခြေထောက်က ကြမ်းသားကြား ကျွံကျသဖြင့် 'ဟိုက်- ပလုတ်တုတ်' ဟု အော်လိုက်သည်။ သိန်းသိန်း၏ ကျောကုန်းကို ဆောင့်မိသွားသည်။ သိန်းသိန်းက သူ့ကို တမင် စ,သည်ဟု ထင်၍လားမသိ။ 'ငါလုပ်ထည့်လိုက်ရ' နောက်ခွေးခြေတစ်လုံးကို မြှောက်ရွယ်၍ ဆိုသည်။ 'မတော်လို့ပါဗျ၊ ကျောက်ပါပြီ နောက်တစ်ခါဆိုရင် ပြောပါ့မယ်' ဟု နောက်သည်ကို ရှုပါက ကြည့်၍ ရယ်နေသည်။

သိန်းသိန်းက လှဟန် မိုးကုတ်က လာသွားသည်ကို သတိရ၍လားမသိ။ 'အေး မှတ်ထားနော်။ နောက်တစ်ခါ ပါရဲ့နဲ့ မပြရင် အသိပဲ' ဟု ဆိုသည်။

ရာဇူးကမမဟု ပီပီသသမဟုတ်၊ ဆိုင်ထဲက မမရယ်ဟု ဆိုလိုက်သလားထင်သည်။ ဘိန်းစားသံနှင့်ညည်းသဖြင့် သဲသဲကွဲကွဲ မကြားရ။ ဂစ်တာသံက ပို၍ နားစူးသည်။ အိမ်ရှေ့လမ်းတစ်ဖက်က အုတ်ခုံပေါ်တွင် ဂျင်းပင်နှင့် ကောင်လေးသုံးလေးယောက် ဂစ်တာခေါက်နေကြ၏။ ရှုပါက ကျွန်တော့်ကို လှမ်းကြည့်၍ မျက်စပစ်ပြသည်။

"ဆောင်းတွင်းမှာ ခွေးဝဲစားတွေ ချမ်းလို့ ညည်းအော်တဲ့အသံလား အောက်မေ့ရတယ်"

"ကျုပ်တို့ ဘော်ဒါတွေ မနိုမ်ပါနဲ့ဗျ။ နားထောင်လို့ ကောင်းပါတယ်။ သေသေချာချာ နားထောင်ကြည့်ပါ။ ဆိုင်ထဲက မမရယ်။ ဈေးတင်ရောင်းပါတယ်တဲ့။ ဝယ်ချင်ဘူး ဝယ်ချင်ဘူး အူး . . . အူး . . . ဗျ၊ အူး . . တဲ့။

"ရှင်ပဲ နားထောင်"ဟု ပြောပြီး သိန်းသိန်း ထသွား၏။ ရှုပါက ရယ်သည်။

"ကိုကိုကတော့ တကယ်ပဲ" ဟု ဆိုသည်။





ဂစ်တာသံနှင့် သီချင်းဆိုသံက ပိုကျယ်လာသည်။

"ကိုကို၊ ကိုကို ကြည့်ပေးဦး၊ သူများမျက်လုံးထဲ ပိုးကောင်ဝင်သွားလို့"

ရှုပါသည် ပြောပြောဆိုဆိုနှင့် အရောင်းစားပွဲက ထလာ၏။ ရှေ့တွင် ဒူးတုပ်၍ထိုင်သည်။ မျက်လုံးတစ်ဖက်ကို လက်နှင့်အုပ်ထားသည်။ ဂစ်တာတီးနေကြသောကောင်လေးတွေက သေသေချာချာ ကြည့်နေကြသဖြင့် အမ်းတမ်းတမ်း ဖြစ်နေမိသည်။

"ညဆို အဘက မျက်လုံးသိပ်မကောင်းဘူး။ မှုယာကို ကြည့်ခိုင်းပါလား ကလေးရယ်"

"အို- ကိုကိုကလည်း ကြည့်ပေးပါဆို။ သူများ မျက်စိ သိပ်စပ်နေပြီ၊ မြန်မြန်ကြည့်ပေးပါဆို"

ရှုပါက သူ့မျက်နှာလှလှလေးကို ရှေ့သို့ တိုးပေးထား၏။ မျက်လုံးတစ်ဖက်ကိုလည်း လက်ဝါးနှင့်အုပ်ထားသည်။

"သိပ်မပွတ်လိုက်နဲ့နော်။ မျက်လုံးအသားကနုနုလေးရယ်။ ပိုးကောင်က အသားထဲမြုပ်သွားလိမ့်မယ် မပွတ်နဲ့ မပွတ်နဲ့"

အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်လိုက်၏။ ထောင့်ကို လုံး၍ ပျော့သွားအောင် ပါးစပ်နှင့် ကိုက်လိုက်သည်။ ရှုပါ၏မေးစေ့လေးကို ဆွဲမ,၍ သူ့မျက်လုံးက ပိုးကောင်ကို သေသေချာချာ ကြည့်ရသည်။ မတွေ့မိ။ လက်ကိုင်ပဝါထောင့်ချွန်းကို တစ်ဖက်ကကိုင်ရင်း ရှုပါ၏မျက်လုံးကို ကြည့် ရသည်။

"တွေ့လား ကိုကို"

"မတွေ့ပါလား ရှုပါရယ်။ ဘယ်ထောင့်က စူးလဲ၊ ခုလုခုလုတွေ့သေးလား။ ပိုးကောင်မမြင်ဘူး။ လေနဲ့မှုတ်ထုတ်လိုက်မယ်နော်"

"မမှုတ်နဲ့၊ မမှုတ်နဲ့ ပိုးကောင်ကို မြင်အောင်ကြည့်။ ပိုးကောင်ကို မြင်ရင် ကိုကို့လျှာဖျားနဲ့ လှမ်းတို့ယူလိုက်။ လက်ကိုင်ပဝါစနဲ့ မတို့လိုက်နဲ့နော်။ မျက်လုံး နာသွားမယ်၊ ဒဏ်ဖြစ်တတ်လို့၊ တရုတ်တွေက အဝတ်နဲ့ မတို့ဘူး၊ လျှာထိပ်ချွန်ချွန်နဲ့ မျက်လုံးထဲက အမှိုက်ကို တို့ယူတာ ရှုပါမြင်ဖူးတယ်။ အမှိုက်တွေ့ အေး- ပိုးကောင်တွေ့ရင် ကိုကို အဲ့သလို လုပ်ကောက်ယူပေး"

"တွေ့မှ မတွေ့တာကြီး ဘယ့်နှယ်လုပ်မလဲ"

"တွေ့အောင်ကြည့် ကိုကိုရာ၊ ခစ် . . . ခစ် . . ."

"ခွေးမ၊ ငါက တကယ်အောက်မေ့လို့ . . ."

"ဖယ်၊ ဒီကောင်က တကယ်နာတယ်။ ဖယ် ဟိုကောင်တွေ မြင်အောင် ရှုပါ တမင် လုပ်ပြတာ ကိုကိုရယ်။ ခုတော့ သူတို့ သိသွားကြပြီ ကိုကိုက ဒါတောင် မရိပ်မိဘူး ဟား . . . ဟား"

ရှုပါက ရယ်မော၍ သူ့အရောင်းစားပွဲသို့ ထသွား၏။ ကျွန်တော့်မှာ

www.burmeseclassic.com

www.burmeseclassic.com

ကြောင်၍ ကျန်ရစ်သည်။

"တတ်လည်း တတ်နိုင်ပါပေ့ မိန်းကလေးရယ်"

"မတတ်နိုင်ဘူး ကိုကိုရယ်၊ ဒီလိုပဲ ကြံ့တုန်းကြံ့ခိုက် ပြထားရတယ်။ နို့မို့ သူတို့က ဈေးဝယ်မလိုလိုနဲ့ နေ့တိုင်း စာလာပေးကြတယ်။ စာအိတ်ကို မယူရင် ပိုက်ဆံနဲ့ရောပြီး အတင်း ခုံပေါ်လာတင်ထားတယ်။ ပိုက်ဆံမှာ စာရေးလို့လည်း ပေးကြတယ်။ လူကြီးတွေ မရှိရင် အတင်း စကားလာပြောကြတယ်။ ရှုပါက ပြောပါတယ်၊ ကျွန်မမှာ ရှိပြီးသားလို့။ ကိုယ်တော်ချောတွေက မယုံပါဘူးတဲ့။ မညာပါနဲ့တဲ့။ ဒါတောင် တစ်ယောက်က လာသေးတယ်၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ပါတဲ့။ ရှုပါက ပြောလိုက်တယ်၊ ရှင်ပြောတာ မှားနေပြီ ရည်းစားတစ်ထောင် လင်ကောင်းတစ်ယောက် ဖြစ်ပါလိမ့်မယ်လို့။

ဘယ်လောက် မျက်နှာပြောင်တိုက်တယ်မှတ်လဲ၊ အေး- ဟုတ်တယ် ဟုတ်တယ်၊ ဒီကလည်း လင်ကောင်းတစ်ယောက် ဖြစ်ပါရစေတဲ့။ ဒီနေ့တော့ သူတို့ကို ချွတ်ချင်တာနဲ့ ကိုကို ကြာကြာ လာထိုင်နေတာနဲ့ အတော်ပဲ။ အပြတ်ချွတ်ပြလိုက်ပြီလေ"

ရှည်လျားသောသက်ပြင်းကို ချလိုက်မိသည်။ 'ဒသလိုမိန်းမ'ဟူသော သီချင်းကို အော်ဆိုသံကို ကြားလိုက်ရသည်။

"တွေ့လား ကိုကို၊ ဒီကောင်တွေ ပြန်ကုန်ကြပြီ" ဟု ရှုပါက လှမ်းပြောသည်။ ထွက်သွားကြသော ကောင်လေးတွေကို လှမ်းကြည့်ကာ ကျွန်တော် ကျောချမ်းမိ၏။

ကျွန်တော်မှာ ကိုးနာရီကျော်မှ ဆိုင်ပိတ်၍ ပြန်ရမည့်လူ။ မတော်၍ အမြင်ကတ်ကတ်နှင့် ချောင်းရိုက်လျှင်။

✤ ✤ ✤

ခြေထောက် အနုတ်အသိမ်းကို မြင်ရုံမျှနှင့် သိသာ၏။ တစ်နေရာရာကို သွားရင်း သို့မဟုတ် တစ်နေရာရာက ပြန်လာရင်း ဝင်လာပုံရသည်။ လက်ထဲတွင် ဘာမှ ပါမလာသဖြင့် တစ်နေ့က ချုပ်ရန်ယူသွားသော ကြမ်းချောလုံချည်တစ်ထည်ကို မေးမိ၏။ ပါမလာဟု ဆိုသည်။ ရေထည့်ရန် ပိုက်သမားကို လာပြောရင်း ကမန်းကတန်း လစ်လာတာဟု ဆိုသည်။ အရေးတကြီး ပြောစရာရှိသည်ဟုလည်း ဆိုပြန်၏။

"ကဲ- ပြောလေ ဘာအရေးတကြီးလဲ"

"သန်ဘက်ခါ ဈေးဝယ်သွားကြမယ်မဟုတ်လား"

"အင်း" ဟု ခေါင်းညိတ်ပြလိုက်၏။

"အဲဒီအခါမှ ပြောမယ်" ဟု ဆိုသည်။

"ကြားတစ်ရက်ကြီးများတောင် စောင့်ရမှာ။ ဘာအရေးတကြီးလဲ၊ ခုပြော" ဟု ဆိုမိ၏။ မရ။





"အရှည်ကြီးပြောရမှာ။ ပြန်မယ်၊ ဟိုနေ့မှ"

ဟု ပြောပြီး ရုန်းထွက်၏။

"အမေလာရင် ဒီကို မလာဘူးလို့ ပြောလိုက်နော်"

ဟု ပြောပြီး ပြန်သွားသည်။

သူ့နောက်ကျောလုံးလုံးလေးကို ငေးကြည့်ကာ ဘာများအရေးတကြီး ပြောစရာရှိပါလိမ့်ဟု တွေးရသည်။ သီတင်းကျွတ်လ ရောက်နေပြီ ဖြစ်သဖြင့် မင်္ဂလာကိစ္စဟု ထင်လိုက်သည်။

ရှုပါသည် ငယ်ရွယ်သူပီပီ သည်အကြောင်းကို ပြောရလျှင် မျက်နှာကကြည်လင်နေတတ်၏။ ဘာပြီးရင် ဘာဝယ်ရမည်ဟု မင်္ဂလာခန်းဝင်ပစ္စည်းများကို တစ်ခုစီပြောရင်း မိမိလက်ချောင်းတွေကို တစ်ချောင်းစီ ချိုးကိုင်၍ ရေပြ၏။ တစ်ဖက်ကုန်၍ ငါးချောင်းလုံး ချိုးရေပြီးသောအခါ နောက်လက်တစ်ဖက်ကို လှမ်းဆွဲပြန်၏။ မိမိက အဆွဲမခံဘဲ မြှောက်ထားသည်။ ထိုအခါ ပြီးတော့ ခေါင်းအုံးဟု ဆိုပြီး ကျောကုန်းကို ဗုန်းခနဲ ထုသည်။ မနာသော်လည်း ကျောကော့ပြရ၏။ နောက်ပြီးတော့ ခေါင်းအုံးဟု ဆိုပြီး ထုပြန်၏။

"ဘယ့်နှယ်လဲ၊ ခေါင်းအုံးပြီးပါပြီ။ နောက်ပစ္စည်းတစ်ခု ဆက်စမ်းပါဦး" ဟု ပြောရ၏။

"ခေါင်းအုံးက လေးလုံးဝယ်ရမှာ ကိုကိုရယ်" ဟု ရယ်၍ ပြော၏။

"ဟုတ်သားပဲ" ဟု ပြောရသည်။

ကျွန်တော်ကမူ မင်္ဂလာဦးညအကြောင်းကို ပြောပြ၏။ သူက ရှက်တယ်ဟုဆိုပြီး မျက်နှာကို ရင်ခွင်ထဲ ဖွက်ထားတတ်၏။ 'သဘာဝပဲကွာ၊ ရှက်စရာမှတ်လို့'ဟု အဆုံးသတ်ရ၏။

✤ ✤ ✤

ရှုပါ ပြောထားခဲ့သလိုပင် သိန်းသိန်း ရောက်လာသောအခါ ရင်ထိတ်ရသည်။ ဒီသမီးအမိတွေ ဘာပြဿနာများ တက်လာကြပါလိမ့်ဟုလည်း တွေးရ၏။ သိန်းသိန်း၏မျက်နှာကလည်း တည်တည်ပင်။ ထင်သည့်အတိုင်းပင် မေး၏။

"ရှုပါကော"

"အခန်းထဲမှာ"

သက်မ,ချသံကို ကြားလိုက်ရ၏။ ကုလားထိုင်ပေါ် ဆောင့်ထိုင်ချလိုက်သည်။ သောက်ပါဦးဟု ရေနွေးကြမ်းခွက်ဘူး ရွှေ့ပေးလိုက်သည်။

"ရှုပါ"

လန့်သွားမိသည်။ မျက်နှာကို တမင်တင်းမှ ဖြစ်မည်ဆိုသည်ကို သိ၏။ ထူးသံ မကြားသောအခါ အိမ်ခန်းဘက်ကို စူးစူးစိုက်စိုက် ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့- ကောင်မလေး" ဟု ထပ်ခေါ်သည်။

"ခင်ဗျား ဘာဖြစ်နေလဲ၊ ရူးနေလား"

မျက်နှာကို စေ့စေ့ကြည့်သည်။ ဒေါသဖြစ်နေမှန်း သိသာ၏။

"ရှုပါ ဒီကို မလာဘူးလား"

"မလာပါလား၊ ပျောက်သွားလို့လား လင်နောက်လိုက်သွားတာများလား"

"ရှင်ပြောတော့ အခန်းထဲမှာဆို"

"ခင်ဗျားတို့အိမ်က အခန်းထဲမှာထင်လို့"

"နင် ငါ့ကို မနောက်ပါနဲ့။ ရှုပါ ဒီကို လာတယ်မှတ်လား"

"မသိဘူးဗျာ၊ ကျုပ်က ခင်ဗျားလို ရှုပ်ါ့ကို လိုက်ကျောင်းနေတာ မဟုတ်ဘူး"

"အပေါက်ဏ" ဟု ရှိုင်းရှိုင်းဖွဖွ ဆိုသည်။

"သိပါတယ် လာမကြွားပါနဲ့" ဟု တမင် အရွဲ့တိုက်ပြောသည်။

"နင်ပဲ ရှိုင်းတာ"

ဟု ပြန်အော်၏။ ခေါင်းကို ဆတ်ခနဲ ခါလိုက်သည်။ အခန်းထဲသို့ နားစွင့်သလို လုပ်လိုက်၏။

"အရင်တစ်နေ့ကပဲ ပြောသေးတယ်။ ကိုယ့်သားသမီးသိက္ခာ ကိုယ် မချပါနဲ့လို့။ ကိုယ်လုပ်တာ ဟုတ်မဟုတ်တော့ ပြန်မကြည့်ဘူး"

"အမယ်၊ ငါ့အဖေကြီး နင်က ငါ့ဆူစရာလား"

ဘာမှ မပြောတော့။ ဓာတ်ဘူးကို တောက်ကိုင်ကာ ရေနွေးထပ်ဖြည့်ရန် မီးဖိုထဲသို့ ဝင်လာ၏။ ရေနွေးဖြည့်ပြီး၍ ပြန်အထွက်မှာ အိပ်ခန်းထဲ၌ သိန်းသိန်းကို တွေ့ရ၏။

"ဩော်" ဟု တစ်ခွန်းထွက်သွားပြီး ထပ်ခိုးပေါ် လက်ညှိုးထိုးပြထားခဲ့သည်။ နောက်က ကျောကုန်းကို တစ်ချက် လှမ်းထု၏။

"ရေနွေးဖိတ်ကုန်လိမ့်မယ်ဗျ" ဟု ပြန်ပြောရ၏။ အပြင်တွင် ပြိုင်တူပြန်ထိုင်ကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ မရယ်နိုင်မပြုံးနိုင်ကြသေး။ သူက ရေနွေးခွက်ကို ကောက်လှန်၏။ ဓာတ်ဘူးထဲက ရေနွေးကို ငှဲ့ပေးလိုက်သည်။

"ဟိုဘက်ခန်းက ကောင်မလေးတွေကတော့ ထင်ကြမှာပဲ"

"ဘာထင်မှာလဲ"

"ရှုပါနဲ့ ကျုပ် . . ."

"အကျင့်က" ဟု ဆို၏။

"ကောင်းမှမကောင်းတာ" ဟု အမိလိုက်ပြောရသည်။

"ရှုပ်ါ့ကို လာရှာတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဒီကို တကယ် မလာဘူးနော်"

"လုပ်လာပြန်ပြီ"





ရေနွေးကြမ်းကို ကျိုက်ချလိုက်ပြီး ပြန်မယ်ဟု ဆိုသည်။

သိန်းသိန်းနှင့်အတူ လိုက်ထ၏။

"ရှင်ကဘယ်လဲ" ဟု ဆိုသည်။

"ကူရှာပေးမလို့လေ။ ဂတ်တဲတွေဘာတွေ တိုင်ရမယ် မဟုတ်လား"

ဟု ပြောလိုက်သည်။ ဘာမှ ပြန်မပြောဘဲ အိမ်ပေါ်က ဆင်းသွား၏၊ ကပျာကယာ အကျီကောက်ဝတ်ကာ အခန်းတံခါးပိတ်၍ ဆင်းလိုက်ာရသည်။

"ကျွန်မ သွားစရာရှိလို့။ ဒီကောင်မလေး ဘယ်ထွက်သွားပါလိမ့်"

"မသင်္ကာလို့ လိုက်လာတာတော့ မဟုတ်ပါဘူးနော်"

"နင်နော် လမ်းမမှာ"

ယှဉ်လျှောက်လာရင်း ရယ်မိလိုက်သည်။ လူအတော်များများက မ်းကြည့်ကြသည်ကို သတိပြုမိ၏။ ရှက်တောင်ရှက်လာပြီဟု စ,သော် ည်း ဘာမှ ထပ်မပြောတော့။ အရောင်းစားပွဲတွင် ထိုင်နေသော ရှုပ်ါ့ ို လမ်းမကပင် လှမ်းမြင်ရသည်။

"ဟိုမှာ ကိုယ်ထင်လာပြနေပါပြီ" ဟု ပြောလိုက်ရသည်။

"ဘယ်သွားနေလဲ၊ မိဘလုပ်တဲ့သူက ဂတ်တောင် တိုင်ပြီးပြီ"

သိန်းသိန်းထက်ဦးအောင် ပြောလိုက်ရ၏။

"ဘယ်သွားနေလဲ နင်က" သိန်းသိန်းကပါ ဆက်မေးသည်။

"ရေသွားပြောတာ အမေရယ်" ဟု ရှုပါက ပြော၏။

"ညည်းရေသွားပြောတာလည်း ဟိုမှာ လင်ရနေလား ထင်ရတယ်"

"အလိုက်မြန်လို့ပေါ့ဗျ၊ နို့မို့ရင် ကလေးတောင် ရပြီးရော့မယ်"

"အေးဟန် နင် အဆဲမခံချင်နဲ့နော်" ဟု ဆိုသည်။ ရှုပါကမူ ဘာမှ ပြော။ မျက်နှာကို တည်ထား၏။

"တစ်လမ်းမှာ ငါမေးတော့ ဌေးဌေးက လေးလမ်းဘက်ကို ထွက်သွား ယ်လို့ ပြောပါလား။ ဘာသွားလုပ်လဲ နင်"

ဟု ထပ်မေးနေ၏။

"ဘယ်မှာလဲ အမေရယ်"

ဟု ရှုပါကလည်း ပြန်အော်သည်။

"နင့်အချိုးပြင်ဦးနော်၊ ငါ မပြောလိုက်ချင်ဘူး"

ဟု အဆုံးသတ်၏။

"ရှုပါက အမေတူသမီးဗျ။ ဟဲဟဲ ခြေတံလက်တံတွေက သိန်းသိန်း တစ်ပုံစံတည်းပဲ"

ဟု နောက်ဖြစ်အောင် နောက်လိုက်သေး၏။

ရှုပ်ါ့ရှေ့က ခွေးခြေတစ်လုံးမှာ ဝင်ထိုင်လိုက်သည်။ "ကံကောင်းလို့" ရှုပါကို ဆက်စ,၏။

"သူများ စိတ်ညစ်ရတဲ့အထဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရူပါက ဆိုသည်။

"ငါတော့ သိပ်ပျော်တယ်၊ စုံထောက်ကားကျနေတာပဲ"

သိန်းသိန်း မျက်စောင်းထိုးကြည့်သဖြင့် စကားပြတ်သွား၏။ ဘာ[illegible] တွတ်ထိုးနေကြလဲဟု သိန်းသိန်းအစား စိတ်ထဲက မေးလိုက်မိသည်။

"မသိန်းသိန်း သွားစရာရှိတယ်ဆို၊ ဒီမှာ ကျွန်တော်ရှိသားပဲ သွား[illegible] လား"

"နင့်အပူမပါပါဘူး"

"အကောင်းပြောရင်"

သိန်းသိန်းသည် ကြွေပန်းကန်အပြန့်တစ်လုံးကိုင်၍ အနား[illegible] ရောက်လာသည်။ ရူပါနှင့်ကျွန်တော့်ကြားထဲချ၏။

"အိမ်မှာ လုပ်စားကြတာ စား . . ." ဟု ဆိုသည်။

အုန်းနို့နှစ်ဖွေးဖွေးနှင့် နစ်နေအောင် ဆန်းထားသော ပေါင်မုန့်[illegible] ချပ်။

"စောစောကတော့ မပြောဘူး"

"ရှင့်ကိုတွေ့ရင် ဆဲရဆိုရတာနဲ့ ပြောစရာတွေ သတိရနိုင်လို့လား"

ဟု ပြောပြီး အတွင်းခန်းထဲ ပြန်ဝင်သွား၏။

"ဒါကျတော့လည်း ယောက္ခမကြီးက ချစ်စရာ" ဟု ရူပါ့ကို [illegible] သည်။ ရူပါက မျဉ်းတံနှင့် ရိုက်၏။ ကော်ဖီမှာလိုက်ရမလားဟု ပြောသည် သူ့ကို မချစ်ဘူးထင်လို့လား။ ချစ်ပါတယ် ရေနွေးကြမ်းနဲ့ပဲကောင်းတယ် ဟု ပြောလိုက်ရ၏။

✣ ✣ ✣

"ကိုကို ကျွန်တော့် စပို့ရှပ်တစ်ထည် မတွေ့ပါလား"

ရေချိုးပြီး အိမ်တွင်းထဲဝင်သွားသော မြဟန်က လှမ်းမေး၏။

"ဪ- ချိုင်းပြဲနေတယ်ဆို၊ ရူပါ ချုပ်ဖို့ယူသွားတယ်ကွ"

"ကိုအောင်ငွေ ဝတ်နေတာတွေ့လို့ မေးကြည့်တာပါ ကိုကို"

"ဟေ- ဟုတ်လား"

ဟု ရေရွတ်လိုက်မိသည်။ သည်အကောင် အကြောင်းမရှိဘဲ မ[illegible] ဘူးဟုတော့ ထင်လိုက်သားပင်။ စိတ်ထဲ နည်းနည်း အနှောင့်အယှ[illegible] ဖြစ်သွား၏။

ရူပါကလည်း နမော်နမဲ့။ ချုပ်ပြီးပြီးချင်း ပြန်မပို့တတ်။ ကိုအော[illegible] ငွေက ကျွန်တော့် စပို့ရှပ်အဟောင်း ပြန်မယူတော့ဘူးထင်၍ ဝတ်ပစ်လိုက် ပုံရ၏။ လုံချည်တစ်ပတ်နွမ်းများကိုလည်း ဆန်လာထုတ်ရင်း ခေါင်းခုလု[illegible] မည်ဟု ယူသွားလျှင် ပြန်မပို့ဘဲ ထားတတ်၏။ ကြာသော် ကျွန်တော်တို့[illegible] မေ့သည်။

တစ်ခါကလည်း ရူပါ ခြေထောက်မျက်သွား၏။ လေနမင်ဆီပုလင်[illegible]





[illegible]းနှင့် ပတ်တီးလိပ် ယူသွားကြသည်။ ရူပါ ခြေထောက်ကောင်းသွားပြီး [illegible]သော်လည်း ပြန်မပို့ကြ။ ကျွန်တော်တို့ကလည်း ကြာလျှင်မေ့။ အသုံးလို၍ [illegible]ိုက်ဆိုင်၍ ရှာမှ သူတို့အိမ် ရောက်နေတတ်သည်။ ဆေးဝါးနှင့် လုံချည် [illegible]ကျီများသာ မဟုတ်။ ဂုန်နီအိတ်၊ ပလတ်စတစ်ပုံး၊ ဖန်ပုလင်း၊ ရေနံပုံး [illegible]င့် ပန်းကန်ခွက်ယောက်ကအစ အရောရောအနှောနှော ဖြစ်နေတတ် [illegible]သည်။ ဟင်းခွက်ဖလှယ်ကြရင်း မှားတာလည်း ရှိ၏။ အမဲသားကြိတ်စက် [illegible]မှ သူတို့အိမ်မှာ အမြဲ စံနေသည်။ သူတို့က မင်းကြီးမင်းလေးကိုးကွယ်၍ [illegible]တ်သားမစား။

မိမိနှင့် တိုက်ရိုက် ပတ်သက်နေ၍ မြဟန်ကို အားနာသွားသည်။ [illegible]ဤအိမ်ထောင်ပရိဘောဂပစ္စည်းများ အားလုံးမှာ မြဟန်၏ပစ္စည်းများသာ။ [illegible]ါကတော့ ဤသည်တို့ကို မျက်စောင်းထိုးနေ၏။ ပန်းကန်ခွက်ယောက်၊ [illegible]မ်ထောင်ပရိဘောဂ ဘာမှ ဝယ်စရာမလိုဘူး ဟန်ကျတာပဲ။ ဦးကြီးကို [illegible]ဘုရားဖူးတင်ရမယ်ဟုလည်း ဆိုသည်။ မြဟန်က ယူကြပါဗျာ။ ကျုပ်က [illegible]ုန်းကြီးဝတ်မယ့်လူပါဟု ပြောတတ်၏။

ယခုလည်း ဤသည်ကို သတိရ၍-

"မင်းက ဘုန်းကြီးလုပ်မယ့်လူပဲကွာ၊ ဘာလိုသေးလဲ"

ဟု တမင် ပြောလိုက်သည်။ မြဟန်က ဘာမှ မပြော။

နောက်တစ်နေ့ ရူပါကိုတွေ့လျှင် ရောရောရောရော သိပ်မလုပ်ဖို့ [illegible]တိပေးရမည်ဟု တေးထားလိုက်သည်။

✣ ✣ ✣

"သူများ ဘယ်လိုလာရလဲ သိလား" ဟု လမ်းတွင် ဆိုသည်။

"ခြေထောက်နဲ့လာတာပဲမဟုတ်လား၊ ကင်းမြီးကောက်သာ ထောင် [illegible]ာရင် ခွေးဟောင်သံကြားရမှာပါ" ဟု နောက်မိ၏။

"ကိုကို မသိပါဘူး"

ဟု ပြောပြီး မျက်ရည်ပိုးပိုးပေါက်ပေါက်ကျသည်။ နောက်မိလို့လား [illegible]င်၍ ချော့ရ၏။

"ဘာလို့ငိုတာလဲဟင် ရူပါ။ ကိုကို နောက်မိတာ စိတ်ဆိုးလို့ . . ."

နှုတ်က အဖြေမလာ။ ခေါင်းကို ဆတ်ဆတ်ခါပြ၏။ အငိုက မရပ် [illegible]သေး။

"မောင့်ရူပါလေးရယ် ဘာလို့လဲဟင်၊ ကိုကို့ကို ပြောပါဦး"

မျက်ရည်ကိုသုတ်တော့ လက်မောင်းရင်းကို ဖက်တွယ်ထားသည်။

"ကိုကိုရယ် . . ." ဟု တမ်းတသံနှင့် ခေါ်၏။

"ရူပါ့ကိုတော့ ပစ်မသွားပါနဲ့" ဟု ရှိုက်သံနှင့် ထပ်ဆိုသည်။

"ဒီစကား ဘာလို့ပြောရလဲ ရူပါရယ်။ မောင့်ရူပါလေးကို ကိုကို ဘယ် [illegible]သာက်ချစ်တယ် ဆိုတာ ရူပါ သိပါတယ်နော်။ သိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

မေးလေးကို ကိုင်မော့စေတော့ လက်ကောက်ဝတ်ကို သူ့လက်သွယ် သွယ်တွေနှင့် ဆုပ်ထားပြန်သည်။

"အားကိုးပါရစေ ကိုကိုရယ်နော်၊ ရှုပါ့စိတ်ထဲ ကိုကို့ကို မယုံသ ချည်း တွေ့နေတယ်။ ဟိုကပြော၊ ဒီကပြော ပြောကြတော့ တစ်နေ့ကျ ကိုကို တကယ်များ ပစ်သွားမလား တွေးပြီး သိပ်ဝမ်းနည်းတာ"

ဟု မျက်လုံးချင်းစိုက်ကြည့်၍ ညှိုးငယ်စွာဆို၏။

"ဘယ်ကဘယ်လူတွေ ဘာပြောကြလို့လဲ ရှုပါရယ်၊ ကိုကိုများ မ ရဘူးလို့ကွယ်။ ရှုပ့ါသာ ကိုကိုက စိတ်မချဖြစ်နေမိတာ။ ရှုပ့ါကို ကြိုက် လူတွေ သိပ်များတယ် မဟုတ်လား"

"ရှုပ့ါကို စိတ်ချပါ ကိုကိုရယ်၊ ရှုပါ ရည်းစားလည်း မများချင်တော့ ဘူး။ မေမေပြောသလို ကြီးကြီးကျယ်ကျယ်လည်း မမှန်းချင်တော့ဘူး ကားလည်း မစီးချင်တော့ဘူး။ ဆိုင်ပဲရောင်းပြီး ကိုကိုနဲ့ အတူနေရ ပြီးရော"

ကိုယ်ကို နွဲ့၍ လာမှီ၏။ လက်တစ်ဖက်က သူ့ခါးကျင်ကျင်လေး သိုင်းဖက်လိုက်မိသော်လည်း ရင်ထဲက ပင့်သက်ကိုမူ သူ မကြားအော ဖြာမိ၏။

ရည်းစားလည်း မများချင်တော့ဘူး။ မေမေပြောသလို ကြီးကြီးကျ ကျယ်လည်း မမှန်းချင်တော့ဘူး။ ကားလည်း မစီးချင်တော့ဘူး ဟူသေ စကားများကို တွေးမိသွားသည်။

ရည်းစားများခဲ့သည်ကို သိ၏။ အပျိုရည်ပင် စစ်သေးရဲ့လား သော အတွေးကိုလည်း အကြိမ်များစွာ တွေးခဲ့ပြီးပြီ။ ဘာပဲဖြစ်ဖြစ် လွှတ်သည်ဟုလည်း ဆုံးဖြတ်ခဲ့ပြီ။ ထို့ကြောင့် သူ့စကားကို အထ ကောက်၍ မမေးချင်တော့။ ကြီးကြီးကျယ်ကျယ် မမှန်းချင်တော့ ဆိုသ မှာလည်း ရှင်းသည်။ ဗိုလ်ကတော်ကြီးဖြစ်အောင် သူ့အမေက နားချ သည်။ အသက် လေးဆယ်ကျော်မို့ သူ ပယ်ခဲ့သည်။ အတင်းပေးစား လျှင် အိမ်ကပင် ထွက်ပြေးမည်၊ ကြွက်ဆေးသောက်ပြီး သေလိုက်မည် အတိုက်အခံလုပ်ခဲ့ရကြောင်း ပြောဖူးသည်။ ကားမစီးချင် ဆိုခြင်းမှာတေ ရွှေစက်တော်ဘုရားပွဲတွင် တွေ့ခဲ့ကြသော ဓာတ်ပုံဆရာကို ရည်ရွ ကြောင်း ကောင်းစွာ သိစေသည်။ ဘာပြောရမှန်း မသိသဖြင့် သူ့မျက် ကိုသာ စိုက်ကြည့်နေမိသည်။

"ဟင်- ကိုကို . . ."

ဟု လက်ချောင်းတွေကို ချိုးခေါက်ဆုပ်နယ်၍ အစချီ၏။ ဘာ ဟူသော အမေးကို နှုတ်ဖြင့်မပြောမိ။ မေးကို မသိမသာ ဆတ်ပြရင်း-

"သူများ ဘယ်လိုလာရလဲဆိုတာ မေးစမ်းပါဦးဆို ဟင် . . . ဟင်

ဟု ကလေးလေးလို နွဲ့မှုသံနှင့် ကိုယ်လုံးချင်း တွန်းတိုက်၍ မေးခိုင် နေ၏။ ပြုံးမိသွားသည်။ ဤတစ်ခါ နောက်လျှင် သူ စိတ်ကောက်တေ





ခည်ကို သိသည်။

"ကဲ- ပြောပါဦး၊ ဘယ်လိုလာရလဲ"

"ခွေးဟောင်သံ မကြားဘူးပေါ့"

စကားတုံ့ပြန်လိုက်ပြီဟု သိသည်။ မကြားမိပါလားဟု တမင်ပြော ၏။

"ဘယ်ကြားမလဲ၊ မေမေ မသိအောင် ခိုးလာရတာ"

"ဟော"

ဟု ရေရွတ်လိုက်မိသည်။ ဒီပြဿနာပေါ်ပြန်ပြီဟု သိန်းသိန်းကို ထွက်သောဒေါသသည် ရှုပ့ါဆီသို့တိုင်လေ၏။ အစကမူ သူကိုယ်တိုင် ခေါ်ခေါ်လာတတ်သည်။ ဘာလေး သွားပေးလိုက်ဦး၊ ဘာလေး သွားယူ လိုက်ဦး၊ သွားခေါ်စမ်း၊ သွားမေးစမ်းဟု သူ စ,ခဲ့သည့်လမ်းကြောင်း။

ထိုလမ်းကြောင်းပေါ်တွင် ယခု ကျွန်တော်တို့ ဖြောင့်ဖြောင့်တန်း တန်း လျှောက်နေကြပြန်သောအခါ ဆူးငြောင့်ခလုတ်များကို လမ်းပေါ်သို့ သူ ပစ်ချလာပြန်သည်။ အားလုံး ပြောပြီးဆိုပြီး သူကိုယ်တိုင်လည်း ရပ် ကွက်ကို မောင်းခတ်ပြီးသား။ နောက် ဘာများ ခလုတ်တိုက်၊ ကန်သင်း ကျက် လုပ်ချင်ရပြန်တာလဲဟု စိတ်ပျက်မိသွားသည်။ သုံးလင်ပြောင်းခဲ့ သောမိန်းမ၏ စကားပါလားဟု ပြန်တွေးရင်း စိတ်ကိုလျှော့လိုက်သည်။

"ကိုကို့ဆီ ရှုပါလာတာ မသိန်းသိန်း မကြိုက်ဘူးဆိုပါတော့"

"မကြိုက်တင်မကဘူး ကိုကို၊ သွားကို မသွားနဲ့တဲ့။ ဆီစာအုပ်၊ ကုန် ဝယ်စာအုပ်တွေအကြောင်းပြပြီး အဲဒီအိမ်ပဲ သွားနေတယ်၊ အဲဒီ စာအုပ် တွေ ပြန်ပေးလိုက်တဲ့။ မေမေက သိပ်အသိရခက်တာပဲ ကိုကိုရယ်"

"ကိုကို့ထက်သာတဲ့ လူတစ်ယောက်ယောက်ကိုများ သူမြင်ထားပြန် လားမှ မသိတာ ရှုပါ။ ကိုကို့ကို မှန်မှန်ပြောစမ်းပါ၊ ကိုကို့ထက်သာတဲ့ လူတွေ့လို့ ရှုပါပါ ကြိုက်တယ်ဆိုရင်လည်းပြော၊ ကိုကိုကတော့ ရှုပ့ါကို ခွင့်လွှတ်လိုက်မှာပဲ။ ရှင်းရှင်းသာပြောပါ၊ ကိုကိုကတော့ ရှင်းရှင်းပြောတာ ပဲ၊ ရှုပ့ါကို ကိုကို လက်ထပ်မယ် ဆိုတာ ချစ်တာတစ်ခုတည်းပဲ ကြည့်ပြီး ဆုံးဖြတ်ခဲ့တာ။ ရှုပါ ပညာတတ်သလား၊ မတတ်ဘူး။ ပစ္စည်းရှိလား မရှိ ဘူး။ ရုပ်ရည်လှတယ်၊ ငယ်ရွယ်တယ်၊ ကိုကို ငယ်ငယ်ကပင် ချစ်ခဲ့ရတယ်။ ဒါနဲ့တင် ကိုကို့ဘဝမှာ ပြည့်စုံပြီ။

အေး- တစ်ခုတော့ ကိုကို ပြောမယ်။ ရှုပါကသာ ကိုကို့ကို မကြိုက် တော့ဘူး ဒီနေ့ပြော၊ ဒီနေ့ ခွင့်လွှတ်လိုက်မယ်၊ သွားတော့၊ လွမ်းလို့ငိုရင် လည်း ကွယ်ရာမှာပဲငိုမယ်။ ရှုပါက ကိုကို့ကို ချစ်လျက်နဲ့ မသိန်းသိန်း တို့က မကြိုက်ရဘူး ပြောတာနဲ့ ရှုပါက ကိုယ့်ကို ပစ်သွားမယ် ဆိုရင်တော့ သာခုသုံးကြိမ်ခေါ် လိုက်မယ် သွားစမ်း"

"တကယ်လား ကိုကို"

"ဆယ်ကယ်၊ ဆယ်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို သိ၏။ ဒေါသနှင့် ပြောလိုက်သောစကား။

"အဲဒါကြောင့် ကိုကို့ကို ရူပါ မယုံရဲတာ။ ကိုကိုက တကယ်ဆို အားမကိုးရပါဘူး။ ရူပါ့ကိုလည်း ကိုကို တကယ် မချစ်ပါဘူး။ ကိုကို ရည်းစားများတာလည်း ရူပါ သိပါတယ်။ ဒီရပ်ကွက်မှာ ကိုကို့ကို ကြိုက်နေတဲ့ ပညာတတ်တွေ၊ ပစ္စည်းရှိတဲ့မိန်းကလေးတွေ အားကြီးဆိုတာ သိပါတယ်။ တစ်နေ့ကျရင် ရူပါ့ကို ကိုကို ပစ်သွားမှာပါ"

"ဒါကို သိရဲ့နဲ့ စိတ်မချဘူး၊ အားမကိုးရဘူး ဆိုတာက ဘာစကားလဲ ရူပါ၊ ကဲ- ပြောစမ်းပါဦး။ ပညာတတ်တွေ၊ ပစ္စည်းရှိတာတွေကို ဖယ်ခဲ့ ပယ်ခဲ့တာ မင်းကို ချစ်လို့ပဲ ဆိုတာတော့ တွေးမိရဲ့လား"

မချုန်းဘဲရွာသောမိုးနှယ် မမျှော်လင့်ဘဲ ငိုသည်။ အမေ့သမီးဝဲ ဒီလောက်တော့ မူယာမာယာ များတတ်မှာပေါ့ဟု အတွေးရောက်သွားသည်။

"ကဲ- ပြောစမ်းပါဦး" ဟု ထပ်မေးမိ၏။

မပြောဘဲ ငို၍သာနေသည်။ မှီထားသောကိုယ်ကို ကိုင်တွန်းလိုက်၏၊ ဆုပ်ထားသောလက်ကို ဖြေပစ်လိုက်သည်။ လန့်သွားပုံရ၏။ မျက်ရည်များစွာနှင့် မျက်နှာကို လှမ်းကြည့်သည်။

"ကဲ- ပြောစမ်းပါဦး။ တကယ်လား ဆိုတာ ငါ့ကို စိန်ခေါ်တာပေါ့ ဟုတ်လား။ ဆယ်ကယ်လို့ ပြောပြီးပြီလေကွာ။ ခုတော့ မင်းတို့ သားအမိက နောက်အမဲတစ်ကောင် တွေ့ထားကြပြန်ပြီပေါ့ ဟုတ်လား။ ကောင်းတယ်၊ ကောင်းတယ် ငါလည်း မင်းရုပ်ကလေးကို မက်လို့သာ ယူမိရင် တစ်သက်လုံး ခါးချိုးပြီး လုပ်ကျွေးရမှာ။ ခုကပင် ကင်းကြ၊ ရှင်းကြတာ ကောင်းတယ်။ ကဲ- သွားလေကွာ သွား . . . သွား . . ."

"သူ . . . သူများ ရင်ထဲမှာ ဘာတွေ ဖြစ်နေတယ် ဆိုတာ သိလား ကိုကို သိစေချင်လို့ ပြောရင် ချက်ချင်း စိတ်ဆိုးတယ်။ ဒါကြောင့် သူ့ စကားအကုန် မပြောရဲတာ။ ချစ်သူမို့ ယုံလို့ပြောရင် မေမေ့နား ချက်ချင်း ရောက်တယ်။ မေမေ့ကိုလည်း ဆူဖို့ပဲ သိတယ်။ ဒီကို သူများ ချစ် . . . ချစ် လွန်းလို့ လာတယ် ဆိုတာတော့ ကိုကို စဉ်းစားမိရဲ့လားဟင်။ မိဘတွေ အဟန့်အတားနဲ့ ပတ်ဝန်းကျင် ကဲ့ရဲ့ရှုတ်ချခံပြီး ရူပါ လာနေတာ ကိုကို မသိတတ်ဘူး။ ကိုကို ကိုယ်ချင်းမစာတတ်ဘူး။ မိန်းကလေးပါလား ကိုကို ရူပါ့ကို တစ်ခါမှ မညှာဘူး။ အမြဲ ဆိုဖို့ပြောဖို့ပဲ ကြည့်နေတယ် ရူပါ့ကို ကိုကို အမြဲ အပြစ်ရှာနေတယ်။ ခုလည်း သိရအောင်လို့ ပြော အစပဲရှိသေး ကိုကို ဒေါသကြီးပြီ။ ကိုကို့ကို ချစ်မိတာ ရူပါ မှားတယ် မှားတယ် ရူပါ့ရင်ထဲမှာ ဘာဖြစ်နေ . . ."

"အို- ရူပါ . . ."

ငို၍ပြောသော သူ့စကားက ကိုယ့်ဒေါသ၊ ကိုယ့်မာနကို ပြန်၍ သတိ ရစေသည်။ မိမိ စကားလွန်သွားပြီ ဆိုသည်ကိုလည်း သတိရသည်။





ရူပါက တိုင်ကို ခေါင်းနှင့်ခွေ့ပြသည်ကိုတော့ ကြည့်မနေရက်၊ အတင်း ဆွဲပွေ့ထားလိုက်မိ၏။ ရူပါက ရင်ခွင်ထဲတွင် ခေါင်းလျှို၍ တအိုအို့ တအင့်အင့် ငိုနေသည်။

"ရူပါ၊ ရူပါ့ကို ကိုကို သိပ်ချစ်ပါတယ် ကလေးရယ်။ ဖြုန်းခနဲ ဆိုတော့ မသိန်းသိန်းကို ဒေါသထွက်သွားလို့ပါ။ အမှန်က မောင့်ရူပါလေးမှာ အပြစ်မရှိပါဘူး။ ကိုကို့ကို ရူပါ ဘယ်လောက် ချစ်တယ်ဆိုတာ ကိုကို သိပါပြီကွယ်။ ကဲ- တိတ်တိတ် မငိုနဲ့၊ သနပ်ခါးတွေလည်း ပျက်ကုန်ပြီ။ ဟိုဘက်ခန်းက ကောင်မလေးတွေ မြင်ရင်တော့ ကိုကိုနဲ့ မဆိုင်ဘူးနော်။ ရူပါ့ကို ကိုကို ဘာမှ မလုပ်ရပါဘူးလို့"

ရူပါက မကျေနပ်သေး။

"ကိုကို့ကို ရူပါ မတိုင်ပင်ရဲတော့ဘူး။ နှစ်ကိုယ်ကြား ပြောရမယ့် စကားလည်း မပြောရဲတော့ဘူး။ ကိုကို့ကို ပြောလိုက်ရင် ဒေါသနဲ့ မေမေ့ကို သွားဆူဖို့ပဲ။ ခုကပင် နင့်လင်အားကိုးနဲ့ ငါ့ကိုတိုင်တယ် တောတယ်ဆိုပြီး မေမေက ရူပါ့ပဲ ပြန်ဆူတယ်။ သူ့ကိုတော့ မေမေကလည်း ပြောရဲတာမှ မဟုတ်တာ။ ပြောပြော ကိုကိုပဲပြော။ ကိုကိုပဲ အချစ်ရှိတယ်၊ အသည်း နှလုံးရှိတယ်။ သူများကတော့ သံမှိုစားထားတဲ့ သံမဏိတုံး"

"ရူပါ ချစ်တာ ကိုကို သိပါပြီကွယ်"

"ချစ်လို့ပဲ မိန်းကလေးတန်မဲ့နဲ့ မတွေ့မနေနိုင်လို့ မိဘ တားမြစ်ထားတဲ့ထဲ၊ ပတ်ဝန်းကျင် ကဲ့ရဲ့ရှုတ်ချတဲ့ကြားထဲက လာတာမဟုတ်လား။ ကိုကိုက ရူပါ့ဆို နည်းနည်းမှ မသနားဘူး၊ မညှာ . . ."

"ညှာပါတယ်ကွယ်၊ သနားပါတယ်"

"ဘာညှာတာလဲ၊ ခုလည်း သူများက မေမေ မရှိတုန်း တိုင်ပင်ဖို့ လာတာ သူကပဲ ပြန်ပြီး စိတ်ဆိုးရတယ်လို့။ သူ့ကို ပြောလိုက်ရင် ဒေါသ ချည်းပဲ။ သူ့ဘက်ကတော့ မာနိုင်တာပေါ့။ ဒီကနေ့ ကွဲသွားပါစေလို့ ဆု တောင်းနေတဲ့လူတွေတောင် ရှိတယ်ဆိုတာ သိပါတယ်။ ကွဲသွားကြပြီ ကြားရုံနဲ့ ကပ်မဲ့ဟာမတွေက ဒါပဲ ချောင်းနေကြ . . ."

"ဟာ- ဒီအမေကြီးကလည်းဗျာ၊ ဖျစ်တောက်ဖျစ်တောက်နိုင်လိုက် တာ။ ခုကပင် ဒီလောက် နားပူရရင် အသက်ကြီးလာရင်တော့ နားကို ဘာနဲ့ ပိတ်ထားရမလဲ မသိဘူး"

"နားညည်းရင် မယူနဲ့ပေါ့"

"ချစ်နေမိတော့လည်း ယူရမှာပဲ"

"အပြောကတော့ . . ." ဟု ပြောပြီး မျက်စောင်းထိုး၏။

"တကယ်ပါ ရူပါရယ်၊ ရူပါကသာ ကိုကို့ကို ချစ်ပါတယ်ပြော။ သိန်းသိန်းတို့ ကိုရီတို့က ဘယ်လောက်ပဲ ဖျက်ဖျက်၊ ဘယ်နေရာပဲ သွား ထားထား မြေလှန်ပြီး မောင့်ရူပါလေးကို ရှာယူမယ်။ ဘာနဲ့ ရင်ဆိုင်ရ အသက်စွန့်ပြီးကို အရယူမယ့်လူပါဗျ။ မျက်နှာကိုလည်း သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး"

"ကုလားနှာခေါင်းနဲ့ တရုတ်မျက်နှာ"

"လှတာပေါ့"

"ရှုပ့်မျက်စိထဲ တကယ်ပဲ ကိုကိုက ခန့်ချောကြီးပါ"

"တမင်ပြောပြော၊ အဟုတ်ပြောပြော ကြိုက်သွားတာတော့ အမှန်ပဲ။ ဒါတောင် မသိန်းသိန်းက ဘာမျက်စိမှောက်လို့ ဖောက်ချင်ရတာလဲ မသိဘူး။ ဆီစာအုပ်တွေပါ ပြန်ပေးထား ပြောတယ် ဟုတ်လား။ အေး- ညနေကျ လာမေး . . ."

"ကြည့်ပါလား၊ စကားတောင် မဆုံးသေးဘူး"

"အေး- ယောင်လို့၊ ယောင်လို့ ဘွာ . . . ဘွာ မကျောတော့ပါဘူး မကျောတော့ပါဘူး"

"ကိုကိုနော်၊ သူများ စကားအကောင်းပြောမယ်ဆို"

"အေးပါဗျာ၊ ပြောပါ"

"မေမေတလေ . . ." ဆိုပြီး မျက်နှာကို စေ့စေ့ကြည့်နေ၏။ စကားမဆက်သေး။

"ပြောလေ မသိန်းသိန်းက ဘာပြောလို့လဲ"

"ကိုကို့ကို ဟိုတုန်းက အထင်ကြီးခဲ့တာ မှားတယ်တဲ့။ အပြောအဆိုလည်း နည်းနည်းမှ မခံဘူးတဲ့။ ခုကပင် ဒီလောက် ဖြစ်နေရင် မခက်ဘူးလားတဲ့။ ဟိုတုန်းကလိုသာ ပစ္စည်းရှိသေးရင် ငါတို့ကို စီးတဲ့ဖိနပ်လောက်မှ တန်ဖိုးထားပါဦးမလားတဲ့။ ငါတော့ လူပေါင်းမှားပလား မသိဘူးတဲ့။ ကိုရီတို့နဲ့မှားကွာပဲ့တဲ့။ နင်လည်း အဲဒီအိမ် ကြပ်ကြပ်သွား၊ အေးဟန်ဆီက ထွက်လာပါလိမ့်မယ် ရှေ့တုံးရှေ့ခဲတဲ့ ကိုကိုရယ်။ ပြောတာလည်း ကြည့်ဦး"

ရှည်လျားသော သက်မန္ဒင့်အတူ ရှုပါ၏မျက်နှာကို ငေးကြည့်နေမိသည်။ ပို၍ သနားသွားမိသည်။ မိမိကို မချစ်ဘဲ ရှုပါသည် ဤစကားလာမပြောတန်ရာ။ မိမိအပေါ်တွင် ရှုပါ မည်မျှ ချစ်နေမိပြီ ဆိုသည်တိုယနေ့ ပိုသိရပြီဟုထင်၏။ မည်သူမည်မျှ ဖျက်ကြဖျက်ကြ ရှုပါလေးတိုငါရအောင်ယူမည်ဟု ဆုံးဖြတ်ချက် တစ်ခါထပ်ချပြန်လေသည်။ ရှုပါ၏တစ်ဆင့်စကားကမူ မဆုံးသေး။

"သီတင်းပဲ နက်ဖြန်မနက် ကျွတ်တော့မယ်။ မင်္ဂလာဆောင်ဖို့ သုံးလေးသောင်းပိုက်ဆံ ခုထိ တောင်းမရသေးဘူး။ ပြောလို့ဆိုလို့ရမယ့်ကောင်ဆိုရင် သုံးလေးသောင်း မတတ်နိုင်ဦးတော့ တစ်သောင်းနှစ်သောင်းတော့ပေးထားသင့်တာပေါ့တဲ့။ နောက်တော့ ဧည့်ခံစရိတ် ရှာပေးပါ့မယ်။ ဒါနဲ့ ခန်းဝင်ပစ္စည်းလေးဘာလေး ဝယ်ထားပါ။ ဒီလိုမဟုတ်လား။ ခုတော့ပြောလိုက်ရင် ပစ္စည်းပဲ ပိုက်ဆံရှိရင် ဘယ်နေ့ဝယ်ဝယ် ပေါလွန်းလို့တဲ့အကျောကြီးနဲ့။ ငါလေ တကယ် တကယ် ဟိုတုန်းက စိတ်မျိုးသာ





ကောင်းကောင်းတွေ့တယ်တဲ့။ ရှုပ့်ကိုလည်း ပြောသေးတယ်။ နင့်ရုပ်နင် မှန်မှာကြည့်ပါဦးတဲ့။ အပျိုမှဟုတ်သေးရဲ့လားတဲ့ ကိုကိုရယ်"

သက်ပြင်းကို အကြိမ်မည်မျှ ရှိုက်မိလိုက်သည် မသိ။ ရှုပ့်က မျက်ရည်သုတ်၏။

"ဘယ်လောက် စော်ကားလဲ၊ ငါ့သိက္ခာကတော့ ထားလိုက်ပါတော့။ ကိုယ့်သမီးသိက္ခာ ကိုယ်ချတာ။ မင်းအမေ ရူးများနေလား ရှုပါရယ်"

"မပြောတတ်တော့ဘူး ကိုကိုရယ်၊ ရှုပါလည်း စိတ်ညစ်တယ်။ အလကားနေ ဆူနေတာပဲ"

"ကိုယ့်အမေ ဆူတာပဲ ရှုပါရယ်၊ နည်းနည်းတော့ သည်းညည်းခံလိုက်ပါဦး။ သီတင်းကျွတ်ပြီးရင်ပြီးချင်း ကိုယ်တို့ လက်ထပ်ကြတာပေါ့။ အဲဒီတစ်ခါ ဆူချင်လို့လည်း မဆူရတော့ပါဘူး။ ကိုကို့အခန်းမှာ လိုက်နေပေါ့ မဟုတ်ဘူးလား။ ပြီးတော့ ဆိုင်ကိုလည်း ဒီလို တစ်ယောက်တစ်ဝက် မလုပ်တော့ဘူး။ စပေါ်တောင်းရင် စပေါ်ပေးမယ်။ အိမ်အခန်းလခ တစ်လဘယ်လောက် ဆိုပြီး ပြတ်ပြတ်သားသား လုပ်ရမယ်။ အဲဒါမှ ဖြစ်မှာ။ ဒီလို ရောရောရောကတော့ မင်းအမေနဲ့ မဖြစ်ပါဘူး ရှုပါရယ်"

"ဟုတ်တယ် ကိုကို၊ အဲဒါ ကောင်းတယ်။ ရှုပါတော့လေ မေမေတို့နဲ့ ဝေးဝေးအောင် နေချင်တာ"

"နောက်တော ‌နေရစေ့မယ်၊ စိတ်ချ"

"ဘယ်လောက်လဲဟင် ကိုကို"

"သီတင်းကျွတ်ရင်ပေါ့"

ခဏငေးနေ၏။ အမေးစကား ထပ်ဆိုသည်။

"ကိုကို မင်္ဂလာဆောင်ဖို့ ပိုက်ဆံတော ရှိရဲ့လားဟင်"

"ဘာလဲ၊ ရှုပါကပါ ကိုကို့ကို အထင်သေးလို့လား။ မင်္ဂလာဆောင်ဖို့ တစ်သိန်းကိုးသောင်းလောက် ကိုကို လောလောဆယ် မရှိပေမယ့် ဘယ်ညှိဆိုဆွဲဆွဲ ရတယ်။ သီတင်းကျွတ်ရင် အမေလည်း လာမယ်။ မေမေလာရင် ဘယ်လူ့ဆီမှ ဆွဲစရာမလိုဘူး။ မေမေက လုပ်ပေးမှာပါ။ ဒီလို ချွဲမငယ်ငယ်လှလှလေးသာ မြင်လိုက်ရင် ဟဲ့- အေးဟန်၊ နင်ဘယ်လောက် ယူမလဲ ဆိုတာ ချက်ချင်း မေးမှာပဲ"

"တကယ်လားဟင် ကိုကို"

'ချွဲမ ငယ်ငယ်လှလှလေး'ဟု မိမိပြောလိုက်သောစကားကို အဓိပ္ပာယ်ပြန်မစဉ်းစားဘဲ အားတက်သရော မေး၏။

"အိုး- ခက်ပါလားကွာ၊ တကယ်ပါဆို။ မေမေက ကိုကို့ကို သိပ်အိမ်ထောင်ပြုစေချင်တာ။ အရပ်မှာ ကိုကို့အတွက် ဘယ်လူကြည့်တယ် ဘယ်ဝါကြည့်ထားတယ်နဲ့ လာကြည့်ဖို့ ထောင်ကထွက်ကတည်းက မှာနေတာ။ ကိုကိုက မေမေ ရှာပေးတာ မလိုချင်လို့ မေမေနဲ့ ပေါင်းမှာမဟုတ်ဘူး၊ ကျွန်တော်နဲ့ပေါင်းမှာ။ ကျွန်တော့်စိတ်ကြိုက် ရှာပါရစေလို့ ပြောထား



www.burmeseclassic.com

www.burmeseclassic.com



တာ။ ခုတော့ ဒီမှာ တွေ့နေပြီဆိုတော့ ပြီးရောပေါ့"

"ဦးကြီးက ပြောဖူးတယ်၊ အရပ်မှာ စေ့စပ်ထားတာ ရှိတယ်ဆို။ သူက ရှုပ်အားကြီးလို့ ဟိုက မိန်းကလေးက သဘောမတူတာတဲ့။ ဟင်း မသိတာကျနေတာပဲ။ ဒီမှာလည်း သိပ်ရှုပ်တယ်တဲ့၊ နောက်တော့ မကြားပါရစေနဲ့နော် ဒါပဲ"

"ဟိုတုန်းက စိတ်ကြိုက် မတွေ့သေးလို့ ရှုပ်နေတာပါ ရှုပါရယ်။ ခု စိတ်ကြိုက်တွေ့နေပြီဆိုတော့ ဘယ်မှ မရှုပ်တော့ဘူး စိတ်ချ"

"ဒီလိုလုပ် ကိုကိုရာ"

"ဆိုပါဦး"

"လောလောဆယ် ကိုကိုမှာ ပိုက်ဆံမရှိသေးဘူး ဆိုရင်လည်း ဘယ်လူဆီမှ ဆွဲမနေနဲ့။ နောက်လည်း ရှုပါတို့ ကိုကိုတို့ပဲ ဆပ်ရမှာ။ အဲဒီတော့ အကျဉ်းချုံးပြီး ရပ်ကွက်ကောင်စီရုံးမှာ မင်္ဂလာဆောင်လိုက်ကြရအောင်။ နေရာအတွက်လည်း ပိုက်ဆံကုန်သက်သာတယ်။ သူများတွေ ဒီလိုပဲ ဆောင်နေကြတာ ရပါတယ် ကိုကိုရယ်။ ငွေတစ်သောင်း ကိုးထောင်ဆိုရင် ရတယ်။ သီတင်းကျွတ်ရင် ဒီလိုပဲ ဆောင်လိုက်ကြမယ်နော် ကိုကို"

"အိုကေ၊ ဒါမှ မောင့်ရှုပါလေး။ ကိုကိုကတော့လေ အသက်နည်းနည်းကြီးနေလို့လား မသိဘူး။ မင်္ဂလာဆောင်ရမှာတောင် ရှက်သလိုပဲ။ တောင်ရှည်ကြီးနဲ့ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ ဆိုတော့ ဟီဟိ ရယ်စရာများ ဖြစ်နေမလား မသိဘူး"

"အဲဒါဆို ဘောင်းဘီနဲ့ ကုတ်အင်္ကျီနဲ့ နက်ကတိုင်နဲ့လုပ်လေ ကိုကို။ ရှုပါလေ ခရစ်ယာန်တွေ မင်္ဂလာဆောင်တာ အားကျလို့ သူတို့ မင်္ဂလာဆောင်တဲ့ဝတ်စုံနဲ့ ရွှေသိန်းမှာ ဓာတ်ပုံတစ်ပုံ ရိုက်ထားသေးတယ်"

"ဟင်- ဘယ်တုံးက သွားရိုက်တာလဲ ရှုပါရယ်"

"မကြာသေးဘူး ကိုကိုရယ်၊ အဲဒါ ဆိုင်က သဘောကျလို့လေ ခုရှစ်လက်မပုံကြီးကူးပြီး ကြော်ငြာသလို ကပ်ထားတာ။ ကိုကိုကြုံရင် ဝင်ကြည့်ပါဦး။ အသေးကတော့ အိမ်မှာလည်း တစ်ပုံ သိမ်းထားတယ်"

"ရွှေသိန်းက ကိုယ့်သူငယ်ချင်းပဲ၊ ကိုကို ပုံကြီး ကူးခိုင်းလိုက်ပါဦးမယ်"

"နှစ်ပုံကူး ကိုကိုရာ၊ ရှုပ့်လည်း တစ်ပုံပေး"

"အင်း" ဟု ဆိုလိုက်မိသည်။

"မေမေ ပြန်မရောက်ခင် ပြန်ဦးမယ် ကိုကို" ဟု ဆိုသည်။

"မသိန်းသိန်း ဘယ်သွားလဲ"

"မတင်ညွန့်နဲ့ လိုက်သွားတယ်"

"ဆိုင်ပိတ်ထားခဲ့တယ်ပေါ့"

"မပိတ်ပါဘူး ကိုကိုရယ်၊ မှုယာ့ကို ထားခဲ့တယ်။ ပြန်လာရင် ငွေတစ်ဆယ် ပေးမယ်လို့ ပြောထားခဲ့ရတယ်။ ဒီနေ့ ဥပုသ်နေ့ ဆိုတော့ ကျောင်းပိတ်တယ်လေ"





ရှုပါပြောမှ ပြက္ခဒိန်ကို လှမ်းကြည့်မိ၏။ သီတင်းကျွတ်လဆန်း (၈)ရက် ဥပုသ်နေ့ပင်။ ရှုပါ ပြန်သွားသောအခါ ရန်ကုန်ထဲ ထွက်လာမိလေသည်။

✤ ✤ ✤

"ဘယ်လို ပတ်ထားခဲ့လဲ"

"ပစ္စည်းသွားဝယ်မယ်လို့ ပြောထားခဲ့တယ် ကိုကို။ ဒါတောင် မေးသေးတယ် သိလား"

ခေါင်းညိတ်ပြလိုက်မိ၏။

"ဘယ်လူနဲ့ သွားမှာလဲတဲ့၊ တစ်ယောက်တည်းသွားမယ်လို့ ပြောထားခဲ့ရတယ်။ ကိုကိုနဲ့ဆို မသွားနဲ့ပြောမှာ အမှန်ပဲ။ ကဲ-လုပ် ကိုကိုရာ၊ သွားကြမယ်။ အတော်ကြာ မသင်္ကာလို့ အိမ်လိုက်ကြည့်ရင် တွေ့နေဦးမယ်"

ဒီလောက်တောင်ကိုးဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။ သိန်းသိန်း၏ သဘောထားသည် ဘာကြောင့် ဤမျှ အပြောင်းအလဲ မြန်ရပါလိမ့်ဟု တွေးနေမိသည်။ ရှုပါက သံသယစကား ဆိုဖူးသလို သိန်းသိန်းသည်လည်း ကျွန်တော့်အပေါ် မယုံမကြည် ရှိနေလေသလားမသိ။ သီတင်းကျွတ်လျှင် မင်္ဂလာအခမ်းအနားဝယ်ရန် ပိုက်ဆံသုံးလေးသောင်း ရှာပေးထားမှ ဖြစ်တော့မည်ဟု တွေးလိုက်သည်။

ရန်ကုန်ထဲသို့ ထွက်လာကြ၏။ ခါတိုင်းလိုပင် ရုပ်ရှင်ဝင်ကြည့်ကြသည်။ ကမန်းကတန်း စျေးဝယ်ပြီး ဖာလူဒါသောက်ကြ၏။ ရှုပ့်ကို လိုက်ပို့သော်လည်း ခါတိုင်းလို ဆိုင်ထိ လိုက်မပို့မိ။ လမ်းထိပ်တွင် ဆင်းကျန်ခဲ့၏။ ယခင်ကလို ဆိုင်ထဲ မလိုက်ရသဖြင့် ရင်ထဲ ဟာနေလေသည်။

✤ ✤ ✤

"ဘာလဲ ကိုအေးဟန် ဓာတ်ပုံရိုက်မလို့လား" ဟု ကိုသိန်းက မေး၏။

"မဟုတ်ပါဘူးဗျာ၊ ရိုက်ဖူးတဲ့လိုင်စင်ပုံသုံးပုံလောက် ပြန်ကူးချင်လို့" ဟု ပြောလိုက်ရသည်။

"နံပါတ် မှတ်မိလား"

"မမှတ်မိဘူးဗျ၊ ရှာကြည့်ပေးပါဦး"

"ဟုတ်ကဲ့၊ အလုပ် လျှောက်မလို့လား ကိုအေးဟန်"

"မဟုတ်ပါဘူးဗျာ၊ သံရုံး လေလံတစ်ခုဆွဲမလားလို့"

ထင်ရာပြောလိုက်ရသော်လည်း မျက်လုံးအစုံကမူ ရှုပ့်ဓာတ်ပုံဆီက ခွာမရ။ ဇာပဝါပါးကို ဖားဖားလျားလျား ဦးခေါင်းမှ လွှမ်းခြုံချ၍ ရိုက်ထားသော ရှုပ့်ပုံမှာ ကြည့်မဝစရာပင်။ ပြုံးနေသဖြင့် စံပယ်ဖူးပေါ်နေသော ရှုပါသည် တကယ့် ဂျူးလိယက်လေလား။ ထောင်ထဲ ရောက်နေသဖြင့် ရိုမီယိုနှင့် ဂျူးလိယက်ကား မကြည့်လိုက်ရသည်ကို စိတ်ထဲက မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။ ရုပ်ရှင်ထဲက ဂျူးလီယက်သည် ရုပ်ထက် ပိုလှပါ့မလား။

"တွေ့ပြီဗျ၊ ဘယ်နှပုံယူမှာလဲ"

"သုံးပုံ ကူးထားပေးပါဗျာ၊ မနက်ဖြန်ညနေ လာယူမယ်" ပြောပြီး ဆိုင်ထဲက ထွက်လာ၏။ မနက်ဖြန်မှ ရုပ်ပုံကို တစ်ခါ ထပ်ကြည့်ဦးမည်။

✤ ✤ ✤

ရုပ်၏ဓာတ်ပုံကို ထပ်ကြည့်သည်။ ဘယ်နှခါကြည့်ကြည့် ဘယ်နှကြိမ်ကြည့်ကြည့် မောင့်ရုပ်လေး၏ မရိုး၊ မညီး၊ မမှိန် အပြုံးက ပို၍ ကြည်လင်လာသည်။ သွားတက်ကလေး စံပယ်ဖူးကလည်း ဤနေ့မှ အထူး လှလွန်းနေသည်။ ထို့ကြောင့်လည်း ကောင်လေးတွေက ဂျူးလီယက်နှင့် တင်စားခဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။ ရှိတ်စပီးယား၏ ဂျူးလီယက်တော့ ဟုတ်ပုံမရ။ ရုပ်ရှင်ထဲက ဂျူးလီယက်သရုပ်ဆောင် မင်းသမီးသာ ဖြစ်ပေလိမ့်မည်။

လိုင်စင် ပတ်(စ)ပို့ဓာတ်ပုံရွေးပြီး ဆိုင်ထဲက ဆင်းလာ၏။ မျက်စိထဲမှာ ရုပ်ပုံ စွဲလာသည်။ အပြန်မှာ ဆိုင်ကို ဝင်ဦးမည်၊ ရုပ်ဆီတွင် အသေးလေးတစ်ပုံရှိသည်ဟု ပြော၏။ သိန်းသိန်း၏အခြေအနေကို ကြည့်ပြီး တောင်းကြည့်သင့် တောင်းကြည့်မည်ဟု တွေးလာသည်။

"ဟော့ကောင်၊ ဟဲ . . . ဟဲ . . ."

ရွှေ့ဆိုင်ဖြစ်သဖြင့် ဘယ်လိုမှ ရှောင်၍မရ။ ဒီကောင့်ရယ်ပုံက တစ်မျိုးပါလားဟု ချက်ချင်း တွေးလိုက်သည်။

"ဘယ်ကလာလဲ"ဟု ဆက်မေး၏။

"ဟိုဘက်တကွာ" ဟု မရေမရာ ဖြေလိုက်သည်။

"လက်ဖက်ရည် သောက်ဦးကွာ"

"ဟင့်အင်း" ဟု ငြင်းလိုက်၏။

"အအေးဖြစ်ဖြစ်ကွာ သောက်ပါဦး" ဟု ရွှေ့နေဝီဝီ လေရှည်လာ၏။ တစ်ရပ်တည်းသားဖြစ်သဖြင့် ဘယ်လိုမှ ငြင်းမကောင်းတော့။ မတွေ့ကြတာလည်း တစ်လလောက် ရှိကြပြီ။ မွန်းလိုက်အအေးဆိုင်တွင် ဝင်ထိုင်လိုက်မိကြသည်။

"ဘာသောက်မလဲကွ"

"သံပရာရည်ပဲ ကောင်းပါတယ်ကွာ"

"သံပရာရည်နှစ်ခွက်" ဟု အော်မှာလိုက်ရင်း အောင်ကျော်က မျက်နှာကို စေ့စေ့ကြည့်၍ ပြုံးသည်။ 'ဘာလဲ ဒီကောင်' ဟု စိတ်ထဲက ဘဝင်မကျ ဖြစ်သွားမိ၏။

"မင်း သောကြာနေ့က ဘယ်သွားလဲ"

"ဘယ်သောကြာလဲ"





"ကုန်ခဲ့တဲ့ သောကြာကွာ"

"ဘယ်မှမသွားပါလား၊ ဘာဖြစ်လို့လဲ"

"လိမ်ပြောရမယ့်လူတွေကျနေတာပဲ၊ ငါတယ် လုပ်လိုက်ရလို့"

ခြေထောက်ချင်း မထိမခိုက် တို့ရိုက်၍ ဆို၏။ လိမ်ပြော၍ မကောင်းတော့။

"ရုပ်ရှင်သွားကြည့်တယ်ကွာ" ဟု အမှန်အတိုင်း ပြောလိုက်ရသည်။

"ငါ မြင်ပါတယ် ဟဲ့ကောင်၊ မင်းတသာ မွှန်ပြီး ငါ့ကို မမြင်တာ"

ဘာမှ ပြန်မပြောမိ။ သံပရာရည် လာချပေးသဖြင့် ခွက်ကို လှမ်းရွှေ့လိုက်၏။

"ခင်ထွေးက ပြောတယ်ကွ၊ အေးဟန်တစ်ယောက် ထောင်ကထွက်လာပြီး ခံရဦးမယ်တဲ့၊ စုံစုံစမ်းစမ်း လုပ်တာ မဟုတ်ဘူးတဲ့"

တစ်ကျိုက်သောက်ချလိုက်သော သံပရာရည်သည် ဘာအရသာမှ မရှိပါလားဟု ထင်လိုက်သည်။ ရေခဲ သံပရာရည် လောင်သလို ဆတ်ခနဲ တစ်ချက် ခေါင်းမော့မိသည်။ အောင်ကျော်က မျက်နှာကို စေ့စေ့ကြည့်နေ၏။ သူ့မျက်နှာသည် တရားခွင်၌ နောက်ဆုံး လျှောက်လဲချက်ပေးရမည့်ဟန်နှင့် တည်နေသည်။ အရယ်အပြုံးကို လုံးဝ မမြင်ရ။ ပကတိ တည်နေ၏။ ပြီးမှ-

"ဩော်- ကိုရွှေ လာထိုင်၊ ဘာသောက်မလဲ" ဆိုလိုက်၏။

နာရီဆရာက လာထိုင်သည်။ ကျွန်တော်ကသာ အတွေး ခြောက်လှန့်နေ၍ သတိမပြုမိသော်လည်း ကိုဖိုးရွှေကိုမူ အောင်ကျော်က သတိထားခေါ်၏။ ကိုဖိုးရွှေမှာလည်း ရင်းနှီးသူဖြစ်သဖြင့် စောစောက ပြတ်သွားသောစကားကို ပြန်ဆက်၏။

"ဘယ်ခင်ထွေးလဲကွ"

"ကိုကျော့်မိန်းမ၊ ငါတို့ ခင်ထွေးကွာ"

"ဩော်" ဟု တစ်ခွန်းသာ ဆိုမိသည်။

"ဘာပြောသေးလဲ နောက်၊ အဲဒီနေ့က ခင်ထွေးတို့လည်း ရုပ်ရှင်လာကြည့်လို့ မြင်တာလား"

"ခင်ထွေးတို့က ရုပ်ရှင်မှာ မြင်လို့မဟုတ်ဘူးကွ။ မင်းတို့အကြောင်း တစ်ရပ်ကွက်လုံး ဟိုးဟိုးကျော်နေတာပဲဟာ။ သူ့အမေက စေ့စပ်ထားတယ်လို့ ပြောတယ် ဆိုတာပဲ။ မင်းကွာ ငါတို့တောင် အသိမပေးဘူး။ အဲဒါကြောင့် ခင်ထွေးက ပြောတာပေါ့"

ကျွန်တော်၏ သက်ပြင်းချသံနှင့်အတူ ကိုဖိုးရွှေကလည်း သိနေပြီးသဘော-

"ဩော်- ဒါလား" ဟု ဆိုသည်။

သိန်းသိန်း ဘယ်တုံးကပင် ပြောပါလိမ့်။ မိုးဦးကပင်လောဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက သိပ်မျက်နှာများတယ်တဲ့၊ အပျိုတောင် မဟုတ်တော့ဘူးလိုလို ပြောကြတယ်တဲ့"

"ကိုအေးဟန်နဲ့ကော တကယ်လား"

အောင်ကျော်စကားကို ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ငိုင်နေစဉ် ကိုဖိုးရွှေက ထပ်မေး၏။ မျက်နှာမထားတတ်အောင် ဖြစ်သွား၏။

"တကယ်လားဟင် ကိုအေးဟန်"

"စိတ်ကူးနေတာတော့ အမှန်ပဲဗျ၊ ခင်ဗျားတို့ ဘာကြားလို့လဲ"

"ကြားတာတော့ ကြားပါတယ်။ ထမင်းလာချက်ပေးတယ်၊ အိုးလာတိုက်ပေးတယ်၊ ဆိုင်ကလည်း ဖွင့်ထားတော့ ရန်ကုန်ထဲမှာလည်း ခဏခဏတွေ့တယ် ပြောကြတာပဲ။ ကောင်မလေးက ရုပ်က သမိ(စ်)ပဲဗျ။ အကလည်း ကောင်းတယ်။ တစ်နှစ်က ကျွန်တော်တို့လမ်းထိပ် တန်ဆောင်တိုင်မှာ လာကသွားတယ်။ အဟုတ်ကြီးဗျ။ ဘယ်ကုမ္ပဏီကဆိုလည်းတော့ မသိဘူး၊ ရုပ်ရှင်မင်းသမီး လုပ်မလားတောင် လာမေးတယ်ကြားလိုက်တယ်။ ဟို ရုပ်ရှင်ကားဗျာ၊ ဩော်- သတိရပြီ၊ ရိုမီယိုနဲ့ ဂျူးလီယက် အဲဒီကားထဲက မင်းသမီးနဲ့ တူတယ်ဆိုပါလား။ ကျွန်တော်တို့တော့"

"ဘာရုပ်တူမှာလဲဗျ၊ ဟိုက ယူရုတ်(ဥရောပ)၊ ဒီက မြန်မာ။ အဲဒီကား ကျွန်တော် ကြည့်လိုက်ပါတယ် ကိုဖိုးရွှေရာ၊ တခြားစီပါ" ဟု အောင်ကျော်က ပြောသည်။

သူတို့နှစ်ဦးကြား ဘာပြောရမှန်းမသိ ဖြစ်နေ၏။ ရူပါက အတော်အသင့် ကတတ်ကြောင်း သိသည်။ သူ့အမေက ရုပ်ရှင်မင်းသမီးလုပ်ရန် လာပြောသည်ဟု ဆိုစဉ်က သက်သက် သူ့သမီးကို သူ အမွှန်းတင်သည် ထင်သဖြင့် 'ဘာလို့ မထည့်လိုက်လဲ၊ ခုလောက်ဆို ဒါရိုက်တာတစ်ယောက်ယောက်ရဲ့ အငယ်ဖြစ်နေပြီ' ဟု အရွဲ့တိုက်မိသေး၏။ အဲဒါကြောင့်ပေါ့ဟု သိန်းသိန်းက ဆိုသည်။ အလေးအနက်တော့ မဟုတ်။ ထို့ကြောင့်လည်း သတိမထားမိ။ ယခု ကိုဖိုးရွှေပြောမှ တကယ်များလားဟု တွေးဖြစ်သည်။

သူ့အဒေါ် မသန်းဋွေးလည်း တစ်ခါ ပြောဖူး၏။ မသန်းဋွေးက 'ကျွန်မတို့လည်း သဘောမကျလို့ ပျက်သွားတာ။ ကိုသိန်းကလည်း ဖျက်တယ်' ဟု ပြောဖူးလေသည်။ ရူပါ့ကိုမူ အလေးအနက် မဟုတ်သဖြင့် မမေးမိခဲ့။

"သူက ရုပ်ရှင်မင်းသမီးလုပ်ရင်လည်း ဖြစ်မယ်ဗျ။ စန်းတော့ တကယ် ရှိတာ။ ဒီမှာ တေးသရုပ်ဖော်ကတာ ချက်ချင်း ကောင်လေးတွေ ပါးစပ်ဖျား 'မမအေး၊ မမအေး' ဖြစ်သွားတာ။ သူ့နာမည် ခုထိ ကျွန်တော် မသိသေးဘူး။ ကျွန်တော်တို့ ဘူတာဒီဘက်ပိုင်းက သူ့ကို မမအေးပဲ သိနေကြတာ"

အောင်ကျော်နှင့် ကျွန်တော်က ကိုဖိုးရွှေ၏မျက်နှာကို ငေးနေကြသည်။ ဘာမှလဲ ပြောစရာမရှိဟုထင်၏။





"ဟင်- ကိုအေးဟန်၊ သူ့နာမည်က ဘယ်သူတဲ့လဲဗျ"

"သိန်းသန်းအေးဗျာ"

ငယ်နာမည်အရင်းကို တမင် ရွှေ့ပြောလိုက်မိသည်။

ကိုဖိုးရွှေက 'ဩော်' နှင့်အဆုံးသတ်လိုက်သည်။

သံပရာရည်ခွက်က ရေခဲတုံးလေးတွေကို ငေးကြည့်နေမိသည်။

ရေပေါ်တွင် ရေခဲသည် ပေါ်လောပေါ်နေသည်။ အပူပေး၍ ခဲထားသော ဒြပ်ထုသည် အခိုးအငွေ့ပြန်နေ၏။ ရေ၏သဘောကို မြင်သော်လည်း သေသေချာချာ မတွေးမိ။ အကယ်သာ တွေးမိခဲ့လျှင် ပင်လယ်သမုဒ္ဒရာအသွင်ဖြင့် လည်းကောင်း၊ ရေခဲပြင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင် အသွင်သဏ္ဌာန်ဖြင့် လည်းကောင်း ကမ္ဘာ့မျက်နှာပြင်၏ လေးပုံသုံးပုံကို ရေဖြင့် လွှမ်းခြုံထားလျက်ရှိသည်ဟု ဆိုသည်။ ထုထည်ပမာဏအားဖြင့် ကြည့်ရပါမူ ကုဗပေပေါင်း (၃၂၄) သန်းခန့် ရှိမည်ဟု ခန့်မှန်းကြသည်။

ဤသည်မှာ ကမ္ဘာ့မျက်နှာပြင်အောက်၌ ကုဗမိုင်သန်း (၂၀၀) ခန့်လည်းကောင်း၊ ကမ္ဘာ့လေထုအတွင်း၌ ရေခိုးရေငွေ့အဖြစ် ကုဗမိုင်သန်းပေါင်း (၃၀၀၀) ခန့် ရှိသေးသည်ဟု ခန့်မှန်းကြသည်။

ကမ္ဘာ့မြေပေါ်တွင် ရေပမာဏ ဤရွေ့ ဤမျှ ပေါများစွာ ရှိပါလျက် ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်သည် အရေးအကြီးဆုံး ဖြစ်သော လူ့အသုံးအဆောင် ရေကို လုံလောက်စွာ မသုံးစွဲနိုင်ကြသေးဟု ဆိုပြန်သည်။

"အေးဟန်၊ မင်း ကြည့်လည်းလုပ်ဦးနော်"

ဟု အောင်ကျော်က ဆိုသည်။

"ကိုအေးဟန် မြန်မြန်သာ ယူလိုက်ဗျာ။ ကိုအောင်ကျော့်စကား နားထောင်နေရင် သူ့လိုပဲ ဘယ်တော့မှ စွံမှာ မဟုတ်ဘူး"

ဟု ဆန့်ကျင်ဘက်စကားကို နာရီဆရာ ဘွဲ့ရပညာတတ်က ဆိုသည်။ သူသည် ငယ်စဉ်တပင် နာရီလုပ်လာသော်လည်း ခေတ်ပညာတတ် B.Sc ဖြစ်သည်။ ဝင်ရိုးစွန်းနှင့် သံလိုက်ဓာတ်တို့၏ ဆွဲငင်အားသဘောကို နှောကျေနေသလား ထင်ရသည်။ သို့သော် ရွှေ့နေတို့၏ သဘာဝကလည်း အလျှော့ပေးရိုးမရှိ။

"ခင်ဗျားကော လူချင်းအတူတူ တစ်လုံး ပိုမရှုပါနဲ့ဗျ"

ဟု နှက်လိုက်၏။

"အေး- ဟုတ်သားပဲ ဟဲဟဲ . . ."

ကိုဖိုးရွှေက ရယ်သည်။

ကျွန်တော့်မှာကား မရယ်နိုင် မပြုံးနိုင်။

"ခင်ထွေး ပြောစမ်းကွာ၊ ဘာတွေလဲ တိတိကျကျ စုံစမ်း၊ တစ်ပတ်အတွင်း အကြောင်းပြန်လို့"

အပြန်တွင် ဆိုင်ကို ဝင်မည်။ အခြေအနေကောင်းလျှင် ရူပါ့ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

ပုံတောင်းကြည့်မည်ဟု မှန်းလာသောစိတ်တို့သည် လမ်းမ၌ ကစဉ့်ကလျား ပျောက်သွားကြသည်။ အိမ်သို့သာ တန်းတန်းမတ်မတ် ပြန်လာမိလေသည်။

✤ ✤ ✤

သော့ဖွင့်၍ အိမ်ခန်းထဲသို့ ဝင်လာသည်။ တစ်နေ့က ရေနံဆီဝယ်ရန်ဟု ရှုပါ လာယူသွားသော ပလတ်စတစ်ရေနံပုံးကို ဦးဆုံး မြင်ရ၏။ ထို့နောက်တွင် ခုတင်ပေါ်၌ ယိုးဒယားလွယ်အိတ်ကြီးထဲတွင် မီးပူတိုက်ပြီးသား အင်္ကျီ၊ လုံချည်တွေ။

ကျွန်တော်တို့မရှိသော နေ့ခင်းနေ့လယ်၌ ရှုပါ အိမ်ကို ဘယ်နှခေါက် လာသွားကြောင်း သိသာသည်။ ရှုပ်ါကို သော့တစ်ချောင်း သီးသန့်ပေးထား၏။ ကျွန်တော်တို့ မရှိချိန်၌လည်း အခန်းထဲကို ဝင်နိုင်အောင်ဖြစ်သည်။ ဆန်၊ ဆီ စသည် ထုတ်ပေးထားသည့်အပြင် အိမ်က တစ်ခါတစ်ခါ မိုးယိုတတ်သည်။ သုံးထပ်သားအမိုးအချို့ ဆွေးမြည့်နေပြီ။ နောက်တစ်နှစ် မိုးဦးကျလျှင် မုချ မိုးရမည်။ ကျွန်တော်တို့ မရှိခိုက်၌ မိုးနှောင်းမိုးရွာလျှင် ရှုပါက အိမ်ခန်းထဲ သော့ဖွင့်ဝင်ပြီး မွေ့ရာ၊ ခြင်ထောင်တွေ လာရောက်ရွှေ့ပေးတတ်သည်လည်း ရှိ၏။ ထို့ကြောင့် ယနေ့လည်း ကျွန်တော်တို့ မရှိခိုက်၌ ရှုပါ လာပြီး ရေနံဆီပုံးနှင့် မီးပူတိုက်ပြီးသား အဝတ်များ လာထားပေးသည်မှာ ဘာမှ မဆန်းပေ။ အိတ်ထဲက မြဟန် လုံချည်၊ အင်္ကျီတွေနှင့် မိမိ၏လုံချည်၊ အင်္ကျီတွေကို ခွဲခြား၍ သပ်သပ်စီ သိမ်းထားလိုက်ရလေသည်။ သူတို့အိမ်တွင် ချွေးတလုံးလုံးနှင့် ကျွန်တော်တို့ အဝတ်အစားများကို မီးပူတိုက်နေတတ်သော ရှုပါ၏ရုပ်သွင်သည် ချက်ချင်း မျက်စိထဲတွင် ထင်လာလေသည်။

✤ ✤ ✤

ခင်ထွေးပြောသည် ဆိုသော တစ်ဆင့်စကားကို ယူဆောင်လာသူ အောင်ကျော်က ပြော၏။ ရှုပါ ရည်းစားများသည်၊ မျက်နှာများသည် ဟူ သော အဆင့်က မပို။ စိတ်ပင် ဆိုးမိ၏။ နားလျှံအောင် ကြားခဲ့ရသော စကား။ အံ့ဩစရာလည်းမရှိ။ ဒါနဲ့များကွာဟု ဆိုလိုက်သည်။ စိတ်ထဲမည်သို့မျှ မခံစားရ။ 'တစ်ခုတော့ရှိတာပေါ့ကွာ၊ မင်းလည်း စုံစမ်းဦးပေါ့' ဟု ပြော၏။

'သမိုင်းဘက် တစ်ယောက်တည်းသွားတာ တွေ့ဖူးတယ်လို့ ခင်ထွေးကပြောတယ်' ဟု စကားကို အဆုံးသတ်သည်။

ရှုပါ ပြောဖူးသော စကားကို သတိရမိသည်။ 'အမေ မသိအောင် အဖေ့ဆီ ခိုးသွားတာတောင် ရည်းစားနဲ့ သွားချိန်းတွေ့တယ်လို့ မေမေ့နားပေါက်အောင် ပြောတဲ့လူကလည်း ရှိတယ် ကိုကို။ ရှုပ်ါကို သူတို့





ဘာ ဖြစ်လို့ လိုက်လိုက် ချောင်းနေကြလဲ မသိဘူး' ဟု ဆိုဖူးသည်။

'ရှုပါက လှတော့ စိတ်ဝင်စားကြလို့ နေမှာပေါ့' ဟု ပြောရ၏။ မည်သူ၏စကားမှ ထူးခြားမှုမပါသောအခါ ရှုပ်ါကို လက်ထပ်မည်ဟူသော ဆုံးဖြတ်ချက်သည် ပို၍ပို၍ ခိုင်မာလာလေ၏။

✤ ✤ ✤

လမ်းမှာတုန်းက ဘာမှမပြော။ ခါတိုင်းလိုပင် ကားသေးလေးစီးလာကြ၏။ ရုပ်ရှင်ရုံထဲရောက်မှ တသိမ့်သိမ့် ရှိုက်၏။ ရုပ်ရှင်ထဲမှာလည်း ဝမ်းနည်းစရာ ကြေကွဲစရာ ဆို၍ ဘာမှမပါ။ ကားကလည်း အမေရိကန်စစ်ကား။ 'ဘာဖြစ်လို့လဲ ရှုရှုပေါက်ချင်လို့လား' ဟု နောက်မိ၏။ ခါတိုင်းလို ရယ်သံလွင်လွင်ကို မကြားရ။ အတို့အဆိတ် အထိအတွေ့ကိုလည်း မခံရ။ ရှိုက်သံက ပိုကျယ်လာသည်။ ထပ်မေးသောအခါ အမေက ဆူလို့ ချည်းနေတယ်ဟု ဆိုသည်။ ကိုယ့်အမေ ဆူတာပဲ သည်းခံလိုက်ပါဟု ပြောဖူး၏။ အမှတ်ထားပုံမရ။ စိတ်တိုသွားမိသည်။ 'ဒီလောက်တောင် ဖြစ်နေရင် ဒီနေ့ မပြန်နဲ့တော့ကွာ၊ သီတင်းလည်း ကျွတ်ပြီးပြီပဲ။ တစ်ခါတည်းသာ လိုက်ခဲ့တော့' ဟု ပြောလိုက်မိသည်။ 'တကယ် မပြန်တော့ဘူးနော် ကိုကို။ မင်္ဂလာဆောင်ဖို့ ပိုက်ဆံမရှိလည်း ရုံးမှာ လက်မှတ်ထိုးပြီးနေလိုက်ကြတာပေါ့ ကိုကိုရာ' ဟု အားတတ်သရော ဆိုသည်။ 'အင်း-ကောင်းပြီ' ဟု ပြောလိုက်ရ၏။

အံ့တော့ အံ့ဩမိသည်။ ယခင်က 'ကရဝိက်မတတ်နိုင်တောင် ပြည်သူမုန့်တိုက်လောက်မှာတော့ ဖြစ်အောင်လုပ် ကိုကိုရာ။ အဲဒီလို ကိုကိုလုပ်ပေးမှ ရှုပ်ါကို နှိမ်တဲ့ဟာတွေကို အပြတ်ကျောပြလိုက်မယ်' ဟု ပူဆာဖူးသည်။ ယခင်က ဆိုဖူးသော ငယ်ရွယ်သူတို့၏မာနသည် ဘယ်ရောက်သွားပါလိမ့်ဟု တွေးရသည်။

ဤသူငယ်မတွင် ရုံးတက်လက်မှတ်ထိုးဖို့အဆင့်ထိ လျှော့ချလာအောင် ဘာအပြစ်အနာအဆာများရှိပါလိမ့်ဟုလည်း သံသယတစ်ခု ဝင်လာပြန်၏။

ရုပ်ရှင်ရုံကအထွက်တွင် သုံးဆယ့်လေးလမ်းသို့ ခေါ်လာသည်။ ကြေးအိုးဝင်စားကြ၏။ ဘာလီရည်သောက်နေကြစဉ်-

"မင်းအမေ ဘာလို့ ဒီလောက်တောင် ဆူနေရတာလဲ" ဟု ထပ်မေးမိ၏။ မရေမရာ ဖြေသည်။

"ဒီလိုပဲ ဆူဆူပူပူ အမြဲ လုပ်နေတာ။ အိမ်မှာ အဝတ်လျှော်၊ ထမင်းချက်တာကအစ နည်းနည်းလေး အံဝင်ခွင်ကျ မဖြစ်တာနဲ့ အပြစ်ဆိုဆူ တော့တာပဲ။ မေမေ့အကြောင်း ပြောရတာလည်း မကောင်းပါဘူး ကိုကို ရယ်" ဟု ပြောသည်။

"နဂိုကမှ မကောင်းတာ" ဟု ပြောဖြစ်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမည်ဟု တွေးလိုက်သည်။ ရှုပါကို ထပ်မေးသေးသည်။ ဘယ်လိုမှ မေးမရ။ ဒီလိုပဲဟု မရေမရာသာ ထပ်ပြော သည်။

ဆိုင်က အထွက်တွင် သူ့လက်ထဲက ခေါက်ထီးကို လှမ်းယူလိုက်၏။ ထီးဖွင့်၍ မိုးပေးလိုက်သည်။ မိုးပေးထားသောလက်ကို ဖက်တွယ်ကာ အလိုက်သင့်လိုက်ပါလာသည်။ ပန်းခြံထဲ ခဏဝင်ကြ၏။ အသိဓာတ်ပုံ ဆရာ ခင်မောင်စိုးက အတင်းပြေးလာသည်။ ဓာတ်ပုံရိုက်မည်လုပ်သဖြင့် ဟန့်တားရ၏။ ရှုပါက-

“ရိုက်ရအောင် ကိုကို၊ ဘာဖြစ်လဲ အမှတ်တရပေါ့” ဟု ဆိုသည်။

“ရှုပါ မသိပါဘူး။ ဒီကောင်က ကြော်ငြာကပ်ချင်လို့။ ရှုပါကလှ တော့ ပိုပြီး ကြော်ငြာလို့ ကောင်းတာပေါ့”

“ဘာဖြစ်လဲ၊ ကိုကိုတလည်း လှတာပဲ။ ယောက်ျားမှာ မောင့်ရှိ လောက်ဆို လှတဲ့စာရင်းထဲ ပါပါတယ်နော်”

ယခင်က ရှုပါအား မိမိ ပြောဖူးသောစကားကို ဤသူငယ်မ ပြန် ပြောသည်မှာ မှတ်ထား၍ မှတ်မိ၍ဟု သိ၏။ သို့သော် အလေးအနက် မထားမိ။ မကြားယောင်ပင် ပြု၏။ ဓာတ်ပုံနှင့်ပတ်သက်၍ ဘယ်မှာ ရိုက်ရိုက် ရှုပါသည် ကြော်ငြာခရမည်ကို သိနေသည်။ ရွှေစက်တော်ဘုရား တွင် ရိုက်ခဲ့သောပုံနှင့် ကိုသိန်းဆီတွင်သွားရိုက်သော ဓာတ်ပုံများကို မြင်ယောင်မိသည်။ မျက်နှာကို ဝေခွဲမရသလို မော့ကြည့်၏။ ဘာစကားမှ နောက်ထပ်မဆို။ ပန်းခြံထဲက ထွက်လာကြသည်။ ဆူးလေဘုရားလမ်း အတိုင်း လျှောက်လာကြ၏။

ရုပ်ရှင်ရုံထဲမှာတုန်းက မပြန်နဲ့တော့ဟု စိတ်တို၍ ပြောမိလိုက်သော် လည်း တကယ်တမ်းမူ ဘာမှ ပြင်ဆင်ထားတာ မရှိသေး။ ရှုပ့်အလိုကို လိုက်၍ တဇွတ်ထိုး လုပ်မိလျှင် အကြီးဖြစ်သောမိမိကိုသာ ထိခိုက်နိုင် သည်။ သိန်းသိန်းနှင့်တကွ အားလုံးက အပြစ်ဆိုကြလိမ့်မည်ကို တွေး သည်။ အထူးသဖြင့် တစ်ရပ်တစ်ကျေးမှာနေသောအမေ့ကိုပင် မပြောရ သေး။ ဘယ်လိုလုပ်လိုက်တာလဲဟု ဆိုလာမည်မှာ မုချ။

‘တိုင်းသိပြည်သိပါတော် ပေးစားမယ်ပြောထားရဲ့နဲ့ လူလိုမလုပ်ဘူး။ ရှုပါက မပြန်ချင်တော့ဘူး ပြောလို့ ဟုတ်လား။ ရှင်က ကလေးလောက်မှ အသိဉာဏ်မရှိဘူးလား။ ရှုပါကပြောတိုင်း ရှင်က လိုက်လုပ်ရမှာလား’ဟု ရန်တွေ့စကားဆိုလာမည့် သိန်းသိန်း၏မျက်နှာကိုလည်း မြင်မိ၏။

‘မင်းနှယ်ကွာ’ ဟုတော့ လူတိုင်း ဆိုကောင်းဆိုကြမည်။ ဘယ်လိုမှ မဖြစ်သေးပါဘူးဟု ပြန်တွေးမိ၏။ ဘာအစီအစဉ်မှလည်း မရှိသေး။ မိမိ အခန်းသို့ ခေါ်သွား၍မဖြစ်သလို၊ မည်သည့်နေရာ၊ မည်သူ့ဆီ ခေါ်သွား ရမှန်းမသိ တည့်တည့်လျှောက်နေသော ဆူးလေလမ်းမှသည် ဗိုလ်ချုပ် လမ်းဘက်သို့ ခြေလှမ်းကွေ့သွား၏။ လက်တွဲကား တစ်ချိန်လုံး မဖြုတ်မိ





ကြ။ ရင်ထဲက အတွေးများကို ရိပ်စားမိပုံမရချေ။

ကိုစံရွှေဆိုင်ရှေ့ ပြိုင်တူ ရပ်လိုက်ကြ၏။

“ဟာ- လာကြဗျာ” ဟု ခွေးခြေလေးထိုးပေး၏။ ဈေးဝယ်လာနေကျ အတိုင်း ဝင်ထိုင်လိုက်ကြသည်။ ကျွန်တော်က ဝယ်သွားမည့်ပစ္စည်းများကို တစ်ခုစီ အရေအတွက် ပြော၏။ ရှုပါက အံ့ဩနေသည်။ ကိုစံရွှေ တိုက် သော လက်ဖက်ရည်ကို မသောက်ချင်သောက်ချင်၍ မျက်နှာကို ကွက် ကြည့်ကွက်ကြည့် လုပ်နေ၏။

“ခင်ဗျားဆိုင် အရောင်းသွက်သားပဲ” ဟု ကိုစံရွှေ ပစ္စည်းထုပ်ပိုးရင်း ပြောသည်ကိုတော့ ဘာမှ ပြန်မပြောမိ။ ပြောစရာစကားလည်း ရှာမရ ဖြစ်နေ၏။ ဈေးဝယ်ပြီး ဆိုင်က ထွက်လာကြသည်။ ပစ္စည်းဟူသမျှ အထုပ်အပိုးဟူသမျှသည် မိမိလက်ထဲ၌ မြဲမြဲပါလာသည်။ ရှုပါက-

“ဒီကိုလည်း ပေးဦးလေ ကိုကို” ဟု ဆိုသော်လည်း မပေးလိုက်မိ။ အရေးမထားလိုက်ပါ။ ခါတိုင်းနှင့်စာလျှင် ဝယ်လာသောပစ္စည်းကလည်း နည်းလေသည်။

မပြန်တော့ဘူး ဟူသော စကားကို ရှုပါ မေ့မည်မဟုတ်မှန်း သိ၏။ မပြောရဲ၍လား၊ ဟောက်မှာစိုး၍လား၊ တမင် မေ့ချင်ယောင်ဆောင်လိုက် လေသလား ဆိုသည်ကို တွေးမရ။ အပြန် ကားပေါ်ထက်မှာတော့ မပြော။ စိတ်ပြေသွားပြီဟု ထင်၏။ သို့သော် အစမဖော်ရဲ။ ရယ်စရာမောစရာ ထပ်ပြော၍ ပြန်လာကြ၏။

✤ ✤ ✤

အောင်မင်္ဂလာလမ်းမသို့ ကားကွေ့ဝင်လိုက်သည်။

“ကိုကိုပါ ဆိုင်လိုက်မလား” ဟု မေး၏။

“အင်း” ဟု ဆိုလိုက်သည်။ အတိုင်းအဆမရှိ အံ့ဩသွားပုံရ၏။

“စောစောက ရန်ကုန်ထဲမှာ ရှုပါ ပြောတာတွေ မေမေ့ကို တိုင်မလို့ လား ကိုကို” အထိတ်တလန့် မေး၏။

“မဟုတ်တာ ကြံကြံဖန်ဖန်” ဟု ပြောသောအခါ-

“ရှုပ့်ကို ခင်ဗျား ဆူလို့ချည်းနေတယ်ဆိုလို့ မေမေ့ကို မေးပြီး ဆူမလို့ တော့ မဟုတ်ပါဘူးနော် ကိုကို” ဟု မယုံသလို ထပ်မေး၏။

“မဟုတ်ရပါဘူး ရှုပါရာ၊ မသိန်းသိန်းကို ဒါတွေပြောလို့ ဘယ်ဖြစ် မလဲ။ မောင့်ရှုပါလေးပဲ အဆူခံရမှာ ကိုကို သိတာပေါ့”

“သိရင် ပြန်မပို့ပါနဲ့တော့၊ မပြန်တော့ဘူး”

“မေမေ့အရောက်တော့ စောင့်လိုက်ပါဦး ရှုပါရာ။ မေမေ ရောက်ရင် ရှုပါ ဖြစ်ချင်သလို ပြည်သူ့မှန့်တိုက် ဒါမှမဟုတ် သမ္မတမှာ ကိုကိုတို့ ခံ့ခံ့ညားညား မင်္ဂလာဆောင်ကြတာပေါ့။ မေမေက အင်းယားလိတ်တို့ ကရဝိက်တို့မှာတောင် လုပ်ချင်လုပ်ပေးမှာ။ မင်္ဂလာဆောင်တဲ့အခါ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



တို့ ဓာတ်ပုံတွေလည်း အများကြီး ရိုက်ထားကြမယ်။ စောစောက ပန်းခြံ ထဲမှာ တွေ့ခဲ့တဲ့ ခင်မောင်စိုးက ကိုယ့်သူငယ်ချင်းလေ။ သမိုင်းမှာလည်း လူ့ကမ္ဘာရှင်ကျော် ဆိုတာ တစ်ယောက်ရှိသေးတယ်။ ယူနက်စကိုဓာတ်ပုံ ပြိုင်ပွဲတွေဘာတွေမှာတောင် ဆုရဖူးတယ်။ ရှုပ်ပါ့ပုံတွေ မင်္ဂလာဝတ်စုံနဲ့ဆို သိပ်လှမှာ။ သတို့သမီးဝတ်စုံနဲ့လည်း ဗမာလိုရော၊ ဘိုလိုရော၊ တရုတ် လို့ရော၊ ကုလားလိုရော အစုံရိုက်ထားကြမယ်လေ"

ခါတိုင်းလို တက်တက်ကြွကြွ မရှိသည်ကိုတော့ သတိပြုမိသည်။

"မေမေ ဘယ်တော့လာမလဲ ကိုကို" ဟု ညိုးညိုးငယ်ငယ်နှင့် မေး ၏။

"ဒီရက်ပိုင်းအတွင်း ရောက်လာမှာပါ၊ ကိုကို သံကြိုးရိုက်ထားပါ တယ်" ဟု ပြောလိုက်ရ၏။

အမှန်မှာ ကျွန်တော့်မင်္ဂလာကိစ္စကို မဆိုထားနှင့် ရှုပ်ပါနှင့် မေတ္တာ မျှနေကြသည့်ကြောင်းကိုပင် စာမရေးဘူးသေး။ အသိလည်း မပေးသေး လာမှ ရန်ကုန်ရောက်မှ ပြောမည်ဟု မှန်းထား၏။ အမေ ရန်ကုန်လာမည့် ကိစ္စမှာ မိုးကုတ်ရှိညီ သောင်းဟန်တွင် သားနှစ်ယောက်အား ရှင်ပြုရန် အတွက် အမေ့ကို လိုက်ပို့ရန်သာ။

"မေမေ မလာခင် လူကြီးတွေနဲ့ စေ့စပ်ထားပါလား ကိုကိုရာ။ မေမေ လာတာနဲ့ မင်္ဂလာဆောင်လိုက်ကြတာပေါ့"

"ဘာထူးမှာလဲ ရှုပ်ပါရာ။ ရက်ပိုင်းပဲ လိုတော့တဲ့ဥစ္စာ မဟုတ်ဘူးလား"

ရှုပ်ပါက သက်ပြင်း မသိမသာချ၍-

"အေးလေနော်၊ ရက်ပိုင်းပဲ လိုတော့တာပဲ။ ရှုပ်ပါတော့ သိပ်ပျော် သွားပြီ ကိုကိုရယ်" ဟု ဆိုသည်။ အယ်လက်မောင်းရင်းကိုလည်း စွဲမြဲစွာ ဆုပ်ကိုင်ထားလေသည်။

"ခု မေမေ မေးရင် ဘယ်လိုပြောမလဲ"

"ရှုပ်ပါ ပြေးလာတာ မပြန်တော့ဘူးပြောလို့ ချော့ပြီး ပြန်ခေါ်လာ တာလို့လေ။ အိုး . . . အလကား ရှုပ်ပါ ဈေးလာဝယ်ရင်း ကြုံလို့ လိုက်လာ တာပါ ပြောပါ့မယ်။ မလုပ်ပါနဲ့ မင်္ဂလာဆောင်ခါနီး နားပုံသွားပါဦးမယ်"

နားကို လိမ်ဆွဲသဖြင့် အပြောင်အပြက်ထပ်ပြောရင်း-

"အလကားပဲ၊ ကိုကိုလည်း အားမကိုးရဲတော့ဘူး။ ရှုပ်ပါ စိတ်ရှိ အောင် ဟိုခေါ်ဒီခေါ်လုပ်ပြီး နောက်ဆုံးတော့ မေမေ့ဆီပဲ ပြန်ပို့တာပဲ" ဟု စိတ်မပါသလို ပြောသည်။

"နောက်တစ်ခါဆို တကယ့်ကို ပြန်မပို့တော့ဘူး။ အဲဒီအခါမှ ကိုကို ကို အပြစ်မဆိုနဲ့။ ကရဝိက်မှာ မင်္ဂလာမဆောင်ရလို့၊ အင်းယားလိတ်မှာ မလုပ်ပေးလို့ ဆိုပြီး . . . " ဟု နှစ်သိမ့်စကား ဆိုလိုက်၏။ ငယ်သေးသူ စိတ်ပြေသွားပြီဟုလည်း မှားယွင်းစွာ ထင်မှတ်မိလေ၏။ ရှုပ်ပါ့စိတ်ထဲတွင် မည်မျှ အစိုင်အခဲ ရှိနေလိမ့်မည်ကိုလည်း မတွေးမိ။





ထင်သည့်အတိုင်းပင်။ သိန်းသိန်း၏ မလိုမုန်းထားသောအကြည့်ကို ဦးဆုံး ရင်ဆိုင်ရ၏။ ရှုပ်ပါ့ကို လှမ်းထိုးကြည့်သောမျက်စောင်းက ပို၍ စူးရှ သည်။ 'ဘယ်က တွေ့လာကြလဲ၊ အတူသွားကြတာလား' ဟုလည်း လုံးဝ မမေး။ မကျေနပ်သောမျက်နှာနှင့်သာ နှုတ်ဆိတ်နေ၏။ ပို၍ အနေကျဉ်း ကျပ်လာသဖြင့် ပြောလိုက်ရသည်။

"ရှုပ်ပါ ဈေးဝယ်လာတာနဲ့ ရန်ကုန်ထဲမှာ ကြုံလို့ လိုက်လာတာ"

သိန်းသိန်းက ဘာမှ မပြော။ ဆေးလိပ်သာ ဖွာနေ၏။ စောစော အိမ်ပြန်မည်ဟု တွေးလိုက်သည်။ ရှုပ်ပါ့ကိုများ ထပ်ဆူနေလေမလားဟု လည်း တွေးမိ၏။ ရှုပ်ပါ့ကို သနားသွားသည်။

✣ ✣ ✣

"ဦး၊ လူတစ်ယောက် စာလာပေးသွားတယ်။ ဦးအမေ ရောက်နေ တယ်တဲ့။ လာခေါ်ပါလို့လည်း မှာသွားတယ်"

အိမ်ရှင်သမီး အကြီးမ လှမ်းပေးသောစာကို ယူလိုက်သည်။ ချက် ချင်း ဖောက်ဖတ်ကြည့်၏။

*ကိုအေးဟန်*

*ကျွန်တော့်ဦးလေးနဲ့ လိုက်လာလို့ ခင်ဗျားအမေ ရောက်နေတယ်။ ဆိုင်ကိုလည်း သွားမေးသေးတယ်။ အိမ်မှာလည်း သော့ခတ်ထားတာ တွေ့လို့ စာပေးထားခဲ့တယ်။ ရောက်ရင် လာခေါ်ပါ။*

*ခိုင်လင်း*

*၁၄း၀၀ နာရီ*

အိမ်ခန်းကို မဖွင့်ဘဲ နှစ်လမ်းက ကျူရှင်ဆရာ ကိုခိုင်လင်းဆီမှာ အမေ့ကို သွားခေါ်ရသည်။

အိမ်ကို ရောက်ရောက်ချင်း အမေသည် ကျွန်တော့်မျက်နှာကို သေ သေချာချာ ကြည့်၏။ အမေနှင့်ကျွန်တော် လုံးဝ မတွေ့ကြသည်မှာ လေး နှစ်ခန့် ရှိပြီ။ ကျွန်တော် ထောင်ထဲရောက်ပြီး နှစ်နှစ်အကြာတွင် မိုးကုတ် ရှိညီတွေဆီက အပြန်မှာ တစ်ခါ လာတွေ့သွားသည်။ ထိုစဉ် ကျွန်တော် ထောင်မကျသေး။ အချုပ်ပဲရှိသေး၏။

"နင်တော့ တစ်သက်လုံး မိုက်နေပါလား အေးဟန်ရယ်။ ငါတို့အမျိုး ထဲမှာ ရုံးရောက်ဂတ်ရောက်ဖူးတဲ့လူတောင် မရှိဘူး။ နင့်ကျမှ ထောင်ကျ ရတယ်လို့" ပြောလည်းပြော ငိုလည်းငို၏။

"ထောင်မကျသေးပါဘူး အမေရာ၊ အချုပ်ပဲရှိပါသေးတယ်။ မတော် တဆ ဖြစ်သွားတာပါ။ မကြာခင် လွတ်မှာပါ" ဟု ပြောလိုက်ရ၏။

အမေကမူ လုံးဝ စိတ်ကောင်းပုံမရ။ အမေသည် နှစ်ပေါင်းများစွာ အိုစာသွားသည်ဟု ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုတော့ ပိုက်ဆံပုံပေးထားလည်း အလကားပဲ။ ဘယ်လောက်ပေးထားပေးထား လုပ်ချင်တာ လုပ်နေတာပဲ၊ ကောင်းကောင်းမွန်မွန်နေဖို့ စိတ်မကူးဘူး။ အသက်သုံးဆယ်ကျော်ပြီ၊ နင် ကလေးလား" ဟု မြည်တွန်သွားသည်။

ဆိုရှယ်လစ်စီးပွားရေးကို နှောင့်ယှက်ဖျက်ဆီးမှုနှင့် ကျွန်တော်ထောင်ဆယ်နှစ် ကျသောအခါ အမေသည် ကျွန်တော့်ကို လာ၍ပင်မကြည့်တော့။ မြဟန်အား ထောင်ဝင်စာ မှန်မှန်သွားပို့ဖို့သာ မှာသည်ဟု သိရသည်။

ယခု အမေ၏ရုပ်ကို ကျွန်တော် သေသေချာချာကြည့်မိ၏။ အသက်ခြောက်ဆယ်ကျော်ပြီ ဖြစ်သော်လည်း အမေကား ကျန်းမာသေး၏။ ယခင်ကထက်ပင် နုပျိုလာသလိုပင်။

ကိုခိုင်လင်းအိမ်က ခေါ်လာတုန်းက သူ့သေတ္တာသူ ရွက်မည်လုပ်သဖြင့် အတင်း တားရ၏။ 'ထဘီတွေ ပါတယ်ဟဲ့' ဟု ဆို၏။ 'အမေ့ထဘီပဲ ဘာဖြစ်လဲ' ဟု ပြောပြီး တမင် အရွဲ့တိုက်ကာ ခေါင်းပေါ်တင် ရွက်ပြ၏။

"နင်ကတော့ လုပ်ပြီ၊ ဟဲ့- မိုးကုတ်က ငါ့ချွေးမအတွက် ဝယ်လာတဲ့ ရခိုင်လုံချည်တွေ ပါသေးတယ်" ဟု ပြောသည်။

"အသစ်ပဲမဟုတ်လား၊ ဝတ်မှမဝတ်ရသေးတာ"

ဟု ပြန်ပြောလိုက်ရ၏။

"ငါ့သား ထောင်ထဲ အကြာကြီးနေခဲ့ရတော့ တော်တော် ရုပ်ကျသွားပြီ အောက်မေ့တာ။ အမေ့သားက ရုပ်မကျပါဘူး"

ဟု ဝမ်းသာအားရ ပြော၏။

အမေ့ရုပ်လည်း များစွာ မအိုစာသေးသည်ကို ကျွန်တော် သတိထားမိသည်။ ကျွန်တော့်ကို စေ့စေ့တဝကြီး ကြည့်ပြီးသောအခါ-

"ဟို ကုလားတစ်ကောင်ကော" ဟု မေး၏။

"မြဟန် အလုပ်ဆင်းနေတယ် အမေ။ ခြောက်နာရီကျော်မှ ရောက်မယ်" ဟု ပြောလိုက်ရ၏။

"ကျွန်တော် ထမင်းချက်လိုက်ဦးမယ် အမေ"

"ဟယ်- နင် ထမင်းချက်တတ်လို့လား၊ ငါ့သားက တယ်ဟုတ်နေပါလား။ နင်တို့ ချက်စားကြလား"

"ထောင်က သင်ပေးလိုက်လို့ အားလုံး တတ်လာပြီ အမေ၊ ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ် ချက်စားကြတယ်"

အမေက မီးဖိုထဲ ဝင်လိုက်လာ၏။ ဟိုဟိုဒီဒီ ကြည့်သည်။ စိတ်ကောင်းပုံမရ။ ကျဉ်းကျဉ်းကျပ်ကျပ် နေကြရသည်။ ယခင်ကလို ကိုယ်ပိုင်အိမ်နှင့် မဟုတ်။ အခန်းငှားနေကြရသည်။ ဆန်ပုံး၊ ဆီပုံးဘက် ခြေရွှေ့သောအခါ-





"အမေ နေနေ၊ ခရီးပန်းလာတယ်၊ လှဲနေပါလား" ဟု ပြောလိုက်ရ၏။

အမေက မနေ။ မီးဖိုဆောင်က ပစ္စည်းတွေကို တစ်ခုစီ လိုက်ကိုင်ကြည့်နေ၏။

"အမယ် မိန်းကလေးတွေ ကျနေတာပဲ" ဟု ဆိုသည်။

"ဦးအမေ ရောက်နေတယ်" ဟူသော အိမ်ရှင်သမီး အငယ်မအပျင်း၏ အသံကို ကြားလိုက်ရသည်။

"မြဟန် လာပြီ" ဟု ပြောလိုက်ရ၏။ ချက်ချင်း အပြင်သို့ လှမ်းထွက်သွားသည်။ "အမေ" ဟူသော မြဟန်၏အသံသြသြကြီးကို ကြားလိုက်ရသည်။ အပြင်သို့ လိုက်မသွားမိ။ ဆန်နို့ဆီဘူးနှစ်လုံးခွဲကို ဆေး၍ မီးသွေးမီးဖိုပေါ် တည်ထားလိုက်၏။ အမေ့ကို ဘာဟင်းနဲ့ ချက်ကျွေးရကောင်းမလဲ။ မြဟန်ကို ဈေးလွှတ်ရင် ဒီအချိန် ဈေးမှာ ပုစွန်တွေ ရမှရပါ့ဦးမလား" ဟု တွေးသည်။

အမေသည် ငယ်စဉ်ကပင် သားကြီးငါးကြီးသားဆို၍ ဘာမှမစား။ ပုစွန်ပင် အကောင်ကြီးကြီးဆိုလျှင် မစားချင်ဟု အရင် ရန်ကုန်လာတုန်းက ပြောဖူးသည်ကို မှတ်မိသည်။ အသားဆို၍ အမေစားတာက ငါးနှင့် ပုစွန်သာ ရှိသည်။ ရန်ကုန်မှာ ငါးနဲ့ပုစွန်က ရေခဲရိုက်ထားတာဟု ပြောသဖြင့် အမေက မစားချင်ဟု ဆိုပြန်သည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုကိုရာ။ ကျွန်တော် ဒီနေ့ အမေ့ကို သတိရလို့ ပုစွန်ဟင်း ချက်စားမယ်ဆိုပြီး အင်းစိန်ဈေးက ပုစွန်တွေ ဝယ်လာတယ်၊ လတ်ကလတ်နဲ့၊ အရှင်တွေတောင် ပါသေးတယ်" ဟူသော စကားကိုတော့ အမေ မကြားအောင် မြဟန်က တိုးတိုးပြော၏။ အင်ဖက်နှင့် ထုပ်လာသော ပုစွန်ထုပ်ကို လှမ်းပေးသည်။

ထမင်းဟင်းချက်ပြီးသောအခါ ညီအစ်ကိုနှစ်ယောက် အမေ့ကို ရေချိုးပေးကြသည်။ အိမ်ရှေ့တွင် ရေချိုးရသည်ကို အမေက စိတ်လုံပုံမရ။

"ဟဲ့- ဟင် နေပါဟဲ့၊ ငါ့ဘာသာငါ ချိုးပါ့မယ်။ ငါ့သားတွေ ဘုန်းနိမ့်နေပါဦးမယ်" ပြောရင်း ရေချိုးပြီးသွားသည်။ ကျွန်တော်က အမေလုံချည်၊ အင်္ကျီတွေကို ကျကျနန လျှော်ဖွပ်ပေးသည်။

သားအမိသုံးယောက် ထမင်းစားနေကျချိန်၌ပင် သိန်းသိန်းနှင့် ရှုပါတို့ ရောက်လာကြ၏။ အမဲသားလုံးချက်နှင့် ချဉ်ရည်ဟင်းချိုင့်လေးတစ်ချိုင့် ပါလာသည်။

"စားတောင် စားနေကြပြီကိုး" ဟု သိန်းသိန်းက စကားအစချီ၏။ ခုတစ်လော ကျွန်တော်နှင့်သိန်းသိန်း သိပ်မကြည်သော်လည်း အမေ့ရှေ့တွင် ဖြစ်နေသဖြင့်-

"စားပါဦးလား" ဟု လောကဝတ်လုပ်ရ၏။ အမေကမူ အံ့ဩနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com


"နေ့လယ်လောက်ပင် အမေကြီးရောက်နေတယ်လို့ သူငယ်တစ်ယောက် ဆိုင်ကို လာပြောတာ။ အေးဟန်လည်း ရန်ကုန်ထဲသွား၊ မြဟန်လည်း အလုပ်ဆိုတော့ အိမ်မှာ ဘယ်လူမှ ရှိမှာ မဟုတ်ဘူးသိလို့ ဆိုင်ကို ခေါ်လာပေးပါတောင် မှာလိုက်ရသေးတယ်။ လေးနာရီလောက်မှာ ရှုပ်ါကို တစ်ခေါက် ကြည့်ခိုင်းလိုက်သေးတယ်။ သော့ခတ်ထားတာတွေ့တယ် ပြောလို့ မရောက်ကြသေးဘူး ဆိုတာ သိရတယ်။ အဲဒါကြောင့် မိုးချုပ်ရင် ကမန်းကတန်းဖြစ်မှာစိုးလို့ ဟင်းချက်ပြီး လာပို့ကြတာ အမေကြီး" ဟု သိန်းသိန်းက စကားအစချီသည်။

"အေးကွယ် ကျေးဇူးပါပဲ" ဟု အမေက အလိုက်တသိ ပြော၏။ ရှုပါက ချိုင့်ဆွဲကာ မီးဖိုဆောင်ထဲ တန်းဝင်သွားသည်။ ပြန်ထွက်လာသောအခါ ချဉ်ရည်ဟင်းနှင့် အမဲသားလုံးချက်ဟင်းနှစ်ခွက် ပါလာသည်။ အမေ့ပန်းကန်နားတွင် ချ၏။ "အမေကြီး စားပါ" ဟု ဆိုကာ အမဲသားလုံး တစ်လုံးကို ဇွန်းနှင့်ခပ်၍ အမေ့ပန်းကန်ထဲ ထည့်ရန် လက်ရွယ်သည်။ သူ့လက်ကို လှမ်းကိုင်၍ ကျွန်တော့်လက်ထဲ ထည့်လိုက်၏။

"အမေနဲ့ မြဟန်က အမဲသား မစားဘူးလေ ရှုပါ"

"ဟုတ်တယ်ကွယ်၊ အမေ ငယ်ငယ်ကပင် မစားဘူး"

အမေက ရှုပ်ါကို တစ်ချက် ပြုံးပြ၍ ပြော၏။

"ဦးကြီးလည်း မစားဘူး"

"ဟုတ်တယ်၊ မြဟန်ကတော့ ရွှေရင်ကျော်ဆေးထိုးထားလို့" ရှုပ်ါကို တမင် ပြောလိုက်ရသည်။ ဦးကြီးဟူသောအခေါ်ကို အမေက သဘောပေါက်ပုံမရသေး။

"အစားပုတ်တစ်ယောက်တည်း အကြိုက်ဖြစ်သွားတာပေါ့" ဟု ရှုပါက ကျွန်တော့်ကို နောက်သည်။

"ချဉ်ရည်ဟင်းတော့ စားပါတယ်နော် အမေ" ဟု ပြောပြီး အမေ့ပန်းကန်ထဲ ချဉ်ရည်ဟင်းတွေ ခပ်ထည့်ပေး၏။

ကျွန်တော်ကမူ အရွဲ့တိုက်ပြီး အမဲသားလုံးတွေကိုချည်း တစ်လုံးပြီး တစ်လုံး ထည့်စားနေ၏။ 'မိုးချုပ်ရင် အမေကြီး ရောက်နေတာနဲ့ ကမန်းကတန်းဖြစ်နေကြမှာစိုးလို့ ဟင်းချက်ပြီး လာပို့ကြတာ' ဟူသော သိန်းသိန်း၏စကားကို တမင် ရွဲ့ချင်နေသည်။ ချဉ်ရည်ဟင်းရော အမဲသားဟင်းပါ သီးသီးသန့်သန့် ချက်လာပေးသောဟင်း မဟုတ် ဆိုသည်ကို ကျွန်တော်ကား စောစောကပင် သိနေ၏။ သိန်းသိန်း၏အထာကို ပေါက်ပြီးသားပင်။

"အေးဟန်နဲ့ ကျွန်မတို့နဲ့က ဒီရပ်ကွက် စ,တည်ကတည်းက အတူနေလာကြတာ အမေ" ဟု သိန်းသိန်းက စကားဆက်သည်။

မည်မျှ ခင်မင်ကြကြောင်း၊ အမေကြီးတို့လာမည့်အကြောင်း ကြို ပြောထားရကြောင်း၊ မိုးကုတ်က လှဟန်လည်း လာသွားကြောင်း၊ သူတို့ကို ထမင်းကျွေးလိုက်ကြောင်း၊ ကျွန်တော် သူတို့အိမ်မှာ ဆိုင်ဖွင့်ထားကြောင်း၊ ပေါ်မယူဘဲ စပ်တူလုပ်ကြကြောင်း စုံကာစေ့လေ၏။

အမေကမူ ပြုံးပြုံးပြုံးပြုံးနှင့် 'အင်း၊ အေး' သာ လုပ်နေ၏။

"မနက်ဖြန် အမေ ကျွန်မတို့အိမ်မှာ ညမနက် ထမင်းစားပါ။ သားဆိုင်ကိုလည်း လာကြည့်ဦးပေါ့"

"နေပါစေ မသိန်းသိန်း၊ အမေက ဟိုဟာမစား၊ ဒီဟာမစားနဲ့ အားနာစရာ . . ."

"အမယ်၊ ကျွန်မတို့လည်း ပေါက်ကရတွေ မစားပါဘူးရှင့်။ ရှင်ပါ သာစားပေါ့၊ အားနာရမယ့်လူတွေလား။ အမေက ဒီမှာ မိန်းမသားအဖော် သည်း ရှိတာ မဟုတ်ဘူး။ ကျွန်မတို့အိမ် လာနေ။ အိပ်တာပဲ ဒီမှာ အိပ် ပေါ့။ ညနေကျရင် သမီးလည်းရှိပဲ လိုက်ပို့လိမ့်မယ်။ ဒါက ကျွန်မသမီး အကြီးလေ အမေ။ အိမ်မှာ အငယ်တစ်ယောက် ရှိသေးတယ်။ အကြီးဆုံး သည်း မိန်းကလေးပဲ။ သူက အိမ်ထောင်ခွဲ၊ ခု တောင်ကြီး၊ ရှမ်းပြည်နယ် မှာ သူ့ယောက်ျားက အကြီးဆုံး အင်ဂျင်နီယာ။ ကျွန်မမှာ သမီးချည်းပဲ သုံးယောက်စလုံး။ သားယောက်ျားလေးဆိုလို့ တစ်ယောက်မှ မထွန်းကား ဘူး၊ အဲဒါကြောင့် အေးဟန်တို့၊ မြဟန်တို့ကို သားအရင်းလို ချစ်နေရ တာ"

မြဟန်က မဲ့ပြုံးပြုံး၍ "အဟဲ့" ဟု တစ်ချက်ရယ်လိုက်သောအခါ-

"ရှင်က ဘာလဲ၊ အကောင်းပြောရင်" ဟု သိန်းသိန်းက ဟောက် သည်။ အမေကမူ ရှုပ်ါကိုသာ ပို၍ အကဲခတ်၏။

ထမင်းစားပြီးကြသောအခါ ရှုပါနှင့် ကျွန်တော်က မီးဖိုဆောင် နောက်ဘက်တွင် ပန်းကန်ဆေးရင်း စကားပြောနေကြ၏။ မြဟန်၊ အမေနှင့်သိန်းသိန်းတို့က အပြင်တွင် ရေနွေးကြမ်းသောက်ရင်း ပြောနေ ကြသည်။

ကျွန်တော်နှင့်ရှုပါက အပြင်သို့ ပြိုင်တူထွက်လာကြ၏။ သူတို့က စကားမပြတ်သေး၊ ကျွန်တော်နှင့်ပတ်သက်၍ သိန်းသိန်းက တိုင်တော သလို ပြောနေ၏။ အသုံးအစွဲကြီးကြောင်း၊ အပေါင်းအသင်းများကြောင်း၊ သူတို့သမီးအမိကပင် ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးထားကြရကြောင်း။

ည ကိုးနာရီနီးမှ သူတို့သမီးအမိနှစ်ယောက် ပြန်ကြ၏။ ရှုပါက လိုက်ပို့ဦးဟု ဆိုသဖြင့်-

"အမေ ကျွန်တော် ဆိုင်ခဏလိုက်သွားလိုက်ဦးမယ်" ဟု ပြောပြီး လိုက်လာရ၏။

✣ ✣ ✣

"ကိုကို့အမေနားကပ်ကြီးက ဟက်နေတာပဲ၊ နားမလေးဘူးလား မသိ ဘူး" လမ်းတွင် ရှုပါက ကျွန်တော့်ကို နောက်သည်။ အုန်းခိုင်နားတောင်း ဆွဲခေါ်သော ရှေ့အမေကြီးတို့၏ နားတောင်းပင်။ ရှုပ်ါမျက်စိထဲတွင် မှိုင်း



www.burmeseclassic.com

www.burmeseclassic.com



သလို မြင်ပုံရ၏။ နားတောင်းကြောင့် နားပင် တွဲကျနေသည်။

"ရှေ့အမေကြီးတွေက ဒီလိုပဲ ဝတ်တာပေါ့အေ့" ဟု သိန်းသိန်း ဆိုသည်။

"အမေ့နားတောင်းက စိန်ကိုကော ရှုပါ မျက်စိမကျိန်းမိဘူးလား" ဟု ကျွန်တော်က နောက်၏။

"ကျိန်းတာပေါ့"ဟု ရှုပါက ဆိုသည်။

"မသိန်းသိန်းကို အမေက ဘာပြောလဲ"

"ရှင်တို့ကို ကြည့်ရှုစောင့်ရှောက်ပေးတာ ကျေးဇူးတင်ပါတယ်တဲ့"

"ဗျာ၊ ခင်ဗျားက ကျွန်တော်တို့ကို စောင့်ရှောက်ပေးတယ်။ ဟုတ် ပေါ့ဗျ၊ ကျုပ်တို့ကလည်း စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်နေတာကိုး။ ည ကတောင် ခင်ဗျားတို့ ဟင်းလာပေးလို့၊ နို့မို့ရင် ကျုပ်တို့က ငါးပိရည် စားကြရမှာ။ အမေ့ခမျာမှာလည်း ဒီသားနှစ်ယောက်ပဲ အားကိုးရာရှိ စားရမဲ့သောက်ရမဲ့ဖြစ်ပြီး ရောက်လာတာကိုး၊ သနား . . . ."

"တော်စမ်း၊ ရှင့်ပြောလိုက်ရင် ထေ့ဖို့ငေါ့ဖို့ပဲ။ ရှင်တို့ ချမ်းသာတ ဆိုတာ သိပါတယ် ကိုဖင်ခေါင်းရဲ့၊ သိပ်မကျွယ်ပါနဲ့။ ကျွန်မတို့က မဝတ်နိုင်လို့ စိန်ကဲမခတ်တတ်ပေမယ့် လူကဲတော့ ခတ်တတ်ပါတယ်ရှင့် ပြောလိုက်ရင် တကတည်း အကျောကြီးနဲ့။ ကျွန်တော်မက စကား အောင် ပြောရတာရှင့်"

ရှုပါက မျက်စောင်းထိုးသဖြင့် ရယ်ရွှန်းဖတ်ရွှန်းလုပ်ပစ်ရ၏။

"လှအောင်ကို ပြောချင်ရင် တောင်စီရုံးမှာသွားပြော။ ခု ကော ရုံး မပိတ်သေးပါဘူး"

"ရှင်နော် လမ်းမှာ" ဟု စကားအဆုံးသတ်၏။

"မသိန်းသိန်း"

"ဘာလဲ"

"နောက် အမေက ဘာပြောသေးလဲဗျ"

"ပြန်မှ ရှင့်ဘာသာရှင် မေးကြည့်"

"ခင်ဗျားကို ဘာမှ မပြောလိုက်ဘူးလား"

"ဟင့်အင်း"

"ကျွန်တော့်တော့ ပြောလိုက်တယ်"

"ဘာပြောလိုက်လဲဟင်"

"စောစောပြန်လာခဲ့ပါတဲ့"

ရှုပါက ရယ်သည်။ သိန်းသိန်းက ဘာသဘောပေါက်သည်မသိ ဘာလို့လဲတဲ့။

"သူတို့မြို့လို ထင်လို့နေမှာပေါ့။ ကျွန်တော်တို့မြို့က ညဆယ်နာရီ ကျော်ရင် မီးစက်ပိတ်တယ်လေ"

"ဒါ ရန်ကုန်မြို့လို့ မပြောခဲ့ဘူးလား"





ရှုပါက ဝင်ပြော၏။

"ရန်ကုန်က ပိုကြောက်ရတာပေါ့။ ရည်းစားရှေ့တောင် စာလာပေး အကောင်တွေနဲ့ ရှုပ်လွန်းလို့ ရှုပါနဲ့ဦးကို သမီးရည်းစားထင်ပြီး ချောင်း ဘယ့်နှယ်လုပ်မလဲ"

"သေလိုက်ပေါ့" ဟု သိန်းသိန်းက ဆိုသည်။

"ငိုမယ့်လူရှိနေတော့ ခက်တယ်ဗျ။ အမေကလည်း သွေးထွက်သံယို မကြည့်ရဲဘူး။ နှလုံးရောဂါ ရှိတယ်"

"ရှင့်အပေါက်ကလည်း ချောင်းရိုက်ချင်စရာပဲ"

"ဆုတောင်းကိုဗျ၊ ပါရမီ ဆိုတာ လူတိုင်း ပါတာမဟုတ်ဘူး မသိန်း သိန်း"

"တော်စမ်းပါ"

ရှုပါကပါ "တကယ်ပဲ" ဟု ဆိုသဖြင့် စကားဖြတ်လိုက်ရ၏။

ဆိုင်ရှေ့တွင် ခြေလှမ်းကို ရပ်လိုက်သည်။ သူတို့သမီးအမိက ဆိုင်ထဲဝင်သွားကြ၏။ မတက်တော့ဘူးလားဟု ရှုပါက မေး၏။

"အမေက မှာလိုက်ပါတယ်ဆို"

"ကလေးက လိမ္မာသားပဲ၊ သွားသွား မီးစက်မပိတ်ခင်"

တကယ်လည်း အိမ်သို့ ပြန်လာမိသည်။ ဆိုင်ပေါ်ပင် မတက်ခဲ့ တော့။ လဆုတ်လမိုက်ညပင် ဖြစ်သော်လည်း ရန်ကုန်မြို့၏လမ်းမီးများ အား ထိန်ထိန်လင်းနေလေသည်။

✤ ✤ ✤

လှေကားထစ်တွင် ရပ်လိုက်သည်။ တံခါးကို တွန်းလိုက်၏။ စေ့ရုံ စေ့ထားသော တံခါးက ပွင့်သွားသည်။ ကျီခနဲ မြည်သံနှင့်အတူ-

"မောင်အေးဟန်လား" ဟူသောအမေ၏ လှမ်းမေးသံကို အတွင်းခန်း ကြားလိုက်ရသည်။

"ဟုတ်ကဲ့ အမေ" ဟု ပြန်လာပြီဖြစ်ကြောင်း အသံပြုလိုက်ရ၏။

ဧည့်ခန်းထဲရှိ စားပွဲ၊ ကုလားထိုင်တွေကို တစ်ဖက်သို့ ရွှေ့ထားသည်။ ထောင်ကို အသင့်ထောင်ပေးထား၏။ ခေါင်းအုံး၊ အိပ်ရာခင်း၊ စောင် လည်း အသင့်ပြင်ပေးထားသည်။ မိမိအား မြဟန် နယ်နှင်လိုက်ပြီဟု လိုက်ရသည်။ အဝတ်လဲရင်းက တစ်ချက် ပြုံးမိသွားသည်။ အတွင်းခန်း ခေါင်းရင်းဘက်က ကျွန်တော့်ခုတင်ကို အမေ့အား နေရာချပေးထား တ်ပြီ။ သူက အမေ့အနားတွင် အိပ်မည်။ ခါတိုင်းဆိုလျှင် ညီအစ်ကို ယောက် အတွင်းခန်းထဲ၌ ခုတင်ချင်း ယှဉ်ကာ အိပ်နေကျဖြစ်သည်။

"ဘယ်တုံးက တွေ့ကြတာလဲ" ဟု အမေ၏ အမေးစကားသံကို ဝတ်လဲရင်း တစ်ဝက်တစ်ပျက် ကြားလိုက်သည်။

"မိုးဦးက" ဟု မြဟန်က ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com


သွားရင်းလာရင်း ခလုတ်ကန်သင်းတိုက်သလိုတော့ မဟုတ်ပါဘူး အမေ။ သိပ်ဟောင်းကျွမ်းဟောင်းလို့ ပြောတာပဲ၊ မေးကြည့်ပေါ့"

"သူ့အမေလည်း ပြောသွားသားပဲ"

"ဟုတ်ကဲ့"

"အရင် တက္ကသိုလ်က ဆရာမ ဆိုတာကကော"

"ကိုကို ထောင်ဆယ်နှစ်ကျသွားတယ် ဆိုတာနဲ့ ယောက်ျားယူသွား ပြီ"

အမေ၏ သက်ပြင်းရှိုက်တတ်သံကို ကြားယောင်မိသည်။ 'ငါ့သား တော့ သိပ်ခံစားရမှာပဲ' တွေးနေလိမ့်မည်။ နန္ဒာကျော်ရင်နှင့်ပတ်သက်၍ တက္ကသိုလ်နေကြသောအရပ်က ညီမဝမ်းကွဲများသည် အမေ့ကို တစ်ဆင့် ပြောဖူးကြကြောင်း ကျွန်တော် သိထားရသည်။

"လူလေး မြင်ဖူးမှာပေါ့"

"မြင်ဖူးပါတယ်၊ ရုံးချိန်းနဲ့ ထောင်ဝင်စာမှာ ခဏခဏ ဆုံဖူးတာပဲ"

နန္ဒာနဲ့ ပတ်သက်၍ သူငယ်ချင်းများ နောက်ပြောင်ကြသည်ကို သတိ ရမိသွားသည်။

'မင်းလို အသန့်အပြန့် အမွှေးအကြိုင်သိပ်ကြိုက်တဲ့ အကောင် များ ခုတော့ နံတာကိုပဲ ကြိုက်ရတယ်လို့'

ဝေဒနာသည် ပြယ်ပျောက်သွားပြီး နန္ဒာနှင့်ပတ်သက်သော ခံစား ကို အကျဉ်းထောင်ထဲ၌ မြှုပ်နှံသင်္ဂြိုဟ်ထားခဲ့လေပြီ။ ယခင်ကလို မခံစား ရတော့။ နန္ဒာပြောတတ်သောစကားများကို တွေးကြည့်လျှင် ရယ်ပင်ရယ် ချင်နေ၏။ 'အားတင်းစမ်းပါ ကိုရယ်၊ ယောက်ျားပဲ။ နန္ဒာ့ကို စိတ်ချ မင်းဝေဿမန္တိုထုံး နှလုံးထားတဲ့ နန္ဒာပါ မောင်ရယ်' တဲ့။

"ခုမိန်းကလေးနဲ့ ဘယ့်နှယ်နေလဲ"

"ဟိုက ပညာတတ်တယ်၊ မာနရှိတယ်၊ ရုပ်လည်းလှတယ် အမေ ပစ္စည်းသာမရှိတာ"

အမေ၏အသံက တိတ်သွားပြန်သည်။

အမေသည် မတော်လိုက်ရသောချွေးမကိုပဲ စိတ်ကူးရုပ်ပုံဖော်ကြည့် နေလေသလား၊ စောစောကမှ ပြန်သွားသော ရှုပ်ပုံအကြောင်းပဲ တွေး လေသလား အတွေးမပြတ်ခင် အမေ့အသံက ပြန်ပေါ်လာသည်။

"အမေ့သားတွေထဲမှာ အေးဟန်က အပင်ပန်းခံနိုင်ဆုံးနဲ့ ဇွဲအရှိဆုံး လို့တော့ အမေ ယုံထားတယ်။ လူကောင်သေးပေမင့် စိတ်ကောင်က ကြီး တယ်။ သူ လိုချင်တာကို မရမနေလုပ်တတ်တာကတော့ ငယ်ငယ်တုန်း ကပင် ဗီဇပဲ။ လူမှာ ဗီဇဟာ သိပ်အရေးကြီးတယ်။ မျိုးရိုးဗီဇ ဆိုတဲ့ စကား ရှိတယ်လေ၊ မိန်းကလေးက ငယ်လွန်းတယ်၊ နှစ်ဆယ်တောင် ပြည့်သေးရဲ့လား"

မြဟန်၏ ပြန်ပြောသံကို မကြားရ။ 'နှစ်ဆယ်ထဲ ဝင်နေပါပြီ အမေ လာမယ့် တန်ခူးလဆို ဆယ့်ကိုးနှစ်ကျော်မှာပါ'ဟု ပြောလိုက်ချင်သည်မှာ လျှာယားနေ၏။ သို့သော် တွေတွေဆဆ ပြောတတ်သော အမေ၏စကား ကို နာယူလိုသေးသဖြင့် နှုတ်ဆိတ်ထားလိုက်၏။ ထရံနှင့်နားကိုလည်း ကပ်ထားမိသည်။

"အိမ်ထောင်ရေးမှာ လင်တစ်ထမ်း၊ မယားတစ်ရွက်ဆိုတဲ့ စကား ရှိတယ်။ ငယ်နုသေးတဲ့ အရွယ်မှာတော့ ချစ်တာတစ်ခုတည်းပဲ တွေးမိ တတ်ကြတာ။ အေးဟန်က အရာရာမှာ ဦးဆောင်မှုပေးရမယ့် အရွယ်ပဲ။ ဒီကောင်က တစ်ခါတစ်ခါ ဇွတ်လုပ်တတ်တော့ ခက်တယ်။ ငယ်သေး တော့ ထိန်းသိမ်းနိုင်ပါ့မလား"

"သူလည်း ဈေးရောင်းနေတာပဲ အမေ၊ ဈေးသည်စိတ်တော့ ရှိပါ လိမ့်မယ်။ သူလည်း နိုင်တဲ့ဝန်ရွက်နေတာပဲ"

မြဟန်၏စကားကို အတော် သဘောကျသွားသည်။ ရှုပ်ပုံအပေါ်တွင် ဒီကောင် မည်မျှ သံယောဇဉ်ရှိနေပြီကို ထပ်၍ သိလိုက်ရသည်။ ယခင်က ငယ်သည်၊ ချွဲနွဲ့ပြီး အစ်ကိုကို ပါးစပ်ဖျားနဲ့ ခိုင်းစားလိမ့်မည် ဟူသော အယူအဆနှင့် စိုးရိမ်စကားဆိုခဲ့ဖူးသည်။ ဤစကားကို မိမိ ချေပဖူးသည်။ ငါက ချွဲတတ်နွဲ့တတ်မှ ကြိုက်တာ။ မိန်းမရဲ့အရည်အချင်းက ဒါပဲ။ အိမ် ပြန်လာလို့ ငူငူကြီး ထိုင်နေရင် ဆေးခန်းရောက်ပြီသာမှတ်ဟု ရွဲ့၍ ပြော ဖူးသည်။ မြဟန်သည် အမေသားဟု မပြောရ။ အမေ့ကလည်း ယခု ဤ စကားပင် ဆိုလာပြန်သည်။ သို့သော် မြဟန်သည် ယခုအခါ ကျွန်တော့် ဘက်က ကာကွယ်သူ။

"သူ့မိဘများကကော ဘာလုပ်ကြလဲ"

"သူ့အမေကတော့ ဘာမှ မလုပ်ဘူး။ ဆိုင်ခန်းငှားစားတယ်လို့ပဲ ပြောရမယ်။ သူ့ပထွေးက ဆိုက်ကားနင်းတယ်"

"ဟင်- ပထွေးနဲ့ နေရတာလား"

"ဟုတ်ကဲ့"

"သူ့အဖေက ဆုံးတာလား၊ ကွဲတာလား"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး အမေ"

အမေ့အသံ ဆိတ်သွားသည်။ ရုတ်တရက် ရင်ထဲ တင်းကျပ်သွား မိ၏။ မြဟန်သည် တကယ်မသိ၍လား၊ မသိယောင်ဆောင်ခြင်းလား၊ အစ်ကိုကိစ္စ အစ်ကို ပြောပါစေဟု တမင်နေလေသလား၊ ဝင်မပြော၍ မဖြစ်တော့မှန်း သိလိုက်သည်။

ကျွန်တော် မအိပ်သေးမှန်း မြဟန်ရောအမေပါ သိကြလိမ့်မည်။ အပြင်မီးခလုတ်ကို ပိတ်လိုက်၏။ ခြေသံကို ခပ်ပြင်းပြင်းနင်းသည်၊ အတွင်းခန်းထဲ ဝင်လိုက်၏။

အမေ့ခြေရင်းတွင် ညင်သာစွာ လှဲချလိုက်သည်။ ခြေသလုံးကိုလည်း ဆုပ်နယ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ အမေ" ဟု မေးလိုက်ရသည်။

"ကလေးမလေးက မင်းထက် အတော်ငယ်တာပဲ"

ဟု အမေးစကားစ,သည်။

"သိပ်မငယ်ပါဘူး အမေ၊ လေးငါးနှစ်ပဲ့ါ"

"ကြံကြီးစည်ရာကွယ်၊ အမေ့အထင် ဒီကလေးမအသက် ရှိလှ နှစ်ဆယ်ပေါ့"

"ဆယ့်ကိုးနှစ်ကျော်ပါပြီ အမေ"

"မင်းအသက် သုံးဆယ့်ကိုးလေ၊ ဘယ်လိုလုပ် လေးငါးနှစ်ပဲကွာမလဲ"

"ဟုတ်တယ်လေ အမေ၊ အဲဒါကြောင့် လေးငါးနှစ်ပဲကွာပါတယ် ပြောတာပေါ့ အမေရာ"

"ဘာရယ် အေးဟန်"

"ဒွေးချိုးလေးတိုးဆို မဟုတ်လား အမေ။ ရှုပါက ဆယ့်ကိုးနှစ်၊ ကျွန်တော်က သုံးဆယ့်ကိုးဆိုတော့ အနှစ်နှစ်ဆယ်ကွာတယ်။ တစ်ဝက်ပဲ ဆိုလိုက်ပါတော့ အမေရာ။ လေးမတိုးလောက်တော့ နောက်ခြောက် လာတဲ့"

"ခွေးကောင်လေး၊ ငါက တကယ်မှတ်လို့"

မြဟန်က ရယ်၏။

"မိန်းကလေး ငယ်တာတော့ ကောင်းပါတယ်"

ပြန်ပြင်၍ပြောသော အမေ့စကား။

"ဒါပေမယ့် သိပ်ငယ်နေတော့ အိမ်ထောင် မထိန်းသိမ်းတတ်ရင် ငါ့သား စိတ်ဆင်းရဲမှာစိုးလို့။ ကလေးမလေးက သွက်သွက်လက်လက် ချက်ချက်ချာချာတော့ ရှိပုံရပါတယ်"

"ရုပ်လည်းလှပါတယ် အမေရယ်"

မြဟန်ကပါ ဝင်ပြောသည်။

"ရုပ်ကတော့ သွေးသောက်ရတာမှ မဟုတ်တာ၊ လိမ္မာဖို့ အရေးကြီး တယ်"

ဘာမှမပြောဘဲ နေကြည့်၏။

အမေ၏ကိုယ်သည် ကျွန်တော့်ဘက်သို့ စောင်းလာ၏။ မမေးဘဲနေ၍ မရ။ 'အမေ ဘယ်လိုထင်လဲ'ဟု မေးရ၏။ လိမ္မာရေးခြားတော့ ရှိပုံရ သားပဲဟု မယုတ်မလွန် ဆိုသည်။ ကျွန်တော့်ခါးကို မြဟန်က တို့မိသွား သည်။ သည်ကောင် တမင် လုပ်တာလားဟု ထင်လိုက်၏။

"မျိုးရိုးကောကွယ်"

ဗီဇမျိုးရိုးဟူသောစကားသည် စောစောက အမေ့အပြော၌ ပါခဲ့ဖူး သည်။ အကြောင်းစုံကို ကျွန်တော် မရှိခိုက်၌ မြဟန် ပြောထားပြီးဟုလည်း ထင်၏။ အမေ့ကို ကွယ်ကွယ်ဝှက်ဝှက် ပြောရန်လည်း မသင့်ဟု ယူဆ သည်။ အမှန်အတိုင်း ပြောလိုက်ရသည်။





"သိန်းသိန်းကတော့ အိမ်ထောင် သုံးဆက် အမေ။ ကောင်မလေး အဖေကလည်း ရှိပါသေးတယ်။ ကျွန်တော့်သူငယ်ချင်းပါ"

"ဆုံးပါးသွားတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး အမေ့၊ အားလုံး ကွဲကြ၊ ကွာကြတာချည်းပါပဲ"

အမေက သက်ပြင်းရှိုက်၏။ သုံးလင်ပြောင်းသော မိန်းမပါလားဟု တွေးနေကြောင်း သိသာသည်။

"အင်း- အမေကတော့ တော်တော်လည်ပုံရတယ်" ဟု ဆိုသည်။ "ရုပ်ရှိတာကိုး" ဟုလည်း ထပ်ဆို၏။ စကားမပြတ်သေး။

"ကလေးမလေးအဖေကလည်း မင်းသူငယ်ချင်းဆိုတော့ ကလေးမ က သူ့အမေရုပ်တော့ မရှိပါဘူး။ အသားအရေကလည်း သူ့အမေထက် ကောင်းတာပဲ။ အဖေနဲ့များ တူလား"

"သူ့အဖေ ကိုသန်းမြင့်ကတော့ အသားညိုတယ်၊ အရပ်ကလည်း ကျွန်တော့်ထက် နိမ့်ပါတယ်။ သူ့အမေလည်း အရပ်ပုတာပဲ။ အမေ မြင် လိုက်ပါတယ်"

"ဟုတ်တယ်၊ ကလေးမက အရပ်ထွက်တယ်။ အမေထက်မြင့်တယ်"

"ရှုပ့်အရပ်က ခု အိမ်မှာရှိနေတဲ့ ပထွေးလိုပဲ မြင့်တယ်"

"မဆိုင်တာ ကိုကိုကလည်း"

အမေ့ရှေ့မို့ မြဟန်ကို ဘာမှမပြောလိုက်တော့။ ခဏနှုတ်ဆိတ်ရ ၏။ ရှုပ့်ကို နောက်နေကျစကားသာ အမေ ကြားသွားလျှင် မိမိကို ဆိုလေ မည်။

"မိန်းကလေးက ဘယ်လူနဲ့တူလဲ။ အမေနဲ့ပိုတူလား၊ အဖေနဲ့ ပိုတူ လား"

"ဘယ်လူနဲ့မှ မတူဘူးအမေ ဘာဖြစ်လို့လဲ"

"ဩော်- မိန်းကလေးက အဖေနဲ့တူရင် ကောင်းစားတတ်တယ်တဲ့။ ယောကျ်ားလေးကျတော့ အမေနဲ့တူရင် ကောင်းစားတယ်တဲ့"

"မဆိုင်တာ အမေရာ"

"ဆိုင်တယ် သား၊ အဲဒါ အမှန်ပဲ။ ခင်သိန်း တွေ့တယ်မဟုတ်လား။ သူ့အဖေနဲ့ ဘယ်လောက် တူလဲ။ နှာခေါင်းများ သူ့အဖေ နှာခေါင်း ယူတပ် ထားလားထင်ရတယ်"

သဘော်သား ညီဝမ်းကွဲတစ်ယောက်၏မိန်းမကို အမေက ဥဒါဟ ရဏ် ဆောင်လေသည်။

"အဲဒါကြောင့် မမခင်သိန်းက အရုပ်ဆိုးတာ" ဟု မြဟန်က ဆို သည်။

"စိတ်ကောင်းသိပ်ရှိတဲ့ ကလေးမ၊ လင့်ဝတ်ဧည့်ဝတ်လည်း သိပ်ကျေ ပွန်တာလို့ ပြောကြတယ်" ဟု အမေက ပြောသည်။

"မင်းရုပ်ကတော ကုလားလားထင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်၊ ကျွန်တော်က ဘာလို့ ကုလားနဲ့ တူရမှာလဲ။ ယောက်ျားမှာ ကျွန်တော့်ရုပ်ဆို ဆိုးတဲ့အထဲ မပါပါဘူး ကိုကိုရာ၊ နော်အမေ။ သံမဏိကလူတွေဆို သိပ်ခန့်တယ်လို့တောင် ပြောကြတယ်"

ကျွန်တော်က ရယ်လိုက်သည်။

"မိအေးပုံပြင်လိုပေါ့ အမေရာ" ဟု ပြောလိုက်သောအခါ အမေတပါ သိမ့်သိမ့်ခါ၍ ရယ်လေသည်။

"နင့်အပြောကတော့လေ . . ."ဟု ဆိုသေး၏။

မြှဟန်ကတော့ မိအေးပုံပြင်ကို ကြားဖူးပုံမရသဖြင့်ကြောင်နေသည်။

"ဘာမိအေးပုံပြင်လဲ အမေ" ဟု မေးသည်ကို ကျွန်တော်ကပင် ပြောပြ၍ ဟားလိုက်ရသည်။

ရှေးတုန်းက တောရွာတစ်ရွာတွင် မိအေးမည်သော မိန်းမပျိုတစ်ယောက် ရှိလေသည်။ အမေ ငယ်စဉ်ကပင် ဆုံးသွား၍ မိအေးမှာ အဖေနှင့် နေရ၏။ အသားမည်းမည်းနှင့် ငါးကျည်းခြောက်ဖြစ်ရသည့်အထဲ နဖူးမောက်၊ နှာရောင်ကောက်သည့်အပြင် ကျောက်ပေါက်မာကလည်း လက်တစ်ဆုပ်လောက် ရှိသည်ဆို၏။ အခါတစ်ပါး၌ ရှင်ဘုရင် တိုင်းခန်းလှည့်လည်လာရာ ရွာရှိ ရုပ်ရည်ချောမောလှပသူ အပျိုများက ပုန်းအောင်းနေကြသည်။ ရှင်ဘုရင်နှင့် မှူးမတ်သေနာပတိများမြင်လျှင် တော်ကောက်သွားမှာစိုး၍ ဖြစ်၏။ ထိုအခါ သူများနည်းတူ မိအေးကလည်း ပုတ်ထောင့်ကြား ဝင်ပုန်းနေ၏။

တိုင်းခန်းလှည့်လည်လာသော ရှင်ဘုရင်နှင့် မှူးမတ်များ သူတို့ရွာကျော်လွန်၍ အခြားတစ်ရွာသို့ ရောက်သွားသောအခါ ပုန်းနေသောအပျိုတွေက အလျှိုလျှို ထွက်လာကြသည်။ မိအေးကား ရှင်ဘုရင် သုံးလေးရွာ လွန်သွားပြီဖြစ်သော်လည်း ထွက်မလာသေး။ ဆင်မြင်း ရထားများနင်းကြိတ်သွားလေသလား၊ ရုပ်ဆိုးသဖြင့် သရဲတစ္ဆေ မှတ်ကာ သတ်ဖြတ်များထားခဲ့လေသလား ဟူသော သောကနှင့် အဖေဖြစ်သူမှာ သမီးကိုတကြော်ကြော် အော်ခေါ်ရှာသည်။ ညနေမိုးချုပ်မှ မိအေးက 'အဖေကျွန်မ ဒီမှာပါ' ဟု ပြောဆိုပြီး ပုတ်ထောင့်ကြားက ထွက်လာသည် ဆို၏။ 'ဟဲ့ ငါတစ်နေ့လုံး အော်ခေါ်နေတာ နင် မကြားဘူးလား၊ ပုတ်ထောင့်ကြားထဲ ဘာလုပ်နေလဲ' ဟု စိတ်ဆိုးဆိုးနှင့် သူ့အဖေက မေးသောအခါ 'ရှင်ဘုရင် တိုင်းခန်းလှည့်လည်လာရင် တော်ကောက်မှာစိုးလို့ ပုန်းနေရတယ် ပြောကြလို့ ကျွန်မလည်း ပုန်းနေတာပါ' ဟု ပြန်ပြောလေ၏။

ထိုအခါ သူ့အဖေက သမီးကို ခေါ်မကြားအော်မကြား ရှာရ၍ ဒေါသဖြစ်ဖြစ်နှင့် 'ဟဲ့- နင့်လို သောက်ရုပ်ဆိုးတာ ဘယ်ရှင်ဘုရင်က ကောက်မှာလဲ' ဟု ဆဲဆိုလေသည်။ ထိုအခါ မိအေးက 'အဖေကလည်း သမီးကိုဒီလို မပြောပါနဲ့၊ သမီးကို အရပ်က ပြောကြတယ်၊ ရှေ့ကကြည့်ရင်သာမလှပေမယ့် နောက်ကကြည့်ရင် ယဉ်တယ်တဲ့ အဖေရယ်' ဟု ပြောပြ





လေသည်။

ပုံပြင်ဆုံးသောအခါ မြှဟန်လည်း ရယ်လေ၏။ ပြီးမှ-

"ကိုကိုက မေမေနဲ့ ပိုတူတာပဲ၊ ဘယ်မှာ ကောင်းစားလို့လဲ။ ထောင်ထဲ ငါးနှစ်ခြောက်နှစ် နေခဲ့ရတာ၊ ဘယ်လောက် ကံဆိုးလဲ" ဟု ပြန်ပြောသည်။

"ရှေ့လျှောက် အေးဟန်က ကောင်းစားတော့မှာပါ။ အမေ ဗေဒင်လည်း မေးလာတယ်။ အဆိုးတွေ ကုန်ပါပြီတဲ့၊ အကောင်းချည်း လာတော့မယ်တဲ့"

"ခု မိန်းမယူတော့မယ်တဲ့ အမေရယ်"

"ယူပေါ့၊ အရွယ်တောင် လွန်နေပြီပဲ"

"ယောက်ျားမှာ မိန်းမရတာ ကံနိမ့်လို့ဆို"

"ဘယ်ဟုတ်မလဲ သားရယ်၊ သူ့ကံကိုယ့်ကံ ပေါင်းမိတော့ စီးပွားတက်တာလည်း ရှိတတ်တယ်။ မိန်းကလေးက ဘယ်နေ့သမီးတုံး"

"တနင်္ဂနွေပါ အမေ" ဟု ဝင်ပြောလိုက်ရ၏။

"ကောင်းတယ်၊ နေ့ချင်းထပ်တော့ မြတ်တယ်တဲ့" ဟု အမေက မှတ်ချက်ချပါလေသည်။

✤ ✤ ✤

ရှုပါက လှမ်းကြည့်၍ ပြုံးပြ၏။ သိန်းသိန်းက-

"ရထားလက်မှတ်ရခဲ့ရဲ့လား" ဟု မေးသည်။

"ဟုတ်ကဲ့" ဟု ပြောလိုက်ရ၏။ ရှုပါ့ရှေ့က အရောင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ အိတ်ထဲက ဒိုင်ယာရီစာအုပ်ကို ထုတ်သည်။ ပလတ်စတစ်အဖုံးကြားမှ စာအိတ်တစ်အိတ်ကို ယူ၍ ရှုပါ့ရှေ့ လှမ်းပေးလိုက်၏။

"ဘာလဲ ကိုကို"

"ပိုက်ဆံလေ၊ ရေကြည့်ဦး"

ရှုပါ စာအိတ်ထဲက ရာတန်တွေကို တစ်ရွက်ချင်း ရေနေသည်။ ဘယ်နေ့ရလဲဟု သိန်းသိန်းက လှမ်းမေးသဖြင့် မနက်ဖြန်ဟု ဖြေလိုက်သည်။ အကြည့်ကို ရှုပါ့မျက်နှာသို့ ပြန်ရွှေ့၏။ သိန်းသိန်းကလည်း ရှုပါငွေရေနေတာကို လှမ်းကြည့်နေသည်။

"ညရထားလား၊ မနက်ရထားလား"

"ညရထားပါ"

"အမေကြီး အိပ်ရေးပျက်နေလိမ့်မယ်။ နေ့ရထားဘာလို့ မယူလဲ"

"ခင်ဗျား ပြောသလို အိပ်ရေးပျက်မှာစိုးလို့"

သိန်းသိန်းက သဘောမပေါက်သလို လှမ်းကြည့်၏။

"ညရထားဆို အိပ်လိုက်သွားရုံပဲလေ၊ မိုးလင်းတာနဲ့ မန္တလေးရောက်



www.burmeseclassic.com

www.burmeseclassic.com

သွားမယ်၊ ကံကောင်းရင် ချက်ချင်း မိုးကုတ်ကားရမယ်"

"မန္တလေးမှာ ဘုရားမဖူးတော့ဘူးလား"

"ဘုရားက အိမ်မှာလည်း နေ့တိုင်း ဖူးနေရတာပဲ"

"တကတည်း ပြောလိုက်ရင်" သိန်းသိန်းက ဆို၏။

"မဟုတ်ဘူးလား၊ ခင်ဗျားတို့သာ ဘယ်ဘုရား ကပ်ကျော်တယ်ဆို သွားဖူးကြ၊ ဘယ်ဘုရား ရန်တင်းတယ်ဆို သွားလိုက်ကြနဲ့ အိမ်ကဘုရားကျတော့ ခင်ဗျားတို့ ရန်တိုက်နေသလိုလို"

"တော်ပါ"ဟု ပြောပြီး သိန်းသိန်းက ရယ်သောအခါ ရွှပါပါ လိုက်ရယ်လေသည်။

အမှန်မှာ မန္တလေးကို သုံးလေးခါ ရောက်ဖူးပြီးဖြစ်သဖြင့် အပြန်မှ မန္တလေးဘုရားစုံနှင့် စစ်ကိုင်း၊ မုံရွာ သမ္ဗုဒ္ဓေတို့ကို လိုက်ပို့မည်ဟု မှန်းထားသဖြင့် တမင် ရယ်စရာလုပ်ပြောခြင်း ဖြစ်သည်။

ဆီစိမ်မုန့်စက္ကူကို ခွာလိုက်၏။ ရွှပ့်မျက်နှာကို စိုက်ကြည့်ကာ ချောကလက်တစ်ပြားကို တစ်ကိုက် ကိုက်လိုက်သည်၊ ရွှပါက သူ့အမေမျက်နှာကို လှမ်းကြည့်သည်။

"ရော့- စားမလား" ဟု သိန်းသိန်းရှေ့၌ပင် ရွှပ့်ကို ချောကလက်တစ်ပြား ခွဲ့ပေးလိုက်၏။ ပထမတစ်ခါတော့ ခေါင်းခါသေး၏။ နောက်မှ လတ်နှင့် လှမ်းယူ၍ စားသည်။

"ငွေဘယ်လောက်ရှိလဲ"

"သုံးသောင်း"

"ဟုတ်ရဲ့လား"

ခေါင်းညိတ်ပြသည်။

"နှစ်သောင်းပြန်ပေး"

"ဘာလုပ်ဖို့လဲ"

"မန္တလေးမှာသုံးဖို့"

"နှစ်သောင်းတောင် ကုန်မှာလား"

"နည်းတောင်နည်းသေးတယ်။ မေမေနဲ့ နှစ်ယောက်သွားမှာပဲ။ မိုးကုတ်က ရှင်ပြုမှာလည်း အလှူပါရဦးမှာ၊ မိုးကုတ်ကပြန်ရင် မုံရွာတို့ စစ်ကိုင်းတို့ပါ ဘုရားအနှံ့ လိုက်ပြရဦးမယ်"

"တစ်သောင်းနဲ့ ဘယ်လိုလုပ်ရမလဲ"

ရွှပါက မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

ချက်ချင်း သဘောပေါက်လိုက်သည်။ ယခင်က အမေ ရောက်လာလျှင် ချက်ချင်း လူကြီးစုံရာနှင့် စေ့စပ်ကြောင်းလမ်းမည်၊ မင်္ဂလာဆောင်အတွက် ငွေလေးငါးသောင်းကို အိပ်ရာအခမ်းအနားဝယ်ရန် ပေးမည်ဟု ရွှပ့်ကို ပြောဖူးသည်၊ ဤသည်ကို သတိရ၍ ရွှပါက မေးခြင်း ဖြစ်သည်။

"ဘာလို့ မရမှာလဲ၊ အဲဒီ တစ်သောင်းက ကျိုက်ထီးရိုးသွားဖို့လေ။





မေမေက ကျိုက်ထီးရိုး တစ်ခါမှ မရောက်ဘူးသေးဘူး၊ မိုးကုတ်ကပြန်ရင် ကျိုက်ထီးရိုးသွားမယ်၊ မြဟန်လည်း လိုက်မယ်လို့ ပြောတယ်၊ မုတ္တမမှာ ညီဝမ်းကွဲတစ်ယောက်လည်းရှိတယ်၊ မော်လမြိုင် ကျိုက္ခမီဆီသွားကြမှာ တစ်သောင်းဆို လောက်နိုင်ပါတယ်၊ ကျိုက်ထီးရိုးမှာ ငါးထောင်လှူမယ်၊ နောက်ဘုရားတွေမှာ တစ်ထောင်စီထား၊ လမ်းစရိတ်က အမေခံလိမ့်မယ်၊ သူ့ကို လိုက်ပို့တာပဲ"

"ဩော်" ဟုသာ ဆို၏၊ ငွေနှစ်သောင်းကို ပြန်ပေးသည်၊ ရွှပ့်မျက်နှာတွင် ညှိုးရိပ်တစ်ခုထင်၏၊ ဘာကြောင့်ပါလိမ့်ဟု ရင်ထိတ်သွားမိသည်၊ ချောကလက်တစ်ပြားကို ထပ်ခွဲ့သည်၊ သူ့အမေဆီ မျက်လုံးတစ်စွေ့ဝေ့၍ ငေးစပ်နှင့်ပင် ယူငုံထား၏။

"ကျိုက်ထီးရိုးသွားကြရင် သူမှားလည်း လိုက်မယ်" ဟု ဗလုံးဗထွေး ဆို၏။

ပြုံးမိသွားသည်၊ သူ့ကို လိုက် မလိုက်ပင် မမေးရကောင်းလားဟု စိတ်ကောက်ချင်နေပုံရသည်။

"လိုက်ရမှာပေါ့"ဟု ပြောလိုက်မှ သွားတက်တလေးပေါ်အောင် ပြုံးပြသည်။

"မနက်က အမေ့ဆီ ရောက်သေးတယ်"

"ဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ရွှပါ တစ်ယောက်တည်းလား"

"မေမေပါ ပါတယ်"

"ဘာသွားလုပ်ကြတာလဲ"

နှားကိုကိုင်ပြသည်။

"နဂိုကပင် ပေါက်ပြီးသားပဲ"

"စိန်နားကပ်လိုနေလို့"

'ကိုကို့အမေ နားတောင်းကြီးက ဟက်နေတာပဲ' ဟူသော ယခင်က ရွှပါ ပြောဖူးသောစကားကို သတိရ၍ ရယ်ချင်သွားသည်။

"မသိန်းသိန်း၊ ခင်ဗျားတို့ မနက်က အမေ့ဆီရောက်ကြတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာသွားလုပ်ကြလဲ"

"ကြည့်ပါလား၊ မေးပုံကြီးက ဘာလုပ်လုပ် ရှင့်အပူ မပါဘူး"

"အမေက ခင်ဗျားတို့ ဘာပြောလိုက်လဲ"

ရယ်၍ မေးလိုက်ရ၏။

"ငယ်ငယ်ကပင် မိဝေးဖဝေးနေရတော့ အေးဟန်က လူမှုရေးလည်း နားဝေးတယ်တဲ့။ ခုလို တွေ့ရတော့ အမေ ဝမ်းသာတယ်တဲ့၊ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အတည်တကျ ဖြစ်အောင် လုပ်ပေးထားတာ အမေကြီးက ကျွန် တို့ကို ကျေးဇူးတင်ပါတယ်တဲ့"

"မြတ်စွာဘုရား၊ ခင်ဗျားတို့က ကျွပ်ကို ဘာများ လုပ်ပေးထားလို့လဲ"

"ဆိုင်နဲ့ကနားနဲ့ ဒီလို တည်တည်ရပ်ရပ် ဖြစ်နေတာကိုပြောတာရှင့် အမယ် သူကပဲ နာရတယ်ရှိသေး"

သိန်းသိန်းက လမ်းမဘက် မျက်နှာတစ်ချက် လှည့်၍ မကျေနပ် သလို ဆို၏။ သို့သော် စိတ်ဆိုးပုံတော့ မရ။

"နေဒုက်ကောဗျာ၊ အမေက ဘာပြောလိုက်သေးလဲ"

"အစောကြီးကပင် လက်မှတ်ခံဖို့ ထွက်သွားတယ်တဲ့။ ဆိုင်တို ရောက်ရင် စောစောပြန်လွှတ်လိုက်ပါတဲ့။ အမေတို့မြို့က ဆယ်နာရီသို မီးပိတ်တယ်တဲ့။ အဲဒါ မြွေနဲ့ကင်းနဲ့ မိုးချုပ်အောင် မနေလေနဲ့တဲ့"

"အရေးထဲ ရှုပါက နောက်နေပြန်ပြီ"

"မဟုတ်ဘူးလားလို့"

"ဟုတ်ပါ့၊ ပြန်ဦးမယ် အမေ စိုးရိမ်နေမှာစိုးလို့"

"ကိုကို ထမင်းစားပြီးခဲ့ပလား"

"ခုမှ မေးရလား၊ စားပြီးခဲ့ပြီ"

"ရန်ကုန်ထဲက စားလာတာလား" ဟု သိန်းသိန်းက ကြားဝင်မေး သည်။

"ဟုတ်ကဲ့" ဟု ပြောလိုက်ရ၏။

"ညနေကျရင် အမေကြီးရော ရှင်တို့ ညီအစ်ကိုပါ ဒီမှာ ထမင်းလာ စားကြ"

"မြဟန်က အလုပ်ဆင်းမှာပေါ့"

"အမယ် မနက်က အိမ်မှာတွေ့ခဲ့ပါတယ်"

"ညအလှည့်ဗျ"

"အဲဒါဆို ရှင်နဲ့ ရှင့်အမေနဲ့ လာခဲ့။ ကျုပ်သားအငယ်ကို ပြောလိုက် အလုပ်ပြန်မှ ဒီမှာ လာစားလို့"

မြဟန်ကို သိန်းသိန်းက သူ့သားအငယ်ဟု တစ်ခါတစ်ခါ နောက် ပြောတတ်သည်ကို သတိရမိလိုက်သည်။

"လုပ်မနေပါနဲ့၊ အမေက ဘာမစား ညာမစားနဲ့။ မိုးကုတ်က ပြန်လာ မှ အေးအေးဆေးဆေးလုပ်ပါ။ မိုးကုတ်ယူဖို့ ဝယ်ခြမ်းစရာတွေလည်းရှိ သေးတယ်"

"ဒီလိုဆို ဘာလို့ အိမ်တစ်ပေါက် ပြန်လာသေးလဲ"

"ရထားလက်မှတ်ရတဲ့အကြောင်း အမေ့ကို ပြန်ပြောမလို့။ ဝယ်စရာ တွေက အများကြီး ရှိသေးတယ်။ ရှုပါတောင် ခေါ်သွားရမလား မသိဘူး"

ရှုပါနှင့်ခိုးသွားနေကြရသည်ကို မကျေနပ်၍ တမင် ပြောကြည့်၏။ ခေါ်သွားပါလားဟု ကျေကျေနပ်နပ် ဆိုသည်။





စိတ်ဝမ်းနှလုံး အေးမြသွားမိသည်။ ရှုပါလည်း ဝမ်းသာသွားပုံရ၏။ မျက်နှာလေးက ကြည်စင်နေသည်။

"တဲ- ပြန်ဦးမယ်ဗျာ။ ရှုပါ ပိုက်ဆံတွေလည်း သေသေချာချာသိမ်း ထားနော်။ ဆိုင်က ပိုက်ဆံနဲ့ မရောစေနဲ့"

"ရောပစ်မှာပဲ" ဟု ရှုပါက ဆိုသည်။

"ဟုတ်တယ်၊ မိုးကုန်သွားပြီ မီးနဲ့ထင်းနဲ့ ပိုက်ဆံသိမ်းတာ သေသေ သပ်သပ် သိမ်းထားနော် ရှုပါ" ဟု သိန်းသိန်းက လှမ်းပြောသည်။

"ဟုတ်တယ်၊ ဟုတ်တယ် သိမ်းတဲ့နေရာ မသိန်းသိန်းတို့ မူယာတို့ လည်း မသိစေနဲ့။ သေသေသပ်သပ်ထား"

"ငါတယ . . . " ဟု ဆေးလိပ်ခွက် လှမ်းကိုင်သောအခါ ကျွန်တော် က အပြင်သို့ ခုန်ထွက်လိုက်၏။ လွယ်အိတ်ပင် ရှုပါ၏စားပွဲတွင် ကျန်ခဲ့ ၏၊ နောက်မှ ပြန်ယူတော့မည်ဟု လှမ်းအော်ထားခဲ့ရသည်။

✤ ✤ ✤

"လက်မှတ်ရလား ကိုကို"

"အိမ်း- ရတယ်။ မင်း အလုပ်မဆင်းဘူးလား"

"ကျွန်တော် လုပ်သက်ခွင့် ငါးရက် ယူထားတယ်"

ဖျာကြမ်းခင်း၍ လှဲနေသော အမေ ထလာသည်။

"လူလေး၊ ထမင်းသွားခူးလေ" ဟု မြဟန်ကို ပြော၏။

"အမေတို့ ခုထိ ထမင်းမစားကြသေးဘူး"

"ငါတို့စားပြီးပါပြီ၊ နင့်အတွက်ပြောတာ"

"ကျွန်တော် စားပြီးခဲ့ပြီ အမေ"

"ဟိုအိမ်က စားလာတာလား"

"မဟုတ်ပါဘူး ရန်ကုန်ထဲကပါ"

"ကြာလိုက်တာ" ဟု ပြောပြီး ကုလားထိုင်ပေါ် တက်ထိုင်၏။ ကျွန်တော့်မျက်နှာကို လှမ်းကြည့်နေသည်။ အဝတ်လဲပြီး အမေ့အနားက ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ရေနွေးကြမ်းတစ်ပန်းကန် ငှဲ့သောက်၏။ မြဟန်တလည်း ကျွန်တော့်မျက်နှာကို မသိမသာ အကဲခတ် သည်။ လက်မှတ်ဝယ်ရတာ ခက်ခဲကြောင်းတော့ အမေ မသိစေချင်။ စိတ်ထဲ ကျဉ်းကျပ်သလို တွေ့လာသဖြင့် မိုးကုတ်ရှိ ညီများဆီ ဘာဝယ် သွားရကောင်းမလဲဟု ညည်းလိုက်မိ၏။

"မြင့်ဦးတို့ ထွန်းနောင်တို့အတွက် သကြားလုံးလေးဘာလေး ဝယ် သွား ရပါတယ် ကိုကိုရာ" ဟု ဆိုသည်။

"အုန်းသီးနဲ့ ငါးခြောက်တွေလည်း ပါသားပဲ၊ မလိုတော့ပါဘူးကွယ်" ဟု အမေ ပြော၏။ ကျွန်တော်ကမူ ဘာမှ မပြောမိဘဲ ခေတ္တငြိမ်နေသည်။

"မနက်က ဟိုသူငယ်မတွေတောင် လာသွားကြသေးတယ်"

www.burmeseclassic.com

ဘာမှ မပြောမိ။ အမေ့မျက်နှာကိုသာ မသိမသာ ငေးကြည့်နေသည်။

"အမေတို့ မနက် အိုး မဟုတ်သေးပါဘူး ညရထားနော် လူလေး။ အမေတို့သွားရမှာ"

"ဟုတ်ကဲ့ အမေ"

"မင်းမှာလည်း အပြောအဆို ဆင်ခြင်ပါ သားရယ်၊ ယောက္ခမဆိုတာလည်း အမေပဲပေါ့"

"အလကားပါ အမေရာ" ဟု ဖြတ်ပြောလိုက်သေး၏။ သို့သော် အမေ၏စကားက မရပ်။ တစ်ခုခုတော့ ပြောထားခဲ့ပြီဟု သိလိုက်ရသည်။

"ဘယ်အလကားဟုတ်မလဲ၊ ကလေးမလေးအမေကို မင်းက ဆူလိုက်ငေါက်လိုက် လုပ်တယ်လို့ မသိန်းသိန်းက အမေ့ကို တိုင်သွားတယ်၊ ကျွန်မမှာဖြင့် သူ့ပဲ ကြောက်နေရတယ်တဲ့။ သွားတာလာတာ၊ ဆိုင်ပိတ်ဆိုင်ဖွင့်တာကအစ မင်းသဘောအတိုင်းဆို"

"သူတို့စီးပွားရေး နားမလည်တော့ ပြောရတာပေါ့ အမေရာ။ ဟိုတစ်လောကလည်း ကျွန်တော် သွားကြည့်တော့ ဆိုင်ပိတ်ထားတယ်၊ ပြန်ရောက်လို့ မေးကြည့်တော့ သမီးအမိနှစ်ယောက်စလုံး နတ်ကနားသွားကြတယ်တဲ့၊ ကျွန်တော် ဒေါသဖြစ်လို့ အော်မိတယ်။ သူ့အမေက သိပ်နတ်ကတော်ဖြစ်ချင်နေတာ။ အဲဒါ နှစ်ယောက်စလုံး နတ်ပွဲမှာ ဝင်ကလာကြတာတဲ့။ နတ်ကနားပေးတာကလည်း သူ့ညီမဝမ်းကွဲလေ။ ကောင်မလေးက အကဝါသနာပါတယ်၊ ဘာရယ်လို့မဟုတ်ဘူး၊ လူကြီးတွေ က,တော့ သူကလည်း ဒွေကိုဝင်ကပစ်လိုက်တယ်ဆိုလား နောက်သလိုပြောတယ်။ နောက်တစ်ခါကြားရင် နင်နဲ့ငါနဲ့ အပြတ်ပဲလို့ ပြောလိုက်ရတယ်။ သူ့အမေကတော့ ကျွန်တော့်ကို ကြိုးကိုင်မရလို့ မကျေနပ်ဘူးပေါ့"

မြဟန်က ရယ်ပြီး-

"ဟုတ်လား၊ ရှုပါလာမှ ဦးကြီးကို ဒွေကိုနတ်က ကပြစမ်းပါဦးလို့ ပြောရဦးမယ်။ ဟားဟား တော်တော်ဟုတ်တဲ့ ကောင်မလေး"

"ကလေးမလေး ကြည့်ရတာ မင်းအပေါ် အတော့်ကို ကြင်နာပုံရပါတယ်။ တစ်ခုတော့ရှိတာပေါ့၊ အသက်က တစ်ဝက်လောက် ကွာနေတော့ သူ့စိတ်ကို မင်း ဘယ်လိုက်ပြီး ခံစားနိုင်မလဲ။ မင်းက ဦးဆောင်ရမယ့်လူဆိုတော့ အစစ သွန်သင်ယူရမှာပေါ့။ သွန်သင်တယ် ဆိုတဲ့နေရာမှာလည်း သာသာညင်းညင်း ရှိရမယ်။ နားဝင်အောင် ပြောတတ်ရမယ်။ အော်ငေါက်ဆဲဆိုပြီးပြောမှ မဟုတ်ပါဘူး သားရယ်၊ မင်းပါးစပ်တော့ အမေလည်း မကြိုက်ဘူး။ မိန်းမရဲ့သဘာဝ ဆိုတာက ကိုယ့်လင်သားအပေါ် မှီခိုချင်တယ်၊ အားကိုးချင်တယ်၊ ယုံကြည်မှုလည်း အပြည့်အဝရှိတတ်ကြတယ်။ မင်းက အားကိုးလောက်တဲ့ ယောကျာ်းတစ်ယောက် ဆိုတာ မင်းရဲ့ လုပ်ဆောင်ချက်ကို မြင်ရုံနဲ့ သိနိုင်ပါတယ်။ ယောကျာ်းကောင်းကို





သူမ လုပ်တဲ့အလုပ်ဖြင့် သိအပ်၏တဲ့၊ မိန်းမကောင်းကို သူ လုပ်သည့်အလုပ်ဖြင့် သိအပ်၏တဲ့ ဒီလို မဟုတ်လား။ ဒါပေမယ့် မင်းအပြောကတော့ မိန်းကလေးတစ်ယောက် ယုံစားအားကိုးလောက်တဲ့ အပြောမျိုး မရှိဘူး ဆိုတာ အမေလည်းသိတယ်။

စိတ်ရင်းစိတ်ထားဆိုတာ လင်မယားတောင် တစ်ခါတစ်ခါ အကဲခတ်မရလို့ သတ်ကြ၊ ပုတ်ကြ၊ ကွဲကြ၊ ကွာကြ အထိ ဖြစ်တတ်ကြတာ မင်းမြင်ဖူးမှာပေါ့။ မင်းအပြောနဲ့ မင်းစိတ်ဟာ အမြဲလိုလို တခြားစီ ဖြစ်နေတတ်တယ်လို့ အမေတောင် ထင်မိရင် ဟိုငယ်ရွယ်တဲ့ မိန်းကလေး ဆိုတာ မင်းကို ဘယ်လိုလုပ် နားလည်မလဲ၊ အမေအရင်းတောင် တစ်ခါတစ်ခါ နားမလည်ဘူးဆိုရင် ပရံသူ ဆိုတာ ပိုဝေးတာပေါ့။

ကောင်မလေးက ငါ့ကို ပြောသွားတယ်၊ ဈေးဝယ်သူတွေရှေ့လည်း ဆူချင်ဆူတယ်တဲ့။ မင်းနဲ့ မိန်းကလေးက လက်ထပ်ပြီးကြတာ မဟုတ်သေးဘူး၊ ဆင်ခြင်မှပေါ့။ ကိုယ့်နှမသူ့နှမ စာနာကြည့်၊ မင်းတို့မှာ နှမလေးတစ်ယောက်ပဲ ရှိတယ်။ အမေအဖေစကား မိဘမောင်ဖွားစကား နားထောင်လို့လား၊ တစ်ဆွေလုံး တစ်မျိုးလုံးက ဟန့်တားကြတဲ့ကြားထဲ ဆွေဆက်မျိုးဆက် မသင့်ကြတဲ့ ကောင်လေးနဲ့ လိုက်ပြေးသွားတယ်။

ခု မင်းကလေးမက အမေတစ်ခွန်းပဲတဲ့၊ ဘယ်လောက်တော်ရှာလဲ၊ ခုခေတ် မိန်းကလေးနော်၊ သူ့သမီးလေးဟာ ရုပ်ရော လိမ္မာရေးခြားရော ဘာများ မင်း စိတ်တိုင်းမကျစရာရှိလဲ၊ တကယ်လို့ မင်း စိတ်တိုင်းမကျရင်လည်း ဘာလို့ ခုလောက်ထိ နှုတ်လွန်ရတာလဲ၊ ခုတော့ တစ်ရပ်ကွက်လုံးက သိနေကြပြီတဲ့၊ သားသမီးမကောင်းရင် မိဘခေါင်းနော် အေးဟန်၊ မိဘဂုဏ်သိက္ခာကိုတော့ မထိခိုက်စေနဲ့။ မိန်းကလေးရော သူတို့ လူကြီးမိဘတွေရော မျက်ရည်ပေါက်ကြီးငယ်ကျတာ ငါ မကြားချင်ဘူး၊ နင့်ကို ငါ ဆုံးမရမယ့် အရွယ်လည်း မဟုတ်တော့ဘူး။ ဟိုလိုလိုဒီလိုလိုလည်း ကောင်မလေးတွေကို စ,တတ်တယ်ဆို၊ လူရဲ့တန်ဖိုးဟာ ဘာလဲ၊ ဂုဏ်သိက္ခာ ဆိုတာ အလုပ်မှာသာ မဟုတ်ဘူး၊ အပြောမှာလည်း တည်တယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကံသုံးပါးထဲမှာ ဝစီကံဟာ ကောင်းကျိုးဆိုးကျိုးကို တစ်ဝက်ပြီးမြောက်ရာ ရောက်စေတယ်"

"အမေ့ကို မသိန်းသိန်းတို့အိမ်က ထမင်းတစ်နပ်မှ မကျွေးသေးဘူးနော် အမေ။ အမေ ရန်ကုန်ရောက်တာလည်း သုံးညပဲ ရှိပါသေးတယ်။ သူတို့ပြောတာနဲ့ပဲ အမေက . . . "

"ဟဲ့ ခွေးလေး၊ နင့် ဒီအပြောတွေပေါ့ လူကြီးတွေ မကြိုက်တာ၊ ပြောနေတဲ့ကြားထဲက ငါ တယ်လုပ်လိုက်ရ"

အမေက လှမ်းခေါက်သောအခါ ကျွန်တော် ရယ်နေလိုက်သည်။

မသိန်းသိန်းတို့များ လည်လိုက်၊ လျှင်လိုက်တာ၊ အမေ့ကို စုံတဲ့သွားစေအောင် ဘယ်လိုများ ပြောသွားပါလိမ့်၊ အမေ နားဝင်အောင် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

များပြောသွားပါလိမ့်။ အမေနားဝင်အောင် ဘယ်လို ပရိယာယ်ဝေဝုစ် ဥပမာ ဥပမေယျ အလင်္ကာပေါရာဏ ဝေါဟာရတွေနှင့် နားချသွားကြပါလိမ့်ဟု အံ့သြရသည်။ အမေရောက်စက တွေဝေသွားသော သုံးလင်ပြောင်းသောမိန်းမ ဆိုသည်ကိုပင် ယခုတော့ မေ့သွားပုံရလေပြီ။ စွမ်းလည်းစွမ်းနိုင်ကြပါပေ့ဟု စိတ်ထဲက ပြုံးမိလိုက်၏။

"သူတို့ပြောတိုင်း ယုံရလားလို့ နင် ထင်မယ်။ မိန်းကလေးတွေနဲ့ ရှုပ်ချင်တယ် ဘာညာ ဆိုတာတော့ ငါလည်း မယုံဘူး။ နင့်စိတ်ကို ငါသိလို့ပဲ။ နင့်ပါးစပ်ကိုပဲ ကြည့်နေတဲ့လူတွေကတော့ နင့်စိတ် ဘယ်သိမလဲ။ အဲဒါကြောင့် နင့်ပါးစပ်ကို ပြင်ပါပြောနေရတာပေါ့"

"အင်းပါ အမေရာ၊ ကျွန်တော့်ပါးစပ်ကို အမေတို့ စိတ်တိုင်းကျ ပြင်ပါ့မယ်"

"ငါ့စိတ်တိုင်းကျ မဟုတ်ဘူး။ သူတို့စိတ်တိုင်းကျ နင်ပြင်ရလိမ့်မယ်"

"မသိန်းသိန်းနဲ့ ကျွန်တော်က သူငယ်ချင်းတွေ အမေရာ။ သူ့ရဲ့ ယောကျ်ားတွေလည်း ကျွန်တော့်သူငယ်ချင်းတွေ ဆိုတော့ နှုတ်က ခါတိုင်း ပြောနေဆိုနေကျမို့လား"

"နင်လိမ္မာဖို့ကောင်းပြီနော် အေးဟန်" ဟူသော အပြောနှင့် အမေ စကား အဆုံးသတ်လေသည်။

✤ ✤ ✤

သူတို့မျက်နှာကို မြင်တော့ စိတ်ဆိုးချင်သည်။ အမေ့ကို မဟုတ်က ဟုတ်က ဘာတွေ လာပြောကြတာလဲဟု ပြောမိပြန်လျှင်လည်း ဆူပြန်ဦးမည်ဟု အမေနား ချက်ချင်း ပေါက်နိုင်သည်။ ထို့ကြောင့် သတိထားရ၏။ သူတို့ မနေ့က အမေအား ပြောထားခဲ့ကြသည်ကို ဘာမှ မသိသေးသလို နေ၏။ ထုံးစံအတိုင်းပင် ရှုပါ၏ အရောင်းစားပွဲရှေ့တွင် တည်တည်ငြိမ် ငြိမ် ထိုင်လိုက်သည်။

"လာမယ်ထင်လို့ မျှော်ရစောင့်ရတာမျိုးဟာ ဘယ်လောက် စိတ်ပိန် ရတယ်ဆိုတာ ကိုကိုလည်း ခံစားဖူးမှာပါ။ ကိုယ်ချင်းစာကြည့်ပေါ့။ သူများက လာခေါ်မယ်အတပ်ထင်လို့ အကျပြင်ထားတာ၊ ခေါ်မယ့်လူက ပေါ်မလာတော့ ရှက်တာပေါ့။ ငိုရသေးတယ် သိလား၊ ရှုပါ ပြင်ဆင်ထားတာမြင်တော့ အမေက လာခေါ်မယ်လို့ ပြောသွားလို့လား သမီးတဲ့။ အမေ့ရှေ့ပဲ အမေ၊ ရှုပါတောင် ခေါ်သွားရမလား မသိဘူးလို့ ပြောသွားတာပဲ ဆိုတော့ နင့်လင်စကား နင် ကြပ်ကြပ်ယုံ ဒုက္ခရောက်မယ် မှတ်ထားတဲ့။ ဝမ်းနည်းလို့ ရှုပါ ငိုရတယ်"

"ဩော်- ဟုတ်လား၊ ကျွတ် ကျွတ် တနားစရာပဲ"

ဘယ်လိုကဘယ်လို နှုတ်ထွက်သွားသည် မသိ။ ရှုပါ့ကို စုတ်သပ်၍ နောက်မိ၏။ သိန်းသိန်း၏ ကြမ်းထော်သောစကားကို ခံပြင်းမှုလည်း





ပါသည်။ သိန်းသိန်းသည် ကျွန်တော်နှင့် ပတ်သက်၍ အကောင်းမမြင်သည်မှာ လနှင့်ချီကြာခဲ့ပြီဟုထင်သည်။ ရှုပါလေးကို သနားသော်လည်း၊ ချစ်သော်လည်း တစ်ခါတစ်ခါတွင် သိန်းသိန်းကို မကျေနပ်မှုဖြင့် ရှုပါ့ကိုပါ ဆဲဆိုအော်ငေါက်မိတာလည်း ပါလေသည်။ သူ့အမေနှင့် ကျွန်တော်တို့ အဆင်မပြေကြတိုင်း ရှုပါခမျာ ကြားထဲက မြေစာပင် ဖြစ်ရသည်။

ရှုပါလေးမှာ ငယ်သေးသဖြင့် သူ့အမေနှင့် လွတ်ကင်းအောင် လွှဲရှောင်၍ စကားမဆိုတတ်။ ချစ်သူကို ယုံစား၍ အမှန်ပြောမိရင်းက ချစ်သူမကြိုက်သော သူ့အမေ၏စကားများမှာ ရောရောပါသွားတတ်၏။ ထိုအခါ သူ့မှာ အဖြေရှာမရ ဖြစ်တတ်သည်။ ထို့ကြောင့်လည်း ယခု သူ့အမိကို ကျွန်တော် စိတ်ပေါက်ပေါက်နှင့် နောက်သောအခါ သူ့ခမျာ ငိုရပြန်သည်။

မနေ့က သူ့ကို ပြန်လာခေါ်မည်ဟု အမှန် စိတ်ကူးထားခဲ့သည်။ သို့သော် အိမ်ရောက်သောအခါ အမေက ဆူသဖြင့် သူတို့သားအမိအပေါ် ပြောရကောင်းလားဟု စိတ်ဆိုးမိသည်။ ထို့ကြောင့် ရှုပါ့ကို ပြန်မခေါ်တော့ဘဲ တစ်ယောက်တည်း ရန်ကုန်ထဲသို့ ပြန်ထွက်သွား၏။ မိုးချုပ်မှ အိမ်ပြန်လာသည်။ ဝယ်ခြမ်းစရာကမူ မည်မည်ရရ မဟုတ်။ ညနေကလည်း ဆိုင်သို့ လုံးဝ မသွားမိ။ အမေနှင့် မြဟန်က ဆိုင်ကို ရောက်ကြသေးသည်ဟု မြဟန်က ပြောသည်။ အမေကတော့ ထိုကိစ္စ ဘာမှမပြောဘဲ ရေငုံနေ၏။ နေ့ခင်းကပင် အမေကား ကျွန်တော့်ကို လုံလောက်စွာသော စကားတို့နှင့် ဆုံးမခဲ့လေပြီ။

"ဖြစ်ကြပြန်ပြီ၊ ဘာဖြစ်ကြပြန်တာလဲ"

ရှုပါ၏ငိုရှိုက်သံကြောင့် လှည့်ကြည့်သောသိန်းသိန်းက မျက်စောင်းနှင့် လှမ်းမေး၏။

"သက်သက်ပါဗျာ" ဟု ပြန်ပြောလိုက်ရသည်။

"ရှင်တော့ မဟုတ်တော့ဘူးနော်။ ဘယ့်နှယ်တော် ကလေးကို စဖို့ နောက်ဖို့ . . ."

"ကလေးယား၊ မနက်ဖြန်ပဲ ယင်ရတော့မယ်"

သိန်းသိန်းက လှမ်းဆဲသည်။ ရှုပါကား ခါတိုင်းလိုမဟုတ်၊ တသက်သက်ရှိုက်နေ၏။ ရှုပါ့ကို သနားမိသဖြင့် ချော့ရ၏။

"တကယ်ပါ ရှုပါရယ်၊ ကိုကို ရှုပါ့ကို လာခေါ်ဦးမလို့ အိမ်ရောက်တော့လည်း မေမေကဆူ . . ."

"အဆူခံရအောင် လုပ်နေတာကိုး"

ငိုသံတစ်ဝက်နှင့် ပြောသည်။

"နောက်မလုပ်တော့ပါဘူးဗျာ၊ တဲ- တိတ်တိတ် ဒီသူငယ်မ ခက်တာပဲကွာ။ ချစ်လို့ ကျီစားရင်လည်း ငိုတာပဲ။ သူများက သူ့ကို ဘယ်လောက်ချစ်တယ် ဆိုတာ ရှုပါ မသိပါဘူး။ တကယ် ဝင်ခေါ်မလို့ လွယ်အိတ်တောင် ဒီမှာထားခဲ့တာ တွေ့တယ်မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ လာမခေါ်လဲ၊ သူများ အဝတ်အစားလဲပြီး အကျစောင့်နေတာ"

"ဝယ်စရာတွေကများတော့ သိပ်မိုးချုပ်သွားရင် ရှုပ်လေး . . ."

"ကြည့်ကြည့်၊ ဘယ်လောက် လှည့်တတ်လဲ၊ စောစောကပြောတော့ အမေ ဆူလို့ဆို။ သူ့ကို အဲဒါကြောင့် ဘယ်လူမှ မယုံတာ"

"အမေဆူတာလည်း ပါတာပေါ့။ တိုင်တဲ့လူတွေကလည်း ဘယ်လောက်ထိ အကိုးအကားကောင်းလဲဆို တစ်သက်လုံး ရည်းစားတစ်ခါမှ မထားဘူးတဲ့လူကို မိန်းမရှုပ်တယ်ဆိုတော့ အမေက ယုံသွားတာပေါ့။ ခုတပင် ဒီအမေ ဒီလောက် ခွေးမစကား ယုံတတ်နေရင် နောက်ဆို ငါ့မှာ ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး"

"မှတ်ထား၊ နောက်ဆို မေမေနဲ့ချည်း တိုင်ပြောမယ်"

ခေါင်းကုတ်လိုက်၏။

"သူများတွေ ပြောတော့ ခွေးမနဲ့ယောက္ခမ ကမ္ဘာဦးကပင် မဟာမိတ် မရှိခဲ့ပါဘူးတဲ့၊ ခုတော့ ဒီခွေးမနဲ့ဒီယောက္ခမကျမှ ရာသက်ပန် ငြိမ်းချမ်းရေးစာချုပ် ချုပ်ကြတယ်လို့ ကြားပဲ ကြားဖူးပါဘူး"

"ကျားသွားဖူးရင် ကိုက်မှာပေါ့" ဟု ရှုပါက နောက်သည်။ ရှုပ့်မျက်နှာကို ပြုံး၍စိုက်ကြည့်နေမိ၏။ ရှုပါ စိတ်ပြေသွားပြီကို သိသည်။

"အိမ်က ဘာစားခဲ့လဲ ကိုကို"

"ဘာမှမစားခဲ့ဘူး"

"မုန့်ဟင်းခါး စားမလား"

"စားမယ်"

"ဘာကြော်နဲ့"

"ဘူးသီးကြော်နဲ့"

ရှုပါ မုန့်ဟင်းခါး သွားဝယ်သည်။ သူ့အရောင်းစားပွဲမှာပင် ဇွန်းနှစ်လက်တပ်၍ စားကြ၏။ စားပြီးလုတွင် ဆိုင်က လက်ဖက်ရည်နှစ်ခွက် လာပို့သည်။

"ဘာလို့ လက်ဖက်ရည်နှစ်ခွက် မှာခဲ့ရတာလဲ။ တစ်ယောက်တစ်ဝက်စီသောက်လည်း ရသားနဲ့"

"သိပ်ကပ်စေးနဲ့တာပဲလို့ နောက်နောက်နေကြလို့"

သိန်းသိန်း ထမင်းအိုးတည်ရင်းက-

"သောက်မြင်ကတတ်ဖို့ကောင်းတယ်" ဟု လှမ်းပြောလိုက်သံလား ထင်လိုက်ရသည်။ လှည့်ကြည့်မိ၏။ ဂလွမ် မြည်သွားသော ဒန်အိုးဖုံးတစ်ခု လက်လွှတ်ကျသံကို ကြားရသည်။

"မသိန်းသိန်း ခင်ဗျားတို့အိမ်မှာ မိုးကြိုးလွှဲတပ်ထားရဲ့လား။ နွေခေါင်ခေါင် မိုးကြိုးပစ်သံကြားပါလား" ဟု လှမ်းနောက်သည်။ ရှုပါက ပေါင်ကိုဆွဲလိမ်၏။





"ဟိုက်ရှားပါး၊ ဒီတစ်ခါ လောင်မီးကျတယ်ဗျ" ဟု အော်လိုက်ရ၏။ သိန်းသိန်းက-

"သေလိုက်ပါလား" ဟု ဆိုသည်။

"စေတနာထားလိုက်ကြတာ" ဟုပြန်ပြောလိုက်ရလေသည်။ ရေဒီယိုက နံနက်ပိုင်းသတင်း ကြေညာနေ၏။

"ညနေ ကိုကိုတို့ ဘယ်နှနာရီ ဘူတာဆင်းမှာလဲ"

"ညရထားက ခုနစ်နာရီ ထွက်မယ်ဆိုတော့ ကြိုကြိုတင်တင် ခြောက်နာရီလောက် အရောက်သွားတာပေါ့"

"ရှုပါလည်း လိုက်မယ်နော် ကိုကို"

"မလိုက်ပါနဲ့ကွာ ဘာလုပ်မှာလဲ"

"ဟင်- ကိုကိုကလည်း၊ သူများကို ဘာလို့မခေါ်တာလဲ မသိဘူး"

"အပြန်ကျတော့ ဘယ်လူနဲ့ ပြန်မှာလဲ"

တွေသွားသည်။ ဘာမှ မပြောဘဲ မျက်နှာကိုသာ စိုက်ကြည့်နေ၏။ မျက်ဝန်းထဲတွင် မျက်ရည်ကြည်များ ရစ်ဝိုင်းနေသလားထင်မိသည်။ ကိုးနာရီကျော်သောအခါ အိမ်ပြန်ရန်ထသည်။

"ကိုကို ရှုပါလည်း လိုက်မယ်"

"ဘာလုပ်မလို့လဲ"

"မေမေကို တိုင်စရာရှိလို့"

"လုပ်လာပြန်ပြီ" ဟု အသံဖော့၍ ပြောလိုက်ရသည်။ တကယ်လိုက်မည် ဆိုသည်ကို သိလိုက်ရ၏။ ဤသူငယ်မ တစ်စုံတစ်ခု ပြောစရာများ ရှိလေသလားဟု ထင်လိုက်သည်။ ထို့ကြောင့် ငြိမ်နေလိုက်သည်။ နောက်ထပ် မဟန့်တားတော့။

"မေမေ သမီး ခဏလိုက်သွားဦးမယ်"

"ဘာသွားလိုက်လုပ်မလဲ နင်က"

သိန်းသိန်းက မကျေမနပ်သံနှင့် ဆို၏။ သိန်းသိန်း ဘာမကျေမနပ်ဖြစ်နေသည်ကို တွေးမရ။ ရှုပါ၏မျက်နှာ၌သာ ရှာဖွေနေမိ၏။ သိသိသာသာ ထင်လာခြင်း မရှိ။ သိန်းသိန်းနှင့် ရှုပါတို့ကြားတွင် ပြဿနာတစ်ခုတစ်ခုတော့ မုချ ရှိရမည်ဟု တွေးလိုက်ရသည်။ ဘာသွားလိုက်လုပ်မလဲ နင်က ဟူသောစကားကို ရှုပါကမူ လုံးဝ မတုံ့ပြန်။ မကြားဘလိုနှင့် ပိုက်ဆံပုံးကို သော့ခတ်နေရင်းက ကျွန်တော်မှတစ်ဆင့် သူ့အမေရှိရာသို့ မေးလေးဆတ်ပြသည်။ ဝင်မပါ၍ မရမှန်း မသိလိုက်သည်။ ကျွန်တော် ဘာမှမပြောလျှင် ရှုပါသည် ကျွန်တော်နှင့် လိုက်ရမည့်အခွင့်အရေးမရှိ။ ထို့ကြောင့် "မသိန်းသိန်း ဆိုင်ခဏကြည့်လိုက်ပါဦးဗျို့" ဟု အော်ပြောထားခဲ့ရသည်။

\+ + +


www.burmeseclassic.com

www.burmeseclassic.com

"ဒီလမ်းက မသွားချင်ပါဘူးဆို"

ဒေါ်တင်အုံးတို့လမ်း ဖြတ်အဝင်တွင် ရွှေပါက ဆို၏။

"မင်း မသိပါဘူး၊ ဒေါ်တင်အုံးက ရွှေပါနဲ့ ကိုကို့ကို မယူဖို့ အတန်တန် ဖျက်ခဲ့တယ်။ ရွှေပါ့မကောင်းကြောင်း အမနာပအတင်းလည်း ကိုကို့ကို ပြောခဲ့တယ်။ ခု ပြလိုက်မယ်လေ။ သဘောတတော့ ခင်ဗျား ဘယ်လိုဖျက် ဖျက် ခုတွေ့လား။ မင်္ဂလာဆောင်ပေးဖို့ အမေတောင် ရောက်နေပြီဗျ ဆိုတဲ့ သဘောပေါ့ ရွှေပါရယ်။ မကောင်းဘူးလား"

"အင်း- ဟုတ်တယ်၊ ကိုကို့အကြံ သိပ်ကောင်းတယ်"

"အဲဒီအိမ်ရှေ့ ရောက်ရင် ကိုကို့လက် မင်းချိတ်ထားနော်"

"ဒါတော့ မလုပ်ပါနဲ့၊ ရွှေပါ မရဲဘူး" ဟု ဆိုသည်။ ကျွန်တော်က ခြေလှမ်းနှေးနှေး လျှောက်သောအခါ ရွှေပါကလည်း လိုက်နှေးသည်။ မတွဲ စဖူး တစ်လမ်းဖြတ်ထဲ တွဲဝင်လာကြသော ကျွန်တော်နှင့် ရွှေပါ့ကို အားလုံး က ဝိုင်းကြည့်နေကြလိမ့်မည်ကို သိသည်။ ထို့ကြောင့် ရွှေပါကလည်း စကား အမျှင်မပြတ် ရမိရရာ ပြောလာ၏။ ခြေလှမ်းတိုင်းကို ဣန္ဒြေဆည်၍ ရ သော်လည်း စကားကမူ အထစ်ထစ်အငေါ့ငေါ့ မဆီမဆိုင်ဝါကျတွေလည်း ပါ၏။ အသိတွေက ဘယ်ကပြန်လဲ၊ ဘယ်လဲ မေးကြ၍ စကားမဆက်မိ တာလည်း ပါ၏။ ဘယ်ကပြန်လဲ မေးလျှင် ဆိုင်က၊ ဘယ်လဲမေးလျှင် အိမ်ပြန်တယ်ဟု လေးငါးယောက်ကို ပြောခဲ့ဆိုခဲ့ရသည်။

"ကိုကို မှတ်မိလား"

သွားရင်းက မျက်နှာကို လှည့်ကြည့်၍ ရွှေပါက ဆို၏။

"ဘာကိုလဲ"

"သီတင်းမကျွတ်ခင်တုန်းက ကိုကို ဝန်းခြံထဲမှာ ပြောတာလေ"

"ဘာပါလိမ့်၊ ပန်းခြံထဲမှာ ပြောတာတွေက အများကြီး. . ."

"အရေးကြီးတဲ့စကားလေ"

"ဘာစကားပါလိမ့်"

"မသိယောင်ဆောင်မနေပါနဲ့"

မျက်စောင်းထိုးလာသည်။

တကယ်လည်း တွေးမရ။ ပန်းခြံထဲ ဘယ်နှခေါက် ရောက်ဖူးကြ သည်ကို မမှတ်မိသလို ဘာစကားတွေ ပြောခဲ့ကြသည်ကိုလည်း မမှတ်မိ။ ထို့ကြောင့်-

"တကယ်ပါ ရွှေပါရယ်၊ ကိုကိုတို့ ပန်းခြံထဲမှာ ပြောခဲ့ကြတဲ့စကားတွေ က လေလှိုင်းထဲ အပြည့်ရှိမှာ။ ဘယ်မှတ်မိတော့မလဲ။ နောက်မှ တွန်းပူ တာနဲ့တွက်ပြီး အသံလှိုင်းခွဲရမယ်၊ ပြီးတော့မှ သီးသန့် ကက်ဆက်နဲ့ ပြန် ဖမ်းရမယ်"

"အကောင်းပြောရင် ဖောက်လာပြီ။ ရွှေပါ ငိုတုန်းက ကိုကိုက ပြော ခဲ့တဲ့စကားလေ။ မှတ်မိပလား"





တမင် ခေါင်းကုတ်ပြ၏။

"ရွှေပါ ငိုတာကလည်း ခဏခဏပဲ၊ ဘယ်မှတ်မိမလဲ။ စောစောက တောင် တစ်ခါ ငိုသေး"

"ပန်းခြံထဲမှာ ရွှေပါ တစ်ခါပဲ ငိုပါတယ်နော်"

"ဩော်- ဟိုဟာလား၊ အဲဒါ ရုပ်ရှင်ရုံထဲမှာ မဟုတ်လား"

ရွှေပါက လက်ကို လှမ်းရိုက်သည်။ ကျွန်တော် ရယ်သောအခါ-

"လမ်းမှာနော်၊ အသံကလည်း ကျယ်လိုက်တာ" ဟု ဆို၏။

"ဒါမှ တောင်းတာပေါ့၊ ဒီသမီးရည်းစား လွတ်ပျော်လာကြတယ်လို့ ထင်ကြပါစေ"

"ကြည့်ပါလား၊ ပြောလိုက်ရင် ပိုတောင် ကျယ်လာတယ်"

"နာမည်ကိုလည်း မေးကြည့်ပါလို့"

ရွှေပါက နောက်နေကျစကားကို သတိရ၍ ခိုးခိုးခစ်ခစ် ရယ်သည်။

"ဘယ်လိုပဲပြောပြော မယုံချင်တော့ဘူး သိလား၊ သီတင်းမကျွတ်ခင် ပန်းခြံထဲမှာ ပြောတုန်းကတော့ သီတင်းကျွတ်တာနဲ့ မင်္ဂလာဆောင်ပါ့မယ် ဆို၊ သီတင်းကျွတ်ပြန်တော့ မေမေလာအောင် စောင့်ပါဦးတဲ့။ မေမေ လည်း ရောက်လာရော ဘယ်မှာလဲ။ စေ့စပ်ကြောင်းလမ်း လုပ်မယ်၊ နား ဖောက်မယ် ဆိုတာ"

"မေမေ ရောက်တာ သုံးညပဲ ရှိသေးတာ။ ဘယ်လိုလုပ် ချက်ချင်း ဖြစ်မလဲ"

"မေမေ မိုးကုတ်က ပြန်လာမှဆိုပါတော့"

"ဒါပေါ့၊ အများဆုံးကြာရင် တစ်လပေါ့"

"ကျိုက်ထီးရိုးတော့ မသွားတော့ဘူးလား"

"သွားမယ်လေ"

ရွှေပါက သက်ပြင်းချ၏။

"ကျိုက်ထီးရိုးက ပြန်လာမှ ဆိုပါတော့"

"ကျိုက်ထီးရိုးသွားတာက မကြာပါဘူး ရွှေပါရယ်"

"နောက်တစ်ကြောင်းကြောင်းပြရတာပေါ့ ဆိုပါတော့"

"မဟုတ်တာ၊ နောက်ဘာအကြောင်းမှ မရှိတော့ပါဘူး"

"ဟဲ့- မောင်အေးဟန်"

တိုင်ပင်မထားဘဲ ခြေလှမ်းကို ပြိုင်တူ ရပ်လိုက်ကြ၏။ နှစ်ယောက် စလုံး မိမိအသိနှင့်မိမိ ပြိုင်တူ ပြုံးကြ၏။ ဒေါ်တင်အုံးသည် အိမ်ထဲက လှမ်းကြည့်၍ ဆင်းလာပြီး ပြောသည်။

"နင့်အမေ ရောက်နေတယ်ဆို၊ ဒီကိုလည်း ခေါ်ခဲ့ပါဦးဟ၊ မောင် ကြည်ထွန်းက ပြောတယ်။ နင့်ရုပ်နဲ့ တစ်ပုံစံတည်းပဲတဲ့"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ နောက်တော့ ခေါ်လာခဲ့ပါ့မယ်"

"ခု ဘယ်သွားကြမှာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"မေမေက ခေါ်နိုင်းလို့ သူလာခေါ်တာ။ ညနေ ဘုရားသွားကြမယ်လို့"

"အေး- ကောင်းတယ်။ သွားကြ သွားကြ ရှုပ်ပါတော့ မင်းအမေ့ မြင်မြင်ချင်း ချစ်မှာပါ"

အိမ်ဝင်းထဲ ပြောရ၍ အားမရသလို ခြံစည်းရိုးနားထိ ရွှေ့လာ၍ ပြော၏။ ရှုပါကတော့ ပြုံး၍သာနေသည်။ ဘာမှ ပြန်မပြော။

"နင်တို့ ဘာတော့ စားရမှာလဲ" ဟု ထပ်ဆိုသေးသည်။

"မြည်းမြည်းပေါ့ ဒေါ်ဒေါ်" ဟု ပြောထားခဲ့ရ၏။ ခြံဝတွင် မလိုတမာ စွာပြုံး၍ ကျန်ရစ်သည်။ ရှုပါနှင့် ကျွန်တော်က ခြေလှမ်းကို ပြိုင်တူ လှမ်းလိုက်ကြ၏။

"တွေ့တယ်မဟုတ်လား ကိုကို၊ ထင်တဲ့အတိုင်းပဲနော်။ ဒီမိန်းမကြီးက မိုးလင်းတာနဲ့ မျက်လုံးနှစ်လုံး စုံဖွင့်ပြီး ဘယ်လူတွေ ဘာလုပ်သလဲ အတင်းပြောဖို့ ကြည့်နေတာ၊ ရှုပါတို့ကို သူက ချက်ချင်း မြင်တယ် တွေ့လား၊ ကိုကို ပြောထားခဲ့တဲ့စကား သိပ်ကောင်းတယ်။ ရှုပ့်စိတ်ထဲကတော့ မှတ်ကရောဆိုပြီး ဝမ်းသာသွားတာ"

"အဲဒါကြောင့် ရှုပ့်ကို ကိုကို ပြောတာပေါ့။ ကိုကိုက ဘာမဆို အဓိပ္ပာယ်ရှိရှိလုပ်တာပါ။ ရှုပါက ငယ်ရွယ်သူဆိုတော့ ကိုကိုလုပ်တဲ့ အလုပ်တွေကို ရုတ်တရက် သဘောမပေါက်တတ်ဘူး။ ဒီတော့ အဓိပ္ပာယ်တစ်လွဲတောက်ပြီး တစ်မျိုးတစ်မည် ထင်တတ်တယ်၊ အမှန်တော့ ရှုပါသာ မဟုတ်ဘူး၊ မသိန်းသိန်းတောင် ကိုကို့ကို သဘောမပေါက်တာ ရှိတယ်၊ အဲဒီလို သဘောမပေါက်လို့လည်း ကိုကို့အပေါ် မကျေမနပ် ဖြစ်တာပေါ့။

မေမေကလည်း ပြောပါတယ်။ ငါ့အမေတောင် နင့်စိတ်ကို မခန့်မှန်းတတ်ဘူးတဲ့။ ဟိုက ငယ်ရွယ်သူဆိုတော့ ပိုဝေးတာပေါ့တဲ့။ အဲဒါ နင်ဆင်ခြင်၊ ငါ့သမီးလေးကို နောက်ဆူတယ်၊ ငေါက်တယ် ပြောသံကြားရင် ငါနဲ့အတွေ့ပဲတဲ့။ ရှုပ့်ကို ဒေါ်တင်အုံးပြောသလို မေမေက မြင်မြင်ချင်း ချစ်သွားပုံပဲ"

ကြည်နူးဆွတ်ပျံ့ဖွယ်ကောင်းသော အကြည့်ရိပ်များသည် ရှုပါ၏ မျက်နှာပေါ်၌ ထင်းထင်းထင်၏။ "ရှုပါကတော့ အမေ့ပဲ အားကိုးရမယ်" ဟု ဆိုသည်။ အမှန်လည်း ဖြစ်ချေမည်။ ယခု ရှုပ့်ကို မြင်သည်နှင့်-

"လာ သမီး" ဟု ခရီးဦးကြိုစကားဆို၏။ ကျွန်တော်လည်း ဝမ်းသာသွားမိသည်။ ကျွန်တော်တို့အသံကို ကြားသဖြင့် မြဟန်နောက်ဘက်က ထွက်လာသည်။

"ဟင်- ဦးကြီး၊ အလုပ်မဆင်းဘူးလား"

"လုပ်သက်ခွင့် ငါးရက်ယူထားတယ်"

ရှုပါ၏အကြည့်သည် ကျွန်တော့်ဆီသို့ ချက်ချင်း ရောက်လာ၏။ ရုတ်တရက် မျက်နှာညှိုးသွားသည်။ ပြီးမှ ပြန်ပြုံး၏။





"အညာပေါ်ပြီ"

မြဟန်က သဘောမပေါက်သလို "ဘာလဲ" ဟု ဆို၏။

"ဦးကြီးကို ပြောတာ မဟုတ်ပါဘူး" ဟု ရှုပါက ပြန်ပြောသည်။

"အမေတို့ကို သမီးက ဘုရားလိုက်ပို့မယ် ဆိုတော့ ကိုကိုက မလိုက်နဲ့တဲ့။ အပြန် ဘယ်လူနဲ့ ပြန်မှာလဲတဲ့။ ဦးကြီးလည်း လိုက်ပို့မှာပဲ မဟုတ်လား"

မြဟန်ကို စေ့စေ့ကြည့်၍ ရှုပါကမေး၏။ မြဟန်က ချက်ချင်း စကားမပြန်။ ကျွန်တော့်မျက်နှာကိုသာ လှမ်းကြည့်သည်။

"မြဟန် အလုပ်ဆင်းမယ်ထင်လို့ ပြောတာပါ"

"သိသားနဲ့ လိမ်တာ" ဟု ရှုပါက ဆိုသည်။ အမေက ပြုံးနေ၏။

"ဦးကြီး ရှုပါလည်း လိုက်မယ်နော်။ ဦးကြီးနဲ့ ရှုပါ ပြန်လာကြတာပေါ့"

"မင်းတို့နှစ်ယောက်ကို ဘေးလူတွေက သမီးရည်းစားထင်မှာပေါ့"

အမေ့ရှေ့မို့ မြဟန်က မျက်နှာရဲသွားသည်။

"အေးဟန်ကတော့လေ" ဟု အမေက ကျွန်တော့်ကို ဆိုသည်။

"အဲဒါပဲကြည့်တော့ အမေ၊ ဦးကြီးနဲ့ ရှုပ့်ကို ကိုကိုက ခဏခဏ ပေးစားနေတယ်။ အဲဒါကြောင့် အမေနဲ့ သူနဲ့ မတည့်တာ"

"ငါက နောက်တာပါကွ"

"ဒါနောက်စရာလားဟဲ့။ နင့်ပါးစပ်ကိုတော့ ပြင်ပါလို့ ဘယ်နှခါ ပြောရမလဲ"

"မှတ်ထား" ဟု ရှုပါက ရယ်၍ ပြောသည်။ ကျွန်တော်က-

"ဟုတ်ကဲ့" ဟုဆိုသောအခါ အမေကတော့ သူ့စကားကို ဟုတ်ကဲ့ လိုက်သည်ဟု ထင်သွားသလား မသိ၊ ဘာမှ မပြောတော့။ ရှုပါနှင့်မြဟန်ကတော့ ရယ်ကြသည်။

"လူ့ဘဝဟာ ဘာမှ မရေရာဘူး အမေ။ အဲဒါကြောင့် ကျွန်တော်တော့ ပျော်ပျော်ပဲနေတယ်"

မလုံမလဲ ပြောလိုက်ရသည်။ အမေသည် လောကဓံကို ကျွန်တော်တို့ထက် ခံစားဖူးသူမို့ ဘာစကားမှ ထပ်မပြောတော့။

"ဘာနဲ့သွားမှာလဲ ကိုကို"

"ရထားနဲ့"

"လုပ်ပြန်ပြီ၊ အကောင်းမေးရင် မန္တလေးကိုသွားဖို့ ပြောတာ မဟုတ်ဘူး။ ဒီက ဘုရားဆင်းဖို့ ပြောတာ"

"တကယ် ရထားနဲ့သွားမယ် ရှုပါ၊ ပစ္စည်းများများစားစား ပါတာမှ မဟုတ်တာ။ မေမေလည်း လော်ကယ်ရထား စီးဖူးသွားတာပေါ့"

"ကဲ- ပြောတာ မယုံသေးဘူးလား"

မြဟန်စကား အဆုံးမှာ ရှုပ့်ကို အပိုင်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နှနာရီ ရထားနဲ့ သွားမှာလဲ"

"ငါးနာရီသုံးဆယ့်ခြောက်နဲ့"

"ရှုပါ ဘူတာကပဲ စောင့်မယ်နော် ဦးကြီး"

"ရပါတယ်" ဟု မြှဟန်က ပြောသည်။

"မသိန်းသိန်း ကြိုက်မှန်း မကြိုက်မှန်း မသိ၊ မလိုက်ပါနဲ့ ရှုပါရယ်။ ကိုကိုလည်း မရှိဘူး။ ရိုက်ထား ဘယ့်နှယ်လုပ်မလဲ"

"ရိုက် ရိုက်၊ လိုက်မှာပဲ။ အမေ ရှိတာပဲ မကြောက်ပါဘူး"

"အမေကပါ ရိုက်ရင်ကော"

"အမေက သမီးကို ဘယ်တော့မှ မရိုက်ဘူး။ သူပဲရိုက်မှာ"

အမေက ပြုံးသောအခါ ကျွန်တော်လည်း ပြုံးလိုက်ရသည်။

ခဏအကြာမှာ ရှုပါ ပြန်သွားသည်။ မြှဟန်ကို ဘူတာကပဲ စောင့်တော့မည်ဟု ထပ်မှာသွား၏။ ကျွန်တော်က မလိုက်ပါနဲ့ဟု ထပ်ပြောလိုက်၏။

"ကောင်မလေးက တကယ့်ကလေးလေးလိုပဲ၊ သနားစရာ ချစ်စရာလေး"

"ကလေး မဟုတ်ပါဘူး အမေရယ်၊ ကျွန်တော်တို့ တောမှာဆို ကလေးသုံးယောက်အမေ ဖြစ်နေပါပြီ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကလေးမလေးက မင်းအပေါ် တော်တော် ကြင်နာတယ်ဆိုတာ အမေ ခန့်မှန်းမိပါပြီ"

မြှဟန်ကမူ ဘာမှမပြောဘဲ ပြုံး၍သာနေ၏။

အမေ မြင်ကတည်း၊ တွေ့ကတည်းက ရှုပါ့အပေါ် အလိုမကျသော စကားတစ်ခွန်းတလေမှ မပြောသဖြင့် ကျွန်တော်ကား အတိုင်းအဆမရှိ ဝမ်းသာနေမိ၏။

✤ ✤ ✤

"စောင့်လိုက်ရတာ" ဟူသော ကြိုဆိုသံနှင့်အတူ ပခုံးလွယ်လာသော သားရေလွယ်အိတ်ကြီးကို ရှုပါက ပြေးလာဆွဲ၏။ ရွှေရောင်နှုတ်ခမ်းချည် နှင့် သနပ်ခါးရောင် လက်ရှည်အင်္ကျီ ဝတ်ထားသော ရှုပါ၏မျက်နှာကို အမေနှင့် မြှဟန်တို့က ပြုံးကြည့်ကြသည်။ သနပ်ခါးပါးပါးလိမ်းထား၏။ အတုဆို၍ ရှုပါ၏မျက်နှာတွင် ဘာမှမပါ။ သို့သော် ဘယ်လိုကြည့်ကြည့် ရှုပါကား လှ၏။ မည်မျှကြာကြာကြည့်ကြည့် ရှုပါကား ချော၏။ အနီးအဝေး ကာလမရွေး အလှမလေး။

"ဘယ်တုံးကပင် ရောက်နေလဲ ရှုပါ"

"လေးနာရီကျော်ကျော်လောက်ကပင် ရောက်နေတာ ဦးကြီးရယ်။ ကားနဲ့များ သွားကြလေသလားတောင် ထင်မိတာ"

"မသွားပါဘူး၊ ရှုပါ စောင့်နေလိမ့်မယ်လို့တောင် မထင်ဘူး"





ဘာမှပြန်မပြောဘဲ အမေနှင့်ကပ်လျက် ခုံတန်းလျားတွင် ဝင်ထိုင်သည်။ အမေ့လက်တစ်ဖက်ကိုလည်း မြဲမြဲ ဆုပ်ကိုင်ထား၏။

"မသိန်းသိန်းကိုကော ဘူတာလိုက်ပို့မယ် ဆိုတာ ပြောခဲ့ရဲ့လား"

"ကိုကိုကလည်း မပြောဘဲတော့ လာမလားလို့"

လေးနာရီကျော်ကပင် လာစောင့်နေသည် ဆိုသဖြင့် သနားသွားမိသည်။ မလိုက် လိုက်ရမှာစိုး၍၊ မမီလိုက်မှာစိုး၍ စောစော လာစောင့်နေပုံရ၏။

"ကိုကို ရထားလက်မှတ် ဝယ်လိုက်မယ်နော်"

"နေပါဦးကွ၊ ရထားလာတာမြင်မှဝယ်ပါ"

သမိုင်းဘူတာဘက် တစ်ချက် လှမ်းကြည့်၍ မြှဟန်ကို တားလိုက်ရ၏။

"ဝယ်ထားလိုက်ရင် ပြီးရော့၊ ရထားလာရင် တိုးဝှေ့ဝယ်နေရဦးမယ်" ဟု ရှုပါက ဆိုသည်။

"မင်း မသိပါဘူး၊ လော်ကယ်ရထားက အချိန်မမှန်တတ်လို့ ပြောတာ" ဟု ပြောလိုက်ရသည်။

လက်က နာရီကို ကြည့်သည်။ ငါးနာရီသုံးဆယ့်ငါး။ ရထားကား အရိပ်အယောင်မျှ မမြင်ရသေး။ ဘူတာရုံထဲတွင် ခရီးသည်များ ပို၍ စည်ကားလာသည်။ 'တစ်စီးတော့ပျောက်ပြန်ပြီ'ဟု မတ်တတ်ငေးနေသော ခရီးသည်တစ်ယောက်က ဆိုသည်။ 'နောက်လေးဆယ့်ငါးပါ မပျောက်ရင် တံကောင်း' ဟု နောက်တစ်ယောက်က ဆိုပြန်သည်။ ခရီးသည်တွေက လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။ သမိုင်းဘူတာဘက် လှမ်းကြည့်ကြသည်။ အရိပ်အယောင်ပင် မမြင်ရသေး။

ဘူတာအနောက်ဘက်ရှိ ကုက္ကိုပင်များပေါ်တွင် နေခြည်တို့ ဝင်းဝင်းလက်နေသည်။ စိမ်းဖန့်သော သစ်ရွက်တို့သည် လေနှင့်အတူ ယိမ်းနွဲ့လှုပ်ခတ်နေကြသည်။ နေရောင်ခြည်သည် အနောက်ဘက် မျက်နှာမူထားသော ရှုပါ၏မျက်နှာကို လာထင်၏။ ရှုပါ၏မျက်နှာသည် ပို၍ ဝင်းလက်နေသည်။

မြှဟန်က ဖင်တကြွကြွ၊ မျက်လုံးတဝေ့ဝေ့ ဖြစ်နေ၏။ ထင်သည့်အတိုင်းပင် ရထားနှစ်စီးစလုံး ပျောက်သွားသည်။ ခရီးသည်တွေ ညည်းညူကြ၏။ 'ဒါနဲ့များ အချိန်ဇယား ရေးထားရသေးတယ်' ဟု တစ်ယောက်က ဒေါသသံနှင့် ပြောသည်။ နောက်တစ်ယောက်က 'မနက်ပိုင်း ရုံးချိန်မှ ရထားက မှန်တာ' ဟု ဆိုပြန်သည်။ ရထားအခက်အခဲကို သူတို့က မသိ။ မိမိဆန္ဒသာ အရေးကြီးတတ်ကြသည်။ လူတို့၏သဘောပင်။

"ရထားက စိတ်မချရဘူး ကိုကို။ ကားနဲ့သွားကြတာပဲ ကောင်းပါတယ်"

မြှဟန်က မတ်တတ်ထရပ်၏။


www.burmeseclassic.com

www.burmeseclassic.com

"အေး- ကားနဲ့ပဲ ကောင်းပါတယ်ကွာ" ဟု ပြန်ပြောလိုက်ရသည်။ မြဟန် ဘူတာရုံလမ်းဘက် ထွက်သွားသည်။

"တွေ့လား သက်သက် ပိုက်ဆံနှစ်ကျပ် အလကားကုန်မလို့" ဟု ရှုပါဘက် လှည့်ကြည့်၍ ပြောလိုက်၏။

"ဟုတ်တယ် ကိုကို တော်တယ်၊ ရန်ကုန်ထဲ ရောက်ရင် စားချင်တာ ပြော၊ ဝယ်ကျွေးမယ်" ဟု ရှုပါက နောက်သည်။

"အဲဒါကြောင့် ကိုကိုက ပြောနေရတာ။ နေရာတကာမှာ ရှုပါတို့ ထက် ကိုကိုက အတွေ့အကြုံရှိသား၊ လောကက သင်ပြပြီးသား။ ကိုကို့ စကားသာ နားထောင်ရင် ဘယ်တော့မှ အချည်းအနှီး မဖြစ်ဘူး၊ ဆေးဟာ အစားရခက်ပေမင့် ကြိတ်မှိတ်မျိုချရင် ရောဂါ ပျောက်တယ်နော်"

"ဟုတ်ကဲ့၊ သမားတော်ကြီးက အမိန့်ရှိပါရှင့်"

"အကောင်းပြောရင် . . ."

ရှုပါက အမေ့မျက်နှာကို ကြည့်၍ ရယ်နေ၏။

ခဏသာကြာ၏။ မြဟန်က ကားရပြီဟု လာပြောသည်။

ကျွန်တော် လွယ်လာသော လွယ်အိတ်ကို ဆတ်ခနဲ ကောက်ဆွဲ၍ မတ်တတ်ထ၏။ မြဟန် လွယ်လာသော အမေ့လွယ်အိတ်ကို ကျွန်တော်က လွယ်လိုက်သည်။ အုန်းသီးနှင့် ငါးခြောက်ခြင်းကို မြဟန်က ဆွဲသည်။ ဘူတာရုံက ထွက်လာကြ၏။

မြဟန်က ရှေ့တွင် သွားထိုင်သည်။ အမေက ညာဘက်တွင် ထိုင်၏။ ရှုပါနှင့် ကျွန်တော်တ အမေနှင့် မျက်နှာချင်းဆိုင် ဘယ်ဘက်တွင် ထိုင်ကြသည်။ ကားစထွက်လာသောအခါ ရှုပါက မသိမသာ လက်ချောင်းလေးတစ်ဖက်ကို လာဆုပ်ထား၏။ ဘူတာရုံလမ်းရှိ အသိဆိုင်များကမူ ကျွန်တော်တို့ကို လှမ်းကြည့်ကြသည်။ ကျွန်တော့်အသိ တချို့တလေက "ဘယ်လဲ" ဟုပင် လှမ်းနှုတ်ဆက်ကြသည်။ "မန္တလေး" ဟု လှမ်းအော်ပြောရ၏။ လက်မြှောက်ပြ၍ ကျန်ခဲ့ကြ၏။ သူတို့ကိုစွကျနေတာပဲဟု ရှုပါက မကျေမနပ်ဆိုသည်။ ခင်လို့မေးကြတာပဲကွယ်ဟု နှစ်သိမ့်စကား ဆိုရ၏။

ရှုပါတို့အိမ်နားအရောက်တွင် ဆိုင်ကို တစ်ချက်လှမ်းကြည့်ဖြစ်သည်။ မသိန်းသိန်းနှင့် ကိုသိန်းတန်တို့မိသားစုကို ဆိုင်ထဲ၌ မြင်ရ၏။ နီလာနှင့်ဖြူပြာတို့က မြင်သွားကြပုံရသည်။ မျက်နှာ အပြောင်းအလဲကို လှစ်ခနဲ မြင်ခဲ့ရ၏။ ရှုပါ၏မျက်နှာကို ကြည့်မိသည်၊ မသိမသာ မျက်လွှာချထား၏။ မျက်နှာက ပန်းရောင်အသွေး ပေါ်နေသည်။ စကားရှာ၍ မှာပြီးသားစကားကိုပင် ထပ်ပြောရသည်။

"ကိုကိုမရှိတုန်း ဆိုင်ကို ဂရုစိုက်ဖွင့်ပါနော်"

"အင်း" ဟု နင်တင်တင်အသံနှင့် ခေါင်းညိတ်၍ဆို၏။

"ပစ္စည်းဝယ်စရာရှိရင် မင်းဦးကြီးခေါ်သွား"





"ဦးကြီး မအားရင်ကော ကိုကို"

"ခွင့်ယူခိုင်းပေါ့"

"အားနာစရာကြီး"

"မြဟန်ကို ကိုကို ပြောပြီးသားပါ။ ရန်ကုန်ထဲက ကိုစံရွှေကိုလည်း ကိုကို မှာထားပြီးသားနော်။ ပိုက်ဆံကို လက်ငင်းပေးစရာ မလိုဘူး။ ကိုကို လာမှ ရှင်းလိမ့်မယ်လို့ပြော"

"ကိုကိုက ဘယ်လောက်ကြာမှာလဲ"

"အများဆုံး တစ်လပေါ့ကွာ"

"အကြာကြီးပဲ" ဟူသော စကားကို နှစ်ကိုယ်ကြားလေသံနှင့် ဆို၏။ အမေများ ကြားသွားသလား ဟူသော စိုးရိမ်မှုအကြည့်နှင့် အမေ့မျက်နှာကိုလည်း အကဲခတ်သည်။ အမေကား ဘာမှမပြော။ လမ်းတစ်လျှောက်လုံးကိုသာ ကြည့်ပါလာသည်။ စိတ်နှင့် စိပ်သော ပုတီးစိပ်ပင်မပျက်ဟု ထင်၏။ လောင်ပူလေးကိုလည်း သေတ္တာထဲက ပိုက်ဆံ မနှိုက်စေနဲ့ဟူသော စကားအဆုံးမှာ ကားက ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

ဘူတာကြီး ရောက်ပြီ။ နာရီကို ကြည့်၏။ ခြောက်နာရီဆယ်မိနစ်သာ ရှိသေးသည်။ ကားပေါ်က အမေ့ကို အရင်ဆင်းစေသည်၊ အုန်းသီးနှင့်ငါးခြောက်ခြင်းကို မြဟန်က လာဆွဲ၏။ ပလက်ဖောင်း လက်မှတ်နှစ်စောင်ဝယ်ပြီး သံဆန်ကာပေါက်က အမှတ်တစ် စင်္ကြံထဲ ဝင်လာကြသည်။ ရထားတွဲပင် မထိုးသေးသဖြင့် ခုံတန်းလျားပေါ် ထိုင်ကြသည်။ ခဏအကြာမှာပင် ရှုပါက နာရီကို လှမ်းကြည့်ပြီး-

"အစောကြီး ရှိသေးတယ်၊ ဆူးလေဘုရား သွားရအောင် ကိုကို"

ဟု ဆိုသဖြင့် အမေနှင့်မြဟန်တို့ကို ပြောကာ ဘူတာမှ ထွက်လာကြသည်။

✤ ✤ ✤

"ကိုကို ရှုပ့်ပါ တစ်ခါတည်း ခေါ်သွားရင် သိပ်ကောင်းမှာပဲ"

စင်္ကြံပေါ် ဖြတ်လျှောက်လာကြရင်း ဆိုသည်။ သူ့မျက်နှာကို လှမ်းကြည့်မိ၏။ ရှုပါကလည်း ပြန်ကြည့်နေသည်။ ခြေလှမ်းတော့ မပျက်၊ လက်တွဲလည်း မဖြုတ်။ သို့သော် မျက်ရည်ဝဲနေ၏။

"ရှုပါ လိုက်ချင်လို့လား"

"ကိုကိုရာ၊ သိပ် သိပ်လိုက်ချင်တာပေါ့"

ဝမ်းနည်းသံနှင့် ပြောသဖြင့် လက်ကို ပို၍ ဖျစ်ညှစ်ထားလိုက်မိသည်။ ရုတ်တရက်မူ နှုတ်အ,သွား၏။ ဘာစကား ပြန်ပြောရမှန်း မသိ၊ ရှင်ထဲ နင့်သွားသည်။ ရှုပ့်အသံက ထပ်ပေါ်လာပြန်သည်။

"အတူသွားရရင် သိပ်ပျော်စရာကောင်းမှာပဲ ကိုကိုနော်၊ မန္တလေး ဘုရားစုံဖူး၊ မုံရွာ သမ္ဗုဒ္ဓေသွား၊ စစ်ကိုင်းတောင် လျှောက်လည်၊ မိုးညှင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဗေဒ္ယာကမ်းအလှသီချင်း ကိုကို သတိရမှာပဲနော်"

"စစ်ကိုင်းရောက်ရင်လား"

"အင်းပေါ့"

"စစ်ကိုင်းရောက်မှ မဟုတ်ပါဘူး ရှုပါရယ်။ ဘယ်ရောက်ရောက် ကိုကိုကတော့ ရှုပါလေးကို အမြဲ သတိရနေမှာပေါ့"

"အပြောကတော့"

"အပြောမဟုတ်ပါဘူး၊ တကယ်ပါ ရှုပါရယ်။ ခုက အခြေအနေမပေး သေးလို့ ခေါ်မသွားနိုင်သေးတာ ကိုကိုလည်း ဘယ်စိတ်ကောင်းမလဲ။ နောက်ဆို ရှုပါသွားချင်တဲ့နေရာ မြန်မာနိုင်ငံအနှံ့ ကိုကို လိုက်ပို့ပေးမယ်။ အထက်မြန်မာပြည်ဘုရားဖူးတင် မကပါဘူး။ ရှုပါ သွားချင်ရင် ပေလီတို့ မောင်းမကန်တို့ပါ ကိုကို လိုက်ပို့မှာပေါ့။ ပေလီမှာဆို ကိုကို့အသိ သူငယ် ချင်းတွေပိုင် ဘင်ဂလိုတွေလည်း အားကြီးပဲ၊ ဘာမှ ပူစရာမရှိဘူး"

"ကိုကို ရောက်ဖူးလားဟင်"

"ရောက်ဖူးတာပေါ့ ကလေးရယ်၊ ပေလီဟာ သိပ်သာယာတာ။ ဘင်ကလိုတွေကလည်း သဲသောင်ပြင် အုန်းတောတွေထဲ ဆောက်ထား တာ။ ကိုကို ဒီလို မှန်းထားတယ်၊ ခု ကိုကို မိုးကုတ်က ပြန်လာရင် မေမေ့ ကို ကျိုက်ထီးရိုးဘုရား လိုက်ပို့မယ်၊ ကျိုက်ထီးရိုးတော့ ရှုပါလည်း လိုက် ခဲ့။ အမေနဲ့ အဖော်ရတာပေါ့"

"တကယ်နော် ကိုကို"

"တကယ်ပါ၊ ကျိုက်ထီးရိုးက ပြန်လာရင် ကိုကိုတို့ လက်ထပ်ကြ မယ်။ နွေရောက်ရင် ပေလီသွားကြတာပေါ့။ ပေလီရောက်ရင် ရှုပါက ဘီကီနီလေးဝတ်ပြီး ကိုကိုနဲ့ ရေအတူကူးကြ"

"ရှုပါမှ ရေမကူးတတ်တာ"

"ကိုကို သင်ပေးမှာပေါ့၊ ရေကူးလို့မောရင် အုန်းခြံထဲဝင်ပြီး အုန်း ရည်သောက်၊ သလဲပြင်ပေါ်မှာ ကိုကိုနဲ့ အတူထိုင်ထိုင်၊ အိပ်အိပ်"

"ရှက်စရာကြီး"

"ဘာလို့ ရှက်ရမှာလဲ၊ လင်မယားပဲဟာ"

"လူမြင်ကွင်းကြီးမှာ"

"လူမြင်ကွင်းမှာ ဘာဖြစ်လဲ၊ ရေကူးပြီး မောလို့ ထိုင်နေလှဲနေ အမောဖြေနေကြတာ။ ဒီပြင် ဘာလုပ်တာမှတ်လို့"

"မဟုတ်ဘူးလေ ကိုကို၊ ရေကူးဝတ်စုံနဲ့ လူမြင်ကွင်းမှာပြောတာ"

"အမယ်လေး၊ မပူပါနဲ့ လူမမြင်တဲ့နေရာတွေ အများကြီး။ အုန်း လက်တွေက ရှုပါတို့ ကိုကိုတို့ကို မပြောနဲ့ ဘန်ဂလိုတွေတောင် ဖုံးထားတာ ဘယ်လူမှမမြင်ဘူး။ ညကျရင် ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်။ လသာသာနဲ့ဆို အုန်းခြံထဲမှာလည်း လမ်းလျှောက်လို့ရတယ်၊ ဖိနပ် တောင် စီးစရာမလိုဘူး။ သလဲတွေကလည်း နုနုလေးတွေ။ ဖိနပ်မပါဘဲ





လမ်းလျှောက်ရင် ယားကျိယားကျိနဲ့ ဖီလင်တစ်မျိုးပေါ့ကွာ။ ညပင်လယ် ပြင်ကို ပွဲချိတ်နဲ့ ထွက်ရင်လည်း ရသေးတယ်။ ကျောင်ဆောင်ကျောက်တုံး တွေကြားထဲ တစ်ညလုံး အိပ်နေလို့တောင် ရတယ်"

"ပျော်စရာကြီးပဲ၊ ကိုကိုအပြောကောင်းတာနဲ့ ရှုပါတော့ ပေလီ ချက် ချင်းရောက်သွားသလို ခံစားရတယ် တကယ်ပဲ"

"မကြာခင် ရောက်ရမှာပေါ့ကွယ်"

မျက်နှာကို ထူးထူးခြားခြား တစ်ချက်လှည့်ကြည့်သည်။

"ပေလီပဲ ရောက်မလား၊ အိပ်မက်မြင်သလိုပဲ ဖြစ် . . ."

"ဘာအိပ်မက်မြင်သလိုလဲ၊ ဘယ်လိုမြင်လို့လဲ"

"ညက အိပ်မက်မြင်တယ် ကိုကိုရယ်။ အဲဒါ ပြောချင်လို့ မနက်က တည်း အိမ်လာတာပေါ့။ နှစ်ယောက်တည်း ပြောဖို့ မရခဲ့ဘူး။ ခုလည်း အဲဒါ ပြောချင်လို့၊ ဘုရားမှာလည်း ပန်းလှူချင်လို့ တမင်ခေါ်လာတာ"

"ဟုတ်လား၊ ကဲ- ပြောပါဦး ဘယ်လိုမြင်လို့လဲ"

"ရှုပါနဲ့ကိုကို့ကို ကိုကို့အမေကလည်း သဘောမတူဘူးတဲ့။ အဲဒါ ကြောင့် မိုးကုတ်ခေါ်သွားပြီး မိန်းမ ပေးစားပစ်လိုက်တယ်တဲ့။ အိပ်မက် ထဲမှာ ရှုပါ ငိုလိုက်ရတာလေ။ ဦးကြီးကတော့ အားပေးတယ် သိလား။ ရှုပါက ငယ်ငယ်လေးပဲ ရှိသေးတာ။ အေးဟန်ထက်သာတာရနိုင်ပါတယ်။ ဘာမှ ငိုမနေနဲ့။ ဆိုင်လာလာစာပေးနေတဲ့ တက္ကသိုလ်ကျောင်းသားထဲက တစ်ယောက်ယောက်ကို မင်းယူပြလိုက်စမ်းပါတဲ့။ ဦးကြီးက ကိုကို့ကို စိတ် ဆိုးပြီးပြောတာ"

အသံထွက် ရယ်မိသွားသည်။

"မရယ်နဲ့ ကိုကိုရယ်၊ တကယ်ပြောတာ။ ရှုပါလေ မိုးသာလင်းရော နိုးအိပ်မပျော်တော့ဘူး။ မိုးကုတ်မှာ ကိုကို့ရည်းစားဟောင်းတွေတော့ မရှိ ပါဘူးနော်"

"ဟားဟား၊ ရှုပါမို့ ကြံကြံဖန်ဖန်စည်ရာ မြင်တတ်တယ်ကွာ။ ဒီလို ဖွတ် သားကို ဘယ်မိုးကုတ်သူတွေ ကြိုက်မလဲ။ ရှုပါ့လို ကိုကို့ကို မိုးကုတ်သူ တွေ အိပ်မက်တောင် ထည့်မက်မှာ မဟုတ်ဘူး"

"ပြောနိုင်လား၊ ကိုကိုက အပြောကောင်းတာပဲ"

"ရုပ်ကလည်း မဆိုးပါဘူး"

"ကုလားနှာခေါင်းနဲ့ တရုတ်မျက်နှာပဲ ချောတာပေါ့"

နှစ်ယောက်စလုံး ရယ်မိကြသည်။

ဖိနပ်အပ်၍ ဘုရားပေါ် တက်လာကြသည်။ ရှုပါက သူ့စိတ်ကူးနှင့် ပန်း၊ ထီး၊ ကုက္ကား၊ မုလေးပွားတွေ ဝယ်၍ တနင်္ဂနွေထောင့်တွင် ဆု တောင်းရှိခိုးသည်။ ရှုပ့်အနားတွင်ထိုင်၍ ရှိခိုးရ၏။ ဆုကား မတောင်းမိ။ အမေစိုးရိမ်နေမှာ စိတ်ပူ၍ ကမန်းကတန်း ပြန်လာကြ၏။ ရှုပါ အပြန်လမ်း၌လည်း အိပ်မက်အကြောင်း ထပ်ပြောသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်ပဲ ကိုကိုရယ်၊ ရှုပါတော့လေ ကိုကို့ကို စိတ်မချဘူး။ တစ်နေ့ကျရင် ကိုကို ရှုပါ့ကို ပစ်သွားမယ်လို့ချည်း ထင်နေတယ်။ ရှုပါက ပညာလည်း မတတ်၊ ပစ္စည်းလည်း မရှိတော့ . . ."

"ဣတ္ထိ - မိန်းမတို့၏၊ မနံ - ဥစ္စာကား၊ ရှုပံ - အဆင်းတည်းတဲ့။ ရှုပါရဲ့ဥစ္စာက အဆင်းပဲ၊ ဘာလို့ ပစ္စည်းမရှိရမှာလဲ"

"ကိုကိုကတော့ တကယ် အပြောကောင်းတာ။ အဲဒီ အပြောကို ရှုပါ စိတ်မချတာ။ အိပ်မက်ပါ မြင်လာတော့ ပိုဆိုးတာပေါ့"

• "အိပ်မက် ဆိုတာ သွေးလေချောက်ချားရင်လည်း မက်တယ်တဲ့။ အလကားပါ၊ အိပ်မက်ကို စိတ်စွဲမနေပါနဲ့။ ခုလည်း စိတ်စွဲနေလို့ မြင်တာနေမှာပေါ့။ အိပ်မက်ဆိုတာ အမြင်အာရုံ အကြားအာရုံမှာ မှီပြီး မြင်တာပါ ကလေးရယ်။ ကိုကို ထောင်ထဲ မရောက်ဘူးခင်တုန်းက ထောင်အကြောင်း တစ်ခါမှ အိပ်မက်မမြင်ဘူး။ ထောင်ထဲလည်း ခြောက်နှစ် ခုနစ်နှစ် နေဖူးရော ထောင်အကြောင်း အိပ်မက်မက်တော့တာပဲ။ ခုတော့ တစ်ခါတစ်ခါ အရေးပေါ် တန်းစီးလို့၊ ပုံစံထိုင်လို့၊ အိပ်ဆောင်ပိတ်ခါနီးမို့ ကမန်းကတန်း ပြေးဝင်ရတာတို့၊ ရေကန်ဘာယာနဲ့ စကားများရတာတို့၊ ထမင်းဘုတ်မှာ ရန်ဖြစ်ကြတာတို့ မြင်တတ်တာပဲ။ အိပ်မက်ဟာ အလကားပါ"

"ဟုတ်မလား မသိဘူးနော်။ ရန်ကုန်ထဲ ကိုကိုနဲ့ ပစ္စည်းသွားဝယ်ကြတာ၊ ရုပ်ရှင်ဝင်ကြည့်နေကြလို့ မေမေဆူတယ်လို့လည်း တစ်ခါတစ်ခါ မြင်တတ်တယ်"

"ရုပ်ရှင်ရုံထဲက အကြောင်းတွေကော"

ဘူတာရုံထဲ ဝင်လာကြပြီ ဖြစ်သဖြင့် မမြင်ပါဘူးဟု လုပ်သံနှင့် ဆိုသည်။ ရထားတွဲထိုးထားပြီးဖြစ်သဖြင့် မြပဟန်က ကျွန်တော်တို့နောက်ကို မြင်သည်နှင့် ချက်ချင်း ထ၏။ အမေလည်း မတ်တတ်လိုက်ထသည်။ ကျွန်တော်နှင့် အမေက ဒုတိယမြောက် သံဆန်ကာထဲ ဝင်ကြရ၏။

"မြပဟန် မင်း အမေ့ကိုလွှမ်းပြီး ငိုမနေနဲ့နော်" ဟု ရှုပါ၏မျက်နှာကိုကြည့်ကာ စ,ရသည်။

"မငိုသေးဘူး၊ ဦးကြီးရှိသားပဲ" ဟု ရှုပါက ဆိုသည်။

အမေကတော့-

"သွားမယ်နော် သမီး" ဟုသာ နှုတ်ဆက်လေသည်။

ကျွန်တော်နှင့်အမေတို့ ရထားတွဲပေါ် ရောက်၍ ဆယ့်ငါးမိနစ်ပင် မကြာ ရထားထွက်လေ၏။ ရထားတွဲပေါ်က လှမ်းကြည့်နေခဲ့ရသော ရှုပါ၏ တဒင်မျက်နှာလည်းကွယ်လေသည်။ ရှုပါနှင့် မြပဟန်တို့ ဘယ်ပြန်သွားကြလိမ့်မည်ကိုပင် စိတ်၌ မထင်လာတော့ချေ။

✤ ✤ ✤





အမေ၏မျက်နှာရိပ်မျက်နှာကဲကို ခတ်သည်။ တစ်ခုခု ပြောတော့မည်ကို အတပ်သိ၏။ ထို့ကြောင့် အမေ၏မျက်နှာကို ကြည့်နေလိုက်သည်။

"မင်းတို့ မင်္ဂလာရက်တွေဘာတွေကော ရွေးပြီးကြပလား"

"မရွေးရသေးပါဘူး အမေ"

"ဘယ်တော့မှန်းထားလဲ"

"အမေ မပြန်ခင်လို့ မှန်းထားတာပဲ"

"ကောင်းပါတယ်၊ ကလေးမလေးက မင်းအပေါ် တော်တော် ကြင်ကြင်နာနာ ရှိပုံရပါတယ်"

ဤစကား အမေ ထပ်ပြောပြန်ပြီဟု တွေးမိလိုက်သည်၊ ဘာကြောင့် ပြောသည်ကိုတော့ မသိ။

"မင်းမှာ ငွေရေးကြေးရေးကော အဆင်ပြေရဲ့လား။ မင်းကလည်း ဒီအကြောင်း လုံးဝ စာမရေးတော့ အမေ ယူမလာမိဘူး။ မိန်းကလေး ကြည့်ရတာ လက်ဝတ်လက်စားတော့ ရှိပုံမရဘူး။ နောက်တော့ မိန်းကလေးကို အမေ အားလုံး ဆင်ပေးပါ့မယ်။ အဲဒါတော့ အမေ့တာဝန်ထားပါ"

"ရပါတယ် အမေရယ်၊ သူတို့ ဝတ်ဖို့စားဖို့လောက် ကျွန်တော်မှာလည်း ရှိပါတယ်။ မင်္ဂလာရက် မသတ်မှတ်ရသေးလို့ ဘာမှမလုပ်ထားတာပါ။ လူကြီးတွေရဲ့ အယူအဆတွေလည်း ပါတာပေါ့။ ကျွန်တော်ကတော့ မယုံကြည်ပါဘူး"

"ယုံကြည်တာ မယုံကြည်တာတော့ မင်းစိတ်ထဲထားပေါ့။ မိန်းကလေးဘက်က ကျေနပ်လောက်အောင်တော့ အမေတို့ လုပ်ပေးရမယ့်တာဝန် ရှိပါတယ်"

"သူတို့ မကျေနပ်လည်း နေပေါ့အမေရာ။ ကျွန်တော်ကတော့ ဒီခေတ်ကြီးမှာ မင်္ဂလာဆောင်ရမှာတောင် ရှက်သလိုတွေ့တယ်။ ရုံးတက်လက်မှတ်ထိုးလိုက်လည်း ပြီးတာပါပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွယ့်။ အထိုက်အလျောက်တော့ လုပ်ရမှာပေါ့"

"ဒါတော့ ရန်ကုန်ပြန်ရောက်မှ သူတို့နဲ့ တိုင်ပင်ပြီး စီစဉ်ကြတာပေါ့ အမေရာ"

"အင်းပေါ့" ဟု အမေက ဆိုသည်။

တောင်ငူတွင် ရထားရပ်၏။

"အမေ တစ်ခုခု သောက်ပါလား"

"ဟင့်အင်း၊ အမေ ဘာမှ မသောက်ချင်ဘူး။ လူလေး သောက်ချင်သောက်"

ဘူတာထဲသို့ လှမ်းကြည့်ကာ အမေက ပြောသည်။ လက်ဖက်ရည်သောက်မိ၏။ ရထားထွက်သောအခါ အမေက လှဟန် မိုးဦးက ရန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်လာသွားသည့်အကြောင်း မေးသည်။ မုတ္တမရှိ မောင်ထွန်းခိုင်နှင့်
ရောင်းအဝယ် စပ်တူလုပ်ချင်၍ လာကြောင်း ပြောပြရသည်။

"မင်း ကလေးမလေးကို မြင်ဖူးသွားလား"

"မြင်ဖူးသွားပါတယ် အမေ၊ အဲဒီအိမ်မှာ ထမင်းတောင် တစ်နပ်
စားသွားတယ်"

"သိကော သိသွားလား"

"သိပါတယ်"

"ဒါနဲ့တောင် ငါ့ကို ဘယ်လူမှ အသိမပေးကြဘူး။ မြပဟန်ရော၊
ဟန်ပါ တယ်နှုတ်လုံကြပါလား"

"*ကျွန်တော်က ပြောထားလို့ပါ*"

"နင်ကတော့" ဟု အပြစ်တင်စကား ဆိုသည်။

အမေ အိပ်ပျော်သွားသော်လည်း ကျွန်တော်ကား အိပ်မပျော်
သာစည်လွန်လာသောအခါ စပျစ်သီးအစားလွန်၍ ပါးစပ်တွေပါဖန်
သည်။ အတူလိုက်ချင်သော်လည်း ဝမ်းနည်းစွာကျန်ခဲ့သော ရွှေပါ
တစ်ချက်တစ်ချက် သတိရတတ်သည်။ လူက မန္တလေးမရောက်သေး
လည်း စိတ်က ကြို၍ ရောက်နေ၏။ အခင်မင်ဆုံး သူငယ်ချင်း ကိုတင်
ကို သတိရနေမိသည်။

✤ ✤ ✤

မိုးလင်း နံနက် ခုနစ်နာရီကျော်မှာ ရောက်လိမ့်မည်ဟု အထင်
ခဲ့သော အမြန်ညရထားသည် ကိုးနာရီထိုးမှ မန္တလေးဘူတာကြီးကို
လေသည်။

မရောက်သည်မှာ ကိုးနှစ်ဆယ်နှစ်ခန့်ရှိပြီဖြစ်သော မန္တလေးသည်
အမြင်၌ စိမ်းနေသည်။ မီလိုမီခြား မိုးကုတ်ကားဂိတ်ကို မြင်းလှည်းငှား
သွားရသည်။ လက်မှတ်ကား မရတော့။ ကားဂိတ်နှင့် အနီးဆုံး တည်
ခန်းသို့ ပို့ပေးလေသည်။ နေရာအတည်တကျ အခန်းရသောအခါ ရေ
ပြီး ဈေးချိုနားတွင် ထမင်းသွားစားကြသည်။

အမေ့ကို တည်းခိုခန်း ပြန်ပို့ပြီး ရှစ်ဆယ့်သုံးလမ်းကို လာသ
ကမ္ဘဝါတန်းကို ဝင်၏။ အမှတ် ငါးရာသုံးဆယ့်ခြောက်က ကိုတင်
တိုက် ဝင်သည်။ ကိုတင်ဖေကို မတွေ့။

ကိုသိန်းဆင့်ကို သတိရသဖြင့် ရဟိုင်းဈေးဘက်လာသည်။ ပ
ဖိနပ်တိုက်မှာလည်း မောင်မင်းကြီးသားကို မတွေ့။ မှာထားခဲ့ပြီး
ဟိန်းတည်းခိုခန်းသို့ ပြန်လာသည်။

✤ ✤ ✤

တည်းခိုခန်းရှေ့ရှိ ခုံတန်းပေါ်တွင် အမေ ထိုင်နေသည်။ ကျဉ်းကျပ်





သောအခန်းထဲတွင် နေလေ့နေထမရှိသော အမေသည် စိတ်ကျဉ်းကျပ်
နေပုံရသည်။

"မင်း ထမင်းစားပြီးခဲ့ပလား" ဟု မေး၏။

"မစားခဲ့သေးဘူး၊ အမေ ဆာနေပလား"

"မဆာပါဘူး၊ ပုရစ်ကြော်ရှိတယ် မင်း စားချင်စား၊ အမေတော့
ညနေစာမစားတော့ဘူး၊ ပုရစ်ကြော်နဲ့ မုန့်တွေစားထားလို့ ဗိုက်ပြည့်နေပြီ"

ပြုံးမိလိုက်သည်။ ယခင်ကလည်း မန္တလေးရောက်ဖူးသော အမေသည်
ပုရစ်ကြော်ကိုတော့ ကြိုက်ပုံရသည်။ အရိုးများသော ပုရစ်ကြော်ကို ကျွန်
တော်ကမူ မကြိုက်။ မဆီမဆိုင် ခြောက်ဆယ့်ခုနစ်ခုကပင် ဆုံးပါးသွား
*သော အဖေ့ကို သတိတစ်ချက်ရလိုက်သည်။*

အဖေသည် ပုရစ်ကြော်ကို လုံးဝ မစား။ ပုရစ်မျက်လုံးကို ကြည့်ရ
တာ အသည်းယားစရာဟု ဆိုဖူးသည်။

ပုရစ်သည် သေသော်လည်း မျက်လုံးမမှိတ်။ ဆီပူထဲ ဟည့်ကြော်
ခံရ၍ သေပြီးသောအခြားမဲ့၌လည်း ပုရစ်မျက်လုံးကား ပကတိအတိုင်း
ပြူးကြည့်နေတုန်း။

သိန်းသိန်းက ကျွန်တော့်ကို ငါးစင်ရိုင်းနဲ့ နှိုင်းပြောဖူးသည်။ သေလို့
တောင် ဆူးတောင်ချပုံမရ။ ထပ်၍ ပြုံးမိပြန်၏။

အခန်းထဲက ခုံပေါ်တွင် ပုရစ်ကြော်ထုပ်နှင့် မုန့်ထုပ်တို့ကို တွေ့ရ
သည်။ အမေ နောက်ထပ် စားဦးမည်ထင်သည်။ အဝတ်လဲပြီး ရေထွက်
ချိုးသည်။ အပြင်သို့ထွက်လာ၏။ အမေကား ထိုင်တုန်း။ အမေ့အနားတွင်
ဝင်ထိုင်လိုက်သည်။

"မင်း ဆာရင် ထမင်းသွားစားပါလား"

"ကျွန်တော်လည်း ဒီညနေ ထမင်းမစားတော့ဘူး အမေ။ နန်းကြီး
ပဲ ဝယ်စားတော့မယ်"

တည်းခိုခန်းရှေ့က နန်းကြီးဆိုင်ကို ကြည့်ပြောလိုက်၏။

"မိုးကုတ်လက်ဆောင် ပုရစ်ကြော်ဝယ်သွားရ ကောင်းမလားမသိ"
ဟု ဆန္ဒတောင်းခံသလို အမေက ဆိုသည်။

"ထိုးမုန့်ပဲ ကောင်းပါတယ် အမေရာ၊ ပုရစ်ကြော် သူတို့စားချင်မှ
စားမယ်" ပြောလိုက်ရသည်။

မရောက်သည်မှာ ကိုးနှစ်ခန့်ကြာပြီဖြစ်သော မန္တလေးကို နန်းကြီး
သုပ်စားရင်း တွေးနေမိသည်။

တိုက်တာအဆောက်အဦများသည် ပို၍ မြင့်မားခံ့ထည်လာကြသည်။
တည်းခိုခန်းတွေကလည်း မှိုလိုပေါက်နေကြသည်။ အပြင်ကြည့်လျှင်
တည်းခိုချင်စရာချည်း၊ အတွင်းကမူ မည်သို့ ရှိလေမည်မသိ၊ နန်းကြီး
သုပ်မှာစားပြီးသည်ထိ အတွေးက မပြတ်ချင်။

အမေလည်း တစ်စုံတစ်ခု တွေးနေပုံရသည်။ အမေ့မျက်လုံးအစုံ



www.burmeseclassic.com

www.burmeseclassic.com

သည် ငြိမ်နေ၏။ .မနက်ဖြန်ညနေ၊ သည်အချိန်ဆိုလျှင် အမေသည် မိုးကုတ်ရှိ သားနှစ်ယောက် ချွေးမတစ်ယောက်၊ မြေးနှစ်ယောက်နှင့် စကား ဖောင်ဖွဲ့ရပေတော့မည်။ တူများနှင့်ပတ်သက်သော ဆွေမျိုးများသည် အမေ့အနားတွင် ဝိုင်းနေကြပေလိမ့်မည်။

ပါစကာ တေဇော အားနည်းနေပြီဖြစ်သော အမေသည် စောစောတ စားထားသော ပုရစ်ကြော်များ၏ ကြမ်းထော်မှုကို ကြေချက်နိုင်သော ဝမ်းမီး ရှိမှ ရှိပါ့မလားဟု ကျွန်တော် စိုးရိမ်နေသည်။ ဘားပလက်စားသေး လားဟု မေးသောအခါ အစာကြေဆေးစားထားသည်ဟု ပြောလေသည်။

မိုးနှောင်း ဆောင်းဦးသမယ၏ နေဝန်းသည် တိုက်ခေါင်မိုးပေါ်က ငုပ်လျှိုး ကွယ်ပျောက်သွားလေသည်။ ဆည်းဆာ၏ နွမ်းလျချိန်တွင် ကိုတင်ဖေ စက်ဘီးနှင့် ရောက်လာ၏။ သူ့ဆီကို လာခဲ့ပါလျက် တည်း ခန်းတွင် တည်းရကောင်းလားဟု အပြစ်တင်စကားကို ဦးစွာ ဆိုသည်။ အခြေအနေကို ပြောပြရ၏။ အပြန်တွင် သူတို့တိုက်၌ စိတ်ညစ်အောင် နေသွားပါမည်ဟု ကတိပြုပြောရသည်။

မိုးကုတ်ကို လိုက်ခဲ့ပါရန်ခေါ်သော်လည်း မအားသဖြင့် မလိုက်ဖြစ်။ မိုးကုတ်ရှိ ညီကိုမောင်နှမများအတွက် ထိုးမုန့်ဝယ်ရန်နှင့် အအေးသောက် ရန် ညဈေးသို့ ထွက်လာကြသည်။ အမေသည် တည်းခိုခန်း၌ပင် ကျန် လေသည်။

✤ ✤ ✤

ရှား၊ ထနောင်း၊ မန်ကျည်း၊ ဆူးရစ်ပင်ပျို့ပျို့တို့ဖြင့် စိမ်းစိုသော မန္တလေးတောင်သည်ကား နောက်၌ ကျန်ခဲ့လေသည်။ အဝေးက မှိုင်း မြင်ခဲ့ရသော ရှမ်းရိုးမသည် စိမ်းဖန့်သစ်လွင်လာသည်။ ကားလမ်းဘေး ကြံခင်းများနှင့် ပဲခင်းများလည်း စိမ်းလန်းနေကြသည်။

ကိုကိုနဲ့ အတူလိုက်ရရင် သိပ်ပျော်စရာကောင်းမှာပဲ ဟူသော ရှ စကားကို သတိရလာသည်။ မိုင်ပေါင်းများစွာတွင် ဝေးကွာခဲ့သော ရှ ရင်ထဲက တမ်းတတတ်လာမိသည်။ အလွမ်းဝေဒနာသည် ရင်ထဲ၌ သိပ်လာလေ၏။

ရန်ကုန်မြို့တွင် ဥတုသုံးပါးကို သတိထားမိသော်လည်း တဒင်္ဂ ကား၊ ရထားတို့၏ ဆူညံသံများထဲတွင် ဥတုသည် ပြေမျောလွင့်ပျော သွားတတ်သည်။ ယခု တောတောင်သဘာဝတို့၏ သာယာတင့်မော ရာတို့ကို မြင်နေရသောအခါ စိတ်သည် ပျံ့လွင့်လာလေ၏။ ရှုပ်ကို ပို၍ သတိရလာသည်။ သည်အချိန်တွင် အရောင်းစားပွဲ၌ လုပစ္စာထိုင် သော ရှုပါ၏ရုပ်သည် မျက်စိထဲ၌ ပီပီပြင်ပြင်ထင်လာလေသည်။

မန္တလေး၏ရာသီဥတုကား အပြောင်းအလဲမရှိသေး။ လတ် တွင် ကားရပ်၏။ နံနက်စာကို လက်ပံလှ၌ပင် စားကြသည်။ လက်ပံ





ကားစထွက်လာသောအခါ ဆယ့်တစ်နာရီကျော်ပေပြီ။ ကွေ့ကောက်သော လမ်းသည် တောင်စောက် တောင်ခါးပန်းတို့ကို ရစ်ပတ်၍ လိမ်ခွေလျှက် ရှိသည်။ ချောက်ကမ်းပါးနှင့် တံတားတို့ကို ဖြတ်ကျော်လာ၏။ မြေပြန့် သည် ဝေးသောအရပ်၌ ကျန်ခဲ့ချေပြီ။ ကျောက်လွင်ပြင်နှင့် ကျွန်းတော တို့သည် ပါးလျားစပြုလာ၏။ ညိုရင့်သောသစ်ရွက်တို့သည် စိမ်းဖန့်လာ ကြသည်။

ခုနစ်ဆယ့်တစ်မိုင်အလွန်တွင် မိုးကုတ်၏ရာသီဥတုက စတင် နှုတ်ဆက်သည်။ စိမ့်အေးစပြုလာ၏။ နေရောင်သည် ပို၍လှပလာသည် ဟု ထင်ရသော်လည်း အပူငွေ့တို့ လျော့ပါးသွားကြသည်။

ရွှေညောင်ပင် လွန်သောအခါ နွေးထွေးမှုကိုပင် မတွေ့ရတော့။ ပြောင်းလဲသွားသော ရာသီဥတုကြောင့် စိတ်သည် ညစ်မှိုင်းသွားသည်။ တောင်ပေါ်က လှမ်းကြည့်သောအခါ ကင်းချောင်းသည် နိမ့်လွန်းသော အောက်၌ ကွေ့ကောက်စွာ စီးနေသည်။ ချောင်းနှစ်ဖက်ရှိ လယ်ကွင်းများ တွင် စပါးခင်းတို့ ဝင်းဝင်းမှည့်နေကြလေသည်။ မိုးကုတ်ကိုရောက်ရန်မှာ နာရီပိုင်းသာ လိုတော့သည်။

✤ ✤ ✤

ကျောက်ကြမ်းရွာရှိ ကားဂိတ်ဇရပ်တွင် မြင့်ဦးတို့ ညီအစ်ကိုကို တွေ့ ရသည်။ အမေ့ကို မြင်သည်နှင့် ထွန်းနောင်က-

"ဘွားဘွား ဘယ်မှာလဲ၊ နွားယူလာမယ်ဆို" ဟု အမေ့ကို မေးသည်။

ကျွန်တော်က သဘောမပေါက်မိ။ နောက်မှ အမေပြောပြ၍သိရ၏။ သူတို့အရပ်တွင် နွားမရှိ။ သူတို့အိမ်တွင် ခြံထဲမှ ဟင်းသီးဟင်းရွက်တင် သော မြင်းသာ ရှိ၏။ ထွန်းနောင်တို့၊ မြင့်ဦးတို့က နွားကို ရုပ်ပုံ၌သာ မြင်ဖူးကြသည်။

ယခင် သုံးလေးနှစ်ခန့်က အမေသည် သူတို့အိမ်၌ သွားနေ၏။ မိအရပ်သို့ ပြန်ခါနီးတွင် 'ဘွားဘွားတို့ဆီမှာ နွားသိပ်ပေါတာ။ နောက် တစ်ခါ ဘွားဘွားလာရင် မြေးတို့အတွက် နွားတစ်ကောင် ယူလာပေးမည်' ဟု ပြောထားခဲ့ဖူးသည် ဆို၏။ သည်ကောင်လေးသည် ဤသည်ကိုမမေ့။ ယခု အမေ့ကိုတွေ့သောအခါ နွားပါလာလားဟု မေးတော့၏။ အမေက ပြုံးသည်။ ကျွန်တော့်ကိုမူ သူတို့မသိ။ အိမ်ရောက်သောအခါ သူ့ဒ မေက-

"ဒါ မေမေ သားတို့ကို ပြောပြနေတဲ့ ရန်ကုန်က ဘကြီးလေ" ဟု ပြောပြသည်။ အလွန် နှုတ်သွက်၍ နွားပါလားမေးသော သောင်းဟန်သား အငယ်ကောင် ထွန်းနောင်က-

"အိုး . . . ဘကြီးကိုး" ဟု ဆိုသည်။ အကြီးကောင် မြင့်ဦးကမူ ဘာမှမပြောဘဲ မျက်နှာကိုသာ စေ့စေ့ကြည့်နေလေ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

"ကိုအေးဟန်တော့ ချမ်းနေပြီနဲ့တူတယ်"

သောင်းဟန့်မိန်းမ မသိန်းဟန်က မီးကျီးခဲ ထည့်ထားသော မီးဖိုကို အမေနှင့် ကျွန်တော့်ကြား လာချပေး၍ ပြော၏။

"ရပါတယ် သိပ်မအေးပါဘူး" ဟု ပြောလိုက်ရသည်။

မဟာဒုတ်အိမ်ပေါ် ရောက်နေတာက သကြားဆိုတော့ ချိုလိုက်မယ့် ဖြစ်ပုံ ဟူသော ကက်ဆက်မှ ကြာနီကန်ဆရာတော်၏ တရားသံကို ကြားနေရသည်။ လေလျှော့သွားသော လက်ဆွဲမာတ်မီးကို သောင်းဟန်က လေထိုးနေ၏။ အမေနှင့်ကျွန်တော့်အနားတွင် ဆွေမျိုးအားလုံး ဝိုင်းနေကြသည်။

"ရန်ကုန်က ချွေးမတော့ အမေ မြင်ခဲ့ရပြီပေါ့" ဟု မသိန်းဟန်က ကျွန်တော်နှင့်ပတ်သက်သောစကားကို စတင်လေသည်။ အမေကား ပြုံးနေ၏။ ညီအစ်ကိုမောင်နှမတို့၏ မျက်လုံးပေါင်းများစွာသည် ကျွန်တော့်ဆီသို့ တည့်မတ်စွာ လာနေကြသည်။ သူတို့၏အကြည့်အရှုကို မသိကျိုးကျွန်ပြုထား၏။ မျက်နှာကမူ ဟန်ဆောင်၍ မရ၊ ပြုံးနေမိ၏။

"မောင်လှဟန်တော့ သူ့ရန်ကုန်ကမရီး ချောတဲ့အကြောင်း ပြောပြောနေတာ နားကိုညည်းရော့၊ အဲဒါနဲ့ ကျွန်မက 'ဟဲ့ တို့ မိုးကုတ်က ဘယ်လူနဲ့တူလဲ ပြောစမ်းပါ' ဆိုတော့ 'ဘယ်လူနဲ့မှ မတူဘူးတဲ့။ ရူပါလောက် လှတာ ဒီရွာမှာ မရှိဘူး' ဆိုပါလား၊ ဟုတ်လား အမေ"

မသိန်းဟန်က ရူပါ့နာမည်ကိုပင် သိနေသဖြင့် အံ့ဩမိသည်။

"ကိုအေးဟန်ကို မေးပေါ့ဗျ" ဟု ကိုရွှေညွှန့်က ဝင်ပြော၏။ အမေက ကျွန်တော့်ကို တစ်ချက် လှမ်းကြည့်၏။ ကျွန်တော်က နှုတ်ဆိတ်ထားသည်။

"မောင်လှဟန်က သူ့မရီးချောဓာတ်ပုံ ကျွန်မတို့ပြပါတယ်။ မရီးချောတော့ ကြွားတာပေါ့လေ"

"ခင်ဗျား တစ်ယောက်တည်း မဟုတ်ဘူး။ ကျုပ်တို့လည်း ပြပါတယ်ဗျ"

ကိုရွှေညွှန့်က ထပ်ပြောပြန်၏။

သည်ကောင် လှဟန် ရန်ကုန်လာတုန်းက တစ်ပတ်ခန့်သာနေသွားသည်။ ရူပါနှင့် ဓာတ်ပုံယူလာသည်အထိ သိကျွမ်းဝင်ခဲ့ကြသည်ကို တွေးမရ ဖြစ်သွားသည်။ တစ်ခုတော့ ရှိ၏။ လှဟန်သည် ရန်ကုန်က မြဟန်နှင့်စာလျှင် သွက်လက်ချက်ချာသည်၊ အေးအေးလေးလေး မဟုတ်။ ကျွမ်းဝင်ရင်းနှီးဖို့လွယ်သည်။ ထို့ကြောင့်လည်း မိုးကုတ်ပြန်ခါနီးတွင် ရူပါတို့ဘယ်လိုပြောပြီး ဓာတ်ပုံတောင်းလာသည် မသိ။ ယခု ရူပါ၏ ဓာတ်ပုံသည် ကျွန်တော့်ထက်ပင် စောစီးစွာ မိုးကုတ်ကို ရောက်နေပါချေပြီ။

သူတို့က ကျွန်တော့်နှုတ်ထွက်ကို စောင့်ကြ၏။ ကျွန်တော် နှုတ်ဆိတ်နေသောအခါ မသိန်းဟန်က-





"ဓာတ်ပုံထဲတော့ တကယ်လှပါတယ်။ ကျွန်မက မောင်လှဟန်ကို တမင်စ,ကြည့်တာလေ။ ဓာတ်ပုံထဲတော့ လှတိုင်း လှတာပေါ့။ ငါလည်း ဓာတ်ပုံထဲ လှတာပဲလို့။ အဲဒါ မောင်လှဟန်က မခံနိုင်ဘူး၊ ဓာတ်ပုံထဲမှာ ဘာဟုတ်သေးလို့လဲတဲ့။ အစ်မတို့ အပြင်မှာမြင်ရရင် ကျွန်တော်ပြောတာ နည်းတောင်နည်းသေးတယ် ထင်ကြမှာတဲ့။ ဟုတ်လား ကိုအေးဟန် ပြောပါဦး"

ရှည်ကြာသောနှုတ်ဆိတ်မှုကို အဆုံးသတ်သင့်ပြီဟု သိလိုက်သည်။ စကားလုံးရွေးရ၏။ ကိုယ့်ငါးချဉ်မို့ ချဉ်သည် ဟူသော အထင်အမြင်မျိုးလည်း မသက်ရောက်စေချင်။ လှဟန်က အမွှန်းတင် ပြောထားသောစကားကို တမင် ဆန့်ကျင်ပြောခြင်းဟုလည်း မထင်စေချင်။ သင့်တင့်လျောက်ပတ်သောစကားကို ရွေးပြောရလေသည်။

"ဒါတော့ဗျာ၊ ကျွန်တော့်မျက်စိထဲက ဝင်ကြည့်ဆိုသလိုပေါ့။ ကိုယ်ထင်ရင် ခုတင်တောင် ရွှေနန်းထင်ကြတယ်တဲ့"

အားလုံး၏မျက်နှာပေါ်တွင် အပြုံးရိပ်တို့ ထင်ကြသည်။ စိတ်ပေါ့သွား၏။ ပြောနေရင်းက စိတ်ထဲမှ ရူပါ့ကို သတိရနေမိလေသည်။ သည်အချိန်တွင် ရူပါသည် ဘာများ လုပ်နေပါလိမ့်မည်နည်း။

ရူပါက မိုးကုတ်ရောက်ရောက်ချင်း စာထည့်ပါဟု မှာလိုက်သည်များကိုလည်း သတိရမိသွားလေသည်။

✤ ✤ ✤

အမှတ်တရ ဓာတ်ပုံရိုက်ရန် လုပ်ကြတော့-

"အမေ ဒီကထိုင်ပါဗျ" ဟု ထွန်းနောင်က သူ့အမေလက်ကို ဆွဲထားသည်။

"ဟဲ့- အဲဒီက ငါထိုင်ဖို့ မဟုတ်ဘူး။ နင့်အဖေထိုင်ရမှာ"

ဟု မသိန်းဟန်က သူ့သားအငယ်ကို ပြော၏။

"ဘကြီးတို့၊ ဘွားဘွားတို့တော"

ဟု ထွန်းနောင်က အတွန့်တက်လာသေးသည်။

"ဟဲ့ကောင်၊ လူကြီးပြောရင် နားမထောင်ဘူး။ မင်း ဘယ်လိုဖြစ်နေတာလဲ" ဟု သူ့အဖေ သောင်းဟန် အော်လိုက်မှ ငြိမ်သွား၏။

အမေ၊ ကျွန်တော်နှင့် လှဟန်တို့က မတ်တတ်စီ၍ရပ်ကြသည်။ ရှေ့တွင် သောင်းဟန်၊ မြင့်ဦး၊ ထွန်းနောင်၊ မသိန်းဟန်တို့က စီ၍ရပ်ကြသည်။

မြင့်ဦးနှင့်ထွန်းနောင်တို့က ရှင်လောင်းအဝတ်အဆင်နှင့် ဖြစ်၏။ သားစုဓာတ်ပုံ အမျိုးမျိုး ရိုက်ပြီးသောအခါ ဆွေမျိုးသားချင်းများ ပုံစံအမျိုးမျိုးနှင့် စုရိုက်ကြပြန်သည်။

"မောင်လှဟန်၊ တို့အထဲမှာ တစ်ယောက်ယောက် လိုနေသေးလားဟဲ့" ဟု မသိန်းဟန်က လှဟန်ကို စ,သည်။


www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်မဟုတ်ဘူးဗျ၊ နှစ်ယောက်လိုနေတာ။ လှဟန်ရော ကိုအေးဟန်မှာရော လိုတာပေါ့ဗျ" ဟု ကိုရွှေညွှန့်က ဝင်ပြောသည်။

ကာယကံရှင်ဖြစ်သော လှဟန်နှင့် ကျွန်တော်ကမူ ပြုံး၍သာနေ လိုက်ကြရသည်။

"ကိုအေးဟန် နောက်တစ်ခါလာရင် ခင်ဗျား အမျိုးသမီးပါ ခေါ် လာခဲ့ဗျာ" ဟု ထပ်ဆိုသေးသည်။

ညီအစ်ကိုမောင်နှမ ဆွေမျိုးတွေက ရှုပါနှင့် ပတ်သက်၍ သိလို မေးလိုကြသည်။ သို့သော် ကျွန်တော့်ကိုမူ တိုက်ရိုက်မမေးကြ။ လှဟန်ဆီ က ကြားရသောသတင်းနှင့်သာ ကျေနပ်နေကြ၏။ ကိုရွှေညွှန့်ကတော့ ကျွန်တော်နှင့် ကျောင်းနေဖက် ဖြစ်သဖြင့် စရဲနောက်ရဲ မေးရဲသည်။ ကိုရွှေ ညွှန့်ကိုလည်း ကျွန်တော်က တိတိကျကျ မပြောသောအခါ သူတို့မှာ အား မလိုအားမရ ဖြစ်နေကြသည်။

မိုးကုတ်ကို စရောက်သောနေ့ ညနေကပင် ရှုပါနှင့်ပတ်သက်သော အစအနတွေကို ဆွဲဆန့်ဖြန့်ကြည့်ရန် သူတို့ အားထုတ်ခဲ့ကြသည်။ ကျွန်တော်ကား သတိကြီးစွာထား၍ နှုတ်ဆိတ်နေခဲ့၏။ အမေ့ကိုလည်း မေးကြမှန်း သိသည်။ အမေကတော့ အမှန်အတိုင်း ပြောပြလိမ့်မည် ထင် သည်။ ကျွန်တော့်တွင်မူ ပြောစရာစကား အထူးမရှိတော့။ လှဟန်နှင့် အမေ ပြော၍ ကုန်သွားခဲ့လေပြီ။

✤ ✤ ✤

ကိုရင်တွေ လူထွက်ကြမှ အမေ့ကို ကန်တော့လို့ရမှာ။ ဒီတော့ လာ လက်စနဲ့ အမေ့မြေးလေးတွေ လူထွက်တဲ့အထိ စောင့်နေသွားပါဦး အမေ ရာ"

သောင်းဟန်က မြင့်ဦးတို့ ထွန်းနောင်တို့ လူထွက်ပြီးမှ ပြန်ကြပါ ဆိုလာသည်။

"ဟဲ့- ငါက မန္တလေးနဲ့ ရန်ကုန်မှာလည်း ကြာဦးမယ်။ အရပ်ရ ပဲနဲ့မနိုခင်းတွေကလည်း ငါမရှိရင် မဖြစ်ဘူး။ မင်းညီမ တစ်ယောက်တည်း ဘယ်လိုမှ စီမံခန့်ခွဲတတ်တာ မဟုတ်ဘူး။ အမေက နတ်တော်လဆန်း မှာ အရပ်ကို အရောက်ပြန်ချင်တာ။ ရန်ကုန်မှာ မောင်အေးဟန်ကိစ္စ လည်း ရှိသေးတယ်လေကွယ်"

"အမေကလည်း တစ်လတောင် မရှိသေးဘူး။ သံယောဇဉ်တွေ ငြိ နေလိုက်တာ။ တစ်နှစ်တစ်ခါ ရောက်နိုင်တာ မဟုတ်ဘူး အမေရယ် နေရင် နေပါဦးလား"

မတတ်သာ၍ ဝင်ပြောမိ၏။

မသိန်းဟန်က-

"အေးလေ၊ ဟုတ်သားပဲ။ အမေကလည်း မြင့်ဦးတို့၊ ထွန်းနောင်





လူထွက်အောင်တော့ စောင့်ပါဦး။ တစ်ပတ်ပါပဲ" ဟု သူ့ယောကျ်ားလေသံ နှင့် ထပ်တူထပ်မျှညီသော စကားကို ဆိုလေသည်။ အမေက နောက်ထပ် မပြောတော့။ ကျွန်တော့်မျက်နှာဆီသို့ အကြည့်တစ်ချက်ကို ရွေ့၏။

"လွမ်းတော့လွမ်းတာပေါ့ အမေရာ၊ ဒါပေမင့် . . . " ဟူသော စကား နှင့် မသိန်းဟန်သည် ကျွန်တော်ကို စ,လေသည်။

မသိန်းဟန် ပြောမှ ရှုပါ့ဆီသို့ စာတစ်စောင်မှ မပေးမိသေးပါလားဟု သတိရ၏။ စာမပေးရကောင်းလားဟု ရှုပါ စိတ်ကောက်နေလိမ့်မည်ကို အတပ်သိသည်။ ခုမှတော့ မထူးပြီ။ မန္တလေးရောက်မှ သတိရသည့် အကြောင်း စာရေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ရှုပါ့ဆီ စာရေးလျှင် မန္တလေး၊ မင်းကွန်း၊ စစ်ကိုင်း၊ မုံရွာ စသည့် ရေးစရာအကြောင်းတွေက များပေမည်။ မန္တလေးအကြောင်းပင် ဖွဲ့နွဲ့ရေးလျှင် ကုန်နိုင်စရာမရှိ။ ရှုပါ့ကို သတိရ၊ လွမ်းဆွတ်သည့်အကြောင်းသာ ရေးလျှင် ဆိုဖွယ်ရာမရှိပြီ။ နေ့စဉ် သတိရတတ်သည်မှာလည်း အမှန်ပင်။

✤ ✤ ✤

"ဥသြရေသောက် မုနိရောက် ဆိုတာတော့ အမေကြီး ကြားဖူးမှာ ပေါ့" ဟု လမ်းတွင် ကိုတင်ဖေက အမေ့ကို ပြော၏။

"ကြားဖူးပါတယ်ကွယ်။ တစ်ထောင့်တစ်ရာလေးဆယ့်ခြောက်ခုနှစ် မှာ မဟာမြတ်မုနိဘုရားကို ရခိုင်ပြည်က ပင့်ဆောင်လာတယ်လို့ မှတ်ဖူး ပါတယ်"

"ဟုတ်ပါတယ် အမေ၊ ဥသြရေသောက်မုနိရောက်တို့၊ အုတ်ကျစ် ကျော်အေး မန္တလေးတို့ ဆိုတာတွေက သက္ကရာဇ်တွေကို ရှေ့လူတွေက မှတ်ရလွယ်အောင် စာချိုးထားခဲ့ကြတာ ကျေးဇူးတင်စရာပဲ။ မနေ့က အမေတို့ ကျွန်တော်တို့ ရောက်ခဲ့တဲ့ မင်းကွန်းခေါင်းလောင်းကြီးရဲ့ အလေး ချိန်ဆိုရင်လည်း မင်းဖြူမှန်မှန်ပြော ဆိုတာလေ၊ သိပ်မှတ်ရလွယ်တာပေါ့။ ရှေးလူတွေကတော့ အစဉ်အလာထင်ပါရဲ့။ ပုဂံဆိုရင်လည်း လှည်းဝင် ဖွဲ့သံတည်ညံ့ ပုဂံဘုရားပေါင်းတို့၊ သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရား ပေါင်းတို့ ဆိုတာတွေ ဗဟုသုတ ဖြစ်စရာတွေပေါ့"

ကိုတင်ဖေသည် ရောက်လေရာအရပ်တိုင်း၌ အမေ့အား သူသိသမျှ တွေကို ပြောပြတတ်သည်။ စကားပြောသွက်သလို ခင်မင်စရာလည်း ကောင်းသည်။ ကျွန်တော်ကမူ သူ့လိုမပြောတတ်။ စိတ်မဝင်စားမှုလည်း ပါပေမည်။

ယခုလည်း မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်ချိန် သိပ် ကြည်နူးစရာကောင်းတာပဲဟု အစောကြီးနိုးပြီး ကျွန်တော်နှင့်အမေ့ကို ခေါ်လာ၏။ စည်တော်ယွန်းသံကိုမူ အဝေးတစ်ပြလောက်ကပင် ကြား သည်ဟု ထင်မိ၏။ နံနက်ထ ကြည်နူးစရာကောင်းသည်မှာလည်း အမှန်



www.burmeseclassic.com

www.burmeseclassic.com

ပင်။ အမေက ကိုတင်ဖေကို ကျေးဇူးတင်စကား ဆိုသည်။ ယခင်က မသိဘူး မကျွမ်းဘူးဘဲ သားနှင့်ပတ်သက်၍ ယခုမှ တွေ့ရသော်လည်း အမေသည် ကိုတင်ဖေကို သိဟောင်းကျွမ်းဟောင်းတစ်ယောက်လို ခင်မင်သွားသည်။

"မင်းသူငယ်ချင်းက တော်တယ်၊ ဒီသူငယ်နဲ့ ဘုရားဖူးသွားရတာ စိတ်ချမ်းသာတယ်" ဟု သူ့ကွယ်ရာ၌ အမေက ဆိုသည်။

ကျွန်တော် ပြုံးမိ၏။ ဒီကောင်ကြီးကို တွေ့တဲ့လူတိုင်း ခင်မင်ကြသည်မှာ ဆုတောင်းဟုပင် ဆိုရမည်။ သူ့ယောက္ခမ၊ သူ့ခယ်မနှင့် ခယ်မများ၏ သားသမီးတွေကပါ သူ့ကို ခင်ကြသည်။ ခယ်မနှစ်ယောက်၏ ကလေးများကဆိုလျှင် သူ့ကို ဘဘကြီးဟုပင် ခေါ်ကြသည်။ ခယ်မများကလည်း သူ့မိန်းမခေါ်သလို ကိုကိုဟု လိုက်ခေါ်ကြသည်။ ရွှေပုံ့ညိမ မူယာနှင့် ကျွန်တော်တို့မှာ တစောင်းစေးနှင့်မျက်ချေး ဖြစ်နေကြသည်ကို တွေးမိသောအခါ ဒီကောင်ကြီးဆီက နည်းနာနိဿရည်း တောင်းသွားရမည်ဟု တစ်ယောက်တည်း တွေးမိလေသည်။

မန္တလေးတွင် သုံးညသာ အိပ်မည်ဖြစ်သဖြင့် ရွှေပုံ့ဆီ ခရီးတစ်လျှောက်လုံး စာတစ်စောင်မှ မရေးဖြစ်သည်ကို သတိရသည်။ မိုးညှင်း သမ္ဗုဒ္ဓေ၊ မင်းကွန်း၊ စစ်ကိုင်းနှင့် မန္တလေးတွင် ဘုရားဖူးတစ်လျှောက်လုံး တော့ ရွှေပုံ့ကို သတိရလေသည်။ ရွှေပါတို့ ဘကြီးအိမ်တွင် ဖုန်းရှိသဖြင့် ရွှေပုံ့ဆီ ဖုန်းဆက်ရကောင်းလေမည်လား ဟူသော စိတ်ကူးမှာလည်း အတွေး၌သာ ပေါ်ခဲ့သည်။ လက်တွေ့၌မူ ဖုန်းမဆက်မိ။ ရွှေပါက ဖုန်းနံပါတ်နှစ်ခု ပေးထားသည်။ သူ့ဘကြီးအိမ်နှင့် သူတို့အိမ်နားက အိမ်တစ်အိမ်၏ ဖုန်းနံပါတ်။ အကြောင်းရှိလျှင် ဖုန်းဆက်ပါဟု မှာလိုက်သည်။ မဆက်မိ၊ မပြောမိသည်ကတော့ မိမိအပြစ်သာ ဖြစ်ချေ၏။

မန္တလေးက ရွှေပါတို့အိမ်သားတွေအတွက် ထိုးမုန့်ဝယ်သွားရန်ကိုတော့ သတိရသည်။ မိုးကုတ်ဆွေမျိုးတွေကလည်း လက်ဖက်ခြောက်တွေ ပေးလိုက်ကြ၏။

ရန်ကုန်ပြန်ရန် အဝတ်အစားတွေ ထုပ်ပိုးပြင်ဆင်ကြတော့ အမေ့ သားရေအိတ်ကြီးထဲတွင် အဆင်တူ ကြိုးကြိုးချိတ် လုံချည် နှစ်ထည်ကို တွေ့ရသည်။ ဘယ်တုံးက ဝယ်လိုက်မှန်းပင် ကျွန်တော် မသိ။ ကိုတင်ဖေနှင့်များ သွားဝယ်ကြလေသလား ထင်မိသည်။ ကြိုးကြိုးချိတ် လုံချည် နှစ်ထည်မှာ အရပ်က သူ့ချွေးမအကြီး နှစ်ယောက်အတွက်လား၊ ဒါလည်း မဖြစ်နိုင်။ ဤမျှ ဈေးကြီးအဖိုးတန်ကို ချွေးမတွေအတွက် ဝယ်မည် မဟုတ်။

ပြီး ချွေးမတွေအတွက်ဝယ်လျှင် သူ့သမီးငယ်ကိုလည်း ဘယ်နည်းနှင့်မျှ မေ့ထားမည်မဟုတ်။ မြပဟန်နှင့် ကျွန်တော့်အတွက်လားဟု တွေးမိပြန်သည်။ ဒါလည်း မဖြစ်နိုင်။ 'ဒီလုံချည်နှစ်ထည်က အရပ်က မှာလိုက်





လို့လား အမေ'ဟု မအောင့်နိုင်၍ မေးရသည်။ 'နောက်တော့ နင်သိပါလိမ့်မယ်'လောက်သာ ပြော၏။ ကျွန်တော် ကိုင်ကြည့်သည်ကိုပင် မကြိုက်သလိုနှင့် သူ့အဝတ်တွေနှင့်ဖိ၍ လွယ်အိတ်ကြီးအောက်သို့ ထည့်လိုက်၏။ ထပ်မမေးမိ။ ထပ်မပြောမိ။ မေး၍ ပြော၍လည်း မရတော့ ဆိုသည်ကို သိသည်။ အတွေးကို မဖြတ်နိုင်သေးဘဲ ဆက်တွေးမိ၏။ ကျွန်တော်နှင့် ရွှေပါအတွက်များလေလား။

✤ ✤ ✤

မိုင်ပေါင်း လေးငါးရာကို တစ်ပတ်အတွင်းမှာ သွားလာခဲ့ရ၍လား ထင်မိသည်။ ခရီးအစမှ အဆုံးသို့ ပြန်ရောက်သောအခါ ရန်ကုန်သည် စိတ်ထဲ၌ စိမ်းနေသလိုပင်။ ရာသီဥတု၏ အပြောင်းအလဲကြောင့်လည်း ဖြစ်နိုင်၏ ဟူသော အတွေးကို တွေးမိသည်။ မန္တလေးမှ ခုနစ်နာရီအတိတွင် ထွက်လာသော အမြန်ရထားသည် ရန်ကုန်ဘူတာကြီးသို့ ညရှစ်နာရီကျော်မှ ဝင်လေသည်။ ခရီးရှည်က ပြန်လာသောစိတ်သည် ဖွံ့လွင့်လာ၏။ အိမ်ရှေ့တွင် သော့ခလောက်က ကြိုဆိုနေသည်။

"ဦးမြဟန် မနက်ကပင် ထွက်သွားတာ ခုထိ ပြန်မလာသေးဘူးဦး" ဟူသော အိမ်ရှင်သမီးနှစ်ယောက်၏အပြောက ရင်ကို ပိုမောစေလေသည်။

သည်ကောင် ဆိုင်မှာပဲရှိမှာ ဟူသောအတွေးကို တွေးရင်း သားရေလွယ်အိတ်ကို ပခုံးမှ ဖြုတ်သည်။ အငယ်မ မြင့်မြင့်က ချက်ချင်း အမေ့လက်ထဲက အထုပ်တွေ လာဆွဲသည်။ အကြီးမက လွယ်အိတ်ကြီးကို လာယူ၏။ ပစ္စည်းများအားလုံးကို သူတို့အခန်းတွင် ခဏထားရသည်။ အသံကြားသဖြင့် အိမ်ရှင် ကိုမြကွန်းကလည်း ပြေးထွက်ကြိုသည်။

"အမေ၊ ကျွန်တော် သော့သွားယူလိုက်ဦးမယ်" ဟု ပြောပြီး ဆိုင်သို့ ထွက်လာ၏။

✤ ✤ ✤

သုတ်သုတ်လှမ်းလာသော ခြေလှမ်းတိုင်း၌ အရောင်းစားပွဲတွင် ထိုင်နေသော ရွှေပါ၏မျက်နှာက ထင်၏။

ဆောင်းလ၏ညဦးအအေးကို သိသာစွာ ခံစားရသည်။ ဆိုင်ရှေ့တွင် ခြေအစုံကို ရပ်လိုက်၏။ အရောင်းစားပွဲတွင် ရွှေပါ၏ရုပ်သွင်ကို မမြင်ရသောအခါ ရင်ထဲဟာသွားသည်။ သိန်းသိန်းနှင့် မူယာတို့၏ စိမ်းသောအကြည့်ကို အံ့ဩမိသည်။

ဆိုင်ပေါ်သို့ လှမ်းတက်လိုက်၏။ ရွှေပါကောဟု မေးမိသည်။ မူယာက "မသိဘူး" ဟု ပြော၏။ အကြည့်သာမဟုတ်၊ စကားပါစိမ်းနေသလားဟု စိတ်ထဲ မျက်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တုံးက ရောက်လဲ" ဟု သိန်းသိန်းက မေး၏။

"ခုတင်ပဲ၊ ရှုပါကော"

ရှုပ့်ါကိုပင် ထပ်မေးမိသည်။

"ဘယ်သွားလဲ မူယာ သွားကြည့်စမ်း"

"မသွားချင်ပါဘူး"

သိန်းသိန်း၏အပြောကို မူယာက မနှစ်မြို့စွာ ဆိုလေသည်။ သိန်းသိန်းက အရောင်းစားပွဲနား လာသည်။ သိန်းသိန်း၏မျက်နှာ အကဲခတ်မိသည်။ အပြုံးမရှိ။ ပကတိမျက်နှာနှင့် မူယာ့ကို ထပ်ပြော၏

"သွားကြည့်ဆို၊ ဟို ကွမ်းယာဆိုင်မှာ ဆီးပေါင်းများ သွားဝယ်စားနေ လား"

"သွားစမ်းပါဟ၊ ငါအိမ်ခန်းသော့ယူမလို့၊ အမေ့ကို ဟိုဘက်ခန်းမှာ ထားခဲ့ရတယ်။ နင့်အတွက် ငါ မန္တလေးက လက်ဆောင်တွေ ဝယ်လာ တယ်ဟ၊ သွားခေါ်စမ်းပါ"

"တကယ်နော်" ဟု ပြောပြီး မူယာဆင်းသွား၏။

ထိုင်နေကျ အရောင်းစားပွဲတွင် ဝင်ထိုင်လိုက်၏။ သိန်းသိန်းက

"ပြန်လာကြတာ စောသားပဲ" ဟု မပျူငှာသောစကားကို ဆိုသည်။

"ဒါတောင် ကောင်လေးတွေ ရှင်လူထွက်အောင် စောင့်နေခဲ့ရလို့ နို့မို့ အစောကြီး ပြန်ရောက်မှာ"

သိန်းသိန်းက "ဪ" ဟူသောစကားတစ်ခွန်းကိုသာ ဆိုလေသည်။ စောစော ပြန်ရောက်လာသည့်အတွက် အံ့ဩနေပုံရသည်။ ဆိုင်ကို အကဲ ခတ်သည်။ ဆိုင်ကိုထား၍ ဘယ်သွားနေမှန်းမသိသော ရှုပ့်ါကို စိတ်တိုမိသည်။ ဆိုင်ကို ရှုပါသည် သံယောဇဉ်မရှိချေတကားဟု တွေးသည်။

"ဆိုင်အခြေအနေ ဘယ့်နှယ်လဲ"

"ရောင်းမကောင်းဘူး၊ အရောင်းသိပ်ကျတယ်၊ မစွံပါဘူး၊ ဆိုင် ထမင်းစားရဖို့ မလွယ်ပါဘူး"

စိတ်မကောင်းဖြစ်သွားမိသည်။

ဆိုင်စဖွင့်စဉ်က အမြတ်ထောင်ချီရခဲ့၏။ မိမိမရှိစဉ် တစ်လ ကာလ၌ ဘာကြောင့် ဤမျှ အရောင်းထိုင်းသွားပါလိမ့်ဟု တွေးမိသည်။ ဈေးတင်ရောင်းကြ၍လား ဟူသောအတွေးကို ဦးစွာ တွေးမိသည်။ 'ခင်ဗျား ဆိုင်က ဈေးကြီးတယ် ကိုအေးဟန်' ဟူသော စကားနှင့် လူ မင်ချောင်း ဝယ်သောကိစ္စသည် ချက်ချင်း ခေါင်းထဲ ရောက်လာ၏။ ရောက်မဆိုက် ပြော၍ မဖြစ်သေးဟု စိတ်ကို မျိုသိပ်လိုက်သည်။ ရှုပါ နှစ်ယောက်ချင်းတွေ့မှ မေးစမ်းကြည့်မည်ဟု တေးထားလိုက်ရသည်။ အရောင်းကျသည် ဟူသော စကားသည် စိတ်အသိတွင် အမှတ်ထင် စွဲလေပြီ။

ဈေးဝယ်သူတစ်ယောက်လာ၍ သိန်းသိန်း ထသွားသည်။ သ





သနပ်ခါးရည်ပုလင်းနှင့် ဘားပလက်ဆေးတစ်ပုလင်းကို မေးသံကြားရ သည်။ သိန်းသိန်း၏ဈေးပြောသံကို အသက်အောင့်ကာ နားစွင့်မိသည်။ တစ်ကျပ်တွင် ဆယ်ပြားနှုန်းသာ အမြတ်တင်ရောင်းကြောင်း ပြောသံကို ကြားရသောအခါ စိတ်ကို ဖြေလျှော့လိုက်သည်။ ဈေးဝယ်သူက သနပ်ခါး ရည်ရော၊ ဘားပလက်ဆေးပုလင်းပါ ဝယ်၍ ထွက်သွားလေသည်။ သူတို့ သည် ဆိုင်၏အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် လုပ်စရာအကြောင်း မရှိသည်တို့ကို တွေးမိသည်။ မကြာခင် နှစ်စီးပွားသည် တစ်စီးပွားတည်း ဖြစ်လာလိမ့်မည်ကို သူတို့လည်း ဒတွေးမိကြမည်ဟု အကြွင်းမဲ့ ယုံကြည် လိုက်၏။ သိန်းသိန်းသည် ဈေးတွက်လည်း အင်မတန် တွက်တတ်သူမို့ ရှုပါထက်ပင် စိတ်ချရသူဟုလည်း ယုံစားမိထားသည်။ သီတင်းကျွတ် တန် ဆောင်မုန်း အလွန် ဈေးရောင်းကောင်းသောလ၌ အရောင်းကျခြင်းကိုသာ ခေါင်းစားတတ်အောင် ဖြစ်မိသွားလေသည်။

"နင်က ဘယ်သွားနေတာလဲ၊ ဈေးရောင်းမကောင်းတာလဲ မပြောနဲ့၊ ဆိုင်မှာမှ မနေတာ" ဟူသော သိန်းသိန်း၏ ပြစ်တင်စကားနှင့်အတူ မျက်စိ အကြည့်ကို ဆိုင်ဝသို့ ရွှေ့လိုက်၏။ ရှုပါနှင့်မူယာတို့သည် ရွှေ့ဆင့်နောက် ဆင့်ပင် ဆိုင်ပေါ်သို့ လှမ်းတက်လာကြ၏။

ဘာကိုမှန်းမသိ ရှုပါ၏အကြည့်တွင်လည်း အံ့ဩမှုကို မြင်ရသည်။ သွားတက်ကလေးပေါ်သွားသော်လည်း ရှုပါ၏အပြုံးသည် ဤတစ်ခါ၌ နှလုံးစိတ်ဝမ်း ချမ်းမြေ့စရာ မဖြစ်မိ။ မဲ့ပြုံးတစ်ချက်နှင့် ကျွန်တော်၏တုံ့ ပြန်ချက်ကမူ ပို၍ ကသိကအောက် ဖြစ်သွားစေလိမ့်မည်။ တစ်လကျော် ကာလတွင် ရှုပါ၏အပြောင်းအလဲက အံ့ဩယူရသည်။ မျက်ခုံးမွေးထူထူ ထဲထဲတွေကို မသိမသာ အပေါ်အောက် နုတ်ထားသည်။ မျက်ခွံကို အပြာ ဆိုး၍ မျက်ရစ်လိုင်နာ ဆွဲထားသည်။ မျက်လွှာချသောအခါ နှစ်ထပ်ထင် သောမျက်ခုံးကို ပီပီသသ မြင်ရလေ၏။

ရင်ထဲမောသွားမိသည်။ ယခင်က ကျွန်တော် မကြိုက်သဖြင့် တား မြစ်ထားသော အသွင်သဏ္ဌာန်များသည် ယခုအခါ ရှုပါ၏မျက်နှာပေါ် တွင် ထင်လေပြီ။ ပြုပြင်သည်ကို မကြိုက်၍မဟုတ်။ ပင်ကိုယ်ပျက်စီးမှာကို မြော်မြင်၍ ဟန့်တားခြင်းသာ ဆိုခဲ့ပြီ၊ ပြောခဲ့ပြီ။ ရှေ့တွင်အကြိုက်လိုက်၍ ပြောခြင်းမဟုတ်၊ မျက်စိထဲတွင် တဒင်္ဂမြင်၍မဟုတ်၊ စိတ်၌ ထာဝရ စွဲထင် သော စိတ်မြင်ရုပ်၊ နှလုံးသည်းပွတ်၌ ကပ်ညှိတွယ်တာခဲ့သော ပကတိ ရုပ် အကြိမ်ပေါင်းအခါပေါင်းကို မရေတွက်နိုင်အောင် ဆိုခဲ့ဖူးသောစကား၊ အောင့်ရှုပါလေးက ဘာဆင်ဆင်၊ ဘာဝတ်ဝတ်၊ ဘယ်လိုနေနေ အမြဲ လှနေ မှာပဲ။

ကျွန်တော့်သဘောကို ရှုပါ မသိယောင်ပြုလေပလားဟု ဝမ်းလည်း နည်းမိသည်။ စိတ်ထဲလည်း နာကျင်မိသည်။ သဝန်တိုတတ်လွန်းသည် ဟူသော့ မထင်စေချင်။ ဆိုင်ရောင်းနေတုန်းတွင် စာလာပေးဖူးကြသော



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်၊ လူငယ်၊ လူချော၊ လူလု၊ လူတော်၊ လူလတ်တို့၏အသံ အညှ အခွဲအပြောတို့၌ပင် သည်သူငယ်မကို ကိုယ်က ယုံကြည်စွာ စိတ်ချခဲ့သူ၊ သူ့အတွက် ဂုဏ်ယူခဲ့သူ၊ မိန်းမချင်းက အထူးသဖြင့် မိခင်ကြီးကပါ လှ လိုက်တာဟူသော အပြောကို ကြားခဲ့ရစဉ်က ကျွန်တော့်လောက် ဝမ်းသာ ခဲ့သူသည် ဤဇမ္ဗူတွင် မရှိတန်ရာဟု ထင်ခဲ့လေ၏။ ယခုတော့ စိတ်တို အောင့်အည်း မျိုသိပ်ထားရသည်။ မျက်နှာကို မြင်ရုံနှင့် သူလည်း သိ၏။ ဘယ်တုံးက ရောက်လဲဟု အချိုသာဆုံးစကားနှင့် အနားတွင် လာရပ်၍ ဆိုသည်။ ခုတင်ပဲဟု တိတိဖြေ၏။ မတ်တတ်ထရပ်၏။ ပိုသိသွားသည်။

"လက်ဖက်ရည်မှာလိုက်မယ်နော် ကိုကို၊ ထိုင်ပါဦး" ဟု ဆိုသည်။

ဦးခေါင်းကို သိသိသာသာ ခါယမ်းလိုက်မိသည်။

"ဟင့်အင်း၊ အခန်းသော့ ပိတ်ထားလို့ သော့လာယူတာ"

"ဦးကြီးကော အလုပ်ဆင်းနေလို့လား"

"မသိဘူး၊ ဆိုင်ကိုလည်း တစ်နေ့လုံး မရောက်ဘူးမဟုတ်လား၊ ဘယ် လျှောက်အလေလိုက်နေလဲမှ မသိတာ"

ညီ့ကို ပြောသောစကားသည် သူ့ကို ထိသည်ဟု ထင်၏။

အပြုံးတို့သည် ရုတ်ခြည်း ကွယ်ပျောက်သွားလေ၏။ မသိမသာ အံ ကြိတ်လိုက်သလားထင်၏။ သော့ကို လှမ်းပေးစဉ် လက်ချင်းထိသွား၏။ မလုံမလဲ ပြောလိုက်သော်လည်း မမေးမိဘဲ ပြောရသောအပြောသည် နင့်နင့်နှစ်နှစ် ရှိလေသည်။

"ဒီနေ့ အဖွင့်တေးသံကို သူဆိုမယ်လို့ မြဒါလီက ဖုန်းဆက်ပြောထား တာနဲ့ တယ်လီပေးရှင်းသွားကြည့်တာပါ ကိုကို"

လက်ပတ်နာရီကို မသိမသာ ကြည့်မိသည်။ ကိုးနာရီခွဲနေလေပြီ နှုတ်ပြန်မဟတော့ဘဲ ဆိုင်ထဲက ထွက်လာလေသည်။

လျှပ်စစ်မီးတို့ ထွန်းပနေပါလျက်၊ သွားနေလာနေကျရှိခဲ့ပါလျက် လမ်း၌ ခလုတ်ကန်သင်းတို့သည် တိုက်နေလေသည်။

✤ ✤ ✤

'ကလေးမလေးနဲ့ ကလေးမလေးအမေကို မင်းက ဆူလိုက်ငေါ် လိုက်လုပ်တယ်လို့ အမေ့ကို တိုင်သွားတယ်။ အပြောအဆို ဆင်ခြင် ကွယ်။ ကလေးမလေးကြည့်ရတာ မင်းအပေါ်တော့ အတော့်ကို ကြင် ပုံရပါတယ်။ တစ်ခုတော့ရှိတာပေါ့။ အသက်က တစ်ဝက်လောက်ကွာ တော့ သူ့စိတ်ကို မင်း ဘယ်လိုက်ပြီး ခံစားနိုင်မလဲ။ မင်းက ဦးဆော မယ့်လူဆိုတော့ အစစ သွန်သင်ယူရမှာပေါ့။ သွန်သင်တယ်ဆိုတဲ့ နေ မှာလည်း သာသာညင်းညင်း ရှိရမယ်။ နားဝင်အောင် ပြောတတ်ရမယ် အော်ငေါက်ဆဲဆိုပြီး ပြောမှ မဟုတ်ပါဘူး'

မန္တလေးက ဝယ်လာသောထိုးမုန့်နှင့် မိုးကုတ်က ပေးလိုက်ကြသော



လက်ဖက်ခြောက်ထုပ်တွေကို ခွဲခြားပြင်ဆင်နေစဉ် အမေ့စကားကို သတိရ သည်။ ရှုပါတို့အိမ်နှင့် ရှုပ့်ါဘကြီးတို့အိမ်အတွက် လက်ဖက်ခြောက်ထုပ် နှင့် မုန့်ထုပ်ကိုဆွဲပြီး အိမ်က ထွက်လာလေသည်။ နံနက်စာကိုလည်း ရှုပါတို့အိမ်တွင် စားမည်ဟု မှန်းလာ၏။ အချိန်မှာ နံနက်ရှစ်နာရီခန့်သာ ရှိသေးသည်။

ရှုပါတို့အိမ်နားက ကွမ်းယာဆိုင်ရှေ့အရောက်တွင် ကွမ်းယာရောင်း သောအဒေါ်ကြီးက လက်ယပ်ခေါ်၏။ အသံကမူ လုံးဝ မပြု။ မျက်ရိပ် မျက်ခြည်လည်း ပြသဖြင့် ဆိုင်ရှေ့ရောက်သွား၏။

"မင်းဆီကို ရှုပါ လာလား"

အဒေါ်ကြီးက အသံတိုးတိုးနှင့် မေး၏။

"မလာပါလား အဒေါ်၊ ဘာဖြစ်လို့လဲ"

"တိုးတိုးပြောပါဟဲ့၊ ငါက ရှုပါ မင်းဆီထွက်သွားတယ်ထင်လို့"

"မရောက်ဘူး အဒေါ်၊ ဘာဖြစ်လို့လဲ"

သိလိုစိတ် ပြင်းပြနေသဖြင့် "ဘာဖြစ်လို့လဲ" ဟူသော စကားကို စက္ကန့်ပိုင်းအတွင်း နှစ်ကြိမ်ခန့် မေးမိလေပြီဆိုသည်ကိုပင် သတိမထားမိ။ ရင်ထဲထိတ်နေ၏။

"မနက်က ရှုပါနဲ့ သူ့အမေ အော်ကြသံကြားတယ်။ ခံပြောရမလား လို့ သိန်းသိန်း ဆဲသံလည်း ကြားတယ်။ ရှုပါ ခုလေးတင်ပဲ မင်းတို့ဘက် ထွက်သွားတာ မြင်လိုက်တယ်။ အရေးကြီးတယ်လို့ထင်တယ်။ လိုက်လိုက် မြန်မြန် ပြန်လိုက်သွား။ လမ်းမှာ လွဲနေပါဦးမယ်"

မြန်မြန်လိုက်သွားဟု ဆိုသော်လည်း ခဏတော့ တွေသွားသည်။ သိန်းသိန်းအပေါ် မကျေနပ်စိတ်သည် မာနကို ချက်ချင်း ထကြွစေသည်။ ငြိမ်းအေးသောနှလုံးသားသည် ရုတ်ခြည်း လောင်မြိုက်ခံလိုက်ရသည်။

"မြန်မြန်လိုက်သွားလေ မောင်အေးဟန်၊ မင်းကို အရေးတကြီး တိုင် ပင်စရာရှိလို့မှမယ်ထင်တယ်"

ဘယ်လိုမှ နေ၍မရတော့သဖြင့်-

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျေးဇူးပဲ ဒါ မိုးကုတ်က ဆွေမျိုးတွေ ပေးလိုက် တဲ့ လက်ဖက်ခြောက် သောက်ကြည့်ပါဦး" ဟု ပြောပြီး လက်ဖက်ခြောက် တစ်ထုပ်ပေးထားခဲ့ကာ ကမန်းကတန်း အိမ်သို့ ပြန်လာရသည်။

လမ်းတွင် ရှုပါနှင့်ပတ်သက်သည်များကို တွေးလာမိသည်။ ရှုပါ အိမ်သို့လာလျှင် သုံးလမ်းထိပ်က ပတ်လာတတ်သည်။ လေးလမ်းအလယ် လောက်တွင် သူတို့ ဆွေမျိုးနီးစပ်တစ်ယောက်ရှိသဖြင့် လေးလမ်းကို ရှောင်သည်။ ထို့ကြောင့် ရှုပါနှင့် လမ်းတွင်လွဲနေမှာစိုး၍ သုံးလမ်းကပင် ပတ်လာ၏။ အိမ်တွင် အမေနှင့်ရှုပါကို စကားပြော၍ တွေ့ရလိမ့်မည်ဟု ထင်ခဲ့သော်လည်း အိမ်ရောက်သောအခါ ရှုပါကိုမတွေ့ရ။ အမေသည် မောင်ဖြူတို့နှင့်သာ စကားပြောနေကြ၏။ မောင်ဖြူမှာ ကျွန်တော်တို့ရွာက



www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးနီးစပ်တော်သူ ဖြစ်သည်။

"ကြီးကြီးက မိုးကုတ်ကတောင် ပြန်လာပြီး ရောက်နေတယ်ကြားလို့ လာမယ် လာမယ်နဲ့ပဲ အချိန်ကုန်သွားတာ။ ဒီနေ့တောင် ကိုကျော်သိန်း အမေက သိပ်တွေ့ချင်တယ်ဆိုပြီး အတင်းခေါ်ခိုင်းလို့ လာခေါ်တာ။ ကျွန်တော် ပြန်တော့ ကြီးကြီး တစ်ခါတည်း လိုက်ခဲ့ပေါ့"

သန်လျင်တွင် ဒုရဲအုပ်ဖြစ်နေသော မောင်ကျော်သိန်းအမိနှင့် အမေမှာ ခမည်းခမက် ဖြစ်ကြသည်။ မောင်ကျော်သိန်းအစ်မနှင့် ကျွန်တော့်အစ်ကို ညားနေကြ၏။ ထို့ကြောင့် အရပ်က သတင်းစကားများကို ကြားလိုသော မောင်ကျော်သိန်းအမေသည် မောင်ဖြူအား အခေါ်လွှတ်လိုက်သည်ဟု ဆို၏။

"အမေရောက်ကတည်းက မောင်ကျော်သိန်းတို့ဆီ သွားပို့မလို့ပဲကွ။ မိုးကုတ်က ရှင်ပြုရှိနေတော့ ပြန်လာမှ သွားပို့တော့မယ်လို့ မှန်းထားနေတာ။ ခု မင်းလာခေါ်တော့ အတော်ဖြစ်သွားတာပေါ့၊ မနေ့ကမှ မိုးကုတ်က ရောက်တော့ အမေများ ပင်ပန်းနေမလားကွာ"

"မပင်ပန်းပါဘူး သားရယ်၊ ကားနဲ့သွားရတာပဲ မဟုတ်လား။ ဝေးလား"

"မဝေးပါဘူး ကြီးကြီးရယ်၊ ကျွန်တော် လိုက်ပို့ပေးမှာပါ။ ကားတစ်တန်၊ သင်္ဘောတစ်တန်ဆိုပေမင့် နီးနီးလေးပါ"

"ခုသွားရင် ဒီနေ့ ညနေ ရောက်မလား"

အမေ့စကားကို ကျွန်တော် ပြုံးမိသွားသည်။ သင်္ဘောလည်း စီးရဦးမည်ဆိုသဖြင့် အမေက ဝေးသည်ထင်ပုံရ၏။ အမေ့ကို ကြည့်ရသည်မှာလည်း မောင်ကျော်သိန်းအမေနှင့် အလွန်အမင်း တွေ့ချင်နေသည့်ပုံပင်။ အရပ်က အကြောင်းတွေကို ပြောလိုနေပုံရ၏။

"ခု မဟုတ်ဘူး အမေ၊ ထမင်းစားပြီးမှ သွားရင် မိုးမချုပ်ခင် ရောက်ပါတယ်။ ထမင်း စားပြီးမှ သွားကြပေါ့"

"အေး- စောစောစားပြီး သွားကြတာပေါ့။ မင်းလည်းလိုက်ခဲ့ပါလား"

"ကျွန်တော် မလိုက်တော့ဘူး၊ အမေပဲလိုက်သွားပါ"

"ကိုအေးဟန် လိုက်ခဲ့ပါလားဗျ။ ဘာဖြစ်လို့လဲ ဟိုမှာ အားနာစရာ မရှိပါဘူး"

"မင်းကလည်း သိသားနဲ့၊ ငါက လူအားနာတတ်တဲ့ကောင်မှ မဟုတ်တာ။ ဆွေမျိုးဆို ပိုတောင် အားမနာသေးတယ်။ ဒီကောင့်မိန်းမ ခင်သန်းကြည်နဲ့ ငါ သစ်ထုတ်လုပ်ရေးရုံးချုပ်မှာ ခဏခဏ တွေ့ပါတယ်ကွာ၊ မထူး ပါဘူး"

နောက်တတ်မှန်းသိသော မောင်ဖြူက "အစ်ကိုကလည်း"ဟု ပြောပြီး ရယ်နေ၏။

"မင်းကတော့ မိန်းမရတောင် ဒီအပြောကြောင့် ယောက္ခမနဲ့ တည့်





မှာ မဟုတ်ဘူး"

"ဘယ်တော့လဲ ကိုအေးဟန်" ဟု မောင်ဖြူက အမေ့စကားကို ယောင်ဝါးလိုက်၍ မေး၏။

"မသေချာသေးပါဘူးကွာ"

"ကျွန်တော် ကြားပါတယ်၊ ကောင်မလေးက ဖလားပဲတဲ့။ အဲဒါ ခုတောင် အပြန်မှာ ဆိုင်ဝင်ကြည့်သွားဦးမလို့"

"အေး- ငါလည်း မှန်းထားပါတယ်။ ငါက ထောင်ထွက်၊ အလုပ်အကိုင်မရှိတဲ့အကောင် ဆိုတော့ မိန်းမလှလှလေးယူပြီး တစ်ခါကြည့် ငါးကျပ်နဲ့ ပြပွဲလုပ်စားမလားလို့"

"ဟဲဟဲ အဲဒီအပြောတွေဗျို့ ခင်ဗျား မိန်းမငယ်ငယ်လှလှလေး ရတာ၊ ရန်ကုန်ရောက်နေကြတဲ့ ကျုပ်တို့အရပ်သားတွေထဲမှာ ခင်ဗျား အစွံဆုံးပဲ"

"ဟဲ့ကောင် မင်းအပြန် မျိုးသွားဖို့ မြဟန် ဘာဟင်းတွေချက်နေလဲ ငါ မီးဖိုချောင်ဝင်ကြည့်လိုက်ဦးမယ်။ အမေနဲ့ စကားပြောကြဦး"

အမေကပါ ရယ်၍ ကျန်ရစ်၏။ ချက်ပြုတ်နေသော မြဟန်ဆီ ရောက်သောအခါ-

"ကြက်သားတဲ့ ဟေ့ကောင်ရေ" ဟု မောင်ဖြူကို လှမ်းပြောလိုက်ရသေး၏။

"ရှုပါရယ် ဒီဘက်ကို ထွက်သွားတယ်လို့ ပြောတယ်၊ အိမ်မရောက်သေးဘူးလားကွ"

ကြက်သားအိုးမွှေနေသော မြဟန်က တစ်ချက် လှည့်ကြည့်သည်။

"မရောက်ပါလား ကိုကို"

ရှုပါ ဘယ်သွားပါလိမ့်ဟု စဉ်းစားရကျပ်သွားသည်။ မြဟန်အနီး၌ ဝင် ဖင်ထိုင်ခုံကို လှမ်းဆွဲ၍ ထိုင်လိုက်၏။ မီးအုံးပြီး ပန်းကန်ပြားပြားလေးပေါ် တင်ထားသော ကြောင်လျှာသီးကို ပြာနှင့် မီးကျွမ်းခါလိုက်မိသည်။

"ရပါတယ် ကိုကို၊ ကျွန်တော် လုပ်ထားလိုက်ပါ့မယ်" ဟု မြဟန် ပြောသောအခါ နံရံတွင် ချပ်ထားသောဓားကို လှမ်းဆွဲလိုက်သည်။ ပြီး ကြောင်လျှာသီးကို ခုံပေါ်တင်၍ ပါးပါးလှီးနေ၏။

"မနေ့က သိန်းသိန်းတို့က ဆိုင်ရောင်းမကောင်းဘူးလို့ ပြောတယ်ကွ၊ ငါ မရှိတုန်း အခြေအနေ ဘယ့်နှယ်နေလဲ"

"ရှုပါကတော့ မဆိုးဘူးလို့ ပြောတာပဲ။ ကိုကို မိုးကုတ် ထွက်သွားပြီး နှစ်ပတ်လောက်အကြာမှာ ကျွန်တော်နဲ့တောင် ရန်ကုန်ထဲ ပစ္စည်းတစ်ခေါက်သွားဝယ်ကြသေးတယ်။ အိပ်မက်ယာမက် မကောင်းဘူး၊ ဘုရားဖူးသွားချင်တယ်ပြောလို့ ရွှေတိဂုံဘုရားတောင် လိုက်ပို့ရသေးတယ်၊ ဘုရားနင်္ဂနွေထောင့်မှာ ကိုကို့သက်စေ့၊ သူ့သက်စေ့ ဆီမီးပူဇော်တယ်။ ရေသပ္ပာယ်တယ်လေ။ ကိုကို ရှုပါ့ကို မဟုတ်ကဟုတ်က သိပ်မနောက်နဲ့နော်"

"ဟင်- ဘာဖြစ်လို့လဲကွ"



www.burmeseclassic.com

www.burmeseclassic.com

ကြောင်လျှာသီးလှီးနေသော လက်သည် ရုတ်တရက် ရပ်သွား၏။ မျက်နှာကိုလည်း မြဟန်ရှိရာသို့ လှည့်မိသွားသည်။ မြဟန်ကမူ လုံး၀ မကြည့်။ စကားဖြင့်သာ ဆက်ဆို၏။

"ကိုကိုက မိုးကုတ်မှာ အမေတို့ သဘောတူထားတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်။ အဲဒါ ခုအမေနဲ့ သွားကြည့်မယ်၊ သူဌေးသမီးဆို ယူလိုက်မှာပဲလို့ ပြောတယ်ဆို။ အဲဒါ တကယ်လားလို့ ကျွန်တော့်ကို တစ်လမ်းလုံး မေးတယ်။ ဘုရားပေါ်မှာ ငိုတောင်ငိုတယ်။ ကျွန်တော်က မဟုတ်ပါဘူး၊ ရှုပ်ပါကိုလည်း ကိုကို နောက်သွားတာနေမှာပေါ့။ ကိုကို့ပါးစပ်လည်း ရှုပ်ပါ အသိသားနဲ့။ ဒီလိုပဲ နောက်တတ်တာလို့ ပြောတော့ ဦးကြီးလည်း အလိုတူ အလိုပါပါ။ ကိုကိုနဲ့ ရှုပ်ပါတို့ လက်ထပ်ကြမှာ ဦးကြီးလည်း မလိုလားပါဘူး သိပါတယ်တဲ့"

သက်ပြင်းတစ်ချက်က ရှည်လျားသွားသည်။ ဤစကား သူသာ ပြော၏။ ယခု ကျွန်တော် မရှိခိုက်တွင် မြဟန်ကို သွေးတိုးစမ်းသောသဘောဖြင့် ကျွန်တော့်စကားအဖြစ် ပြောလေပြီဟု သိလိုက်ရသည်။ တကယ်လည်း ကျွန်တော်နှင့် ပတ်သက်၍ သူ့စိတ်ထဲ အထုံးအကျိတ် ရှိနေပုံရသည်။ စိတ်ထဲ များစွာ လေးလံသွားမိလေသည်။

"မင်းက အမှန်အတိုင်း မပြောပြလိုက်ဘူးလား"

"ပြောပြပါတယ်"

မြဟန်ကို စေ့စေ့ကြည့်နေမိ၏။

"ပြောပြတော့ . . ."

"သူ ယုံကြည်ပုံမရဘူး။ ဟိုတစ်နေ့ကတောင် ပြောသေးတယ်၊ ခု လောက်ဆို မိုးကုတ်မှာ စေ့စပ်ပွဲတွေဘာတွေတောင် လုပ်နေကြပလား မသိဘူးနော်တဲ့။ ကိုကို သူ့ဆီလည်း စာတစ်စောင်မှ မရေးဘူးဆို"

"အင်း- ရက်က တိုတောင်းတော့ ငါ မပေးမိဘူး။ ကျောက်ကြမ်းမှာ လည်း စာတိုက်မှ မရှိတာ။ ကြပ်ပြင်နဲ့ မိုးကုတ်၊ ကိုကို တစ်ခါနှစ်ခါ ရောက်တယ်။ သူ့ဆီ မဟုတ်ပါဘူး။ မင်းဆီလည်း ငါ စာမှ မပေးတာ"

"အဲဒါ ကိုကိုမှားတာပေါ့" မဆိုဖူးသော အပြစ်တင်စကားကို မြဟန် က ဆိုလေသည်။

"စာပေးနေလို့လည်း ဘာထူးမှာလဲကွာ။ လူရောက်ပြီးမှ စာ ရောက်ချင် ရောက်လာမှာ။ တစ်ရပ်ကွက်လုံးလည်း အသိပဲ။ ဘာစိတ်ပူ စရာရှိလဲ။ ခု အမေ့ကိုတောင် ပြောထားကြပြီးပြီပဲ။ သူ ဘာမယုံမကြည် ရှိစရာလိုလဲ"

"အဲဒါက ကိုကို့အထင်ကိုး၊ အမေပါ ရောက်လာလို့ သိသွားတော့ သူ့စိတ်ထဲ တစ်မျိုးတစ်မည် ပိုထင်မှာပေါ့။ အမေကပဲ တမင် ခွဲရအောင် လိုက်လာတာလို့ မထင်နိုင်ဘူးလား။ သူ့မှာ တစ်စုံတစ်ခု အားနည်းချက် သာရှိခဲ့ရင် ပိုတောင် သံသယဖြစ်ဦးမယ်"





"သူ့မှာ ဘာအားနည်းချက်ရှိလို့လဲ"

"ဟိုတုန်းက ရည်းစားများတာတို့ဘာတို့ ပြောတာပါ"

"ဒါတွေ ငါသိသားပဲ၊ သူ့ကို ငါအားလုံး ဖွင့်ပြောပြီးသားပါ။ ရည်းစား မကလို့ လင်နောက်ပဲ လိုက်ပြေးဖူးလိုက်ပြေးဖူး ရှုပ်ပါကို ငါ လက်ထပ်မယ်လို့ ပြောပြီးပါပြီ"

"ခုရက်ပိုင်းမှာ ရှုပ်ပါနဲ့ သူ့အမေတို့ အမူအရာပြောင်းနေလားလို့ ကျွန်တော်လည်း ထင်တယ်။ ဆိုင်သွားထိုင်ရင် ခါတိုင်းလို ဟက်ဟက်ပက်ပက် သိပ်မရှိဘူး၊ သူတို့ကြည့်ရတာ တစ်မျိုးပဲ၊ ခု ကိုကို သွားတော့ အခြေအနေ ဘယ့်နှယ်လဲ"

နှုတ်ဆွံ့သွားမိသည်။ ရုတ်တရက် ဘာဖြေရမှန်းမသိ၊ အမှန်အတိုင်း စိတ်ထဲ ခံစားခဲ့ရသည်ကို ပြန်ပြောရန် ဝန်လေးနေမိသည်။ မယုတ်မလွန် သောစကားကို ရွေး၍ဆိုရ၏။

"ရှုပ်ပါနဲ့ ဆုံပြီး စကားမပြောရသေးဘူးကွ"

မြဟန်က ကြက်သားဟင်းအိုးကို ခွင်ပေါ်ကချ၍ ရေနွေးအိုးတင် တည်လိုက်သည်။

ထမင်းစားပြီးမှ ရှုပ်ပါနှင့် တွေ့ရအောင် သွားမည်ဟု စိတ်မှတ်ထား၏၊ ထမင်းဝိုင်းတွင် အမေက ကြောင်လျှာသီးနှင့် ကြက်သားက မတည့် သောအစာဟု ပြောသည်ကို အမှတ်ထင်ထင်ရှိလေသည်၊ ကြောင်လျှာသီး ကို မည်သူမျှ မစားကြတော့၊

✤ ✤ ✤

အစီအစဉ်ပျက်ခဲ့ရသည်၊ မနက်က ရှုပ်ပါတို့အိမ်နှင့် ရှုပ်ပါ့ဘကြီးကို သိန်းတန်တို့အိမ် ပေးမည်ဟု ယူသွားသော လက်ဖက်ခြောက်ထုပ်နှစ်ထုပ် တွင် ကွမ်းယာဆိုင်က အဒေါ်ကြီးကို မမျှော်လင့်ဘဲ တစ်ထုပ် ပေးခဲ့ရ သဖြင့် နောက်ထပ်တစ်ထုပ် ထပ်ထုပ်ရသည်၊ ငါမရှိတုန်း ဘာပြဿနာ တွေ ဖြစ်နေကြပါလိမ့်ဟု တွေးကာ ရင်ထိတ်ရသည်၊ ခြေလှမ်းသည် ခါတိုင်းလို သွက်လက်မှုမရှိ၊ လေးလံနေလေ၏။

ရှုပ်ပါ့ကို အရောင်းစားပွဲ ထိုင်၍ တွေ့ရသောအခါ စိတ်သက်သာရာ ရသွားသည်။ သိန်းသိန်းကမူ စက်ပေါ်ထိုင်ကာ လုံချည်တစ်ထည် ချုပ် နေ၏၊ တစ်ချက်သာ လှည့်ကြည့်သည်၊

"ဒါက ရှုပ်ပါတို့အတွက်၊ ဒါက ကိုသိန်းတန်တို့အတွက်"

ယူလာသော ထိုးမုန့်နှင့် လက်ဖက်ခြောက်ထုပ်တွေကို ခွဲဝေ၍ ခုံပေါ် တင်လိုက်သည်။ ဘယ်က ပြန်လာသည် မသိသော ဦးလှသည် အိမ်ရှေ့ ဝင်လာ၏။ အနားရောက်သောအခါ-

"ဘကြီးအတွက် မန္တလေးက ထိုးမုန့်ဝယ်လာတယ်" ဟု အော်ပြော ၏၊



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ၊ ကျေးဇူးပဲ" ဟု အဘိုးကြီးက ဆိုသည်။

လက်ဖက်ခြောက်ထုပ်နှင့် ထိုးမုန့်ထုပ်တွေကို ရှုပါက ကောက်သိမ်းသွား၏။

"ဘကြီးကို တစ်ခါတည်း ကျွေးလိုက်ပါ" ဟု လှမ်းပြောရသည်။

"အတော်ကြာ ထမင်းစားကြတော့မယ်။ နောက်မှကျွေး" ဟု စက်ချုပ်နေရာက မသိန်းသိန်းက လှမ်းပြောသည်။ ရှုပါ ကြားမည်မဟုတ်။ သိန်းသိန်း၏အသံသည် ယခင်ကလို ပျော့ပျော့နွဲ့နွဲ့မရှိဟု ထင်လိုက်သည်။ အနေကျပ်လာမိ၏။ ထို့ကြောင့် သိန်းသိန်းကို စကားလှမ်းပြောရ၏။

"ဘာချုပ်နေတာလဲဗျ"

"ပုဆိုး"

ရင်ထဲ ပို၍ တင်းကျပ်သွား၏။

"ကိုအောင်ငွေအတွက်လား"

ဘာမှ ပြန်မပြော။ စက်မြည်သံနှင့် မကြား၍လားထင်သဖြင့် ထပ်ပြောကြည့်သည်။

"ဘယ်လူ့ပုဆိုးလဲဗျ၊ ကိုအောင်ငွေအတွက်လား၊ဘကြီးအတွက်လား"

သိန်းသိန်းအနားကို သွား၍ ရပ်မိသွား၏။

"ဘယ်လူ့အတွက်မှ မဟုတ်ဘူးရှင့်၊ အပ်ထည် အပ်ထည်"

"ခင်ဗျားက အပ်ထည်တွေဘာတွေတောင် ချုပ်လို့လား"

"အပ်ထည်တွေမချုပ်လို့ ဘာသွားစားမလဲ။ ရှင့်ဆိုင်က ဘယ်လောက် ရလို့လဲ။ အလုပ်ပျက်တာနဲ့ လူမြင်တာပဲ အဖတ်တင်တယ်။ ရှုပါတစ်ယောက်လုံး ဒီဆိုင်နဲ့ ဘာမှ မလုပ်ရဘူး။ သာရေးနာရေးတောင် မသွားအားဘူး။ ပိတ်လိုက်တာပဲ ကောင်းမယ်"

မာနကို ထိခိုက်လာသောစကားမို့ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားသည်။ အိမ်မကွာအိုးမကွာအလုပ်ကိုပင် အလုပ်ပျက်သည်ဟုဆိုလာ၏။ ဤဆိုင် စဖွင့်မည် ရည်ရွယ်စဉ်က ကျွန်တော် များစွာ စဉ်းစားခဲ့သည်။ ရှုပါနှင့် ပတ်သက်၍ ပိုစဉ်းစားရသည်။ ထိုစဉ်က ဤမျှ စဉ်းစားနေရလားဟု သူကပင် ပြစ်တင်စကားဆိုခဲ့သည်။ 'ဖြစ်ပါတယ်၊ ကျွန်မတို့အားလုံး လေ့လာပြီးပြီ။ ဒီနားက စက်ရုံတွေဆိုလည်း ကျွန်မတို့မိတ်ဆွေချည်းပဲ။ ရပ်ကွက်ကတော့ ရှင်သိတဲ့အတိုင်းပဲ" ဟု လောဆော်ခဲ့သည်။

သူ့စကားကြောင့် စောစော ဆိုင်ဖွင့်ဖြစ်သွားသည်။ တစ်လကုန်သွား၏။ ပိုက်ဆံရှင်းကြရာ တစ်ယောက် လေးထောင်ကျော် အမြတ်ရကြသည်။

"ရှင့်ကို ကျွန်မ မပြောဘူးလား၊ ကျွန်မ သမီးလေးက ဘာပဲလုပ်လုပ် သိပ်စန်းရှိတာရှင့်။ ရှင့်ကြောင့် တစ်လနှစ်လ နောက်ကျသွားတာ နှမြောစရာဟု အပြစ်တင်စကား ဆိုဖူးလေသည်။

ယခု ဈေးရောင်းမကောင်း၊ ဆိုင်ပိတ်မည်ဟု ဆိုလာပြန်၏။ ဤသို





သီတင်းကျွတ်၊ တန်ဆောင်မုန်း အလွန် ဈေးရောင်းကောင်းသောလတွင် ကျွန်တော်တို့ဆိုင်က ဈေးရောင်းမကောင်းဟု ဆိုသောအခါ အံ့ဩရသည်။ ပထမ တစ်လနှစ်လက ရောင်းရပါလျက် ဤတစ်လနှစ်လတွင် ဈေးရောင်းမကောင်းဟု ဆိုသောအခါ စဉ်းစားစရာ ဖြစ်လာသည်။ အတွေးတို့သည် ခေါင်းထဲ၌ ပြည့်လာ၏။ ဈေးဝယ်သူနှင့် ဈေးရောင်းသူတို့၏ ဆက်ဆံရေးကြောင့်လား၊ ဈေးကြီး အမြတ်တင်ရောင်းလွန်း၍လား။ ဤလမ်းနှစ်သွယ်တွင် တစ်လမ်းလမ်းသည် မုချ ချွတ်ယွင်းနေပြီဟု တွက်လိုက်မိသည်။

"ဟိုလတွေတုန်းက ရောင်းရသားပဲမဟုတ်လား၊ ဒီတစ်လနှစ်လက ဘယ်လိုဖြစ်လို့ ရောင်းမကောင်းပါလိမ့်"

"ဝယ်သူမရှိလို့ပေါ့ရှင်" ဟု ပြတ်ပြတ်ပြောကာ စက်ခုံမှ ထလိုက်၏။ ချုပ်ပြီးသွားသော ပုဆိုးကိုလည်း ဝုန်းဝုန်းဝုန်းဝုန်းနှင့် ရိုက်ခါသည်။ သိန်းသိန်း၏ တုံးတိတိစကားကို ထပ်ကြားရသောအခါ ဒေါသကို ချုပ်တည်းမထားချင်တော့။ မာနသည် ခေါင်းထောင်ထလာ၏။

"ဟိုတုန်းက ဝယ်သူရှိပြီး ခုမှ ဝယ်သူမရှိတော့ဘူး ဆိုတော့ ခင်ဗျားတို့ လေပေါက်တွေက ဈေးဝယ်သူတွေအပေါ် ဘယ်လို ဆက်ဆံကြလို့လဲမှ မသိတာ"

"အမယ် ငါ့အဖေကြီး၊ ကျုပ်တို့ရောင်းတာကို မယုံသင်္ကာဖြစ်ရင် ရှင့်ဘာသာရှင် တခြားမှာ သွားရောင်း။ ဈေးလာဝယ်သူက သားငါးရာတွေကို ကျုပ်တို့က ခြေသလုံးဖက် တောင်းပန်မနေနိုင်ဘူး။ တစ်သက်လုံးဈေးရောင်းစားလာတဲ့လူတွေလည်း မဟုတ်ဘူး။ သူကပဲ သူများတွေကို မာန်ရမဲရသေးတယ်လို့"

အမေက အတန်တန် သတိပေးခဲ့သည့် စကားကို သတိရလိုက်သည်။ ငါပြောတာ လွန်သွားပြန်ပလားဟု တွေး၏။ အခြေအနေကို ပြန်ထိန်းသိမ်းရမည်ဟု ဆုံးဖြတ်လိုက်သည်။ လေသံကို ဖော့ရ၏။

"မသိန်းသိန်းကလည်းဗျာ၊ ဘာမာန်မဲစရာရှိလို့လဲ။ ခင်ဗျားတို့ကို ကျွန်တော်က ဘာလို့ မသင်္ကာရှိရမလဲ၊ စီးပွားတူစီးပွားဖက်ပဲ။ တခြားသူစိမ်းလူတွေလည်း မဟုတ် . . ."

"ဟဲ့ ကောင်မလေး၊ ထမင်းစားခါနီး မကျွေးပါနဲ့လို့ ပြောရဲ့နဲ့ နင် ဘာအချိုး ချိုးတာလဲဟင်။ သေချင်ပလား"

ကျွန်တော့်စကားမဆုံးခင် သူ့အဖေ ဦးလှအား ထိုးမုန့်ချကျွေးထားသော ရှုပ့ါကို လှမ်းမာန်သည်။ အတွင်းနှင့်အပြင် ခြားထားသော ခြေနင်းခုံပေါ်တွင် ဖင်ချထိုင်ကာ ဆေးပေါ့လိပ်ကြီးကို ထောင်းထောင်းထအောင် ဖွာ၏။ သူ အလုပ်တစ်ခုခု လုပ်ပြီးတိုင်း ဆေးလိပ်သောက်တတ်သည်ကိုတော့ အမှတ်ထားမိသည်။ သို့သော် ယခုလို ရပ်ရှင်ထဲက မိန်းမကြမ်းကြီးစတ်ဆိုပုံမျိုးတော့ အမြဲမဟုတ်။ ခါတိုင်း သိန်းသိန်း ဤသို့ ဆေးပေါ့လိပ်ဖွာလျှင် ပြုံးမိတတ်သော်လည်း ဤတစ်ခါတော့ ပြုံးရန် သတိမရမိ။ စိတ်

www.burmeseclassic.com

www.burmeseclassic.com

ထဲ မွန်ထူနေမိ၏။ ဆိုင်ပိတ်ရန် ဟူသော သိန်းသိန်း၏စကားကို အဓိပ္ပာယ်ဖော်မရ ဖြစ်နေမိသည်။ အကယ်၍ ဆိုင်ပိတ်ရလျှင် သူသိက္ခာ၊ ကိုယ့်သိက္ခာ ထိခိုက်ကြပေတော့မည်။ စိတ်ဆိုးနေတုန်း ပြောခြင်းဟု ထင်၏။

တကယ် ဆိုင်မပိတ်ဖြစ်ဟု ယုံကြည်မိသည်။ ရှုပါနှင့်ကျွန်တော်တို့အကြောင်းကိုလည်း တစ်ရပ်ကွက်လုံး သိပြီးသားဖြစ်လေရာ ဆိုးဆိုးဝါးဝါးတော့ ဖြစ်မလာစရာ အကြောင်းမရှိဟု ထင်ရလေသည်။ ဆိုင်အခြေအနေကောင်းသဖြင့် သိန်းသိန်းသည် ဆိုင်ကို သူပိုင်စီးရန် ကန်ထုတ်ခြင်းလေလား ဟူသည် အတွေးကိုတော့ ဘယ်လိုမှ တွေးမရ။ သူသမီးတစ်ယောက်လုံး၏မျက်နှာကိုတော့ ထောက်ချင့်လိမ့်မည်ဟု ထင်၏။ ခဏနှုတ်ဆိတ်၍ အခြေအနေကို ကြည့်နေ၏။

ရှုပါ အပြင်သို့ ထွက်လာသည်။ သိန်းသိန်းအနား ဖြတ်အကျော်တွင်-

"ထမင်းစားခါနီး မကျွေးပါနဲ့ဦး ပြောနေတာ နင့်နား မကြားဘူးလား" ဟု ရှုပ့်ါကို မာန်သည်။

"ပြင်မိပြီးမှ ချမကျွေးပြန်ရင် ဘိုးဘိုးက တစ်မျိုးထင်မှာစိုးလို့ပါအမေရယ်"

"ပြောလိုက်ရင် ဆင်ခြင်ဆင်လက်နဲ့"

"ခုခေတ် သားသမီးတွေများ ပြောရဆိုရ ဘယ်လောက် ခက်တယ်မှတ်လဲ မသိန်းသိန်းရယ်။ ကျုပ်မှာလည်း ညီတစ်ကောင် ရှိသေးတယ်။ ပြောလိုက်ရင် ဆင်ခြေတင် ဘယ်ကမလဲ ဆိတ်ခြေရော၊ ဝက်ခြေရော စုံတကာစေ့ပါပေ့ဗျာ။ ကျုပ်ကလည်း စိတ်တိုတိုနဲ့ အားလုံး စွပ်ပြုတ်ချည်းလုပ်သောက်ပစ်လိုက်ရော့"

ဒေါသစိတ်ကို ဖျစ်ညှစ်၍ ခါတိုင်းလို သူစိတ်ကို စမ်းနောက်ကြည့်၏။ မရယ်မပြုံး တည်တည်သာ ထိုင်နေ၏။ အခြေအနေမဟန်မှန်း သိလိုက်၏။ ရှုပါက သူစားပွဲသူ သွားထိုင်သည်။ ရှုပါရှေ့တွင် သွားထိုင်ရ၏။

"ဈေးရောင်းမကောင်းဘူး ပြောတယ်။ ကုန်ခဲ့တဲ့လက ဘယ်လောက်ရလဲ ကြည့်ရအောင်"

ရှုပါက စာရင်းစာအုပ်ကို လှန်သည်။ အိမ်ခန်းထဲ ပြန်ဝင်၏။ စက္ကူအိတ်တစ်အိတ် သွားယူ၏။ စုစုပေါင်း လချုပ်စာမျက်နှာအဆုံးတွင် အမြတ်ငွေကို တွက်၍ ရေးမှတ်ထားသည်။ အမြတ်ငွေ ငါးထောင်သုံးဆယ့်လေးကျပ်။

"တစ်ဝက်လောက်ကို ကျသွားတာပဲ"

ရှုပါက သူ့အမေရှေ့မို့ ဘာမှမပြော။ အမြတ်ငွေ အားလုံးကို ရေတွက်၍ ကျွန်တော့်ဆီ လှမ်းပေး၏။ သိန်းသိန်းက ခေါင်းတစ်ချက် ဆတ်လိုက်သည်။ ကျွန်တော်လှည့်အကြည့်နှင့် ဆုံသွားသောအခါ မျက်နှာကိုတစ်ဖက်သို့ လှည့်၏။





"ဒီလဆို သုံးထောင်ရပ့်ါမလား"

"သုံးထောင်ဆိုလည်း မဆိုးပါဘူး မသိန်းသိန်းရယ်၊ နှစ်ယောက်အစုစပ်ဆိုတော့ တစ်ယောက် တစ်ထောင့်ငါးရာစီ ရတာပဲ"

"တစ်ထောင့်ငါးရာနဲ့တော့ ဘာလို့လုပ်နေမှာလဲ။ စပေါ်သာ ယူထားရင် ဆိုက်ကားတစ်စီးထောင်ထားလို့ ရတယ်။ ခုတော့ အလကားပဲ။ လူလည်း စိုက်ရသေးတယ်။ တစ်ထောင့်ငါးရာပဲ ရမယ်ဆို ဖွင့်လည်း မနေကြနဲ့တော့"

ရှုပါ၏သက်မ,ချသံနှင့်အတူ ကျွန်တော် နှုတ်ထွက်သွား၏။

"ဒါတော့ ခင်ဗျားတို့သဘောပဲ"

သိန်းသိန်းသည် ကျွန်တော့်ဘက်သို့ တစ်ချက်လှည့်ကြည့်ပြန်သည်။ အမြတ်ထဲမှ ပိုက်ဆံနှစ်ထောင်ကို သိန်းသိန်းအား လှမ်းပေးလိုက်၏။

"ငါးထောင်ကျော်တယ်ဆို"

"ရှုပ့်ါကို တစ်ထောင်ပေးမလို့"

"ကျုပ်တို့ မူယာတို့တော့ ရောင်းပေးခမရဘူးပေါ့"

"ခင်ဗျားတို့နှစ်ယောက်အတွက် အစွန်းထွက်ပဲ ပေးနိုင်မယ်"

"လတစ်ကုန်တော့ စောင့်ကြည့်ကြ။ တစ်ယောက်ကို တစ်ထောင့်ငါးရာပဲရမယ်ဆို ဆိုင်လည်း ဖွင့်မနေကြနဲ့တော့ ပိတ်သာပိတ်လိုက်ကြ" ဆိုပြီး အတွင်းခန်းထဲ ဝင်သွား၏။ ပိုက်ဆံသွားသိမ်းသည်ဟု ထင်ရ၏။

"ဒီလလည်း လေးငါးထောင်ထက်တော့ ရမယ့်ပုံမပေါ်ဘူး။ မရောင်းချင်ကြဘူးဆိုရင် ခု ပိတ်ပိတ်၊ မနက်ဖြန် ပိတ်ပိတ် သဘောပဲ"

သိန်းသိန်းက နောက်ပြန်လှည့်ကြည့်သည်။ ရှုပါက ခုံအောက်မှ ခြေချင်းထိ၍ သတိပေး၏။

"ဘာရယ် အေးဟန်" ဟု ပြောကာ သိန်းသိန်း ပြန်ထွက်လာသည်။ ခါးထောက်၍ ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ရှုပါ၏မျက်လုံးအိမ်ထဲတွင် မျက်ရည်ကြည်တို့ ဝဲလာ၏။

"ဩော်- ဒီလလည်း ရောင်းရတဲ့စာရင်းကြည့်ရရင် တစ်ယောက်တစ်ထောင့်ငါးရာထက် ပိုရမှာ မဟုတ်ဘူးလို့ ပြောတာပါ"

ခြေဆောင့်၍ ပြန်ဝင်သွား၏။ မကျေနပ်မှန်း သိသာသည်။

"ဘယ်လိုဖြစ်နေကြတာလဲဟင်"

"နောက်မှပြောမယ်" ဟု ရှုပါက ကြားရုံမျှ လေသံနှင့် ဆိုလေသည်။ စကားထဲတွင် ဒေါသရိပ်ငွေ့ငွေ့ပါသည်ကို သတိထားမိရ၏။ မျက်စိမျက်နှာပျက်ချင်နေသည်။ ကျွန်တော့်မျက်နှာကမူ ဒေါသနှင့် တင်းမာနေ၏။ မျက်နှာကို ဘယ်လိုမှ လျှော့ထား၍မရတော့။ စိတ်၏အသွင်သည် ရှုပ်၍ထင်းထင်း ထင်လေပြီ။

မသိန်းသိန်းနှင့်တော့ မုချ ပြဿနာပဲဟုလည်း တွေးမိလိုက်သည်။ သိန်းသိန်း၏ စိတ်ပြောင်းစိတ်လွဲ မြန်တတ်ပုံကို သတိရသောအခါ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ပူလာမိသည်။ ပြောမနာ၊ဆိုမနာ ပြောနေဆိုနေကျမို့ ပကတိအခြေအနေကို ပြောခြင်းလားဟုလည်း တွေးသည်။ ရှုပ်မျက်နှာကို တစ်ချက်စိုက်ကြည့်မိသည်။ သိသာရုံမျှ အပြုံးစကို မြင်ရသည်။ ရှုပ်ကိုတော့ ယုံကြည်စိတ်ချပြီးသားဖြစ်၏။

"ကိုကို မိုးကုတ်မှာ တော်တော် ပျော်ခဲ့လား"

"အပျော်သွားတာမှ မဟုတ်တာ ရှုပါရယ်"

"စာတောင်မပေးဘူး၊ ရှုပါ ကိုကို့ဆီကစာ နေ့တိုင်း မျှော်ရတယ်။ မေမေက စာမရောက်ဘူးလားတောင် မေးသေးတယ်"

"သူတို့ဆီမှာ စာတိုက် မရှိဘူး ရှုပါရယ်။ မိုးကုတ်ရောက်တော့ ကိုကို ရှုပ်ကို သိပ်သတိရတာပေါ့။ ကိုကိုတို့ရန်ကုန်နဲ့ မိုးကုတ်က ရာသီဥတုချင်း သိပ်ကွာတာ။ ခုဆို မိုးကုတ်မှာ သိပ်ချမ်းနေပြီ ရှုပါရယ်"

"မန္တလေးကော ကိုကို"

"မန္တလေးကတော့ မချမ်းသေးပါဘူး"

"စာတိုက်ကို ပြောတာ ကိုကို"

စိတ်ထဲ ထင့်ခနဲ ဖြစ်သွားသည်။ ရှုပါ၏စကားကို အဓိပ္ပာယ် ချတ်ချင်း ရှာမိ၏။ သိသလိုရှိသည်။

"မြို့ကြီးပဲ စာတိုက်ရှိတာပေါ့၊ ဘာလို့လဲ ရှုပါရယ်"

"ဩော်- မန္တလေးဆိုပေမင့် ကိုကိုတို့ တည်းတာက ဆင်ခြေဖုံးလား တောရွာလား မသိလို့ပါ"

ဝမ်းနည်း ကြေကွဲနေသံလေလား ထင်မိသည်။ မျက်လွှာချထား၏ မျက်နှာကို လုံးဝ မော့မကြည့်။ ချေးရောင်းရှုိးရေမှတ် စာမျက်နှာတွေထို သာ ဘောလ်ပင်နှင့်ထိုးလှန်နေသည်။

"မန္တလေး ရောက်တော့လည်း ရှုပါကို သိပ်သတိရတယ်။ ကိုကိုမှန်း ထားတယ်။ နောက်နှစ်မှ မိုးကုတ်သွားလည်ရင်း ဘုရားစုံဖူးကြတာပေါ့ မန္တလေးမှာ သုံးရက်ပဲကြာတော့ စာပေးနေရင်လည်း လူရောက်ပြီး စာရောက်မှာမို့ မပေးမိတာပါကွယ်"

ယောင်ယောင်မျှသာ ပြုံး၍ ခေါင်းညိတ်၏။

"ကျိုက်ထီးရိုးတော ကိုကို သွားကြဦးမလား"

မန္တလေးကအပြန်တွင် အမေ ဒူးနာရောဂါပေါ် ချင်သဖြင့် ကျိုက်ထီး ရိုးကို မသွားတော့ဘူးဟု ပြောသည်။ ကျွန်တော်က အထမ်းနှင့်တက်လျှင် ရပါတယ် ပြောသော်လည်း 'ဘုရားသွားတာ လူလူချင်းစီးပြီး ဘုရားမ ချင်ဘူး' ဟု ပြော၍ အမေက ကျိုက်ထီးရိုးအစီအစဉ်ကို ဖျက်လိုက်သည် သို့သော် ဤသည်တို့ကို ဤအချိန်၌ ရှုပါအား မပြောသင့်ဟုထင် ကျိုက်ထီးရိုးသွားလျှင် ရှုပ်ကို ခေါ်မည်ဟု ကတိရှိခဲ့၏။ ယခု မသွားတော့ ဘူးဟု ပြောလျှင် မခေါ်ချင်၍ တမင် လိမ်ပြောသည်ဟု ထင်ကောင်းထင် လေမည်။ ယခုအခါ အခြေအနေအရ ရှုပါအထင်လွဲမှာ အမြင်မှားမှာ





စိတ်ထဲက ရှိနေမိသည်။ ထို့ကြောင့် သွားမည်ဟု ပြောလိုက်၏။

"အဲဒါ ဟို ကျိုက်ထီးရိုးသွားဖို့ အပ်ထားခဲ့ပိုက်ဆံ လုပ်ပါဦး ရှုပါရယ်" ခဏတွေသွားသည်။ မျက်နှာကို စေ့စေ့ကြည့်၏။

"ဘယ်တော့သွားမှာလဲ ကိုကို"

"မနက်ဖြန်တော့ မဖြစ်သေးဘူး ထင်တယ်။ သန်ဘက်ခါလောက်ပေါ့။ အဲဒါ စီစဉ်ရဦးမယ်။ လုပ်လေ အဲဒီ ပိုက်ဆံပေးပါဦး"

"ပိုက်ဆံက ကိုကို့မှာ ဒါပဲရှိလား"

"ဒါပဲရှိတာပေါ့"

"ဟင်- ဒါဆို ကိုကို့မှာ မင်္ဂလာဆောင်ဖို့ ပိုက်ဆံကော"

"ရှုပါပြောတော့ ကောင်စီရုံးမှာလည်း ဖြစ်တယ်ဆို။ ခိုးရာလိုက်ရင်လည်း ရတာပဲ"

သူ တစ်ခါက ပြောဖူးသောစကားနှင့် စ,ကြည့်သည်။ သိန်းသိန်းနှင့် အဆင်မပြေလျှင် တကယ်လည်း ခိုးပြေးရမည့်အခြေအနေ ဆိုက်လေမလားဟု စိုးရိမ်စိတ်နှင့် ပြောခြင်းလည်း ပါ၏။ ရှုပ်မျက်နှာညှိုးသွားသည်။ စကားကို ပြန်ပြင်ပြောရ၏။

"အလကား စ,တာပါ ရှုပါရယ်။ မင်္ဂလာဆောင်အတွက် ကိုကို စုထားတဲ့ပိုက်ဆံ ဘဏ်က မထုတ်ရသေးလို့ပါ"

"ဘယ်လောက်ရှိလဲ"

"တစ်"

လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"တစ်သိန်းလား"

တိုးတိုးမေး၏။

"တစ်ရာ"

"ဒါဆို ကောင်းကောင်းရတာပေါ့။ ကရဝိက်နဲ့၊ အင်းယားလိတ်တစ်ခုခုပေါ့နော်"

"ရတာပေါ့၊ ကဲ- ပိုက်ဆံ သွားယူလိုက်လေ"

"ပြန်တော့မလို့လား"

"ပြန်မယ်၊ ဒီနေ့ ယောက္ခမနဲ့ သိပ်မကြည်ဘူး"

"ကြည်မလား၊ အကောင်းမှမပြောတာ"

"ဒီထက်ဘာ . . . ဩော် ပြောပါတယ်"

စကား ကစဉ့်ကလျား ဖြစ်သွားသည်။ သိန်းသိန်းသည် အပြင်သို့ ထွက်ထွက်လာရင်း-

"ရှုပါ ထမင်းသွားခူးစမ်း။ ထမင်း စားကြမယ်" ဟု ပြောသွား၏။

"ဟုတ်ကဲ့ အမေ" ဟု ပြောကာ ရှုပါ ထသွားသည်။ သိန်းသိန်းက အပြင် ဗီရိုရှေ့ သွားထိုင်နေ၏။ ကျွန်တော့်ကို စကား လုံးဝ မပြော။

"ဘာချက်လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com

"အမဲသား"ဟု လှည့်မကြည့်ဘဲ ပြော၏။

"သိပ်ကောင်းတာပေါ့၊ အမဲလုံးနှပ်ကြော်လား"

အမဲသားကြိတ်စက် သူတို့အိမ်တွင် အမြဲယူထားသည်ကို သတိရ၍ ပြောကြည့်၏။

"အမဲလုံးနှပ်က ဆီကုန်လွန်းလို့ ချက်မစားတာ ကြာပြီ"

"ဘာလဲဗျ၊ ကျွန်တော် ဝင်စားမှာစိုးလို့ပြောတာလား"

စကားတုံ့မပြန်၊ နောက်ချင်၍ တမင် စ,မှန်းသိပုံရ၏။ လှည့်၍ မျှပင် မကြည့်။

"မေမေ ထမင်းခူးပြီးပြီ" ဟု ရှုပ်ပါ့အသံ ကြားသောအခါ ဆတ်ခနဲ ထသွားသည်။ ရင်ထဲ နင့်သွား၏။ ခါတိုင်းလို "လာ ထမင်းစားမယ်" ဟု မခေါ်။

ရှုပါ ပြန်ထွက်လာ၏။ အရှောင်းစားပွဲတွင် ဝင်ထိုင်သည်။

"မောင်အေးဟန်ကော မစားသေးဘူးလား" ဟု ဦးလှ၏မေးသံကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် ရှုပ်ပါ့ကို သူ့အမေက ပြန်ခေါ်၏။ ထသွားရသည်။

"တစ်ခါတည်း ဝင်စား၊ အိမ်မှာ လူငါးယောက်ရှိတာ ငါးခါ မဆွေးနိုင်ဘူး၊ ဟင်းမလောက်မငမှန်းမသိ၊ လောက်ငမှန်းမသိ ဘာအကျင့်ထဲ တစ်ကွဲတစ်ပြားစီ"

"မှုယာလာမှ စားမယ်"

"ဘာမှုယာလာမှလဲ၊ မှုယာက သူ့အဖေနဲ့စားလိမ့်မယ်။ ဟဲ့ကောင်မ ပြောနေတာ မကြားဘူးလား"

"အေးပါ အမေရာ၊ ဒီမှာ ပိုက်ဆံပေးစရာရှိလို့"

ကျွန်တော်ရှိနေရာ အရှောင်းစားပွဲဘက် လှမ်းလာသော ရှုပါ၏ခြေ လှမ်းသည် လမ်းခုလတ်၌ အတွင်းခန်းဘက်သို့ ပြန်ချိုးကွေ့သွား၏။ ခဏ အကြာမှာ ပိုက်ဆံထည့်ထားသော စာအိတ်တစ်အိတ် လာပေးသည်။ ဘာမှမပြောခဲ့ဘဲ ထမင်းစားရန် ပြန်သွား၏။

စာအိတ်ထဲက ပိုက်ဆံကို ရေတွက်ကြည့်သည်၊ ခုနစ်ထောင့်ငါးရာ သာရှိ၏။ အပ်ထားခဲ့စဉ်က တစ်သောင်း။ သူတို့ ထမင်းစားနေကြစဉ် တွင် ဆိုင်ကို စောင့်ရှောင်းပေးရင်း သိန်းသိန်းနှင့် အဆင်မပြေသည်ကို တွေးနေမိသည်၊ ကျွန်တော့်ထက် ငွေကြေးပညာသာသူ တစ်ယောက် ယောက်ကိုများ ရှုပ်ပါ့အတွက် သိန်းသိန်း မြင်ထား၍ ကဏုကောစ ပြုနေ လေသလား၊ ကန့်ထုတ်ချင်သဖြင့် တိုက်စစ်ဆင်နေလေသလား၊ ရှုပါတည်း ဟူသော လက်နက်ကလွဲလျှင် ကျွန်တော့်တွင် ခုခံကာကွယ်စရာမရှိဟု တွေးမိသွားသည်။

ထမင်းစားဖြောင့်ပုံ မရ၊ စားပွဲသို့ ပြန်ရောက်လာ၏။ မထိုင်သေး ခင် သူ့မျက်နှာကို တစ်ချက် မော့ကြည့်သည်။



"ငွေလိုနေတာ မေးမလို့ မဟုတ်လား" ဟု ဆိုပြီး စားပွဲတွင် ထိုင် လိုက်သည်။

"ကိုကို မရှိတုန်း အဝတ်တစ်စုံ ဝယ်ထားတယ်"

"မင်္ဂလာဆောင်တဲ့အခါ ဝတ်ဖို့လား"

ပြုံး၍ ခေါင်းညိတ်ပြ၏။

"မင်္ဂလာဆောင်ဝတ်စုံက ကိုကိုနဲ့ ဆင်တူချုပ်ကြတာပေါ့။ ခုကပင် ဝယ်ထားစရာ မလိုပါဘူး"

"ပြန်ပြီးဖျား အလျော်တောင်းနေဦးမှာလား"

"မတောင်းပါဘူးဗျာ၊ ရှုပါ ဝတ်ဖို့ဝယ်တာ ဘာလို့ အလျော်တောင်း ရမှာလဲ"

"ပြန်လာရင် အဆူများခံရဦးမလားလို့ ရင်ထိတ်နေရတာ၊ ဒါကျ တော့လည်း ကိုကိုက သဘောကောင်းသားပဲ"

"သဘောကောင်းပါတယ်၊ သဘောမပေါက်တဲ့ လူတွေကသာ သဘောဆိုးတယ် ထင်ကြတာပါ"

"ဟုတ်ပါတယ်" ဟု ပြောပြီး သူရယ်သောအခါ လိုက်ရယ်မိသွား သည်။

"ကျိုက်ထီးရိုး လိုက်မယ်မဟုတ်လား"

"ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့"

"စေ့စပ်ထားတာလဲ မဟုတ်၊ လိုက်လို့ ဘယ်သင့်တော်မလဲ၊ ပုဆိုးစ တင်းဆွဲလိုက်နေတယ် ပြောကြမှာပေါ့။ ကိုကိုအရင်ကပြောတော့ သီတင်း ကျွတ်ရင် မင်္ဂလာဆောင်မယ်တဲ့၊ နောက် အမေရောက်တော့ စေ့စပ်မယ် တဲ့၊ မိုးကုတ်က ပြန်လာတော့ ခု ကျိုက်ထီးရိုးသွားဦးမယ်ပေါ့"

သည်စကားကို ဆိုသည်မှာ အမှတ်ထင်ထင် နှစ်ခါ၊ သုံးခါရှိလေပြီ။ မယုံသင်္ကာပြောသောအပြောမျိုးမို့ ရင်ထဲက တစ်မျိုး ခံစားရ၏။ ဤသူ ငယ်မ ယုံလောက်သောစကားကို ချက်ချင်း ပြောရမည်ဟု တွေးလိုက် သည်။

"ရှုပါ မလိုက်ရင်တော့ မသွားတော့ပါဘူး"

"မေမေက ခွင့်ပြုမလား မေးကြည့်ပေါ့၊ မေမေ ခွင့်ပြုမှ လိုက်ခဲ့မယ်"

ထမင်းစားပြီး၍ အပြင်ထွက်လာသော သိန်းသိန်းကို မေးငေါ့ပြကာ ဆိုသည်။ သိန်းသိန်းက ကျွန်တော်တို့ဘက်ကို မျက်လုံးတစ်စွေ့ဝေ့ကြည့် ၏၊

"မသိန်းသိန်း ရှုပါ ကျိုက်ထီးရိုးလိုက်ချင်လို့တဲ့"

"ဟင်- မဟုတ်ဘဲနဲ့၊ ဘယ်လူက လိုက်ချင်တယ်ပြောလို့လဲ"

အံ့သြပြီးမှ သတိပြန်ရသည်။ အမှန်က ရှုပါ လိုက်ချင်၍ဟု မပြော သင့်၊ အမေနှင့် အဖော်ရအောင် ခေါ်သွားဦးမယ်ဟုသာ ပြောသင့်၏။



www.burmeseclassic.com

www.burmeseclassic.com

အပြောမှားသွားသည်။ သူက ခေါ်ခိုင်း၍ခေါ်ရခြင်းမျိုးဆိုလျှင် သူ့အဖေ ဆီ၌ အဆိုခံရမည်ကို သိနေပုံရ၏။ မျက်နှာပျက်ချင်နေသည်။ သိန်းသိန်း က ဘာမှမပြော။ ခွေးခြေတစ်လုံးယူပြီး ဗီရိုနားတွင် ထိုင်သည်။ ကိုင်လာ သောဆေးလိပ်ကို ခါနေ၏။ ဆေးပေါ့လိပ်ဖင်မှ ရေစက်က လာစဉ်သည်။

"အမေနဲ့ အဖော်ရအောင် ခေါ်သွားဦးမယ်"

စကားအသွားအလာကို သိလို၍ ထပ်ပြောကြည့်၏။

"အမယ် ဘာလို့ခေါ်သွားရမှာလဲ၊ ရှင်နဲ့ကျုပ်သမီးနဲ့ ဘာဆိုင်လို့လဲ"

"နောက်တော့ ဆိုင်တော့မှာပေါ့ဗျ"

"ရှုပ်ရှုပ်ယှက်ယှက် လာလုပ်မနေနဲ့။ ရှင်ရှုပ်တိုင်း ကျွန်မတို့က လိုက် ရှုပ်မနေနိုင်ဘူး။ ခုတောင် အရပ်က ဘာပြောနေကြလဲ သိလား"

"ဘာပြောနေကြလို့လဲ၊ ဒါရှုပ်တာလားဗျ"

"လုပ်မနေနဲ့၊ ကျုပ်တို့ပဲ သိက္ခာကျတယ်။ ရှင်ကတော့ ဘာအရေး လဲ၊ ယောကျ်ားပဲ"

ဘာသဘောနှင့်ပြောသည်ကို တွေးမရ။ ရှုပ်သည်ဟူသောစကား ကျွန်တော်က ပိုမခံနိုင်။ တိတိကျကျ မေးရလျှင် ဆက်ပြီး ရန်ဖြစ်နေရမည် ထင်သည်။ ဘာစကားမှ နှုတ်တုံ့မပြန်တော့။ ကျွန်တော်မရှိခိုက်၌ ဘယ် အခြေအနေရှိ၍ ဘာသတင်းတွေ ဖြစ်နေသည်ကို တွေးမရ။ အေးအေး ဆေးဆေးဖြစ်မှ ရှုပ့်ကို တိုးတိုးတိတ်တိတ် မေးရမည်ဟု တေးထားလိုက် သည်။ ရှုပ့်ကိုမူ ကျွန်တော်က အကြွင်းမဲ့ယုံကြည်၏။ နှစ်ယောက်ချင်း ကျ၍ ချော့မေးလျှင် အားလုံးရတတ်လေသည်။ သိန်းသိန်းတို့ တစ်အိမ် တည်းသတင်းမဟုတ်၊ တစ်ဆွေလုံးတစ်မျိုးလုံးသတင်းကို ရနေသိနေ ပင်။

မူယာ ကျောင်းက ပြန်လာသဖြင့် အတွေးပြတ်သွား၏။

"ဆာလိုက်တာ" ဟု ဆိုသည်။ ကျောင်းလွယ်အိတ်ကို ပစ်ချသံကြား ရ၏။

"ဆာရင် ထိုးမုန့်စားပါလား မူယာ"

"ဘယ်ရီးဂွတ်၊ ဦး မန္တလေးက ဝယ်လာတာလား"

"ဟုတ်ကဲ့ ခင်ဗျား" ဟု ပြောသောအခါ မူယာက-

"အဲသလို လိမ္မာမှပေါ့" ဟု ရယ်ပြီး ပြောသည်။

"ဘယ်မှာလဲ ထိုးမုန့်စားမယ်၊ ဆာတယ်"

"ဟော့ကောင်မလေး ထမင်းပဲစား၊ ထိုးမုန့်စားလို့ ဗိုက်ပြည့်တာ မဟုတ်ဘူး"

သိန်းသိန်း၏စကားကြောင့် ရှက်မိသွားသည်။ မနေ့ကပင် သိန်း သည် အသားလွတ်ချည်း တိုက်ခိုက်နေပါလားဟု တွေး၍ စိတ်ထဲ နာ လာ၏။ ကျွန်တော့်ကို ဘာကြောင့် တန့်လန့်တိုက်နေကြောင်းလည်း မ ရ။ စောစောက ရှုပါကို ပြောသည်။ ဟင်းနည်း၍ တကွဲတပြား။ မူယာ





သူ့အဖေလာမှ စားလိမ့်မည်ဆိုစကား။ သိန်းသိန်း မေ့သွားလေပလား။ မေ့၍မဟုတ် တမင် ပြောချင်မှန်းသိသာ၏။ ထိုင်နေရမှာကိုပင် ရှက်လာမိ သည်။ ရှုပ့်မျက်နှာကို မသိမသာ ကြည့်၏။ ရှုပါလည်း မျက်နှာညှိုးနေ သည်။ မူယာကတော့ ထမင်းစားနေပြီ။

ပါးစပ်ထဲထည့်၍ ငေးငေးငိုင်ငိုင် လုပ်နေသော ရှုပါ၏လက်ထဲက ဘောလ်ပင်ကို သိန်းသိန်း မမြင်အောင် လှမ်းယူလိုက်သည်။ စာရင်းစာ အုပ်ပေါ်တွင် ရေးလိုက်၏။

"မနက်ဖြန် မနက် ကိုးနာရီမှာ အိမ်ကို လာခဲ့"

"မေမေက လွှတ်မှာ မဟုတ်ဘူး"

"လစ်တဲ့အချိန် လာခဲ့၊ တစ်နေ့လုံး စောင့်နေမယ်"

"ပြန်တော့မယ်" ဟု သိန်းသိန်း ကြားလောက်သောအသံကို မြှင့်၍ ခေါ်တတ်ထသည်။ ရှုပါက ခေါင်းညိတ်ပြ၏။ သိန်းသိန်းကမူ လှည့်၍ပင် မကြည့်ချေ။ ဆိုင်ထဲက နှမ်းလျှစွာ ထွက်လာမိ၏။ ပြန်လှည့်၍ပင် တစ် ချက်မကြည့်မိခဲ့။

✤ ✤ ✤

"မန္တလေး သွားကြတယ်ဆို ပြန်ရောက်ပလား"

ရုတ်တရက် စကားမပြန်နိုင်သေးဘဲ ပြုံးမိသွား၏။ 'ဒီမိန်းမကြီးက နီးလင်းတာနဲ့ မျက်လုံးနှစ်လုံး စုံဖွင့်ပြီး ဘယ်လူ ဘာလုပ်လဲ၊ ဘယ်လူ့ အတင်းပြောရပ့်မလဲလို့ အမြဲ ကြည့်နေတာ ကိုကိုရဲ့'ဟူသော ရှုပါ၏ စကားကို သတိရ၍ဖြစ်သည်။

"မနေ့ကပဲ ပြန်ရောက်တယ် ဒေါ်ဒေါ်"

"ဘာတွေပါလဲကွယ့်"

"လက်ဖက်ခြောက်တွေ ပါပါတယ်။ မိုးကုတ်က ဆွေမျိုးတွေ ပေး လိုက်ကြတာလေ။ နောက်မှ ဒေါ်ဒေါ်တို့ကို လာပေးပ့်မယ်"

"ငါတို့အတွက် မေးတာ မဟုတ်ပါဘူးကွယ်၊ ဟဲဟဲ" ဟု ရယ်၍ ပြောသည်။

"တက်ဦးလေကွယ်" ဟုလည်း ထပ်ဆို၏။

"ပြောစရာရှိလို့လား ခင်ဗျာ"

"မရှိပါဘူးကွယ်"

စိတ်ထဲ ထင့်မိသွားတာ ရုတ်ခြည်း ပျောက်သွား၏။ စိတ်ထွေလာ ၍ ကြားလမ်းက ဖြတ်လာမိသည်။ မှားလေပြီဟု သတိရသည်။ လက်ဖက် ခြောက်တစ်ထုပ် ပေးရဦးမည်။

"သွားမယ် ဒေါ်ဒေါ်"

"အေးအေး၊ ဘယ်တော့လဲကွယ့်"

"မကြာတော့ပါဘူး ခင်ဗျာ ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com

ပြုံး၍ကျန်ရစ်သည်။ စိတ်ထဲ နောက်ကျိလာမိ၏။ အိမ်သို့သာ တန်း ပြန်လာသည်။

တံခါးဖွင့်လိုက်သည်။

အထဲဝင်၍အဝတ်လဲ၏။ ညနေစာအတွက် မီးဖိုထဲ ဝင်ကြည့်ရ သည်။ ညီကိုနှစ်ယောက် စားလောက်သောဟင်းများကို အိုးတိုင်း၌ တွေ့ရ ၏။ ထမင်းအိုးထဲတွင် ထမင်းနည်းနေသဖြင့် ထပ်ချက်ရသည်။ မကြာခင် ထမင်းချက်ဟင်းချက် လွတ်တော့မည် ဟူသော အတွေးကို တွေးရင်း တစ်ခါတလေ ထမင်းလာချက်ပေးတတ်သော ရှုပါ၏ရုပ်သွင်ကို မီးဖိုထဲ၌ မြင်မိလေသည်။

ထမင်းချက်ပြီးသောအခါ ဧည့်ခန်းသို့ ထွက်လာ၏။ မှောင်စပြုနေ ဖြစ်သဖြင့် မီးဖွင့်၏။ ရေချိုးထမင်းစားသည်။ အမေ့ကိုပို့ရန် လိုက်သွား သောမြဟန်သည် သန်လျင်၌ပင် တစ်ညအိပ်နေလေမလားဟု အတွေး တစ်ချက် ဝင်လာသည်။ သည်ကောင် ဤနေ့လည်း ခွင့်တစ်ရက် ယူထား သဖြင့် မနက်ဆိုင်းအလုပ်မီရန် မုချ ပြန်လာလိမ့်မည်ဟု ထင်သည်။

သို့သော် ယခု မိုးချုပ်ပြီး ပြန်ရောက်မလာသေး။ ဆိုင်သွားထိုင်နေ လျှင် ကောင်းလေမည်လားဟု တွေးမိ၏။ သိန်းသိန်း၏ မျက်နှာကို မြင် ယောင်မိသောအခါ အလိုလို သွားချင်စိတ် ကုန်ခန်းသွားသည်။ မနက်ဖြန် လည်း ရှုပါနှင့် ချိန်းထားသဖြင့် မသွားတော့ဟု ဆုံးဖြတ်လိုက်လေသည်။

✤ ✤ ✤

ခြေသံကြား၍ လှည့်ကြည့်လိုက်သည်။ မြဟန် တက်လာ၏။ သ ထားမိလိုက်သည်။ မျက်နှာက မသာမယာ။ ဘာများ ဖြစ်လာပါလိမ့် စိုးရိမ်စိတ်ဝင်သွားသည်။

“မိုးချုပ်လိုက်တာကွာ၊ မောင်ကျော်သိန်းတို့ဆီက ထမင်းစားပြီး ပြန်လာတာလား”

“ဆိုင်ဝင်နေခဲ့လို့ပါ”

“ဩော်” ဆို၍ နာရီကို မသိမသာ ကြည့်လိုက်၏။ ကိုးနာရီကျော် နေလေပြီ။ အဝတ်ပင်မလဲဘဲ အနားတွင် လာထိုင်၏။

“ကိုကိုက ဆိုင်ပိတ်မယ်လို့ ပြောသွားတယ်ဆို”

နာကျင်စွာ ပြုံးမိလိုက်သည်။

“ငါ မပြောရပါဘူး၊ မသိန်းသိန်းကသာ ဈေးရောင်းမကောင်း ဘာဘူးညာဘူးနဲ့ ဆိုင်ပိတ်မယ် ပြောတာ။ မင်းကို သူက ပြောလား”

“ဟုတ်တယ် ကိုကို၊ သူက ပြောတယ် ဈေးရောင်းမကောင်းဘူး ရတာနဲ့ သူတို့ပင်ပန်းတာနဲ့ မကာမိဘူး ဆိုပါလား။ အဲဒါ နှင့်အစ်ကို ငါကပြောတော့ ဒီနေ့ပဲ ပိတ်ပိတ် ခင်ဗျားတို့သဘောပဲလို့ ပြောသွား ဆို မသိန်းသိန်းက ပြောတယ်။ တကယ်ဆိုရင် ဈေးရောင်းမကောင်း





ဘယ်လိုလုပ်ကြမလဲ တိုင်ပင်သင့်တဲ့ စကားတစ်ခွန်း မဟုတ်ဘူးတဲ့။ သူတို့ခဲ ကိုကိုက အပေါက်ဆိုးလို့၊ ဈေးဝယ်သူတွေကို မချေမငံဆက်ဆံလို့ ခု မရောင်းရတော့တာ ဟိုတုန်းက ရောင်းရသားပဲ။ ခင်ဗျားတို့ အသုံးမကျလို့ မရောင်းရတာပေါ့ ဘာညာနဲ့ စိတ်ဆိုးပြီး ပြန်သွားတယ်လို့ မသိန်းသိန်းက ကျွန်တော့်ကို ပြောတယ်။ နင့်အစ်ကိုက ပိုက်ဆံ ခြောက်မူးတစ်ပြားရှိတာ နဲ့ မာနက ခေါင်ခိုက်နေတယ်တဲ့။ သူတို့ကလည်း ဒီပိုက်ဆံလောက်တို မမက်ပါဘူးတဲ့။ ထောင်ထဲက ထွက်လာတဲ့ အပေါင်းအသင်း တစ်ယောက် ကို ကူညီတဲ့ သဘောပါတဲ့။ သူတို့ သည်းညည်းခံနေတာ ကြာပြီတဲ့။

ကိုကိုကလည်း ကိုကိုပဲ။ အမှန်မှာ ဈေးရောင်းတယ် ဆိုတာ ကောင်း တဲ့လ ရှိသလို မကောင်းတဲ့လလည်း ရှိမှာပဲ။ ဒါ နိယာမပဲ။ အမြဲ ပုံသေ တွက်ထားလို့ ဘယ်ရမလဲ။ စီးပွားတူစီးပွားဖက်လုပ်ကြတဲ့ဥစ္စာ တိုင်တိုင် ပင်ပင် ရှိသင့်တာပေါ့။ ခုတော့ တစ်ယောက်က ဘုဆို တစ်ယောက်က ဘောက်၊ ရေရှည် ဘယ်လိုလုပ်သွားကြမလဲ။ ကြားထဲက ရှုပါလည်း အနေ ခက်မယ်”

ခေါင်းထဲ ပူထူသွားမိသည်။ မြဟန်ကိုပါရော၍ စိတ်ဆိုးသွား၏။ သိန်းသိန်းသည် မြဟန်ကို ဘယ်လို လှည့်ပြောလိုက်သည် မသိ။ မြဟန် ကိုပြောရန် စကားလုံးရှေးရတော့မည်။ စိတ်ကို ထိန်းချုပ်ထားရသဖြင့် စကားလုံးတွေက ထွက်မလာ။ တစ်ခါမှ ရှည်ရှည်ဝေးဝေး မပြောဘူးသော ညီကပင် ခုတော့ မိမိကို မကျေနပ်သလို စကားအရှည်ကြီး ပြောလာ သည်။

“မသိန်းသိန်း ပြောစကား မင်းယုံတယ်ပေါ့”

နှုတ်တုံ့မပြန်။ မျက်နှာကိုသာ စေ့စေ့ကြည့်နေသည်။ သူ့အကြည့် တွင် အစ်ကို့အပေါ်၌ မကျေနပ်ချက်များစွာသည် ထင်းထင်းထင်နေလေ ၏။

“ဒီမှာ ငါ့ညီ၊ မသိန်းသိန်းတို့နဲ့ မင်း ဆက်ဆံတာက မနေ့တစ်နေ့ ကပါ။ ဒါလည်း ငါနဲ့ ပတ်သက်လို့ မင်း ဆက်ဆံရတာပါ။ မသိန်းသိန်းရဲ့ အကြောင်းကို ချေးခါးအူမ မသိသေးပါဘူး။ ဘယ်လောက်လည်တယ်မှတ် လဲ။ မလိုတစ်မျိုး လိုတစ်မျိုးပြောတတ်တာ သူ့ဝသီဖြစ်နေပြီ၊ အစက. .”

“ဒါတော့ အနည်းနဲ့အများ မိန်းမတိုင်း ဒီလိုပဲ။ အဲဒါကြောင့် ကိုကို့ ကို အလုပ်စပ်တူလုပ်ကြမယ်ဆိုကတည်းက စာချုပ်စာတမ်းလေးနဲ့တော့ လုပ်ကြပါလို့ ကျွန်တော် ပြောတယ်မဟုတ်လား။ ငါ သိပါတယ်၊ ငါ့ အပေါင်းအသင်း မလိုပါဘူး ဆိုတော့ . . .”

“ဟဲ့ကောင်၊ ဒီမှာ ငါတို့ အဲဒီဆိုင်ပိတ်ရလို့ ဘယ်လောက် နစ်နာ သွားမလဲ။ ပစ္စည်းတွေက အချိန်မရွေး ငါ့သူငယ်ချင်းတွေ ငါပြန်သွင်းလို့ ရတယ်။ ပိတ်ရလည်း ဘာမှ ဂရုမစိုက်ဘူး”

ဖြေရှင်းစရာ စကားတွေကို ထပ်ပြောနေ၍လည်း အကြောင်းထူး


www.burmeseclassic.com

www.burmeseclassic.com



မည် မဟုတ်ဟု ထင်သည်။ ဒေါသစိတ်သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့နေလေပြီ။ ဖြေရှင်းပြ၍လည်း မြဟန်က သဘောပေါက်ချင်မှ ပေါက်မည်။ သိန်းသိန်းသည် ညီအစ်ကိုကြားသို့ပင် သပ်လျှိုစကား ဆိုလိုက်လေပြီ။

"လူပြောစရာ ဖြစ်တာပေါ့ဗျာ၊ ဘယ်လောက် ရှက်ဖို့ကောင်းလဲ"

"ဟဲ့ကောင်၊ ငါတို့က ယောက်ျားလေးတွေပါကွ။ သူတို့ကမှ မရှက်ရင် ဘာလို့ ငါတို့က ရှက်ရမှာလဲ"

မအော်ဘူး၊ မငေါက်ဘူးသော ညီကို အော်ငေါက်ချင်လာသည်။ သည်ကောင့်အမြင်တွင် ကျွန်တော့်ကိုသာ အပြစ်မြင်လေတကားဟုလည်း ဝမ်းနည်းသွားမိ၏။ သည်ကောင်က အရှက်ကြီးသူ၊ သိန်းသိန်းက အရှက်မဲ့သူ၊ ကျွန်တော်ကမူ အရွဲ့တိုက်တတ်သူ၊ ရှုပ်ကိုမူ ဘယ်နေရာက ထားရမှာ ယခုထိ ကျွန်တော် တွေးမရသေး။

"မင်း ရှုပ်ါတို့ မေးကြည့်ခဲ့သေးလား"

"ဘာကိုလဲ"

"ငါ အဲသလို ပြောသွား၊ မပြောသွား ဆိုတာ"

"သူ့အမေရှေ့မို့ ကျွန်တော် မမေးခဲ့ဘူး"

"အေး၊ နောက်တော့ မင်းက မေးကြည့်၊ ရှုပါ ပြောတော့ ရှင်းသွားပါလိမ့်မယ်။ ငါက အရှုမို့ သူ့ကို အဲသလို ပြောမလားကွ။ ဆိုင်ကိစ္စတစ်ခုတည်းဆို ဟုတ်တာပေါ့"

"ကျွန်တော်လည်း အဲဒါပြောတာပေါ့။ ဘာပဲဖြစ်ဖြစ် ကိုကိုက သည်းညည်းခံသင့်တယ်၊ စကားပုံတောင် ရှိတာပဲ"

"ငါက ထိပ်ပေါ်လည်း မတင်နိုင်ဘူး။ ချလို့လည်း နင်းတဲ့လူစားမျိုး မဟုတ်ဘူးကွ။ အေး၊ ငါ့သိက္ခာကိုတော့ ထိခိုက်မပြောနဲ့။ ဘယ်လူမှ ငါ မခံနိုင်ဘူး။ သိန်းသိန်းလည်း ရှုပါနဲ့ ပတ်သက်လို့ ငါ့ကို စော်ကားတာများပြီ။ ငါ သည်းခံနေတာကလည်း ရှုပါ့ကြောင့်ပဲ"

"ဒါတော့ ခံရမှာပေါ့ ကိုကိုရာ" ဟု စကားကို ဖော့ပစ်သည်။ စိတ်ဆိုးလာပြီ ဆိုသည်ကို သည်ကောင် သိ၏။

"ကြည့်ပြီးလည်း ဆက်ဆံဦး၊ တစ်ရပ်ကွက်လုံးက သိနေပြီဟာ။ ပြဿနာဖြစ်ရင် ပိုဆိုးလိမ့်မယ်" ဟု ပြောပြီး ထသွား၏။ ကျွန်တော်လည်း အခြေအနေကို ပြန်၍ သုံးသပ်နေမိရလေသည်။

ပြဿနာတော့ ပြဿနာပဲ။ မည်သို့ ရှင်းရမည် မသိသေး၊ မနက်ဖြန် ရှုပါလာမှ ပြတ်ပြတ်သားသား တိုင်ပင်ရမည်။ ဤပြဿနာတွင် အဓိက အရေးကြီးသူမှာ ရှုပါပင်။ အိမ်ရှိ ဘယ်လူမှ မအားရ၊ သာရေးနာရေးပင် မသွားဖြစ်၊ သူများကို ငှားထားလျှင် စပေါ် သုံးလေးသောင်းရသည်ဟု ဆိုသည်။ ကျွန်တော် ဆိုင်ဖွင့်မည်ဟု စမေးစဉ်ကမူ ကိုသိန်းတန်တို့က စပေါ်နှင့်ငှားခြင်းမဟုတ်ဟုလည်း ပြောဖူးသည်။ ဘာကြောင်းများ ရှိနေလေသနည်းဟု တွေး၏။ တစ်ညလုံး တွေးမရ။ မနက်ဖြန် ရှုပါ





လာမှ ပြဿနာအားလုံး သိရမည်ဟုထင်သည်။ ညဉ့်ဝက်ကျော်မှ အိပ်ပျော်သွား၏။

✤ ✤ ✤

မနက်ဆိုင်း အလုပ်ဆင်းရသော မြဟန်သည် နံနက်ငါးနာရီကျော်မှာ ထ၍ အလုပ်ဆင်းသွားလေသည်။ 'လစ်တဲ့အချိန်လာခဲ့၊ တစ်နေ့လုံးစောင့်နေမယ်' ဟု မှာထားခဲ့သဖြင့် ဈေးပင် အသွားမဖြစ်။ တစ်ခါတစ်ခါတွင် ရှုပါသည် မနက်ပိုင်း ရေလာပြောရင်းနှင့်လည်း လှည့်ဝင်လာတတ်သဖြင့် ခုနစ်နာရီကျော်ကပင် စောင့်သည်။

လမ်းဘက်သို့ တငေးငေးကြည့်၍ မျှော်မိသည်။ နံနက်စာအတွက် မီးဖိုဆောင် ခဏဝင်ရာ၌ပင် စိတ်မဖြောင့်။ တံခါးကိုတော့ ထုံးစံအတိုင်း စေ့ရုံစေ့ထားသည်။ တံခါးပိတ်ထားသော်လည်း နောက်ဘက် မီးဖိုဆောင်တွင် လူရှိတတ်သည်ကို ရှုပါလည်း သိသည်။ စေ့ထားသော တံခါးကို တွန်း၍ ဝင်လာနေကျပင်။

လိုက်ကာကို လေဝှေ့၍ အရိပ်လှုပ်တိုင်း ရှုပါများ ရောက်လာသလားဟု ရင်ခုန်မိသည်။ တစ်ဖက်ခန်းက အိမ်ရှင်သမီးများ ခြေသံရှပ်ရှပ်ကြားတိုင်း ရှုပါ့ခြေသံလားဟု နားစွင့်မိသည်။

ထမင်းတစ်လုံးသာ ချက်၏။ မနေ့က ကျန်သော ကြက်သားဟင်းနှင့် ကိုးနာရီမှာ ထမင်းစားသည်။ ခါတိုင်းနေ့တွေလို နံနက် လက်ဖက်ရည်ကိုပင် သတိမရမိ၊ စိတ်ထဲမှာ လေးနေသည်။ ရှုပါနှင့်တွေ့လျှင် ဘာစကားထွက်လာမည်နည်း။ ဘယ်လို အခြေအနေလဲဟု သိချင်နေသည်။ ထမင်းစားပြီးသောအခါ အပြင်ဧည့်ခန်းသို့ ထွက်လာ၏။ တံခါးကိုမူ ပြန်၍ မဖွင့်မိ။ ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ရှုပါ့အလာကို မျှော်နေမိသည်။ ဆယ်နာရီသာကျော်သွားသည် ရှုပါကား ပေါ်မလာသေး၊ ရင်ထဲပို၍ ဆွေးမြည့်နာကျင်လာသည်။ သိန်းသိန်းသည် ရှုပါ့ကို အမြဲ စောင့်ကြည့်နေလေပလား။

ဆယ့်နှစ်နာရီနီးမှ ရှုပါ ရောက်လာ၏။ တစ်ယောက်တည်းမဟုတ်။ အရွယ်တူမိန်းကလေးနှစ်ယောက်ပါသည်။ ဝဝတုတ်တုတ် မိန်းကလေးတစ်ယောက်ကိုမူ မျက်နှာတန်းမိဖူး၏။ ဆိုင်မှာလည်း ဈေးဝယ်ဖူးသည်။ ရှုပါ့သူငယ်ချင်း ကျောင်းနေတုန်းပင် ရှိသေး၏။ ကျောင်းသူဟုလည်း မှတ်ထားဖူးသည်။ နာမည်ကိုတော့ မသိ။ ရှုပါက ဦးဆောင်၍ စေ့ထားသောတံခါးကို တွန်းဖွင့်ဝင်လာကြသည်။ ပက်လက်နေရာက ခါးကို မတ်၍ထသည်။

"ထိုင်ကြဗျာ" ဟု ပြောလိုက်ရ၏။

"မထိုင်တော့ဘူး ကိုကို၊ ခဏ လိုက်ခဲ့ဦး"

"ဘယ်ကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com


"လိုက်ခဲ့ပါဆို"

ရှုပါက မာန်သလို ပြော၏။ ဘာမှန်းလဲ မသိသဖြင့်-

"ဘာကိစ္စလဲ၊ ထောင်တန်းကျမယ့်အလုပ်မျိုးလား။ ဒါတော့ သည်းခံကြပါခင်ဗျာ။ ကျုပ် ထောင်က ထွက်လာတာ တစ်နှစ်တောင် မပြည့်သေးလို့ပါ"

အဖော် မိန်းကလေးနှစ်ယောက်က ဘာမှမပြောဘဲ ရယ်နေကြသည်။

"ဒါကျတော့ ကြောက်လိုက်တာ၊ လုပ် ကိုကိုရာ အကျီဝတ်၊ သွားကြမယ်"

"ပြောပါဦး၊ ဘာကိစ္စလဲ အရေးတကြီးပါလား"

ချိတ်ပေါ်က အကျီကို လှမ်းဖြုတ်ရင်း ပြောလိုက်ရ၏။

"ရုံးတက် လက်မှတ်ထိုးမလို့၊ အသိသက်သေတွေပါ တစ်ခါတည်းခေါ်လာတယ်"

"ဟော . . ."

ရှုပါက မျက်နှာကို စိုက်ကြည့်နေသည်။ တကယ်များလားဟူသော အတွေးသည် ချက်ချင်း ခေါင်းထဲ ရောက်လာ၏။ ဘယ်လိုများ ဖြစ်လာပါလိမ့်ဟူသော စိုးရိမ်စိတ်နှင့် လှုပ်ရှားမှုအားလုံး ရပ်ဆိုင်းသွားသည်။ ပြဿနာတော့ ဖြစ်လာပြီ ဟူသော အတွေးနှင့် ရှုပါ၏မျက်နှာကို ငေးကြည့်မိ၏။ သူ့အဖော် နှစ်ယောက်က ပြုံးနေကြ၏။ ဘယ်လိုမှ အကဲမရ

"တွေ့လား၊ ဘယ်လောက် အားကိုးရလဲ။ ရုံးသွားပြီး လက်မှတ်ထိုးကြမယ်ဆိုတာနဲ့ တစ်ခါတည်း လန့်သွားလိုက်တာ။ တကယ်ကျတော့ ကိုကိုက သတ္တိမရှိပါဘူး"

မျက်နှာကို စေ့စေ့ကြည့်၍ ဆိုသည်။

"ဒီသူငယ်မ တကယ် လုပ်လာလေသလား" ဟုလည်း အံ့ဩမိ၏။ ဤကလေးအရွယ်တွေကို သက်သေထည့်၍ တရားသူကြီးက လက်ခံမလား။ မိမိကို ပတ်ဝန်းကျင်က မည်သို့ ပြောကြမည်နည်း။ အသက်လေးဆယ်နီးပြီဖြစ်သော်လည်း အချိန်မစီးသူ၊ ကလေးမလေး ပြောတိုင်း တွေးဆမှု မရှိဘဲ နောက်ကလိုက်လာသူဟု မြင်ကြလေမလား။

ဤနယ်မြေရုံး၌ဆိုလျှင် တရားသူကြီးတွေကလည်း မိမိကို မသိသူမရှိ။ မေးမြန်းလာလျှင် ဘယ်လို ပြောရမည်နည်း။ ရှုပါတို့ အရွယ်သည် ရှူးတုန်းမိုက်တုန်း၊ တဇွတ်ထိုးလုပ်တတ်သော အရွယ်များ။ သူခေါ်လာသော သူ့သူငယ်ချင်းမနှစ်ယောက်က အသက်ဆယ့်ရှစ်နှစ်ပင် ပြည့်ကြ၏ သေးရဲ့လား။ နှစ်ဆယ်ရာစု မိန်းကလေးတွေအကြောင်း ကိုဇာမင်း ပြောဖူးသည်ကို ရုတ်ခြည်း သတိရလိုက်၍ ခေါင်းနားပန်းကြီးသွားမိသည်။

သူတို့ တောင်ဥက္ကလာတွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်။ ကောင်လေးက ဆယ်တန်း (ခ)နှင့် အောင်၍ အလုပ်ဝင်လုပ်နေသည်။ ကောင်မလေးက ဆယ်တန်းကျောင်းသူ။ နှစ်ဖက်သော မိဘတွေက ကောလိပ်ပင် ဆက်ထားပေးမည်၊ ကြိုးစားကြဟု ပြောထား၏။ တစ်အိမ်နှင့်တစ်အိမ် အဝင်အထွက်လည်း ရှိကြသည်။ ဘုရားသွား ရုပ်ရှင်ကြည့်လည်း ခွင့်ပြုထားကြသည်။

တစ်နေ့ ကောင်လေးနှင့်ကောင်မလေးတို့ လူကြီးတွေကို ခွင့်တောင်းပြီး ရုပ်ရှင်သွားကြည့်ကြသည်။ သူ့အကြိုက် ကိုယ့်အကြိုက် ရုပ်ရှင်ကားရွေးကြရာတွင် စိတ်ကောက်ကြသည်။ ကောင်မလေးက ကောင်လေးအကြိုက်ကိုပင် မကျေနပ်သော်လည်း လက်လျှော့၍ ရုပ်ရှင်ကြည့်သည်။ အပြန်တွင် ကောင်လေးနှင့် ကောင်မလေးတို့ စိတ်ကောက်ပြီး ရှေ့ဆင့်နောက်ဆင့် ပြန်လာကြသည်။ သူတို့ လမ်းထိပ်ရောက်သောအခါ ဂစ်တာတစ်လုံးနှင့် အုတ်ခုံပေါ် ထိုင်၍ ဂစ်တာခေါက်နေသော ကောင်လေးတစ်ကောင်က ကောင်မလေးကို လှမ်းနှုတ်ဆက်သည်။ ကောင်လေးနှင့် ကောင်မလေးက ရပ်ပြီး စကားပြောနေကြ၏။ စိတ်ကောက် စိတ်တိုလာသော ကောင်လေးက မစောင့်ခဲ့တော့ဘဲ မိမိအိမ်သို့ ပြန်လာ၏။ ကောင်လေးနှင့် ကောင်မလေးက လမ်းလည်းတစ်လမ်းတည်း၊ မိမိလမ်းထိပ်လည်း ရောက်နေပြီ ဖြစ်သဖြင့် သူ့ဘာသူ သွားပါစေဟု ကောင်လေးက ထားပစ်ခဲ့၏။

နောက်တစ်နေ့ပင် မကြာ၊ ညဆယ်နာရီကျော်သောအခါ ကောင်မလေး အမေအဖေတွေက ကောင်လေးကို လာမေးကြ၏။ လမ်းထိပ်တွင် မိမိလမ်းထဲက ဘယ်လူနှင့် ရုပ်ရှင်အပြန်တွင် စကားပြော၍ ကျန်ခဲ့ကြောင်း ကောင်လေးက ပြောပြ၏။ ကောင်မလေးအမေက ရင်ဘတ်ထုသည်။ ထိုကောင်လေးမှာ သူ့သမီးအား ယခင် တစ်နှစ်၊ နှစ်နှစ်က စကားထိုက်ပြောဖူးသော ကောင်လေးဟု ဆိုသည်။ တစ်ညလုံး ကောင်မလေးကို နှစ်ဖက်မိဘနှင့် ကောင်လေးတို့က လိုက်ရှာကြသည်။ မတွေ့။ မိုးလင်းတော့ သိရ၏။ ဂစ်တာခေါက်နေသော ကောင်လေးနှင့် ကောင်မလေး ထစ်ပြေးသွားလေပြီ။

ဤအတွေးကြောင့် ရှုပါလုပ်လာပုံကို ထိတ်လန့်သွားမိ၏။ ရှုပါ၏ မျက်နှာကိုလည်း စေ့စေ့ပြန်ကြည့်၍ ငေးမိသွားသည်။

"ဘာလဲ တကယ့်တကယ်ကျတော့ ကိုကိုက ကြောက်သွားပြီပေါ့"

"အမယ် ဘာလို့ ကြောက်ရမှာလဲ။ လုပ်လိုက်လေ ကြာသလားလို့"

သုံးယောက်စလုံး ရယ်ကြသည်။ အမှန်ပဲ မိမိအား သတ္တိမရှိဟုထင်သွားမည်စိုး၍သာ ပြောလိုက်ရသော်လည်း စိတ်ထဲကမူ စိုးရိမ်မှု ဖြစ်နေသည်။

"ကဲ- ပြီးရော့ပေါ့၊ လာ . . ."

ရှုပါ အပြင်သို့ ထွက်လာသောအခါ သူ့သူငယ်ချင်း နှစ်ယောက်ကလည်း လိုက်ထွက်ကြသည်။ တကယ်ပါလားဟူသော အတွေးကြောင့် တုန်လှုပ်သွားမိ၏။ ပြန်၍ငေးငိုင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ဘာလုပ်နေလဲ၊ ကြားသလားလို့ဆို"

လှေကားထစ်ပေါ် ခြေတစ်ဖက်ပြန်လှမ်းတင်၏။ နောက်သို့ လှည့်ကြည့်ကာ ဆိုလေသည်။ သူ့သူငယ်ချင်း နှစ်ယောက်ကမူ လမ်းမသို့ ရောက်သွားကြလေပြီ။

"ရှုပ်ပါ့သူငယ်ချင်းတွေက အသက်မှ ပြည့်ကြသေးရဲ့လားလို့ စဉ်းစား မိသွားလို့ပါ။ အသက်မပြည့်ရင် တရားမဝင်ဘူးနော်။ သက်သေ ဆိုတာ ဂုဏ်သရေရှိရမယ်။ ဆိုရှယ်လစ်နိုင်ငံတွေမှာဆိုရင် တရားဝင် အလုပ်အ ကိုင်ရှိသူတွေ ဖြစ်ရမယ်။ လူကြီးလူကောင်း ဖြစ်ရမယ်။ ရှုပ်ပါ့သူငယ်ချင်း တွေနဲ့ မဖြစ်ပါဘူး။ ကိုကို့အသိတွေ ခေါ်မှ ဖြစ်မယ်။ ခဏနေကြပါဦးလား"

ကျွန်တော်က တွေးတွေးဆဆနှင့် ထိတ်ထိတ်ပျာပျာ ပြောသည်။ သူ့သူငယ်ချင်းနှစ်ယောက်က "ဟာ . . . . ဟ" ဟု အသံထွက် ရယ်ကြ သည်။ ရှုပ်ပါက သိမ့်သိမ့်ငြိမ့်ငြိမ့်ရယ်၍-

"လာစမ်းပါ ကိုကိုရာ၊ မလိုပါဘူး" ဟု ဆို၏။

"ဟ- မလိုမလုပ်နဲ့၊ တရားရုံးဟာ ကလေးကစားစရာ မဟုတ်ဘူး ပြည်သူ့တရားသူကြီးတွေက လူမှုရေးရှုထောင့်ကလည်း ကြည့်တတ်သေး နဲ့။ ဟိုရောက်မှ လူရယ်စရာ ဖြစ်နေပါဦးမယ်"

"ခုလည်း ဟားနေရတာပဲ၊ လာစမ်းပါ"

"အေးကွာ၊ မင်းလူကြီးကလည်း ပြဿနာပဲ။ စိတ်ပိန်လိုက်တာ"

လမ်းမရောက်နေသော သူ့သူငယ်ချင်း ဝဝတုတ်တုတ်ကောင်မလေး ကပါ လှမ်းပြောသောအခါ စိတ်ထဲ အနည်းငယ် ပေါ့သွားသလိုပင်။ ထို့ နောက် သော့ပိတ်၍ သူတို့နောက်က ဆင်းလိုက်လာရလေ၏။

နေ့လယ်ဆောင်းသည် သိပ်ပူပြင်းခြင်းမရှိသော်လည်း ရင်ထဲပူ သွား၏။ ပြဿနာကိုလည်း ဘာဖြစ်၍ဖြစ်မှန်းမသိရသေး။ ဖြစ်ခဲ့ပြီး သော အတိတ်ပြဿနာထက် ပစ္စက္ခ၏လုပ်ရပ်ကိုလည်း မယုံဝံ့သေး။ ထို့ နောက် ရှုပ်ပါအနား ကပ်သွားမိသည်။

"တကယ်လားဟင် ရှုပါ"

"ဘာလဲ ကိုကို"

"လက်မှတ်ထိုးကြမယ်ဆိုတာလေ"

ထပ်၍ ရယ်လေသည်။ ကျွန်တော်ကမူ ရှုပါ၏မျက်နှာကို ကြည့်၍ စိုးရွံ့စိတ်တို့ လျော့မပြေသေး။

"ဒီလို မဆင်မခြင်တော့ ရှုပါ လုပ်ပုံမလား ကိုကိုရယ်။ အခု ရုံးတက် လက်မှတ်ထိုးရမှာလဲ၊ ကိုကို ပြောတော့ မုန့်တိုက်မှာလုပ်မယ်"

မျက်နှာကို တည်တည်တံ့တံ့ လှည့်ကြည့်၍မေးသဖြင့် အေးအေး ခေါင်းညိတ်ပြလိုက်ရလေသည်။

"ခု ဘယ်လဲဟင်၊ ဘယ်သွားကြမှာလဲ။ ဘာကိစ္စလဲ ပြောစမ်း"

"တိတ်တိတ်ဆိတ်ဆိတ် ဖြစ်အောင်လို့ ထွက်လာခါမှ မိကျောင်း





နဲ့ လာတွေ့နေပြန်ပြီ။ မပြောဘူး၊ နောက်မှသိလိမ့်မယ်။ လာ- လိုက်ခဲ့"

ရှေ့ကသွားနေကြသော ကောင်မလေးနှစ်ယောက်က အင်းစိန်-ရန် ကုန်ကားလမ်းမ ရောက်သောအခါ ပြိုင်တူ နောက်ပြန်လှည့်ကြည့်ကြ သည်။ ရှေ့ဆင့်နောက်ဆင့် လျှောက်လာကြသော်လည်း သူတို့စိတ်ထဲ၌ ရှည်ကြာသောခရီးတွင် ဝေးစွာကျန်ခဲ့ကြသည်ဟု ထင်မှတ်မိပုံရလေ၏။ သူတို့မျက်လုံး၏အကြည့်သည် ဝေးသီလွန်းလှချေ၏။

ကားဂိတ်တွင် ရပ်လိုက်ကြသည်။ သဘော်သားကားတစ်စီး ထိုးရပ် လာသဖြင့် သူတို့က ကားပေါ် ဦးစွာတက်ကြသည်။ သူတို့နောက်က လိုက်တက်ရ၏။ ကားပေါ်တွင် လူများသဖြင့် ဘာမှ မမေးမိ၊ ကားခထုတ် ပေးလိုက်သည်။ တစ်ခါမှ မျက်နှာမမြင်ဖူးသော ကောင်မလေးက ရယ်၍ တော့ဖူးပဲဟု ဆိုသည်။

သဘော်သားကားသည် သူ၏အဆုံးစွန်သော ခရီး၌ ရပ်လေ၏။ သူတို့ အကဲကိုကြည့်၍ ဆင်းရ၏။ သူတို့ခြေလှမ်းကို နင်း၍ ယိုက်ရ၏။ အင်းစိန်ကားဂိတ်တွင် ကားမျိုးပေါင်း စုံလှသည်။ လမ်းကို ဖြတ်ကူးကြ၏။ တညင်းကုန်းကားဂိတ်သို့ ရောက်လာကြသည်။ ကုက္ကိုပင်အောက်တွင် ရပ်ကြ၏။ ဆောင်းဦးတွင် ကြွေတတ်သော ကုက္ကိုရွက်အိုတို့သည် သဲ့သဲ့ လှုပ်လှုပ် ကြွေကျနေကြသည်။ ဘယ်သွားကြမလဲ ဟူသော စကားကိုပင် ထပ်မေးရသည်။

"ကျွန်မတို့နှစ်ယောက်က ကျောင်းပြေးပြီး မင်္ဂလာဒုံမှာ ရုပ်ရှင်သွား ကြည့်ကြမလို့"

မျက်မှန်းတန်းမိသော ဝဝတုတ်တုတ်ကောင်မလေးက ဆိုသည်။

"ဝေးဝေးလံလံဗျာ"

မနေသာ၍ တစ်ခွန်းဆိုမိသွားသည်။

"မြေနီကုန်းနဲ့ ရန်ကုန်ထဲသွားရင် အုတ်ကျင်းက အသိတွေနဲ့ တိုး နေမှာစိုးလို့"

နောက်တစ်ယောက်က ပြော၏။

"ကိုကို မှတ်ထားနော်၊ ရှုပ့်ါ သူငယ်ချင်းတွေ။ သူက ဌေးဌေးမြင့်၊ သူက လှလှရီ"

ဝဝတုတ်တုတ် ကောင်မလေးကို ဌေးဌေးမြင့်ဟု ယခုမှ နာမည်သိရ ၏။

"ကဲ- ရှုပါ၊ မင်းတို့လည်း ယွန်းကြတော့။ ကိုယ်တို့လည်း ညောင်း မယ်။ အပြန် ဘယ်ကစောင့်မလဲ"

ဌေးဌေးမြင့်ကပင် မေးသည်။

"ကိုကို့အိမ်ကပဲ စောင့်မယ်။ လေးနာရီမကျော်ခင် အရောက်ပြန် လာကြကွာ"

"ကောင်းပြီ" ဟု ဆိုကာ မင်္ဂလာဒုံကားပေါ် တက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"သူတို့က ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်လာခေါ်ကြတာနဲ့ အကွက် ဆိုက်လို့ လိုက်လာရတာ ကိုကိုရယ်။ တစ်နေ့လုံး အမေရှိနေတာနဲ့ ထွက်ပေါက်မရဘူး"

"မသိန်းသိန်းက သူတို့နဲ့မှ လွှတ်လိုက်တယ် ဆိုပါတော့"

"မဟုတ်ဘူး ကိုကို၊ အမေ မရှိဘူး"

"ဘယ်သွားနေလဲ"

"သူတို့ လာမခေါ်ခင်လေးတင် နတ်ကနားထွက်သွားတာ။ ဘယ်မှ မသွားနဲ့လို့ မှာသွားသေးတယ်"

"ဩော်- ခု ဆိုင်ကို ဘယ်လူနဲ့ထားခဲ့လဲ"

"မူယာ ရှိတယ်"

"မသိန်းသိန်း စောစော ပြန်ရောက်ရင်ကော"

"ဌေးဌေးမြင့်တို့နဲ့ ရုပ်ရှင်လိုက်သွားတယ်လို့ ပြောလိုက်ဆိုပြီး မှာထား ခဲ့တယ်။ ဌေးဌေးမြင့်နဲ့ဆို မေမေက ယုံတယ်လေ"

ခေါင်းဆတ်ဆတ်ညိတ်၍ သက်ပြင်းချမိလိုက်၏။

"ကဲ- ကိုကို ဘယ်သွားကြမလဲ"

"ဌေးဌေးမြင့်တို့ကို အိမ်ကစောင့်မယ်လို့ မှာလိုက်တယ်မဟုတ်လား တခြား သွားနေကြလို့ လွဲခဲ့ရင် ဘယ့်နှယ်လုပ်မလဲ"

"ဟုတ်တယ်၊ အိမ်ကပဲ စောင့်မယ် လာ . . ."

အပြန်၌လည်း ရှုပါ၏အလိုကျပင် လိုက်လာရလေ၏။

✤ ✤ ✤

သော့ဖွင့်၍ အိမ်ထဲဝင်လိုက်ကြသည်။ နောက်က ဝင်လိုက်လာသော ရှုပါက တံခါးကိုစေ့သည်။ ချက်ချသည်။ သူ စီးလာသော ဖိနပ်ကိုပင် ဖင်ပြန်ခေါင်းပြန်ထပ်၍ ဖိနပ်ခုံနှင့် ထရံကြားထဲသို့ ထိုးသွင်းဝှက်သည်။ သူပြုလုပ်နေသည်ကို အံ့ဩစွာ ငေးကြည့်နေ၏။

"ဖိနပ်ကို ဘာလို့ ဝှက်ရတာလဲ ရှုပါ"

"မေမေ လာချောင်းရင် မမြင်အောင်လို့"

ကြားရုံမျှသောလေသံနှင့် ပြော၏။

"မေမေကော"

လာတုန်းက လုံးဝ မမေးဘဲ ယခုမှ မေးဖော်ရသောရှုပါ့ကို မောင် ကျော်သိန်းတို့ အခေါ် လွှတ်၍ အရပ်က ဆွေမျိုးတစ်ယောက် လာခေါ်သွား ကြောင်း အမှန်အတိုင်း ပြောလိုက်ရသည်။

အိမ်ခန်းထဲသို့ ရှုပါရှေ့က ဝင်လာသောအခါ နောက်က ဝင်လိုက် လာရသည်။

နောက်ဘက် မီးဖိုဆောင်တွင် ရှုပါက ဖင်ထိုင်ခုံတစ်ခုကို လှမ်းဆွဲ၍ ထိုင်၏။ ရှုပါ အနား၌ပင် ထိုင်လိုက်ရသည်။ ဘာပြောရမှန်းမသိသော

"ကျိုက်ထီးရိုး မသွားကြတော့ဘူးလား ကိုကို"

"ရှုပါ မလိုက်ဘူးပြောလို့ အစီအစဉ် ဖျက်လိုက်ပြီ"

ခဏတွေသွားသည်။

"လိုက်ရအောင် စေ့စပ်ထားတာလည်း မဟုတ်ဘဲနဲ့" ဟု ဆို၏။

"မေမေက သူ့သမီးမပါရင် သူလည်း မသွားတော့ပါဘူးတဲ့"

"အပြောကတော့"

"တကယ်ပြောတာပါ" ဟု ပြောရင်း စောစောက ဘယ်လိုဘယ်လို နှုတ်ထွက်သွားမိမှန်း မသိသော 'ရှုပါ မလိုက်ဘူးပြောလို့ အစီအစဉ်ဖျက် လိုက်ပြီ' ဟူသော မိမိပါးစပ်ကို မိမိ တွေးရှုံ့တင်မိလေ၏။

ရှုပါနှင့် အနီးကပ်နေနေရသောအခါ မေးမြန်းကြည့်မည်ဟု အတေး အမှတ်ထားခဲ့သော စကားတို့သည် တဒင်္ဂ၌ မေ့ပျောက်နေ၏။ မျက်လုံး ချင်း ဆုံသွားသည်။ မျက်နှာချင်း နီးကပ်သွား၏။ "ကိုကိုရယ်" ဟု တိုးတိုး ညည်းညည်းဆိုသည်။ လက်မောင်းရင်းကို ဖက်တွယ်ကာ ကိုယ်လုံးလေးနှင့် နွဲ့မှီလာသည်။ နွေးထွေးသော အထိတွေ့ကြောင့် ရင်ခုန်မိသွားလေ၏။

မျက်နှာကို လက်နှစ်ဖက်နှင့် တွန်းဖယ်လာသည်။ နားစွင့်လိုက်မှန်း သိသာ၏။ မျက်လုံးပြူး၍ ငြိမ်သက်နေသည်။ အပြင်က ခြေသံကြားရ သည်။ "ရေနွေးတည်ထားလား"ဟူသော ခင်နှင်း၏မေးသံကို ကြားရ သည်။ အငယ်သမီး မြင့်မြင့်က "ငရုတ်သီးလည်း ထောင်းထားပါတယ်" ဟု ပြန်ပြောလိုက်၏။ သက်ပြင်းပြိုင်တူ ချလိုက်မိကြသည်။ မနက်အလှည့် အလုပ်ဆင်းရသော အိမ်ရှင်ခင်နှင်း အလုပ်က ပြန်လာမှန်း သိသွားကြ သည်။

"ဦးကြီးလည်း ပြန်လာတော့မယ်ထင်တယ်"

"မလာသေးပါဘူး၊ ဒီကောင်က ညနေ လေးနာရီကျော်မှ ပြန်လာမှာ ပေါ့"

"ကိုကို ညာပြောတာလား"

"မညာပါဘူး၊ တကယ်ပြောတာပါ" ရှုပါ့ကို မေးမြန်းရန် အတွေးတို့ ယခုမှ ပေါ်လာတော့သည်။

"ကိုကို မရှိတုန်း ရှုပါတို့အိမ်မှာ ဘာတွေ ဖြစ်နေကြလဲဟင်"

"ဘာဖြစ်လို့လဲ ကိုကို"

"ကြည့်ရတာ တစ်မျိုးဖြစ်နေလို့။ မသိန်းသိန်းက ကိုကို့ကိုလည်း စကားဟက်ဟက်ပက်ပက် မပြောဘူး။ တော်တော် မူပြောင်းနေတာပဲ။ ဘယ်လိုဖြစ်ကြလို့လဲ ပြောစမ်းပါဦး"

"မသိဘူးလေ၊ ကိုကို ဘယ်လိုထင်လို့လဲ"

ရှုပါက မျက်နှာကိုမကြည့်ဘဲ ပြော၏။ မျက်လွှာချထားသည်။ သူ့ မျက်နှာညှိုးနေသည်ကို သတိထားမိ၏။

"တစ်ခုခုတော့ အကြောင်းရှိရမယ် ရှုပါရယ်၊ ကိုကို့ကို အမှန်အာ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း ပြောစမ်းပါ"

"ဘာမှမဖြစ်ပါဘူး ကိုကိုရယ်"

"မနေ့မနက်ကလေ ဘာဖြစ်ကြလဲ"

"ဘာမှမဖြစ်ပါလား"

"မလိမ်ပါနဲ့၊ ရွှပါနဲ့ မသိန်းသိန်းတို့ အော်ကြဟောက်ကြတာ ဘာဖြစ်လို့လဲ"

"သြော် ဒါလား"

မျက်နှာကို စေ့စေ့ကြည့်နေသည်။

"ဟုတ်တယ်"

"ကိုကို ဘယ်လိုလုပ်ကြားလဲ"

"လက်ဖက်ခြောက်နဲ့ ထိုးမုန့်ပေးရအောင် လာတာ၊ အော်ဟောက်နေကြသံကြားလို့ ပြန်လစ်သွားရတာလေ"

ဤတစ်ခါ သူ့မျက်နှာကို ပြန်၍ စေ့စေ့ကြည့်မေး၏။ ချက်ချင်းမဖြေ။ ခဏ တွေနေသည်။

"ဟင်- ရွှပါ ပြောစမ်းပါဦး" ဟု ထပ်တိုက်တွန်းမှ-

"အလကားပါ ကိုကိုရာ၊ မေမေက ထိတ်ခနဲဆို ဆူဆူပူပူ လုပ်တတ်တာ ကိုကိုလည်း သိသားနဲ့"

"အေးပါ၊ ဘာကြောင့် ဆူဆူပူပူလုပ်ရလဲ ဆိုတာ ကိုကို မေးတာပါ။ ရွှပါ ပြန်အော်သံတောင် ကြားလိုက်မိလားလို့"

တမင် အစ်မေးနေရသဖြင့် စိတ်ထဲကတော့ မလုံချင်။ ယခုထိ ရွှပါကိုလည်း အကဲမရသေး။

"ဈေးရောင်းမကောင်းတာလည်း ပါတယ် ကိုကို၊ ဒီအတိုင်းဆို ဆိုင်က မဟန်ပါဘူးတဲ့၊ ဆိုင်ကို ပြန်ပိတ်တာပဲ ကောင်းမယ် ပြောလို့ ရွှပါက ဒီလိုဆို အစကပင် ဘာလို့ လုပ်ကြလဲ၊ သုံးလေးလတောင် မပြည့်သေးဘူး ပြောလို့ သူ့ကို ခံပြောရမလား ဆိုပြီး ဆဲတာ"

"တခြားအကြောင်းတော့ မရှိပါဘူးနော်"

ခေါင်းကို ယောင်ယောင်ခါပြသည်။

"မရှိပါဘူး" ဟုလည်း နင့်သောလေသံနှင့် တီးတိုးဆိုသည်။ ချက်ချင်းပင် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာ၏။

"ဟင်- ရွှပါ ဘာလို့လဲကွယ်၊ ဘာလို့ ငိုတာလဲ"

"ဆိုင်ဖွင့်တာလည်း သုံးလေးလတောင် မရှိသေးဘူး၊ ခုတစ်ခါ ပိတ်ပြန်တော့မယ် ဆိုတော့ ဘယ်လောက် ရှက်ဖို့ကောင်းလဲ"

"စိတ်ချ၊ ဘယ်တော့မှ မပိတ်ဘူး၊ အစကပင် ကိုကို ထွက်ပြီးမှ လုပ်တာပါ၊ အရင် ရွှပါတို့အကြီးက ရွှပါတို့ကို တစ်လ ဘယ်လောက်ပေးလဲ"

"တိတိကျကျတော့ ကျွန်မလည်း မသိဘူး၊ သုံးထောင်လောက်နေမှာ





ပေါ့"

"အေး- ခုလည်း ကိုကိုက မသိန်းသိန်း လက်ထဲကို တစ်လ သုံးထောင်ပေးမယ်။ ရွှပါ ကိုကိုနဲ့ လက်ထပ်ပြီးရင်လည်း ဆိုင်ပဲဆက်ထွက်။ သူက တစ်လ သုံးလေးထောင်ရရင် ပြီးရောပဲ မဟုတ်လား။ ညနေကျရင် မသိန်းသိန်းကို ကိုကို အဲသလိုပဲ လာပြောမယ်"

"မပြောပါနဲ့ ကိုကိုရာ"

"ဘာဖြစ်လို့လဲ"

"မေမေက ရွှပါ့ပဲ ဆူမှာ"

"ဘာလို့ ဆူရမှာလဲ၊ သူ သုံးလေးထောင်ရရင် ပြီးတာပဲ မဟုတ်လား၊ လက်ထပ်ပြီးရင် စီးပွားခွဲရမှာပဲ၊ ကိုကိုကတော့ မှန်းထားတယ်၊ မနက်ဆိုရင် ကိုကို ဆိုင်ထွက်ရောင်းမယ်၊ ရွှပါက ဈေးသွား၊ ထမင်းချက်၊ ထမင်းကျက်လို့ စားသောက်ပြီးရင် ရွှပါ တစ်လှည့် ဆိုင်လာထိုင်။ ကိုကိုက ထမင်းစားပြီးရင် ရန်ကုန်ထဲ အရောင်းအဝယ် ထွက်မယ်။ ကဲ- ဘယ်လောက် ပျော်စရာကောင်းလဲ၊ စီးပွားခွဲထားတော့ မသိန်းသိန်းလည်း ရွှပါ့ကို ဘာမှ ပြောစရာမလိုတော့ဘူးမဟုတ်လား၊ သူက လကုန်လို့ တစ်လ သုံးထောင်ရရင် ပြီးရောပဲမဟုတ်လား"

စိတ်ကူးထားသည့်အတိုင်း အမှန်ပြောမိသည်။

"ဖြစ်မယ်မထင်ပါဘူး ကိုကိုရာ၊ ရွှပါတော့ မေမေနဲ့ နီးနီးနားနားကို မနေချင်ဘူး။ ကိုကို တခြားမှာ ဆိုင်ခန်းရှာလို့ကော မရနိုင်ဘူးလားဟင်"

"သိပ်ရတာပေါ့ ကလေးရယ်၊ ကိုကို့မှာ အပေါင်းအသင်းတွေက အများကြီးပါ။ ဒါပေမယ့် ရွှပါ တစ်ခု စဉ်းစားကြည့်လေ။ ကိုယ့်အမေ ဆိုင်ခန်းရှိလျက်နဲ့၊ ဆိုင်နေရာလည်း အကွက်အကွင်းကျရဲ့နဲ့ တခြားသွားပြီး ဆိုင်ဖွင့်ရတယ်ဆိုရင် မိဘရောသားသမီးပါ သိက္ခာကျမှာပေါ့။ ကိုယ့်သားသမီးနဲ့တောင် မတည့်ဘူးဆိုတော့ မသိန်းသိန်းကို ပိုထိခိုက်လိမ့်မယ်"

ဒေါ်တင်အုံး ပြောဖူးသောစကားကို သတိရ၍ ပြောလိုက်မိသည်။ ရွှပါက ခုထိ မျက်နှာမော့မလာသေး။ မျက်ရည်အစအန အကြွင်းအကျန်လေးများကို ယုယုယယ သုတ်ပေးရ၏။

"ဒီကိစ္စက စိတ်လိုက်မာန်ပါ လုပ်လို့တော့ မဖြစ်ဘူး ရွှပါရယ်၊ ဒါ ရွှပါ ငယ်ငယ်တုန်းကလို အိမ်ရှေ့ တာဒပင်အောက်မှာ ထွက်ထိုင်ပြီး အိုးပုတ်ခွက်ပုတ်လေးတွေနဲ့ ဈေးရောင်းကစားနေတာ မဟုတ်ဘူးနော်၊ မသိန်းသိန်းကိုလည်း ကျေရာကျေကြောင်း ကိုကို ထပ်ပြောပါဦးမယ်၊ ကိုကိုပြောလို့မရရင် မေမေနဲ့ အဘ ဦးလှကိုပါ ပြောခိုင်းရမယ်၊ သူစိမ်းကောင်းတယ် ဆိုတာ ဆွေမျိုးမုန်းသလောက်ပဲ ရှိတယ်လို့ စကားပုံတောင်ရှိတာပဲ၊ ခု ဈေးရောင်းမကောင်းတာ အမှန်ပဲလား"

ခဏတွေနေပြီးမှ-

"နည်းနည်းတော့ အရောင်းကျတယ်" ဟု မပွင့်တပွင့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့၊ အရောင်းဘယ်လောက်ကျကျ အမြတ်က တစ်လ လေးငါးထောင်တော့ ရမယ်မဟုတ်လား။ သုံးထောင် မသိန်းသိန်းပေး။ ကျန်နှစ်ထောင်ကို ကိုကိုတို့ယူ။ အိုးမကွာအိမ်ကွာ တစ်လ နှစ်ထောင်ရ တော်ပြီလို့ ကိုကို မှန်းထားတယ်။ ရှုပါနဲ့ကိုကိုတို့ လက်ထပ်ပြီးပြီဆိုရင် တစ်နေ့ သုံးလေးယောက် စာလာပေးတဲ့ကောင်လေးတွေလည်း ရှိတော့မှာ မဟုတ်ဘူး။ ဘာစိတ်ညစ်စရာရှိလဲ။ ကိုကိုပြောတာ မဟုတ်လား၊ ရှုပါ စဉ်းစားကြည့်လေ"

"ရှုပါတော့ စိတ်ညစ်တယ် ကိုကို၊ ဘာလုပ်ရမှန်းတောင် မသိ. . ."

ချက်ချင်း ရှုပါ စကားရပ်သွားသည်။ ကျွန်တော်လည်း အပြင်ကို နားစွင့်မိလိုက်၏။

"လာတော့ လာပါတယ် ကြီးကြီးရယ်၊ နောက် အဖော်လည်း နှစ်ယောက်ပါသေးတယ်။ ဦးအေးဟန်ပါ အပြင်ကို လိုက်သွားပါတယ်"

အကြီးမ ဥမ္မာ၏အသံ။

"ကျွန်မလည်း ခုလေးတင်ပဲ အလုပ်က ရောက်တယ်။ ဘာဖြစ်လို့လဲ မသိန်းသိန်း၊ ကိုအေးဟန်အမေ အိပ်နေတယ်ထင်ပါရဲ့"

နှစ်ယောက်စလုံး မျက်နှာပျက်သွားကြသည်။ မသိန်းသိန်း၏အသံ ကိုတော့ လုံးဝ မကြားရ။ ကျွန်တော်တို့ကြားလောက်အောင် တမင် အသံ ကိုမြှင့်၍ ပြောနေသော အိမ်ရှင်သမီးအကြီးမနှင့် သူ့အမေ ခင်နှင်းတို့၏ အသံကိုသာ ကြားရလေသည်။ သို့သော် ချက်ချင်း သဘောပေါက်လိုက် ကြ၏။ မသိန်းသိန်း အပြင်တွင် ရောက်နေလေပြီ။ နှစ်ယောက်စလုံး အသက်ပင် မရှူရဲဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နှုတ် ဆိတ်နားစွင့်နေကြ၏။ နောက်ထပ် ဘာသံမှမကြား။ ခဏသာ ကြာသည်။ ခြေသံပြင်းပြင်းနင်းလာသောအသံကို တစ်ဖက်ခန်းက ကြားရသည်။ စက္ကန့် ပိုင်းအတွင်းတွင် ထရံကို လက်နှင့်ပုတ်၏။

"ကိုအေးဟန်"

"ဗျာ၊ ခင်နှင်း"

"ရှင်တို့ကတော့ အတွင်းထဲမှာ ကြည်နေကြ။ အပြင်မှာ ဘာဖြစ်လို့ ဖြစ်နေမှန်း မသိဘူး။ မသိန်းသိန်း လာသွားတယ် သိလား၊ ကျွန်မတို့မှာကြီး ဖာလိုက်ထေးလိုက်ရတာ။ ရှင်တို့ဟာက ဘယ်လိုလဲ၊ သူ့အမေက သူ့သား ဒီကိုလာလားလို့ မေးတယ်၊ အခန်းထဲကိုလည်း ချောင်းကြည့်သွားတယ် တော်သေးတာပေါ့၊ ဖိနပ်တွေဘာတွေ တွေ့မသွားလို့၊ ကျွန်မက ကိုအေး ဟန်အမေ အိပ်နေတယ်ဆိုလို့၊ နို့မို့ တံခါးတောင် အတင်းဖွင့်ကြည့်မယ့် ပုံပဲ။ ကျွန်မပြောတာတောင် ယုံကြည်ပုံ မရဘူး။ မျက်နှာလည်းမကောင်း ဘူး။ ရှင်တို့ဟာက ဘယ်လိုဖြစ်နေကြတာလဲ။ ဟိုသူငယ်မကကော ဒီလာ တယ်ဆိုတာ အမေလုပ်တဲ့လူကို ပြောခဲ့ရဲ့လား။ ခါတိုင်းလည်း လာနေကျ ပဲ၊ ခုမှ ဘယ်လိုဖြစ်ကြတာလဲ"





ရှုပါက ခင်နှင်းကို ဘာမှပြန်မပြောဘဲ တရှုပ်ရှုပ်ရှိုက်ငိုနေသည်။ ကမန်းကတန်း ထ၍ နောက်ဘက်တံခါးကို ဖွင့်ရသည်။ ခင်နှင်း ပါးစပ် ကို သိထား၏။ ပြောပြီဆိုလျှင် ခင်နှင်းပါးစပ်ကလည်း စည်းကမ်းရှိသည် မဟုတ်။ ခင်နှင်းတို့ မီးဖိုဆောင်ဘက် ဝင်လိုက်သည်။ စူးစူးစိုက်စိုက်ကြည့် နေ၏။ မျက်နှာလည်း တင်းမာနေသည်။

"ရှင်တို့ဟာက ဘယ်လိုဖြစ်နေကြလို့လဲ ကိုအေးဟန်၊ ဒီသူငယ်မက လည်း ဒီလိုလာနေကျပဲ။ သူလည်း လာလာနေတာပဲ။ ခုမှ ကျွန်မတို့ တောင် မကျေနပ်တဲ့ပုံမျိုး၊ မယုံတဲ့ပုံမျိုးပါလား"

"အဲဒါ ခက်တာပေါ့ဗျ။ ကိုယ့်သားသမီးသိက္ခာ ကိုယ်လိုက်ချနေတာ။ ဒီတင် ဘယ်ကလဲ။ သူ့ရှေ့တင်ပဲ ကျွန်တော်တို့ ရုပ်ရှင်သွား၊ ဈေးဝယ် အတူတူသွားသွားလာလာပဲ။ ခုမှ ဘာဂြိုဟ်ဖောက်ပြီး ကြီးကြီးကျယ်ကျယ် လာလုပ်လဲ မသိဘူး။ ကျွန်တော် ညနေကျမှ ပြောမယ်"

ဒေါသနှင့်ပြောရသဖြင့် အသံပင် နည်းနည်း ကျယ်သွားသည်။ တိုး တိုးတိတ်တိတ် ပြောရမည့်စကားပါလားဟု မဆင်ခြင်နိုင်တော့။

"ဒါတော့ ရှင်တို့ကိစ္စ ရှင်တို့ရှင်းကြ၊ အတော်ကြာ ကျွန်မတို့ပါ မကောင်းဖြစ်မယ်။ ရှင်တို့ဟာက ယူလည်း မြန်မြန်ယူလိုက်တာ မဟုတ် ဘူး။ ခု ရှင့်အမေကြီးလည်း ရောက်နေတာပဲ။ ပြောပြီးဆိုပြီး မရှိကြသေး ဘူးလား။ ဘာလို့ နေ့ရွှေ့ညရွှေ့ ရွှေ့နေကြတာလဲ။ ကျွန်မမှာလည်း သမီး တွေချည်း မွေးထားတာနော်။ နေ့ခင်းနေ့လယ်ဆို လူကြီးတွေရှိတာ မဟုတ် ဘူး။ အတော်ကြာ ကျွန်မတို့ပါ မကောင်းဖြစ်နေဦးမယ်။ ကင်းကင်းရှင်းရှင်း တော့ လုပ်ကြပါရှင်။ တနင်္ဂနွေ စနေ အလုပ်အားလို့ ရှင်တို့ ညီအစ်ကိုနဲ့ အပျင်းပြေ ပိုကာလေး ငါးပြားဆယ်ပြားကြေး ကစားတာတောင် အိမ်နီး ချင်းတွေက ဖဲဒိုင်ခံစားနေတာ ပြောချင်ကြတယ်။ ကျွန်မတို့ ပါးစပ်ကို ကြောက်လို့သာ ဖြောင်မပြောရဲကြတာ။ ရှင်တို့ကြောင့် အတော်ကြာ ပေါက်ကရပြောလာရင် ကျွန်မလည်း မခံနိုင်ဘူး"

ခင်နှင်းပြောသည့် အဓိပ္ပာယ်ကို ချက်ချင်း သဘောပေါက်လိုက် သည်။

"သက်သက်ပါဗျာ၊ မသိန်းသိန်း ဂြိုဟ်မွှေနေတာ" ဟု ပြောပြီး မိမိ အခန်း ပြန်ဝင်လာရသည်။ ခင်နှင်းကို ပြန်ပြောစရာစကား မလိုတော့ပြီ ဟု ထင်၏။ ခင်နှင်း စကားကမူ မရပ်သေး။

"မသိန်းသိန်းပုံ ကြည့်ရတာ တော်တော် မကျေမနပ် ဖြစ်လာတဲ့ပုံပဲ။ ရှင်နဲ့ ကလေးမလေးကိုသာ အခန်းထဲ တွေ့ရင်တော့ အကြီးအကျယ် ပြဿနာလုပ်မယ့်ပုံပဲ။ ရှင်တို့ကလည်း ရှင်တို့ပဲ။ ယူလည်း မြန်မြန် ယူလိုက်ကြတာ မဟုတ်ဘူး"

ရှုပါက တရှုပ်ရှုပ်ငိုတုန်း။ ခင်နှင်းကိုလည်း အပ်ကြောင်းထပ်အောင် ပြောနေရပါ့မလားဟု ဒေါသဖြစ်ချင်လာသည်။ ရှုပါ့ကို ဖျောင်းဖျရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အလကား အဓိပ္ပာယ်မရှိတာ၊ ငိုမနေစမ်းပါနဲ့ ရှုပါရယ်"

"ဘာအဓိပ္ပာယ်မရှိတာလဲ၊ ဒါ ကိုကို့ကြောင့်ဖြစ်တာ သိလား။ ရှုပါ သိပ်ရှက်တယ်"

အငိုတစ်ဝက်နှင့် ရန်ထောင်စကားဆိုသည်။

"ကိုကိုက ဘာလုပ်လို့လဲ ရှုပါရယ်၊ ရှုပါ့ကိုရော မသိန်းသိန်းကိုရော တစ်အိမ်သားလုံး ကိုကို ပြောထားပြီးသားပဲဟာ"

"ဘာပြောထားတာလဲ"

"မေမေ အရပ်မပြန်ခင် လက်ထပ်ကြမယ် ဆိုတာလေ"

"အပြောပဲ ရှိတာတဲ့။ မေမေလည်း ကိုကို့ကို မယုံတော့ဘူး သိလား။ အမေ မရောက်ခင်တော့ အမေရောက်အောင် စောင့်ပါဦးတဲ့။ အမေ ရောက်ပြန်တော့ နားမဖောက်ထားခဲ့ဘူး။ မိုးကုတ်တက်သွားကြတယ်။ မိုးကုတ်က ပြန်လာပြန်တော့ ကျိုက်ထီးရိုးသွားဦးမယ်။ ခု ကျိုက်ထီးရိုးမသွား ပြန်တော့ဘူးတဲ့။ ကိုကို့စကားချည်းပဲ။ ခု ရှုပါနဲ့ သဘောမတူလို့ ရှင့်အမေ ပြန်သွားပြီ မဟုတ်လား။ ဒါ ညာသေးတယ်၊ သန်လျင်က ဆွေမျိုးတွေဆီ သွားတာပါတဲ့၊ မသိတာကျနေတာပဲ"

"တကယ်ပါ ရှုပါရယ်။ ဒီတစ်ရက်နှစ်ရက်တင် အမေပြန်လာမှာပါ။ အမေ အရပ်မပြန်သေးပါဘူး။ အမေ့ပစ္စည်းတွေတောင် အတွင်းထဲမှာ ရှိသေးတာပဲ။ မယုံရင် လာ ဒီမှာလာကြည့်"

"လုပ်မနေနဲ့၊ ကိုကိုက သိပ်လည်တာ၊ သူများကို ဘာလုပ်ပေးမယ် ညာလုပ်ပေးမယ် ပြောပြီး လက်တွေ့ကျတော့ သူ့မှာ ပိုက်ဆံလည်း မရှိဘူး ဟိုလူ့အားကိုး၊ ဒီလူ့အားကိုးနဲ့။ ပြောတော့ အငဲယားလိတ်တို့ ကရစ်တင် မှာတောင် မင်္ဂလာဆောင်မတဲ့။ ခု သူ့အမေက မကျေနပ်လို့ မင်္ဂလာစရိတ် မထုတ်ပေးတော့ ဘာမှ မလုပ်တတ်တော့ဘူး မဟုတ်လား။ တော်ပြီ ကိုကို့ ကို ရှုပါလည်း မယုံတော့ဘူး၊ တစ်ရပ်ကွက်လုံး သိနေကြတာ၊ ခုတော့ ဘယ်လောက်ရှက်ဖို့ကောင်းလဲ၊ သူများကဖြင့် သူ့ကိုယုံလို့"

ကြီးစွာသော ဝမ်းနည်းကြေကွဲမှုကို ခံစားလိုက်ရသည်။ ရုတ်တရက် မှု ရှုပါပြောသွားသော စကားပေါင်းများစွာတို့တွင် ဘယ်စကားက ရှင်းပြရမှန်းလည်း မသိတော့။ ငါ့အပေါ် ဘာကြောင့် ချစ်သူကပင် အ အကြည်မဲ့ရလေသနည်းဟု နာကျင်မိသည်။ တသက်သက် ငိုရှိုက်နေ သော ရှုပါ၏ကျောကုန်းလုံးလုံးလေးကို သိုင်းဖက်ထားလိုက်မိသည်။ ရှုပါက စိတ်ဆိုးမာန်ဆိုးနှင့် လက်ကို ပုတ်ချလိုက်၏။

လက်နှင့်အတူ အသည်းနှလုံးတို့ပါ ပြုတ်ကျသွားသလို ခံစားလိုက် ရသည်။ ငါ့စေတနာကို စော်ကားကြလေခြင်းဟု ဒေါသလည်း ထွက်ချင် လာသည်။ စိတ်ကို လျှော့လိုက်ရ၏။

"ရှုပါကပါ ကိုကို့ကို မယုံတော့ဘူး ဟုတ်လား"

"မယုံဘူး၊ မယုံဘူး"

မျက်ရည်တို့ကို သုတ်ပေးရန် ကြိုးစား၏။ ရှုပါက ဖယ်ရှားသည်။

"မောင်ယုံအောင် ပြောစမ်းပါ ခင်ရယ်လို့ပဲ ကောင်လေးတွေ ဆိုဆို နေကြသံ ကြားဖူးပါတယ်။ ခုတော့ မေယုံအောင် ပြောစမ်းပါ မောင်ရယ် ဖြစ်နေပါပြီ။ ကိုကိုပြောမယ် ရှုပါ"

"ပြောမနေနဲ့"

တုံးတိတိ ဆိုသည်။ ဆောင့်ကြောင့်ထိုင်နေသော ဒူးပေါ်တွင် သူ့မေး ကိုအပ်၍ သူ့ဘာသာသူ မျက်ရည်သုတ်သည်။

"အိုး . . . မလုပ်ကောင်းမသိ၊ လုပ်ကောင်းမှန်း မသိ၊ ဖယ်စမ်း ကိုကို သုတ်ပေးပါ့မယ်ဆို"

အတင်း ဖျစ်ညှစ်၍ သူ့မျက်ရည်တွေကို သုတ်ပေးလိုက်ရ၏။ သူက အဓိပ္ပာယ်မပေါက်သလို အံ့ဩသလိုနှင့် မျက်နှာကို တစ်ချက် မော့ကြည့် သည်။ ဘာလဲ ဟူသော သဘော။

"ဒူးနဲ့မျက်ရည်သုတ်တယ် ဆိုတာ မလုပ်ကောင်းဘူး၊ အဲဒါ ဘဝကို အရှုံးပေးတဲ့ မိန်းကလေးတွေရဲ့သဘော၊ မောင့်ရှုပါလေးက ဘဝကို ဘယ် တော့မှ အရှုံးမပေးစေရဘူး၊ အရှုံးလည်း မရှိတော့ပါဘူး ရှုပါရယ်၊ တကယ် ပြောတာပါ၊ နောက် တစ်ရက်နှစ်ရက် မေမေ သန်လျင်က ပြန်လာရင် ချက်ချင်း နားဖောက်ပြီး တစ်ပတ်အတွင်း မင်္ဂလာဆောင်ကြ တော့မယ်၊ မေမေက ရှုပါနဲ့ ကိုကို့ကို သဘောတူပါတယ်၊ တစ်ခွန်းမှ ကန့်ကွက်စကား မဆိုဖူးပါဘူး၊ ကိုကိုတို့ ဆွေမျိုးသားချင်းတွေဆီ ဝမ်းသာ လွန်းလို့ ကိုကိုမရောက်ခင်ကတည်းကပင် ရှုပါလှတဲ့၊ ချောတဲ့အကြောင်း ပြောနေကြတာ နားကိုညည်းရောလို့ ခယ်မတစ်ယောက်က ပြောတယ်၊ သူတို့အရပ်မှာ ရှုပါလောက်လှတာ တစ်ယောက်မှ မရှိဘူးလို့ လူပာန်က ပြောသတဲ့၊ ဟိုက အမျိုးသမီးတွေကတောင် မခံနိုင်ကြလို့ ဓာတ်ပုံထုတ် ပြနေတာ ဆိုပါလား၊ ဒီကောင်မလေးဟာလေ တော်တော် လှတယ်"

"သူများက ဘာလည်းလဲ၊ ကိုကိုသာ လူလည်၊ ခုပြောနေတာလည်း လူလည်တွေစကားပေါ့"

စိတ်အနည်းငယ် ပြေသွားပြီမှန်း သိသာ၏။ မျက်နှာကို တည်တည် ထားသော်လည်း ဒေါသငွေ့ငွေ့သာ ထင်တော့သည်။ စိမ်းပြာသော မျက် ဝန်းတို့မှ အကဲကောင်းစွာ မရသေး၊ တဟင်းဟင်း တိုးတိုးညည်းညည်း ရယ် မိနေသည်။

"ကိုကို့စကားကို အတည်မယူပါနဲ့ ရှုပါရယ်"

"ဘာ . . . "

ကိုယ်ကို တွန့်လိမ်၍ ရုန်းဖယ်လိုက်သည်။

"ဆောရီး၊ ဆောရီး ရှုပါရယ်၊ ကိုကို စကားပြောလောကြီးသွားလို့။ ကိုကို ဆိုလိုတာက ဒီလိုပါ၊ ကိုကိုဟာ စကားပြော အပေါက်ဆိုးပေမင့် စိတ်ကောင်းကောင်းတယ်လို့ ပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောမဆိုးပါဘူး။ လူတစ်ဖက်သားကို အပေါ်စီးက ဟန်နဲ့ မာန်နဲ့ ကျလောက်အောင် လိမ်တတ်တာပဲ။ ဒီပညာတွေ ထောင်ထဲ ဖိုးတွန်တီးတွေဆီက တတ်လာတာမဟုတ်လား"

"ရှုပါကသာ စကားတတ်တိုင်း ရန်တွေ့နေတာနဲ့ ကိုကို ပြောချင်တဲ့ စကားတွေတောင် ပျောက်ကုန်ပြီ။ လည်တယ်ဆိုတာလေ ဒီသူငယ်မ ဘယ်လောက်လည်လဲ ဆိုရင် မိုးကုတ်က လှုဟန်ကို ဓာတ်ပုံပေးလိုက်တာ ကိုကိုတောင် လုံးဝ မသိလိုက်ဘူး။ မိုးကုတ်ရောက်မှ ဆွေမျိုးတွေ ပြောလို့ သိရတာ။ ဟိုက ညီတော်မောင်ကလည်း သူ့မရီးချောတဲ့ လှတဲ့အကြောင်း ဓာတ်ပုံထုတ်ပြပြီး ကြွားရတာ အမောပဲတဲ့။ ကဲ- ကိုကို မသိဘဲ လှုဟန်ကို ဘာလို့ ဓာတ်ပုံပေးလိုက်ရလဲ"

"ရှင်တို့အမျိုးက သူဌေးတွေ ဟုတ်လား။ ကျွန်မတို့ကလည်း ရုပ်လေး ပြပြီး ယောက်ျားတကာကို မြူစားနေကျဆိုတော့ အစ်ကိုသူဌေးကြီး မရတောင် ညီကျောက်သူဌေးကလေးလောက်ရရင် တော်ပါပြီဆိုပြီး မြူဆွယ်ထားရတာပေါ့ရှင်"

"ခွေးမ"

စကားနာထိုးပြီဆိုသည်ကို အတပ်သိသဖြင့် ပြောနေကျစကားနှင့် ခေါင်းကို တစ်ချက် လှမ်းခေါက်ရသည်။ ရှုပါ့စကားက တစ်ဖက်ခန်းထိ တိုင်၏။ စိတ်ထဲ စိုးရွံ့မှုတစ်ခု တိုးသွားသည်။ ခင်နှင်းသည် ယခင်က သူတို့သမီးအမိကို ရုပ်ပြပြီး အေးဟန်တို့ ညီအစ်ကိုကို သမီးက မြူလိုက်၊ အမေက မြူလိုက်နှင့် မြူစားနေကြတာဟုများ ကွယ်ရာတွင် အတင်းပြော ဖူးလေသလား။ ခင်နှင်းတို့စကားသည် ရှုပါ့နားထဲရောက်၍ ဤစကားတို ရှုပါက ခင်နှင်းကြားအောင် တမင် ပြောလေသလား။ ပြန်၍ ထိုးနှက်ခြင်း သဘောလား။ ရှေ့နောက် ဆင်ခြင်၍ တွေးတတ်သူအဖို့ ရှုပါ့စကားတ လည်း တွေးစရာပင်။

"မောင့်ရှုပါလေးကလည်း ခု မဟုတ်မဟတ်တွေ တော်တော်ပြော တတ်နေပါပြီ။ ဪ- ငါ့မှာလည်း အသက်ကြီးမှ ရည်းစားတစ်ယောက် လှလှလေး ရပါတယ်။ ယောက္ခမကတစ်မျိုး၊ ချစ်ချစ်ကတစ်မျိုးနဲ့ အမေ ရယ် ကျွဲမတွေ့ဘူးဗျ ဖြစ်မှန်းမသိ ဖြစ်နေပါပေါ့လား"

"ရှင့်မှာ ရည်းစားတွေက ပေါပါတယ်။ ဆိုင် ခဏထိုင်တာတောင် အိမ်ပေါ် တက်လာတဲ့ဟာမတွေ ရှိနေတာပဲ"

"အဲဒီဆိုင်ပေါ် တက်လာတာတွေ မလိုချင်လို့ ခုလို ဆိုင်ထိုင်တိုးပဲ ရည်းစားထားတာပေါ့ဗျာ၊ မဟုတ်ဘူးလား"

ဘာမှမပြောတော့ဘဲ မျက်နှာကို စေ့စေ့ကြည့်သည်။ နှုတ်ခမ်းထို ပြုတ်လုမတတ် ကိုက်ထား၏။

"ကြည့်စမ်း ကြည့်စမ်း၊ ဘာလို့ နှုတ်ခမ်း ဒီလောက် ကိုက်နေရတာ လဲ။ လာတုန်းက နှုတ်ခမ်းပါးပါးလှလှလေး၊ ပြန်သွားမှ နှုတ်ခမ်းတ ရှူး





ရောင်နေရင် ကိုကို့ကို အပြစ် . . ."

"ဒါကျတော့ တတ်တယ်" ဟု ပြောပြီး လှမ်းရိုက်၏။ တခစ်ခစ်ရယ်၍ လက်ကို ဖမ်းချုပ်ထားလိုက်ရသည်။

"ဖယ်ပါ"

"မဖယ်ဘူး၊ ဟော- ဒီမှာ လာကြည့်"

"ဖယ်ဖယ်၊ လွှတ်နော်။ သိပ်လည်တယ် မသိဘူးမှတ်လို့ ဖယ်ပါဆို"

အတင်းရုန်းသော်လည်း မလွှတ်မိ။ ခုတင်ရှိရာ အိမ်ခန်းထဲ အတင်း ဆွဲခေါ်နေသည်ကို သူက အမိပွာယ်တစ်မျိုးတစ်မည် ကောက်ပုံရသည်။ ရယ်ချင်သွား၏။

"မဟုတ်ပါဘူး ရှုပါရယ်။ လာစမ်းပါ ပြစရာရှိလို့ပါ"

"မပြနဲ့၊ မယုံဘူး သိပ်ဉာဏ်များတယ်"

"မဟုတ်ပါဘူးဆို၊ ကိုကို ဘယ်တုံးက ဒီလို ယုတ်မာဖူးလို့လဲ"

"ခု ယုတ်မာတော့မယ်ပေါ့။ ကိုကို့ကို မယုံတော့ဘူး"

"ဪ- ခက်ပါလား၊ မေမေ မပြန်သေးဘူးဆိုတာ ပြမလို့ပါ။ လာဆို စိတ်ချ ကိုကို ရှုပါ့ကို လက်ဖျားနဲ့တောင် မတို့ဘူးမှတ်"

"ခု ကိုင်ထားတာကျတော့ကော"

"ဟားဟား အေး၊ ဟုတ်သားပဲ။ ကဲ- လွှတ်ပါပြီတဲ့ဗျာ။ လာလေ"

ထတော့လာ၏။ အပြင်ဘက် ထွက်သွားသည်။ အခန်းထဲတွင် လုံးဝ ခေါ်ခဲ့။ အပြင်သို့ လိုက်သွားရ၏။ သူက တံခါးချက်ကို သွားဖြုတ်သည်။ ၎တ်ထားသောဖိနပ်ကိုလည်း ဆွဲထုတ်၏။ ပြန်သွားတော့မလားဟု စိုးရွံ့ သွားသည်။

"ရှုပါ မပြန်နဲ့ဦးနော်၊ ဌေးဌေးမြင့်တို့နဲ့ ရုပ်ရှင်သွားတယ်ပြောပြီး ခု ပြန်သွားရင် ပိုဆိုးလိမ့်မယ်"

"မိဌေးတို့လည်း လာခါနီးပါပြီ"

လက်ကနာရီကို ကြည့်၍ ပြော၏။

"အတူပြန်မှဖြစ်မှာပေါ့။ တစ်ယောက်တည်း ပြန်သွားရင် အရိုက်ခံ နေရဦးမယ်"

"ရိုက်ရိုက်"

"အမယ်လေးလေး၊ မောင့်ရှုပါလေးကို ဒီနေ့ကစပြီး ဘယ်လူမှ မရိုက် နေတော့ဘူး။ လာ ထိုင်ပါဦးဆို"

အတင်းဆွဲ၍ ထိုင်ခိုင်းရ၏။ ကိုင်ပြန်ပြီဟု ပြောသဖြင့် လက်ကို လွှတ်လိုက်ရသည်။

"လက်လေး ကိုင်တာတောင် မကြည်ဖြူဘူးလား၊ သမီးရည်းစား ဘက်ကလေးကိုင်တာ ဆန်းလား"

"သူများ သမီးရည်းစားနဲ့ မတူဘူးလို့ ပြောရတာ။ သူက လူလည် [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ကဟုတ်က ပြောပြန်ပြီ။ မေမေ မပြန်သေးဘူးဆိုတာ ရှုပါက မယုံဘူးဆိုလို့ မေမေ့အဝတ်အစားတွေ ပြမလို့ ခေါ်ရတာပါဗျာ"

"မကြည့်ချင်ပါဘူး၊ ဘာလုပ်မှာလဲ"

"ယုံသွားပြီ ဆိုပါတော့"

ဘာမှမပြောဘဲ ငူငူကြီး ထိုင်နေသည်။

"ယုံပါ မေရယ်၊ ပုံပမာ တင်ပြမယ်၊ ဟိုရွှေ့အခါဝယ်၊ တောမြိုင်ကြီးရဲ့အလယ်၊ စန္ဒကိန္နရီ မောင်မယ် . . ."

တော်တော် နားပါးသော ကောင်မလေးတွေဟု စိတ်ထဲက မှတ်လိုက်သည်။ ကျွန်တော်တို့ တီးတိုး ပြောနေကြသည်ကို ကြားသွားပုံရ၏။ အိမ်ရှင်သမီး အငယ်မ မြင့်မြင့်ခေါ် 'အပျင်း' က သီချင်း ထဆိုသည်။ ရှုပါပင် မသိမသာ တစ်ချက်ပြုံးသွားသည်။

"ဟဲ့- အပျင်း"

"ရှင်၊ ဦး . . ."

ရယ်သံနှင့် ပြန်ထူးသည်။

"ဒါ တောမြိုင်ကြီး မဟုတ်ဘူးဟ၊ ရန်ကုန် ရန်ကုန်"

"ဦးကလည်း ကျွန်မဘာသာကျွန်မ သီချင်းဆိုတာ တောထဲမှာ ဆိုရမှာလား"

"ဆိုဆို နင်ကတော့ ဆယ့်သုံးနှစ်နဲ့ လင်ရမယ့်ကောင်မ"

"ကြည့်ပါလား၊ သူများ သားသမီးကို မဦးမချွတ် . . ."

ရှုပါက တီးတိုးပြော၍ ပေါင်ကို လိမ်ဆွဲသည်။ ပြောနေကျစကားမို့ ကောင်မလေးတွေက နာရမှန်းမသိ။ ခင်နှင်းရွှေလည်း ပြောဖူးသဖြင့် ခင်နှင်းကလည်း ရိုးနေပြီ။ အကြီးမ ဥမ္မာက "ဦး" ဟု လှမ်းခေါ်၏။

"ဘာလဲဟေး"

"လာမယ့် တပေါင်းလဆို မြင့်မြင့်က ဆယ့်သုံးနှစ်ပြည့်မယ် ဦး"

"နင်ကတော့ တော်သလင်းမှာ ပြည့်မှာ" ဟု မြင့်မြင့်က သူ့အစ်မကို လှမ်းပက်သည်။ ရှုပါမှာ မရယ်ဘဲ မနေနိုင်သဖြင့် သွားပေါ်အောင် ရယ်လေသည်။

"ဒီမှာလည်း ကြောင်မတစ်ကောင် ရောက်နေတယ်ဟေး။ နတ်တော် ပြာသို အိုး . . . ဟမ်းမလေးဗျ၊ ငါ့သေပါပြီ"

တစ်ဖက်ခန်းက ကလေးမလေးနှစ်ယောက်က ရယ်ကြသည်။ ရှုပါ ကျွန်တော့်ကို ဆွဲလိမ်ပြီဆိုတာ သူတို့ အတပ်သိသွားကြသည်။

အမှန်မှာ ရှုပါ စိတ်ပြေသွားအောင် ရယ်လားနောက်လား ပြောနေရသော်လည်း စိတ်ထဲကမူ လုံးဝ မကောင်းပေ။ မသိန်းသိန်း မျက်နှာကို မြင်ယောင်မိတိုင်း ရင်ခုန်နေမိသည်။ ရှေ့ဘယ်သို့ ရင်ဆိုင်ကြရမည် မသိသေး။

"အိမ်ပြန်သွားရင် မေမေနဲ့ ဘယ်လို ပြဿနာဖြစ်ရဦးမယ် မသိ





သေးဘူး"

ရှုပါကပါ တွေးတွေးဆဆ ပြောလာသောအခါ စိတ်ထဲ ပိုလေးသွားသည်။

"ဒါဆိုလည်း မပြန်နဲ့တော့ကွာ" ဟု စကားကို ဖော့၍ ပြောလိုက်ရ၏။ အလေးအနက် ပြောခြင်းမဟုတ် ဆိုသည်ကို ရှုပါလည်း သိလေသည်။ တကယ်လားဟု သူက မျက်နှာကို စေ့စေ့ကြည့်၍မေး၏။

"ဆယ်ကယ်၊ ဆယ်ကယ်။ အတော်ကြာ ရှုပါကသာ ဘယ်နေရာ မင်္ဂလာမဆောင်လိုက်ရလို့ ဘာလို့ ညာလို့နဲ့ ကိုကို့ကို ပြုစူမနေနဲ့"

"အပြောကတော့ လာပြန်ပြီ"

"တကယ်ပါဆို"

"ယုံမယ် အားကြီးကြီး"

"ဘာလို့"

"အပြောကောင်းလွန်းလို့ ကြောက်ပါပြီနော်"

"ကျောက်ပါရင် တို့ဘကြီး ဦးသိန်းတန် သွားပြရအောင်။ နီလာတို့ အဖေက အစိမ်းရော အနီရော ကိုင်တယ်ဆိုပဲ။ ကျောက်ကောင်းတော့လည်း မင်္ဂလာခန်းဝင်ပစ္စည်း ဝယ်ရတာပေါ့"

"တော်ပါ၊ ကိုကို့မှာတော့ မင်္ဂလာဆောင်ဖို့ ပိုက်ဆံတောင် မရှိဘူးပေါ့"

"အလကား ကျီစားတာပါ ရှုပါရယ်၊ ရှိပါတယ်။ ရှုပါ ဘယ်နေရာကြိုက်လဲသာ တစ်ခါတည်းပြော။ မေမေ ပြန်လာတာနဲ့ ကိုကို စီစဉ်ပါ့မယ်"

"မေမေ့ကို အပူကပ်မယ်ဆိုပါတော့၊ ရပါလိမ့်မယ် အားကြီးကြီး နဂိုတမှ သဘောမတူတာ"

"ဘာ မေမေကလား၊ ရှုပါနဲ့ ကိုကို့ကို သဘောမတူတာ"

"မတူလို့ပေါ့"

"ဟာ- ဒီသူငယ်မ ခုထိ ကိုယ်ပြောတာ မယုံသေးဘူး"

"ယုံပါပြီ၊ တော်ပါတော့"

အသံက နည်းနည်း ကျယ်သွားသဖြင့် တစ်ဖက်ခန်းက အပျင်းတို့ ကြားလားမသိ ကြားသွားမှာ စိုးရွံ့သွားပုံရသည်။ လက်လည်းကာပြ၏။ အသံကိုနှိမ့်၍ ပြောရသည်။

"မေမေက ရှုပါ့ကို တွေ့တွေ့ချင်း ပြောတယ်။ ငါ့သမီးလေးက သိပ်ချောတာပဲ၊ နင်နဲ့တောင် မတန်ဘူး အေးဟန်တဲ့။ နင် သိပ်ကံကောင်းတယ်၊ အဲဒါ ခုကပင် ပြောထားပါရဲ့တဲ့။ ကလေးမလေးနဲ့ သူ့အမေက ငါ့ကို ဘာတိုင်တယ်။ နင်က သူတို့ကို ဟောက်လား ဟိန်းလား လုပ်တယ်ဆိုရင် နောက် မကြားစေနဲ့တဲ့။ ယောက္ခမလည်း ကိုယ့်အမေပဲတဲ့"

"မဟုတ်ဘူးလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဘယ်သူက မဟုတ်ဘူးလို့ ပြောလို့လဲ။ ဝသီပါနေလို့ ပြောရတာပေါ့၊ အမေ ပြောသေးတယ်"

"ကိုကို့အမေက ဘာပြောသေးလဲဟင်"

စိတ်ဝင်စားသွားပုံရ၏။ အနားသို့ တိုးထိုင်သည်။ လက်ကို လှမ်း ကိုင်ထားလိုက်မိ၏။ လုံးဝ မရုန်းတော့။

"ကလေးမလေး ကြည့်ရတာ လက်ဝတ်လက်စား ပြည့်စုံပုံမရဘူး နှင့် ဘာလို့ စောစော အကြောင်းမကြားလဲ။ ခုတော့ အမေ့မှာပါမလာဘူး ကလေးမလေး တစ်ဆင်စာ နောက်တော့ အမေ လုပ်ပေးပါ့မယ်တဲ့"

"တကယ်ပဲ ဒီလိုပြောလား ကိုကို"

"ဟုတ်ပါတယ်ဆို"

"ကိုကို တမင် လိမ်ပြောတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး"

ခေါင်းကိုယမ်း၍ ပြောလိုက်ရ၏။ ရှုပါက ချက်ချင်း မျက်နှာညို သွားသည်။ ဘာပါလိမ့်ဟု ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိ၏။

"ကဲ- ဒီတစ်ခါတော့ အလိမ်ပေါ်ပြီ"

"ဘာအလိမ်လဲ"

"ကိုကို့စကား ကိုကို ပြန်စဉ်းစားကြည့်ပါဦး။ စောစော ဘာလို့ အ ကြောင်းမကြားလဲလို့ မေမေက ပြောတယ်ဆို"

"ဟုတ်တယ်လေ၊ မေမေက ဒီရောက်မှသိတာ"

"ကိုကို အရင် ရှုပါတို့ မေဖေတို့ကို ပြောတော့ ကိုကိုက မေမေ့ မှာထားတယ်ဆို။ သိတင်းကျွတ်တာနဲ့ လာပြီး လက်ထပ်ပေးပါ ဆို မေ့နေပလား။ ခု ပြောတော့ မေမေက ရှုပါနဲ့ ကိုကို့ကိစ္စ ဒီရောက်မှ တာတဲ့။ ဒါတောင် ရှင်ပြုပွဲလာလို့၊ နို့မို့ လုံးဝတောင် သိမှာ မဟုတ်ဘူး ပါတော့။ ကဲ- ဒါလိမ်တာ မဟုတ်လို့ ဘာလဲ ပြောစမ်းပါဦး

မိမိစကား မိမိပြန်သတိရသောအခါ ကြီးစွာ တုန်လှုပ်သွားမိသည် ရှုပါသည် ချည်ပြီးတုပ်ပြီးတင်မက စကားအားဖြင့် ရိုက်နှက်ထုထော ပြီးမှ မေးလေသည့်တကား။ မိမိမှာ ခပ်ပေ့ါပေ့ါနှင့် စကားများများ တတ်သူ ဖြစ်သဖြင့် စကားတိုင်းကို သတိမရမိ၊ ယခု ရှုပါ မေးလာသော အခါ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ နှုတ်ဆွံ့သွားမိ၏။ အရှိုက် အထိုးခံလိုက်ရပြီ။

"ဟင်- ကိုကို၊ ပြောစမ်းပါဦး ချက်ချင်း ဘယ်လို လိမ်ရညာရ ဆိုတာ စကားလုံးရှာမရသေးဘူး ဆိုပါတော့။ တစ်ရက်နှစ်ရက်တော့ ချိန်ပေးလိုက်မယ်။ ရှုပါကျေလောက်အောင် လိမ်ညာဖို့ စကားရှာထား နော်"

"အိုး- မ မဟုတ်ပါဘူး ရှုပါရယ်၊ ကိုကို ပြောတာက ဒီလိုပါ ကုတ်မှာ ညီသားတွေလည်း ရှင်ပြုစရာရှိနေတော့ ကိုကို့ကိစ္စ တစ်ခုတည်း





နဲ့ မေမေ့ကို တမင်တကာ မှာရတာထက် မေမေလာမှ ကိုကိုတို့ကိစ္စပါ တစ်ခါတည်း ပြောမလို့ပါ။ လာမှသိရင်လည်း ပြီးတာပဲဆိုတဲ့ သဘောပါ"

"ကိုကို့ မေမေကို ကိုကို ကြိုတင် ပြောမထားတာတော့ အမှန်ပဲပေါ့"

"ဒါတော့ မှန်ပါတယ်၊ မေမေ့ကို အပူကပ်စရာမလိုပါဘူး။ တို့တို့ မှာလည်း ပြည့်စုံပြီးသားပါ"

"စိန်နားကပ်ကြီးပါ ဝယ်ဆင်ပါ့မယ်လို့ ပြောစမ်းပါ"

"အိုကွယ်၊ ရှုပါကလည်း တကယ်ပြောတာပါဆို"

"အေးပါ၊ ဒီကလည်း မိုးကြိုးပစ် ဘုရားစူး ယုံပါပြီတဲ့ရှင်ရယ်။ အိုး. . . ဖယ်စမ်းပါ၊ ဟိုမှာ ငွေငွေတို့တောင် ပြန်လာကြပြီ"

လမ်းမဘက်သို့ လှမ်းကြည့်ပြီး လူချင်းခွာလိုက်ရသည်။ ငွေငွေမြင့် နှင့် အဖော်မိန်းကလေးကို မြင်လိုက်ရသောအခါ ယှက်ထားသောလက်ကို လည်း ဖြုတ်လိုက်ရသည်။ ချက်ချင်း ထ၍ တံခါးဖွင့်လိုက်ရ၏။

"ကဲ- ပြန်ကြမယ်ကွာ"

ငွေငွေမြင့်က ထိုင်ပင်မထိုင်တော့ဘဲ ဆို၏။

"ထိုင်ကြပါဦးဗျာ" ဟု ပြောပြီး ဖျာကို ရွှေ့ပေးလိုက်ရသည်။

"ဒီနေ့ ငါတို့တော့ ပြဿနာပဲကွ" ဟု ရှုပါက ဆို၏။

"ဘာလို့လဲ"

"မေမေ လာချောင်းသေးတယ်၊ သိများသိသွားလား ထင်တာပဲ"

"ပြန်ရင် မင်းကို ရိုက်များ ရိုက်နေဦးမလား"

ငွေငွေမြင့်နှင့် အတူပါလာသူ မိန်းကလေးက ထိတ်ထိတ်ပျာပျာ ပြော၏။

"ရိုက်လည်း ရိုက်ပါစေကွာ။ မနက်ဖြန်ဆို ငါတော့ လစ်ပြီသာမှတ်"

"အေးပေါ့ကွာ၊ မင်းကတော့ အားကိုးရှိလို့ ပြောနိုင်တာပေါ့။ တို့ တော့ အဖေအမေ ရိုက်လည်း ငိုနေရဦးမယ့်ဘဝပါ သူငယ်ချင်း"

ငွေငွေမြင့်က ကျွန်တော့်ဘက် ပြုံးကြည့်၍ ပြော၏။

"ငါတော့ တစ်နေ့ရာရာလစ်မှ ဖြစ်တော့မယ်။ အိမ်မှာနေနေလို့က တော့ ပြဿနာပဲကွ။ အလကားပါ ဒီလူကြီးကလည်း တကယ့်တကယ်ကျ တော့ အားမကိုးရပါဘူး"

ကျွန်တော့်ကို ပြောမှန်း သိ၏။ ဝိုင်းဟားကြသည်။

"ထိုင်ကြပါဦးဗျ၊ ခဏပေါ့။ ရေနွေးလည်းရှိတယ်" ဟု အရှက်ပြေ ပြောလိုက်ရသည်။

"ကဲ- လုပ်လုပ် ပြန်ကြမယ်။ ငါတို့က မင်းလို အားကိုးရှိတာ မဟုတ် ဘူး" ဟု ငွေငွေမြင့်ပြောသောအခါ ရှုပါက-

"ခဏနော် ခေါင်းဖြီးလိုက်ဦးမယ်" ဟု ပြောပြီး အိမ်ခန်းထဲသို့ ဝင် သွား၏။ ကျွန်တော်လည်း ချင်ချင်း ဝင်လိုက်လာ၏။ ရှုပါက အမှီအ ဘက် ဝယ်ထားသော သနပ်ခါးကျောက်ပျဉ်တွင် သနပ်ခါးသွေး၍ မှုတ်



www.burmeseclassic.com

www.burmeseclassic.com



နှာကို ကမန်းကတန်း လိမ်းနေ၏။

"ရှုပါ အိမ်ပြန်လို့ မသိန်းသိန်းသာ ရိုက်ရင်တော့ ကိုကို့ဆီ တစ်ခါတည်းသာ ပြေးလာခဲ့တော့ ဟုတ်လား။ နောက်မှ ကြည့်ရှင်းကြမယ်။ ဘာမှ ပူမနေပါနဲ့။ ကိုကို့လက်ထဲမှာ ငွေသုံးလေးသောင်း ရှိပါတယ်။ တကယ်လို့ ကိုကို့ကို အိမ်မှာ မတွေ့ရင်လည်း အခန်းထဲသာ ဝင်နေလိုက်။ သော့ကို ဟိုဘက်ခန်းမှာ အမြဲ ပေးထားမယ်။ အိမ်ရှေ့က သော့ခတ်ပြီး နောက်ဖေး က ဝင်နေ။ မြင့်မြင့်တို့ ဥမ္မာတို့လည်း ကိုကို မှာထားပါ့မယ်"

ဘာမှပြန်မပြောဘဲ သနပ်ခါးသာ ထပ်လိမ်းနေသဖြင့် ထပ်ပြောရသေး၏။

"နော် ရှုပါ၊ ပြေးရင်တော့ တခြား ဘယ်မှ မပြေးပါနဲ့၊ ကိုကို့ရင်ခွင်ထဲပဲ ပြေးလာခဲ့"

ရင်ဘတ်ကို လက်ညှိုးထိုး၍ ပြောလိုက်ရ၏။

"သူက အားကိုးရတာကိုး" ဟု ဆိုသည်။ မိမိကို ရီရီဝေဝေ တစ်ချက်ကြည့်ပြီး အပြင်ခန်းထွက်သွား၏။

"ဘယ့်နှယ်လဲကွ၊ လစ်ဖို့ ကျိန်းသေပလား"

ထိုကိစ္စ တိုင်ပင်ခဲ့ကြပြီအထင်နှင့် ဌေးဌေးက မတ်တတ်ရပ်ပြီး မေး၏။

"အခြေအနေအရပဲ၊ လစ်သင့်လစ်ရလိမ့်မယ်ကွ"

"ကျုပ်တို့ ညီအစ်ကိုအိမ်တော့ သည်းခံကြပါဗျာနော်"

ဌေးဌေးမြင့်တို့ရှေ့မို့ တမင် လုပ်ပြောရ၏။

"ဘာဖြစ်လို့လဲရှင့်"

နောက်တစ်ယောက်က ရယ်၍ မေးသည်။

"ဪ- ဗေဒင်က ဒီလ ခြေနှစ်ချောင်းညှပ်သည် အိမ်နေ လက်မခံကောင်းဘူး။ စုတ်ရောလာဘ်ရော ဝင်ဖို့ရှိတယ် ဟောထားလို့ပါ။ အတော်ကြာ ခင်ဗျားတို့လာတာနဲ့ ယတြာကျေသွားမှာစိုးလို့ပါ။ ယတြာ ဆိုတာ အေးဟန်လိုအကောင် မပြောနဲ့။ မင်းလောင်းတောင် ရွှေ့တယ်တဲ့"

ကျွန်တော် နောက်သည်ကို အားလုံးက ဝိုင်းရယ်ကြသည်။

ရှုပါကတော့ "ကြည့်ပါလားကွ၊ ဒီဘဲက ဘယ်လောက် အားကိုးဖို့ကောင်းလဲ ဆိုတာ။ ကဲ- လာလာ သွားကြမယ်" ဟု ပြောပြီး ရှေ့ကဆင်းသွားသည်။

"ကျောင်းအမတို့ ဇရပ်အမတို့ ကျုပ်ကတော့ ဗေဒင်ကိန်းခန်းဆိုယုံတယ်နော်။ ဆင်ဆင်ခြင်ခြင်လည်း လုပ်ကြပါ" ဟု လှမ်းအော်ပြောလိုက်ရမည်။

✤ ✤ ✤

မိုးချုပ်သွား၏။ မြဟန်က ပြန်မရောက်သေး၊ အချိန်ပိုဆင်းနေသည်





ဟု ထင်ရသည်။ ထမင်းစားပြီးသောအခါ ဆိုင်သို့ထွက်လာသည်။ လမ်းမီးတိုင်များပင် လင်းလက်နေလေပြီ။ မီးရောင်ကို ရွှေရောင် ထင်မှတ်သော ပိုးမွှားကောင်တို့သည် လမ်းမီးတိုင်မှ မီးလုံးများကို ဝိုင်းဝန်းထိုးဆိတ်စဖြုကြတုန်း။ ဓာတ်မီးတိုင်အောက်တွင် အသိန်းအသန်းမက ပိုးကောင်တို့ အလောင်းရုပ်ကြွင်းများ ဖွေးဖွေးထနေသည်။ မနေ့က သေခဲ့ကြသော ပိုးကောင်များ။

ခုလောက်ဆို ရှုပါတို့လည်း ထမင်းစားပြီးကြရော့မည်ဟု တွေး၏။ သိန်းသိန်းက ရှုပါအား မရိုက်မနှက်တောင် အဆဲအဆိုတော့ မုချ ခံရလိမ့်မည် ထင်သည်။ နေ့လယ်က ရှုပါ ပြောသွားသော စကားများကို အမှတ်ထင်ထင် ရှိနေဆဲပင်။

ကွမ်းယာဆိုင်သို့ ခဏဝင်လိုက်၏။ ခင်မင်နေသော သိဟောင်းကျွမ်းဟောင်း အဒေါ်ကြီးက မျက်ကလူးဆန်ပျာ ဖြစ်သွားသည်။ ဘာများပါလိမ့်ဟု သူ့ကိုကြည့်၍ အံ့ဩသွား၏။

"အမယ်လေး အေးဟန်ရယ်၊ နင် တယ်မိုက်ပါလား"

"ဘာလဲ ဒေါ်ဒေါ်"

"ဟ- ဒီလောက် အခြေအနေ ဆိုးနေတာ။ နင့်ကိုကြည့်ပြီး ငါ့အားမရလိုက်တာဟယ်။ မထုံတက်သေးနဲ့။ ခုတော့ ဘယ်လို အခြေအနေရှိလဲ လူလေးရယ်"

"ဘာကိုလဲ ဒေါ်ဒေါ်၊ ကျွန်တော်တို့ အခြေအနေလား"

"အေးလေဟယ်၊ နင်ကလည်း . . ."

"ဘာထူးလို့လဲ ဒေါ်ဒေါ်ရယ်"

"နင် ရှုပါနဲ့တွေ့ရရဲ့လား"

"တွေ့ပါတယ်"

"ရှုပါက မပြောဘူးလား"

"ဘာမှ မပြောပါလား ဒေါ်ဒေါ်"

"ဟင်- နင့်ကို ရှုပါက ဘာမှမပြောဘူး"

"ဟုတ်ကဲ့"

အဒေါ်ကြီးကို ကြည့်ရသည်မှာ တော်တော် အံ့ဩနေပုံပင်။ တစ်ခုခုဲဟု တွေးလိုက်သည်။ ဧကန္တ ရှုပါ့ကို သူ့အမေ ရိုက်လေပြီဟု ထင်လိုက်၏၊ စိတ်ထဲ ချက်ချင်း သိန်းသိန်းကို ဒေါသထွက်သွားလေသည်။ လူမှာ ဒူပုသွား၏။

"ဟင်- အေးဟန်၊ နင့်ကို ရှုပါ တကယ် မပြောပြဘူးလား"

"ဘာမှ မပြောပါလား ဒေါ်ဒေါ်၊ ဘယ်လိုအခြေအနေရှိလို့လဲ၊ ကျွန်တော် ခုမှ ဆိုင်ကိုဝင်မလို့"

ရင်သားပျော့တွဲတွဲများပင် နိမ့်ဆင်းသွားသည်ကို မြင်လိုက်ရသည်၊ ညိုးသွားသော ပင့်သက်ကို ချလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အံ့ရောဟယ်၊ အဲဒါ ငါ ဟိုနေ့ကပင် ပြောမလို့၊ နှင်ကလည်း ခဏ တစ်ဖြုတ်တောင် ဝင်မလာဘူး။ လက်ဖက်ခြောက်ပေးပြီး ပျောက်သွား လိုက်တာ ငါ့မှာဖြင့် ရင်ကိုထိတ်လို့၊ ငါက ရှုပါ နှင့်ကို ပြောပြထားပြီထင် လို့ နေတာ။ အေးဟယ် ဒီသူငယ်မကလည်း ဒီကိစ္စ နှင့်ကို ဘာလို့ မပြော ပါလိမ့်နော်။ ဩော်- ဒီလိုနဲ့ တူပါရဲ့၊ ရှုပါက ပြောတယ်၊ နှင့်ကိုလည်း သူ မယုံရဲဘူးတဲ့။

ပြီးတော့ ရှုပါက နှင့်ကိုပြောရင် နှင်က တစ်ခါ သူ့အမေကို သွားသွား ဆူတယ်ဆို။ အဲဒါ နှင့်လင်ကို ခုကပင် တော်တော်အားကိုး ဆိုပြီး ရှုပါ့ကို သူ့အမေက တစ်ခါ ဆူပြန်ရောတဲ့။ နှင်တို့ဟာကလည်းဟယ် ငါတို့တောင် ကြားထဲက စိတ်ညစ်ပါတယ်။ နှင်နဲ့သိန်းသိန်းနဲ့ အော်ကြ ဟောက်ကြပြီ ဆိုရင် ရှုပါ့ခမျာ ကြားထဲမှာ နေစရာမရှိဘူး။ ရှုပါလေးတော့ သနားပါ ဟယ်"

ယခုထိ နားလည်ရမှန်းမသိသေးသော ကျွန်တော်သည် အဒေါ်ကြီး ၏မျက်နှာကိုသာ စိုက်ကြည့်နေမိသည်။

"ဒေါ်ဒေါ်ပြောတဲ့ အခြေအနေ ဆိုးနေတယ်ဆိုတာ ဘာကိုပြော တာလဲ ဒေါ်ဒေါ်၊ ကျွန်တော် နားကို မရှင်းဘူး"

အဒေါ်ကြီး၏ဝေ့ဝိုက်သောအကြည့်များသည် ပတ်ဝန်းကျင်၌ စိုးရွံ့မှု ပါနေသည်၊ လုံခြုံမှုရှာခြင်း သိသာ၏။

"နှင် တကယ်ကို မသိဘူးပေါ့ လူလေးရယ်နော်"

"မသိပါဘူး ဒေါ်ဒေါ်"

"နှင် အခြေအနေကို နည်းနည်းမှ မရိပ်မိဘူးလား"

ခဏတွေ၍ စဉ်းစားမိလိုက်သည်။

"ကျွန်တော် အမေနဲ့ မိုးကုတ်သွားနေတုန်း တစ်ခုခုများ ထူးခြားသ လားတော့ ထင်မိပါတယ်။ မိုးကုတ်က ပြန်ရောက်တော့ မသိန်းသိန်းရဲ့ ဆက်ဆံမှုက ဟိုတုန်းကလို မဟုတ်ဘူး။ နည်းနည်းစိမ်းသလိုပဲ။ စကား လည်း ဟက်ဟက်ပက်ပက် မပြောဘူး။ ဆိုင်လည်း အရောင်းကျတယ် ပိတ်မယ်တောင် ပြောတာ"

"အေးပေါ့၊ ဒါလောက်ဆို နှင်သိရောပေါ့။ ရှုပါက နှင့်ကို မပြောတာ တော့ သူ့အမေနား ပေါက်မှာစိုးလို့ ဖြစ်ပါလိမ့်မယ်။ ခုလည်း ငါပြောတယ် မပြောပါနဲ့ လူလေးရယ်၊ သိန်းသိန်းဆီမှာ ကိုယ့်ထမင်းကိုယ်စားပြီး အဆဲ ခံနေရပါဦးမယ်။ ငါ နှင့်ကို တူလိုသားလို သနားလို့ပြောတာ၊ နှင့်ချစ်သူ ရှုပါကတောင် နှင့်ကို မပြောဘူးဆိုတော့ နှင်တို့ကြားထဲမှာလည်း ဘာ ပြဿနာများ ရှိသေးလဲဟဲ့"

"ရှုပါနဲ့ ကျွန်တော့်ကြားထဲမှာတော့ ဘာပြဿနာမှ မရှိပါဘူး ဒေါ်ဒေါ်၊ နေ့ခင်းကတောင် အိမ်လာသွားပါသေးတယ်၊ ကျွန်တော်က ရှုပါ့ကို ပြောလိုက်တယ်၊ ခု မေမေ သန်လျင်သွားနေလို့ မေမေ ပြန်လာရင် ချက်ချင်း နားဖောက်ပြီး လက်ထပ်တော့မလို့"

"အေး- ကောင်းတယ် ကောင်းတယ်၊ မြန်မြန်သာ လက်ထပ်လိုက် ကြ၊ နို့မို့ သိန်းသိန်းလှော်တာနဲ့ နှင်တို့ ကွဲကြလိမ့်မယ်။ နှင်နဲ့ရှုပါ့ကို အစကတော့ ပေးစားမယ် ဘယ့်နှယ်ညာနှယ်နဲ့ သူပဲ လိုက်မောင်းခတ် နေတာ။ သိတင်းကျွတ်ရင် ချက်ချင်း လက်ထပ်ပေးဖို့ နှင့်အမေကိုတောင် သူက မှာထားတယ်ဆို"

"ကျွန်တော်မှာလို့ မေမေ လာတာပါ ဒေါ်ဒေါ်"

"အေးပါ၊ ငါတို့ကလည်း ဒီကောင်မစကားကို သုံးခွက်တစ်ခွက်တင် မယုံပါဘူး။ ခုမှ ပေါင်းလာတဲ့လူတွေမှ မဟုတ်တာ။ ဒီကောင်မ ပထမလင် ရေခင်ကတည်းက ငါတို့နဲ့ ပေါင်းလာတာ။ သူ့အကြောင်းတော့ ငါတို့ ကောင်းကောင်း သိတာပေါ့။ တတ်လည်းတတ်နိုင်ပါပေ့။ ကဲ- နှင်နဲ့ရှုပါ ကို အဲသလောက် တစ်ရပ်ကွက်လုံးအသိ ဆိုင်လည်း အတူဖွင့်ထားကြ တယ်၊ တစ်စီးပွားတည်းတောင် ဖြစ်နေကြပြီပဲ။ နောက်ထပ် ဘာသမက် ရှာစရာလိုသေးလဲ။ ရှုပါကလည်း နှင့်ကို တော်တော် ကြင်နာပုံရပါတယ်။ နှင်မရှိတုန်း ငါ့ဆီမှာ လာလာငိုတော့လည်း နှင်တို့နှစ်ယောက်ကို သနား လို့ပါ။ မြန်မြန် ခိုးသာပြေးဟာ။ မင်္ဂလာဆောင်တာ နောက်မှဆောင်လည်း ရပါတယ်"

ရုတ်ခြည်း နားထင်နားရင်းတွေ ထူပူသွားမိသည်။

"ဘယ်လို ဒေါ်ဒေါ်၊ သိန်းသိန်းက ရှုပါ့အတွက် နောက်ထပ် သမက် ရှာနေတယ် ဟုတ်လား"

"ဟုတ်တယ်လေကွယ်၊ နှင်သိမှာပါ အရင် တို့လမ်းမှာ နေသွားတဲ့ ဦးကျော် နှင်လည်း သိပါတယ်။ စီးပွားပျက်ပြီး အညာပြောင်းသွားတာ"

"သိပါတယ် ဒေါ်ဒေါ်၊ သူ ဆင်ပေါင်ဝဲ ပြောင်းသွားတာ မဟုတ် လား"

"ငါကတော့ အညာပဲ သိတယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ပြောပါဦး"

"အဲဒါ ဦးကျော်က သူ့အသိသားတစ်ယောက်နဲ့ ရှုပါ့ကို ပေးစားမလို့ ဘာလာဆွယ်နေတာ၊ ကောင်လေးက မာတ်ပုံဆရာတဲ့၊ မိဘလည်း ချမ်း သာတယ်။ အိမ်မှာ မာတ်ပုံဆိုင်ဖွင့်ထားတဲ့အပြင် အဝေးပြေး ဘာဆိုလဲ ဆယ်၊ ငါလည်း မခေါ်တတ်ပါဘူး အိစူးစူး ဆိုလား၊ အက်စူးစူး ဆိုလား သည်း သုံးလေးစီးတောင် ရှိတယ်တဲ့။ သားကလည်း တစ်ယောက်တည်း ဆိုလား။ အဲဒါ နှင် မိုးကုတ်သွားနေတုန်း တစ်ခါလာသေးတယ်၊ သိန်းသိန်း ကတော့ ဦးကျော် နှစ်ခွန်းမပြောရဘူး ကျတော့တာပေါ့။ ဒီကောင်မက ငိုက်ဆံဆို ငမ်းငမ်းတက် မဟုတ်လား။ နှင့်ကိုလည်း ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ်။ ဟိုတုန်းကတော့ နှင့်ကိုလည်း သူက ပိုက်ဆံတွေ အော် ဘော် ရှိသေးတယ်ထင်ပြီး အကြီးအကျယ် အထင်ကြီးခဲ့တာ၊ တစ်ချိန်တ





www.burmeseclassic.com

www.burmeseclassic.com

နင့်စီးပွားရေးကောင်းခဲ့တယ် ဟုတ်လား။ အဲဒါကြောင့် နင့်ကို ရှုပါနဲ့ အမိအရဆွယ်တာ၊ ငါတို့ သိသားပဲ။ ဟော- ခု သူထင်သလောက် နင့်မှာ ပိုက်ဆံမရှိတော့မှန်းလည်းသိရော နောက်တစ်ယောက်နဲ့ ပေးစားဖို့ ရှုပ့်ါကို နားချတော့တာပဲ လူလေးရယ်။

အရင်လည်း စစ်ဗိုလ်တွေ၊ ဆရာဝန်၊ အရာရှိအရာခံတွေကို ရှုပ့်ါရှုပ် ပြပြီး တော်တော် လိုက်လိုက်သေးတာ။ ကံကောင်းလို့ အငယ်အနှောင်းမ ဖြစ်တယ်။ အဲဒါတွေလည်း ရှုပါက အတွေ့အကြုံရှိပြီးသား၊ သူ့အမေ့ အကြောင်းလည်း သိနေတော့ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ နာမည်ဖျက် မခံတော့ဘူးလို့ ငါ့ကို ပြောတယ်။ နင့်ကိုပဲ ယူလိုက်တော့မယ်တဲ့။ ငါတို့က လည်း အားပေးတာပေါ့ဟ။ နင့်လို လူကောင်းသူကောင်းရဖို့ ဒီခေတ် လွယ်တာမှ မဟုတ်တာ။ ဒါပေမင့် သူ့အမေက နင် မရှိတုန်း နေ့တိုင်း နားချတော့ စိတ်ညစ်လို့ထင်ပါရဲ့ ဒီမှာလာလာငိုတယ်။ အဲဒီမှာရှိတဲ့ အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျား နှစ်ယောက်ကလည်း သစ်တုံးကျ ခလုတ်တိုက်ရင် ရွှေဦးမယ်။ အဲဒီတော့ သိန်းသိန်းက ချယ်လှယ်ချင်တိုင်း ချယ်လှယ်နေတာပေါ့"

အကြားအမြင်တို့သည် မိုင်ပေါင်းများစွာ ဝေးကွာသွားပြီဟု သိလိုက် ရသည်။ မိမိကိုယ်မိမိ အပြစ်တင်မိသည်။ သည်အဒေါ်ကြီးဆိကို ဘာ ကြောင့် စောစော မချဉ်းကပ်မိပါလိမ့်။ အကြောင်းစုံ သိရသောအခါ ရင်ထဲ ကြီးစွာ ပူပန်သွားမိသည်။ အရင်လည်း ဆရာဝန်၊ စစ်ဗိုလ်တွေ အရာရှိ အရာခံတွေကို ရှုပ့်ါရှုပ်ပြပြီး တော်တော်လိုက်လိုက်သေးတာ ကံကောင်းလို့ အငယ်အနှောင်း မဖြစ်တယ် ဟူသော စကားကမူ ရင်ထဲ အပူလောင်ဆုံး ဖြစ်သွား၏။ သည်အဒေါ်ကြီး ပြောစကားအရဆိုလျှင် ရှုပါသည် အစွန်းအထင်းမှ လွတ်ပါလေစ။ မိမိကမူ အပျိုစင်လေးအဖြစ် သတ်မှတ်ခဲ့၏။ အပွေ့အဖက် အနမ်းအရှုပ်ပင် မရဲခဲ့။ သည်အဒေါ်ကြီးတို့ မေးရင်တော့ သိမှာပဲ ဟူသော အတွေးသည် ချက်ချင်း ခေါင်းထဲ ရောက် လာ၏။

"အဒေါ် ပြောတဲ့အတိုင်းသာဆို ရှုပါဟာ အပျိုမှ ဟုတ်သေးရဲ့လား အဒေါ်၊ ကျွန်တော့်ကို ခင်ရင်တော့ အမှန်အတိုင်းပဲ ပြောပါ ဒေါ်ဒေါ်"

"အမယ်လေး အေးဟန်ရယ်၊ ဒါတော့ စိတ်ချပါဟ။ မိန်းမချင်းဆဲ အဒေါ်တို့ သိတာပေါ့။ အပျို မဟုတ်ရင် နင့်ကို ငါတို့ တိုက်တွန်းပ့ါမလား ဟဲ့။ အဲဒါတော့ နင် ဘာမှ သံသယမရှိပါနဲ့"

မဆိုင်းမတွ အဖြေကြောင့် လုံးဝဥဿုံ ယုံကြည်သွားမိသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျေးဇူးပဲ။ အခြေအနေမဟန်ရင်တော့ ဒီည တောင် ခိုးပြေးသင့် ခိုးပြေးရမယ်"

"အေး- သွားကြည့်လိုက်ဦး မြန်မြန်သာ ခိုးပြေးဟာ။ အဲဒါ ကောင်း ပါတယ်။ မင်းအမေလည်း ရှိနေသားပဲ။ မင်္ဂလာကိစ္စ နောက်မှစီစဉ်"





"ဟုတ်ကဲ့ ခင်ဗျာ၊ အခြေအနေ သွားကြည့်လိုက်ပါဦးမယ်"

အဒေါ်ကြီးခမျာ မပြုံးနိုင်မရယ်နိုင်ရှာဘဲ ရင်တထိတ်ထိတ်နှင့် ခေါင်းညိတ်ပြသည်။

✤ ✤ ✤

လှမ်းလာသောခြေလှမ်းများ၏ အရှိန်နှုန်းသည် ဆိုင်ရှေ့၌ ရပ်သွား လေ၏။ ဆိုင်ထဲသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ တရစပ် လှုပ်ခတ်နေ သော သိန်းသိန်း၏နှုတ်ခမ်းအစုံသည် ရုတ်ခြည်း ရပ်သွားသည်။ ရှုပါသည် ခါတိုင်းညနေကဲ့သို့ အရောင်းစားပွဲ၌ မရှိ။ ကြမ်းတစ်ပြေးတည်းဖြစ်သော ချောင်းပြင်၌ သိန်းသိန်းနှင့်အတူ ကပ်လျက် ယှဉ်ထိုင်နေသည်။ စိတ်ထဲတွင် ထူးခြားသည်ဟု ခံစားလိုက်ရသည်။ ရင်ထဲလည်း လှိုက်ဟာသွားမိ၏။

ဆိုင်ပေါ်သို့ လှမ်းတက်လိုက်သည်။ မည်သူကမျှ နှုတ်မဆက်ကြ။ စိတ်ထဲ မျက်သွားသည်။ ရှုပါ ထိုင်နေကျ စားပွဲရှေ့က ကုလားထိုင်တွင် ခါတိုင်းကဲ့သို့ သွားထိုင်သည်။ ရှုပါက တစ်ချက် လှည့်ကြည့်၏။ ခါတိုင်း ကဲ့သို့ ကျွန်တော် ရောက်နေသော်လည်း သူ့စားပွဲသို့ သူ ထမလာ။ အမူ အရာတွေ ထူးထူးခြားခြား ရှိသည်ကို သတိပြုမိရပြန်လေသည်။ ဘေး ထိုင်အနေအထားနှင့် နှစ်ယောက်စလုံးကို အကဲခတ်သည်။ စိတ်ထဲ ညှိုးကျုပ်လာ၏။ အဆုတ်ကို ညှစ်ကိုင်ခံထားရသလို အသက်ရှူမဝဖြစ် သွားသည်။ တိတ်ဆိတ်ခြင်းကို သည်းမခံချင်တော့။ မိမိက စတင်ရ၏။

"စားပြီးကြပလား"

"ဟုတ်ကဲ့"

ရှုပါက ဒုတိယမြောက် လှမ်းကြည့်၍ ပြော၏။ သိန်းသိန်းကမူ လုံးဝ ထားမဟ။ လှည့်၍မျှပင် မကြည့်။ တုဏှိဘောလုပ်နေ၏။ နှစ်ယောက် စလုံးကို အတန်ကြာ စိမ်းစိမ်းကြည့်နေမိလေသည်။ သူတို့သမီးအမိ နှစ်ယောက်လည်း ငြိမ်နေကြသည်။

စားပွဲအံဆွဲကို လှမ်းဆွဲသံကြောင့် ရှုပါက လှည့်ကြည့်ပြန်သည်။ [illegible]စိမှိတ်ပြ၍ ခေါင်းညိတ်ခေါ်လိုက်ရ၏။ ရှုပါ ထလာသောအခါ သိန်း သိန်းက လှည့်ကြည့်သည်။ မတားသော်လည်း သဘောကျပုံမပြ။ ရှုပါက စားပွဲတွင် လာထိုင်သည်။ စက္ကန့်မျှသော အကြည့်ချင်းတို့ ဆုံမိကြ သည်။

"စားပြီးခဲ့ပလား"

ခေါင်းညိတ်ပြလိုက်၏။

"ရန်ကုန်ထဲက လာတာလား"

အံ့ဩသွားသည်။ သူနှင့်အိမ်တွင် ညနေ လေးနာရီထိ အတူနေခဲ့ကြ [illegible]တ် ဘာကြောင့် မေးပါလိမ့်။ ချက်ချင်း အတွေးပြောင်းသွားသည်။ [illegible] သိန်းသိန်း ကြားလောက်သောအသံနှုန်းနှင့် မေးခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းရှိပေလိမ့်မည်။ ခါတိုင်းလို နှစ်ကိုယ်ကြား မမေးမပြော။ သိန်းသိန်းဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။ မျက်လုံးချင်း ဆုံမိသွား၏။ သိသိသာသာ မျက်နှာပုပ်၍ ပြန်လှည့်သွားသည်။ ရှုပါနှင့် ကျွန်တော်တို့ စကားပြောနေကြစဉ်တွင် အကြိမ်ပေါင်း မည်မျှ ခိုးကြည့်ထားပြီး မသိ။ ချက်ချင်း သိလိုက်သည်။ သူ့သမီးကို အလစ်မပေးသည့် သဘောပင်။

"ရန်ကုန်ထဲက စားလာတာလား"

"ဟုတ်တယ်၊ ရန်ကုန်ထဲမှာ အရောင်းအဝယ်တစ်ခု လိုက်နေတာနဲ့"

သိန်းသိန်းကြားလောက်သောစကားကို ဆိုရသည်။ မေးချင်သော စကားနှင့် ပြောချင်သောစကားတို့ကို ဘယ်လိုမှ ပြော၍မေး၍ ရမည် မဟုတ်။ သိန်းသိန်းသည် အနားၵ ရှိနေ၏။ ရင်ထဲ ထိတ်နေမိသည်။ အရောင်းစားပွဲက ဘောလ်ပင်ကို လှမ်းယူလိုက်သည်။ သိန်းသိန်းကိုလည်း သတိထားကြည့်ရ၏။ စာရင်းစာအုပ်တွင် စာရေးပေးရသည်။

ရှိုက်သေးလား ?

ဘာပြောလဲ ?

ကိုကိုနဲ့ တွေ့တာ သိသွားလား ?

မသိမသာ ရှုပ့်ါဘက် တွန်းပေးလိုက်သည်။ ချက်ချင်း ပြန်ရေး၍ စာအုပ်ကို ပြန်ရွှေ့ပေးသည်။

မရိုက်ဘူး။ ငြိမ်းချမ်းရေး လုပ်ထားတယ်။ အားလုံး ZAY ။

ငြိမ်းချမ်းရေးလုပ်ထားတယ် ဆိုသော စကား၏အဓိပ္ပာယ် အတျ... အပြန့်ကို တွေးရသည်။ အညာက မာတ်ပုံဆရာနှင့် ရှုပ့်ါကို သိန်းသိန်းနား ချနေသည် ဆိုသော ကွမ်းယာဆိုင်က အဒေါ်ကြီး၏စကားကို ရုတ်ခြည် တွေးမိသွားသည်။ ဘယ်လို ငြိမ်းချမ်းရေးမျိုး လုပ်ထားပါလိမ့်။ ဘောလ်... ကို ပြန်ကောက်သည်။ စာရင်းကြည့်သလိုလိုနှင့် စာထပ်ရေးပြရသည် နားမကြား စကားမတတ်သော ဘဝသို့ ရောက်နေကြရ၏။

အခြေအနေကို သိချင်တယ် ?

ဘယ်လိုငြိမ်းချမ်းရေးလဲ ?

အညာက မာတ်ပုံဆရာနဲ့ နားချနေတယ်ဆို ?

အခွင့်အရေးရရင် မနက်ဖြန် လစ်လာခဲ့

တစ်နေ့လုံး အိမ်က စောင့်မယ်

ဈေးဝယ်ရန်လာသော အမျိုးသမီးငယ်တစ်ယောက် ဆိုင်ပေါ် တ... လာသဖြင့် စာရှည်ရှည်ရေးဖြစ်သည်။ သိန်းသိန်းသည် ဈေးဝယ်ဆီ... အာရုံရောက်နေလိမ့်မည် ထင်သည်။ စာကိုကြည့်၍ ရှုပါ မျက်နှာ... ချက် ပျက်သွား၏။ စာထဲ ဘာများ အမှားအယွင်းပါသွားပါလိမ့်ဟု ... ထိတ်သွားသည်။

"ကြည့်ပါ အစ်မ၊ ဘာယူမလဲ" ဟု ဈေးဝယ်ကို လှမ်းပြော...





ရှုပါ ထိုင်ရာက ထ၏။ သိန်းသိန်းကား တုတ်တုတ်မျှ မလှုပ်။ ဈေးဝယ်နှင့် သိန်းသိန်းတို့က အနီးဆုံးဖြစ်သော်လည်း တစ်ခွန်းမဟ။ ခါတိုင်း ဈေးဝယ် လာလျှင် ပျာနေတတ်သော သိန်းသိန်း၏ရုပ်သွင်ကို မြင်မိကာ စိတ်ထဲ ခံပြင်းသွားမိ၏။

"တိဗက်ပေါင်ဒါ မရှိဘူးလားဟင်"

"ကုန်နေလို့ အစ်မရယ်"ဟု ပြောကာ ရှုပါသည် ဈေးဝယ်သူဆီသို့ အကြည့်ကို ရွှေ့သည်။ လေသံတိုးတိုးနှင့် 'အခြေအနေကောင်းပါတယ် နက်ဖြန်မှ အဖြေရမယ်' ဟု ပြောလေသည်။

"ဘယ်တော့ရောက်မလဲဟင်၊ မနက်ဖြန်ရမလား"

"မတင်တော့ဘူးကွယ့်၊ လကုန်ရင် ဆိုင်ပိတ်တော့မလို့။ ခု လက်ကျန် တွေ ရောင်းနေတာ"

သိန်းသိန်းစကားကို ဈေးဝယ်ရော ကျွန်တော်ပါ အံ့ဩသွားသည်။ ရှုပ့်ါမျက်နှာကို တစ်ချက် လှမ်းကြည့်၏။ ရှုပါကတော့ အံ့ဩပုံမရ။ မာန တို့ ထိခိုက်စေသောစကားပါလားဟု တွေးလိုက်သည်။ သြော် သူက ဒီ လောက်တောင် ဆုံးဖြတ်ချက် ခိုင်မာနေမှုကိုးဟု ဝမ်းနည်းကြေကွဲစွာ စိတ် ထဲက ရေရွတ်မိလိုက်သည်။

"ဘာဖြစ်လို့လဲ အစ်မ၊ ရောင်းရသားပဲ မဟုတ်လား။ ကျွန်မတို့ဆို ခဲတံတွေ သနပ်ခါးတွေကအစ အစ်မတို့ဆိုင်က ဝယ်တာချည်းပဲ၊ အစ်မတို့ ဆိုင်ဖွင့်ကတည်းက လမ်းမကြီးတောင် သိပ်မထွက်မိဘူး"

"အစ်မတို့က မျိုးရိုးစဉ်လာ ဈေးသည်တွေ မဟုတ်ပါဘူးကွယ်၊ ဝတ် သာတော့လည်း ဖြစ်ထွန်းမလားလို့ ရောင်းကြည့်တဲ့ သဘောပါ။ ကြာရင် ... ပါ ပါသွားမှာစိုးလို့ ဒီပစ္စည်းတွေကုန်ရင် ဆိုင်ပိတ်တော့မယ်လေ။ နောက်ထပ် ဘာပစ္စည်းမှ မတင်တော့ဘူး"

ဈေးဝယ်ကမူ အံ့ဩသောအကြည့်နှင့် ကျွန်တော်တို့နှစ်ယောက် ...က်သို့ လှည့်ကြည့်သည်။ ကျွန်တော်မှာ မသိမသာ အံကြိတ်ထားရ၏။ ...ျွပ်တို့အမျိုးကတော့ ဒီလိုပဲ။ ဟိုလူ့အိမ်ကပ်၊ ဒီလူ့အိမ်ကပ်နဲ့ တစ်သက် ...း ဈေးရောင်းစားလာတာ။ ဈေးသည်ကို အထင်ကြီးတဲ့လူတွေ ရှိတော့ ...ည်း ခု သမီးတောင် ပေးဦးမလို့တဲ့' ဟု အော်ပြောလိုက်ချင်သည်မှာ ...ည်း လည်ချောင်းထဲ ယားနေလေသည်။ ရှုပ့်ါ၏ အကြည့်တချက် ...ကြောင့် အားလုံးကို ရှေ့ငှရမည်ဟု သိလိုက်၏။

ဈေးဝယ်အမျိုးသမီးငယ်က သဘောပေါက်သွားပုံရ၏။

"ပြန်ဦးမယ်နော် အစ်မကြီး" ဟု ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ကာ ...ကုပ်ကုပ် ဆင်းသွားလေ၏။

"ဝယ်တော့ ခြောက်ပြားတစ်ပဲမို့လို့ပဲ။ စကားက ရှည်သေးတယ်။ ...ဘူးဆို ပြန်တာမဟုတ်ဘူး။ အလိုက်ကန်းဆိုးကို မသိတတ်ဘူး။ မောင်... ...ဘ်ချင်လို့ ကြည့်နေတာ၊ အကောင်းမှတ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

သိလျက်နဲ့ ခံနေရသူမို့ ရင်ထဲက ကျဉ်နေအောင် နာမိသည်။ မချိပြုံးလည်း ပြုံးမိ၏။ ရှုပ်ါကို ခိုးပြေးမှုဖြစ်တော့မည် ဟူသော ဆုံးဖြတ်ချက်ကို တိတိကျကျ ခဏချင်းဆုံးဖြတ်မိလိုက်သည်။ အခြေအနေသည် ဘယ်လိုမှ မကောင်းတော့။ ဆိုင်မပိတ်ခင်ပင် စောစောပြန်လာမိသည်။

သိန်းသိန်းကို ဖျောင်းဖျ ချဉ်းကပ်ရန်လည်း လမ်းစကို တစ်လမ်းလုံး တွေးမရ။ ရှုပါကသာ မိမိဘက်၌ အမြဲရပ်တည်နေဖို့ အရေးကြီးလေပြီ။

✣ ✣ ✣

သတင်းစာဖတ်နေသော မြဟန်က တစ်ချက် လှမ်းကြည့်သည်။

"ကိုကို ဆိုင်က လာတာလား" ဟု မေး၏။ "အင်း"ဟု တစ်ခွန်းတည်း ဖြေလိုက်သည်။ အဝတ်လဲ၏။ အတွင်းထဲဝင်၍ သောက်ရေတစ်ခွက် သောက်သည်။ ခါတိုင်း ဤအချိန် လက်ဖက်ရည် သောက်တတ်သော်လည်း ဤနေ့ လမ်းထိပ်တွင် လက်ဖက်ရည်သောက်ဖို့ သတိမရခဲ့။ ရှုပါကလည်း မှာမတိုက်လိုက်။ အိမ်ရောက်၍ သောက်မိသော ရေတလည်း ရင်ကို မအေးစေ။ မြဟန်နှင့် ယှဉ်လျက်ရှိသော ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။

"ဆိုင် တကယ် ပိတ်မှာလား ကိုကို"

"အေးကွ၊ ပိတ်ရလိမ့်မယ်။အခြေအနေကတော့ ဘယ်လိုမှမကောင်းတော့ဘူး။ ငါ့ရှေ့တင်ပဲ ဈေးဝယ်လာတဲ့လူတွေကို မသိန်းသိန်းက ဆိုင်ပိတ်မယ့်အကြောင်း မောင်းခတ်ပြန်လွှတ်နေတယ်။ ငါ့ကိုလည်း စောင်းမြောင်းပြီး စော်ကားတယ်ကွာ။ အလိုက်မသိဘူး၊ မောင်းမလွှတ်ချင်လို့ ကြည့်နေတာ ဘာဘာညာညာပေါ့ကွာ။ မသိန်းသိန်းနဲ့တော့ အကြီးအကျယ်ပြဿနာပဲ"

မြဟန်က "သြော်" ဟု ဆိုသည်။ ဖတ်နေသော သတင်းစာကို ခုံပေါ်သို့ ပစ်တင်သည်။ မျက်နှာထား တင်းမာသွား၏။

"ကျွန်တော်တို့အပေါ် မသိန်းသိန်း သဘောထားပြောင်းသွားတာတော့ အံ့သြစရာပဲ။ ဘာကြောင့်လဲဆိုတာ ကျွန်တော် တွေးမရဘူး။ မနက်ဖြန်မှ ရှုပ်ါကို သွားမေးရဦးမယ်"

"မင်း မသိသေးဘူး၊ ငါလည်း ဒီညနေမှ ကွမ်းယာဆိုင်က အဒေါ်ကြီးပြောလို့ သိတယ်။ မသိန်းသိန်းက ရှုပ်ါကို အညာက ဓာတ်ပုံဆရာ သူဌေးသားတစ်ယောက်နဲ့ ငါ မိုးကုတ်သွားနေတုန်း နားချတယ်တဲ့။ ဟိုကလည်း အောင်သွယ်လာတယ်တဲ့။ အဲဒါ ရှုပါက သူကိုလည်း မကြိုက်တော့ လာလာငိုပြီးပြောတယ်လို့ ကွမ်းယာဆိုင်က အဒေါ်ကြီးက ပြောလိုက်တယ်"

"သြော်- ဟုတ်မယ်၊ တစ်ခုခုတော့ အကြောင်းရှိမှာပါလို့။ အဲဒါကြောင့် ကျွန်တော် တွေးနေတာ။ ပြောင်ကျလိုက်တာနော်။ ကိုကိုတို့





တလည်း ရှုပါနဲ့ဖြစ်အောင် သူ့ပဲ ဆွယ်တရားဟောဟောနေတာ ကျွန်တော်သိသားပဲ။ နှစ်ယောက်တည်း လွှတ်ပေးလိုလွှတ်ပေး၊ ဘုရားသွားခိုင်းလိုသွားခိုင်းနဲ့ ဒီမိန်းမကြီးလုပ်ပုံကတော့ ယုံတောင် မယုံကြည်ချင်စရာပဲ"

"သူ့ရာဇဝင်သိနေတဲ့ လူတွေကတော့ ဘာမှ အံ့သြကြမှာ မဟုတ်ဘူးကွ။ သုံးလင်ပြောင်းခဲ့တဲ့ မိန်းမ ဒီလောက်တော့ ရှိမှာပေါ့ကွာ"

မြဟန် ခဏ ငိုင်သွားသည်။

"ရှုပါပါ မသိန်းသိန်းဘက် ပါနေပြီထင်တယ် ကိုကို"

"ရှုပါတော့ ငါယုံပါတယ်ကွာ၊ ပါမှာ မဟုတ်ပါဘူး။ ဒီနေ့နေ့ခင်းတောင် သူ့အပေါင်းအသင်းတွေနဲ့ ငါ့ဆီ လာသွားသေးတယ်။ ငါနဲ့အကြာကြီး စကားပြောသွားတာပဲ။ အဲဒါလည်း မသိန်းသိန်းက လာချောင်းသေးတယ်"

အကြောင်းစုံ ပြောပြလိုက်ရသည်။ ရှုပါ ဖိနပ်ဝှက်သည်က ခင်နှင်းတို့ ပြောသည်အထိ မခြွင်းမချန်မိ။

"ဒီလောက်ဖြစ်နေတာ ဘာလို့ ပြန်လွှတ်လိုက်သေးလဲ ကိုကိုရာ။ ကိုကိုက ပြန်လွှတ်လိုက်တော့ ရှုပါလည်း ကိုကို့ကို အယုံအကြည်မဲ့သွားမှာပေါ့"

"မဟုတ်ဘူးလေကွာ၊ ရှုပါက အဲဒီ အညာကအကောင်နဲ့ သူ့အမေနားချနေတယ်ဆိုတာမှ နေ့ခင်းက ငါ့ကို မပြောတော့လည်း အခြေအနေမဆိုးသေးဘူးထင်လို့ပေါ့"

"နေ့ခင်းကပင် ရှုပါက ဘာလို့ မပြောခဲ့ပါလိမ့်"

မြဟန်၏ သက်မချသံကို ကြားမိလိုက်သည်။

"အဲဒါကလည်း ဒီလိုကွ၊ ငါ့ကို သူကပြောတော့ ငါက သူ့အမေကို သွားဆူမှာစိုးလို့ထင်တာပဲ"

"ဟာ- ဒီကိစ္စက သမီးရည်းစားဘဝမှာ အရေးကြီးဆုံးကိစ္စပဲ ကိုကိုနား ပြောသင့်တာပေါ့"

"အေးကွာ၊ ငါ ပြန်လွှတ်တာပဲ မှားသွားလေပလား"

နောင်တစကားကို ဆိုမိလျက်သား ဖြစ်သွားသည်။

မြဟန်က အမိပ္ပာယ်တစ်မျိုးပေါက်ပုံရ၏။

"ငွေကိစ္စလား" ဟု မေးသည်။

"ကိုကို့ပိုက်ဆံ အလုပ်မှာ ဝင်နေလို့ တွေးနေတာလား။ ကျွန်တော့်မှာ လေးငါးသောင်းရှိပါတယ်။ အလုပ်မှာ ချေးရင်လည်း တစ်သောင်းနှစ်သောင်းလောက် ရနိုင်တာပဲ။ ငွေကိစ္စတော့ ကိုကို မပူပါနဲ့"

"ဟာ- ငွေကိစ္စ မဟုတ်ပါဘူးကွ။ ငါ့မှာလည်း သုံးလေးသောင်းတော့ လောလောဆယ် ရှိပါတယ်။ ငါ့မရှိနဲ့ဦးကွာ၊ ဘယ်အပေါင်းအသင်းဆီ သွားဆွဲဆွဲ ရပါတယ်"

"ဒီလိုဆို ကိုကို ဘာစဉ်းစားနေတာလဲ၊ ရှုပ်ါကို မယုံလို့လား၊ ရှုပ်


www.burmeseclassic.com

www.burmeseclassic.com



စားများတယ်ဆိုတာနဲ့ ဟိုလူပြော ဒီလူပြောနဲ့ စိတ်ပျက်နေတာလား။ မသိုး မသန့်တွေ့လို့လား"

"ဒါလည်း မဟုတ်ပါဘူးကွာ။ ရှုပ်ါကို ငါ လင်ဆယ်ယောက်ပဲ ရရဲ့ ရခဲ့ လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ငါ့စိတ်ထဲ နည်းနည်း ထွေ တာက ဒီလောက် တစ်ရပ်ကွက်လုံးက သိနေကြတဲ့ကိစ္စ။ ခုမှ မသိန်းသိန်း က သဘောမတူလို့ ခိုးပြေးရပါတယ်ဆိုရင် အကြောင်းမသိသူတွေ ဘယ်လိုမှ ယုံကြည်မှာ မဟုတ်ဘူး။ ငါ့ကိုမသိသူဆိုလို့လည်း ဒီရပ်ကွက် မှာ မရှိသလောက် ဆိုတော့ လူပြောစရာ ဖြစ်နေမှာစိုးလို့ပါ"

"ဟာ- ကိုကိုကလည်း၊ အရေးကြီးတဲ့ကိစ္စတော့ အမိကမတွေးဘူး မဟုတ်တာဘဲ တွေးနေတာကိုး။ ဘယ်လူ ဘာပဲပြောပြော ကိုကိုပြော အတိုင်းဆိုရင်တော့ ရှုပ်ါကို ခိုးပြေးမှပဲ ဖြစ်တော့မယ်။ ဒီတော့ ခိုးသာ ကိုကိုရာ။ သာကေတက ကိုစောလွင်တို့အိမ် ခိုးပြေး။ အဲဒါဆို သူ မျက်ခြေပြတ်မယ်။ ကျွန်တော်လည်း အိမ်မပြန်ဘဲ သံရည်ကျိုက လိုင်း တစ်ပတ်နှစ်ပတ်လောက် နေပစ်လိုက်မယ်။ နောက်မှကြည့်ရှင်း"

"မေမေလည်း ရှိသေးတယ်ကွ။ မေမေတောင် မသိန်းသိန်း ကိုကိုနဲ့ ရှုပါကို သဘောမတူလို့ ခိုးပြေးရတာဆို ယုံမှာမဟုတ်ဘူး။ ငါ နင်လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ အပြစ်တင် ငါက အစစတွေးရတယ်"

"မေမေ့ကို ကျွန်တော် သွားပြောပါ့မယ် ကိုကိုရာ။ ဘာမှ တွေး နဲ့။ ရှုပ်ါကို လက်ရရင် ခိုးသာပြေး"

"အေးကွ၊ အဲသလိုပဲ ဖြစ်လာမလားတော့ မသိဘူး။ မနက်ဖြန် သူ့အမေလစ်ရင် အိမ်လာဖို့ ငါ့မှာထားခဲ့တာပဲ"

"ခါတိုင်းလို လာတာမျိုး မဟုတ်ဘူး၊ တစ်ခါတည်း ခိုးပြေးပါ့ ဆိုတာတော့ ပြောမထားခဲ့ဘူးလား"

"အဲသလိုတော့ မပြောခဲ့ဘူးကွ"

"ဟာ- အဲဒါလည်း ကိုကို လိုတာပဲ။ ဒီလောက် အကျဉ်းအကျပ် မိန်းကလေးက ခါတိုင်း အိမ်လည်လာသလို ဘယ်လိုလုပ်လာရဲပါ့ တစ်ခါတည်း ခိုးပြေးပါ့မယ်ဆိုမှ စွန့်စားရဲတော့မပေါ့"

မြဟန်၏စကားကို စဉ်းစားရသည်။ ညီငယ်ပင် ဖြစ်သော်လ သည်ကောင့်စကားကို ဤတစ်ခါ ဖယ်ရှား၍မရဟု ထင်မိ၏။ မိမိ အသက်ကြီးပြီ ဖြစ်သော်လည်း၊ ရည်းစားများသည်ဟု ဆိုသော်လည်း နှင့်လို ဘယ်မိန်းကလေးနှင့်မျှ လက်ပွန်းတတီး မနေခဲ့ဖူးဘူး။ ပထမ အရှုးအမူး ချစ်ခဲ့ဖူးသော နန္ဒာကျော်ရင်နှင့်ပင် ရှုပါနှင့်လို တစ်အိ တည်း အတူမနေဘူးခဲ့။

ထို့ကြောင့်လည်း ယခု မြဟန်က ပြောသောအခါ မိမိမှာ အမှာ များလေခြင်းဟု ယူကျုံးမရပင် ဖြစ်မိသွားသည်။ သို့သော် စိတ်ကို



ထား၏။ ဤနေ့သည် တစ်နေ့လုံး အရှုံးနှင့်ချည်း ရင်ဆိုင်ခဲ့ရသော်လည်း မနက်ဖြန်သည် အောင်ပွဲနေ့ပင် ဖြစ်ရပေမည်ဟု စိတ်ထဲက ကြုံးဝါးနေမိ လေသည်။

✤ ✤ ✤

အခွင့်အရေးရရင် မနက်ဖြန် လစ်လာခဲ့၊ ကိုကို တစ်နေ့လုံး အိမ်က စောင့်နေမယ်ဟု မှာထားခဲ့သည်ကို တစ်ညလုံးသတိရနေမိသည်။ မိုးလင်း လျှင် သည်စကားနှင့်သာ အိပ်ရာက နိုးထလာ၏။ အကျဉ်းအကျပ်ထဲ ရှုပါနှင့် လွဲနေမှာစိုးရိမ်မိသည်။

ညဆိုင်းကျနေသော မြဟန်ကို ဈေးလွှတ်ရသည်။ ဈေးဝယ်ပြီး ပြန် လာသော မြဟန်က အပြင်ထပ်ထွက်ရန် ပြင်သောအခါ ဘယ်လဲကွဟု ထိတ်ထိတ်ပျာပျာနှင့် မေးမိ၏။

"ကျွန်တော် ဆိုင် ခဏသွားဦးမယ်၊ ကိုကို အိမ်ကပဲ စောင့်နေ။ ရှုပ့်ါကိုလည်း တိုးတိုးတိတ်တိတ် မေးခဲ့မယ်"

အလိုက်သိတတ်သော ညီစကားကို နှုတ်တုံ့မပြန်ဘဲ သဘောတူ လိုက်ရ၏။ နံနက်စာ ထမင်းဟင်းချက်ရင်း ရှုပါအလာကို စောင့်နေမိ သည်။ အိမ်ရှေ့က ချွတ်ခနဲ အသံကြားတိုင်း ရှုပါများ လစ်လာပလားဟု ထမင်းဟင်းချက်ရင်းက ထွက်ထွက်ကြည့်ရသည်မှာလည်း အမောပင်။

ဆယ့်တစ်နာရီလောက်တွင် မြဟန် ပြန်လာသည်။ အဆီပြန်နေ သော မြဟန်၏မျက်နှာကို တစ်ချက် လှမ်းကြည့်၏။ စကားမဆိုဘဲ အင်္ကျီ ချွတ်နေသောအခါ ရုတ်တရက် မမေးမိသေး။ ရင်ထဲ တဒိတ်ဒိတ်ခုန်လာ ၏။

"မသိန်းသိန်းက ကျွန်တော့်ကို လုံးဝ စကားမပြောဘူး ကိုကို။ တင်း လိုက်တဲ့မျက်နှာထားကလည်း ဆယ်ပြည်ထောင်ချော့တော့ မပြုံးထဲကပဲ"

ပင်ပန်းစွာ သက်ပြင်းချမိလိုက်သည်။

"ဆိုင်ပိတ်မယ်လို့ မင်းကို ထပ်ပြောသေးလား"

"လုံးဝ စကားမပြောဘူး"

"ရှုပါကကော"

"ရှုပ့်ါကိုလည်း လုံးဝ စကားမပြောခဲ့ရဘူး။ ထမင်းချက်ခိုင်းထား တယ်။ ကျွန်တော် ရှိနေလို့ ဖြစ်မယ်။ ထမင်းဟင်းချက်ပြီးရင် ရေချိုးနေ တယ်၊ အပြင်တောင် ထွက်မလာဘူး။ ကျွန်တော်ကတော့ တစ်မနက်လုံး ဆိုင်မှာ ငုတ်တုတ်ထိုင်ပြီး ပြန်လာခဲ့ရတယ်"

မြဟန် မည်မျှ ခံပြင်းနာကြည်းလာမည်ကို သိနေသဖြင့် စကား ဆက်မမေးရဲတော့။ "မင်း ထမင်းစားတော့မလား" ဟုသာ မေးမိလိုက် သည်။

မြဟန် ရေချိုးပြီးသောအခါ ထမင်းစားကြ၏။ ထမင်းဝိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com

မြဟန်က-

"အခြေအနေ မကောင်းတာတော့ အမှန်ပဲ ကိုကို။ သူတို့ အပြုအမူတွေက သိသာကြီးပါ" ဟု ပြောသည်။

ပြန်ပြောရန် စကားလုံးရှာမရဘဲ "အင်း" ဟု သက်ပြင်းနှင့်ရောသော နှုတ်ထွက်လေကိုသာ ပြုမိသည်။

"ကျွန်တော် ခွင့်ယူရကောင်းမလား မသိဘူး"

"ဘာလုပ်ဖို့လဲကွာ။ မင်း အလုပ်ဆင်းပါ၊ ပြဿနာမရှိပါဘူး"

ပြောသာပြောလိုက်ရသော်လည်း စိတ်ထဲက ယခုထိ ဝေခွဲမရသေး။ သိန်းသိန်းကို ပြောင်မေး၍ ပြဿနာရှင်းလိုက်ရရင် ကောင်းလေမည်လားဟုပင် တွေးနေလေသည်။

မြဟန် အလုပ်ဆင်းသွား၏။

တစ်နေ့လုံး ရှုပ်ပါ့ကို စောင့်နေမိသည်။

ညနေ ထမင်းစားပြီးသွားသည်ထိ ရှုပါကား ပေါ်မလာ။ ပူလောင်မှုများသည် ရင်ထဲအပြည့်ဖြစ်လာ၏။ မိုးချုပ်စမှာ ဆိုင်သို့ထွက်လာမိသည်။ ဆိုင်သို့ တန်းတန်းမတ်မတ် မသွားသေးဘဲ ကွမ်းယာဆိုင်က အဒေါ်ကြီးဆီသို့ ဝင်၏။

"ဘာအကြောင်းထူးလဲ" ဟု မေးသည်။

"ငါက နင့်ကို မေးရမှာပါ" ဟု ပြောသောအခါ-

"ဟုတ်လား" ဟု မိမိကိုယ်ကို လိပ်ပြာမသန့် ဖြစ်သွားလေသည်။ သူတော့ ဘာမှ မကြား။ ရှုပါလည်း မလာဟု ပြောလေသည်။

ရုတ်တရက် လျှပ်စစ်မီးပျက်သွားသည်။ တစ်လမ်းလုံး တစ်ရပ်ကွက်လုံး မှောင်သွား၏။ အဒေါ်ကြီးက ဖယောင်းတိုင်ထွန်းညှိသည်။ ခါတိုင်း မီးပျက်လျှင် ရှုပါက ဆိုင်စောင့်ရန် လာလာခေါ်တတ်သည်တို့ကို သတိရသောအခါ အဒေါ်ကြီးကို နှုတ်ဆက်၍ ဆိုင်ဘက်သို့ ထွက်လာလေသည်။

✤ ✤ ✤

ဆိုင်ရှေ့တွင် သိန်းသိန်းက ငုငုကြီး ထိုင်နေ၏။ တက်လာသည်ကို မြင်သော်လည်း လုံးဝ နှုတ်မဆက်။ ရှုပါက ဖယောင်းတိုင်တွေ လိုက်ထွန်းနေ၏။ ရှုပ့်အနားကပ်သွား၏။

"မီးပျက်တော့ ရှုပါ လာခေါ်နေရမှာစိုးလို့ အပြေးလာရတာ"

"ရပါတယ်"

နှစ်ယောက်စလုံး လေသံနှင့် ပြောကြသည်ကို သိန်းသိန်း ကြော်နားစွင့်နေလိမ့်ဟု ထင်သည်။ ဖယောင်းတိုင် ကူထွန်းညှိပေးသည်။

"စားပြီးပလား"

ခေါင်းညိတ်ပြသည်။

လျှပ်စစ်မီးရောင်အောက်က ရှုပါထက် ဖယောင်းတိုင် အလင်းထဲက





ရှုပါသည် ပိုလှနေသည်ဟု စိတ်က ထင်မိသည်။

ဖယောင်းတိုင် ထွန်းညှိပြီးသောအခါ ရှုပါ အခန်းထဲ ဝင်သွားသည်။ အရောင်းစားပွဲတွင် ဝင်ထိုင်လိုက်၏။ ရှုပါ ပြန်ထွက်လာသည်။ ရှေ့တွင် ခြေလှမ်းမရပ်ခဲ့၊ ငုငုကြီးထိုင်နေသော သူ့အမေရှိရာသို့ လှမ်းထွက်သွားသည်။ ပြီးတော့ အရောင်းစားပွဲရှိရာသို့ ပြန်လျှောက်လာပြန်သည်။ သူ့ကို လိုက်ကြည့်နေသော ကျွန်တော့်မျက်လုံးနှင့် ဆုံမိသွားသည်။

"ဒီနေ့ည ကိုးနာရီမှာ ရဲစခန်းထဲ ဂုဏ်ပြုပွဲရှိတယ်"

ရှေ့တွင် မတ်တတ်ရပ်၍ မမေးမိဘဲ ပြော၏။

"ဘာဂုဏ်ပြုပွဲပါလိမ့်"

"ဘောလုံးပွဲနိုင်လို့တဲ့ ဦးစံရှိန်က ပြောတယ်။ နီလာတို့နဲ့ အပြင်နားက သွားကြည့်ကြဖို့ ချိန်းထားတယ်"

"ဘာကျွေးမှာလဲ"

"လက်ဖက်ရည်ပဲ တိုက်မှာပေါ့"

"ကိုကို လိုက်ပို့ပေးရမလား"

"ရပါတယ်၊ ကိုကို ဆိုင်ခဏ စောင့်လိုက်နော်"

စိတ်ထဲ မျက်ချင်သွားသည်။ သူ့အမေက ဆိုင်ပိတ်တော့မည်ဟု လူတကာကို မောင်းခတ်လွှတ်နေသော်လည်း ရှုပါကမူ ယခင်က စကားအတိုင်းသာ။

ရင်ထဲ လွမ်းမောသလို ခံစားမိလိုက်ခြင်း ဖြစ်သည်။ သိန်းသိန်း စိတ်ပြောင်းသွားပြီး ဆိုင်ကို မပိတ်တော့ဘူးလားဟုလည်း တွေးလိုက်မိသည်။ ဤဆိုင်နှင့်ပတ်သက်သော သံယောဇဉ်စကားကို ရှုပ့်ဆီက အမှတ်မထင် ကြားလိုက်ရသောအခါ နှလုံးသည်းပွတ် ဆူးကျဉ်သွားမိလေသည်။

"မီးတွေကလည်း ပျက်နေတော့ လိုက်ပို့ပေးမယ်လေ"

"နီလာတို့နဲ့ သွားမှာပါ"

"ဘာမှလဲ မပြင်ပါလား"

"လှပြီးသားပဲ" ဟု ယခင်က မိမိပြောဖူးသောစကားနှင့် တီးတိုး ပြောသည်။

သူညီမဝမ်းကွဲတွေနှင့် သွားမည်ဆိုသဖြင့် စိတ်ထဲ ပေါ့သွားသည်။ သိန်းသိန်းနှင့် နီးနေသဖြင့် အခြေအနေကိုလည်း မမေးရဲ။ ငေး၍သာ ကြည့်နေမိ၏။

ရှုပါက သိန်းသိန်းနား လျှောက်သွားသည်။ ခွေးခြေတစ်ခုနှင့် ခလုတ်တိုက်သံကြောင့် သိန်းသိန်းက လှည့်ကြည့်၏။ "ဘယ်လဲ ဒါ . . ." ဟု ရှုပါကို မေးသည်။

"နီလာတို့ဆီကို အမေ" ဟု ပြောကာ ထွက်သွားလေသည်။ ရဲဌာနတွင် ညည့်ခံပွဲရှိ၍ နီလာတို့နှင့်သွားမည်ဟု သူ့အမေကို ပြောသံမကြားမိ၊ သိပြီးသားမို့ ထပ်ပြောမသွားတာလားဟု တွေးနေမိသည်။ စကား



www.burmeseclassic.com

www.burmeseclassic.com

ပြောဖို့ လူမရှိဘဲ အပြင်ခန်းတွင် တစ်ယောက်တည်း နေရသည်ကို စိတ်ကျဉ်းကျပ်လာသည်။ အပြင်တွင် သိန်းသိန်းနှင့်ကျွန်တော် နှစ်ယောက်တည်းရှိသော်လည်း တစ်ယောက်နှင့်တစ်ယောက်လုံး လုံးဝ စကားမပြောကြဘဲ ငုတ်တုတ်ထိုင်နေကြသည်။

မီးပျက်နေသဖြင့် ခါတိုင်းနေ့တွေလို မှုယာ၏ စာအော်ဖတ်သံကို မကြားရ။ ဦးလှ၏ဘုရားရှိခိုးသံအဆုံးတွင် ထွန်းညှိထားသော ဖယောင်းတိုင်များသည် တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားကြသည်။

"ဖယောင်းတိုင်တွေ ဘယ်မှာထားလဲ မသိန်းသိန်း"

အရဲစွန့်ပြောပြီး ထသည်။ ခြေလှမ်းကို ဘုရားစင်ဘက်သို့ တည်လိုက်သည်။

"ထွန်းမနေနဲ့၊ ဖယောင်းတိုင် တစ်ချောင်း တစ်မတ်ပေးရတာ"

ခြေလှမ်း ရပ်သွားသည်။ စိတ်ထဲလည်း မျက်မိသွား၏။

"ရှုပါတို့ ဧည့်ခံပွဲသွားတာလဲ ကြာလှချေလား"

ဘာမှ ပြန်မပြော။ လက်မှနာရီကို ငုံ့ကြည့်မိသည်။ မီးစုန်းလက်တံတွေက ကိုးနာရီမတ်တင်းကို ညွှန်ပြနေ၏။ ဖယောင်းတိုင်များ တစ်တိုင်ပြီးတစ်တိုင် ငြိမ်းသွားကြသည်။ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေမိ၏။

သိန်းသိန်း မတ်တတ်ထသည်။ ထပ်ထားသော ဆိုင်တံခါးရွက်တွေကို တစ်ကစ၍ ပိတ်၏။ တဖြည်းဖြည်းနှင့် နံပါတ်ခြောက် ရောက်သောအခါ တံခါးရွက်က ကျွန်တော့်ကိုပင် လေဟပ်သွားသည်။ အမှောင်ထဲတွင် သိန်းသိန်းမျက်နှာကို မမြင်ရသော်လည်း စိတ်အာသိတွင် သူမျက်နှာကို စူပုပ်ထားသည်။ တံခါးရွက်တွေကိုလည်း ဆောင့်တွန်းချ၏။

"ဆိုင်ပိတ်တော့မလား၊ ရှုပါတို့လည်း မပြန်သေးပါလား"

လုံးဝ စကားမပြန်။ လှပ်ထားသော ဆိုင်ရှေ့တံခါးရွက်ရှေ့သို့ ထွက်သွားသည်။ မကြားယောင်ပြုကာ ခွေးခြေတစ်လုံးကို ဆွဲယူသွား၏။ အပြင်တွင် တံခါးရွက်ကို မှီ၍ထိုင်နေသည်။ တစ်စီးတလေ ဖြတ်မောင်းသွားသော ကားမီးရောင်ထဲတွင် သူမျက်နှာကို လှမ်းကြည့်မိ၏။ နောက်ခိုင်းထားသဖြင့် မမြင်ရ။ ကိုးနာရီခွဲသောအခါ လူတစ်ကိုယ်စောင်း၍ ထွက်ရသောအပေါက်မှ ကိုယ်ကိုစောင်း၍ အပြင်သို့ ထွက်လိုက်၏။ ကျွန်တော် အပြင်သို့ ရောက်သည်နှင့် သိန်းသိန်းက ရုတ်ခြည်းထသည်။ ကျွန်တော် ထွက်လာသောအပေါက်မှပင် ကျပ်ကျပ်တည်းတည်းဝင်၏။

"ကိုအောင်ငွေလည်း ဆိုက်ကားမသိမ်းသေးဘူး မဟုတ်လား"

ဘာမှမပြောဘဲ အတွင်းထဲ ဝင်သွားသည်။ တစ်ချပ်တည်းသော နောက်ဆုံး တံခါးရွက်ကို ပိတ်လိုက်သည်။ သူ စောစောက ထိုင်နေသော ခွေးခြေကိုပင် သိမ်းဆည်းရန် သတိရမသွား။

"အချိန်နဲ့အခါနဲ့ သွားကြပြန်ကြပါလား။ ခုတော့ တစ်ကောင်မှ အလိုက်ကန်းဆိုး မသိကြဘူး"





အိမ်၏ဉပစာသို့ပင် ခြေလှမ်းမချမိသေး။ သိန်းသိန်း၏ ငှက်ဆိုးထိုးသံကို အိမ်ထဲက ကြားလိုက်ရ၏။ သူ ထိုင်သွားသော ခွေးခြေတွင် ထိုင်၍ တံခါးရွက်ကိုမှီကာ နားစွင့်နေမိသည်။ စောစောက သူထိုင်သွားသဖြင့် ခွေးခြေကား နွေးထွေးနေ၏။

သူ၏ခြေဆောင့်သွားသံသည် ကျွန်တော်၏နှလုံးသားကို တုန်ခါသွားစေလေသည်။

ပြောမည်ဆိုကလည်း ပြောစရာပဲဟု တွေး၏။ ရှုပါကား ခုထိ မပြန်သေး။ ဆယ်နာရီရှိပြီ။ ရဲစခန်းဘက်သို့ ခြေလှမ်းသွက်သွက်နှင့် လျှောက်လာမိသည်။ ရှုပါတို့နီလာတို့ကို ရဲစခန်းရှေ့ မြက်ခင်းပြင်တွင် တွေ့ရလိမ့်မည်ဟု အထင်ရှိလေသည်။

အလင်းအားနည်းသော ဖယောင်းတိုင်မီးကိုသာ ရဲစခန်း၌ မြင်ရ၏။ အပြင်က ဧည့်ခံပွဲလုပ်နေကျ မြက်ခင်းပြင်ကား မှောင်နှင့်မည်းမည်း။ အကယ်၍ ရှုပါပြောသလို ဘောသမားများကို ဂုဏ်ပြုပွဲသာ စောစောက လုပ်ခဲ့ရိုးမှန်လျှင် ယခုအချိန်သည် သိမ်းတုန်းဆည်းတုန်း၊ ခုံများ၊ ကုလားထိုင်များ ရွှေ့ပြောင်းတုန်းပင် ရှိကြဦးမည်။ ယခု မြက်ခင်းပြင်တွင်ကား ညမို့ ကျီးနှင့်ဘုတ်ကိုပင် မတွေ့ရ။ လူသူလေးပါး ကင်းရှင်းကာ တိတ်ဆိတ်နေ၏။ လျှပ်စစ်မီးမလာ၍ ပွဲတော့မပျက်နိုင်။ လက်ဆွဲမီးအိမ်များ၊ ဘက်ထရီနှင့်ထွန်းညှိသော မီးချောင်းများကို မြင်ရမည်။ စောစောက ပွဲခင်းတစ်ခုခု ကျင်းပ ပြီးစီးသွားသော အရိပ်အယောင်ကို လုံးဝ မမြင်ရ။ ခန်းထဲတွင် အသိအကျွမ်းဖြစ်သော ရဲအုပ် ကိုဆန်းမြင့်ထွန်းကို ဝင်မေးရလျှင် ကောင်းမည်လားဟု တွေးသေး၏။ မမေးဖြစ်ခဲ့။

အိမ်သို့ ပြန်လာသည်။ ရင်ထဲတွင် ပူလောင်လာသလို ခေါင်းထဲမှာလည်း မရှင်းပေ။ ရှုပါသည် ဘာကြောင့် လိမ်ညာပြောထားခဲ့ပါလိမ့်။

ဆယ်နာရီခွဲတွင် မီးပြန်လင်းလာသည်။ မြဟန် ပြန်နေကျ အချိန်သည် လွန်သွား၏။ ဆယ့်တစ်နာရီထိုးပြီ။ အချိန်ပိုဆက်ဆင်းနေရပြီဟု အိလိုက်ရသည်။

❖ ❖ ❖

အိမ်ရှေ့တံခါးကို လှုပ်နှိုးသံနှင့် တစ်ဆက်တည်း တစ်ဖက်ခန်းမှ အမျှင်းနှင့်ကုလားမတို့၏ "ဦးဦး ဦးကြီး ပြန်လာပြီ" ဟူသောအသံကို ကြားလိုက်ရသည်။ မြဟန်အား ရှုပါက ဦးကြီးခေါ်တတ်သည်ကို ယခုအခါ ကလေးတွေပါ လိုက်ခေါ်နေတတ်လေပြီ။ ရှုပါနှင့်ပတ်သက်နေသော စကားမို့ စိတ်ထဲ ကြည်နူးသွားမိသည်။

"မင်းအိပ်ရင်အိပ်" ဟု တစ်ညလုံး အလုပ်ဆင်းပြန်လာသော မြဟန်ကို တံခါးဖွင့်ပေးရင်း ပြောလိုက်ရ၏။ မြဟန်က အိမ်ထဲကို ကျိုးသန်းကောင်းမှောက် အကဲခတ်သည်။ သူစိတ်ထဲ ရှုပါများ ရောက်နေလားဟု


www.burmeseclassic.com

www.burmeseclassic.com



ထင်မိထားပုံရ၏။

"ဘာထူးသေးလဲ ကိုကို"

"မထူးပါဘူးကွာ"

မြဟန် အတွင်းခန်းထဲ ဝင်သွားသောအခါ သွားပွတ်တံကို လှမ်းယူလိုက်သည်။

နံနက်စာ ထမင်းဟင်းချက်ရင်း စိတ်ထဲက ရှုပါ့ဆီသို့သာ ရောက်နေသည်။ ညနေကျရင် ဆိုင်ကိုသွားဦးမည်ဟု မှန်းထားသော်လည်း ညနေထိ မနေနိုင်၊ နေ့လယ်လောက်တွင် ဆိုင်ကို ရောက်သွား၏။

လက်ကျန်ပစ္စည်းတွေကို သီးသီးသန့်သန့် စုစည်းထားတာ တွေ့ရ၏။ 'သြော်- ဒီနေ့ကစပြီး ဆိုင်ပိတ်တာကိုး'ဟု သိလိုက်ရသည်။ ကြိုတင်တွေးထားသော်လည်း ရင်ထဲက မကောင်း။ မျက်နှာပင် အပျက်ပျက်ဖြစ် သွားသည်။ ဤသည်တို့မှာ သိန်းသိန်း၏အစီအမံ ဆိုတာလည်း သိလိုက် သည်။ ရှုပါ၏အရိပ်အခြည်ကို ကြည့်သည်။ လုံးဝ မမြင်ရ ရင်ထဲ တင်း ကျပ်လာ၏။ ဒေါသကို အံကြိတ်၍ ချုပ်တည်းထားရသည်။ အရောင်းစား ပွဲတွင် ပင်ပန်းကြီးစွာနှင့် ထိုင်ချလိုက်သည်။ သိန်းသိန်းက တစ်ချက်လှည့်ကြည့်၏။ သူမျက်နှာသည် မနေ့ကလောက် မတင်းသော်လည်း မာန်မာနအပြည့်ရှိ၏။ လုံးဝ စကားမပြောဘဲ ထိုင်နေသည်။

"စားပြီးပလား"

"ဘယ်အချိန်ရှိပလဲ" ဟု နင့်တင့်တင့်အသံနှင့် ပြောကာ မတ်တတ်ထသည်။ ကျွန်တော်နှင့် လုံးဝ စကားမပြောချင်ကြောင်း သိသာသည်။

"ရှုပါကော မသိန်းသိန်း"

အရဲစွန့်၍ မေးသည်။

"ငါမပြောလိုက်ချင်ဘူး" ဟု တစ်ခွန်းသာပြောပြီး အတွင်းခန်းထဲ ဝင်သွားလေသည်။

နောက်တစ်ခါသာ သိန်းသိန်းနှင့် ဆုံကြလျှင် မိမိပါးစပ်ကို မိမိ စိတ်မချရေး၊ ရာသက်ပန် ပြတ်စဲသောစကားကို ဆိုမိလိမ့်မည် ထင်သည်။ သိန်းသိန်းအား မကျေနပ်ချက်များသည် ရှုပါ့ဆီသို့ မကူးစက်မိ ပြန်မှတော့ ဆုံးဖြတ်ရ၏။

✤ ✤ ✤

ရန်ကုန်ထဲက ပြန်လာသောအခါ အိမ်ခန်းကို သော့ခတ်၍ တွေ့ရသည်။ မြဟန် ညအလှည့် အလုပ်ဆင်းသွားပုံရ၏။ တံခါးဖွင့်၍ အိမ်ထဲဝင်လိုက်သည်၊ အဝတ်မလဲခင် မီးဖိုဆောင်ဝင်ကြည့်ရ၏။ ညနေအတွက် အဆင်သင့်မရှိလျှင် ဈေးသွား ထမင်းချက်ရဦးမည်။ မြဟန် ထမင်းချိုင့် ယူမသွားသဖြင့် ထမင်းရောဟင်းပါ ညနေစာရှိနေသည်။

"ဦးဦးလား"





မီးဖိုထဲမှ အိုးခွက်ပန်းကန်တွေ လှန်သံကြားသဖြင့် တစ်ဖက်ခန်းမှ ကုလားမက လှမ်းမေး၏။ "အေး" ဟု တစ်ခွန်းတည်း ဖြေလိုက်ရသည်။

"စောစောက လောင်ပူလေး လာသွားတယ် ဦး"

မူယာ့ကို ပြောသည်။

"ဟေ- ဟုတ်လား၊ ဘာလာလုပ်တာလဲဟေ"

"သူ့အစ်မ လာလားလို့ လာရှာတာတဲ့"

"တွေ့သွားလား၊ ဦးတို့မရှိတုန်း ရှုပါ လာသေးလား"

"မလာပါဘူး၊ ဦး မှာထားလို့ လာရင် သော့ပေးဖို့ ကျွန်မတောင် စောင့်နေတာ"

သက်ပြင်းချမိလိုက်သည်။

"မြဟန် အလုပ်ဆင်းသွားလား"

"ဟုတ်ကဲ့"

"လောင်ပူလေး ဒီပြင် ဘာပြောသွားသေးလဲ"

"ဦးဦးနဲ့ရှုပါ ဘယ်သွားကြလဲ မေးတယ်"

"အေး- နင်က ဘာပြောလိုက်လဲ"

"ရှုပါ လာတာတော့ မတွေ့ဘူး၊ ဦးဦး နေ့လယ်ကပင် ထွက်သွားတယ်လို့ ပြောလိုက်တယ်။ ကျွန်မ ပြောတာ ယုံပုံမရဘူး၊ အခန်းထဲကို ဒီဘက်ကနေပြီး ချောင်းကြည့်သေးတယ်။ အစ်မ ရှုပါတို့၊ ဦးဦးတို့ မရှိမှန်း ကျွန်မ အတပ်သိလို့ လောင်ပူလေးကို သော့ပါပေးလိုက်တယ်။ မယုံရင် နင် သွားဖွင့်ကြည့်လို့"

"ကြည့်သွားသေးလား"

"ကြည့်သွားတယ်"

"မတွေ့တော့ ဘာပြောလဲ"

"တစ်နေရာရာ သွားနေကြတယ်နဲ့ တူတယ်တဲ့။ နင့်အမေက ကြည့်ခိုင်းတာလားလို့ ကျွန်မက မေးတော့ မဟုတ်ပါဘူး၊ လေးလေးအေးသန်းဆီလာရင်း ဝင်တာပါတဲ့၊ ယုံချင်စရာပဲ"

မီးဖိုထဲတွင် အကြာကြီးရပ်နေမိသည်။ နေ့ခင်းက ရှုပါများ လာသွားသေးလားဟူသော သံသယတား မရှင်းသေး။ ငါအလကား ရန်ကုန်ထဲသွားမိတယ်။ အိမ်ကနေ ရှုပါ့ကို စောင့်နေမိရင် အကောင်းသား၊ ရှုပါ သူ့အိမ်က လစ်ထွက်သည်မှာတော့ အမှန်ပင်။ ထို့ကြောင့် သူ့အမေက လောင်ပူလေးကို လိုက်ကြည့်ခိုင်းပုံရ၏။ ရှုပါနှင့်ငါ ဘယ်မှာများလွဲပါလိမ့်၊ ရှုပါ အိမ်မလာဘူးဟု ကုလားမက ပြောသည်ကိုလည်း မယုံချင်၊ ကုလားမ မမြင်လိုက်၍လား၊ မီးဖိုထဲ ရောက်နေ၍လား။ ရှုပါ ငါ့ကို တစ်နေ့လုံးများ လိုက်ရှာနေလေသလား၊ အတွေးတို့သည် ခေါင်းထဲ ပြည့်လျှံလာ၏။ ရင်ထဲက ပိုပူလာသည်။

"ဥမ္မာရေ ညီမ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒီနေ့ ရွှေပါ လုံးဝ မလာတာတော့ အမှန်ပဲလား"

"မလာပါဘူး ဦး"

"မြဟန်ရှိတုန်းကလည်း မလာဘူးနော်"

"မလာပါဘူး"

"မြဟန် ဘယ်အချိန်က အလုပ်သွားလဲ"

"ခါတိုင်းအချိန်ပဲ၊ နေ့လယ် တစ်နာရီကျော်က သွားတာ"

"ဘာမှာသွားသေးလဲ"

"ဘာမှ မမှာပါဘူး"

"လောင်ပူလေး လာသွားတဲ့အချိန်ကော မှတ်မိလား"

"လောင်ပူလေးက စောစောကတင်ပါ ဦး၊ တစ်နာရီလောက်ပဲ ရှိ[illegible] ဦးမယ်"

တရမန်းကြမ်း မေးရသဖြင့် မောသွားသည်။ အေးအေးဟု ပြောပြီး အပြင်သို့ ထွက်လာ၏။ ထမင်းပင် စားချင်စိတ်မရှိပေ။ မှောင်စပြုနေပြီ ဖြစ်သဖြင့် ဘုရားမီးခလုတ်ကို နှိပ်လိုက်သည်။ အပြင် ဧည့်ခန်းမီးချောင်းကို မထွန်းဘဲ ပက်လက်ကုလားထိုင်တွင် ငူငူကြီး ထိုင်နေမိလေသည်။

✤ ✤ ✤

ညဆယ်နာရီခွဲတွင် မြဟန် ပြန်ရောက်လာ၏။

"ဒီနေ့ အိုဗာတိုင်မရှိဘူးလား" ဟု မေးသောအခါ-

"မရှိဘူး" ဟု ပြောသည်။ သက်သာလက်ဆွဲအိတ်ကို ဆွဲကာ [illegible] ထဲ ဝင်သွား၏။ ဒီကောင် ထမင်းမစားခဲ့ရသေးဘူးလားဟု စိတ်ထင့်သွား၏။

"မင်း ထမင်းမစားခဲ့သေးဘူးလား"

"စားပြီးပါပြီ" ဟု ပြန်ပြောမှ စိတ်အေးသွားသည်။ ညနေက ထမင်း တစ်ယောက်စာကို မိမိစားထားသည် မဟုတ်ပါလား။

မြဟန် ဧည့်ခန်းသို့ ပြန်ထွက်လာ၏။ လက်ဖက်ခြောက်ခတ်ပြီးသော [illegible] ဓာတ်ဘူးအသေးနှင့် ပန်းကန်ပြားတစ်ချပ်ကို ပက်လက်ကုလားထိုင်နှင့် [illegible] ကြားရှိ စားပွဲတွင် လာတင်သည်။ တစ်ချက် ငဲ့ကြည့်လိုက်၏။ ရဲရွှဲနေသော ငှက်ပျောကြော်လေးလုံးနှင့်အမွှေးနံ့ကိုပါ တစ်ခါတည်း ရလေသည်။

ရေချိုးပြီးသောအခါ မြဟန်က ပက်လက်ကုလားထိုင်တွင် လာထိုင် သည်။ ကျွန်တော် ငုံ့ထားသော အကြမ်းပန်းကန်တစ်လုံးကို လှမ်းတိုက်[illegible] 'ကိုကိုစားလေ'ဟု ဆိုသည်။

"ညနေက လောင်ပူလေး လာသွားသေးတယ်တဲ့ကွ"

"ဘာလာလုပ်လဲ မသိဘူး"

"ရွှေပုံ့ကို လာရှာတယ်တဲ့"





"ကိုကိုနဲ့ မတွေ့လိုက်ဘူးပေါ့"

"ဟုတ်တယ်၊ ဦးမှာတို့ပြောတယ်"

"ရွှေပါ အိမ်က ထွက်သွားလို့လား"

"ခါတိုင်းလို ဒီကို လာတယ်ထင်လို့ မသိန်းသိန်းက အကြည့်လွှတ် တာ ဖြစ်ပါလိမ့်မယ်"

"ကိုကို့ကို ဟိုနေ့က ရွှေပါ ဘာပြောသွားလဲ"

"အိမ်မှာ မနေချင်တော့ဘူး၊ စိတ်ညစ်တယ်လို့ပြောတယ်"

"ကိုကိုက ဒီကို ပြေးလာဖို့ မပြောလိုက်ဘူးလား"

"ပြောလိုက်တယ်ကွ၊ ဒါပေမင့် အမေ ဆူတာပဲ အခြေအနေ စောင့် ကြည့်လို့လည်း မှာလိုက်သေးတယ်"

မြဟန်၏သက်မချသံကို ကြားမိလိုက်သလိုပင်။

"ကိုကျော်ဖြူဆီက ကျွန်တော့်အလုပ် ဖုန်းဆက်တယ်။ မေမေ့ကို လာခေါ်မှာလား၊ လာပို့ရမှာလားတဲ့။ အရပ်မှာ ညီမလေး တော်တော်ဖြစ် နေတယ် အမြန်လာပါလို့ ကိုကျော်သိန်းဆီက စာရောက်နေသတဲ့"

"ဩော်- ဟုတ်လား၊ မင်း ဘာပြောလိုက်လဲ"

"မနက်ဖြန် လာပို့ပါလို့ မှာလိုက်တယ်"

"ပြီးရောပေါ့ကွာ" ဟု ပေါ့ပေါ့ပင် ပြောလိုက်သည်။

ညီမလေး ကျန်းမာရေးကိုပင် မမေးမိ။ အမှန်မှာ ညီမလေး၏ ပန်းနာ ရင်ကျပ်ကလည်း ရိုးနေလေပြီ။ မေးစရာပင် အထူးမလို။ တစ်နှစ် သုံး လေးခါ ပေါ်တတ်၏။

"မနက်ဖြန် မေမေလာရင် အတော်ပဲ ကိုကို။ မင်္ဂလာမှာ သစ္စာ မေတ္တာ ရုံဝင်မယ်တဲ့၊ မေမေက ပွဲကြည့်ချင်တယ် ပြောသွားတယ်။ လိုက် ပို့ရတာပေါ့"

"အေးပေါ့"

"မနက်ဖြန် ကျွန်တော် ဆိုင်ကိုသွားဦးမယ်။ ရွှေပုံ့ကိုလည်း မေမေ နဲ့အတူ ပွဲကြည့်ဖို့ ပြောရမယ်။ ရွှေပါလည်း ပွဲကြိုက်တာပဲ။ ဒီနေ့ ကိုကို ဆိုင်ရောက်သေးလား"

"ရောက်တယ်၊ ပစ္စည်းလက်ကျန်တွေ သိမ်းထားတာ တွေ့တယ်။ သိန်းသိန်း လက်ရာတွေနေမှာပေါ့"

မြဟန်က နာနာကြည်းကြည်း ပြုံးသည်။

"ရွှေပုံ့ကို တွေ့ခဲ့လား၊ ဘာပြောလဲ"

"မတွေ့ဘူးကွ၊ ငါက မသိန်းသိန်းကို မေးတော့ စကားကောင်း ကောင်း မပြောဘူး"

"မသိန်းသိန်းနဲ့တော့ မလွယ်ပါဘူး ကိုကိုရာ။ သူ့စိတ်က အပြောင်း အလဲ သိပ်မြန်တယ်၊ အဲဒါကြောင့်လည်း အိမ်ထောင်သုံးဆက် ရှိတာ [illegible]ပါရဲ့။ ကိုကိုတို့ လက်ထပ်ပြီးရင် ကင်းကင်းရှင်းရှင်းသာနေကြ၊ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆက်ဖွင့်မယ်ဆိုလည်း ပြတ်ပြတ်သားသား ဆိုင်လခပေးပြီးသာ လုပ်ကြ။ ဒီလို အုတ်ရောရော ကျောက်ရောရောတော့ မဟန်ဘူး။ ပိုက်ဆံလည်း တစ်လမှ မှန်မှန်မရတာ။ သုံးလေးငါးရာ ကျွန်တော်တို့က အမြဲ နာတယ်"

"အေး၊ ငါလည်း အဲသလိုပဲ မှန်းထားတယ်ကွ"

ပြဿနာ၏ တစ်နံတစ်လျားကို တွေးမိသောအခါ အိပ်၍ပင် မပျော်အောင် ဖြစ်ရလေသည်။

✤ ✤ ✤

'ကိုကို ဈေးသွားပြီး ထမင်းချက်ထားလိုက်။ ကျွန်တော် ဖျာသွားဝယ်မယ်။ အပြန်မှာ ဆိုင်ကိုဝင်မယ်' ဟု ပြောပြီး မြဟန် အစောကြီး ထွက်သွားလေသည်။ ဆယ့်နှစ်နာရီလောက်တွင် ပြန်ရောက်လာသည်။

"မမေ မရောက်သေးဘူးလား" ဟု မေး၏။

"မရောက်သေးဘူးကွ၊ ဖျာလက်မှတ်ရခဲ့လား"

"ရပါတယ်"

အဝတ်လဲရင်း ကျွန်တော့်မျက်နှာကို ထူးထူးခြားခြား ကြည့်လေသည်။ ဘာလဲကွ ဟူသောသဘောဖြင့် ကျွန်တော်လည်း မြဟန်၏မျက်နှာကို လှမ်းကြည့်၏။ မြဟန်က ထုံးစံအတိုင်း ပက်လက်ကုလားထိုင်မှာ လာထိုင်သည်။

"မင်း ထမင်းစားဦးလေ"

"ဟင့်အင်း၊ ကျွန်တော် မဆာသေးဘူး"

နာရီကို ကြည့်မိသည်။ ဆယ့်နှစ်နာရီခွဲတော့မည်။

"မင်း အလုပ်မဆင်းဘူးလား"

"မေမေနဲ့ ပွဲကြည့်ရအောင် ခွင့်တစ်ရက် ယူထားခဲ့တယ်။ ကိုကို လည်း ကြည့်မယ်မဟုတ်လား"

"ငါမလိုက်ဘူး၊ မင်းနဲ့ရူပါတို့နဲ့ သွားကြ"

မျက်နှာကို ထပ်ကြည့်ပြန်သည်။ တစ်စုံတစ်ခု ထူးခြားသလား ထင်မိ၏။

"ကျွန်တော် အပြန်မှာ ဆိုင်ကိုဝင်ခဲ့သေးတယ်" ဟု တုံ့တုံ့ဆိုင်းဆိုင်း ပြောသည်။

"ရူပါနဲ့ တွေ့ခဲ့လား"

"ဟို မီးပျက်တဲ့နေ့ကပင် ရူပါ အိမ်က ထွက်သွားတယ်၊ ဘယ်ထွက်သွားမှန်းမသိဘူးလို့ ပြောတယ်။ နင်တို့ဆီ ရောက်နေပြီမဟုတ်လား။ ဘာမှန်လာဥလုပ်တာလဲလို့ ကျွန်တော့်ကို ရန်တွေ့သေးတယ်။ ကျွန်တော်က ဘုရားစူး၊ မိုးကြိုးပစ်၊ ကားတိုက်သေပါစေ ကျိန်ပြောတာတောင် ယုံချင်ပုံ မရဘူး။ အတည်ပေါက်နဲ့ လာမပတ်စမ်းပါနဲ့။ အေးဟန်လည်တယ်ဆိုတာ ငါ အိပ်နေသလောက်ပဲ ရှိပါတယ်။ ဘယ့်နှယ်ညာနှယ် လုပ်သေးတယ်။





ကျွန်တော်လည်း စိုးရိမ်လို့ အခါခါမေးတော့ 'တကယ်လားဟဲ့'တဲ့၊ ပြူးတူးပျာတာ ဖြစ်တာ"

"ဟားဟား ဟင်းဟင်း"

"နောက် မသိန်းသိန်းကို တွေ့ရင် ပြောလိုက်ပါကွာ၊ ခင်ဗျား လည်တယ်ဆိုတာ ကိုကို့ အိပ်နေသလောက်ပဲ ရှိပါလိမ့်မယ်လို့"

ကျွန်တော်က တဟားဟားရယ်၍ ပြောသောအခါ မြဟန်က ကြောင်သွားသည်။ မြဟန့်မျက်နှာကို မကြည့်ဘဲ တတ်လည်း တတ်နိုင်ကြပါပေ့ဟု ရေရွတ်မိလိုက်၏။

"ဘယ်လိုလဲဟင် ကိုကို၊ ကျွန်တော်တော့ ဘာမှ နားမလည်သလိုပဲ။ မသိန်းသိန်းကတော့ တကယ် အတည်ပြောတာနော် ကိုကို"

"မသိန်းသိန်း ဘယ်လို ခြေလှမ်း လှမ်းတယ် ဆိုတာ ငါ သိပါတယ်ကွာ"

"ကျွန်တော်တော့ ဘာမှ နားမလည်တော့ဘူး"

"ရူပါ့ကို သူပဲ တစ်နေရာရာ ပို့ထားတာ နေမှာပေါ့။ မင်းကို ငါ အရင် ပြောဖူးသားပဲ။ အညာက ဓာတ်ပုံဆရာ သူဌေးသားနဲ့ ပေးစားမယ်လို့ သူ စီစဉ်နေတာ ကြာပြီ။ သူ့သမက်ကြီး အင်ဂျင်နီယာကလည်း ရူပါကို ငါနဲ့ သဘောမတူဘူးတဲ့။ ဒါတွေ မသိန်းသိန်း လှည့်ကွက်တွေပါကွာ"

"မဟုတ်ဘူးထင်တယ် ကိုကို၊ သူ မျက်နှာမကောင်းဘူး။ ဦးလှကို လည်း တွေ့ခဲ့တယ်။ ဦးလှကလည်း ကျွန်တော့်ကိုတောင် ဟက်ဟက်ပက်ပက် ဟိုတုန်းကလို စကားမပြောဘူး"

"ဒီအဘိုးကြီး နားပင်းကိုးကား ခေါက်ထားလိုက်စမ်းပါကွာ။ ဟိုတုန်းကလည်း စကားသိပ်ပြောဖော်ရတာမှ မဟုတ်တာ။ လူကြီးလုပ်နေပြီး သမီး ခြယ်လှယ်တိုင်း ငုံ့ခံနေတာ၊ ဘာအသုံးကျတာမှတ်လို့"

စိတ်ပေါက်ပေါက်နှင့် အသက်ခြောက်ဆယ်ကျော် အဖေအရွယ်ကိုပင် ရမ်းပြောပစ်လိုက်၏။

"မဟုတ်ဘူးနော် ကိုကို၊ သူတို့အခြေအနေ ကြည့်ရတာ တကယ် ရူပါ တစ်နေရာရာကို ထွက်သွားတဲ့ပုံပဲ။ မီးပျက်တဲ့နေ့ကပင်ဆိုတော့ နှစ်ရက်တောင် ရှိပြီပဲ"

"ဟော့ကောင် မင်းကြားက ဘာမှပူမနေနဲ့။ မီးပျက်တဲ့နေ့က ဆိုင်မှာ ငါ ရှိတယ်။ ရူပါက ငါ့ကို ဆိုင် ခဏစောင့်ပါ၊ ရဲဌာနမှာ ဘောလုံးသမားညှဉ်းခံပွဲရှိလို့ နီလာတို့နဲ့ သွားကြည့်မယ်ဆိုပြီး ငါ့ရှေ့တင် ထွက်သွားတာ။ အဲဒီနေ့က ငါ ကိုးနာရီခွဲထိ ဆိုင်မှာ စောင့်ခဲ့တယ်။ ပေါ်မလာလို့ ရဲဌာန လိုက်ကြည့်သေးတယ်၊ ဘာပွဲမှ မရှိဘူး"

"ဟင်- ဒီလိုဆို ရူပါကပါ ကိုကို့ကို ပတ်သွားတာပေါ့"

"ဒါလည်း ဖြစ်နိုင်တယ်၊ ဒါပေမင့် ဓာတ်ပုံဆရာကို သူ မကြိုက်ပါဘူးလို့ ငါ မိုးကုတ်သွားနေတုန်း လမ်းက တွမ်းယာဆိုင်မှာ လာလာထိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အဒေါ်ကြီးက ပြောတယ်။ ခု သူ့အမေ သဘောကျ တစ်နေရာရာ သွားနေတာ ဖြစ်လိမ့်မယ်။ ငါနဲ့ မသိန်းသိန်းနဲ့ ဆိုင်ကိစ္စကလည်း အဆင်မပြေကြတော့ သူလည်း စိတ်ညစ်မှာပေါ့။ ငါက သူ့အမေ ဘယ်လိုပဲ နားချနားချ ငါ့ဆီပဲပြေးလာဖို့ မှာပြီးသား။ ခုလည်း တစ်နေ့နေ့တော့ ရောက်လာပါလိမ့်မယ်။ လူမလာတောင် သူ့အမေတို့က ဘယ်မှာ ပို့ထားလို့ လာခိုးလှည့်ပါဆိုတဲ့ စာသော်လည်းကောင်း ရောက်လာပါလိမ့်မယ်။ မင်း ဘာမှ ပူမနေနဲ့။ ခု ငါ့အထင်ပြောရရင် နီလာတို့အိမ်မှာ ရှုပါ ရှိတို့ ရှိရမယ်။ အဲဒီအိမ်မှာ မသိန်းသိန်း အစီအမံနဲ့ ရှုပါနေတာ ဖြစ်ရမယ်"

"အဲဒီအိမ်ဖုန်းနံပါတ် ကျွန်တော် သိပါတယ် ကိုကို၊ ဖုန်းဆက်ကြည့်ရအောင်"

လက်ကာပြလိုက်သည်။

"ကိုသိန်းတန်အိမ်က ဖုန်းနံပါတ် ငါလည်း သိသားပဲ။ ဖုန်းဆက်တော့လည်း မရှိဘူးပြောမှာပေါ့။ ဘာထူးလဲ၊ သူတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲဟာ။ ဒီလိုလည်း တစ်ခုရှိတယ်ကွ။ ခု လောလောဆယ်ဆယ်က သူ့အမေ အစီအစဉ်ကို ရှုပါလည်း လိုက်နာချင် လိုက်နာလိမ့်မယ်။ လောလောဆယ်မှာ အမေကလည်း ရောက်နေတော့ မသိန်းသိန်းက ရှုပါကို မာတ်ပုံဆရာနဲ့ မပေးစားတောင် နားဝင်အောင်ပြောပြီး ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ဖြစ်အောင် ဒီနည်းနဲ့ ငါ့ကို အကျပ်ကိုင်ကြတာလည်း ဖြစ်မယ်။ ရှုပါ ပျောက်သွားပြီ ဘယ်ထွက်သွားမှန်းမသိဘူး ဆိုတော့ ငါက မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ဟိုမေးဒီမေး ယောက်ယက်ခတ်လာတာနဲ့ ဘယ်လောက်ကုန် မင်္ဂလာဆောင်မှ ပေးစားမယ်ဆိုတာ မသိန်းသိန်း ပါးစပ်က ထွက်လာလိမ့်မယ်။ ဒီမိန်းမကြီးအကြောင်း ငါက ငယ်ပေါင်းပါကွာ၊ သိပါတယ်။ ခုမှ ပေါင်းတဲ့လူမှ မဟုတ်တာ။ မင်း အေးအေးနေ။ သူတို့ လှုပ်လို့ မရရင် တစ်နေ့ကျ ပြန်လာလိမ့်မယ်။ ရှုပ့ါကို ငါပိုင်ပါတယ်"

မြဟန်က တွေသွားသည်။

"ကိုကို ပြောတာလည်း ဖြစ်တော့ဖြစ်နိုင်တယ်။ ရှုပါက ပြည်သူ့မုန့်တိုက်မှာ ကိုကိုနဲ့သူ မင်္ဂလာဆောင်ဖြစ်အောင် ကူပြောပေးပါလို့ ကျွန်တော့်ကို ပြောဖူးတယ်။ ခုလည်း သူ့အမေက ရှုပ့ါကို အဲသလို နားသွင်းထားချင်ထားမှာ၊ ဟုတ်တယ် ကိုကိုပြောမှ ကျွန်တော်လည်း တွေးမိတယ်။ ခု မေမေရောက်နေတော့ ပိုပြီး အကွက်မိတာပေါ့"

"ဒါပေါ့ကွ၊ သူတို့က ဒီယုန်မြင်လို့ပေါ့"

မြဟန်က ရယ်သည်။

"ဇာတ်လမ်းပဲ"

"ဇာတ်လမ်းပဲ"

ညီက မပြောဘူးသောစကားကို နှစ်ခါထပ်ပြောသည်။

"ဇာတ်လမ်းက မဆုံးသေးပါဘူးကွ"





"အတော်ကြာ ကျွန်တော် တစ်ခေါက် သွားကြည့်ဦးမယ် ကိုကို"

"မသွားပါနဲ့ကွာ၊ အတော်ကြာ မင်းကို ငါကလွှတ်တယ် ထင်နေဝဦးမယ်။ ငါ သိပ်ခိုက်နေပြီဆိုရင် မသိန်းသိန်းက ဘယ်လောက် ဝမ်းသာနေလိမ့်မလဲ မသိဘူး"

"ဘာဖြစ်လဲ ရယ်ရတာပေါ့ ကိုကိုရာ။ ကျွန်တော်က ပြောလိုက်မယ်။ ကိုကိုတော့ မအိပ်နိုင်မစားနိုင် ဖြစ်နေပြီ။ ရှုပ့ါကို ဘယ်မှာ ဖွက်ထားကြလဲ ပြောပါဗျာ။ ကိုကို့အဖြစ်ကို ကြည့်ပြီး မေမေကလည်း စိတ်မကောင်းဘူး။ အဲဒါ ဘယ်လောက်ကုန်ကျခံပြီး မင်္ဂလာဆောင်ပေးရမလဲ ပြောပါလို့ နေ့လယ်ကျရင် မသိန်းသိန်းကို တစ်ခေါက် သွားပြောလိုက်ဦးမယ် ဟားဟားဟား . . ."

မြဟန်က ပြော၍ ရယ်သောအခါ ကျွန်တော်လည်း လိုက်ရယ်မိလေသည်။

✤ ✤ ✤

မျက်နှာတွင် အပြုံးအပြည့်ပါလာသည်။ မေမေ မရောက်သေးဘူးလားဟု အမေးစကားဦးပင် အပြုံးကို သိမ်းမရ။

"မရောက်သေးဘူး၊ ညနေမှ လာကြလိမ့်မယ် ထင်တယ်" ဟု ပြောလိုက်ရသည်။

"ကိုကိုပြောတာ ဟုတ်မယ်။ မသိန်းသိန်းကိုတော့ ဘယ်လိုမှ မေးလို့ မရဘူး။ သိပ်ဟန်ဆောင်ကောင်းတာ။ နင်တို့ဆီ တကယ် မရောက်ဘူးလားတဲ့။ အေးဟန် ဘာလုပ်နေလဲ ဆိုတော့ ကျွန်တော်က သိပ်ခိုက်နေပြီလို့ ပြောလိုက်တယ်။ ငါ့ဆီလွှတ်လိုက်၊ ရှုပ့ါကို လိုက်ရှာသင့်ရှာရမယ်တဲ့။ ငါတို့လည်း ခေါင်းမီးတောက်နေတယ်တဲ့။ တောင်ကြီးက သူ့အစ်မဆီ၊ ရေနံချောင်းက သူ့အစ်ကိုဆီ ဖုန်းဆက်မေးတာလည်း စုံနေပြီတဲ့၊ ဘယ်မှ မရောက်ဘူးတဲ့။ ကိုအောင်ငွေတောင် ဆိုက်ကား မထွက်ဖြစ်ဘူးတဲ့၊ တောင်ဥက္ကလာက သူ့ဘကြီးဆီ လွှတ်ထားတယ်တဲ့။ ဆိုက်ကား မမြင်ပါလားလို့ ကျွန်တော်ကမေးတော့ ခုလေးတင်ပဲ အေးဝင်း ယူနင်းသွားတယ်တဲ့။ အတော်ကြာ လင်နောက်လိုက်ပြေးတယ်လည်း ဖြစ်နေဦးမယ်တဲ့၊ မိုက်ရှိုက်တဲ့သမီး ဆိုပြီး ရှုပ့ါကိုလည်း ကျိန်ဆဲနေတယ်"

"ခင်ဗျား ဒီဇာတ်ကားမှာ အကယ်ဒမီချိတ်မယ်လို့ မပြောခဲ့ဘူးလား"

"ကျွန်တော်က အစ်ကို့ကို လွှတ်လိုက်ပါ့မယ်လို့ ပြောပြီး ပြန်ထွက်လာတော့ လမ်းမှာ လောင်ပူလေးနဲ့ တွေ့တယ်။ နင့်အစ်မ ရှုပါ ပျောက်သွားတယ်ဆို ဟုတ်လားလို့ မေးတော့ ကျွန်မလည်း မသိဘူး၊ ဘေးအိမ်က လူတွေလာမေးရင် တောင်ဥက္ကလာက ဦးလေးမြသောင်းတို့နဲ့ အတူတူ ဘုရားဖူးလိုက်သွားတယ်လို့ မေမေပြောတာတွေ့တယ်လို့ မူယာတာ ပြော တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး လုပ်ဇာတ်တွေပါကွာ"

"ကိုကို အပူရှပ်နဲ့ သွားကြည့်ချင် သွားကြည့်ပါလား"

"ငါ မသွားဘူး၊ မင်းလည်း နောက်ထပ် လုံးဝ မသွားနဲ့တော့။ အနည်းဆုံး မေမေပြန်တဲ့အထိ အဲဒီအိမ် မသွားနဲ့။ မေမေ ပြန်မှ မေမေ ပြန်သွားပြီလို့ သွားပြောလိုက်မယ်"

"ကောင်းပါ့မလား ကိုကိုရာ"

"ဘာလို့ မကောင်းလဲကွ။ သူတို့ကတောင် မဟုတ်မဟတ် လုပ်သေးတာ။ ငါတို့က ယောကျ်ားပဲ၊ သူ့သမီးသိက္ခာ သူ မစောင့်ရင် လုပ်ပေါ့။ နောက်မှ ငါ ရှုပ်ပါ့တို ခိုးပြေးမယ်၊ ဘယ်မှ မင်္ဂလာမဆောင်ပဲ ရုံးတက်လက်ထပ်ပြမယ်"

"မေမေ့ကို ဘယ်လိုပြောမလဲ"

"ကြည့်ပြော ရပါတယ်။ ညီမလေးသောကနဲ့ မေမေ စောစောပြန်မှာပါ"

✣ ✣ ✣

"တဲ- အေးဟန် နင်တို့တိစ္စ ဘယ်လို စီစဉ်ထားလဲ။ အေးအေးမော်-အဲတော်ဖြစ်နေတယ်တဲ့။ ငါတော့ စောစောပြန်မှ ဖြစ်မယ်။ ငါ့သမီးလေးက ဒီရောဂါနဲ့ ဘယ်မှ မသွားဖြစ်မလာဖြစ်။ ငါထင်သား၊ ဆောင်းတွင်းမှာ ရောဂါ ပေါ်လိမ့်မယ်လို့။ မိုးတုတ်ထိ သွားမယ်ဆိုတော့ ဟိုမှာ အေးရင် ရောဂါ ပြန်ပေါ်မှာစိုးလို့ ထားခဲ့ရတာ။ ငါမရှိရင် သမီးလေး သိပ်အားငယ်နေမယ်"

ထင်သည့်အတိုင်းပင် ခရီးရောက်ရောက်ချင်း အမေက ပြော၏။

"သူတို့ဘက်က လမတောင်းသေးဘူး စောင့်ပါဦး ပြောတယ် အမေ"

"တန်ဆောင်မုန်း သိပ်ကောင်းတာပေါ့ဟဲ့"

"အမေကလည်း မနက်ဖြန် သန်ဘက်ခါပဲ လကုန်တော့မယ်"

မြဟန်က ဝင်ပြောသည်။

"အေး- နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း အဲဒီ လေးလတော့ လုံးဝ မကောင်းဘူး။ နင်တို့ဟာကလည်း ကြာဦးမယ်နဲ့တူတယ်"

"သူတို့ကလည်း အခါလွန်မှလို့ပြောတယ် အမေ"

"ဒီလ နားဖောက်ထားမှာလား"

"လောလောဆယ် အညာကို ဘုရားဖူးလိုက်သွားလို့ ခု မရှိဘူး"

အမေက မြဟန်ကို လှမ်းကြည့်သည်။ မြဟန်က လုံပုံမရ၊ အပြုံးစ စသည် မျက်နှာပေါ်၌ ထင်းထင်းထင်၏။ မနေသာ ဖြစ်သွားပုံရ၏။

"မေမေနဲ့ ကိုကို မိုးကုတ်သွားတာ သူတို့ မခေါ်ရကောင်းလား ဆိုပြီး ရှုပါက ကိုကို့ကို စိတ်ကောက်လို့ အညာများ သူလည်း သွားတတ်ပါတယ် ဆိုပြီး သူ့ဦးလေးသားချင်းတွေနဲ့ ဘုရားဖူးလိုက်သွားတာ မေမေ"





"ငါမသိလို့ဟယ်၊ သူ့အမေသာထည့်ရင် ငါခေါ်ပါတယ်။ နင်တို့ ရန်ကုန်က အလေ့အထကို ငါက မသိလို့ပါ။ ဟိုပြိတ္တာကောင်ကလည်း ငါ့မပြောဘူး။ ငါ့သမီးလေး သနားပါတယ်၊ လိုက်ချင်ရှာမှာပဲ။ ဘုတာရုံထိတောင် လိုက်ပို့သေးတယ်"

အမေက ရှုပ့်အပေါ် သံယောဇဉ်စကား ဆိုသောအခါ ကျွန်တော့်မှာလည်း စိတ်မကောင်း။ ကျွန်တော့်ကို ဟိုပြိတ္တာကောင်ကလည်းဟု ဆိုသည်ကိုပင် သတိမထားမိလိုက်။ အမေ့စကားကြောင့် နှလုံးသည်းပွတ်ဆွတ်ကျဉ်သွားရသည်။

"ကလေးမလေးက တကယ့် ကလေးလိုပဲ၊ သိပ်ချစ်ဖို့ကောင်းတာ။ နင့်အပေါ် ဘယ်လောက် ကြင်နာတယ်ဆိုတာ ငါ မြင်ရုံနဲ့ သိတယ်၊ အေးဟန်"

"ခင်ဗျာ အမေ" ဟု ယောင်မှား၍ ထူးလိုက်မိသည်။

"နင် မိန်းကလေးကိုရော သူ့အမေကိုပါ ကောင်းကောင်းမွန်မွန် ဆက်ဆံနော်၊ အော်လား ငေါက်လား မလုပ်ပါနဲ့။ နှမချင်း ကိုယ်ချင်းစာ၊ နင့်မှာလည်း နှမရှိတာပဲ။ ငါပြောခဲ့မယ်နော်။ နောက်မကြာ ့းစေနဲ့။ သူ လိုက်ချင်တဲ့ဟာ ဘာလို့ ငါ့မပြောလဲ။ သူ့အတွက် အမေ ရည်မှ ်းထားတာ ရှိပါတယ်"

"အလကားပါ အမေရာ၊ သူ့အမေကလည်း ထည့်ချင်မှ ထည့်မှာ။ သူ လိုက်ချင်တိုင်း သူ့အမေက ထည့်ပါ့မလား။ နားတောင် မဖောက်ရသေးတာ သွားသွားလာလာ ဘယ်ကောင်းမလဲ"

စကားဖော့၍ ပြောသည်ကိုပင် အမေက မကျေနပ်ချင်။

"အမေ ရွှေမန်း ကြည့်ချင်တယ်ဆို"

"ဟဲ့- ရွှေမန်း သေပြီမဟုတ်လား"

"သူ့သားတွေ ကနေတယ် အမေ။ ညနေ အမေပွဲကြည့်ဖို့ ကျွန်တော်တို့ ဖျာဝယ်ထားပြီ"

"ဗုဒ္ဓဝင် ပြမှာလား"

အမေ့ကို လိုက်ပို့သူ ကိုကျော်မြှုနှင့် မြဟန်က ရယ်ကြသောအခါ အမေ့မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ငါက အကောင်းမေးတာဟဲ့" ဟု ဆို၏။

ညနေ ထမင်းစားပြီးသောအခါ အမေ့ကို လိုက်ပို့လာသူ ကိုကျော်မြှု ပြန်သွား၏။ မြဟန်က အမေနှင့် ပွဲအတူ ကြည့်သောအခါ မိန်းမဖော်ရရန် အင်းစိန်က ညီမဝမ်းကွဲ မေညာဏ်သန်းကို သွားခေါ်သည်။ ငါ့သမီးသာရှိရင် မေညာဏ်သန်းတောင် သွားခေါ်စရာ မလိုဘူးဟု အမေက ဆိုသည်။ ကျွန်တော်နှင့် မြဟန်က အမေ့ကို လိမ်ထားရသဖြင့် စိတ်မကောင်းကြ။ မေညာဏ်က ရှုပါ မရှိဘူးလားဟု မေး၏။ သူလည်း ဘုရားဖူးလိုက်သွားတယ်ဟု အမေ့ကိုလိမ်သလို ညီမကိုလည်း လိမ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သူ့အမေကကော" ဟု အမေက ထပ်မေးပြန်၏။

"သူ့အမေက ပွဲမကြိုက်ဘူး အမေ၊ နတ်ပွဲမှ" ဟု ဖြေလိုက်ရလေသည်။

ပွဲသွားသည်မှ ပွဲပြန်သည်အထိ ငါ့သမီးသာပါရင် ဟူသော စကားကို အမေသည် ဆယ်ခွန်းထက်မနည်း ပြောခဲ့သည်ဟု ထင်၏။ ရင်ထဲ လွမ်းဆွတ်မိတိုင်း မသိန်းသိန်း၏လုပ်ဇာတ်ကြောင့် အမေနှင့်ရှုပါ ပွဲအတူ မကြည့်ရလေခြင်းဟု ရင်ထဲက နာနေမိသည်။

✣ ✣ ✣

ညက အိပ်ရေးပျက်ထားသော်လည်း နေ့ခင်း၌ အိပ်မပျော်တတ်။ အမေနှင့် မြှဟန်တို့ကမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြ၏။ စိတ်ထဲ လေးလံလာသဖြင့် အိပ်ရာထဲက ထလာသည်။ တစ်ချက် သန်းလိုက်ပြီး အပြင်ဧည့်ခန်းတွင် ထိုင်၏။ မနက်ဖြန်ဆိုလျှင် အမေက အရပ်ကိုပြန်တော့မည်။ အမေ ပြန်တော့မည်ဆိုသည့်အကြောင်း သိန်းသိန်းကို အသိမပေးလျှင် ကောင်းမည်မဟုတ်ဟူသော အတွေးသည် ခေါင်းထဲရောက်လာ၏။ ရှုပါနှင့် မတွေ့ရသည်မှာလည်း သုံးလေးရက်ပင် ရှိပြီ ဖြစ်သဖြင့် ဆိုင်ကိုသွားမှဖြစ်မည်ဟု အတွေးပေါက်မိသွားသည်။ ချက်ချင်းပင် ဆိုင်သို့ ထွက်လာမိ၏။

ကိုအောင်ငွေကို အပြင်တွင် ထိုင်၍ တွေ့ရသည်။ ခါတိုင်းလို ရှုပါအား အရောင်းစားပွဲတွင် မတွေ့ရသဖြင့် ရင်ထဲ နင့်သွားမိသည်။ ခါတိုင်းဆိုလျှင် မောင့်ရှုပါလေးကို စားပွဲ၌ ထိုင်၍ တွေ့နေကျပင်။

ကိုအောင်ငွေအနားတွင် ထိုင်ချလိုက်၏။ မျက်နှာကို စေ့စေ့ကြည့်နေသည်။ ကိုအောင်ငွေ၏အကြည့်က ထူးခြားသည်ဟု ထင်မိ၏။

"မသိန်းသိန်းတို့ကော"

"ရေနံချောင်းကို ဖုန်းဆက်မလို့ ကိုသိန်းတန်တို့အိမ်ကို သွားတယ်"

"ဘယ်ကို ဆက်မှာလဲ"

"မပြောတတ်ဘူး"

"ဘာကိစ္စလဲဗျာ၊ ကြံတိုင်းအောင်ကား နေ့တိုင်း ရှိတာပဲ"

ကိုအောင်ငွေက ကျွန်တော့်မျက်နှာကို မကြည့်စဖူး စိုက်ကြည့်၏။

"ကောင်မလေးက ခင်ဗျားတို့ဆီ မရောက်တာတော့ အမှန်ပဲဗျာနော် ကိုအေးဟန်"

အလွန် ရင်းနှီးခင်မင်ကြသော သူငယ်ချင်းပင် ဖြစ်သော်လည်း သူ့စကားက နင့်တင့်တင့် ဖြစ်နေသည်။ ကိုအောင်ငွေကို စူးစူးရဲရဲ ပြန်ကြည့်မိ၏။ သူသည် မိန်းမကြောက်ရသော်လည်း မဟုတ်မမှန်သောစကားတို့တော့ မှတ်မှတ်ရရ တစ်ခါမှ မဆိုဘူးပေ။ ထို့ကြောင့်လည်း အတိုင်းအဆမရှိ အံ့ဩသွားမိ၏။





"ရှုပါ့ကို ပြောတာ မဟုတ်လား"

"အင်း . . ."

"ရှုပါ အိမ်ဘက်မရောက်တာ သုံးလေးရက်တောင် ရှိပြီ"

စိုးရိမ်မှုတို့သည် ရင်ထဲတွင် ပေါက်ကွဲစပြု၏။

"ဒီကောင်မလေး အိမ်ကထွက်သွားတာလည်း သုံးလေးရက် ရှိပြီဗျ။ သိန်းသိန်းပြောတော့ မီးပျက်တဲ့နေ့ညကပင် ပျောက်သွားတယ်ပြောတယ်။ တောင်ကြီးက သူ့အစ်မဆီရော၊ ရေနံချောင်းက ဦးလေးတွေဆီရော၊ ပြည်က အစ်မကြီးတို့ဆီရော စုံစမ်းတာလည်း နှံ့နေပြီ။ ဘယ်မှ မရောက်ဘူးဆိုတော့ သူ့အမေရော သူ့ဘကြီးရော လိုက်ရှာကြတာလည်း ခေါင်းတောက်နေပြီ။ ရန်ကုန်က ဆွေမျိုးတွေဆီလည်း ဘယ်လူ့ဆီမှ မရောက်ဘူး ပြောတယ်။ အဲဒါ ခုလည်း သိန်းသိန်းနဲ့ မတင်ညွှန့်က မနက်ကပင် စုံစမ်းဖို့ ထွက်သွားကြတယ်"

ရုတ်တရက်မူ ဘာစကားနှင့် ဘာပြန်ပြောရမှန်း မသိဖြစ်သွား၏။ ကိုအောင်ငွေ၏မျက်နှာကို မယုံသင်္ကာစိတ်နှင့် တည့်တည့်ငေးကြည့်နေသော်လည်း ကိုအောင်ငွေ၏ရုပ်သည် မျက်စိထဲ၌ ထင်မလာ။ အရာဝတ္ထုအားလုံး ဝေဝါးသွားကြသည်။

"အရင်ကလည်း ဒီလို ထွက်သွားဖူးလား"

"ဒီလို တစ်ခါမှ မသွားဖူးပါဘူး"

ယခုထိပင် ကိုအောင်ငွေကို မယုံရဲသေး။ သိန်းသိန်း၏အကြံတို ကိုအောင်ငွေ မသိလေ၍လား၊ သိန်းသိန်းသည် ရှုပါအား ကျွန်တော်နှင့် ပေးစားပါမည်ဟု ရပ်ကျော်ရွာကျော် စကားလွှင့်ထားသဖြင့် ရှုပါ မိုက်သွားသည်ဟူသော အနေဖြင့် အညာက သူဌေးသားနှင့်များ တိတ်တိတ်ထည့်ပေးလိုက်လေပလား။ ယခုလည်း ဤကိစ္စ ပိပိရိရိရှိရန် သိန်းသိန်းသည် မတင်ညွှန့်ကိုပါ ခေါ်၍ တိုးတိုးတိတ်တိတ် ပြုလုပ်နေလေပလား။

တစ်ကိုယ်လုံး မွန်ထူ၍ ငိုင်နေမိသည်။ လုပ်ရက်လေခြင်းဟုလည်း ဝမ်းနည်းတသမိသည်။ နာကြည်းစိတ်နှင့်အတူ ဒေါသတို့သည် ချက်ချင်း ဆူဝေလာလေသည်။

"ဒီကောင်မလေးကြောင့်လည်း ဒုက္ခပဲဗျ။ ကျွန်တော် သိန်းသိန်းကို ပြောပါတယ်၊ ခင်ဗျားအမေလည်း ရှိနေတုန်း စောစောစီးစီး မိဘဝတ္တရားအတိုင်း ဆောင်ရွက်ပေးလိုက်ပါလို့။ ခုတော့ ဘယ်ကိုသွားလို့ ဘယ်နေရာ လိုက်ရမှန်းလဲ မသိဘဲနဲ့။ ကျွန်တော်တောင် ဆိုက်ကားမထွက်ဖြစ်တာ နှစ်ရက်ရှိသွားပြီ"

လည်ချောင်းထဲတွင် တစ်ဆို့နေသောတံတွေးကို မျိုချလိုက်ပြီး ပါးစပ်ကို အားယူ၍ဖွင့်လိုက်ရသည်။

"အညာက ဓာတ်ပုံဆရာ သူဌေးသားနဲ့ မသိန်းသိန်းထည့်ပေးလိုက်တာကော မဖြစ်နိုင်ဘူးလား ကိုအောင်ငွေ"



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်ငွေက ခေါင်းယမ်းသည်။

"ဒီမိန်းမ တုတ်ကို ခုန်ခုန်တိုးနေတယ်လို့ ခင်ဗျားကို အရင်က ကျွန်တော် ပြောဖူးပါတယ်။ အညာကကောင်နဲ့ ဦးကျော် လာပြောတုန်းက လေ။ ခုဟာက ဘာမှန်းကို မသိတာ၊ အဲဒီကောင်နဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ နောက်ပိုင်း အဆက်အသွယ်မှ မရှိတော့တာ။ မီးပျက်တဲ့နေ့ ကဆိုတော့ မှောင်နဲ့မည်းမည်းထဲ သွားရင်းလာရင်း မတော်တရော် ဖြစ် သွားမှာပဲ ကျွန်တော် စိုးရိမ်တယ်"

"အဲဒီနေ့က ကျွန်တော် ဆိုင်မှာရှိတယ်။ မီးပျက်ပြီး ဘယ်လောက်မှ မကြာဘူး။ ကျွန်တော့်ကိုပြောတော့ ရဲစခန်းမှာ ဘောလုံးဂုဏ်ပြုပွဲရှိတယ် အဲဒါ နီလာတို့နဲ့ သွားကြည့်မယ်ဆိုပြီး ထွက်သွားတာပဲ။ ကျွန်တော့်တို တောင် ဆိုင်ခဏစောင့်ပါတဲ့။ သူ့အမေလည်း ရှိတာပဲ။ မသိန်းသိန်းတို့ ပြောသွားတာတော့ နီလာတို့အိမ်ကိုလို့ ပြောသွားတယ်။ မသိန်းသိန်းလည်း ငုတ်တုတ်ရှိတာပဲ။ ခင်ဗျားသာ ဆိုတ်ကားထွက်နေလို့ မသိတာ"

"ဟုတ်တယ်လေဗျာ၊ ကျွန်တော်က မိုးလင်းကမိုးချုပ် ဆိုက်ကားနင်း နေတော့ ကောင်မလေး ပျောက်သွားတာကို မနေ့ကမှ သိတယ်။ ညပြန်လာတော့ သန်းခေါင်သန်းလွဲ မဟုတ်လား၊ အိပ်နေပြီထင်တာပေါ့၊ မနက်ကျတော့လည်း ကျွန်တော်က စောစောထွက်ဆိုတော့ လူချင်းတိုး မဆုံမိတာ။ တစ်နေ့ကတော့ ရွှေပါ အေးဟန်နဲ့ လိုက်သွားပြီလို့ ကျွန်တော့် ကို သိန်းသိန်းက ပြောတယ်။ ဒါလောက် လူကြီးတွေ သဘောတူထားရဲ့နဲ့ ဒီလူ ဘာရောဂါထပါလိမ့်လို့ ကျွန်တော်တောင် ခင်ဗျားကို ဆဲမိသေး တယ်။ မှယာက ဆိုင်ကိစ္စနဲ့ ပတ်သက်လို့ သိန်းသိန်းနဲ့ ခင်ဗျား စကားများ ကြတယ်လို့ ပြောပြန်တော့ ခင်ဗျား အရွဲ့တိုက်ပြီးလုပ်တတ်တာသိလို့ တကယ်တကယ် ခင်ဗျားကို ကျွန်တော် စိတ်ဆိုးနေတယ်။ မနေ့ကမှ တော့ သိန်းသိန်းက အေးဟန်နဲ့ မဟုတ်ဘူး။ ဒီကောင်မလေး ဘယ်သူနဲ့ လိုက်ပြေးလဲ မသိဘူး ပြောပြန်ရော။ ကျွန်တော်တို့မှာ ဒီကောင်မလေးကို ခေါင်းမီးတောက်နေတာ ကိုအေးဟန်"

အညာက သူဌေးသားနဲ့ လိုက်ပြေးသွားသည်အထင်နှင့် ဝမ်းနည်း ကြေကွဲမှုသည် ရုတ်ခြည်း စိုးရိမ်မှုသို့ ပြောင်းသွား၏။ ကိုအောင်ငွေ ကြောင့်ကြ စိုးရိမ်နေသလို နီလာတို့အိမ်သွားရင်း လမ်းတွင် မတော်တရော် လူရမ်းကားတွေနှင့် တွေ့၍များ. . . .။

ဆက်၍ မတွေးရဲတော့။ ရုပ်လှသော မိန်းကလေးတစ်ယောက်အ တွက် မသူတော်တို့၏ မျက်စိသည် အခါခပ်သိမ်း ရွှေငွေကျောက်သံ ပတ္တမြား ဖြစ်သွားနိုင်သည်ဆို မဟုတ်ပါလား။

စိတ်ကို ဆောက်တည်၍ မရလောက်အောင် ကစဥ့်ကလျားဖြစ်သွား မိသည်။

"အဲဒီနေ့က ရဲစခန်းမှာ ဘောလုံးဂုဏ်ပြုပွဲရှိတယ် ဆိုတာလည်း





မဟုတ်ဘူး ကိုအောင်ငွေ။ ကိုးနာရီခွဲလို့ ရွှေပါ ပြန်မလာတော့ ရဲစခန်းကို ကျွန်တော် လိုက်သွားတယ် ဘာပွဲမှ မရှိဘူး"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ ဂုဏ်ပြုပွဲသာရှိရိုးမှန်ရင် အစအနတော့ တွေ့ရမှာ ပေါ့။ မီးပျက်ရင် လက်ဆွဲဓာတ်မီးတို့၊ ဘက်ထရီမီးချောင်းတို့နဲ့ လုပ်တတ် တာပဲ"

"ဘယ်နှနာရီလို့ ခင်ဗျားကို ပြောလဲ"

"အချိန် မပြောဘူး"

"အဲဒီမီးပျက်တဲ့နေ့က ရှစ်နာရီလောက်မှာ ပါစင်ဂျာရလို့ ကျွန်တော် လည်း ရဲစခန်းဘက် တစ်ခေါက်ရောက်ပါတယ်၊ ဘာပွဲမှ မတွေ့ပါဘူး"

နှုတ်ပိတ်သွားမိ၏။ ရွှေပါကို မည်သို့ တွေးရမှန်းမသိ ဖြစ်သွားသည်၊ ရေမနောက်ပါဘဲနှင့် ပျောက်သောခြေရာရှင်ပါလား။

နှစ်ယောက်သား ဘာဆက်ပြောရမည်မှန်းမသိဘဲ ငိုင်နေကြစဥ် သိန်းသိန်းနှင့် မတင်ညွန့်တို့ ပြန်ရောက်လာကြ၏။ ကိုအောင်ငွေနှင့် ကျွန်တော်တို့က သူတို့မျက်နှာကို လှမ်းကြည့်မိကြသည်။ မတင်ညွန့်ရော သိန်းသိန်းပါ မျက်နှာမကောင်းကြ။

"ဘာကြားခဲ့လဲ သိန်းသိန်း"

ကိုအောင်ငွေက သိန်းသိန်းကို လှမ်းမေးသည်။ ကျွန်တော့်အကြည့် တလည်း မသိန်းသိန်းဆီ၌သာရှိ၏။

"ဘာမှ တိတိကျကျ မသိရသေးဘူး၊ မီးပျက်တဲ့ညနေက လမ်းထိပ် မှာ ကောင်လေးတစ်ယောက်နဲ့ စကားရပ်ပြောနေတာ ခဏတွေ့လိုက် တယ်လို့ ဒေါ်အေးစိန်က ပြောတယ်"

"ဘယ်ကကောင်လေးလဲ"

ကိုအောင်ငွေက မေး၏။

"သူတို့ ပြောတာကတော့ ကောင်လေးခပ်ငယ်ငယ်လို့ ပြောတယ်၊ မှောင်ကြီးမည်းကြီးထဲ ဆိုတော့ သူတို့လည်း သဲသဲကွဲကွဲ မသိလိုက်ဘူးတဲ့"

"ဘယ်အချိန်လောက်ကလဲ"

"ရှစ်နာရီလောက်တဲ့"

ထိုအချိန်သည် ရွှေပါ ဆိုင်က ထွက်သွားချိန် ဖြစ်သည်။

"အဲဒီက ဘယ်သွက်သွားကြတာတွေ့လဲ မမေးခဲ့ဘူးလား"

"ရှင်က ခုမှ မမေးခဲ့ဘူးလား လုပ်နေ၊ ကျုပ်တို့မှာ ဒေါင်းတောက် နေပြီ၊ ဒါ ရှင် အသုံးမကျလို့ ဖြစ်ရတာ သိလား"

သိန်းသိန်း၏ဒေါသသည် ကျွန်တော့်ဆီသို့ ရောက်လာ၏။

"စောစောစီးစီး လုပ်ရမယ့်ကိစ္စ နေ့ရွှေ့ညရွှေ့လုပ်နေတော့ ပြဿ နာတက်တာပေါ့။ ခေါ်တာတောင် ပေါ်လာတော်မမူဘူး။ ဒီမှာ ဘာဖြစ် နေ ဘယ်ဆိုတာ ရှင် ခုမှ သိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့ကပြောတော့ အညာကို ဘုရားဖူးလိုက်သွားတယ်ဆို၊ အဲဒါကြောင့် မလာတာ၊ အညာမှာ သူ့အဆက် မာတ်ပုံဆရာသူဌေးသား. . ."

"တော်၊ ရှင် ဒီစကားကို မပြောနဲ့၊ ဟုတ်တယ် ကျုပ်သမီးက ရွှေရေပန်းစက်ပါ၊ လိုချင်တဲ့လူတွေ ပေါလွန်းလို့၊ ခုလိုဖြစ်ရတာ ရှင့်ကို အထင်ကြီးတစ်ခွဲသားနဲ့ အားကိုးနေမိလို့ သိလား၊ ပြီးတော့ ရှင်က ကျုပ်သမီးကို ခုကပင် ဆူလိုက်ဆဲလိုက်လုပ်နေတော့ ဒီပြဿနာ. . ."

"အို- သိန်းသိန်းကလည်း ဖြစ်မိပြီးတာတွေ မပြောပါနဲ့၊ ရှေ့ဆက်ပြီး . . ."

မတင်ညွန့်က တား၏။

"ပြောရမယ်၊ ပြောရမယ်၊ ရှင့်ကြောင့် ဒီလိုဖြစ်ရတာ အေးဟန်သိလား၊ ပြောတာပဲကြည့်၊ အညာက သူဌေးသား ဆိုတာ ပါသေးတယ်၊ သူဌေးသားနဲ့သာ ဟိုတုန်းကပင် ပေးစားလိုက်ရင် ဒီလိုတောင် ကျုပ် ဒုက္ခမရောက်ဘူး၊ ခုတော့ ငယ်ပေါင်းတွေဆိုပြီး အားကိုးမိလို့ ဒီလိုဖြစ်တာ မတင်ညွန့်ရဲ့၊ ကျုပ်ဒုက္ခ ကျုပ်ရှာတာပါတော်၊ ကျုပ်ဒုက္ခ ကျုပ်ရှာတာပါ"

သိန်းသိန်းသည် သူ့ရင်ဘတ်ကို စုံတီး၍ ငို၏။ ကျွန်တော်မှာမူ စိတ်ကို အံကြိတ်၍ ချုပ်တည်းထားရသည်၊ ကျွန်တော် မရှိတုန်း အညာက သူဌေးသားနှင့်သာ ပေးစားရန် သူလှော်နေသည်၊ အကြောင်းသိလျက်နှင့် မပြောနိုင်ဖြစ်ရသည်မှာ အလွန် နာကြည်းစရာကောင်းလေသည်၊

"အစကပြောတော့ သီတင်းကျွတ်၊ နောက်တော့ သူ့အမေလာရှ သူ့အမေလာပြန်တော့ မိုးကုတ် တစ်ခါသွား၊ ကျွန်မသမီးက ဟင်းရွက်ကန်စွန်း မဟုတ်ဘူးရှင့်၊ ဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူး"

"အို၊ မသိန်းသိန်း နင့်ဟာ တော်တော့၊ ခု ဘယ်လူနဲ့ လိုက်သွားတဲ့လဲ"

"ဘယ်သိမလဲတော့" ဟု ပြော၍ကာ ဟီးချငိုပြန်သည်၊

"ကျွန်မသမီးလေးတော့ ရေတိမ်နစ်ပါပြီ" ဟု ဆိုပြီး အိပ်ရာထဲ လှဲချလိုက်၏။

"ခု တိတိကျကျ ဘယ်သူနဲ့လိုက်သွားမှန်းကို မသိသေးဘူးပေါ့နော် မတင်ညွန့်"

သိန်းသိန်းကို ဆက်မမေးရဲသောအခါ မတင်ညွန့်ကို ဆက်မေးရသည်။

"လိုက်ပြေးသွားတာလား၊ စိတ်ဆိုးပြီး တစ်နေရာရာ ထွက်သွားတာလား တိတိကျကျတော့ မသိရသေးပါဘူး"

"ဘာစိတ်ဆိုးစရာရှိလို့လဲဗျ"

"အဲဒီနေ့မနက်က သိန်းသိန်း သူ့ကို ဆူမိသေးတယ်လို့ ပြောတယ်"

"ဟုတ်မှာပေါ့၊ အဲဒီနေ့ မနက်ရယ် မဟုတ်ပါဘူးဗျာ၊ မသိန်းသိန်းက ရှုပ်ပါကို အမြဲ ဆူနေတာပါ၊ ဒါကျတော့ ထည့်မပြောဘူး၊ ခုတော့ ကျွန်တော့်ပဲ အပြစ် . . ."





"ရှုပ်ပါကို စုံစမ်းဖို့ နင့်ကို သိန်းသိန်း ခေါ်သေးတယ်ဆို၊ နင်ဘာလို့ မလာလဲ"

"ရှုပ်ပါကိစ္စမှန်းမသိလို့ပေါ့ မတင်ညွန့်ရာ၊ မသိန်းသိန်းက ဘုရားဖူးလိုက်သွားတယ်ဆိုတော့ အေးနေတာပေါ့၊ အမေ့ကိုတောင် ဘုရားဖူးလိုက်သွားတယ်လို့ ပြောထားတာ"

"ဟဲ့ ကာလနာ ဘယ်လူနဲ့ဘယ်ဝါနဲ့ လိုက်သွားမှန်း တိတိကျကျ မသိဘဲနဲ့ ကျုပ်သမီး လင်နောက်လိုက်သွားပါပြီတော်လို့ အရပ်တကာ မောင်းခတ်နေရမှာလား၊ ပြောလိုက်ရင် မာနသံလေးနဲ့ ငါမပြောလိုက်ချင်ဘူး"

မတင်ညွန့်အား ကျွန်တော် ပြောနေသည်ကို ကြားသွားသဖြင့် သိန်းသိန်း အိပ်ရာထဲက လှမ်းဆဲသည်၊

"ခင်ဗျား ကြိုဟ်မွှေနေတာပါ၊ ဆိုင်ကို ပိတ်ဖို့ပြောတာလည်း ခင်ဗျားပဲ"

"နင်မပိတ်ချင်ရင် မပိတ်ချင်ဘူး ပြောပါလား"

"ကျွန်တော့်ကို ခင်ဗျား စကားလက်ခံပြောလို့လား"

"တော်ကြစမ်းပါဗျာ၊ ခုဟာကလည်း ဘာမှန်းမှ မသိသေးတာ၊ ကိုအေးဟန်လည်း စုံစမ်းကြည့်ပါဦး"

မတင်ညွန့်၊ သူ့မိန်းမနှင့် ကျွန်တော်တို့အကြားတွင် ကိုအောင်ငွေက တစ်ခွန်းဝင်ပြောသည်၊

"အေးပေါ့ကွာ၊ စုံတော့ စုံစမ်းကြည့်ရမှာပေါ့၊ မတင်ညွန့်၊ ခင်ဗျားတို့ကကော ဘယ်လိုထင်လဲဗျ၊ ပြောကြစမ်းပါဦး၊ ရှုပ်ပါမှာ ရည်းစားသနာများ ရှိသေးလို့လား၊ ဘာပြောသံကြားသေးလဲ"

"ရှင်ကလွဲလို့ ရန်ကုန်မှာ ဘယ်ရည်းစားမှ မရှိဘူး"

သိန်းသိန်းက လှမ်းအော်သည်၊

"နယ်မှာတော့ရှိလား"

"ရှိတယ်၊ အညာမှာ သူဌေးသား၊ ရှင့်ထက် ဆယ်ပြန် . . ."

"ခင်ဗျားကလည်း အကောင်းပြောနေရင် . . ."

မတင်ညွန့်က ပြုံး၏။

"ကျွန်မလည်း မပြောတတ်ဘူး" ဟု ဆိုသည်။ မပြုံးနိုင်သူကတော့ ကျွန်တော်ပင်။

"ကဲ- ကျွန်တော်လည်း ပြန်ဦးမယ်ဗျာ"

"အေး- ခင်ဗျားလည်း စုံစမ်းဗျာ၊ ကျွန်တော်တို့လည်း စုံစမ်းကြည့်ရဦးမယ်" ဟု ကိုအောင်ငွေက ပြော၏။

"မတင်ညွန့်"

မတင်ညွန့်က ကျွန်တော့်မျက်နှာကို ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဗျာ၊ ခင်ဗျား နတ်လေးဘာလေး မေး . . ."

"ညနေကျရင် ကိုယ်တော်ကြီးကို မေးပေးပါ့မယ်"

"ကျေးဇူးပဲဗျာ"

"ကျွန်မ ရှုပါနဲ့ ရှင့်အကြောင်း သိန်းသိန်း ပြောကတည်းက တစ်ခါကြည့်ဖူးတယ်။ ကိုယ်တော်ကြီးက မကြိုက်ဘူး အပေါ်ထွက်လို့ ဂဠုန်ရုပ်နှစ်ရုပ်နဲ့တောင် ယတြာချေပေးထားပါတယ်။ တနင်္ဂနွေသား၊ တနင်္ဂနွေသမီးများကို ကိုယ်တော်ကြီး ခွင့်လွှတ်ပါလို့"

"အေးဗျာ၊ ကျေးဇူးပဲ။ ကျွန်တော် သွားမယ်၊ လက်လှမ်းမီသလောက် စုံစမ်းရမှာပေါ့"

"ဒါပေါ့ရှင့်"

✤ ✤ ✤

"ကိုကို ဆိုင်က ပြန်လာတာလား"

မြဟန်က ဆီးမေး၏။ သူ့အမေးကို မဖြေနိုင်သေး။ မေမေ နိုးနေပလားဟု မေးရ၏။ သိန်းသိန်းအား မနက်ဖြန် အမေ ပြန်တော့မည်ဖြစ်ကြောင်း မပြောမိခဲ့သည်ကို ယခုမှ သတိရလေသည်။ ကာလသည်များစွာ လွန်ခဲ့ပြီ။

အသံကြား၍ထင်သည်။ ချောင်းဟန့်သံပြု၍ အမေ အပြင်သို့ ထွက်လာ၏။ ကျွန်တော် အိမ်ခန်းထဲ ဝင်သည်။ မြဟန်အား ရှုပါ ပျောက်နေကြောင်း ပြောသင့်မပြောသင့် အကြာကြီး ရပ်၍ စဉ်းစားနေ၏။

"ကိုကို အိပ်ဦးမလို့လား"

"မအိပ်ပါဘူးကွာ" ဟု ပြောကာ အပြင်သို့ ပြန်ထွက်လာသည်။ ဆောက်တည်ရာမရ ဟူသော စကားကို သတိရ၏။ အမေ့ရှေ့တွင် ကိုယ်ရှိန်သတ်ရသည်။

"သား ဘယ်တုံးက ထသွားလဲ"

"ခုလေးတင်ပါ အမေ"

"ဆိုင်သွားတာလား"

"ဟင့် . . . အင်း၊ မ . . . မဟုတ်ပါဘူး။ လက်ဖက်ရည် သွားသောက်တာပါ"

"ငါ့သမီး ဘယ်တော့ ပြန်လာမှာလဲ"

ရင်ထဲ နင့်ရပြန်သည်။

"လဝက်လောက်တော့ ကြာမှာပေါ့ အမေရာ" ဟု အသံကို ဖော့၍ ပြောလိုက်ရသည်။

"ထမင်းချက်တော့မယ်" ဟု ပြောပြီး မြဟန် မီးဖိုဆောင်ထဲ ဝင်သွားလေသည်။ ညနေစာအတွက် ဟင်းက ချက်ပြီးသားဖြစ်သဖြင့် မြဟန် နောက်သို့ လိုက်မသွားမိတော့။





ညနေစာ ထမင်းဝိုင်းတွင် နှုတ်ဆိတ်နေမိသည်။ ထမင်းစားလည်း အရသာမတွေ့။ ထမင်းဝိုင်းမှ စောစောထလာ၏။ နည်းလှချေလားဟု အမေက ဆိုသည်။ နေ့လယ်က လက်ဖက်ရည်သောက်ထားလို့ပါဟု ပြောရသည်။

✤ ✤ ✤

"လူလေး အေးဟန်"

"ခင်ဗျာ အမေ"

"လာပါဦး"

"ဟုတ်ကဲ့"

အကြောင်းရှိရမည်ဟု သိလိုက်သည်။ စောစောကမှ မနက်ဖြန် အစောကြီး ထရမည်ဖြစ်သဖြင့် စောစော အိပ်ရာဝင်သွားသည်ဟု ထင်မိ၏။ မြဟန်ကို အိပ်ရာထဲက လှမ်းခေါ်သံကြားရသည်။ သားအမိနှစ်ယောက် ဘာပြောနေကြသည်မသိ မြဟန်၏ရယ်သံကို ကြားရသည်။ ယခု မရှေးမနှောင်းမှာပင် အမေက ကျွန်တော့်ကို လှမ်းခေါ်သည်။

အမေ၏သေတ္တာကို ဖွင့်လျက် တွေ့ရသည်။ အမေ့အနားတွင် ထိုင်လိုက်မှ မြဟန်က သေတ္တာအဖုံးကို ပိတ်လိုက်၏။ မိုးကုတ်သွားတုန်းက ယူသွားသော ယိုးဒယားလွယ်အိတ်ကြီးကိုမူ အပြန့်လိုက်အနားတွင် ဖြန့်ထားသည်။ အမေ့အနားတွင် ဝင်ထိုင်လိုက်သည်။ မြဟန်က ပြုံးနေ၏။

ကတ္တီပါစနှင့် ထုပ်ထားသော အထုပ်ဟာစ်ထုပ်ကို အမေက ဖြေသည်။ လက်ခနဲ မြင်လိုက်ရသော ကျောက်စီလက်ကောက်တစ်ကွင်းနှင့် ကျောက်စီလက်စွပ်နှစ်ကွင်း။

မျက်နှာကို ပြုံးကြည့်သည်။ မျက်စိလွှဲလိုက်မိ၏။ စိတ်ထဲကမူ သိလိုက်လေပြီ။

"ဒါ နင့်အတွက် အမေ ပေးတာ။ ဒါကတော့ မိုးကုတ်က နင့်ညီတွေ ပေးလိုက်တာ။ လက်ကောက်က ကျောက်နဲ့ဆိုတော့ ငါ့သမီးက ကြိုက်မှ ကြိုက်ပါ့မလား။ ရန်ကုန်က မိန်းကလေးတွေက ပြောင်ဝတ်ကြတာ များတယ် ပြောတယ်။ ရွှေချည်းပဲ မောင်နှံခုနစ်ဖော်တို့ ဘာတို့ ဝတ်ချင်ရင်တော့ နင့်မိန်းမ နင်ဆင်ပေါ့။ ဒါက မိဘလက်ထက်ကပင် မဖျက်ကောင်းဘူးနော်။ ဖျက်မခုတ်လိုက်နဲ့၊ ခုက ငါ့သမီး ဘုရားဖူးလိုက်သွားလို့၊ နို့မို့ ငါကိုယ်တိုင် ပြောပြီး မှာပြီးမှ ပေးခဲ့ချင်တာ"

ဘာပြန်ပြောရမှန်းမသိ။ ရင်ထဲက ဝေဒနာသည် လည်ချောင်းထဲသာ၍ ဆို့တစ်နေသည်။ ကျောက်စီလက်ကောက်နှင့် မင်္ဂလာလက်စွပ်နှစ်ကွင်းကို ငေးစိုက်ကြည့်ကာ မျက်ရည်ဝဲလာမိသည်။

ရှုပ်ပါ့အပေါ်တွင် အမေ သံယောဇဉ်မည်မျှရှိနေပြီ ဆိုသည်ကို သိရ၍ စိတ်မကောင်းဖြစ်ရသည်။ သူ့အမေက ရှုပါအား အရင်က ပြော



www.burmeseclassic.com

www.burmeseclassic.com

ဖူးသည်၊ မျက်နှာပွင့်သူ၊ စန်းရှိသူ။ အမေသည် ရှုပ်ါကို တွေ့တွေ့ချင်း သံယောဇဉ်ကြီးသွားရသည်။ အစက သဘောမတူသော မြဟန်သည် နောက်ပိုင်း၌ ရှုပ်ါကို တစ်အူထုံ့ဆင်း နှမအရင်းထက်ပင် သံယော ပိုကဲသလား ထင်ရသည်။ ရန်ကုန်လာ၍ ခဏတွေ့သွားသော ညီ လှဟန်ကလည်း ရှုပ်ါကို တွေ့တွေ့ချင်း ခင်သွားသည်။ ရုပ်မမြင်ရ သော သောင်းဟန်တို့ လင်မယားကမူ ရှုပ်ါအတွက် လက်စွပ်ပင် လက် လိုက်ကြလေပြီ။ မောင့်ရှုပါလေးသည် အသံကြား သနားပါစေ၊ မျက် မြင် ချစ်ခင်ပါစေ ဟူသော ဆုတောင်းနှင့် ပြည့်သူလေးပါတကား။

စိတ်ထဲက တမ်းတရသော ရှိုက်သံများကို အောင့်ထားရလွန်း၍ ထဲ တင်းကျပ်နေသည်။ အမေကမူ လုံးဝ ရိပ်မိပုံမရ၊ မြဟန်ကလည် အခြေအနေမှန်ကို မသိသေး။

"အမေ့လက်ကောက်ကြီး ရှုပါက အောက်လိုက်တာပြောမှာ အမှန်ပဲ ကိုကို၊ ဦးကြီးအမေ နားတောင်းကြီးကလည်း ဟက်နေတာပဲ ကျွန်တော့်ကို နောက်တယ်"

မြဟန်ကို ဘာစကားမှပြန်မပြောနိုင်။ ရှုပါသာ အနားတွင်ရှိနေလျှ ဟူသော အတွေးကြောင့် ရင်ထဲပို၍နာလာ၏။

"အမေပြောတာ ကြာလား အေးဟန်၊ ရွှေက တန်ဖိုးမရှိစေ ကျောက်တွေက တန်ဖိုးရှိတယ်နော်၊ မိန်းမငယ်ငယ်လှလှလေးက ဘ နှယ်ညာနှယ် ဆိုတာနဲ့ ဖျက်မလုပ်လိုက်ပါနဲ့။ ငါမှာခဲ့ပါရစေ။ မိဘလ ဝတ်လက်ရင်း ပစ္စည်းဆိုတာ အိမ်ထောင်ဦးမှာ မထုခွဲကောင်းဘူး။ ရွှေ တန်ဖိုးမရှိဘူးပေမင့် ခုရွှေမဟုတ်ဘူး၊ ရွှေတုန်းက ရွှေပုရပိုက်ခေါက် စစ်၊ ပန်းတိမ်ကိုသာ ရောက်သွားရင် တစ်ကျပ်ခွဲသားက သုံးလေး ဖြစ်သွားမှာ။ ဖျက်မလုပ်စေနဲ့နော်၊ မောင်နှံခုနစ်ဖော်ဝတ်ချင်ရင် မင်း သာမင်း ခုတ်ပေးပေါ့။ ပိုက်ဆံရှိတယ်မဟုတ်လား"

"ရှိ . . . ရှိပါတယ် အမေရယ်"

အမေ၏မျက်လုံးအကြည့်တစ်စွေ့ကြောင့် မလုံမလဲဖြစ်မိသွားသည် ငိုသံပါသွားသလားထင်မိ၏။ မြဟန်ကလည်း ထူးထူးခြားခြား မျက်မှော တစ်ချက် ကြုတ်သွားသည်။

"နင့်ညီမက ရွှေပုံကြီးလိမ်မို့ မဝတ်ချင်ဘူးတဲ့။ ဒီမှာ ဖျက်လုပ်ခိုင်း လူကြုံရင် အမေ ပေးလိုက်မယ်။ ပုရပိုက်ခေါက်မဟုတ်ပေမင့် ခုရွှေ ထက် အများကြီးသာတယ်။ ဒင်္ဂါးရွှေပဲ။ သမီးလေးမှာ ဆွဲကြိုးမရှိ မဟုတ်လား"

"အမေက ကိုကို့အတွက်ချည်းပေးမနေနဲ့။ ကျွန်တော်တို့အတွ လည်း ထားဦးဗျ"

"ဟဲ့- နင်က ဘုန်းကြီးလုပ်မယ်ဆို" ဟု ရယ်၍ ပြောသည်။

"ဘုန်းကြီးလုပ်လည်း သူ့အမွေတော့ ပေးရမှာပေါ့ အမေရာ"





ဆိတ်ဆိတ်နေလျှင် ရင်ထဲ ပိုတင်းကျပ်လာသလား ထင်မိ၍ ဝင်ပြောလိုက်ရ၏။

"အလကားပြောတာနော် ကိုကို၊ ရှုပါ ရှိနေရင် ကျွန်တော့်ကို အမွေမရမှာ ကြောက်လိုက်တာ ပြောနေဦးမယ်"

မြဟန် ပြောမှ ပိုဆိုးသွား၏။ ခု မောင့်ရှုပါလေးသည် ဘယ်ဆီဘယ်ဒေသကို ရောက်နေပါလိမ့်။ အမေကတော့ လုံးဝ ရိပ်မိပုံမရ။

"ငါ့သားငယ်တွေအတွက်လည်း အမေ့မှာ ရည်မှန်းပြီးသား ရှိပါတယ်၊ ဘယ်မှာလဲ နင်တို့မှာ လက်ဆုပ်လက်ကိုင်၊ အေးဟန်လို အမေ့ကို ပြလေ" ဆို၏။ မြဟန်က ရယ်နေသည်။

"နောက်တော့ ပြပါ့မယ် အမေရယ်"

✤ ✤ ✤

"ငါ့သမီးသာရှိရင် မိုးကုတ်သွားတုန်းကလို လိုက်ပို့ဦးမှာ" ဟု လေယာဉ်ပေါ် တက်ခါနီးထိ ပြောသွားသော အမေ့စကားကို တစ်လမ်းလုံး ကြားလာမိသည်။ ရင်ထဲမှာ အောင့်ထား၍ မရတော့။ အိမ်ရောက်အောင်လည်း မစောင့်ချင်၊ ကားပေါ်၌ပင် မြဟန်ကို ပြောရသည်။

"မင်းပြောတာ မဟုတ်ဘူးကွ"

အရင်းမရှိ အဖျားမရှိဘဲ ပြောမိလိုက်သော ကိုယ့်စကားကိုယ် သတိမထား။ မြဟန်က ကြောင်ပြီး-

"ဘာလဲ ကိုကို၊ ကျွန်တော်တို့အတွက်လည်း ထားပါဦးလို့ အမေ့ကို နောက်တာလား" ဟု ဆိုသည်။

သည်ကောင် သဘောမပေါက်အောင်ဖြစ်သွားမှ လိုရင်းကို ထည့်ပြောရန် သတိရတော့၏။

"ရှုပါ အညာကို ဘုရားဖူးလိုက်သွားတယ် ဆိုတာ မဟုတ်ဘူးကွ"

"ဟင်- ဘုရားဖူးသွားတာ မဟုတ်ဘူး"

မြဟန်က လှည့်ကြည့်၍ အံ့သြနေ၏။

"ဘုရားဖူးလိုက်မသွားတာ သေချာတယ်"

"ဒို့ ဘယ်သွားလဲ"

ရုတ်တရက် အသံမထွက်ဝံ့ ဖြစ်သွားသည်။ ခေါင်းယမ်းပြရ၏။ ပြီးမှ စိတ်ကိုထိန်း၍ အသံကိုညှိကာ ပြောရလေသည်။

"ဘယ်ကိုသွားတယ်ဆိုတာ မနေ့က ညနေထိ ဘယ်လူမှ မသိကြသေးဘူး။ သူတို့လည်း ဒေါင်းတောက်နေပြီ ပြောတယ်"

"ကိုကိုက ရှုပ်ါကို ဆူမိလို့လား"

"ငါမဆူပါဘူး၊ မီးပျက်တဲ့မနက်က သူ့အမေပဲ သူ့ကို ဆူတယ်လို့ မတင်ညွန့်က ပြောတယ်"

"နတ်ကတော် မတင်ညွန့်လား"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ပြရပြန်သည်။

"နောက်တစ်ယောက်ယောက်နဲ့ လိုက်ပြေးသွားတာလား"

စိတ်နှင့်အသံကို ထိန်းပြောသော်လည်း-

"မပြောတတ်သေးဘူးကွာ" ဟူသောစကားသည် သိသိသာသာ ကွဲအက်နေလေသည်။

"ဘယ်နေ့ကလဲ ကိုကို"

"မီးပျက်တဲ့နေ့ ညနေကပင်တဲ့"

"ဟာ- သုံးလေးရက်တောင် ရှိပြီပဲ"

"အင်း . . ."

"မှယာ ပြောတယ်၊ သိန်းသိန်းက ဘုရားဖူးလိုက်သွားတယ်လို့ ပြောတယ်ဆို"

"မသိန်းသိန်းကို ငါ မေးပြီးပြီ။ ဘယ်လူဘယ်ဝါနဲ့ လိုက်မှန်းမသိ ဘာမှန်းမသိတော့ အိမ်နီးနားချင်းတွေကို ကောင်းအောင်ကြည့်ပြောထားတာတဲ့"

"အလဲကား ပြောတာ ကိုကို၊ ဘာမှ မဟုတ်ဘူး။ သူ့ဉာဏ်ချည်းပဲ။ အညာက ဓာတ်ပုံဆရာ သူဌေးသားနဲ့ ဆက်သွယ်ပြီး ရှုပ့်ါကို သူကိုယ်တိုင်ထည့်ပေးလိုက်တာ ဖြစ်ရမယ်"

ကားစတီယာရင်ကို သတိထားဆုပ်ကိုင်ရင်းက မြဟန်ကို ခေါင်းယမ်းပြလိုက်မိသည်။

"တော်တော် လည်တဲ့ဟာတွေ၊ ကိုကို မသိပါဘူး မသိန်းသိန်း အစီအမံတွေ နေမှာပါ။ ကျွန်တော် သွားကြည့်ဦးမယ်"

မြဟန်က အတည်ပေါက် ပြောနေသောအခါ စိတ်က ဝိုးဝါးသွားသည်။ တကယ်များလား ဟူသော အတွေးကြောင့် ရင်ထဲ ပိုဟာသွား၏။

ရိုးရိုးသားသား စိတ်ညစ်ပြီး ဆွေမျိုးအိမ်တစ်အိမ် တစ်နေရာရာသို့ ထွက်သွားသည်ဆိုလျှင် ရှုပါနှင့် ပြန်ဆုံနိုင်သေး၏။ မြဟန် ပြောသလို သိန်းသိန်းအစီအမံနှင့်သာ ရှုပါ သွားပြီဆိုလျှင်တော့ . . .။

"မင်းကို ငါ စိန်ပန်းမြိုင်မှာ ချထားခဲ့မယ်။ သူငယ်ချင်းကို ကားသွားပေးလိုက်ဦးမယ်။ ရန်ကုန်ထဲက ပြန်လာမှ ငါ ဝင်မယ်"

"ဟုတ်ကဲ့၊ အခြေအနေ ကျွန်တော် အရင် သွားကြည့်လိုက်မယ်"

✤ ✤ ✤

"စောစောကတောင် ကိုမြဟန် လာသွားသေးတယ်။ ရှင်က သူငယ်ချင်းကား ပြန်ပေးရအောင် ရန်ကုန်ထဲ သွားတယ်ဆို" ဟု ကိုသိန်းတန်မိန်းမ မသန်းဌေးက မျက်နှာမြင်မြင်ချင်း ပြော၏။ သူလည်း မျက်နှာမကောင်း။ ဘာစကားမှ ပြန်မပြောမိသေး။ အခြေအနေ ထူးခြားနေပါလားဟု စိတ်ထဲကဝေဝါးသွား၏။ သိန်းသိန်းသည် စောင်ပါးလေးတစ်ထည်





ခြုံကာ အိပ်ရာထဲတွင် လဲနေသည်။ မသန်းဌေးက သူ့အနားတွင် ငုတ်တုတ်ထိုင်နေ၏။ မသန်းဌေးအနားတွင် ထိုင်လိုက်၏။ သိန်းသိန်း၏ရှိုက်သံက ပိုကျယ်လာသည်။ သူ့ဆီသို့ အကြည့်တစ်ချက် ရောက်သွားသည်။ စောစောက ငိုထားပုံရ၏။ မျက်နှာတစ်ခုလုံး နီရဲနေသည်။

"ကိုအေးဟန်တို့များ ထူလိုက် အ,လိုက်တာ။ ကိုရီတို့နဲ့များကွာပဲ။ ရှင် နည်းနည်းလေးမှ မရိပ်မိဘူးလား"

မသန်းဌေး၏စကားကို နားဝေတိမ်တောင် ဖြစ်သွားသည်။ သူ့အစ်ကို ကိုရီနဲ့ အနှိုင်းခံရသဖြင့် စိတ်ထဲလည်း မျက်သွားသည်။ ဘာလဲဗျာဟု မျက်နှာကို စေ့စေ့ကြည့်၍ မေးမိ၏။

"ရှင် လုံးဝ မသိဘူး"

"ဘာကို သိရမှာလဲ"

"ရှင် သိတာ ဘာရှိလဲ၊ နည်းနည်းဆို ကျွန်မတို့ကို ဆူဖို့ မာန်ဖို့ပဲ ရှင် သိတယ်။ ရှုပါ ဟိုဟိုဒီဒီ ထွက်တာ မသင်္ကာလို့ ကျွန်မ လိုက်လိုက်ချောင်းတာတောင် သားသမီးသိက္ခာကို ခင်ဗျား ချနေတာပဲ ညာပဲနဲ့ ဆူသေးတယ်။ ကဲ- ခုတော့ ရှုပါ လုပ်သွားတာ ကြားလို့ကောင်းသေးရဲ့လား။ ရှု . . . ပါ လုပ်သွားတာ ကြားလို့ကောင်းသေးရဲ့လား ဟီး . . . ဟီး"

ငိုသံတစ်ဝက်နှင့် သိန်းသိန်းက ပြော၏။

"ရှုပါ ဘာလုပ်သွားလို့လဲ"

"ဘာလုပ်သွားရမလဲ၊ အရင် ကျွန်မတို့ခိုင်းထားတဲ့ မောင်တင်ဦးနဲ့ ရှုပါ လိုက်ပြေးသွားပြီရှင့်"

မသန်းဌေးက ပြောသည်။

"ဗျာ- ဘယ်က မောင်တင်ဦး"

"အရင်က ဒီမှာ ပရိဘောဂလုပ်နေတဲ့ ကောင်လေးလေ။ ဆံပင်ရှည်ရှည်၊ အရပ်ပုပုနဲ့ကောင်လေး။ ရှင် မမှတ်မိဘူး"

အစကမူ နှောက်နေသလားဟု ထင်၏။ မောင်တင်ဦးဟူသော နာမည်ကိုပင် မှတ်မှတ်ရရ မရှိမိ။ ယခု မသန်းဌေးပြောမှ သူ့ရုပ်သွင်က ပေါ်လာသည်။

ယခင် ရှုပါတို့အိမ် ယခု ဆိုင်ခန်းတွင် ပရိဘောဂလုပ်စဉ်က ဆံပင်အဆမတန် ရှည်ပြီး အသားမဖြူမညိုနှင့် သွက်သွက်လက်လက် ကောင်လေးတစ်ယောက်၊ တစ်ခါက ရှုပါ ရေခဲမုန့်ဝယ်လာပြီး နင်စားမလားဟု မေးသည်ကို သတိရ၏။ မောင်တင်ဦးက နင်စားပြီးသားဟုတ်လား၊ ငါ ခွဲတယ်ဟု ဆိုသဖြင့် ရှုပါက ရေခဲမုန့်တော်ခွက်နှင့် ပစ်ပေါက်သည်ကို မြေမကျခင် ရအောင် ဖမ်းစားသွားသော ကောင်လေး။ နားရှိ၍သာ ကြားလိုက်ရသော်လည်း ဘယ်လိုမှ မယုံမိ။ တကယ်လားဗျာဟု မေးမိလိုက်၏။

"တကယ်ပဲ ကိုအေးဟန်ရယ်၊ ရှင့်လိုပဲ အစကတော့ ကျွန်မတို့လည်း


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မယုံမိဘူး။ ရှုပါ ပျောက်သွားတာနဲ့ ပတ်သက်လို့ ဒီကောင်လေးကို ဘယ်လိုမှ မဥပါဒ်မိဘူး။ ရှင့်တောင်ထင်သေးတာ။ ရှုပ့်ါဆီက စာရောက်လာမှ သိရတယ်။ အဲဒါ သူ့အမေအဖြစ်ကိုလည်း ကြည့်ပါဦး၊ သမီးစိတ်နဲ့ လဲနေပြီ"

ရှုပ့်ါကို ဆုံးရှုံးလိုက်ရပြီ ဟူသော အသိကြောင့် ရုတ်တရက်မူ ဣန္ဒြေမရ ဖြစ်သွား၏။ မျက်နှာ မည်မျှ ပျက်နေလိမ့်မည်ကို မိမိကိုယ်တိုင်သိ၏။ ဘယ်လိုမှ ထိန်းမရပေ။

"ရှုပ့်ါဆီကစာ ဘယ်တုံးကရလဲ"

"မနေ့ကတဲ့၊ ခုလေးတင်ပဲ သိန်းသိန်းပေးလို့ ကျွန်မ ဖတ်ပြီး ချထားတာ။ ရော့- ရှင် ဖတ်ကြည့်ဦး"

မသန်းဌေး လှမ်းပေးသောစာကို ယူဖတ်ကြည့်သည်။

*သို့ . . .*

*ကျေးဇူးရှင် အဘကြီးနှင့် မေမေ ဦးဦးတို့ရှင့်၊ မိဘစကားကို နားမထောင်မိတဲ့ သမီးမိုက်မကို ခွင့်လွှတ်ကြပါ။*

*သမီးချစ်တဲ့ ကိုတင်ဦးနဲ့ လိုက်သွားပါပြီ။ ခု ကျွန်မတို့ မန္တလေးကို သွားတယ်။ ရှာမနေကြပါနဲ့။ သမီးမိုက် ရှိခိုးကန်တော့ခဲ့ပါတယ်။*

*အမိုက်မ ရှုပါ*

မလှပသောအပြုံးနှင့်အတူ စာကို ပြန်ပေးလိုက်သည်။ ဘာပြောရမှန်းမသိ၊ ဘာလုပ်ရမှန်းမသိဘဲ သိန်းသိန်း၏မျက်နှာကို တစ်ချက်ကြည့်မိ ၏။

"ခွေးလို လုပ်သွားတဲ့ကောင်မ၊ ဒင်းကို ငါ တစ်သက်မကျေဘူးမှတ်။ သေခန်းရှင်ခန်းဖြတ်မယ်။ လူကြီးတွေ လက်နဲ့ရေးတာ ခြေနဲ့ဖျက်သွားတဲ့ အမိုက်မ။ ကျုပ်ကို ခွေးလုံးလုံးဖြစ်အောင် လုပ်သွားတဲ့ကောင်မ။ ဟီးဟီး ငါ့မှာဖြင့် ပြောစကား ဆိုစကား နားထောင်ပါစေရယ်လို့ ဘာဝတ်ချင်လဲ၊ ဘာလိုချင်လဲ အထည်ဆိုလဲ ပေါ်တိုင်းဝယ်ပေး။ ဒီကျေးဇူးတွေကို ဒင်း မထောက်ဘူး။ တခြားလူနဲ့ဆို ကျုပ် ဘာမပြောဘူး။ ခုတော့ သားရေပေါ် အိပ် သားရေနားစား ဖဲသမားကျပိုးတေလေနဲ့မှ လိုက်ပြေးရတယ်လို့။ ကျုပ် ဘယ်လိုလုပ် ဒီရပ်မှာ မျက်နှာပြရတော့မလဲ"

"သူကြိုက်လို့ သူ လိုက်သွားတာပဲ ယောက်မရယ်၊ စိတ်ကို တရားနဲ့ဖြေပါ။ ကောင်လေးက လက်သမားအလုပ်တော့ ကျွမ်းကျွမ်းကျင်ကျင် တတ်ပါတယ်။ ဖဲရိုက်တယ် ဆိုတာလည်း အိမ်ထောင်ရက်သားနဲ့ဆို ပြတ်သွားပါလိမ့်မယ်"

မသန်းဌေးက အနားတွင် ထိုင်၍ တရားချ၏။

သိန်းသိန်းက ဤရပ်ကွက်တွင် သူက ဘယ်လိုလုပ် မျက်နှာပြရမလဲ ဟူသော စကားသည် ကျွန်တော့်နှလုံးသားကို တည့်တည့်လာမှန်၏။ ရပ်ကျော်ရွာကျော် သမုတ်ခံထားရသူ တစ်ယောက်မှာလည်း မည်သို့မျက်နှာ





ထားရမည်နည်း။

"အစ်ကိုကဆို ဒီအလေနတောနဲ့ ဖြစ်မှာစိုးလို့ ကျွန်မကို အမြဲ သတိပေးနေတာ။ ဒီကောင့်ကိုများ ဒင်း ဘာမက်စရာရှိလဲ။ အဲဒါ ဖြစ်မှာစိုးလို့ နည်းနည်းအနေပျက်တာနဲ့ အေးဟန်ကို နင် မကြိုက်ဘူးလား သမီး၊ မကြိုက်ရင်လည်းပြော၊ မြဲမနေနဲ့။ ဟိုသစ်စက်က ဦးကြီးလှသားလည်း နင့်ကို စ,တယ်ဆို။ နင်ကြိုက်လား။ ပြီးတော့ အညာက ဦးကျော်ပြောတဲ့ ဓာတ်ပုံဆရာကော ဘယ့်နှယ်လဲ၊ နင်ကြိုက်နေတဲ့လူများ ရှိနေလား အမေ့ကို ပြောပါလို့ ကျွန်မမှာ တစ်မေးတည်း မေးရတယ်။ ဘာမှ မပြောဘူး။ အမေတို့သဘောပါတဲ့။ အေးဟန်ကိုများ စိတ်မတွေ့လေသလားလို့ ကျွန်မ တိုးတိုးမေးကြည့်ရတာ။ ခုတော့ ကိုယ့်ရပ်ကလေး ရွှေပန်းစက်မှ အားမနာဘူး၊ ခွေးလို လုပ်သွားတယ်"

"အို ဒါတော့ သူကြိုက်လို့ သူ လိုက်သွားတာပဲဗျာ။ ပြောမနေပါနဲ့တော့"

အညာက ဓာတ်ပုံဆရာ ဟူသော သိန်းသိန်း၏ နှုတ်ထွက်စကားကို မကြားလိုသဖြင့် ပြောလိုက်မိသည်။

"ရှုပါ ဆိုတာ ရှိပါသလားရှင်"

သိန်းသိန်းက ခေါင်းမော့ကြည့်၏။ မသန်းဌေးနှင့် ကျွန်တော်တို့က အိမ်ရှေ့သို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

အသက်နှစ်ဆယ်ကျော် မိန်းမငယ်တစ်ယောက်နှင့် ဆယ့်သုံးနှစ်ခန့် မိန်းကလေးတစ်ယောက် အိမ်ရှေ့တွင် မတ်တတ်ရပ်နေကြသည်။ သူတို့နောက်တွင် ဆိုက်ကားသမားကြီးတစ်ယောက်။

"ဩော်- ဘာကိစ္စပါလဲရှင်"ဟု ပြောပြီး မသန်းဌေး ထသွား၏။

"ကျွန်မတို့ မင်းဘူးကပါ။ ဒီက ရှုပါကို ဒါလေးဝင်ပေးသွားပါဆိုလို့ ဝင်လာတာပါ။ ရှုပါက အစ်မနော်"

"ကျွန်မ မဟုတ်ပါဘူး။ ခု ရှုပါ မရှိဘူးရှင့်၊ ကျွန်မက ရှုပ့်ါအဒေါ်ပါ။ သူ့အမေလည်း ရှိပါတယ်။ နေမကောင်းလို့ ထွက်မလာတာပါ။ တက်ဦးလေ ညီမ"

"မတက်တော့ဘူး အစ်မရယ်၊ လမ်းထိပ်မှာ ဘုရားဖူးယာဉ်စောင့်နေလို့ပါ။ ရှုပါ လာရင်သာ ဒါလေးပေးလိုက်ပါရှင်။ ခွင့်ပြုပါဦး"

မသန်းဌေး လက်တွင် စာအိတ်ကြီးတစ်အိတ် ပါလာသည်။ ရှုပါ အမှတ် ၃၄၊ အောင်မင်္ဂလာလမ်းဟု စာအိတ်ကြီးပေါ်တွင် လိပ်စာရေးထားသည်။

"ဘာလဲ၊ ဖွင့်ကြည့်ပါဦး မသန်းဌေး" ဟု သိန်းသိန်းက ပြော၏။

မသန်းဌေးက စာအိတ်ကြီးကိုဖွင့်၏။ ဟော့ဒီမှာလည်း စာတစ်စောင်။ ရော့- ကိုအေးဟန် ဖတ်ကြည့်စမ်း" ဟု စာအိတ်ကို ကျွန်တော်အား လှမ်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟောတော့ ဓာတ်ပုံတွေ၊ ရှုပါ့ပုံတွေပဲ"ဟု ပြောသဖြင့် မျက်လုံး တစ်ချက် ဝေ့ကြည့်မိသည်။ ခြောက်လက်မနှစ်ပုံနှင့် ရှစ်လက်မရောင်စုံ ဓာတ်ပုံလေးပုံ။

စာကို ကိုင်ထားရင်းက ဓာတ်ပုံတွေကို ငေးကြည့်နေမိသည်။ အောက်စက်တော်ရာရှိ မန်းချောင်းထဲတွင် ရှုပါသည် ရေကစားနေ၏။ ဓာတ်ပုံများမှာ ရှစ်လက်မ ရောင်စုံဖြစ်သဖြင့် နှဖူးနှင့် ပါးပြင်တွင် ရေသီး ရေမှုန်လေးများကိုပင် မြင်သာသည်။ ထဘီရင်ရှားနှင့် ရေထဲက တက်လာ ပြီး ကျောက်တုံးကြီးတစ်ခုပေါ်တွင် ထိုင်နေ၏။ ဖြန့်ချထားသော ဆံထေ သာအလှက ထင်းနေ၏။ နောက်တစ်ပုံကမူ ရေကူးနေသောပုံ။ နောက် တစ်ပုံကမူ ကျောက်ခဲသလဲသောင်ပြင်ပေါ်တွင် ဝမ်းလျားမှောက်၍ ပန်း ပွင့်ကြီးတစ်ပွင့်ကို မွှေးကြူနေ၏။ နောက်တစ်ပုံကမူ ဝေသီမြင့်ခေါင်သော အထက်စက်တော်ရာဘုရားကို လှမ်းငေးနေသည့်ပုံ။ နောက်တစ်ပုံက ပန်းစည်းနှင့် ဘုရားကို လက်အုပ်ချီလျက်။ အားလုံး ခြောက်လက်မ၊ ရှစ် လက်မ ဆေးရောင်စုံ ပုံပေါင်းခြောက်ပုံ။ အသေးလေးများကိုမူ မျက်စိထဲ မမြင်တော့။ လှပသောရှုပါ၏ပုံများကို ငေးကြည့်ကာ ရင်ထဲ ပူလောင်လာ၏။

"ကိုအေးဟန်"

"ဗျာ"

"ဘယ်က ဘယ်လူပို့လိုက်တာလဲ၊ စာကိုလည်း ဖတ်ကြည့်ပါဦးရှင့်"

မသန်းငွေက ပြောမှ စာကို ဖောက်ဖတ်ရန် သတိရလေသည်။

ဝမ်းသာလိုက်တာ ရှုပါရေ။ ယုံတောင် မယုံမိဘူး။ ရန်ကုန်သူ အချောက တို့တောသားကို ပတ်သွားပြီလို့တော့ မထင်ရက်ပါဘူး။ အကြောင်းတစ်ခုခုကြောင့် ဓာတ်ပုံ ရွှေ့မသွားဘူးလို့ပဲ ထင်ပါတယ်။ တစ်နေ့ လာနိုးလာနိုးနဲ့ မျှော်လိုက်ရတာ ခုတော့ ဆယ်လတောင် ကျော်လာခဲ့ပြီ။

ကိုယ် ရန်ကုန်ကို ခဏခဏရောက်ပါတယ်။ ဓာတ်ပုံပစ္စည်းဝယ်ရ ပေ့ါ။ ကိုယ်တို့ ကုန်ကားကလည်း ရန်ကုန်လာတတ်ပါတယ်။ ရှု လိပ်စာ ပေးထားခဲ့ပေမင့် မလာရဲပါဘူး။ သူဌေးသမီး တိုက်ကြီး ကြီးနဲ့ နေတယ်ထင်လို့လေ။ ခု ရှုပ့ါဆီက စာလာမှ၊ ရှုပါကလည် လိုလိုချင်ချင် ရှိတယ်ဆိုတာ သိရမှ နက်ကတစ်အဟောင်းတွေ ရှာရတာ။ နည်းနည်းကြာသွားတာကို ခွင့်လွှတ်ပါ။ စာတိုက်က ပို ပျောက်မှာစိုးလို့ တမင် လူကြုံနဲ့ ပေးလိုက်ရတာပါ။ ပျော်လိုက် ရှုပါရယ်။ မျှော်ရစောင့်ရကျိုးနပ်ပါပြီ။ ဓာတ်ပုံနဲ့ စာရရချင်း အ အကြောင်း အမြန်ဆုံး စာပြန်ပါ။ ဦးလေးကျော်နဲ့ ပြောခိုင်းလိုက် က အမေ အဖေတွေလည်း သဘောကျပါတယ်။ ကောင်မလေး လည်း မငြင်းပါဘူး။ ဒါပေမင့် စကားလွန်ထားပြီဆိုတော့ ကိုယ် လိုက်ရတာလေ။ ဦးလေးကျော်က ပြောတယ်။ ဒါပေမင့် မျှော်

ချက် ရှိပါတယ်တဲ့။ ကောင်မလေးအမေက မင်းဘက်ကို ပိုအလေး သာပါတယ်တဲ့။ အစကတော့ နှစ်သိမ့်စကားထင်တာပေ့ါ။ ခု ရှုပါက စာရေးလိုက်မှ ရှင်းတော့တယ်။

အဲဒီလူကြီးက ရှုပ့ါထက် အသက်ကလည်း ထက်ဝက်တောင်ကြီး တယ် ဟုတ်လား။ အိမ်မှာ ဆိုင်လာဖွင့်ပြီး သူက အမေ့ကို လက်ရ ထားတော့ ဟုတ်တာပေ့ါ ရှုပါရယ်။ ချက်ချင်း မငြင်းသာဘူးပေ့ါ။ ရှုပါပြောသလို အဲဒီလူကြီးက ယောင်ထွက်၊ ပွဲစားလိုလို လေလံ ကန်ထရိုက်တာကြီးလိုလို ဆိုတော့ အမေက အထင်ကြီးလို့ လက်ခံမိ တာ အပြစ်မဆိုသာပါဘူး ရှုပါရယ်။ ယောင်ကထွက်လာတဲ့ လူတွေ ဟာ ယောင်ထဲက ဖိုးတွန်တီးတွေနဲ့ ပေါင်းဖူးတော့ လူတွေအထင်ကြီး အောင် သိပ်ပြီး ဖိုးတွန်တီးလုပ်တတ်တာ။ ဒါပေမင့် ဟန်ဆောင်မှု အတုယောင်ဆိုတာ ခဏပါ ရှုပါရယ်။ ခုတော့ အဲဒီ လူကြီး အခြေ အနေ မဟန်မှန်းသိလို့ ရှုပ့ါကိုပါ အမေက နားချတယ်ဆိုတော့ ကိုယ်က အမေ့ကို ကျေးဇူးတင်ရမှာပေ့ါနော်။ ရှုပါကလည်း ကိုယ့်ကို တကယ် ချစ်ပါတယ် ဆိုတော့ ဘယ်ပြောကောင်းမလဲလေ၊ သိပ်ပျော် ပေ့ါ။ အဲဒီလူကြီး သူ့အမေနဲ့ မိုးကုတ်သွားတယ် ဟုတ်လား။ ပြန်လာ ရင် နားဖောက်မယ်ဆိုတော့ ကိုယ်က အဲဒီလူကြီး မပြန်မလာခင် လာရမယ်ပေ့ါနော်။ လူကြီးက တစ်လ နှစ်လ ကြာမယ်ဆိုတော့ ဒီလကုန်မှ ကိုယ်လာခဲ့မယ်။ အမေအဖေတွေရော ဦးလေးကျော်ပါ တစ်ပါတည်း ခေါ်လာခဲ့မယ်။ ခု အလုပ် နည်းနည်းများနေလို့ပါ။ ရက်ပိုင်းလောက်ပဲ သည်းခံလိုက်ပါနော်။ ကိုယ်ကတော့ လပေါင်း များစွာ ဆွေးခဲ့ မျှော်ခဲ့ရသူပါ ရှုပါရယ်။ လက်ထပ်ပြီးရင် ဒီနှစ် ရွှေစက်တော်ဘုရားမှာ ကိုယ်တို့ ဓာတ်ပုံတွေ အများကြီး ရိုက်ကြတာ ပေ့ါနော်။

ရှုပ့ါအမေကို ပြောထားလိုက်ပါ။ ဟိုလူကြီး မိုးကုတ်က မပြန်ခင် ကိုယ်တို့ ဆက်ဆက် အရောက်လာခဲ့မယ်လို့ . . .။

အချစ်များစွာနဲ့

ရှုပါရဲ့ သန်းတင့်ကျော်

ရှည်လျားသော သက်မကို အတိုင်းအဆမရှိ ချလိုက်မိသည်။ ကြေကွဲဝမ်းနည်းရမှုများနှင့်အတူ နာကြည်းမှုဒေါသသည်လည်း ချက်ချင်း ထွေလာ၏။ ခြော်- သူတို့သားအမိတွေက ကိုယ့်လမ်းနဲ့ကိုယ်ပါလား။ မိသည်လည်း မိမိလမ်းကို မိမိဆက်လျှောက်ထွက်ခွာရုံပါလားဟု သိလိုက် ရသည်။

"ဘယ်ကစာလဲဟင် ကိုအေးဟန်"

"အညာက ဓာတ်ပုံဆရာ ကိုသန်းတင့်ကျော်ပါတဲ့။ မသန်းငွေ ရွှေ ... ာလည်း ဖတ်ကြည့်ပါဦး။ ပြီးတော့ မသိန်းသိန်းကို ပေးလိုက်ပါ





www.burmeseclassic.com

www.burmeseclassic.com

သိန်းသိန်းသည် ခေါက်ခနဲ ထထိုင်သည်။ သန်းတင့်ကျော် ဟုတ်လားဟုလည်း ရေရွတ်သည်။ မျက်နှာပျက်သွားသည်။ ငိုထားသော်လည်း ပျက်သွားသောမျက်နှာက သိသာသည်။ သူ ဖြစ်ချင်တာလည်း မဖြစ်။ ကျွန်တော် ဖြစ်ချင်တာလည်း မဖြစ်သဖြင့် ကျွန်တော်က သူ့ကို စကားနာမထိုးချင်တော့။ သူနှင့်ကျွန်တော်သည် နှစ်ယောက်စလုံး လှည့်စားခံရသူ။ မိမိထက် အသက်ထက်ဝက်မက ငယ်သော သူငယ်နှပ်စား မိန်းကလေးတစ်ယောက်ဆီတွင် နှပ်ပစ်ခံရလေခြင်းဟု ဝမ်းနည်း၍ နှုတ်ဆိတ်နေမိ၏။ သိန်းသိန်းကမူ ကျွန်တော်ကဲ့သို့ နှုတ်ဆိတ်နေနိုင်သူ မဟုတ်ပါလား။

"ကြည့်စမ်း၊ ငါကတော့ ငါ့သမီး နို့နံ့တောင် မပျောက်သေးဘူးမှတ်နေတာ၊ ဘယ်လောက် လည်တဲ့ကောင်မလည်း ဦးကျော်လာပြောတုန်းကပင် အစဉ်းသိအချင်းသိ အေးဟန်နဲ့ ပေးစားမယ်လို့ ငါပြောလိုက်ပြီးသား။ အဲဒါ ခုတော့ ငါ့ပါ မကောင်းဖြစ်အောင် လှည့်တိုက်သွားတယ်။ ဒီအလည်မတော့လား နေနှင့်ဦး သိပ်လည်တဲ့ကောင်မ၊ ငါမသိဘဲ သူ့အဖေဆီ သွားလားသွားရဲ့။ ပြီးတော့ ဟို တစ်လောက သူ့အဖေဆီ သွားပြီ ပြတယ်တဲ့။ အေးဟန်ကို သူ မကြိုက်ပါဘူး။ အမေက အတင်းပေးစားနေလို့ပါလို့ ပြောတယ်တဲ့"

"ဟုတ်များ ဟုတ်နေလို့လား ယောက်မရယ်"

"ဘုရားပေးပေး ကျမ်းပေးပေးပါ ယောက်မရယ်၊ မဟုတ်ရပါဘူး မေးပါ။ ခု အေးဟန်လည်း ငုတ်တုတ်ရှိပါတယ်။ အေးဟန်ရှေ့မှာကို ကျွန်မ မေးဖူးပါတယ်။ ခေါင်းညိတ်နေတာပဲ"

အမှန်လည်း မေးဖူးသဖြင့် ဘာမှဝင်မပြော။ ကျွန်တော်လည်း မေးဖူး၏။ ရှုပါက ကျေကျေနုပ်နုပ် လက်ခံဖူးသည်။

"ဟိုနှွားကလည်း သမီးပြောရင် တကယ်ထင်တာပေါ့။ အဲဒီလောက် အရွယ်ကြီးနဲ့ ပေးစားရမလားလို့ ကျုပ်ကို ခါးကြိမ်းကြိမ်းနေသတဲ့။ နောက် ကုလားမဒေါ်ကြည်တို့ဆီကျတော့ အေးဟန်ကို သူလည်း ကြိုက်ပါတယ်၊ ဦးဦးအောင်ငွေနဲ့ သူ့အဖေတလည်း ပြောနိုင်ဆိုနိုင် သူငယ်ချင်းတွေမို့ သဘောတူကြပါတယ်တဲ့။ ဘယ်စကား ကျုပ်ယုံရမလဲ။ ကဲ- ခု အေးဟန်တို့ မိုးကုတ်ကလည်း ပြန်လာကြရော ဘယ်တုံးကတည်းက အညာက ခာတ်ပုံဆရာကို သူ စာပေးဆက်သွယ်ထားတယ် မသိဘူး။ တစ်မျိုးဖြစ်သွားပြန်ရော။ ဒီကောင်မ ရူးများနေပလား မသိဘူး။ ဘယ်လောက် ဗလောင်းဗလဲ လုပ်တတ်လဲ။ ပြီးတော့ ကွမ်းယာဆိုင်မှာ ပြောတယ်တဲ့၊ ဦးဦးအောင်ငွေက ဆွဲကြိုးလုပ်ပေးချင်တာ အမေက လုပ်မပေးလို့ လုပ်ပေးကြည့်ပြောလို့ သူ ကြိုးမဆွဲရဘူးတဲ့။ ဒီစကားက ဘယ်တုံး အခိပ္ပာယ် သက်ရောက်လဲ ဆိုတာ သူ မစဉ်းစားတတ်ဘူး။ ပထွေးနဲ့ မယားပါသမီးဆိုတာ လူတွေက အလိုလိုကမှ ပြောချင်နေကြတာကို





ကိုအောင်ငွေ့အကြောင်း မသိတဲ့ တခြား တစ်စိမ်းတွေသာဆိုရင် ဘယ်လို ထင်သွားကြမလဲ။ စဉ်းစားသာကြည့်ပါတော့။ လူတိုင်းကို ယုတ်ညံ့ ရှုံ တိုက်ထားခဲ့တာ။ ဒီကောင်မကြောင့် ကျုပ်တော့ သေချင်တယ် ရှက် သေချင်တယ်၊ ဟီးဟီး . . . ကျုပ် သေချင်တာပဲ . . ."

"ခင်ဗျားကတော့ သေရင်လည်း စရိတ်ငြိမ်းမယ့် မိန်းမကြီးပဲ"

တစ်ပတ်ပြန်လည်လာသော ဒေါသစိတ်နှင့် ပြောလိုက်မိ၏။

မသိန်းသိန်းသည် ရင်ဘတ်ကို ထုနေရာက လှည့်ကြည့်၏။ အဓိပ္ပာယ်မပေါက်။ မသန်းငွေးကလည်း "ဘာရယ်ရှင် ကိုအေးတန်" ဟု မေး၏။

"သူများတွေ ဆုံးပါးရင် အသုဘစရိတ်စက ကုန်ကျတယ် ဟုတ်လား။ ကျန်ရစ်ခဲ့တဲ့လူတွေလည်း ပူပင်သောက ရောက်ကြတယ်။ ကိစ္စဝိစ္စ အလုပ်များကြတယ်။ မသိန်းသိန်းသေရင်တော့ အားလုံး စရိတ်ငြိမ်းပဲနေမှာ"

"ဘာဖြစ်လို့"

"သေရင် မှောက်ပေးလိုက်ရုံပဲ။ သူ့ဘာသာသူ ယက်ပြီး အဝီစိ ဆင်းသွားလိမ့်မယ်"

"အရေးထဲ ရှင်ကလည်း" မသန်းငွေးက အထိတ်တလန့် ဆိုသည်။

"ပြောတော့ အေးဟန်ရယ်၊ ပြောပြော နင်လည်း ငါ့လိုပဲ ခုချိန်မှာ ခံစားရမယ် ဆိုတာ ကိုယ်ချင်းစာပါတယ်ဟဲ့"

သိန်းသိန်းက ငို၍ပြောသည်။

"သွားမယ် ပြန်မယ်" ဟုပင် လောကဝတ်စကား မပြောမိ ထိုင်ရာကထ၏။

"ကိုအေးဟန်"

နှုတ်ဖြင့်မထူးဘဲ မသန်းငွေးကို လှမ်းကြည့်၏။

"ကျွန်မလည်း ကိုယ်ချင်းစာပါတယ် ကိုအေးဟန်ရယ်။ ဖြစ်ပြီးမှတော့ ကိုယ့်စိတ်ကိုယ်ဖြေကြပါ။ ယောကျ်ားပဲရှင် ချင်းစိမ်းနဲ့ မိဿလင်ပေါ့ ဟုတ်လား"

ဘာမှ ပြန်မပြောဘဲ ခြေလှမ်းစရွေ့သည်။

"မန္တလေးဆိုတာ ကျွန်မတော့ မယုံဘူး။ ရန်ကုန် တစ်နေရာရာမှာပဲ ရှိကြမှာပါ။ ကျွန်မတို့က မိန်းကလေးရှင် ဆိုတော့ မတော်တရော် အဖြစ်မခံနိုင်ဘူး။ ရှင်က ပေါက်ပေါက်ရောက်ရောက် ရှိတယ်။ ကူညီပါဦး။ ဒီမှာ သူ့အမေအဖြစ်ကိုလည်း ကြည့်ပါဦး"

ဟုတ်တော့လည်း ဟုတ်သည်။ သိန်းသိန်းသည် တစ်ရက်တည်းနှင့် သူပစ်သလို ရုပ်ကျသွားသည်။ မသန်းငွေး၏စကားက နှုတ်တံ့ပြန်ဖြစ်သွားသည်။

"အဲဒီကောင် ခင်ဗျားတို့ဆီက အလုပ်ထွက်သွားပြီး ခု ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်တယ်ကြားလဲ"

"လမ်းမက ဦးစိန်ဆီမှာတဲ့၊ စုံစမ်းပေးပါဦး"

"ကောင်းပါပြီ" ဟု ပြောပြီး ထွက်လာသည်။ သိန်းသိန်း၏ ရှိုက်ငိုသံကမူ နားထဲ စွဲပါလာ၏။

✤ ✤ ✤

မြင်မြင်သမျှသော လူအားလုံးသည် မိမိကို ဝိုင်းကြည့်နေကြသည်ဟု ထင်မိသည်။ ဆိုင်က ပြန်လာတာလားဟု ခါတိုင်းကဲ့သို့ ရိုးရိုးသား နှုတ်ဆက်သူများကိုပင် သိ၍ တမင် နောင်ပြောင်ကြတာ၊ လှောင်တာဟု ထင်မိလေသည်။ ခြေလှမ်းသည် ဦးတည်ရာမဲ့ ဖြစ်တော့၏။ ခေါင်းမဖော်ဝံ့ဟူသော စကားကို ကိုယ်တွေ့ကြုံမှ ခံစားမိရလေပြီ။

"မောင်အေးဟန်၊ ဟဲ့ မောင်အေးဟန် လာပါဦးဟဲ့"

ခြေလှမ်းပျက်သွားသည်။ ဤ (တစ်) လမ်းကမှ ဝင်လာမိလေခြင်း။ ဒေါ်တင်အုံးနှင့်မှ ဆုံတတ်လေခြင်းဟု ပို၍ စိတ်မရွှင်ဖြစ်သွားသည်။ ခြေကျွံမိသည်ကို ဘယ်လိုမှ ပြန်နုတ်၍ မရတော့။ မကောင်းတတ်၍ အိမ်ပေါ် တက်ထိုင်ရ၏။

"ငါ ကြားပြီးပါပြီ မောင်အေးဟန်ရယ်၊ သားသမီးချင်း ကိုယ်ချင်းစာပါတယ်။ ကြားစက ငါ့မှာဖြင့် အူတုန်သည်းတုန်တောင် ဖြစ်သွားတယ်။ မင်းညီမကိုတောင် ပြောရတယ်။ မောင်အေးဟန်ကို လိုက်ရှာပါဦး။ အေးဟန်တစ်ယောက် ဘယ်လိုများနေမလဲလို့။ ဟိုတစ်ရက်နှစ်ရက်ကမှ မိုးကုတ်က ပြန်ရောက်တာ။ သူ့အမေလည်း ရှိနေတော့ ဒုက္ခပါပဲလို့၊ ငါ့မှာဖြင့်ဟယ် တကယ် ဖတကယ် နေမထိထိုင်မသာပဲ၊ နင့်ဆီ ငါကိုယ်တိုင် လာမေးလို့ ဟိုကမြင်ရင် ငါ့ကို ဆဲဦးမယ်။ နောက် ငါကြားတယ်။ မင်္ဂလာစရိတ်နဲ့ ကောင်မလေးကို လက်ဝတ်လက်စားပေးဖို့ထားတဲ့ငွေတောင် ပါသွားတယ်ဆို၊ ငါတို့နင်တို့ကသာ နို့နံ့မပျောက်သေးဘူး ထင်နေတာ။ ဘယ်လောက်လည်လဲ အဲဒါသာကြည့်တော့။

ဒီကောင်နဲ့ ဖြစ်နေတာ ဘယ်လူမှ မသိကြဘူးတဲ့။ အမေက လင်သုံးယောက်၊ ဒီကောင်မက ဒါဇင်လိုက် ယူမှာ။ အစကပင် နင့်ကို ကိုယ့်တူကိုယ့်သားလို ခင်မင်လို့ တားသေးတာပဲ။ အဲဒီတုန်းကတော့ နင် ငါတို့တောင် မုန်းမလား မသိဘူး။ သိသမျှ ကြားသမျှတောင် အကုန်မပြောရဲခဲ့ဘူး။ ဒါလည်း နင့်ကို အပြစ်မတင်ပါဘူး။ သူ့သားကိုယ့်သား မ,နဲ့တွေ့ရင် ဒီလို ဖြစ်တတ်ကြတာပဲ။ ဘုရားလောင်း ဥဒေါင်းမင်းတောင် ညွှတ်ကွင်းမိသေးတာပဲကိုး၊ ဒါပေမင့် နင့်ပစ္စည်းတွေကို မတရားယူသွားတော့ ငါတောင် ခံပြင်းတယ်ဟဲ့။ လုပ်နိုင်ရင် ဒီကောင်မကို စိစိညက်ညက်ခြေပစ်လိုက်ချင်တယ်"

အစကမူ ဤမိန်းမကြီးသည် အလကား အဘိဇ္ဈာများနေသည်။ ရှပ်





ကောင်းစားတာ မနာလို၍ ဖျက်လိုဖျက်ဆီး သွားပုပ်လေလွင့်ပြောသည်ဟု အမှန်လည်း အတေးအမှတ်ထားခဲ့သည်။ တမင် အရွဲ့တိုက်၍ ရှပါနှင့် အတူ တွဲသွားပြခဲ့ကြသည်။ ယခုမှ မိမိအပေါ်တွင် မည်မျှ စေတနာမှန်သည်ကို သိရသောအခါ အလိုလို ဝမ်းနည်းလာသည်။ သားရှိသော အမေတစ်ယောက်၏စေတနာ၊ အမိအရွယ်ကိုပင် ပြစ်မှားမိလေခြင်းဟု မျက်ရည်ပင် ဝဲလာမိ၏။ ဒေါ်တင်အုံးကတော့ ရှပါကြောင့် ကြေကွဲမှုဟု ထင်ပုံရသည်။

"စိတ်မကောင်းတော့ စိတ်မကောင်းစရာပေါ့ လူလေးရယ်။ ဒါပေမင့် လူမသေငွေမရှားပါဘူး။ မင်းအစွမ်းအစ ငါတို့ ယုံပါတယ်။ ငွေဆိုတာ ပြန်ရှာ ရပါတယ်။ အဲဒီ ကောင်မနောက် ငွေဘယ်လောက် ပါသွားလဲ"

"ငွေတော့ မပါပါဘူး ဒေါ်ဒေါ်"

"ရွှေတွေဘာတွေကော"

"ပစ္စည်းကတော့ ဘာပစ္စည်းမှ မပါပါဘူး"

အဒေါ်ကြီးက ယုံကြည်ပုံမရ။

"နင် မိုးကုတ်သွားတုန်းက ပြန်လာရင် မင်္ဂလာဆောင်ဖို့ ငွေငါးသောင်းတောင် ပေးထားခဲ့တယ်ဆို"

ဘယ်လိုလုပ်သိလဲဟုတော့ မမေးချင်တော့။ ဒေါ်တင်အုံးကို တမင်အရွဲ့တိုက်ချင်သဖြင့် ရှပါတို့ သမီးအမိက ဒေါ်တင်အုံးနားပေါက်နိုင်သော တစ်ယောက်ယောက်နှင့် ပြောခြင်းဖြစ်လေမည်။

"ဟင်-လူကလေး၊ အဒေါ့်ကို ကိုယ့်အဒေါ်သားချင်းလို သဘောထားပြီးပြောပါ။ ဒါ ရှက်စရာမဟုတ်ပါဘူး။ လိမ်သွားတဲ့လူကသာ ရှက်ရမှာ"

"မိုးကုတ်သွားခါနီး ပေးထားခဲ့တာတော့ မှန်ပါတယ် ဒေါ်ဒေါ်၊ ဒါပေမင့် မိုးကုတ်က ရောက်ရောက်ချင်း အခြေအနေမဟန်တာနဲ့ ပြန်တောင်းထားတယ်။ ရှပ့်ါဆီ ရွှေငွေ လုံးဝ ပါမသွားဘူး"

"အခြေအနေမဟန်ဘူး ဆိုတာ ဘယ်လိုဟာလဲ၊ မင်း ဒီ ကောင်နဲ့ လိုက်ပြေးမယ်ဆိုတာ ရိပ်မိထား၍လို့လား"

ယခုထိ ဒေါ်တင်အုံးက လုံးဝ ယုံကြည်ချင်ပုံ မရသေး။ ဖြေ၍ပြောရ၏။ အရှက်ပြေသဘော မိမိသိက္ခာကို ထိန်းရသည်။

"မျက်နှာများတယ်၊ ရည်းစားများတယ်၊ ရှုပ်တယ် ဆိုတာတွေတော့ အဒေါ်တို့ သတိပေးတုန်းကပင် စုံစမ်းလို့ သိရတယ်။ အဲဒီတုန်းကပင် စိတ်မချပါဘူး။ ဘယ်လောက်ရှုပ်လဲ ဆိုတော့ ကျွန်တော် မိုးကုတ်သွားတဲ့ တစ်လအတွင်းမှာ သူ့အမေကြိုက်တဲ့ အညာက သူဌေးသားဆိုလား၊ ဓာတ်ပုံဆရာတစ်ယောက်ကို သူက စာလှမ်းပေးသေးတယ်၊ ကျွန်တော်မရှိတုန်းလာပြီး တောင်းရမ်းပါပေါ့ အဒေါ်ရယ်။ အဲဒီလူကလည်း ဒီလမကုန်ခင် လာမယ်တဲ့။ ခုလေးတင်ပဲ စာနဲ့ဓာတ်ပုံတွေ ရောက်လာလို့ ကျွန်တော် ကြည့်လာခဲ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သူတို့ဟာကလည်း ဘယ်လိုလဲ။ အဲဒီ ဓာတ်ပုံဆရာတော့ သူ့အမေက သဘောတူတယ်ပေါ့"

"ဟုတ်တယ် ဒေါ်ဒေါ်၊ ကောင်မလေးက သူ့အမေကိုပါ လှည့်စားသွားတာလေ။ အဲဒီ ဓာတ်ပုံဆရာဆီ စာရေးတာ သူ့အမေ သိမှာပေါ့။ အောင်သွယ်ကလည်း ရှိတယ်လေ။ ဒီလကုန်လာကြမယ်တဲ့။ အဲဒါ ဘယ်လို ရှင်းကြမလဲတော့ မသိဘူး။ ခုတော့ မသိန်းသိန်းက သမီးစိတ်နဲ့ အိပ်ရာထဲ လဲနေတယ်"

"တစ်ခါတည်း သေလိုက်ပါလားဟ"

"ကျွန်တော်လည်း ပြောခဲ့ပါတယ် ဒေါ်ဒေါ်"

"အေးဟယ်၊ ဒီမိန်းမတွေ. . . ကြားပဲ ကြားဖူးဘူး။ ငါတို့အရပ်မှာ ဒီလိုရှုပ်တာ မတွေ့ဖူးပါဘူး။ အဲဒါက အရေးမကြီးဘူး မောင်အေးဟန်ရယ်။ မင်းပစ္စည်းတွေ တကယ် ဘာမှ ပါမသွားပါဘူးနော်"

"မပါပါဘူး အဒေါ်ရယ်"

"အမယ်လေး၊ တော်ပါသေးရဲ့။ ခုမှ ငါဖြင့် သက်ပြင်းချနိုင်တော့တယ်။ မင်းတော့ ငါ့ကို စိတ်ဆိုးမလား မသိဘူး။ ဟိုဂျပိုးလေးနဲ့ လိုက်ပြေးသွားပြီလည်း ကြားရော ငါ့မှာဖြင့် ဝမ်းသာလိုက်တာ။ နောက်တော့ မင်းရွှေတွေငွေတွေ ပါသွားတယ်လည်း ကြားပြန်တော့ စိတ်ထိခိုက်ရပြန်တယ်။ ခု မပါဘူးသိရတော့ ငါ တကယ် တကယ် ထတောင် ကချင်တယ်ဟဲ့။ ဒီလိုအစားက ဒီလို ဂျပိုးတေလေနဲ့ပဲ ဖြစ်ရမှာပေါ့။ ကောင်လေးတဖဲသမားတဲ့"

"ကျွန်တော် မြင်ဖူးပါတယ်၊ အရင် အဲဒီမှာ ပရိဘောဂလုပ်သွားတယ်။ ကောင်လေးက မဆိုးပါဘူး။ ဖန်နေ့ရှာ ကောင်းကောင်း ကျွမ်းတယ် ပြောတယ်၊ လုပ်မယ်ဆိုရင် တစ်နေ့ လေးငါးရာဖိုးတောင် ပြီးတယ် ပြောပါတယ်"

"အမယ်လေး၊ ဒါ သူတို့စကား မဟုတ်လားဟဲ့။ ဗလောင်းဗလဲ ဘယ်လောက် ပြောတတ်တယ်မှတ်လဲ။ မရရင် တစ်မျိုး၊ ရရင်တစ်မျိုး ပြောမယ်လေ။ ခု ဘယ်လိုမှ မတတ်နိုင်တော့ သမက်လေးက အသက်လည်း ငယ်တယ်။ သမီး စိတ်ကြိုက်လည်း ဖြစ်တယ်။ ပြောလို့ဆိုလို့လည်း ရမယ်။ အေးဟန်ထက် အများကြီး တော်ပါတယ်လို့ မနက်ဖြန်ကျရင် သိန်းသိန်း ပါးစပ်က ထွက်လာပါလိမ့်မယ်။ ဒီမိန်းမတွေအကြောင်း ငါ သိတာပေါ့ဟ"

အမှန်လည်း ဟုတ်ကောင်းဟုတ်မည် ဟူသောအတွေးနှင့် ဒေါ်တင်အုံး မျက်နှာကိုသာ အကြာကြီး စိုက်ကြည့်နေမိသည်။

"မင်း သိပ်ကံကောင်းတယ် မောင်အေးဟန်၊ မင်းကို သမှာအေနတ်ကောင်းနတ်မြတ်တွေ မ,တယ်လို့မှတ်။ ဒီကောင်မမျိုးသာ မင်းယူမိရင် စီးပွားမတက်တဲ့အပြင် ရှိတာတွေတောင် ဆုတ်ယုတ်ကုန်လိမ့်မယ်။





သုံးလင်ပြောင်းသောမိန်းမရဲ့သမီးဟာ ဘယ်လိုလာမလဲ ဆိုတာ နင် စဉ်းစားတတ်ရင် သိနိုင်ပါတယ်။ နင့်အနေနဲ့က ဒီထက်သာတဲ့ဟာတွေ အများကြီး ရနိုင်ပါတယ်ဟဲ့။ ဒီကောင်မကို ဘာမှ လွမ်းဆွေးမနေနဲ့၊ အကျင့်မကောင်းတာဟာ ပြုပြင်လို့မရဘူးဟဲ့။ လူမှာအမျိုး၊ ကြက်မှာအမျိုး ဆို မဟုတ်လား။ နင် ဘာမှ ဝမ်းနည်းမနေနဲ့၊ ဒင်းထက်သာတာ ငါရှာပေးမယ် လူလေးရယ်"

ဒေါ်တင်အုံး၏စကားကို ဆက်နားထောင်ရန် ခွန်အားမရှိတော့သဖြင့် နှုတ်ဆက်၍ ထွက်လာမိသည်။ လူအားလုံးသည် မိမိအား ကြည့်နေကြလေပြီ။ သနားကြင်နာတတ်သူပါသလို သရော်လှောင်ပြောင်လိုသူများလည်း ပါလေမည်။ မိမိ၏စိတ်နှင့် မိမိ၏မျက်စိကို ဝင်ရောက် ခံစားနိုင်သူသည် မိမိသာ ဖြစ်ပါချေမည်။

✤ ✤ ✤

မည်သူက မည်သို့ပြောပြော ရှုပါအား နာကြည်းအမုန်းပွားသောစိတ်သည် မိမိ၌ လုံးဝ ဖြစ်ပေါ်မလာ။ ရှုပါအား မေ့နိုင်သော ခွန်အားသည်လည်း လုံးဝ မရှိ။ ရှုပါ့ကို မယူရန် ဖျက်ခဲ့ကြသော၊ ရှုပါအား မှုက်နှာများသည်၊ ရည်းစား မှိုလိုပေါက်နေသည်၊ အကျင့်ပျက်နေသည်၊ ကလေး မကြာခဏ ဖျက်ချရသည်ဟု ပြောခဲ့ဆိုခဲ့ကြသူများကိုသာ စိတ်နာနေသည်။ သူတို့ သူတို့တွေ ဤသို့ ပြောကြဆိုကြ၍များ ရှုပါ ကိုယ့်ကို ပစ်သွားလေသလားဟု တွေးသည်။ 'ကိုကို ပြောခဲ့သားပဲ ရှုပါရယ်၊ အရင်က လင်ဆယ်ယောက်ပဲ ရခဲ့ရခဲ့ ရှုပါ့ကို ကိုကို ခွင့်လွှတ်ပါတယ်' လို့ဟုသာ စိတ်ထဲက အမြဲတမ်း ပြောနေမိသည်။

မောင့်ရှုပါလေး ဤသို့ ထင်ရာမြင်ရာ ဇွတ်တရွတ် လုပ်သွားခြင်းမှာ အစိက သူ့အမိကြောင့်ဟု သိန်းသိန်းကိုမူ ခုနစ်ဆက်ရန်သူပမာ စိတ်နာနေလေသည်။

ပထမဦးဆုံး ရှုပါနှင့်မိမိအား လမ်းခင်းပေးခဲ့သူမှာလည်း သိန်းသိန်းသာဖြစ်သည်။ အမှန်က မိမိကိုသာမဟုတ်၊ သိန်းသိန်းသည် ရှုပါ၏ကြောရှင်းလှပသောရုပ်ကို ပြပြီး ဤသို့ လော်မာခဲ့သည်မှာ များခဲ့ပြီ။ စစ်ဗိုလ်၊ အရာရှိ၊ အရာခံ၊ သူဌေးသူကြွယ်သားများပင် ပါသည်။ အတည်တကျ တား တစ်ယောက်ယောက်နှင့်မျှ မဖြစ်ခဲ့။ ဤသည်မှာလည်း သူ့စိတ်ကိုက တည်ငြိမ်၍ ဖြစ်သည်။ နည်းနည်းသာလျှင် သာသူကို ဦးစားပေး၍ အမိဖမ်းရန် ကြံခဲ့သည်၊ နောက်လူနှင့် မရှင်းမလင်း ပတ်သက်ခဲ့ကြသမျှ ရှေ့လူက သိသောအခါ ရှေ့လူရောနောက်လူပါ ဆုတ်ခွာပြေးကြသည်။ သို့နှင့် ရှုပါ၏ လင်လျာပေါင်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းခဲ့ရသည်။

အမိနှင့်ခင်ပွန်းလောင်းတို့ကြားတွင် ရှုပါကား ဓားစာခံဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမိကြောင့် လော်မာသူ၊ ဖောက်ပြန်သူ အဖြစ် ပတ်ဝန်းကျင်၏သမုတ်ခြင်းကို ခံခဲ့ရသည်။ ယခုလည်း မိမိနှင့် ရှုပါအား လက်ထပ်ပေးစားရန် ရပ်ကျော်ရွာကျော် သူကိုယ်တိုင် မောင်းခတ်ထားပြီးမှ မိမိထက် စီးပွားဥစ္စာသာသော အညာက ဓာတ်ပုံဆရာနှင့် မိမိမရှိတုန်း ပေးစားရန် သိန်းသိန်း ကြံပြန်သည်။ သူ၏မတည်ငြိမ်သောစိတ်၊ သမီးအား ဆင်စီး၍ မြင်းရံစေချင်သော စိတ်လောဘသည် ထာဝရ အကင်းမသေ ဖြစ်နေ၏။ သင်ခန်းစာမရ။ နောင်တ ဆိုသည်မှာ သူ့အဘိဓမ္မာ၌ ဝေါဟာရ ပျောက်နေခဲ့သည်။

ရှုပါသည် ဤသို့ မှောက်ချည်လှန်ချည် လုပ်တတ်လွန်းသော အမိကို ကြာသော် စိတ်မချ ဖြစ်လာသည်။ အမိအရင်းကိုပင် စိတ်နာလာသည်။ သူ့အမေ ကြိုးဆွဲသမျှ ကခဲ့ရပေါင်းများသဖြင့် ယခုအခါ မောနေလေပြီ၊ နာမည်ပျက်ပေါင်းလည်း များပြီ။ အငယ်အနှောင်း မဖြစ်ရုံ တစ်မည်လည်း ကြုံခဲ့ရဖူးပြီဟု ဆို၏။ ဤတစ်ခါဆိုလျှင် သူ့ဘဝသည် အဖတ်ဆယ်၍ ရတော့မည်မဟုတ်။ မိမိမရှိတုန်း သိန်းသိန်းက အညာသား ဓာတ်ပုံဆရာနှင့် ပေးစားမည်လုပ်နေသည်ကို မိမိ ပြန်ရောက်၍ သိသွားပြီဟု ထင်၏။

ယခင်ကလည်း အရိပ်အမြွက်ကြားခဲ့ရသည်။ ရှုပါသည် မိမိ၏ စိတ်ခက်ထန်မှုကို သိ၏။ အညာသားဓာတ်ပုံဆရာနှင့် ဤသို့ ဤနှယ်သာ မိမိနားပေါက်လျှင် မည်သည့်နည်းနှင့်မျှ လက်ထပ်တော့မည် မဟုတ်။ ဤသည်ကို ကြား၍သိ၍ပင် ယခုအခါ နေ့ရွှေ့ညရွှေ့ လုပ်နေလေမလား ယခင်ကပင် ဤသို့ မရှင်းမလင်း ပြဿနာမျိုး ရှိခဲ့လေသလား ဟူသော သံသယစိတ်နှင့် အကြိမ်အခါမနည်း စုံစမ်းခဲ့သည်။ နည်းပေါင်းများစွာနှင့် စနည်းနာခဲ့သည်။ အညာသားဓာတ်ပုံဆရာ ရောက်လာ၍ သို့မဟုတ် လက်ထပ်ပြီးကြသော်လည်း မိမိနှင့် ဤသို့ဤနှယ် အတူနေ အတူစား အတူသွား အတူလာနေခဲ့ကြသည်ကို တစ်နေ့မဟုတ်တစ်နေ့ ပတ်ဝန်းကျင်က ပြော၍ သိသွားခဲ့လျှင် ဓာတ်ပုံဆရာလည်း သူ့အား ယာဝဇ္ဇီဝ အသက်ထက်ဆုံး ပေါင်းသင်းပါဦးမည်လား၊ သည်အတွေးတွေနှင့်လည်း သည်ရက်ပိုင်းတွင် မောင့်ရှုပါလေးသည် အရှုးတစ်ပိုင်းများ ဖြစ်နေခဲ့လေသလား။ ငိုငိုရီရီရှိခဲ့သည်များကို ပြန်သတိရသည်။

ရှုပါ မိမိအိမ်သို့ နောက်ဆုံး လာသွားခဲ့သည်များ၊ မိမိရင်ခွင်ထဲတွင် အိမ်မပြန်ချင်တော့ဘူးဟု ပြော၍ ငိုသွားခဲ့သည်များ၊ ကောင်စီရုံးမှာ ဖြစ်ဖြစ် စောစော လက်ထပ်ကြပါစို့ဟု ပြောခဲ့ဖူးသည်များ၊ ရှုပါနဲ့ကိုကိုတို့ အားလုံးက ဝိုင်းဖျက်နေကြတယ်ဟု ပြောသွားခဲ့သည်များ၊ အမေကတော့ ခု မကြည်ဖြူတော့ဘူး၊ အစကပြောတော့ သီတင်းကျွတ်၊ နောက်တော့ အမေရောက်မှ၊ နောက်တော့ မိုးကုတ်ကပြန်မှ၊ နောက်တော့ ကျိုက်ထီးရိုး သွားဦးမယ်နဲ့ ကိုကို ရှုပါကို လက်မထပ်ချင်လို့ လိမ်ညာပြောနေတာလား





ဟိုလူပြော၊ ဒီလူပြော စကားတွေကို ကိုကိုယုံလို့ ရှုပါကို စိတ်ကုန်သွားပြီလားဟု ငိုပြီး ပြောခဲ့သည်များ. . .။

ရှုပါ ပြောခဲ့ဆိုခဲ့သမျှ စကားများကို ကြားယောင်မိတိုင်း ရင်ထဲဆို့နင့်နေမိသည်။ ဟိုတုန်းကပင် ရှုပါ ပြောသလို အိမ်ပြန်မပို့မိလျှင် ကောင်စီရုံးမှာ အကျဉ်းချုံးပြီး လက်ထပ်လိုက်ရလျှင် မောင့်ရှုပါလေးသည် ခုလို မောင်တင်ဦး ရင်ခွင်ထဲ ရောက်သွားမှာ မဟုတ်ဘူး။ အညာက ဓာတ်ပုံဆရာနဲ့ သူ့အမေ အတင်းပေးစားမယ် လုပ်နေတာ ငါသိသွားပြီအထင်နှင့် ဤတစ်ခါ နာမည်ပျက်လျှင် သူ့ဘဝအတွက် နားခိုရာမဲ့ပြီအထင်နှင့် မောင်တင်ဦးနောက်ကို ရမိရရာ လိုက်သွားလေပလား။

အတွေးတို့သည် မဆုံးနိုင်၊ မကုန်နိုင် ဖြစ်တော့သည်။ ရှုပါနှင့် လက်ပွန်းတတီးနေခဲ့ကြသည်များကို တွေးမိတိုင်း ရင်ထဲဆို့နေလေပြီ။ နောင်တတရားသည် ပြုပြင်ရန် မဟုတ်၊ ဆင်ခြင်ရန်သာဖြစ်သည် ဟူသော စကားကိုပင် အမှတ်မရနိုင်တော့။

✤ ✤ ✤

လေတိုး၍ လှုပ်ခတ်သွားသော အကျီချိတ်မှ ရှပ်အကျီများကို ငေးကြည့်နေမိသည်။ ယခင်ကဆိုလျှင် အကျီများ တန်းတွင် တွဲလီတွဲလောင်း ခရှိတတ်။ လျှော်ဖွပ်ပြီး အကျီများကို ရှုပါ လာ၍ယူသွားတတ်သည်။ မလျှော်မဖွပ်ရသေးသည်များကို လျှော်ဖွပ်၍ မီးပူတိုက်ပြီးမှ ပြန်ယူလာပေးတတ်သည်။ ကျွန်တော့် အကျီများသာ မဟုတ်၊ မြပန်၏အကျီများ တိုပင် ရှုပါ လျှော်ဖွပ်၊ မီးပူတိုက်ပေးနေကျ။ ယခုတော့ တန်းတွင် အကျီ လုံချည်တွေက စွန့်ဆွဲနေကြသည်။

ပက်လက်ကုလားထိုင်တွင် သွားထိုင်သည်။ လမ်းမကို ငေးနေမိ၏။ ရှုပါ ရောက်လာတတ်သည်တို့ကို စိတ်ထဲ မြင်နေမိသည်။ မောင်တင်ဦးနှင့် လိုက်ပြေးသွားပြီဟု ရှုပါကိုယ်တိုင် ရေးပေးလိုက်သောစာကို ဖတ်ခဲ့ရပါလျက် မယုံချင်သလို ဖြစ်နေသည်။

မောင့်ရှုပါလေး၊ မောင့်ကို ရက်ရက်စက်စက် ပစ်မသွားပါဘူးဟု ယခုထိ ရူးမိုက်စွာ တွေးနေတုန်း။ ပေါ်လာလေမလားဟု မျှော်တုန်း။

မီးဖိုထဲမှ ဂလုံဂလွမ် ကြားသဖြင့် အတွေးပြတ်သွားသည်။ ရုတ်တရက် ကုလားထိုင်မှ ထလိုက်၏။ မီးဖိုထဲ ဝင်လာသည်။ ဆန်ပုံးထဲမှ ထွက်ပြေးသွားသော ကြွက်တစ်ကောင်ကို လှစ်ခနဲ မြင်လိုက်ရသည်။

ဆန်ပုံးကို ကြည့်၍ ငေးနေမိ၏။ ယခင်ကဆိုလျှင် ရှုပါသည် သမဆိုင်က ဆန်ထုပ်ကို ရွက်၍ ပို့တတ်သလို ဆန်ကွဲ၊ စပါးလုံးများ ရွေးပြာရန် ခေါင်းရွက်၍လည်း ယူသွားတတ်သည်။ သန့်စင်ပြီးသော ဆန်များကို ပြန်လာပို့တတ်သည်။ ဆန်ကွဲရောင်းရငွေ ဘယ်လောက်ရော့ဟု လာပြန်ပေးတတ်သည်။ ဆန်ထုတ်ပေးခါ၊ စပါးလုံးရွေးပေးခ ပြန်ယူသွားပါဟုငေး



www.burmeseclassic.com

www.burmeseclassic.com



လျှင် ထုံးတို့ပြီး စုထားမယ်၊ ကိုကိုက ဝေသန္တရာ ကျနေတာပဲ၊ အလှူကြီး အတန်းကြီး တယ်ဝါသနာပါဟု နောက်တတ်သည်။ ထမင်းမချက်ရသေးလျှင် ချက်ပေးသွားတတ်၏။ အိုးတိုက်ဖွဲပြာမရှိ၍ ဆူသည်။ ပြီးတော့ မီး သွေးပြာနှင့် အိုးတိုက်ပေးတတ်သည်။

ယခု ဆန်ရွှေးပြီးသားမရှိ ဒန်အိုးတွေက မီးသွေးကျီးပေါင်းတက်နေသည်။ ထမင်းချက်စားရမှာကိုပင် စိတ်မပါ။

အပြင်သို့ ပြန်ထွက်လာသည်။ စိတ်ထဲ ဆောက်တည်ရာမရ ဖြစ်နေသည်။ ခုနေ ရှုပါ ဘယ်ရောက်နေပါလိမ့်။ မောင်တင်ဦးနဲ့ မန္တလေး၊ စစ်ကိုင်းတောင်တွေပေါ်မှာများလား၊ သူ ပျော်မှ ပျော်ပါ့မလား၊ ငါ့ကို မခွဲချင်ပေမင့် သူ့အမေဇာတ်ရှုပ်တွေပေါ်ကုန်မှာစိုးလို့ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး သူ့ကို တစ်ဖက်သတ်ကြိုက်နေတဲ့ မောင်တင်ဦးနဲ့ လိုက်ပြေးရတာလား။ ခုနေ တကယ်လို့ ရှုပါသာ ငါ့ဆီ ပြန်လာလျှင် ငါ ကြည်ဖြူနိုင်ပါ့မလား။

စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရ။ အိမ်ထဲတွင်လည်း နေမထိထိုင်မသာ။ မသန်းငွေက စုံစမ်းပါဦးဟူသော စကားကို သတိရမိသည်။ ဘာမှ မဆိုင်တော့ပါလား ဟူသော အသိတရားက ကင်းလွတ်သွားသည်။ အိမ်ထဲက ထွက်လိုက်သည်။ လှေကားကိုနင်းမှ အိမ်တံခါး သော့ပိတ်ရမည်ကို သတိရ၍ ခုံပေါ်က သော့ခလောက်နှင့် လွယ်နေကျ လွယ်အိတ်ထဲက သော့ကို ပြန်ယူရသည်။ သော့ပိတ်ပြီး ဆင်းလာမှ အင်္ကျီ၊ လုံချည်လဲရန် သတိရသည်။ ဒီအဝတ်အစားနဲ့သာ ဦးစိန်ဆီ ရောက်သွားရင်တော့ ဦးစိန်ဆီက အလုပ်သမားတွေ ငါ့ကို သိပ်ဆွေးနေပြီလို့ သိသွားကြမှာ၊ လမ်း ရပ်ကွက်က သိတဲ့လူတိုင်း ထင်ကြမှာ။

ရှက်စိတ်နှင့် အိမ်ထဲ ပြန်ဝင်လာ၏။ အဝတ်လဲသည်။ ခေါင်းဖြီး သည်၊ မိမိရပ်ကွက်ထဲတွင် သွားလာရမည် ဖြစ်သော်လည်း အသစ်လွင်ဆုံး အင်္ကျီ၊ လုံချည်တွေကို ရွေးဝတ်သည်။ သီချင်းတအေးအေး ညည်းကြည့်၏။ သံစဉ်မမှန်။

ရင်ထဲက ဝေဒနာသည် လည်ချောင်းထဲလာ၍ ဆို့နေသည်။ ထွက်မကျရုံတစ်မည် တစ်နေ၏။ အသံအက်ကွဲနေသည်။ ဖိနပ်စီး၍ အဆင်းတွင် မြှဟန်ဖိနပ်နှင့် မှားမိလာပြန်သည်။ ဒါလောက်တောင် ဖြစ်နေရလားဟု မိမိကိုယ်ကို ဆဲဆိုမိသည်။ ရည်းစားလူလု အူနုကျွဲခတ် ဆိုသော စကားပုံကို သတိရ၍ တစ်ယောက်တည်း ပြုံးမိသည်၊ ချက်ချင်း ပြန်တည် ပစ်လိုက်ရ၏။ အိမ်ရှေ့က မညွန့်တို့မြင်လျှင် တစ်ယောက်တည်း ပြုံးလိုက် *တည်လိုက်နဲ့ ရူးများသွားပလားဟုထင်မှာစိုးရသည်။ မြှဟန်ဖိနပ်ကို ပြန်လဲ* ရန် သတိမရတော့၊ စိတ်က ဦးစိန်၏ပရိဘောဂဆိုင်ဆီ ရောက်သွားသည်။

✤ ✤ ✤

"မောင်အေးဟန် လာကွာ" ဟု ဦးစိန်က မြင်မြင်ချင်း ဆိုသည်။





"ဘယ်လဲကွ၊ အပြတ်သားနားနေပါလား။ အဲဒီမှာ မထိုင်ပါနဲ့၊ ပေါ်လစ်တွေ မခြောက်သေးဘူး ဒီလာ" ဟု ဆိုသည်။

သူ့ဆီက လူငယ် အလုပ်သမားအားလုံး မောင်တင်ဦး၏လုပ်ဖော်ကိုင်ဖက်အားလုံး မိမိကို ဝိုင်းကြည့်နေကြသည်ဟု ထင်နေသည်။ သူတို့ဆီ လုံးဝ မကြည့်ဝံ့။ မျက်နှာများ ပျက်နေသလားဟု စိုးရိမ်၍ ဦးစိန်ကို ပြုံးပြထားရသည်။ ဘယ်လိုမှ လှပသောအပြုံးဖြစ်မည်မဟုတ်ဟု ထင်မိသည်။

"မင်းတို့ဟာက ဘယ်လိုလဲကွ၊ ကျော်တော့လှေသူကြီး ညားတော့ လှေထိုးသား ဆိုသလိုပါလား။ ငါတို့က မင်းနဲ့ပဲ ထင်နေတာ။ သူ့အမေက လည်း မင်းနဲ့ သီတင်းကျွတ်ရင် ပေးစားမယ်ပြောထားတာကိုး။

မောင်တင်ဦးက မိန်းမယူတော့မယ်ပြောတော့ ဒီကလေးမလေးလို့ကို ငါတို့ မထင်ဘူး။ ဒီကလေးမလေး ဒီကိုလည်း သိပ်မလာဘူး ဟုတ်လား။ ငါကတောင် ပြောသေးတယ်။ မင်းက မိန်းမယူရအောင် ပိုက်ဆံ ဘယ်လောက် စုမိထားလို့လဲ၊ ငါ့ဆီက စရန်ယူထားတဲ့ ခြောက်ထောင်ပဲ ကျေအောင် လုပ်ပါဦးလို့။ အဲဒီတော့ ဒီကောင်ပြောတယ်။ သူ့ကောင်မလေးက သူ့ကိုပြောတယ်တဲ့ သူ့မှာ ပိုက်ဆံ တစ်သောင်းနှစ်သောင်း ရှိတယ်၊ နာရီ ရှိတယ် ဆိုတော့ ဈေးသည် အပျိုကြီးတွေလားတောင် ထင်မိတာ။ ဒီကောင်က အကြွားလည်းသန်တော့ မယုံလို့ မေးကို မမေးမိဘူး။ ဒီကောင်မလေး လို့ကို လုံးဝ မထင်ဘူးလေ။

ပြီးတော့ ဒီကောင်ကလည်း ဒီကောင်မလေးကိုလည်း တစ်ခါမှ အကောင်းမပြောဘူး။ ရည်းစားများတယ်၊ ကလေးတောင် မကြာမကြာ ဖျက်ချရတယ်၊ ခုတော့ သူ့အမေက ကိုအေးဟန်ကြီးကို ဖမ်းထားပြန်ပြီ၊ ဟိုလူကတော့ သိမှာမဟုတ်ဘူးတဲ့။ အဲဒါ ငါလည်း နားကြားပြင်းကတ်တာ နဲ့ မင်းက စပျစ်သီးချဉ်တာလားကွာဆိုတော့ မဟုတ်ပါဘူး၊ ဒီလို သူများ လှည်းကျိုး ဝင်မထမ်းနိုင်ပါဘူးဗျာတဲ့။ ပြောတော့ အဟုတ်ကြီး၊ ခု အဲဒီ ကောင်မဓလေးကို သူ ခိုးပြေးသွားတယ်ဆိုတော့ ငါလည်း အံ့သြတယ်။

ပြီးတော့ ဒီကောင်က ဖဲသမားကွ။ ငါ့ဆီက စရန်ငွေ ခြောက်ထောင် ပါသွားတဲ့အပြင် ဦးဟုတ်ကျင် ပရိဘောဂကလည်း ဒီလကုန်ရင် သူလာ လုပ်ပါ့မယ် စရန် တစ်ထောင်ပေးပါလို့ ပြောပြီး ယူသွားတယ်တဲ့။ ငါလည်း အဲဒီကောင် ဘယ်ရောက်နေလဲ စုံစမ်းနေတာပဲ။

ဒီကောင်မလေးများကွာ ဒီကောင့်ကို ဘာများ ကြိုက်တယ် မသိဘူး။ အစကပင်သိရင် ငါလည်း ဘယ်နေလိမ့်မလဲကွ။ သူ့အမေနဲ့ မင်းတို့ ငါတို့က ရင်းနှီးပြီးသားလူတွေပဲ။ ဒီကောင် ဒီမှာ လုပ်ပါရစေဆိုတာ ငါက မယုံလို့ ကောင်မလေးအမေက လာပြောထားလို့ ငါ လက်ခံထားရတာ။ ထမင်းကျတော့ အဲဒီမှာ လခနဲ့ ပေးစားတယ်ဆိုလား ပြောတယ်။ မင်းက ရိုးတာကိုးကွ။ ဟိုကောင်က ဖဲသမား။ လက်မြန်ခြေမြန်ဆိုတော့ ပါသွား တာပေါ့။ အေး- နောက်တစ်ခု ကြားသေးတယ်။ ဒါတော့ မြှောမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ သိန်းသိန်းသာကြားရင် ပြဿနာ"

ဘာလဲဟု မေးရမှာကိုပင် သတိမရမိ၊ ရှုပါက သူ့တွင် ငွေတစ်သောင်းနှစ်သောင်း ရှိသည်ဟု ပြောသည်မှာ ကျွန်တော် မိုးကုတ်သွားနေစဉ်က အပ်ထားသောငွေကို ပြောခြင်း ဖြစ်ပေမည်။ ဤငွေမှာ ရှုပါနှင့်မိမိနှစ်ကိုယ်ကြား ပေးထားခဲ့သောငွေမို့ ယူသွားလျှင် မည်သို့မျှ မတတ်နိုင်။ တရားစွဲ၍လည်း ရကောင်းသောအရာ မဟုတ်။

မင်းကို သမ္မာဒေဝနတ်ကောင်းနတ်မြတ် မ,တာဟူသော ဒေါ်တင်အုံး၏စကားကို ရုတ်ခြည်း သတိရမိသွားသည်။ ရင်ခုန်သွားသလို ဘုရားလည်း တ,မိလိုက်၏။ လက်မတင်လေးပါလား။ အကယ်၍ မိုးကုတ်က ပြန်ရောက်ရောက်ချင်း ငွေကို ပြန်မတောင်းမိလျှင် ခုလောက်ဆို ရှုပါတို့လင်မယား မိမိငွေနှင့် ဟန်းနီးမွန်းပင် သွားနေကြမည်လားမသိ။

မိမိကသာ ရှုပါ ငါ့ကို ရက်ရက်စက်စက် ပစ်သွားတာ၊ သူ့အမေအညာက ဓာတ်ပုံဆရာနှင့် လှော်နေလို့ မိမိကိုလည်း စိတ်မချလို့ ကြံရာမရဖြစ်ကာ သူ့အား တစ်ဖက်သတ်ကြိုက်နေသော မောင်တင်ဦးနှင့် မလွဲသာမရှောင်သာ လိုက်ပြေးသွားလေခြင်းဟု လွမ်းဆွေးတသနေသော်လည်း ရှုပါ၏ အကြံကိုကား မသိန်းသိန်းရော ကျွန်တော်ပါ လုံးဝ မရိပ်မိခဲ့ကြပေ။

အမှန်မှာ ကျွန်တော်တို့သာမဟုတ် မည်သူမျှ မထင် မရိပ်မိအောင် ရှုပါသည် သူ၏ဇာတ်ကို ပိပိရိရိ ကသွားလေသည်။ နို့နံ့မပျောက်သေးဟု ထင်သော်လည်း နှစ်ဆယ်ရာစု သမီးပျိုသားပျိုတို့၏ အလှည့်အပတ်တွင် အားလုံး လှိမ့်ခံနေကြရလေပြီ။ သည်ဇာတ်တွင် ကြားထဲက ဦးစိန်ပါ အဆစ်ပါသွားလေသည်။

"ဒါပေမင့် မင်းကိုတော့ ပြောရဦးမယ်။ မင်းနဲ့ကောင်မလေးနဲ့တော့ ကင်းရှင်းပါတယ်နော်"

"ကင်းပါတယ်၊ အန်ကယ် ဘာကြားလို့လဲ"

"တချို့ကလည်း ဒီကောင်မလေး ဗိုက်ကြီးနေလို့ပဲ ရမိရရာကောက်ယူသွားတယ်လို့ ပြောကြတယ်ကွ။ မလိုလို့ ပြောကြတာလားတော့ မသိဘူး။ တစ်လောက ဗိုလ်ချုပ်ဈေးမှာ ဗိုလ်လောင်းတစ်ယောက်နဲ့ တွဲသွားနေတာ တွေ့တယ်လို့လည်း ပြောကြတယ်။ ငါတို့တော့ ဘာယုံရမှန်း မသိဘူး။ မင်း အဲဒီအကြောင်း လာစုံစမ်းတာ မဟုတ်လား"

"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော် ရန်ကုန်ထဲက လာတာပါ"

ယုံမည် မယုံမည်ကို ပြန်မစဉ်းစားမိ။ ရမိရရာမှာ စွတ်ပြောလိုက်ရသည်။ လာမိတာမှားလေခြင်းဟုလည်း နောင်တရမိသွားသည်။ မိမိရင်ထဲက ရှုပါအစား အဆွေးအလွမ်းလေးကို အပြစ်ကင်းစွာ တွေးနေချင်သည်။ ယခု ဦးစိန်ဆီ လာမိသောအခါ အတွေးအလွမ်းအဆွေးလေးတွေက အရုပ်ဆိုး အကျည်းတန်သွားလေသည်။

"မင်းကတော့ စုံစမ်းစရာ မလိုတော့ဘူးပေါ့ကွာ၊ ငါကတော့ ငွေဖါ





သွားလို့ ဒီကောင့်ကို စုံစမ်းနေတယ်။ မင်းကြားမိရင်လည်း ငါ့[illegible] အခြေအနေမဟန်ရင်တော့ သူ့ယောက္ခမ သွားပြောရမယ်။ မင်း [illegible] အိမ်ကော ရောက်သေးလား"

"မရောက်ပါဘူး ခင်ဗျာ"

"အေးပေါ့ကွာ၊ ကိုယ်က ယောက်ျားပဲ ဘာအရေးလုပ်စရာလဲ။ ငါတော့ ငွေပါသွားလို့ကွ၊ ဟို ဂျပိုလေး . . ."

"သိပ်ပူမနေပါနဲ့ အန်ကယ်ရယ်။ မိန်းမအပ်ပြီးရင် ပြန်လာလုပ်ပါလိမ့်မယ်။ သူက ပရိဘောဂတော့ တော်တော် နိုင်တယ်ပြောတာပဲ"

"အလုပ်ကတော့ မဆိုးပါဘူး။ လက်ရာလည်း ကောင်းပါတယ်။ ဖဲရိုက်တာနဲ့ လိမ်တာက ခက်တယ်ကွာ"

"လိမ်တာ မဟုတ်ပါဘူး အန်ကယ်၊ ကမန်းကတန်း မိန်းမခိုးပြေးရတော့ ပြန်ပြောဖို့ အချိန်မရခဲ့လို့ ဖြစ်ပါလိမ့်မယ်။ ကဲ- ကျွန်တော် ခွင့်ပြုပါဦး"

အပြန်လမ်းသည်လည်း စမ်းတဝါးဝါးပါလားဟု တွေးလာသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

သတိကင်းစွာဖြင့် အိမ်ရှေ့သို့ ရောက်သည်။ အိမ်ရှေ့တံခါး ဖွင့်ထားတာ တွေ့သဖြင့် တက်လာ၏။ မြဟန်ကို ကုလားထိုင်တွင် ငူငူကြီး ထိုင်၍ တွေ့ရသည်။

"မင်း ထမင်းချက်ထားသေးလား"

"ချက်မနေနဲ့ ကိုကိုရာ၊ ဝယ်စားလိုက်လည်း ပြီးတာပဲ"

စိတ်ပျက်သံနှင့် ပြော၍ မျက်နှာကို လှမ်းကြည့်သည်။

"ခေါက်ဆွဲစားရအောင်ကွာ" ဟု ပြောပြီး မြဟန်နားက ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် စုံစမ်းကြည့်တယ်၊ မောင်တင်ဦးနဲ့ လိုက်ပြေးသွားတာ ဟုတ်တယ်တဲ့။ ဥက္ကလာ အေး . . . တောင်ဥက္ကလာ နွယ်နီလမ်းမှာတဲ့။ ကိုကို မသိန်းသိန်းတို့ဆီ ဝင်ခဲ့သေးလား။ မနေ့ညနေက စာရောက်တယ်တဲ့"

"ပြောပါတယ်"

ညီကိုပင် အသံထိန်း၍ ပြောရ၏။

မြဟန်က မျက်နှာကို စေ့စေ့ကြည့်သည်။

"လူ့ဘဝမှာ သွားရင်းလာရင်း ခလုတ်ကန်သင်း တိုက်မိတတ်တဲ့ သဘောပေါ့ ကိုကိုရာ၊ အဲသလိုပဲ သဘောထားပါ"

"အင်း"

အသံထွက်သွားပြီးမှ စကားမဆက်မိ။

သတိကို ဆယ်လိုက်ရသည်။

စိတ်ထဲကမူ . . .

တိုက်မိတဲ့ခလုတ်က သစ်ငုတ် မဟုတ်တော့လည်း . . .။

ဗိုးကျော့
(၁၀. ၇. ၈၂)



www.burmeseclassic.com